http://swanbros.blogspot.com

# ကံချွန်

# ဘစတော့ဗျိုး နှင့် ဆိုင်ချောင်းမဆိုင်ချောင်း



http://swanbros.blogspot.com

**စိန်စိန်ဦးစာအုပ်တိုက်**
အမှတ် (၉)၊ ၈/၄၄
၆၁ × ၆၂ ကြား၊
သိုးခြံ၊ မြို့သစ်၊ မန္တလေး။

http://swanbros.blogspot.com

**စာမူခွင့်ပြုချက်အမှတ်**
၈၇၂/ ၂၀၀၁ (၈)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၁၀၄၆/ ၂၀၀၁ (၁၂)
**ထုတ်ဝေသည့်ကာလ**
၂၀၀၂ခုနှစ်၊ **ဇူလိုင်လ** ၊ ပထမအကြိမ်
**တန်ဖိုး**
**၆၀၀ ကျပ်**
**စောင်ရေ**
၁၀၀၀
**စာအုပ်ချုပ်**
ကိုမြင့်
**အတွင်းသားပုံနှိပ်**
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
ဦးကျော်စိန်၊ ၁၇၁၊ ၃၃ လမ်း
**မျက်နှာဖုံးပုံနှိပ်**
သုခပုံနှိပ်တိုက် (၀၂၀၇၉)
ဒေါ်ရွှေ၊ ၁၂၈/၄၆ လမ်း
**ထုတ်ဝေသူ**
ဦးသန်းဆွေ၊ စစ်သည်တော်စာပေ (၀၁၄၇၃)
၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်၊ ရန်ကုန်မြို့။

http://swanbros.blogspot.com

# အင်တာဖြိုး

နှင့်

# ဆိုင်ဆိုင် , မဆိုင်ဆိုင်

ကံချွန်

# မာတိကာ


| | | |
|---|---|---|
| ၁။ ဘောလုံးဆိုတာလုံးလုံးပါ | . . . | ၁ |
| ၂။ ဖြိုးကြော်ငြာ | . . . | ၆ |
| ၃။ ရိုက်တယ်ဆိုတာလွယ်ပါတယ် | . . . | ၁၁ |
| ၄။ စက္ကူထေရီလေဒီဒိုင်ယာချွန် | . . . | ၁၆ |
| ၅။ ပလူတိုနှင့် တွေ့ဆုံခြင်း | . . . | ၁၆ |
| ၆။ အော်စကာချွန်နှင့်တွေ့ဆုံခြင်း | . . . | ၁၇ |
| ၇။ ဒရမ်မာပလေယာချွန်ထွန်း --- | . . . | ၁၈ |
| ၈။ စာရေးဆရာမကြီးအန်တီချွန် | . . . | ၂၁ |
| ၉။ စီးဖိန်နှင့်ပိုင်ဟွေ့ကိုတွေ့ဆုံခြင်း | . . . | ၂၇ |
| ၁၀။ စီးဖိန်ကိုအင်တာဗျူးခြင်း | . . . | ၂၈ |
| ၁၁။ ပိုင်ဟွေ့နှင့်အင်တာဗျူးခြင်း | . . . | ၃၀ |
| ၁၂။ ကံချွန်အင်တာဖြိုး | . . . | ၃၃ |
| ၁၃။ ရင်ထဲကကိုကံချွန် | . . . | ၃၇ |
| ၁၄။ ဖြိုး --- ဒန် | . . . | ၄၂ |
| ၁၅။ တိန်းဗျူး | . . . | ၄၇ |
| ၁၆။ ကျန်ကျောင်းနှင့် အင်တာဗျူးခြင်း | . . . | ၅၃ |
| ၁၇။ ဗျူးလိုက်ကြစို့သူငယ်ခြင်း | . . . | ၅၈ |
| ၁၈။ ခရီးသွားငါးယောက် | . . . | ၆၃ |

၁၉။ ဆေးပေါင်းခတဲ့ည . . . ၆၈
၂၀။ ဖွတ် - ရွှတ်မှတ်တမ်း . . . ၇၃
၂၁။ လှွမ်းမိုးပြောပြတဲ့ . . . ၇၈
၂၂။ ဟော်တော့ဝေးနှင့်အင်တာဗျူး . . . ၈၃
၂၃။ မီးကွက်ထွန်းရှာကြစို့ . . . ၈၈
၂၄။ သတင်းထောက်အိုကြီးနှင့်ဗျူးခြင်း . . . ၉၃
၂၅။ လူရီနှင့်အင်တာဗျူးခြင်း . . . ၉၉
၂၆။ ဗျူးထိုက်လို့ဗျူးရတော့မယ် . . . ၁၀၅
၂၇။ သိကြားမင်းနှင့်အင်တာဗျူးခြင်း . . . ၁၁၀
၂၈။ လူရှုပ်ကြီးတစ်ယောက်နှင့် -- . . . ၁၁၅
၂၉။ ဝေဖန်ရေးဆရာကိုပေတလူနှင့် -- . . . ၁၂၀
၃၀။ တစ်နှစ်မှ နှစ် - နှစ်ထောင်သို့ . . . ၁၂၆
၃၁။ အားကွေ့နှင့်အင်တာဗျူးခြင်း . . . ၁၃၃
၃၂။ လူရှုပ်ကြီးနှင့်မြို့မ . . . ၁၃၉
၃၃။ လူရှုပ်ကြီးနှင့်ရွှေဥဒေါင်း . . . ၁၄၅
၃၄။ ကြော်ငြာကိစ္စ . . . ၁၅၀
၃၅။ ဒါဖတ်ပြီးမှ ကြော်ငြာပါ . . . ၁၅၆
၃၆။ ဟာသထိ မချိအောင်နာတယ် . . . ၁၆၁

http://swanbros.blogspot.com


၃၇။ စာဖတ်သူကိုလေးစားပါ . . . ၁၆၈

၃၈။ ကြော်ငြာဒါရိုက်တာရဲ့ ကျင့်ဝတ် . . . ၁၇၅

၃၉။ ဇာတ်လမ်းတွဲခံစားမှု . . . ၁၈၂

၄၀။ ကောင်းမှုကောင်း . . . ၁၈၇

၄၁။ နိုင်ငံခြားရောဂါ . . . ၁၉၂

၄၂။ မြို့မစိန်ရတု . . . ၁၉၉

၄၃။ မန္တလေးအငြိမ့် . . . ၂၀၄

၄၄။ မင်းသမီး၊ မင်းသား ----- . . . ၂၁၀

၄၅။ မန္တလေးလူ့ရွှင်တော် . . . ၂၁၆

၄၆။ ဘိုစော . . . ၂၂၂

၄၇။ လုပ်စားတာ . . . ၂၂၆

၄၈။ ကြော်ငြာကိုအကြောင်းပြု၍ . . . ၂၃၁

၄၉။ နှစ်ထောင်ခုနှစ်မှာဆုံကြမယ် . . . ၂၃၆

၅၀။ ဆိုင်ဆိုင်မဆိုင်ဆိုင် . . . ၂၄၁

၅၁။ အမှတ်ရမိတာလေးတွေ . . . ၂၄၇

၅၂။ စဉ်းစားစရာပြန်ဆိုတေး . . . ၂၅၂

၅၃။ တကယ်ဆိုင်တာပါ . . . ၂၅၇

၅၄။ ကံချွန်နှင့်ဒွေး . . . ၂၆၃

၅၅။ မြို့သစ်အကြိုက် . . . ၂၆၇

၅၆။ ဝတ်လိုက်ကြစို့သူငယ်ချင်း . . . ၂၇၂

၅၇။ ကျွန်တော်ဖတ်ချင်သောဗျူးများ . . . ၂၇၇

၅၈။ ကံချွန်ရှုပ်အောင်လည်း ----- . . . ၂၈၃

၅၉။ ၂၀၀၀-ခုနှစ်မှာ နီမောင်ကိုသတိရတယ် . . . ၂၈၈

၆၀။ မေးလိုရာမေး . . . ၂၉၃

၆၁။ သိပ်ပေါတာပဲလို့ဆိုတဲ့စကား . . . ၂၉၉

၆၂။ နံရံရှိ ပန်းချီရှိမယ် . . . ၃၀၄

၆၃။ မဆန်းပေမယ့်မရိုးပါဘူး . . . ၃၁၀

၆၄။ လိုအပ်ပါတယ် --- . . . ၃၁၅

၆၅။ တွေးရခက်ကြီး . . . ၃၂၁

၆၆။ မြို့မစိန်ရတု --- . . . ၃၂၆

၆၇။ ကိုယ့်အလုပ်ကိုယ်လုပ်ပါလား --- . . . ၃၃၁

၆၈။ ဆိုင်ဆိုင်မဆိုင်ဆိုင် . . . ၃၃၆

၆၉။ ဇာတ်- ဇာတ် ဘာဇာတ်တုံး . . . ၃၄၁

၇၀။ ကိုယ်ပေါင်ကိုလှန်ထောင်း --- . . . ၃၄၇

၇၁။ ထီနှင့် မင်းသား၊ မင်းသမီးများ . . . ၃၅၂

၇၂။ ရန်ကုန်နှင့် သုဝဏ္ဏ . . . ၃၅၈

၇၃။ နောက်မဆုတ်နဲ့ဒွေး . . . ၃၆၃

၇၄။ ကျေးဇူးတင်ပါတယ်ဘုရား . . . ၃၆၈

၇၅။ အားလုံးတူရတော့မှာလား . . . ၃၇၄

၇၆။ စိတ်ချမ်းသာလိုက်တာ . . . ၃၈၀

# အမှာစာ

ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတဲ့ စကားရှိပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်ကိုခင်သော်ငြားလည်း တရားကို မမင်နိုင်တဲ့ ကိစ္စတွေ အများကြီးရှိပါတယ်။ ကိုကံချွန်ကိုတော့ ကျွန်တော်က ပုဂ္ဂိုလ်လည်းခင်တယ်၊ တရားလည်းမင်တယ်။ ဒါကြောင့် ကျွန်တော် ဖန်တီးသမျှ မဂ္ဂဇင်း၊ ဂျာနယ်များမှာ ကိုကံချွန်ကို တခန်းတကဏ္ဍက ပါဝင်ပံ့ပိုးပေးဖို့ အကူညီတောင်းခံစမြဲပါပဲ။

အလင်းတန်းဂျာနယ်ကို တာဝန်ယူရမယ်ဆိုတုန်းကလည်း ကိုကံချွန်ကို အသောအထေ့ စာတစ်ပုဒ်လောက် အပတ်စဉ်ရေးပေးပါလို့ အပူကပ်ခဲ့တယ်။ သူ့မှာလည်း ကျွန်တော့်လို အပူကပ်တဲ့ လူနိုင်တွေက အများကြီးပါ။ ဒါပေမယ့် ကျွန်တော်တောင်းခံတဲ့ အကူအညီကိုတော့ ကိုကံချွန်က တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့ပါတယ်။ အလင်းတန်းဂျာနယ်ရဲ့ ပထမပိုင်းကာလများမှာ ကိုကံချွန်က သူရေးချင်တဲ့ ခေါင်းစဉ်နဲ့ ရေးပေမယ့် နောက်တော့ **"အင်တာဖြီး"** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဘဝင်မကျတဲ့ အင်တာဗျူးများကို သရော်ဖို့ ရေးမယ်လို့ ဆိုလာပါတယ်။

ကိုကံချွန်ရေးသမျှကို ကျွန်တော်ကလည်း သဘောကျတာဆိုတော့ သူ့အင်တာဖြီးကို ကျွန်တော်သာမက

http://swanbros.blogspot.com

အလင်းတန်းစာဖတ်ပရိသတ်များလည်း ဘဝင်ကျခဲ့ပါတယ်။ အင်တာဖြီးကို သူငြီးငွေ့လာပြန်တော့ **"ဆိုင်ဆိုင် မဆိုင်ဆိုင်"** ဆိုတဲ့ ခေါင်းစဉ်ပြောင်းလာပြန်ပါတယ်။ ဒီနေ့ထက်ထိ အလင်းတန်းဂျာနယ်မှာ ဆိုင်ဆိုင် မဆိုင်ဆိုင် ခေါင်းစဉ်အောက်မှာပဲ သူရေးနေဆဲပါ။

ကိုကံချွန်က ကာတွန်းဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာ ဖြစ်တဲ့အတွက် တခြားစာရေးဆရာများထက် လောကကြီးကို မြင်တဲ့နေရာမှာ စူးရှတယ်လို့ ဆိုချင်ပါတယ်။ တခြားမပြောနဲ့။ ကျွန်တော်တို့အားလုံး ညစဉ်ညတိုင်း ရုပ်မြင်သံကြား အစီအစဉ်မှာ မြင်တွေ့နေရတဲ့ ဆပ်ပြာကြော်ငြာတစ်ခုမှာ သရုပ်ဆောင်အမျိုးသားကြီး ဝတ်ထားတဲ့ အကျီက အဲဒီဆပ်ပြာနဲ့ မလျှော်မီမှာ ဒေါင်လိုက်အစင်းဖြစ်ပြီး ဆပ်ပြာနဲ့ ပွတ်ပြီးချိန်မှာ ကန့်လန့်အစင်းဖြစ်သွားတယ်ဆိုတာကို သတိမထားမိခဲ့ကြပေမယ့် သူကတော့ စူးစူးရှရှ မြင်လိုက်တယ်။ အဲဒီကိစ္စနည်းတူ ကျွန်တော်တို့တစ်တွေ ခပ်ပေါ့ပေါ့မြင်တတ်တဲ့ နေရာများကို သူကတော့ စူးစူးရှရှ တွေးမြင်ပြီး ပြင်သင့်တာလေးတွေ ထောက်ပြသင့်တာတွေကို လောကဝတ္တရား ကျေပွန်စွာ ထောက်ပြနေပါတယ်။ တချို့က ကိုကံချွန်ကို ကတ်သီးကတ်သပ် ပြောတက်တဲ့ လူရယ်လို့ မြင်ကြပေမယ့် ကျွန်တော်ကတော့ စစ်စစ်စီစီ မြင်တတ်တဲ့ လူလို့ထင်ပါတယ်။ ဒါကြောင့်လည်း သူရေးသမျှ အသောအထေ့ ဆောင်းပါးများကို ရွှေအမြုတေ မဂ္ဂဇင်းနဲ့

အလင်းတန်းဂျာနယ် စာမျက်နှာပေါ်မှာ ဖော်ပြနေဆဲပါ။

အခုထုတ်ဝေလိုက်တဲ့ စာအုပ်က အလင်းတန်းဂျာနယ်မှာ ဖော်ပြခဲ့တဲ့ အင်တာဗျူးဆောင်းပါးများနှင့် ဆိုင်ဆိုင်မဆိုင်ဆိုင် ဆောင်းပါးများကို စုစည်းထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ဒီနေ့ ပညာရှင်များက ထွက်နေသမျှ ဂျာနယ်များဟာ အရည်မရ၊ အဖတ်မရ ဖတ်စရာမရှိတဲ့ ဂျာနယ်များ ဖြစ်တယ်လို့ သုံးသပ်နေကြချိန်မှာ အလင်းတန်းဂျာနယ်မှာ ဖော်ပြခဲ့တဲ့ ကိုကံချွန်ရဲ့ ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်းက အများသုံးသပ်နေကြသလို ကျွန်တော်တို့ ဂျာနယ်များဟာ အရည်မရ အဖတ်မရ မဟုတ်ပါကြောင်း သက်သေထူလိုက်သလိုပါပဲ။

အဲဒါကြောင့် ကိုကံချွန် ခုလိုပဲ စာဖတ်ပရိသတ်အတွက် အကျိုးရှိစေတဲ့ ဆောင်းပါးများ၊ ဆက်လက်ဖန်တီးနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ဝင်းငြိမ်း**

http://swanbros.blogspot.com



# ဘောလုံးဆိုတာလုံးလုံးပါ

ကမ္ဘာ့ဖလား ဘောလုံးပွဲနှင့် ပတ်သက်၍ ဂျာနယ် အတော်များများတွင် တစ်လုံးတည်းလုံးခဲ့ကြ ပြီးပါပြီ။ ထိုစဉ်က ကံချွန်မှာ လုံးစရာနေရာမရှိ၍ မလုံးလိုက်ရပါ။ ထို့ကြောင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲအကြို လုံးလိုက်ရပါပြီ။ "ချွန်မာရီ" ခေါ် "မာနယ်ဒိုကံချွန်" ခေါ် ကာတွန်းဆရာ၊ စာရေးဆရာ၊ဇာတ်ညွှန်းဆရာ၊ အာကစားတွင်ပါရမီနည်းလှသူ ကံချွန်အားသွားရောက်တွေ့ဆုံ၍ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲအတွက် အင်တာဗျူးရာ အောက်ပါ အတိုင်း "ဖြီး" လိုက်သောကြောင့် သူ၏ "အင်တာဖြီး"ကြီးကို တိုက်ရိုက် တင်ပြလိုက်ရပါပြီ။ (အင်တာဖြီး လိုက်ဖ်ရှိုးပေ့ါ)

"ကမ္ဘာ့ဖလား ဘောလုံးပွဲအပေါ် မာနယ်ဒိုကံချွန် ရဲ့ အမြင်လေးတွေတင်ပြချင်လို့ ခုလို့လာရောက် တွေ့ဆုံ မေးမြန်းတာပါ"

"သူများတွေလုပ်စားပြီးမှ ကိုကံချွန်ရယ်"

"ဟာ ကံချွန်သူများနောက်လိုက်မဟုတ်ပါဘူး။ ခု အင်တာဗျူးမှာက ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲ အတွက်ပါ"

"တော်လှချည်လား။ ဘယ်သူ့သားလေးတုန်း"

**စိန်စိန်ဦး စာအုပ်တိုက်**

"ဦးဘငွေး၊ ဒေါ်အေးရွှင် ... ဟာ ရှုပ်ကုန်ပါပြီ။ ကျွန်တော်က ခင်ဗျားကို မေးရမှာဗျ"

"ဟုတ်ကဲ့ မေးပါ မေးပါ"

"မေးမယ်နော်"

"မေးပါ"

"တကယ်မေးမှာနော်"

"မေးပါလို့ဆိုနေမှ"

"နိုင်တီအိပ် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်ကို ကြည့်ဖြစ်သလား"

"လေး၊ ငါးပွဲတော့ ကြည့်ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ ကျန်တဲ့ပွဲတွေ ဘာလို့မကြည့်ဖြစ်တယ်ဆို တာ မမေးတော့ပါဘူး။ ကြည့်ဖြစ်တဲ့ပွဲတွေထဲမှာ ဘယ်သူ ခြေပေါ်သလဲ"

"အင်္ဂလိပ်စိမ်းပြာဝတ်တဲ့ အသင်းက နံပါတ်ကိုး။ သူခြေပေါ်တယ်။ နောက်ကို သတိထားသင့်ပါတယ်။ ချောင်နေတဲ့ ဖိနပ် မစီးသင့်ဘူး။ နှစ်ခါတောင် ခြေပေါ်သွားတယ်။ ဖိနပ်ကျွတ်ပြီး"

"လာမယ် တွမ်တီဇီးရိုးတူး ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ဘယ်သူနိုင်မယ်ထင်သလဲ"

"အဲဒါက ဖြေဖို့ခက်တယ်ဗျ။ သိတယ်မဟုတ်လား။ ဘောလုံးဆိုတာ လုံးလုံးကြီးဆိုတော့"

"ဟုတ်လား ကျွန်တော်က လေးထောင့်မှတ်နေတာ။

http://swanbros.blogspot.com



လာမယ့် ဇီးရိုးတူးပွဲမှာ ဘယ်လိုဖြစ်သင့်တယ် ထင်ပါသလဲ"

"အသင်းတိုင်း နောက်တန်းလုံဖို့အရေးကြီးပါတယ်။ သူကမိန်းပဲ။ ဘောင်းဘီနှစ်ထပ် ဝတ်သင့်တယ်"

"ဒိုင်လူကြီးများကိုရော ဘယ်လိုမြင်ပါသလဲ"

"အရပ်ရှည်ရှည်တွေပဲ။ သူတို့ကြည့်ရတာ ခေါက်ဆွဲစား မယ့်ပုံတော့မပေါ်ဘူး။ ပေါင်မုန့်ပဲစားမယ့်ပုံတွေပဲ"

"သူတို့ကိုသုံးသပ်ပြပါဦး"

"မဆိုးရှာပါဘူး။ တက်လမ်းရှိတယ်။ဒါပေမဲ့ကျွန်တော့် ကိုတော့ မမီပါဘူး"

"အကျႌ အဖြူနဲ့အနီစင်းဝတ်တဲ့အသင်းရော လာမယ့် ဇီးရိုးတူးမှာ အပြောင်းအလဲရှိနိုင်သလား"

"ရှိနိုင်တယ်။ အကျႌ အပြာဖြစ်သွားနိုင်တယ်"

"ဒိုင်လူကြီးရဲ့ အဓိကတာဝန်က"

"သူက ကွင်းတစ်ကွင်းလုံးတာဝန်ယူထားရတာပဲ။ ကစား သမားအားလုံး သူ့အမိန့်နာခံရမှာ။ ဒါကြောင့် လေပြင်းပြင်းနဲ့ အကုန်ကြားအောင် ဝီစီမှုတ်နိုင်ရမယ်"

"သူတို့ရဲ့ အပေးအယူ၊ အချိတ်အဆက်တွေဘယ်လို မြင်ပါသလဲ"

"သွက်တယ်ဗျာ။ ပေးလို့ပေးလိုက်မှန်း မသိရဘူး။ ယူလို့ ယူလိုက်မှန်းမသိရဘူး။ ဘာနဲ့ တူသလဲဆိုတော့ . . ."

"ဟုတ်ကဲ့ မေးသလောက်ပဲဖြေပါ။ ဇီးရိုးတူးပွဲအတွက် ရော ဘာတွေအကြံပြုချင်သေးသလဲ"

"သီချင်းကောင်းကောင်းတွေ ထွက်စေချင်ပါတယ်။ ဘာလို့လဲဆိုတော့. ."

"ကျွန်တော်သဘောပေါက်ပါတယ်။ ချွန်မာရီယိုက ဘောလုံးပွဲလည်း ဝါသနာပါ တယ်နော်"

"ဒါကဒီလိုရှိပါတယ်။ကျွန်တော့်အဘိုးရဲ့ သူငယ်ချင်း အိမ်မှာအငှားနေတဲ့ လူရဲ့သားက ဘောလုံးသမားဆိုတော့"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ခေါင်းငုံ့လိုက်၊ မော့လိုက်၊ ဘေးလှည့်လိုက်နဲ့ ဖြေကတည်းက အားကစားနဲ့ ယှက်နွယ် နေတယ်ဆိုတာ မှန်းဆလို့ရပါတယ်။ ကျွန်တော့်အိမ် နောက်က အေရိုးဗစ် သင်တန်းသူတွေဆို အဲသလိုလုပ်တာပဲ။ သူတို့ ကတော့ ခဏာပေါ့ချွန်မာရီယိုလိုအမြဲတမ်းကြီးမဟုတ်ဘူး"

"စတိုင်ပေါ့"

"ဟုတ်ပါပြီ။ လေးစားပါတယ်။ ကျွန်တော်တို့ နည်းပြ တွေနဲ့ပတ်သက်လို့ ဆွေးနွေးရအောင်။ ဟိုအကျီအဝါသင်း ရဲ့နည်းပြကို ဘယ်လိုမြင်လဲ"

"မဆိုးပါဘူး။ သူ့အသင်းသားတွေအားလုံး သက်တောင့် သက်သာဖြစ်အောင် လုပ်ပေးသွားတာပဲ။ အုပ်စုပွဲကတည်းက ထွက်လိုက်ရတယ်လေ"

"မာနယ်ဒိုကံချွန်ဘောလုံးကန်ဖူးသလား"

"မူလတန်းတုန်းကတစ်ခါ ကွင်းထဲဝင်ရပ်နေဖူးတယ်။ ဘောလုံးကကျွန်တော့်ဆီမလာတာနဲ့ မကန်လိုက်ရဘူး။ သူများ တွေကန်ချင်လို့ လုကန်နေတဲ့ဆီ လိုက်မလုချင်ဘူးလေ"

http://swanbros.blogspot.com



“ဒါနဲ့ အလယ်တန်းကျတော့ ကစားသေးသလား”

“အားကစားနည်းပြဆရာက ကွင်းထဲမှာ တစ်ယောက်တစ်လုံး ဘောလုံးနှစ်ဆယ့်တစ်လုံးနဲ့ ကစားရတဲ့နည်းပေါ်လာမှ ကစားပါဆိုပြီး တောင်းပန်တာနဲ့ နားလိုက်တာပါ။ ပါရမီတော့ရှိပါတယ်”

“ဟုတ်ကဲ့ခုလိုပြည့်ပြည့်စုံစုံဖြေသွားတဲ့အတွက်ဂျာနယ်ဖတ် စက္ကူရှင်များ ကိုယ်စား ကျေးဇူးတင်ပါတယ် ပရိသတ်ကိုဘာများ ဖြီးချင်ပါသေးသလဲ”

“ကျွန်တော် နှစ်ထောင့်နှစ်ခု ကမ္ဘာ့ဖလားဘောလုံးပွဲကျရင်တော့ ပွဲစဉ်တစ်လျှောက်လုံးကြည့်ပါ့မယ်”

“ကျေးဇူးတင်ပါတယ်”

၁၇. ၈. ၉၈
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# ဖြိုးကြော်ငြာ

ကံချွန်ရဲ့ အင်တာဖြိုးကဏ္ဍကို ပရိသတ်ကြီး စိတ်ဝင်စားဖို့အတွက် တီဗွီမှာ ကြော်ငြာဖို့ စိတ်ကူးရမိပါသည်။ ဂျာနယ်နဲ့မဆိုင်ပါဘူး။ အိတ်စိုက် ကြော်ငြာမှာပါ။ ကံချွန် အဲသလောက်ကြောင်ပါတယ်။ ဘာမှ ကြော်ငြာစရာ မရှိခင်ကကိုဘဲ ခိုင်သင်းကြည် တို့ ၊ စိုးမြတ်နန္ဒာ တို့ ၊ လှအဥ္စလီတင့် တို့၊ တင့်တင့်ထွန်း တို့ ၊ နန္ဒာလှိုင်တို့နဲ့တွဲပြီး ကြော်ငြာဖို့ စိတ်ကူးခဲ့ပါသေးတယ်။ လူကြော်ငြာမှာပါ။ ကံချွန်က အလယ်ကရပ်ပြီး ပြုံးပြုံးကြီး။ ကံချွန့် ပခုံးပေါ်လက်ထောက် သူက ထောက်၊ နဖူးကို လက်သီးဆုပ်နုနုနဲ့ ထုသူကထု၊ ဗိုက်ကြောဆွဲလိမ်တဲ့သူကလိမ်။ စည်သူလွင်ကို ကံချွန် .. ကံချွန်... ကံချွန် ဆိုပြီးသံကုန် ဟစ်ပေးဖို့ အကူအညီ တောင်းရမှာပေါ့။သူက ကိုငွေကြည့်သားပဲ။ ငါ့တူရယ် မင်းဖေဖေနဲ့ ဦးလေးနဲ့ က သူငယ်ချင်းပါဆိုရင် သူကလည်းကူညီမှာပါ။ အော်ဖို့ရာသံစဉ်လည်း စဉ်းစားပြီးသား။ ပြည်သူ့တရားရှင် ဇာတ်လမ်းတွဲရဲ့ အဖွင့်သီချင်းလေ။ ဝမ်ချောင် မာဟန့်လို အော်နည်းအော်ပေးရမှာ။ သုံးရက်တော့ ဆက်တိုက် ကြော်ငြာရမှာပဲ။ မီးပျက်လို့ မကြည့်လိုက်ရဘူးဆိုပြီး မဖြစ်အောင်လို့။ ကြော်ငြာစရာမရှိလို့ လူကြော်ငြာဖို့ တောင်စိတ်ကူးခဲ့တာ။ ကံချွန် အဲသလောက်

http://swanbros.blogspot.com



ပေါ်တာပါ။ ခုတော့ ဟန်ကျသွားပါပြီ။ ကံချွန်ရဲ့ အင်တာဗျူးကို ကြော်ငြာရမှာပေါ့။ အဲသလိုကြော်ငြာချင်တဲ့ဆန္ဒရှိလို့ ကြော်ငြာနဲ့ပတ်သက်သူများကိုတွေ့ဆုံမေးမြန်းခဲ့ပါတယ်။ စက္ကူရှင်များ လေ့လာကြည့်ပါခင်ဗျား။

'မဒမ်ကံချွန်ကို မေးပါရစေ'

'ဟုတ်ကဲ့၊ မေးပါ'

'ခု ကြော်ငြာတွေ လက်ခံရိုက်ကူးပါသေးသလား'

'သိပ်မရိုက်တော့ပါဘူးရှင်။ ကျွန်မက ခုန်ဆွ ခုန်ဆွ၊ ထိုးထိုးထွန့်ထွန့် မလုပ်ချင်လို့'

'လေးစားပါတယ်ဗျာ။ အဲသလို ကြော်ငြာတွေ ဘယ်ဒါရိုက်တာ ရိုက်တာပါလိမ့်'

'ကျွန်မယောကျ်ား အော်စကာ ကံချွန်ပါ'

'ဟုတ်ကဲ့၊ ခုလို ဖြေကြားပေးတာ ဝမ်းသာပါတယ်။ အော်စကာ ကံချွန်ကိုမေးပါရစေဦး'

'မေးလေ'

'ကြော်ငြာရိုက်ကူးတဲ့ဆီမှာ ဘာအရေးကြီးဆုံးလဲ'

'လှုပ်ဖို့ပဲ။ သရုပ်ဆောင်တွေ လှုပ်ရင်လှုပ်၊ မလှုပ်ရင် ကင်မရာလှုပ်။ သရုပ်ဆောင်ရော၊ ကင်မရာရော မလှုပ်ရင် ကားဆက်တဲ့ဆီမှာ ကွန်ပျူတာနဲ့လှုပ်။ ကြော်ငြာဆိုတာ လှုပ်ကို လှုပ်ရမယ်'

'နိုင်ငံခြားကြော်ငြာနဲ့ မြန်မာကြော်ငြာရဲ့ကွာခြားချက်ကို ပြောပြပါဦး'

http://swanbros.blogspot.com



'နိုင်ငံခြားကြော်ငြာက ကြော်ငြာတစ်ခုလုံးရဲ့ အနှစ်သာရနဲ့ အားပြုတာဟာကြော်ငြာတဲ့ ကုန်ပစ္စည်းပဲ။ ကျွန်တော်တို့ မြန်မာကြော်ငြာ က ကြော်ငြာတစ်ခုလုံးဟာ သီချင်းနဲ့ ခုန်ဆွ ခုန်ဆွကို အားပြုပြီးကုန်ပစ္စည်းကိုကြော်ငြာတာ'

'ကြော်ငြာတစ်ခုလုံးရဲ့ အနှစ်သာရဟာ ခုန်ဆွ ခုန်ဆွနဲ့ သီချင်းပေါ့'

'ဟုတ်ပါတယ်။ သီချင်းနဲ့ ခုန်ဆွ ခုန်ဆွ အောင်မြင်ရင် အဲဒီကုန်ပစ္စည်း လူသိများမှာပဲ'

သို့နှယ်အော်စကာကံချွန်၏ မြွက်ဟမှုကြောင့် ကျွန်တော်၏ ဖြီးကြော်ငြာအတွက် တေးရေးဆရာ ထံတျာချွန်နဲ့ သွားရောက် တွေ့ဆုံဖြစ်ပါသည်။

'ဆရာကကြော်ငြာသီချင်းတွေရေးတဲ့ ထံတျာချွန်နော်'

'ဟုတ်ပါတယ်'

'ကြော်ငြာသီချင်းကို ဘယ်လိုတွေး၊ ဘယ်လိုရေး ရတယ်ဆိုတာလေး သိပါရစေဆရာ။ ပစ္စည်းရဲ့ အရည် အသွေးလား၊ အသုံးတည့်မှုလား'

'အဲဒါတွေကအဓိကမကျပါဘူး။ အရေးကြီးတာကလိုက်ဆိုလို့လွယ်မယ့် နိုင်ငံခြားသံစဉ်တွေ၊ ပြီးတော့ လူသိများ ပြီးသားကိုယ်ပိုင်သံစဉ်တွေ၊ မြန်မာသံစဉ်တွေ'

'ကြော်ငြာလာအပ်တော့မှ ကြော်ငြာနဲ့လိုက်ဖက်မယ့် သံစဉ်၊ စာသား ရှာရတာ မဟုတ်လား'

'တခြားသူတွေတော့ မပြောတတ်ဘူး။ ကျွန်တော်က

http://swanbros.blogspot.com



တော့ သံစဉ်နဲ့လိုက်ဖက်မယ့် ကုန်ပစ္စည်းကို ထည့်လိုက်တာပဲ။ ကျွန်တော့်ဆီမှာ ရယ်ဒီမိတ် သံစဉ်တွေ အများကြီး ရှိတာပဲ'

'အဲဒီကုန်ပစ္စည်းနဲ့ပတ်သက်တဲ့ စကားလုံးတွေက သံစဉ်နဲ့ မလိုက်ဖက်ရင်ကော'

'လွယ်ပါတယ်။ ဒါ ဒါ . . . ဒါ ရိရိ . . . . ဒါတို့ လူလာ . . . လေ လေ. . လီ တို့၊ ဝူးဟူး . . . ဟူ ဝေးဟေးဟေ. . . . ဝူဟူတို့ ထည့်ပေးလိုက်တာပေါ့'

'လေးစားပါတယ်ဆရာ ကျွန်တော့ဖြီးကြော်ငြာကို အပ်မယ် ဆိုရင် ဆရာဘယ်လိုများ ရေးပေးမှာလဲ'

'ခဏနော်။ ကျွန်တော် နည်းနည်းလေး အသံထွက်ပြီး သံစဉ်ရှာကြည့်လိုက်ဦးမယ်။ အင်း . . ရတယ် . . ရတယ်. . တီတော်တော်. . . မကောင်းသေးဘူး။ ဗျော်ရောင် . . . ဗူနိမ်. . . . ဗူတီတီ. . . . ဗျော်. . . . တော်ဗူ မဟုတ်သေးဘူး။ လာလာ . . . . လူလာ . . . လယ်လူလာ. . . လာလယ်လယ် မစွံသေးဘူး။ အင်း . . . . အဲ . . . ရပြီရပြီ'

'နားထောင်နေပါတယ်ဆရာ။ ကြိုက်ရင်တစ်ခါတည်း ဝယ်သွားမှာပါ'

'သေသေချာချာ နားထောင်'

'တီးလည်းတီးတဲ့ . . . ဖြီးလည်းဖြီးတဲ့ တို့ကိုကြီးချွန် . . . လက်သံပြောင်ပြောင်နော်ဗျာ . . . ချွန်ဆရာတီးလိုက်ပါမယ်. . . မျက်နှာပြောင်ပြောင်နော်ဗျ . . . ချွန်ဆရာဖြီးလိုက်ပါတယ် . . . မတီးရဲရင်နော်ဗျာ . . ချွန်ဆရာ

http://swanbros.blogspot.com



ဖြီးလိုက်ပါမယ် . . . ဟော့ . . တီးလည်းတီးတဲ့ . . ဖြီးလည်း ဖြီးတဲ့ . . . တို့ ကိုကြီးချွန် . . . '

'ဘယ်နှယ့်လဲ'

'မကြိုက်ဘူး'

'ဘာဗျ၊ ဒါလောက်ကောင်းနေတာ ဘာလို့မကြိုက်တာလဲ'

'ဒီလိုလေဗျာ။ ခင်ဗျားတို့က ဟိုဟာ. . . . ကျွန်တော်က. . . '

'တော်စမ်းပါဗျာ။ ခင်ဗျားဖြီးကြော်ငြာအတွက် ယူသွား'

'တီးလည်းတီးတဲ့ . . . ဖြီးလည်းဖြီးတဲ့ . . . တို့ ကိုကြီးချွန် . . . '

၂၄. ၈. ၉၈
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ရိုက်တယ်ဆိုတာလွယ်ပါတယ်

'ငါ့တူက ဒီရုပ်ရှင်အဖွဲ့ထဲကပဲနော်'

'ဟုတ်ပါတယ်'

'ဘာလုပ်ရတာလဲ'

'အသံဖမ်း'

'ခု ဘယ်သူနဲ့ ဘာဖြစ်လို့လဲ'

'မီးဆရာနဲ့'

'ဘာဖြစ်တာလဲ'

'ကျွန်တော့်ဟာကျွန်တော် သီချင်းဆိုတာပါဗျာ။ အဲဒါ လာပြီးဟောက်လို့ စကားများတာ'

'ငါ့တူက ဘာသီချင်းဆိုလို့လဲ'

'ဗဒင် သီချင်းပါ။ နေ့ဟာနေ့နဲ့ မတူဘူး၊ ညဟာည နဲ့မတူဘူး'

××× ××× ×××

'ရွှေမင်းသား၊ ရွှေမင်းသားကို အင်တာဗြူချင်လို့၊ အဲလေ . . . အင်တာဗျူးချင်လို့'

'မေးပါ၊ တိုတိုနော်။ အချိန်မရလို့'

'အမူအရာနဲ့ ပတ်သက်လို့ ဘယ်လိုသဘောထားပါ သလဲ။ ခုရော လေ့လာနေတုန်းပဲလား'

'ဘာလို့လေ့လာရမှာလဲ။ ဘယ်သူ့ဆီက လေ့လာရမှာလဲ။ ရုပ်ရှင်ရိုက်စားလာတာ အံတိုနေပြီ။ အမူအရာကို ဘယ်လိုမှ သဘောမထားဘူး။ ရွှေမင်းသားကို ပရိသတ်ချစ် တယ်။ ရွှေမင်းသား ဘာလုပ်ပြပြ ကြိုက်ကြမှာပဲ'

'မေးမိတာမှားပါတယ်'

××× ××× ×××

'ဒီအဒေါ်ကြီးက ရုပ်ရှင်အဖွဲ့ထဲကပဲလား'

'ရှင့်မှာ မျက်စိပါရဲ့လား'

'ခင်ဗျာ . . . ပါ,ပါတယ်'

'ပါရင် မြင်ရဲ့လား'

'ဟုတ်ကဲ့ မြင်ပါတယ်။ အဝေးတစ်ရာ့ငါးဆယ်၊ အနီး လေးရာ ဘိုက်ဖိုကယ်တပ်ထားတာပါ ဒေါ်ဒေါ်'

'ဘာ ဒေါ်ဒေါ်လဲ။ ငိုလိုက်မှာ။ ဒီမှာဖေဖေကြီး သမီး ကို ဒေါ်ဒေါ်လို့ခေါ်နေတယ်'

(လူတစ်ယောက်ပြေးထွက်လာပြီး)

'ဒုက္ခပါပဲဗျာ။ ဟေ့လူ သွားသွား။ ဒါ မင်းသမီးဗျ။ ဆယ့်ရှစ်နှစ်သမီးလို သရုပ်ဆောင်ဖို့ ပြင်ဆင်ထားတာ'

'မသိလို့ပါ ခင်ဗျာ။ တောင်းပန်ပါတယ်။ ဒေါ်ဒေါ် ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်'

××× ××× ×××

'ဟာ. . ဆရာကြီး ခင်ဗျားသရုပ်ဆောင်တာ တစ်ခါ တလေ တွေ့ဖူးတယ်။ ကောင်းတယ်ဗျာ။ သိပ်သဘာဝကျ

http://swanbros.blogspot.com



တာပဲ။ အင်တာဗျူးပါရစေ'

'ဗျူးပါ'

'ခု ဒီအဖွဲ့ထဲမှာ ဘယ်တာဝန်နဲ့ပါတာလဲ'

'တောက်တိုမယ်ရ။ လက်တိုလက်တောင်း လုပ်ပေးဖို့ပါ။ ကိုယ့်ဟာကိုယ် ဘဝင်မြင့်ချင်ရင်တော့ ရှုတင်မန်နေဂျာလို့ ပြောလိုက်တာပဲ'

'ဗျာ . . . သရုပ်ဆောင် ပညာသည်မဟုတ်ဘူးလား'

'မဟုတ်ပါဘူးဗျာ။ ဝါသနာပါလို့ ဒီလောကထဲ နေရပြီး ရောဆိုပြီး လက်တို လက်တောင်းဘဝနဲ့ ဝင်လာတာ နှစ်လေးဆယ်ရှိပြီ။ လူလိုတယ်။ ဝင်ရိုက်စမ်းဆိုတဲ့အခါ ရိုက်ပေးလိုက်တာပါပဲ။

'သြော် . . . သြော် . . . တော်လိုက်တာဗျာ။ ခင်ဗျားက. . . .'

××× ××× ×××

လေးစားပါတယ် ဒါရိုက်တာ။ ရုပ်ရှင်၊ ဗီဒီယိုကားကောင်း တစ်ကားဖြစ်အောင် ဘယ်လိုပြင်ဆင်ရိုက်ကူးရပါ သလဲ။

'ကျွန်တော်နှမ်းတစ်စေ့နဲ့ ဆီဖြစ်အောင်ကြိတ်တတ်ဖို့ ကြိုးစားကြည့်နေတုန်းပါ'

'ထုတ်လုပ်သူတွေကို ဘယ်လိုမြင်ပါသလဲ'

'ထုတ်လုပ်သူက သုံးမျိုး ရှိတယ်ဗျ။ စီးပွားရေးသမား ထုတ်လုပ်သူ၊ အနုပညာကို မြတ်နိုးတဲ့ စီးပွားရေးသမား ထုတ်လုပ်သူ၊ သရုပ်ဆောင်ထုတ်လုပ်သူ၊ ကျွန်တော် လက်အတွဲ

ချင်ဆုံးကတော့ အနုပညာ မြတ်နိုးတဲ့ စီးပွားရေးသမား ထုတ်လုပ်သူပဲ။ စီးပွားရေးသမား သက်သက်ဆိုရင် လဲ အလုပ် လုပ်လို့ မကောင်းဘူးဗျ။ သရုပ်ဆောင်ထုတ်လုပ်သူ ဆိုရင်လည်း အဲဒီသရုပ်ဆောင်က အသိဉာဏ်ရှိရင် တော်ပါရဲ့။ အသိဉာဏ်မရှိရင် ..... ဟင်း .... ဟင်း'

'ဒါရိုက်တာ၊ ရုပ်ရှင်ရိုက်တာပျော်ရဲ့လား'

'ထမင်းဆာနေတဲ့အချိန် ကိုယ်မကြိုက်တဲ့ဟင်းတွေနဲ့ ထမင်းစားနေရသလိုပါပဲ'

'သရုပ်ဆောင်တွေကို ဘယ်လိုမြင်ပါသလဲ'

'အလွန်တော်တဲ့ သူများလည်း ရှိပါတယ်'

'ပရိသတ်ကို ဘယ်လိုမြင်ပါသလဲ'

'ပရိသတ် သိပ်တော်တယ်။ ကောင်းတာကို ပိုပိုပြီး ကြည့်တတ် မြင်တတ်လာပြီ'

'အဲသလို တိုးတက်လာတာ ဘာကြောင့်ပါလဲ'

'မြဝတီရုပ်မြင်သံကြားရဲ့ ကျေးဇူးကြောင့်ပါ'

'မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုတိုးတက်လာဖို့ ဘယ်သူ့မှာ တာဝန်ရှိပါသလဲ'

'ရုပ်ရှင်၊ ဗီဒီယိုပတ်သက်သူ အားလုံးမှာ တာဝန်ရှိပါတယ်'

××× ××× ×××

http://swanbros.blogspot.com



'နောင်ကြီးက ရုပ်ရှင်၊ ဗီဒီယိုကြည့်တတ်ပါတယ်နော်'
'တစ်ခါတလေကြည့်ပါတယ်'
'ဒါနဲ့ နောင်ကြီးရဲ့ မိန်းမနဲ့ကလေးတွေ မမြင်ပါလား'
'ဗီဒီယိုရုံသွားကြတာလေ။ မြန်မာကားမို့'
'ဩော် . . . ဩော်. . .'

၇· ၉· ၉၈
အလင်းတန်းဂျာနယ်

မှတ်ချက် ။ ။ စိတ်ကူးယဉ်မှု သရုပ်ဆောင် မင်းသား
မင်းသမီး ဒါရိုက်တာများနှင့် ရှုမြင်ပါ။

http://swanbros.blogspot.com



## စက္ကူထေရီလေဒီဒိုင်ယာချွန်

စက္ကူရှင်အပေါင်း အမြင်အာရုံ ကြည်လင်ကြပါစေ။ မင်္ဂလာပါ ..။ အင်တာဗြူး ဖတ်သမျှပုရိသအပေါင်း သူတော်ကောင်းတို့ သောကဟူသမျှ ကင်းဝေးကြပါစေ။ ဒီတစ်ပတ် ထူးထူးခြားခြားလေးဖြစ်အောင် စီစဉ်တင်ဆက်ပေးချင်တာကတော့ ကံချွန်ရဲ့ စက္ကူထေရီလေဒီဒိုင်ယာချွန်ကိုအင်တာဗျူးမှာ ဖြစ်ပါတယ်။ သူဖြီးပါလိမ့်မယ်။ သူ့ရဲ့ တာဝန်က ကံချွန်ရဲ့ အင်တာဖြီးကဏ္ဍအတွက် လိုက်လံတွေ့ဆုံမေးမြန်းဖို့ ဖြစ်ပါတယ်။ သူတွေ့ဆုံမေးမြန်းခဲ့တဲ့ တေးသံရှင် ပလူတို၊ ရုပ်ရှင်မင်းသား အော်စကာကံချွန်၊ ဒရမ်မာ ပလေယာချွန်ထွန်းတို့နဲ့ မေးခဲ့ပုံလေးများကို ပထမ တင်ပြပါမယ်။

### ပလူတိုနှင့်တွေ့ဆုံခြင်း

'ကြွက်နီက သီချင်းဆိုတာ ၁၉၈၀ ခုနှစ်ကတည်းကနော်'
'ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်'
'ဦးဆိတ်သိုး၊ ဒေါ်ပုတို့ရဲ့သားနော်'
'ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်'

http://swanbros.blogspot.com



'လပွတ္တာမှာ နေတာနော်'

'ဟုတ်. . . ဟုတ်. . ဟုတ်ပါတယ်'

'ဆယ်တန်းငါးနှစ်ကျနော်'

'ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်'

'ဆတ်စလူးစိန်ကို သိတ်ချစ်တယ် စီးရီးနဲ့အောင်မြင်ခဲ့တာနော်'

'ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်'

'နောက်ထွက်မယ့် စီးရီးက အော်နိုင်သလောက်အော်တော့မယ် နော်'

'ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်'

'ကျေးဇူးတင်ပါတယ်ရှင်'

*မှတ်ချက်။ ။ ကြွက်နို့သိုသည်မှာ တေးသံရှင် ပလုတ်တုတ်၏ ငယ်နာမည်ဖြစ်ပါသည်။*

**အော်စကာထက်ချွန်နှင့် တွေ့ဆုံခြင်း**

'ကိုဝေလ ရုပ်ရှင်လောကထဲ ရောက်တာ ၇၀ ခုနှစ်ကတည်းကနော်'

'အင်း . . . '

'အော်စကာဆု ရပြီးပြီးနော်'

http://swanbros.blogspot.com



'အင်း . . .'

'ခုရိုက်နေတာ တို့ရင်တွန့်မယ်လို့ သိရပါတယ်။ ဘယ်လို ဇာတ်လမ်းမျိုးလဲ'

'တို့လိုက်တော့ တွန့်သွားတဲ့ ဇာတ်လမ်းမျိုးပါ'

'ဒါရိုက်တာက ဘယ်သူပါလိမ့်'

'သိသားနဲ့ မေးပြန်ပြီ'

'မင်းသမီးကရော'

'ဟိုမှာ ထိုင်နေတယ်'

'ကျေးဇူးတင်ပါတယ်'

'အင်း . . . '

မှတ်ချက်။ ။ ကိုဘေလသိုဘာ အောင်ဆကာတ်ညွှန်ရဲ့ ငယ်နာမည်ပါ။

## ဒရမ်မာဝလေယာချုန်ထွန်းနှင့် တွေ့ဆုံခြင်း

'အချွန် နေကောင်းတယ်နော်'

'ကောင်းပါတယ်။ မနေ့က မိုးမိလို့ ထက်ထက်မိုးဦး သောက်တဲ့ဟာက တစ်ဝိုင်း၊ သီရိဂျေမောင်မောင် သောက်တဲ့ဟာက တစ်ဝိုင်းသောက်လို့ ဟပ်ချိုးမဖြစ်တော့ပါဘူး'

'အိမ်ထောင်ပြုဖို့ စိတ်ကူးပြီလား'

## စိန်စိန်ဦး စာအုပ်တိုက်

http://swanbros.blogspot.com



'တတိယအကြိမ်လား'

'ဟီ . . . . ဟိ . . . '

'ဟင်း . . . ဟင်း . . . . '

'ဒရမ်မာပေါ့နော်၊ အဲဒီဟာကြီးကိုတီးတော့ ဒုံးဒုံးက အဓိကလား၊ ချပ်ချပ် အဓိကလား'

'နှစ်ခုလုံး အရေးကြီးပါတယ်။ ချပ်ချပ်မပါဘဲ ဒုံးဒုံး ချည်း တီးနေရင် သိကြားမင်း လျှက်ဆားဖြစ်သွား မှာပေါ့'

'ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်'

*မှတ်ချက်။ ။ ဆွမ်ဆွန်ဆိုတာ ဆွမ်ဆွန်းကို မသိသေးစဉ်က ခေါ်တဲ့နာမည်ပါ*

သို့နှယ် အင်တာဗျူးရာတွင် အရည်အချင်းပြည့်မီ သော ကံချွန်၏ စက္ကရီထေရီလေဒီ ဒိုင်ယာချွန်အား စကျွ ရှင်များနှင့် တွေ့ဆုံပေးလိုက်ပြီ။

'လေဒီ လာပါဦး'

'ဒီနေ့ ဘယ်သွားဗျူးရမလဲ'

'ဘယ်သူ့မှ မဗျူးပါနဲ့။ ကဲ . . . ပြောစမ်းပါဦး။ ပရိသတ် ချစ်ခင် လေးစားနေတဲ့ ပညာရှင်များကို တွေ့ဆုံတဲ့အခါ ပရိသတ် ချစ်ခင်လေးစားနေတဲ့ သူတို့ရဲ့ အနုပညာ နာမည်ကို မခေါ်ပဲ ဘာကိစ္စယ်နာမည်၊ အိမ်နာမည်၊ ကျောင်းနာမည် တွေကို ခေါ်နေရတာလဲ'

'ဟို . . . ဟိုလေ . . . . ကျွန်မနဲ့ အရမ်းရင်းနှီးတယ်လို့ ပရိသတ်က ထင်သွားအောင်လို့'

'အဲဒါပရိသတ်ကိုရော၊ပညာရှင်ကိုရော စော်ကားတာပဲ။ စာရေးဆရာ၊ တေးသံရှင်၊ ဂီတပညာရှင်၊ ရုပ်ရှင်ပညာရှင်တွေဟာ သူတို့ရဲ့အနုပညာနာမည်လေး အနုပညာ လောကမှာ တည်တံ့နိုင်ဖို့ ၊ ပရိတ်သတ်ရဲ့ အသိမှတ်ပြုခြင်း ခံရဖို့ အငတ်ငတ် အပြတ်ပြတ်နဲ့ ကြိုးစားခဲ့ရသူတွေပါ တယ်။ သူတို့အောင်မြင်လာကာမှ သူတို့ကို အနုပညာ ပရိတ်သတ်နဲ့ တွေ့ဆုံပေးတဲ့ဆီမှာ အနုပညာနာမည်မသုံးဘဲ၊ အိမ်နာမည်၊ ငယ်နာမည်၊ ကျောင်းနာမည်ဆိုတာတွေ ခေါ်နေတာဟာ သူတို့ရဲ့ အောင်မြင်မှုကို ကိုယ်ကအသိအမှတ်မပြုသလို ဖြစ်တာပေါ့'

'ဟုတ် . . . ဟုတ် . . . ဟုတ်ပါပြီ'

'ဒါဆို နောက်ကို ဘယ်လိုခေါ်ရမယ်ဆိုတာ သိပြီ လား'

'သိပါပြီ အချစ်'

မှတ်ချက်။ ။ အချစ်မှာ တံခွန်၏ ငယ်နာမည် ဖြစ်ပါသည်။ငယ်နာမည်ကို ခေါ်တာ အင်တာဗျူး လိုသူများ အချစ်ဆီလာခဲ့ပါ။

၁၅. ၉. ၉၈
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# စာရေးဆရာမကြီး အန်တီချွန်

စကျွရှင်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မင်္ဂလာပါ . . .။ ယခုအပတ် အင်တာဗျူး လိုက်ရတာကတော့ ဆရာမကြီး အန်တီချွန်ဖြစ်ပါတယ်။ စိတ်ထဲမပါဘဲ စကျွရှင်များ ဖတ်မိတဲ့အခါ အထင်ကြီးခံ ရအောင်လို့ အစွမ်းကုန်ဖြီးပါလိမ့်မယ်။ သည်းခံဖတ်ရှုကြ ပါ ခင်ဗျား။

ဆရာမကြီးဟာ စာအုပ်ပေါင်း များစွာ ရေးသားဖူးပါတယ်။ ကံချွန်တော့ တစ်အုပ်မှ မဖတ်ဖူးပါဘူး။ ဆောင်းပါးပေါင်းများစွာလည်း ရေးပါတယ်။ တစ်ခါတလေမှ တစ်ပုဒ်တလေ ဖတ်မိတတ် ပါတယ်။ ဖတ်မိတဲ့အခါတိုင်းလည်း ကံချွန်ရဲ့ စိတ်ဓာတ်နဲ့ သိပ်မဟပ်လှပါဘူး။ ဒါပေမဲ့ ကံချွန်အာဃာတ မထားတတ်ပါဘူး။ ကိုယ့်စိတ်နဲ့ မဟပ်သော် ငြားလည်း စာဖတ်သူများအတွက် တွေ့ဆုံသင့်တယ်လို့ ယုံကြည်တဲ့အတွက် သွားရောက်တွေ့ဆုံမေးမြန်းလိုက်ရ ခြင်း ဖြစ်ပါတယ်။

ဆရာမကြီးနာမည်က အန်တီချွန်နော်'

'ခေါ်ပါ၊ ခေါ်ပါ နာမည် အပြည့်အစုံ ကတော့ ပရော်ဖက်ဆာချွန်ပါ။ ဒါနဲ့ ကလေးနာမည်က'

'ကံချွန်ပါ။ အမေခေါ်တော့ကောင်လေးတဲ့။ ခု အမေ

http://swanbros.blogspot.com



ဆုံးသွားတာ တစ်နှစ်ကျော်ပါပြီ။ ညီတွေကခေါ်တော့ ကိုကိုတဲ့။ ချစ်ချစ်ကခေါ်တော့ မောင်တဲ့။ စိတ်ဆိုးတဲ့အခါ ဒီမယ်တဲ့။ ကာတွန်းဦးသော်က, ကခေါ်တော့ ချွန်ချွန်တဲ့။ စိုးမြတ်သူဇာကခေါ်တော့ဦးတဲ့။ တစ်ခါပဲဆုံဖူးတာပါ။ ဗီဒီယို ကန်တော့ပွဲမှာ ဦးက အခမ်းအနားမှူးလုပ်မှာလားလို့ မေးပြီး ပြုံးပြတာ။ ခုထိမှတ်မိနေတယ်။ နေ့တိုင်းသတိရတယ်။ ဟီ . . ဟိ ဟိုသီချင်းလိုဖြစ်နေပြီ။ မျက်စိထဲကထွက်ကို မထွက်ဘူး . . . မင်းအပြုံးထဲမှာ ဘာထည့်ထား သလဲကွယ် . . . စွဲနေပြီ . . . . ဟီ . . . ဟီ . . . စွဲနေပြီ'

'တော် . . . '

'ဗျာ'

'မင်းကအင်တာဗျူးဖို့ လာတာလား။မင်းပြောချင်တာတွေပြောဖို့လာတာလား'

'ခွင့်လွှတ်ပါအန်တီ။ အင်တာဗျူး အင်္ဂါရပ်နဲ့ ညီသွားအောင် မေးသူက များများပြောကြည့်တာပါ။ ဒါနဲ့ အန်တီရေးတဲ့ စာတွေ ကူးရေးထားတာတွေလို့ ပြောနေပါ တယ်။ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'ဒါကြောင့်ထင်တယ်၊ တချို့က အန်တီ့ကို စာရေးဆရာမလို့မခေါ်ဘဲ ကူးရေးဆရာလို့ ခေါ်နေကြတာ'

'ကလေးတွေက မသိလို့ခေါ်တာပါ။ အန်တီဘယ်လိုမှ သဘောမထားပါဘူး။ မောင်ကံချွန်စဉ်းစားကြည့်လေ။ စာမူကို

http://swanbros.blogspot.com



ကော်ပီလို့ ခေါ်တယ် မဟုတ်ထား။ ကော်ပီရဲ့နောက် အမိပ္ပါယ်တစ်မျိုးက ကူးတာပဲ။ ဒါကြောင့် ကူးလည်း စာရေးဆရာလို့ပဲ ခေါ်ရမှာပေါ့။ ရှင်းရဲ့လား'

'ရှင်းပါတယ်ခင်ဗျာ။ ရိုးရိုးလေးနဲ့ လူတိုင်းမစဉ်းစားမိတဲ့ အချက်ပါဘဲ။ ကျွန်တော်လည်း တွေ့ဖူးနေတာပါ။ ကျွန်တော့်အိမ်က အဖုံးပြုတ်နေတဲ့ အဘိဓာန်စာအုပ်ထဲမှာ ပါပါတယ်။ စာမျက်နှာ တူးအိပ်ဆဲဗင်းမှာ မက်တီးရီးရယ်လ် တူဘီဆက်အင်ပိန့် ဆိုပြီးတော့။ နောက် . . .'

'မင်းက ဘယ်နှယ့်ဝင်ဝင်ပြောနေတာလဲ'

'အင်တာဗျူးအင်္ဂါနဲ့ ညီအောင်လို့ပါအန်တီ။ ဆက်မေးပါရစေဦး။ စာပေရေစီးကြောင်းရဲ့ အဆိုးအကောင်းမှာ အကောင်းက ဘယ်အနေအထားရှိသလဲ။ စာဖတ်သူတွေရဲ့ အဆင့်အတန်း၊ ထုတ်ဝေသူတွေရဲ့သဘော၊ မဂ္ဂဇင်းဂျာနယ်တွေကို မြင်တဲ့အမြင်၊ အဲသလို မြင်ပြတဲ့ဆီမှာ ဆရာမကြီး အန်တီချွန်ရဲ့စာပေရေစီးကြောင်း၊ ဘဝရေစီးကြောင်း၊ လူမှုရေး အတွေ့အကြုံ နိုင်ငံတကာ အတွေ့အကြုံ မိသားစုဆက်ဆံရေး စတာတွေပါ ပါအောင်ဖြေပေးဖို့ . . . .'

'မောင်ကံချွန်က ငေါ့တာလား'

'ရိုးရိုးပါခင်ဗျာ။ မငေါ့ပါဘူး'

'ကဲ . . . ဒါဖြင့် ဖြေမယ်။ အန်တီ့မှာ အတွေ့အကြုံတွေအများကြီးရှိတယ်။ ပြင်သစ်၊ ဂျပန်၊ ဟော်လန်၊ ဘရာဇီး'

'အန်တီရောက်ခဲ့တဲ့ နိုင်ငံတွေမနည်းပါလား'

http://swanbros.blogspot.com



'ရောက်ဖူးတာ မဟုတ်ပါဘူး။ ကမ္ဘာ့ဖလားဘောလုံးပွဲတုန်းက တီဗွီက လွှင့်ပေးလို့ ကြည့်လိုက်ရတဲ့ အသင်းတွေ'

'ဪ . . . ဪ . . . အန်တီက အားကစားလည်း ဝါသနာပါသကိုး'

'ရုပ်ရှင်လည်း ဝါသနာပါ၊ ပါတယ်။ ဇာတ်လမ်းတွဲ လာပြီဆိုရင် မြေးတွေနဲ့အပြိုင်လုကြည့်ရတာလေ။ ဒါပေမဲ့ မကြိုက်တာတစ်ခုရှိတယ်'

'ဘာပါလိမ့်'

'နေ့တိုင်းမလာလို့လေ'

'ဪ . . . ဪ'

'ငယ်ငယ်က ချစ်သူကို မျှော်ရတယ်။ ခုကြီးတော့ ပေါင်ချိန်ကို မျှော်ရတယ်။ ဒါပေမဲ့ မကြိုက်ဘူးလို့ ရေး နော်။ လူတော်တော်များများကြိုက်တာကို ကိုယ်က မကြိုက်ဘူးပြောမှ အဲဒီအင်တာဗျူး စိတ်ဝင်စားကြမှာပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ။ မှန်ပါတယ်။ ဒီလိုအတွေး အခေါ်တွေကြောင့်အန်တီချွန်၊ အန်တီချွန်ရယ်လို့ နာမည်ကြီးနေတာဘဲ။ မြန်မာဗီဒီယိုများကိုရော ဘယ်လိုမြင်ပါ သလဲ'

'တချို့ သရုပ်ဆောင်တွေက ရိုင်းတယ်ကွဲ့။ ဘယ်နှယ့် လူဆိုးဆိုပြီး ဟိုလူ့ လက်သီးနဲ့ထိုး၊ ဒီလူ့ လက်သီးနဲ့ထိုး'

'ဗျာ . . . '

'အန်တီက လူဆိုးပင်မယ့် သိမ်မွေ့မှကြိုက်တာ။ သိမ်သိမ်မွေ့မွေ့သရုပ်ဆောင်သင့်တယ်'

'ဟုတ်ကဲ့၊ ကျွန်တော်နဲ့ရင်းနှီးတဲ့ ဒါရိုက်တာတွေရှိပါတယ်။ ပြောလိုက်ပါ့မယ်အန်တီ။ မီးပွားတို့၊ မိုက်တီးတို့ သူတို့ တွေက နာမည်တွေ ကသာ ကြက်သီးထချင်စရာ ကောင်းတာ။ ဟာသကားတွေလည်း ရိုက်ပါတယ်။ ပျော်တတ်တယ်။ မိုက်တီး ဆိုကျွန်တော့ဇာတ်ဝယ်ရိုက်ဖူးတာပေါ့။ မီးပွားကတော့ခင်သာ နေတယ်။ ဒီနေ့ထိ မဝယ် သေးဘူး။ ကြုံတုန်းမြူဆွယ်ရတာ'

'မောင်ကံချွန်'

'ခင်ဗျာ . . . '

'မင်းမရှက်ဘူးလား'

'ကျွန်တော် လိမ်ရမှာပဲ ရှက်ပါတယ်ခင်ဗျာ'

'မင်း ပြောချင်တာတွေ ပြောနေမှာ ဆိုရင်တော့ ငါ့ကို မဗျူးနဲ့လေ။ ကိုယ့်ကိုကိုယ် ဗျူးပေါ့'

'သည်းခံပါ အန်တီ။ ကျွန်တော့်မှာကလည်း ပြောချင်တာ တွေအများကြီးဖြစ်နေတော့ သူများဗျူးရင်း ကိုယ်ပြောချင်တာ တွေထည့်ထည့်ပြောနေရတာ။ ကျွန်တော်က ရိုးသားမှုကိုတန်ဖိုး ထားပါတယ်။ အမှန်တရားကို မြတ်နိုးပါတယ်။ ကျွန်တော် အမုန်းဆုံးကလူအများရဲ့အထင်ကြီးခံရမှုအတွက် လိမ်တာဘဲ။ ကျွန်တော်ကတော့မလိမ်ဘူး။ တီဗွီမှာကြော်ငြာလာလို့နန္ဒာလှိုင် က ပြုံးပြရင် ကျွန်တော် က လိုက်ပြုံးတာပဲ။ ပြီးတော့ . . . '

'တော် . . . ငါ့မှာ အင်တာဗျူးမှာကို ဖြီးဖို့ပြင်ဆင် ထားရတာတွေ အများကြီး။ မင်းမမေးလည်း ငါပြောချင်တာ တွေတော့ပြောရမှာပဲ။ ငါယ်ငယ်က ငါ့အဘွားက ငါ့ကို

http://swanbros.blogspot.com



သန်းဥစမ်းပေးတယ်လေ။ လက်ညှိုးလေး ဆံပင်ကြားသွင်းပြီး စမ်းနေပြီဆိုရင်လေ သိပ်ကောင်းတာပဲ’

‘အန်တီ၊ အန်တီစာပေနဲ့ ပတ်သက်ပါသလားဟင်’

‘နားထောင် . . . အဲသလိုနဲ့ . . . ငါတက္ကသိုလ် ရောက်ရော . . . တော်လိုက်တာလေ . . .’

‘ဘယ်သူတုန်း’

‘အန်တီကံချွန်ပေ့ါကွယ် . . . ဒီလိုနဲ့ တော်ပြီးရင်း တော်နေလိုက်တာ။ တအားကို တော်တော်သွားတယ်။ ဒါကြောင့် ကလေးတွေကို ပြောရတယ်။ အတုယူကြဖို့’

‘စိုးမြတ်နန္ဒာကိုလား’

‘မဟုတ်တာကွယ်။ အန်တီ့ကိုပါ။ ဒါနဲ့ အန်တီဟာလေ တော်ပြီးရင်း တော်နေပြီး တော်တော် လာလိုက်တာ ခုထိ တော်နေတုန်းပါကွယ်။ တော်လက်စ မဆုံးသေးပါဘူး။

၂၂၊ ၉၊ ၉၈
အလင်းတန်းဂျာနယ်

# စီးဖိန်နှင့် ပိုင်ဟွေ့ကို တွေ့ဆုံခြင်း

မင်္ဂလာပါ။ စာဖတ်သူများကို စေတနာအပြည့်ထားပြီး အင်တာဗျူးကဏ္ဍမှာ ဖြီးသထက်ဖြီးသူများကို ရှာဖွေတွေ့ဆုံ ပေးနေပါတယ်။

ဒီနေ့ အပျိုကြီး၊ အပျိုလေးတို့ လောကမှာ တရှိန်ထိုး ရေပန်းစားလာတဲ့ သစ်ခွလိပ်ပြာ မင်းသားချော စီးဖိန်နဲ့ မင်းသမီးပိုင်ဟွေ့ (အန်ကယ်ကြီးတို့ရဲ့ အသည်းစွဲပေါ့ ခင်ဗျာ) အဲဒီအန်ကယ်ကြီး စာရင်းထဲမှာ အက္ခရာစဉ် အတိုင်း ရေးမယ် ဆိုရင် ကံချွန်ထိပ်ဆုံးကပါပဲ။ ရေငတ်သူ စည်ဘီယာထဲကျ သလိုပေါ့ခင်ဗျာ။ ကံချွန်တို့ ထိုင်ဝမ်စာပေ နဲ့ ယဉ်ကျေးမှု အသင်းကဖိတ်ခေါ်ပါတယ်။ အိပ်မက်ထဲမှာပါ။ အဲဒါ ကံချွန် သွားတော့ စီးဖိန်နဲ့ပိုင်ဟွေ့က လေဆိပ်ကနေ လာကြိုပါတယ်။ ကံချွန်က စီးဖိန်ကို လက်ဆွဲနှုတ်ဆက်ပြီး ပိုင်ဟွေ့ကိုတော့ ပါးချင်းကပ်လို့ နှုတ်ဆက်ခဲ့ပါတယ်။ ပြီးတော့ အလင်းတန်း ပရိတ်သတ် အတွက် အင်တာဗျူးခဲ့ပါတယ်။

ဒီအင်တာဗျူးကတော့ ကံချွန်ကိုယ်တိုင် ဖြီးထားတဲ့ အင်တာဖြီးဆိုရင်လည်း မမှားပါဘူးခင်ဗျာ။

http://swanbros.blogspot.com



## စီးဖိနပ်ကို အင်္ကျီတာဗျူးခြင်း

'လေးစားပါတယ် အန်ကယ်။ ကျွန်တော်က အန်ကယ်ရဲ့ ပရိတ်သတ်ပါ'

'ကျေးဇူးတင်ပါတယ်။ ခုလို ကြုံတုန်း ငါ့တူကို အင်တာဗျူး ချင်ပါတယ်'

'ဗျူးပါ'

'အဝတ်အစား မလဲတော့ဘူးလား။ လေးစုံလောက်'

'ခင်ဗျာ၊ အင်တာဗျူးတာ ဝတ်စုံအမျိုးမျိုးလဲဖို့ လိုသလား'

'ဦးလေးတို့ဆီမှာတော့ အင်တာဗျူးဆိုတာ ဖက်ရှင်ရှိုး အသေးလေးပဲကွယ့်။ ကဲ . . . ကဲ ဒီအတိုင်းဘဲ ဗျူးကြတာ ပေါ့'

'ဟုတ်ကဲ့၊ နားထောင်နေပါတယ်'

'ငါ့တူအတွက် လက်ခုပ်ဩဘာသံတွေ ကြားတဲ့အခါ ဒါမှ မဟုတ် ချီးကျူးဂုဏ်ပြုစာတွေ ဖတ်ရတဲ့အခါ ဘယ်လိုများ ခံစားရပါသလဲ'

'ကျွန်တော် လက်ခုပ်သံကြားရင် တီးတဲ့သူကို ကြည့်ပါ တယ်။ အသိဉာဏ်ရှိတဲ့၊ အနုပညာအကြောင်း နားလည်တဲ့ ပုဂ္ဂိုလ်တီးတဲ့ လက်ခုပ်လား၊ ချီးကျူးဂုဏ်ပြုစာ ရေးတဲ့သူကို လည်း အဲသလိုပဲ ကြည့်ပါတယ်။ ပီတိဖြစ်သင့်မှ ဖြစ်ပါတယ်'

'ကွာလိုက်တာ'

'ဘယ်သူနဲ့ပါလိမ့်'

'ဩော် . . . ဟော် . . . သူတို့နာမည်တွေ ပြောလို့လည်း

http://swanbros.blogspot.com



ငှါတူ ကြားဖူးမှာ မဟုတ်ပါဘူးကွာ။ ဒါနဲ့ ရုပ်ရှင်၊ ဗီဒီယို မှာ ဘာကြောင့် ခုလိုအောင်မြင်လာတယ်လို့ ထင်ပါသလဲ'

'ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း ကောင်းကောင်းကို ရွေးချယ်ကိုင်တွယ် ရိုက်နိုင်တဲ့ ဒါရိုက်တာက ကျွန်တော့်ကို အသုံးပြုလို့ပါ'

'မှန်လိုက်တာ ငှါတူရယ်။ ဒါနဲ့ ငှါတူက ပရိသတ်ကြီး ကျွန်တော့်ကို အားပေးကြပါလို့ ပြောဖူးသလား'

'ပရိသတ်မေတ္တာဆိုတာ လက်ဝါးဖြန့်တောင်းတိုင်းရတာ မဟုတ်ပါဘူး။ အပေးအယူဆိုတာ ရှိပါတယ်။ ကျွန်တော်တို့ ပရိသတ်ရဲ့မေတ္တာကိုလိုချင်ရင်ပရိသတ်အတွက်အကောင်းဆုံး တာဝန်ကျေအောင် အလုပ်လုပ်ပေးရမယ်လေ။ ဖြစ်သလို ပြီးစလွယ် ခပ်ညံ့ညံ့တွေ လုပ်နေလို့ကတော့ ပရိသတ်မေတ္တာ မရနိုင်ပါဘူး'

'မှန်လိုက်တာ၊ ကွာပါ့'

'ဘယ်သူနဲ့ ကွာတာလဲ ခင်ဗျာ'

'သူတို့ နာမည်တွေ ပြောလို့လည်း ငှါတူ ကြားဖူးမှာ မဟုတ်ပါဘူး'

'ကျွန်တော့်နာမည်တော့ သူတို့သိသလား'

'မထင်ဘူးကွယ့်။ သူတို့က ကိုယ့်ကိုယ်ကိုက လွဲရင် ဘယ်သူ့မှ အထင်ကြီးတာ မဟုတ်ဘူး'

××× ××× ×××

## ပိုင်ထွေနှင့်ဗျူးခြင်း

'အန်ကယ်'

'ခေါ်တဲ့အသံလေးက နားထောင်ကောင်းလွန်းလို့ ထပ်ခေါ်ပါဦး'

'အန်ကယ်က ပျော်တတ်တယ်နော်'

'မျှော်လင့်ချက်အပြည့်နဲ့ အလုပ်လုပ်နေသူတွေနဲ့တွေ့ရင်ပျော်တာပါပဲ။ ကဲ . . . ကြုံတုန်း ငါ့တူမကို ဗျူးချင်လို့'

'ဗျူးလေ'

'ငါ့တူမ သရုပ်ဆောင်တာ အတော့်ကို တော်ပါတယ်'

'ဒါလောက် မဟုတ်သေးပါဘူး အန်ကယ်။ အများကြီးလိုပါသေးတယ်'

'ဟား. . အဲသလို ကိုယ့်ကိုယ်ကို မနှိမ့်ချပါနဲ့ ငါတူမရယ်။ ငါ့တူမလောက် မဟုတ်တဲ့သူတွေ တောင်မှ နိုင်ငံတကာအဆင့်မီအောင် သရုပ်ဆောင်တတ်ဖို့ဆိုပြီး ပြန်သင်ပေးနိုင်တယ်ကွဲ့။ ငါ့တူမ အဆင့်က စကြာဝဠာအဆင့်မီတယ် သိလား'

'ဟင်း . . . ဟင်း အန်ကယ်က နောက်နေပြီ'

'နောက်မနေပါဘူးကွယ်။ ရှေ့မှာပဲ နေတာပါ။ ဒါနဲ့ဘာကြောင့် အောင်မြင်တယ်လို့ ငါ့တူမ ထင်ပါသလဲ'

'ကျွန်မကို ပရိသတ်ချစ်အောင် ပို့ပေးတဲ့ ဇာတ်လမ်းနဲ့ဇာတ်ပို့ သရုပ်ဆောင်တွေကြောင့်ပါ။ အဲသလို တွဲမိအောင်

http://swanbros.blogspot.com



ရွေးချယ်စီစဉ်ပေးတဲ့ ဒါရိုက်တာရဲ့ ကျေးဇူးလည်း အဓိက ကျပါတယ်။ ကျွန်မနဲ့တွဲတဲ့ အနုပညာရှင်တွေအားလုံး ကျွန်မ ထက်တော်လို့၊ ကျွန်မကို ပရိသတ်ချစ်အောင် လုပ်ပေးနိုင်လို့ ပရိသတ်ချစ်သွားတာပါ'

'စာနယ်ဇင်းတွေက ဝေဖန်တဲ့အခါ၊ ဒါမှမဟုတ် ချီးကျူး တဲ့အခါ ဘယ်လိုခံစားရသလဲ'

'ပီတိဖြစ်မိပါတယ်။ ကျွန်မကိုမေတ္တာမရှိရင် ကောင်းတာ၊ မကောင်းတာ ဘာမှပြောမှာ မဟုတ်ပါဘူး။ စိတ်ဝင်စားလို့ သာရေးသားတာပါ။ စိတ်ဝင်စားမှု လုံးဝမခံရရင် အားငယ် စရာဖြစ်မှာပေါ့'

'ငါ့တူမကြီးက တယ်ရိုးသကိုး။ အနုပညာနဲ့ စိတ်ဝင်စားမှု မခံရရင် မွေးနေ့ပွဲတို့ ဈေးခံပွဲတို့ လုပ်ရတယ်ကွဲ့။ ကဲ . . ဆက်မေးပါဦးမယ်။ ငါ့တူမရဲ့ သရုပ်ဆောင်မှုကို ပံ့ပိုးပေးတဲ့ သူတွေရှိပါသလား'

'ရှိပါတယ်'

'မေမေတို့၊ ဖေဖေတို့ကလား'

'သူတို့က အားပေးတာပဲရှိပါတယ်။ အဓိက ပံ့ပိုးပေးတာ က မိတ်ကပ်ပညာရှင်ပါ။ ကျွန်မ သရုပ်ဆောင်ရမယ့်ဇာတ်ရုပ်၊ ဇာတ်ကောင်စရိုက်နဲ့လိုက်ဖက်အောင်လိမ်းပေးလို့ပိုပြီး ပီပြင် တာပါ။ သရုပ်ဆောင်မှုကိုအဓိကအထောက် အကူပြုပေးတာ တွေထဲမှာ မိတ်ကပ်လည်း ပါ, ပါတယ်'

'ဦးတို့ဆီမှာတော့ မင်းသား၊ မင်းသမီးများ အများစုကြီး

http://swanbros.blogspot.com



ဝတ်တာ၊ ဖီးတာ၊ လိမ်းတာ၊ ခြယ်တာက အပြင်လောကနဲ့ မတူလို့ အပြင်လောကက လူတွေက မင်းသား၊ မင်းသမီး နဲ့ တူအောင် လိုက်ဝတ်ရတာကွဲ့။မင်းသား၊ မင်းသမီး လူတွေကြား လမ်းလျှောက်လာပြီဆိုရင် အဝေးကကြည့်တာနဲ့ သိသာတယ်။ သူတို့က သီးခြားကွဲပြားနေတာ။ လုပ်ငန်းခွင်တွေမှာ လွန်လွန် ကျွံကျွံ ဝတ်စား ဖီးလိမ်းလာရင် မေးကြတယ်လေ။ ရုပ်ရှင်ရိုက်မလို့လား ဆိုပြီးတော့'

'ဦးတို့ဆီက မိတ်ကပ်က တစ်မျိုးပဲနော်'

'ဟုတ်ပါတယ်။ တစ်မျိုးတည်းပဲ။ တောသူဖြစ်ဖြစ်၊ ကျောင်းသူဖြစ်ဖြစ်၊ အိပ်နေတုန်းပဲဖြစ်ဖြစ် လှနေအောင်ခြယ်ပေးရတာ'

'ဩော်'

'ငါ့တူမရယ် ဦးလေးတို့မှာ အမြဲအော်နေ ရတာပါ။ ကဲ . . .'

××× ××× ×××

လန့်နိုးသွားတာပါခင်ဗျာ။

ပိုင်ဟွေ့လက်ကလေးမှ မကိုင်လိုက်ရတော့ပါဘူး။ ညတာရှည်တဲ့ ပြာသိုလ ရောက်မှ တစ်ခါထပ်မက်ရပါဦးမယ်။

၂၇. ၁၀. ၉၈
အလင်းတန်းဂျာနယ်

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



# ကံချွန်အင်တာဗျူး

ရွှေညာမြေ မန္တလေးက . . . လူတိုင်းနှုတ်ခမ်းဖျားပေါ်မှာ (သိသားနော်) ကာတွန်းကံချွန် . . . ဘူ ဘူ . . ဘူ . . ဘူ . . ဘူဘူ. . မြင်သူတိုင်း နှစ်သက်လို့ စွဲမက်တာ ဘာဆန်းလဲ . . . ဟာသကံချွန် . . . ကာတွန်းကံချွန် . . . .

ကံချွန်သည် ထက်ထက်မိုးဦး၏ ကြော်ငြာတစ်ခုမှ စာသားများကို နာမည်ပြောင်းထည့်ကာ မှတ်မိသရွေ့ သံကုန်ဟစ်အော်ရင်း ချာလပတ်လည်အောင်ကနေပါသည်။ ထိုစဉ် အင်တာဗျူးရန် လေဒီဒိုင်ယာချွန်သည် ဆတ်ကော့ ဆတ်ကော့ ဝင်လာပြီး ခေါင်းကို နှစ်ခါ ခါယမ်း၍မျက်တောင်ကို လေးကြိမ် ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပါသည်။

'ဆရာရှင့် . . . ဆရာ့ကို ကျွန်မ ဗျူးချင်လို့'

'ဗျူးပါ'

'ဆရာက ကာတွန်းလည်း ရေးတယ်၊ စာလည်းရေးတယ်။ ဆောင်းပါး၊ ဝတ္ထုပညာပေး. . '

'ဒီလောက်သိနေရင် မေးမနေပါနဲ့တော့ ငါ့တူမရယ်။ ဦးလေးအကြောင်း ငါ့တူမ သင့်သလို ပြောလိုက်ပါတော့'

'ဩော် . . ဒီလိုပါ'

'နေဦး၊ ဦးလေးကို အင်တာဗျူးဖို့လာတာတော့ ဟုတ်ပါ

http://swanbros.blogspot.com



ပြီ။ ဓါတ်ပုံဆရာမပါဘူးလား’

‘ကျွန်မတို့က စာသန့်သန့်ရှင့်’

‘နာလိုက်တာ။ တီဗွီလေးနဲ့ ဆိုင်ကယ်လေးနဲ့မှ ဓါတ်ပုံရိုက်ထည့်ခွင့် မရတော့ဘူး။ ကဲ . . . မေးမေး’

‘ခုလို ကိုယ့်ဟာကိုယ် ဗျူးတဲ့အတွက် ကိုယ့်ကိုယ်ကို သရော်ချင်စရာ သတ္တဝါတစ်ကောင်လို့ မမြင်ဘူးလား’

‘ဦးလေးက အကြောင်းအရာတွေကို လက်ဝါးကြီးမအုပ်တတ်ပါဘူးကွဲ့။ အဲဒီအလုပ် အခြားဆရာများ လုပ်ပါလိမ့်မယ်’

‘ခုလို ရေးတာဟာ လုပ်စားတာလို့ ခေါ်ရင်ရမလား’

‘ရပါတယ်။ လုပ်စားတာက မလုပ်ဘဲ စားရတာထက် တော်ပါသေးတယ်’

‘တချို့အကြောင်းအရာတွေကို စာတစ်တန်၊ ပေတစ်ဖွဲ့ ရေးမယ့်အစား လက်တို့ပြီး ပြောလိုက်ရင် မဖြစ်ဘူးလား’

‘ကျွန်တော့်လက်က နှစ်ပေအကွာ ပဲတို့လို့ရလို့ပါ’

‘စာရေးသူ အလုပ်သင့်ဆုံးက. . .’

‘ကိုယ်ရေးစေချင်တဲ့စာမျိုး သူများအရေးမခိုင်းဘဲ ကိုယ့်ဟာကိုယ် ရေးဖို့ပဲ’

‘ကောင်းတာကို ကိုယ်မရေးဘဲ သူများခိုင်းတော့ ဘာဖြစ်လဲ’

‘စာပေဆရာကြီးဝါဒ ကျင့်သုံးတာပဲ’

‘မရေးသင့်တာ ရေးနေသူတွေအတွက်. .’

‘ဝေဖန်ရေးဆရာတွေ၊ကာတွန်းဆရာတွေ၊ သရော်စာရေး

http://swanbros.blogspot.com



သူတွေ ရှိပါတယ်’
‘သူတို့ကိုက မရေးသင့်တာတွေ ရေးနေရင်. . .’
‘စာဖတ်ပရိသတ် ရှိပါတယ်’
‘စာပေနယ်မှာ အကြောင်ဆုံးအလုပ်က. . .’
‘ကိုယ်ပိုင်အယူအဆ မပါဘဲ အဆိုအမိန့်တွေ ကိုးကားပြီး ရေးတဲ့သူ’
‘မရေးသင့်ဘူးလား’
‘ရှိပြီးသားတွေပဲဟာ’
‘လူတွေ မေ့နေမှာစိုးလို့ဆိုရင်’
‘သဘောထား ကွဲလွဲခွင့်ရှိပါတယ်’
‘ဒီနေ့ သရော်စာရဲ့ အနေအထားက . .’
‘ဖုတ်လိုက်ဖုတ်လိုက်၊ ယက်ကန် ယက်ကန်ပါပဲ’
‘သရော်စာ ဖွံ့ဖြိုးဖို့. . . .’
‘စာပေ နဲ့ ယှက်နွယ်နေသမျှ သူတွေအားလုံး သဘောထားကြီးဖို့ လိုပါတယ်’
‘သရော်စာရေးသူဖြစ်ဖို့ လိုအပ်တဲ့ အရည်အချင်းက. .’
‘အားမနာတတ်ဖို့ လိုပါတယ်’
‘သရော်စာရေးသူ ဘာလို့ နည်းတာလဲ’
‘ရေးသူ နည်းပေမယ့် ရေးချင်သူများပါတယ်။ အတော်များများက အားနာတတ်လို့ပါ’
‘ဟုတ်ကဲ့ရှင့် . . ခုလို ကိုယ်ပြောချင်တာတွေ ကိုယ့်ဟာကိုယ်မေးပြီး ကိုယ့်ဟာကိုယ် ဖြေသွားတဲ့အတွက် ကျေးဇူးတင်

http://swanbros.blogspot.com



ပါတယ်။ စာဖတ်ပရိသတ်ကို ဘာများ ပြောချင်ပါသေးသလဲ’

‘ကံချွန် ဘယ်တော့မှ အားနာလိမ့်မယ် မဟုတ်ဘူးဆိုတာ ပြောပေးပါ။ ကျေးဇူးတင်ပါတယ်’

××× ××× ×××

စာဖတ်သူများခင်ဗျား။ ဒီတစ်ပတ်တော့ ဒီမျှနဲ့ပဲ ကျေနပ်ပါလို့ . . .

၃. ၁၁. ၉၈
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ရင်ထဲကကိုကဲ့ချွန်

'မပြိုရဲ့ နာမည်အပြည့်အစုံက'

'မပြိုဆန်ပါ။ နာမည်အမှန်က ပြန်ဆိုပါ'

'မပြို သီချင်းစဆိုခဲ့တာက'

'ခြောက်လသမီး ကတည်းကပါ'

'ဘယ်လို သီချင်းတွေများဆိုတာပါလိမ့်'

'ပြန်ဆိုတေးတွေပါပဲ။ မေမေက ပြောပြတယ်လေ။ မပြို ခြောက်လသမီးတုန်းက သီချင်းသံကြားရင် ဝူးဝူးဝါးဝါးနဲ့ လိုက်ဆိုတော့တာပဲတဲ့။ အဲဒါ မပြိုအတွက် ပြန်ဆိုတေး စခဲ့တဲ့ ကာလပေါ့'

'သြော် . . သြော် နက္ခတ်နဲ့ ယှဉ်ပြီးမွေးလာတာကိုး။ ပြန်ဆိုတေးသံရှင်ဖြစ်ဖို့ ဘယ်လို အရည်အချင်းတွေများ လိုအပ်မယ် ထင်ပါသလဲ'

'ဟိုလေ . . ဘယ်လိုပြောရမလဲ'

'ဗမာလိုပဲ ပြောပါ။ တို့လည်း ဂျပန်လိုမတတ်ဘူး'

'ဟီး . . ဟီး နောက်နေပြန်ပြီ'

'နောက်မနေပါဘူး။ ရှေ့မှာပဲ ရှိပါတယ်။ ကဲ. . ပြောပါဦး'

'ပရိသတ် ဘယ်သီချင်းကို ကြိုက်လာတယ် ဆိုတာ

http://swanbros.blogspot.com



မျက်ခြေမပြတ်ဖို့ လိုပါတယ်'

'အောင်မြင်ထင်ရှား လူကြိုက်များပြီးသား သီချင်းတွေ ပြန်ဆိုတဲ့အချိန်မှာ ဘယ်လိုခံစားရပါသလဲ။ မပြုံရဲ့ ရင်ထဲမှာ ပေါ့လေ။ ပရိသတ်လက်ခံပြီးသား အနုပညာတစ်ရပ်ကို ကိုယ်ကထပ်ပြီး ဖန်တီးနေရတော့ မပြုံရဲ့ ရင်ထဲကခံစားမှုပေါ့'

'အရင်းတော့ မဆုံးနိုင်ဘူးလို့ ခံစားရပါတယ်'

'ပြန်ဆိုတာဟာ အနုပညာ ရေသာခိုတာ၊ အောင်မြင်မှု လှေကြုံစီးတာလို့ ပြောနေကြပြီ။ ဘယ်လိုသဘောရသလဲ'

'အနုပညာအမွေ ဆက်ခံတာပါရှင်'

'ပြန်ဆိုမယ့် သီချင်းရဲ့ ကာလသက်တမ်းကို ဘယ်လိုများ သတ်မှတ်ပါသလဲ။ ဥပမာ လွန်ခဲ့တဲ့ ငါးနှစ်က ဒါမှမဟုတ် သုံးနှစ်ကသီချင်း၊ နှစ်သုံးဆယ်လား"

'အချိန်ကာလနဲ့ မသတ်မှတ်ပါဘူး။ လူကြိုက်သိပ်များတဲ့ သီချင်းမျိုးကျတော့ လက်ဦးမှုရအောင် မြန်မြန်ပြန်ဆိုလိုက်တာပဲ။ လက်ဦးမှုရဖို့က အရေးကြီးပါတယ်။ ပြန်ဆိုတွေက များလာပြီ မဟုတ်လား'

'လူဟောင်း တေးသံရှင်ကြီးတွေရဲ့တေးတွေကို ပြန်ဆိုတာက အနုပညာအမွေဆက်ခံတာဆိုရင် အသစ်ကလေးတွေရဲ့ သီချင်းကို ပြန်ဆိုနေတာကတော့ ဘယ်လိုသဘောလဲ။ တချို့က အညွန့်ခူးစားနေတာလို့ မပြုံကို ပြောနေကြပြီ'

'အသစ်ကလေးတွေကို ပညာပေးချင်လို့ပါရှင်'

'ပြန်ဆိုစရာ သီချင်းတွေ မရှိရင် ဘယ်လိုသီချင်းမျိုးတွေ

ဆိုမယ်လို့ စိတ်ကူးပါသလဲ'

'ကြော်ငြာသီချင်းတွေကို စာသားပြောင်းပြီးပြန်ဆို မယ်လေ။ ကြော်ငြာသီချင်းတွေက ပရိတ်သတ် နားယဉ်ပြီးသား မဟုတ်လား၊ ဒီလိုလေ ဟော့. . . ကိုကိုအချစ်လေးပါ. . . အချစ်ဆိုတာ ရသာမှန် . . ကိုကို အချစ်လေးပါတို့နောက်ပြီး အကောင်းဆုံးအဖော်ကို ရှာနေလား . . . ဒီမှာလေ . . အာဝါး . . . တို့'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ အဲသလိုဆိုတော့ ပရိသတ်က ကြော်ငြာသီချင်းနားစွဲပြီးသားဖြစ်နေတာကို အလေးအနက် တွေးမိရဲ့လား။ မပြုံက သိပ်ချစ်တဲ့အကြောင်းဆိုနေတဲ့အချိန် နားထောင်တဲ့သူက အီကြာကွေးတွေ ပေါင်မုန့်တွေမြင်ယောင်နေရင်၊ သိပ်စွဲလန်းတဲ့အကြောင်းဆိုနေတုန်း နားထောင်တဲ့လူက ဆီးပေါင်းတွေ၊ ဆီးယိုတွေ၊ မရမ်းယိုတွေမြင်နေရင် ဘယ်လိုလုပ်မလဲ'

'ဘယ်တတ်နိုင်မလဲရှင်။ ကျွန်မကလည်းဆိုနေရင်း ဂီတသင်္ကေတတွေမြင်နေတာမှ မဟုတ်ဘဲ၊ ငါးရာတန်အုပ် တွေပဲ မြင်နေတဲ့ဟာ'

'ခုဘယ်သူ့သီချင်းတွေဆိုဖို့ရည်ရွယ်ထားပါသေးသလဲ'

'ကိုကံချွန်ရဲ့ သီချင်းတွေ ဆိုပါဦးမယ်။ ဒီနေ့ဂီတ ပရိသတ်တွေက ကိုကံချွန်ကို တော်တော်ကြိုက်ကြတယ်။ ဟိုသီချင်း ဆိုရင် လူတိုင်းနှုတ်ဖျားမှာ ရေပန်းစားနေတာလေ။ အဆိုတော်ဖြစ်ဖို့ . . . . . . . ကံချွန်ကြိုးစားမည်. . . . .

http://swanbros.blogspot.com



မော်တော်စီးလို့ . . . . . တွံတေးပြောင်းတော့မည် မယ်ဒလင်တီးလို့ ဝမ်းမင်းရှိုးတော့မည်. . . . သီချင်းလေ။ နောက်ရှိသေးတယ်။ ကျွန်တော့်မမ . . ဟာလဝါ. . ပျော့ပုံ. . ချိုပုံ. . . မွှေးပုံတမူ. . . အများနဲ့မတူ. . ဘူးနဲ့ယူ. . တကယ်စားကြည့်ရင် စွဲမိမယ်တစ်မူ. . . ဝယ်ချင်စရာလည်း ကောင်းလှတာ ကျွန်တော့်မမ . . မမ ဟာလဝါ ဆိုတဲ့သီချင်းလေ ပြန်ဆိုမယ်'

'ကိုကံချွန်သီချင်းတွေနဲ့ မပြုံရဲ့ ဆိုနေကျဟန်နဲ့ လိုက်ပ့ါမလား'

'မလိုက်ဖက်တာကို ဆိုတာကိုက ပရိသတ်စိတ်ဝင်စားဖို့ ဖြစ်လာတာပါ။ ဈေးကွက်၊ ဈေးကွက်လုပ်စားရမှာပေ့ါ'

'လုပ်စားတယ်ဆိုတာ အဆင့်မြင့်ပါသေးတယ် မပြုံရယ်။ မပြုံအခုလုပ်နေတာက ကပ်စား တာပါ။ ဒါနဲ့ စီးရီးအမည်တော့ဘယ်လိုပေးမလဲ'

'ရင်ထဲကကိုကံချွန်'

'တော်တော့်ကို အပင်ပန်းခံပြီး စဉ်းစားထားတာပါလား။ ပြန်ဆိုတေးတွေမှန်သမျှ ဒီလိုပဲ နာမည်ပေးရမယ်လို့ စာချုပ်ထားသလားဟင်။ နည်းနည်းလေးပိုဆန်းအောင် မစဉ်းစားကြတော့ဘူးလား'

'မပြုံစဉ်းစားကြည့်ပါသေးတယ်၊ ဘလောက်အကျီထဲက ကိုကံချွန်ဖြစ်ဖြစ်၊ ဘရာစီယာထဲက. . . '

http://swanbros.blogspot.com



'တော်. . . တော်ပါတော့ရင်ထဲကကိုကံချွန်ပဲ ကောင်းပါတယ်။ပရိသတ်ကို ဘာများပြောချင်ပါသေးသလဲ'

'မပြို မသေမချင်း ပြန်ဆိုတေးတွေဆိုနေမယ်ဆိုတဲ့အကြောင်းပါပဲ'

စက္ကူရှင်များကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

၁၅. ၁၂. ၉၈
အလင်းတန်းဂျာနယ်

## ဖြီး ၁၁

စက္ကူရှင်အပေါင်းတို့ခင်ဗျား။ ကံချွန်ရဲ့ အင်တာဖြီးကဏ္ဍအတွက် အဗျူးခံချင်သူဟာ ရှားပါးဖြစ်နေပါတယ်။ ကံချွန့်အနေနှင့်ကတော့ ဗျူးသင့်ဗျူးထိုက်သူများကို ဗျူးဖို့အတွက် ကံချွန်ရဲ့ စက္ကရီတေရီ လေဒီဒိုင်ယာချွန်ကို လွှတ်ပါတယ်။ အတော်များများက လေဒီဒိုင်ယာချွန်ကိုမြင်တာနဲ့ ရှောင်သွားကြပါတယ်။

ဒါပေမယ့် . . .

ကံချွန်ဟာ ပရိသတ်ကြီးအပေါ် စေတနာထားတာက တစ်ကြောင်း၊ ဖြီးချင်တဲ့သူများကို စေတနာထားတာက တစ်ကြောင်း၊ အဲဒီနှစ်ကြောင်းကြောင့် ဖြီးချင်သူကို မတွေ့တွေ့အောင်ရှာခဲ့ပါတယ်။

တွေ့ပါပြီခင်ဗျာ။

ဆရာချွန်ဒန်ပါပဲ။ ဆရာချွန်ဒန်ဟာ မော်ဒန်ဝတ္ထုတိုအပုဒ်ပေါင်း ငါးဆယ်ကျော်နှင့် မေတ္တာဖွဲ့ အချစ်ဝတ္ထုရှည်အုပ်နှစ်ဆယ်ကျော်ကို ရေးသားဖွဲ့ဆိုခဲ့ပြီးသူဖြစ်ပါတယ်။ ဆရာဟာ ဝတ္ထုတိုမှာ 'ဒန်' သော်လည်း ဝတ္ထုရှည်မှာတော့ 'မဒန်' ပါဘူး။ ဈေးကွက်ဝင်အချစ်ဝတ္ထုများကိုသာ ရေးဖွဲ့ပါတယ်။ အလွန်လေးစားစိတ်ဝင်စားဖို့ကောင်းတဲ့ စွယ်စုံရ

http://swanbros.blogspot.com



ဆရာကြီး ဖြစ်ပါတယ်။

ခု ဆရာကြီးချွန်ဒန် ဖြီးလိုသမျှ ဖြီးနိုင်ဖို့ စာဖတ်ပရိသတ်ရဲ့ စက္ခုရှေ့ ပို့ပေးလိုက်ရပါတယ်ခင်ဗျား။

'ဆရာက မော်ဒန်ဝတ္ထုတို ပို့စ်မော်ဒန်ဝတ္ထုတိုတွေ ရေးတဲ့ ချွန်ဒန်နော်'

'ဟုတ်ပါတယ်'

'မော်ဒန်ဝတ္ထုတွေကို ဘာလို့ရေးတယ်ဆိုတာလေးပြောပြပေးပါလားရှင်'

'ကျွန်တော့်ရဲ့ ခံစားမှုတွေဟာ ဝင်ရိုးစွန်းကို ခလုတ်တိုက်သွားတယ်လေ။ အဲဒီတော့ အီကွေတာဟာ နှလုံးသားကို ဖြတ်သွားတော့တာပေါ့။ ဒါကြောင့် ရေးဖြစ်တာပါ'

'ဒါဆိုရင် ဆရာ့ရဲ့ ခံစားမှုကို မျက်မှန်တပ်ပေးသင့်တာပေါ့။ ဒါနဲ့ ရည်ရွယ်ချက်က'

'ကမ္ဘာမြေရဲ့ ဆွဲငင်အားကနေ ရုန်းထွက်ကြည့်တဲ့ သဘောပါ'

'လွန်းပျံယာဉ်လိုလား'

'ဟာ. . မဆိုင်ဘူး။ မော်ဒန်ဟာ ပိုပြီးသိပ်သည်းပါတယ်။ လက်ဖျားဆီကို သွယ်တန်းလာတဲ့ သွေးကြောမျှင်ထဲက လောင်ကျွမ်းမှုဟာ မော်ဒန်ကို မွေးဖွားတာပါ'

'သြော် . . . သြော် . . . မော်ဒန်ဝတ္ထုတစ်ပုဒ်ဖြစ်ဖို့ ဘာတွေများလိုအပ်ပါသလဲ'

'အက္ခရာတွေပဲ လိုပါတယ်။ ဗျည်းတွေ၊ သရတွေပေါ့။

http://swanbros.blogspot.com



စကားလုံးတွေဟာ စာရေးဆရာကို မလွှမ်းမိုးစေရဘူး။ စာရေးဆရာကသာ စကားလုံးတွေကို လွှမ်းမိုးမယ်'

'မိုးကာနဲ့လား၊ ထီးနဲ့လားဆရာ'

'မနောက်ပါနဲ့'

'ဟုတ်ကဲ့ . . . ဟုတ်ကဲ့ပါရှင်။ ဒါနဲ့ မော်ဒန်ရေးနည်းရှိပါသလား'

'မရှိဘူး။ အဲ . . . ရှိတယ်လို့ ပြောရမယ်။ မရှိဘူးဆိုတာက ပုံစံခွက်သဘောမျိုး ခင်း၊ ခက်၊ ဖြေ မရှိဘူး။ ရှိတယ်ဆိုတာက ခံစားရတာကို ရိုးသားစွာ အမိအရ ဖမ်းတာပဲ'

'ဒါဖြင့် ခံစားရတာကို အမိအရ ဖမ်းတာဟာ မော်ဒန်ပုံစံခွက်ဆိုရင်ကော။ ဘာလို့လဲဆိုတော့ မော်ဒန်မှန်သမျှတစ်ပုံစံတည်းမို့'

'ဒီအကြောင်းကို ဆက်မဆွေးနွေးရင် ကောင်းမယ်ထင်တယ်'

'ဟုတ်ပါပြီ . . . ဟုတ်ပါပြီ။ မြန်မာပြည်မှာ မော်ဒန်ကို ဘယ်သူစရေးပါသလဲ ဆရာ'

'ကာတွန်းဆရာကြီး ဦးအောင်ရှိန်ပါ။ မော်ဒန်ကာတွန်းဆိုပြီးစခဲ့တာပါ'

'ဆရာတို့ မော်ဒန်တွေစုပြီး မဂ္ဂဇင်းထုတ်ဖို့များ စိတ်ကူးရှိပါသလား'

'ဆရာတို့ဝတ္ထုရေးသူဟာ ထုတ်ဝေသူအလုပ်၊ အယ်ဒီတာအလုပ်မလုပ်ပါဘူး။ ဘာလို့လဲဆိုတော့ ရှုံးမယ်ဆိုတာ သိတယ်

http://swanbros.blogspot.com



လေ’

‘ဝတ္ထုရှည်ရေးတော့ ဘာလို့ ရိုးရိုးအချစ်မေတ္တာဖွဲ့တွေ ရေးရတာလဲ’

‘အင်း . . . အဲဒါကတော့ . . ’

‘ဟုတ်ကဲ့ . . . မဖြေချင်ရင် မဖြေပါနဲ့ဆရာ။ မော်ဒန်ကို ယုံကြည်တယ်ဆိုရင် ဝတ္ထုရှည်လည်း မော်ဒန်ဖြစ်သင့်တယ် ထင်လို့ပါ။ လေ့နံတော့ နှစ်ဖက်ခွမနင်းသင့်ပါဘူး’

‘မဟုတ်ပါဘူး။ မော်ဒန်သမားဟာ ရိုးရိုးလည်း ရေးတတ်တယ်ဆိုတာ ပြချင်လို့ပါ’

‘ဒါဖြင့် ဝတ္ထုတိုကိုတော့ ဘာလို့ရိုးရိုးရေးတာတွေ အခါအားလျော်စွာ မလုပ်ရတာလဲဟင်’

‘အင်း . . . . . အဲဒါကတော့. . . . . ဘယ်လိုပြောရမလဲ။ ဟင်း. . . . ဟင်း . . . ဒီလိုလေ။ အတိုဆိုရင်တော့ ဒန်ရမှာပေါ့’

‘ပရိသတ်ကို ဘာများပြောချင်ပါသေးလဲရှင်’

‘ကျွန်တော့်ရဲ့ ဒန်ဝတ္ထုတိုတွေကိုဖတ်တဲ့ပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရဲ့ အချစ်ဝတ္ထုရှည်တွေ ဖတ်တဲ့ပရိသတ်များကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါ’

‘ဟုတ်ကဲ့ရှင့်’

××××××××××

http://swanbros.blogspot.com



စက္ကူရှင်အပေါင်းတို့ခင်ဗျား . . . ။

ယခု စာဖတ်သူတို့ရဲ့ စက္ကူရှေ့မှောက်ကို စာရေးဆရာ 'ချွန်ဒန်' အား ပို့ပေးလိုက်ပါပြီ။ ဆရာချွန်ဒန်ဟာ အလွန်လေးစားထိုက်တဲ့ မော်ဒန်ဝတ္ထုတိုရေးဆရာ အချစ်မေတ္တာဖွဲ့ လုံးချင်းဝတ္ထုရှည်ရေးဆရာ ဖြစ်ပါတယ်။ စွယ်စုံတော်ပါတယ်။ ဆက်လက်အားပေးနိုင်ကြပါစေခင်ဗျာ။

၁၅. ၁၂. ၉၈
အလင်းတန်းဂျာနယ်

## တွန်းဗျူး

မင်္ဂလာပါ . . . .

ကံချွန်ဟာ ကာတွန်းစစ်စစ်ပါ။ စာပါရေးတဲ့ ကာတွန်းပါ။ ခုတော့ ကာတွန်းချင်းအတွန်းခံရပါပြီ။ ကံချွန်ရဲ့အင်တာဗြူးမှာ အဖြီးခံရသူအလွန်နည်းပါးတယ်။ မနည်းလိုက်ရှာနေရတာပါ။ ဟော . . . ရှားရှားပါးပါးအဗျူးခံချင်သူက ကံချွန့်ကိုလိုက်ရှာနေတယ်လို့ သတင်းရပါတယ်။ ကြားတာနဲ့ မရိုးတော့ဘူးဆိုတာ ကံချွန်သိပါတယ်။ ထင်တဲ့အတိုင်းပါပဲ။ အဗျူးခံချင်သူဟာ လူငယ်ကာတွန်းဆရာတစ်ဦးပါ။

'ဦးလေး'

'ဟေ . . . '

'ကျွန်တော် အဗျူးခံချင်လို့'

'အဲလိုမလုပ်ပါနဲ့ ငါ့တူရယ်။ ကာတွန်းအချင်းချင်း ဝံသာနုစမ်းပါကွာ'

'ဦးလေးပြောပုံက ကျွန်တော်က ချောက်တွန်းတော့မှာလိုလို'

'အဲလိုဆိုလိုတာ မဟုတ်ပါဘူးကွာ။ တို့ 'တွန်း' အချင်းချင်း ထွေထွေထူးထူး မေးစရာမရှိလို့ပါ'

'ကျွန်တော် မေးခွန်းတွေ ရေးယူလာပါတယ်'

http://swanbros.blogspot.com



'ဦးလေးက ဖြေရမှာလား'

'မဟုတ်ပါဘူး၊ ကျွန်တော့်ကို မေးဖို့ပါ'

'ဟာ . . . အဲဒါက ပိုဆိုးတာပေ့ါ။ စာပေလောကမှာ ထူးထူးခြားခြား ရှဲဒိုးအင်တာဗျူးဆိုပြီး ဖြစ်သွားတော့မှာပေ့ါ။ မလုပ်ပါနဲ့ ငါ့တူရယ်။ မင်းရဲ့မေးခွန်းတွေ မယူပါရစေနဲ့'

'မျိုးဆက်သစ်၊ မျိုးဆက်ဟောင်းဆိုတာ ရှိသလား'

'ရှိတာပေ့ါ၊ ဟိုတုန်းကလည်း ရှိတာပဲ။ နောင်လည်း ရှိမှာပဲ။ ဦးလေးတို့လည်း လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက် ကတော့ မျိုးဆက်သစ်တွေပေ့ါ။ ခုတော့ ဂွဒ်စက္ကင်းဟင်းပေ့ါ ငါ့တူ'

'လွန်ခဲ့တဲ့နှစ်သုံးလေးဆယ်ကရေးပြီး နှစ်နှစ်၊ သုံးနှစ်ထဲနဲ့ အနားယူသွားတဲ့၊မရေးတော့တဲ့ကာတွန်းဆရာကိုတော့ဘယ်လို သတ်မှတ်မလဲ'

'အင်း . . . အသက်ကကြီးပြီး ရေးသက်က နုခဲ့တော့ အဲ . . . အဲဒါမျိုးကျတော့ အဲ . . . ဘာပဲပြောပြော အသက်ကြီးပြီ မဟုတ်လား။ မျိုးဆက်ဟောင်းပေ့ါ'

'ကောင်းပါပြီ။ ဆက်မေးပါဦးမယ်။ အသက်ခြောက်ဆယ်ကျော်မှ ကာတွန်းစရေးရင်ကော အသက်ကြီးတော့ မျိုးဆက်ဟောင်းလို့ သတ်မှတ်မလား။ ဦးကံချွန် စဉ်စားဖြေနော်။ အသက်ချင်းက အတူတူပဲ။ ရေးသက်ချင်းလည်း အတူတူပဲ'

'ငါ့တူရယ် . . . တို့ကာတွန်းလောကဆိုတာ နဂိုကမှ သပွတ်အူနဲ့ ကောက်ရိုးထုံးနဲ့ ပေါင်းထားတာ။ မင်းက ကြက်သားအုပ်မ ယက်ဖြသလို မလုပ်ပါနဲ့ကွာ။ ကဲ . . . .

http://swanbros.blogspot.com



မင်းကို ငါမေးဦးမယ်။ ဘာကိစ္စကြောင့်ပြဿနာကိုမီးခွက်ရော၊ ဖယောင်းတိုင်ရော၊ လက်နှိပ်ဓါတ်မီးရော ထွန်းပြီးရှာ နေရတာလဲ’

‘ဦးကံချွန် စဉ်းစားကြည့်လေ။ ကျွန်တော်တို့ လူငယ်တွေလည်း တဖြည်းဖြည်း ကြီးလာလာပြီ။ ဦးကံချွန်တို့ ကလည်း ပိုကြီးလာပြီ။ အဲသလိုပဲ တခြားတခြားသော ကာတွန်းဆရာအားလုံးလည်း ကြီးနေကြတာ’

‘အေးလေ . . . . အဲဒါဘာဖြစ်လဲ။ ငယ်ကျန်ရစ်ချင်လို့မှ မရဘဲ’

‘ဟုတ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က ကာတွန်းဆရာကြီးများ ကန်တော့တဲ့ဆီမှာ နောက်ထပ် ကာတွန်းဆရာတွေ ထပ်တိုးချင်တယ်။ အဲဒါ ဘယ်လိုရွေးရမလဲဆိုတာ’

‘ဟ . . . ဟ . . . အဲဒါက မင်းတို့ လူငယ်တွေရဲ့ အလုပ်ပဲ’

‘ကဲ . . . မဖြေချင်လည်း ရပါတယ်။ နောက်တစ်ခု မေးချင်သေးတယ်’

‘ဒုက္ခပါပဲ။ အင်တာဖြီးက ငါက မေးချင်တာတွေ မေးလို့ရအောင်ဖွင့်ထားတဲ့ ကဏ္ဍပါကွယ့်’

‘ထားပါ။ဘာလို့ ဖွင့် , ဖွင့် အဓိက ကဒီနေရာမှာမေးတာ၊ ဖြေတာတွေ ပါနေဖို့ပဲ မဟုတ်လား။ မော်ဒယ်လ်ဂဲလ်လေးတွေ ပိန်တာဟာ ကာတွန်းရေးစရာလား၊ သရော်စရာလား။ သူ့လုပ်ငန်း သဘောက လိုအပ်တဲ့ ခန္ဓာကိုယ်မျိုးမို့ ပိန်တဲ့

http://swanbros.blogspot.com



မိန်းကလေးတွေ အဲဒီအလုပ် လုပ်တယ်။ အဲဒါ ဘာဖြစ်လဲ'

'ဘာမှ မဖြစ်ပါဘူး'

'ဒါဖြင့် ဘာလို့ သရော်နေကြတာလဲ။ ကျွန်တော်တော့ မော်ဒယ်ဂဲလ်ပိန်တာ မရေးခဲ့ဖူးဘူး။ ဦးကံချွန်ရေးဖူးတယ်။ ဘာလို့ ရေးတာလဲ။ အဲဒါရေးလိုက်လို့ ဘယ်လို အကျိုးကျေးဇူးတွေ ရှိသွားသလဲ'

'ဟာသသဘောပါ ငါ့တူရယ်'

'ဟာ . . . ဒါ ဟာသလုပ်စရာမှ မဟုတ်ပဲ။ အလေးမ,တဲ့ အမျိုးသမီးဆို ဝမှာပဲ။ ဘတ်စကတ်ဘောကစားတဲ့ အမျိုးသမီးဆို အရပ်ရှည်မှာပဲ။ သူ့ဟာသူ ပိန်နေတဲ့ မော်ဒယ်ဂဲလ်လေးတွေ အလေးမ ရမှာလား'

'ဟာကွာ . . . '

'ရပါတယ်၊ မဖြေချင်လည်း မဖြေပါနဲ့'

'ဘာများထပ်မေးဦးမလဲ ငါ့တူရယ်'

'ဒီနေ့ကာတွန်းတွေမှာ ဘာလို့ ဟာသအားနည်းရတာလဲ။ ဆရာကြီး ဦးစိန်ကွယ်လွန်ပြီးတဲ့နောက်မှာ လက်ရှိရေးနေတဲ့ ဆရာတွေထဲမှာ ဟာသအားကောင်းတာဆိုလို့ ဆရာဦးတင်အောင်နီပဲ ရှိတယ်။ သရော်တာ၊ ဝေဖန်တာတွေပဲ များနေတယ်။ အဲဒါ ဘာလို့လဲ'

'ဟာသက ဖန်းတီးရတာ ခက်လို့ပေါ့'

'တစ်ချို့ကတော့ ဟာသဖန်တီးသူတွေကို အထင်သေးသလိုလို ရေးနေကြပါလား။ ဆောင်းပါးတွေမှာလေ။ အဲဒါ

http://swanbros.blogspot.com



ဦးကံချွန် မတုံ့ပြန် ဘူးလား။ ရယ်စရာဟာ အထင်သေး စရာလား’

‘လူနဲ့တိရစ္ဆာန် ခြားနားတဲ့အထဲမှာ လူက ရယ်တတ်တယ် လေ။ တိရစ္ဆာန်ထဲကရယ်တတ်တာဆိုလို့ တီဗွီကြော်ငြာထဲက ကျားနှစ်ကောင်ပဲရှိတယ်။ ရယ်တယ်ဆိုတာ ဒေါသနဲ့ ဆန့်ကျင် ဘက်ပဲ။ ကောင်းတဲ့အလုပ်ပါ။ ရယ်စရာဖန်တီးသူ ဖန်တီး နိုင်သူများကိုလည်း လေးစားရမှာပေါ့’

‘ကဲ . . . ကဲ’

‘ဟ . . . . မေးစရာတွေ ကျန်သေးလား’

‘နည်းနည်းပဲ ကျန်တော့တယ်။ လူကြီးကာတွန်းဆရာ တွေထဲမယ် ဦးကံချွန်နှစ်သက်တဲ့ ကာတွန်းဆရာ’

‘ဆရာတင်အောင်နီ၊ သူ့ထက်ကြီးတဲ့ အတန်းထဲကဆိုရင် ဆရာသော်က’

‘လူငယ်ထဲကဆိုရင်’

‘စောမင်းဝေ’

‘လူလတ်ထဲကဆိုရင်’

‘အော်ပီကျယ်၊ ဇော်မောင်’

‘ကာတွန်းလောကကို မြင်တဲ့အမြင်’

‘အစောက ပြောခဲ့သလိုပါပဲ ငါ့တူရယ်။ ကောက်ရိုးထုံး နဲ့ သပွတ်အူရောနေတဲ့အထဲ ကြက်သားအုပ်မ ယက်နေသလို ပါပဲ။ ပျော်စရာကောင်းပါတယ်။ ကာတွန်းဆရာဆိုတာက လည်းရှင်းနေရင်ကို မနေတတ်တာ။ ခရီးထွက်ရင်ကိုပဲ ရှုပ်ပေ့

ဆိုတဲ့ တည်းခိုခန်းရှာတည်းတာ။ ရှုပ်စရာမရှိရင် တစ်ယောက်တည်းရှုပ်တာ။ ခုကြည့်လေ ကိုယ့်ဟာကို တစ်ယောက်တည်းရှုပ်နေတာ'

'ကျေးဇူးတင်ပါတယ်'

၁၂. ၁. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ကျန်ကျောင်းနှင့် အင်တာဗျူးခြင်း

မင်္ဂလာပါ။ နှစ်သစ်မှာ ကုန်လွန်ခဲ့တဲ့ ၉၈ ခုနှစ် တစ်နှစ်လုံး ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး၊ ပျိုပျို၊ အိုအို တို့ရဲ့ မေတ္တာထားခြင်းခံရတဲ့ ကျန်ကျောင်းကို အင်တာဗျူး လိုက်ရပါတယ်။

တစ်ကိုယ်တော်သိုင်းသမား ကျန်ကျောင်း။

ပြည်သူ့တရားရှင် ကျန်ကျောင်း။

မမေ့ရက်ဖူး အချစ်ဦးရယ် ကျန်ကျောင်း။

ကျန်ကျောင်းရဲ့ ပိုစတာမျိုးစုံဟာ ဒီနေ့ ကံချွန်တို့မြို့သစ် ဈေးမှာတော့ 'တော့ပ်တင်းန်' ထဲပါနေပါတယ်။ ကျွတ်ကျွတ် အိတ်တောင်မှပဲ ကျန်ကျောင်းပုံပါတဲ့ ကျွတ်ကျွတ်အိတ်က နှစ်ကျပ်ပိုပေးရပါတယ်။

ပျံကျဈေးသည်များ လမ်းဘေးထွက်ရင် ဈေးကောက်က ဘယ်လိုမှအော်လို့ခေါ်လို့မရ။ ရှေ့ကလမ်းရှင်းသွား၊နောက်က ပြန်လမ်းပိတ်ထွက်လုပ်နေရင်'ကျန်ကျောင်းခေါ်ပြီးခါးနှောင့်နဲ့ အတွက်ခိုင်းလိုက်ရမလား' လို့ကြိမ်းရတာ။ ဈေးသည်တွေ တောင်မှ ကျန်ကျောင်းကို ပိုကြောက်ကြတယ်ခင်ဗျ။ ကျန်ကျောင်းက မုန့်ဖိုးပေးလို့ယူတာမဟုတ်ဘူး။

ကံချွန်အိမ်ကမြေးနှစ်ကောင်ကတော့ ထမင်းကျွေးလို့

http://swanbros.blogspot.com



မစားဘဲဟိုဟာဒီဟာလုပ်နေရင်ကံချွန်သမီးက'ဒါကကျန်ကျောင်း ထမင်းကြော်' ဆိုပြီးကျွေးသံကြားဖူးတယ်။ အဲဒီတော့လည်း ဒီကောင်တွေစားကြတာ အလုအယက်ပါပဲ။ 'ဟဲ့ . . ငါ့သမီး ဘာလဲ ကျန်ကျောင်းထမင်းကြော်' ဆိုပြီးမေးရ တယ်။ လက်စသပ်တော့ထမင်းကြော်မှာ ပဲငပိလေး ပါလေဟန်ထည့် ကြော်ထားတာပါ။သုံးလေးနှစ်ကလေးကတောင် ကျန်ကျောင်း ဆိုမှ အဆင်ပြေတယ်။

ခုတော့ဖိနပ်အစီးခိုင်းရင်လည်းကျန်ကျောင်း ငယ်ငယ်က စီးတဲ့ဖိနပ်၊ အင်္ကျီဝတ်ခိုင်းရင်လည်း ကျန်ကျောင်းဝတ်တဲ့ အင်္ကျီ။ ကျန်ကျောင်းသာ မူကြိုကျောင်းလာဖွင့်ရင် ဓားခုတ်ပြ၊ ကျွမ်းပစ်ပြ နေရတာထက် ဝင်ငွေပိုကောင်းမှာ သေချာ ပါတယ်။ ကျန်ကျောင်းဟာ ဟိုဆပ်ပြာမှုန့်ကြော်ငြာသလို ဖြစ်နေပါပြီ။ ခုတော့ ဈေးထဲမှာလည်းကျန်ကျောင်း၊ အရပ် ထဲမှာလည်းကျန်ကျောင်း၊ ချွန်ချွန်တစ်ယောက်တည်း မဟုတ်တော့ ပါဘူးခင်ဗျာဖြစ်နေပါပြီ။ ဒါကြောင့်ကံချွန်ဟာ ကျန်ကျောင်းကို အင်တာဗျူးဖို့ရွေးချယ်လိုက်ရတာ ဖြစ်ပါ တယ်။

××× ××× ×××

'ကျန်ကျောင်းဘာလို့အောင်မြင်တယ်လို့ထင်ပါသလဲ'

'ကျွန်တော်ကြိုးစားလို့ပါ'

'ဘာလို့ ဗိုက်မပူတာလဲ။ တို့ဆီမှာတော့ မင်းသားတွေ

http://swanbros.blogspot.com



အသက်နည်းနည်းကြီးတာနဲ့ဗိုက်ပူတော့တာပဲ'

'ကိုယ့်ကိုယ်ကိုမှဂရုမစိုက်ရင် သူများကလည်း ဂရုစိုက်မှာမဟုတ်ပါဘူး'

'ပြည်သူ့တရားရှင်မှ ဘယ်သူက မင်းသားလဲ'

'ကျွန်တော်က သရုပ်ဆောင်ပါ'

'တို့ဆီကမင်းသားများကတော့ ဇာတ်တစ်ဇာတ်မှာ ပါရမယ့်အခန်းနည်းရင် သရုပ်မဆောင်ချင်ကြဘူး။အမြဲတမ်းကိုပဲအဓိကဖြစ်ချင်ကြတယ်။ အခန်းများများပါချင်ကြတယ်'

'အခန်းများတာ၊ နည်းတာနဲ့ ကိုယ့်အနုပညာနဲ့ မဆိုင်ပါဘူး။ သရုပ်ဆောင်အနုပညာမရှိဘဲ တစ်ဇာတ်လုံးကိုတစ်ယောက်တည်း အခန်းတိုင်းထွက်သရုပ်ဆောင်နေတော့လည်း မလှတာရွာလည်ပြသလိုဖြစ်မှာပေါ့'

'တော်လိုက်တာ ကျန်ကျောင်းရာ။ ကျုပ်ပြောချင်တဲ့စကားတွေ ခင်ဗျားပါးစပ်ထဲ ထည့်ထားတဲ့အတိုင်းပါပဲ'

'စဉ်းစားကြည့်လေ။မင်းသား၊မင်းသမီးအကယ်ဒမီမရဘဲဇာတ်ပို့တွေ အကယ်ဒမီထွက်သွားတဲ့ကားတွေ ရှိနေ တာပဲ'

'တော်လိုက်တာကျန်ကျောင်းရာ'

'ပရိတ်သတ်နဲ့လုပ်စားရတဲ့ အလုပ်ဆိုတာ ကိုယ့်ကိုယ်ကိုအထင်ကြီးနေလို့မရဘူး၊ ပရိသတ်က ကိုယ့်ကိုချစ်နေတယ်လို့ထင်ရင်မှားပြီပေါ့။ပရိတ်သတ်ကတကယ်ချစ်နေတာအနုပညာ။ ကိုယ်က ကိုယ့်အနုပညာကို တော်အောင် မလုပ်ရင်ပရိသတ်က ကိုယ့်ကို စွန့်သွားမှာပဲ'

http://swanbros.blogspot.com



'အဲဒါ ငါပြောစေချင်တဲ့ စကားတွေပဲ'

'စဉ်းစားကြည့်လေ၊ နာမည်ကျသွားတဲ့ အနုပညာသမားတွေ ခုလက်မခံတော့ပေမယ့် သူကြိုးစားစဉ်က၊ နာမည်တက်စဉ်က သူ့အနုပညာကိုတော့ ပရိသတ်က အမြဲချစ်နေမှာပဲ၊ အရင်က သိပ်ကောင်းတယ် ဆိုပြီးတော့ ရှင်းနေပြီပဲ။ ပရိသတ်က လူကိုချစ်တာ မဟုတ်ဘူး။ အနုပညာကိုချစ်နေတာ အနုပညာအားပျော့လာရင်၊အနုပညာခမ်းလာရင် ပရိသတ်က စွန့်ခွာ သွားမှာပဲ။ အနုပညာအားကောင်းနေရင် ဘယ်အရွယ်ရောက်ရောက်ပရိသတ်က မစွန့်ခွာပါဘူး'

'ဒါကြောင့်လည်း ကျန်ကျောင်းလို့ဖြစ်ပေတာပဲ'

'အဲသလိုခံယူထားလို့ ဇာတ်ရုပ်မရွေးဘူး၊ အခန်းအနည်းအများမရွေးဘူး၊ ကိုယ်တာဝန်ယူရမယ့် ဇာတ်ကောင်စရိုက်ကိုယ်လုပ်နိုင်ပါ့မလား ဆိုတာပဲရွေးတယ်။ ကိုယ်သရုပ်မဆောင်တတ်မယ့် ဇာတ်ကောင်စရိုက်ဖြစ်နေလို့ကတော့ တစ်ကားလုံး ကိုယ်တစ်ယောက်တည်းရိုက်ရလည်း လက်မခံပါဘူး'

'ကောင်းတယ်ကွာ။ဒါ ကျန်ကျောင်း သီအိုရီပေါ့'

'ဘာမေးချင်သေးလဲ'

'မေးဖို့ရာပဲကွာ အဲဒါတွေဖြေအောင် မေးဖို့ရာ ဘယ်လိုမေးရမလဲစဉ်းစားနေတုန်းမှာကြိုဖြေသွားတော့ . . ဘယ်လိုလဲ ငါ့မေးခွန်းတွေများ ခိုးဖတ်ထားလားကွာ'

'ဟဲဟဲ ဒီလိုပေါ့ ။ တကယ်တော့ ကျန်ကျောင်းနဲ့

http://swanbros.blogspot.com



ချွန်ကုဝေတွေ့နေတာပဲဟာ’

‘တော်ပြန်ပြီကွာ တော်ပြီးရင်းတော်ရင်း၊ တော်တော်လိုက်နေတဲ့ တော်တော်ကြီးပါလား။ မင်းကိုချီးကျူးနေရတာ ကိုယ့်ကိုယ် ကို ချီးကျူးနေရသလိုပါပဲ’

××× ××× ×××

‘ကျေးဇူးတင်ပါတယ်ခင်ဗျာ’ ခုကျန်ကျောင်းနဲ့ ချွန်ကုဝေ အင်တာဖြီးမှာ ကိုယ့်ဟာကိုယ်ဖြီးနေရသလိုပါပဲ။

၁၂. ၁. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ဗျူးလိုက်ကြရို့ သူငယ်ချင်း

မင်္ဂလာပါ. . . .။

ကံချွန်အင်တာဗျူးဖို့ ရည်ရွယ်ထားသူတွေကတော့ အများကြီးပါပဲ။ နောက်ထပ်ဆယ်နှစ်စာလောက်ကို ရှိပါတယ်။ အလွန်ဗျူးသင့် ဗျူးထိုက်သော ကျွန်တော့်သူငယ်ချင်းများ၊ ကျွန်တော့်ဆရာများ၊ကျွန်တော့်ဘကြီး၊ ဦးကြီးများ၊ အတော်များပါတယ်။ နောက်ဆယ်နှစ်နဲ့ ရေးမကုန်ပါဘူး။ ခုကျွန်တော့် သူငယ်ချင်း ဆရာအော့ကြောလန်နဲ့တွေ့ဆုံ ပေးပါမယ်။ သူ့ကိုယ်သူ လွန်စွာမှ အထင်ကြီးပြီး ဖြီးပါ လိမ့်မယ်။

စကွဲ့ရှင်အပေါင်း မျက်စိညောင်းကြပါစေခင်ဗျား

××× ××× ×××

'သူငယ်ချင်း မင်းစာမရေးတာ အတော်ကြာပြီနော်'

'အင်း . . နှစ်နှစ်လောက်ရှိပြီ'

'လုံးချင်းစာအုပ် တစ်အုပ်မှ မထွက်ဖူးဘူးနော်'

'အင်း. . မထွက်ဖူးဘူး'

'ခုရော. . စာရေးဖို့စိတ်ကူးရှိသေးလား'

'မရှိဘူး'

http://swanbros.blogspot.com



(စာဖတ်သူများသည်းခံပါခင်ဗျာ။ အော့ကြောလန်ဟာ ကံချွန်ရဲ့သူငယ်ချင်း ဖြစ်နေတဲ့အတွက် ဆက်ဗျူးပါရစေ)

'အေးလေ. . . ခုစာရေးချင်စိတ်မရှိလည်း ဗျူးရမှာပဲ။ သူငယ်ချင်းက ကဗျာလည်းရေးတယ်နော်'

'ရေးဖူးတာပေါ့။ မဂ္ဂဇင်းမှာ နှစ်ခါပါဖူးတယ်'

'စာဖတ်သူကို ဘာပေးချင်လို့ရေးတာပါလိမ့်'

'ဘာမှ ပေးဖို့မဟုတ်ဘူး၊ တစ်ခုခုပေးချင်လို့ရေးတယ်ဆိုတာ အလကားပဲ။ ဘာမှ မပေးချင်မှ အနုပညာအားကောင်းတာ'

'ဩော်. . ဩော်. . အနုပညာအားတွေ ကောင်းရက်နဲ့ ဘာလို့ဆက်မရေးတာလဲဟင်'

'ငါကသာ ကဗျာတွေကို စားသုံးနိုင်တာ ငါ့မိန်းမက မစားနိုင်ဘူးဆိုလို့'

'လေးစားပါတယ်ကွာ။ ဗျူးရကျိုးနပ်ပါတယ်။ ကဲ. . ဝတ္ထုအကြောင်းဆက်ရအောင်။ မင်းနဲ့ခေတ်ပြိုင် စာရေးဆရာတွေထဲမယ် ဘယ်သူ့ကို ပိုကြိုက်သလဲ'

'အကုန်ကြိုက်တယ်။ ဘာလို့လဲဆိုတော့ သူတို့အားလုံးက ငါ့ထက်တော်လို့ပဲ'

(ပရိသတ်များသည်းခံပါခင်ဗျာ။ ကျွန်တော်အညံ့ဆုံးလူကို အင်တာဗျူးမိတဲ့အတွက်)

'သူငယ်ချင်းကြိုက်တဲ့ ဝတ္ထုတွေပြောပါဦး'

'ပြင်သစ်ဝတ္ထု၊ ဂျာမန်ဝတ္ထု၊ ဂျပန်ဝတ္ထု။ အဖွဲ့အနွဲ့တွေ

http://swanbros.blogspot.com



အလွန်ကောင်းတာကွ'

'ဦးပုညနဲ့ ဘယ်သူက ကောင်းသလဲ'

'ဆောရီးသူငယ်ချင်း၊ ဦးပုညမဖတ်ဖူးဘူး'

(ပရိသတ်များသည်းခံပါခင်ဗျာ)

'အဲဒီဝတ္ထုတွေရဲ့အယူအဆတွေ ပြောပါဦးလား'

'ဘာမှမဟုတ်ဘူးကွ။ ဘာဆိုဘာမှမဟုတ်၊ အဲသလို ဘာမှ မဟုတ်တာကို ဘာမှမဟုတ်သလိုရေးထားတာ။ ဖတ်ကြည့် တော့လည်း ဘာမှမဟုတ်ဘူး။ အဲဒါကိုကသူတို့တော်နေ တာကွ'

(စာဖတ်သူများသည်းခံပါခင်ဗျာ။ ပရိသတ်ကိုစော်ကားရ ကောင်းလား၊ စာဖတ်သူအပေါ်စေတနာမဲ့ရကောင်းလားဆို ပြီးစိတ်ဆိုးလို့ မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက စာမရေး တော့လို့ပါ။ ကျွန်တော့် သူငယ်ချင်းမို့ စာဖတ်သူများနဲ့ စာမရေးတော့သူကိုတွေ့ဆုံပေးရတာပါ)

'မြန်မာဝတ္ထုတွေထဲက နှစ်သက်တာ. . .'

'တို့သူငယ်ချင်းတွေရေးတဲ့ဝတ္ထုတွေကောင်းတယ်ကွာ။ မင်းနဲ့လည်း သူငယ်ချင်းပါပဲ။ သူတို့ဆို တကယ်ခေတ်လွန် တွေ။ စကားလုံးတွေဆိုတာ ဖြတ်ကနဲပေါ်လာတာတွေမှန်း၊ စဉ်စားပြီးလုပ်ကြံတာတွေမဟုတ်မှန်း သိပ်သိသာတာ။ အလွန် လတ်ဆတ်တာ'

'ဖြတ်ကနဲပေါ်လာတာဟာ လတ်ဆတ်တယ်ဆိုရင် ခလုပ် တိုက်လို့ အမေ့. . လို့အော်တာကို လတ်ဆတ်တယ်လို့

ပြောလို့ရမလားဟင်။ အဲဒါဖြတ်ကနဲပေါ်လာတာပဲလေ။ နောက်ရှိသေးတယ်။ အလိုလေး. . တို့။ ဟိုက်. . တို့၊ အား. . တို့'

'အဲဒါတွေက ဟောင်းနွမ်းသော အသစ်တွေပေါ့ကွာ။ လေဘေးထည်လိုဟာပေါ့'

'ဩော်. . ဩော်. .။ သူငယ်ချင်းရေးတဲ့ ဝတ္ထုတွေ အကြောင်း ပြောကြဦးစို့'

'ငါ့ဝတ္ထုတွေက လွတ်လပ်မှုကိုစားသုံးပြီး၊ အစဉ်အလာ လျှောင်အိမ်ထဲက ရုန်းထွက်ခဲ့တာတွေပဲရေးတယ်။ ရေးပြီး တာနဲ့ ငါ့ကိစ္စပြီးသွားပြီ။ ဒီဝတ္ထုအကြောင်းပြန်ပြောဖို့မလို တော့ဘူး၊ သူများတွေပြောလိမ့်မယ်'

'သူငယ်ချင်းရေးတဲ့ အမျိုးအစားတော့ ပြောပါဦး'

'မော်ဒန်တွေပါတယ်။ ရှယ်မော်ဒန်တွေပါတယ်။ ဒန်လွန်ဒန်၊ ထပ်ကွမ်းဒန်၊ ဒန်ပြီးရင်းဒန်. . . အဲသလိုဒန် တွေရေးတာ'

(ထိုသို့ အလွန်ခေတ်မီသော ကျွန်တော့်သူငယ်ချင်း စာမရေးတော့သည်ကို မည်သည့်မဂ္ဂဇင်းကမှလည်း စာပြန် ရေးရန် စာမူမတောင်း၊ စာဖတ်ပရိသတ်ကလည်း စာပြန်ရေး ပါဟု မတောင်းဆို၊ စာဖတ်သူအတွက် ဘာမှပေးရန်မလို ဟူသော မွန်မြတ်လှသည့် အယူအဆကြီးကို ပရိသတ်တို့ မေ့ထားမည်စိုး၍ ကျွန်တော်မှတ်တမ်းတင်ပေးနေခြင်း ဖြစ်ပါသည်)

http://swanbros.blogspot.com



'သူငယ်ချင်း မရေးတော့တဲ့အတွက် စာပေလောကကြီး ဘာတွေများဖြစ်သွားသလဲ'

'ဘာမှ မဖြစ်ပါဘူး၊ မသိသလိုပဲ။ စာပေလောကကြီးရဲ့ ဆုံးရှုံးမှုကြီးလို့လည်း မပြောကြဘူး'

'အမှိုက်လို့များ သဘောထားလိုက်လို့လား'

'ဘာကွ. . . .'

'စတာပါကွာ။ ကဲ. . ကဲ. . စာဖတ်သူကို ဘာများ ပြောစရာရှိသေးလဲ'

'ဘာမှ မရှိဘူး။ ရေးနေတုန်းကလည်း ဘာမှမပြောခဲ့ဘူး'

××× ××× ×××

စာဖတ်သူများအတွက်ဘယ်လိုအကျိုးကျေးဇူးမှမရှိတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ ဗျူးကို ဖတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

၂၆. ၁. ၉၉
အလင်းတန်းဂျာနယ်

# ခရီးသွားငါးယောက်

မင်္ဂလာပါ. . . . .။ ကံချွန်ဟာ နိုင်တိအိပ်၊ နိုင်တိနိုင်း မှာ စာပေခရီးများနဲ့ အပိတ်အဖွင့်လုပ်ခဲ့ပါတယ်။ နိုင်တိအိပ် ကို အင်းတော်၊ မော်လူး၊ မြစ်ကြီးနား၊ ပိုင်းမော် စာပေခရီးနဲ့ မြန်မာပြည်မြောက်ပိုင်းကနေ နှုတ်ဆက်ခဲ့ပါတယ်။ နိုင်တိနိုင်း ကိုတော့ ကလေး၊ ကလေးဝ၊ တမူး စာပေခရီးနဲ့ မြန်မာပြည် အနောက်ပိုင်းက ကြိုဆိုခဲ့ပါတယ်။

တမူးကို ရောက်စဉ်က အိန္ဒိယနိုင်ငံအတွင်း ခဏရောက် ခဲ့ရင် ကံချွန်ဟာ နိုင်ငံခြားပြန် စာရေးဆရာလို့ပြောရင် ရမယ် ထင်ပါတယ်။ ပေတစ်ရာလောက် ဖြတ်လျှောက် နိုင်ငံခြားပြန် ပေါ့ခင်ဗျာ။

မန္တလေးကနေ ကလေးကို လေယာဉ်ပျံစီးခဲ့ရလို့ ကံချွန် လေယာဉ်ပေါ်ကအတွေ့အကြုံများလည်းရေးချင်ပါသေးတယ် ခင်ဗျာ။ ပြီးတော့ ခရီးမထွက်ခင် ကံချွန်ကို နှုတ်ဆက်ကြတာ တွေ၊လေယာဉ်ကွင်း လိုက်ပို့တာတွေ (တက္ကစီ ဒရိုင်ဘာ)၊ ပြုံးပြ ကြတာတွေ (လူဝင်မှုကြီးကြပ်ရေးက)၊ အိတ်ကအစ သယ်ပိုး ပေးကြတာတွေ (ဝန်ထမ်းများက) အဲဒါ တွေကို မှတ်တမ်းတင် ချင်နေပါတယ်။

ပြီးတော့ ကျွန်တော်နဲ့အတူ စာပေခရီး ထွက်ကြတဲ့

မောင်သာပို၊ သိုက်ထွန်းသက်၊ ယဉ်ယဉ်နု (မန္တလေး) နဲ့ သူ့အဖော် သူ့တူမလေး ခင်မြတ်ဇော်တို့ သွားကြတဲ့ခရီးမို့ 'ခရီးသွား ငါးယောက်' နာမည်ပေးလိုက်ချင် ပါတယ်။ ကျွန်တော်တို့ သွားကြဖို့ ပြင်ဆင်တာကအစ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျွန်တော်ဆိုရင် အင်္ကျီတွေကို အိတ်ထဲထည့်ပါတယ်။ အိတ်ထဲထည့်ပြီးမှ ဇစ်ကိုပိတ်တာပါ။ ဇစ်ကိုပိတ်လျက် အိတ်ထဲကို အင်္ကျီတွေ ထည့်တာမဟုတ်ပါဘူး။ ဒါတွေကို ကျွန်တော်အသေးစိတ် ပြောပြချင်ပါတယ်။

ကျွန်တော်ခရီးထွက်ဖို့ ပြင်ဆင်တာက (၁၅. ၁. ၉၉) ရက်နေ့မှာပါ။ အဲဒီနေ့က ၈၁ လမ်းက 'ပန်းရိုးမ' မှာ စုတည်းကြတယ်။ လာခေါ်တဲ့ ထင်လင်းအောင် (မြို့ပြ)နဲ့အတူတူပေါ့ ခင်ဗျာ။ စု မအိပ်လို့ မဖြစ်ဘူးလေ။ ကျွန်တော်တို့ နေကြတာက မန္တလေးရဲ့ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်။ ဒီတော့ စုအိပ်ကြရတာပေါ့။ ဒါမှ မနက်စောစောမှာ လေယာဉ်ကွင်း ဆင်းဖို့လွယ်မယ်လေ။

ကျွန်တော်တို့ လေယာဉ်ကွင်းဆင်းတော့မယ်ဆိုတော့ တည်းခိုခန်းက ကောင်လေးက နှုတ်ဆက်တယ်ခင်ဗျ။ သူတော့ လိုက်မပို့နိုင်ကြောင်း၊ လိုက်ပို့တဲ့အလုပ်ကိုတော့တက္ကစီဒရိုင်ဘာက လုပ်ပေးမှာဖြစ်ကြောင်း၊ သူကိုယ်တိုင် လိုက်မပို့ နိုင်တာကိုတော့ ခွင့်လွှတ်ဖို့ ပြောပါတယ်။ တစ်ည သံယောဇဉ် ပေါ့ ခင်ဗျာ။

လေယာဉ်ကွင်းကို သွားတော့မယ်ဆိုတော့မှ ဆရာ

http://swanbros.blogspot.com



မောင်သာပိုက သူ့အိမ်ဝင်ပြီး ကဗျာစာအုပ်တစ်အုပ် ယူချင်သေးတယ်လို့ပြောတာနဲ့ဝင်ပေးရပါတယ်။ဒါဟာကျွန်တော်တို့စာပေပရိသတ်အတွက် အလေးအနက် သဘောထားတာကိုပြတာပါ။ (လေယာဉ်ပေါ်ရောက်မှ စာအုပ်မှားယူခဲ့မှန်းကြားသိရတယ်ခင်ဗျာ) ကံချွန်ဆိုရင် ဟောပြောပွဲစင်မြင့်ပေါ်တက်တဲ့အချိန်ဆောင်းဖို့ စည်သူလွင် လက်မှတ်ထိုးထားတဲ့ဦးထုပ်ကိုဆောင်းထားပါတယ်။ မျိုးဆက်သစ် လူငယ်များကိုကြိုဆိုအားပေးရင်း မျိုးဆက်သစ်လူငယ်များ ကြိုးစားဖို့ပြောချင်တဲ့အတွက် ဆောင်းသွားတာပါ။ (ဟောပြောပွဲအထောက်အကူပစ္စည်း)

ကျွန်တော်တို့ဟာဟောပြောရာမှာ ပရိသတ်ကိုထိုက်ထိုက်တန်တန် ပေးနိုင်ဖို့ ဘယ်လိုကြိုးစားရမလဲဆိုတာ လေယာဉ်ပေါ်မှာဆွေးနွေးဖြစ်ပါတယ်။

'အဲဒီ လေယာဉ်မယ်လေး နှာတံပေါ်တယ်'

'လှတယ်နော်'

'နာမည်မေးကြည့်ရ ကောင်းမလား'

အဲဒီလိုဆွေးနွေးကြတာ မဟုတ်ပါဘူး ခင်ဗျာ။ ယုံပါ။ ကျွန်တော်တွေးသမျှပြောသမျှတွေဟာစာဖတ်သူအကျိုးအတွက်ပါ။ စေတနာတွေ အုံနဲ့ကျင်းနဲ့ မေတ္တာတွေ ရေစီးကမ်းပြိုလိုက်နေတဲ့ ကျွန်တော့် ရင်ထဲက ဆန္ဒတွေ၊ လှုပ်ရှားမှုတွေကိုကျွန်တော် ဘယ်လိုလုပ် ပြန်ပြောရမလဲလို့ ကျွန်တော် စဉ်းစားပါတယ်။ (တော်တော် အထက်တန်းကျတဲ့အတွေးပါ။

http://swanbros.blogspot.com



ပေသောင်းခြောက်ထောင်အမြင့်က တွေးတာကိုး) ကျွန်တော် ကဘေးမှာရှိနေတဲ့ တိမ်ငွေ့တွေနဲ့ အောက်ဘက်မှာ ရှိနေတဲ့ တိမ်ပင်လယ်ကြီးကို ကြည့်ရင်း ကျွန်တော့်ရဲ့ နာရီကို မိနစ်သုံးဆယ် ရှေ့ရွှေ့လိုက်ရပါတယ်။ (ကျွန်တော့်နာရီက တစ်ရက်မှာ မိနစ်သုံးဆယ် နောက်ကျလို့ပါ) ကျွန်တော့် ညီငယ် သိုက်ထွန်းသက်ကတော့ သူ့နာရီကို နောက် ဆယ့်ငါးမိနစ်ရွှေ့ပါတယ်။ (သူ့နာရီ ကမြန်နေလို့ပါ)

လေယာဉ်ပျံ တက်ပြီးလို့ စက္ကန့်ပိုင်းအတွင်းမှာပဲ မန္တလေးဟာ ကျန်ရစ်ခဲ့ပါပြီ။ ကျွန်တော်ဟာ မန္တလေးမှာ ရှိနေတဲ့ သူငယ်ချင်းတွေကို သတိရသွားတယ်။ တိမ်ပင်လယ်ရဲ့အောက်မှာ ဧရာဝတီ၊ နောက်တော့ ချင်းတွင်း၊ နောက်တော့ မြစ်သာ။ ဟော. . . . ဟိုမှာ တောင်ဖီလာ။ လေယာဉ်က နိမ့်ဆင်းလာတယ်။ ကျွန်တော် ဒါတွေကို ပြော ပြနိုင်ဖို့အတွက် မေးသူရှိမှ ဖြစ်မယ်။ ကျွန်တောက မေးသူ မရှိဘဲ ပြောနေရင် ကြွားတယ်ထင်လိမ့်မယ်။ (ကြွားတော့ ကြွားချင်တာပေါ့။ ဒါပေမယ့် ကြွားတယ်လို့ အထင်မခံနိုင် ဘူးပေါ့ဗျာ) ဒါကြောင့် အင်တာဖြီးကဏ္ဍမှာ တစ်ယောက် ယောက်က မေးလို့ ဖြေရတဲ့သဘောဖြစ်အောင်လုပ်ဖို့ အတွေး ရသွားပါတယ်။

××× ××× ×××

http://swanbros.blogspot.com



ကံချွန်ရဲ့ ဇာတ်ကောင် ချွန်ကုဝေဟာ အင်တာဖြီး ကဏ္ဍ အတွက် ကံချွန့်ကို မေးခွန်းတွေ မေးပါတယ်။

'အာစရိ စာပေခရီးက ဘယ်ကိုသွားရမှာလဲ'

'ကလေး၊ ကလေး၀၊ တမူး'

'ဘာနဲ့ သွားမှာလဲ'

'လေယာဉ်ပျံနဲ့ကွ။ လေယာဉ်ပျံပေါ်က အတွေ့အကြုံ တွေ ပြောပြရဦးမယ်'

'အာစရိ နောက်ကျသွားပြီ'

'ဟော ....'

၂. ၂. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## အေးပေါင်းခဲ့တဲ့ည

မင်္ဂလာပါ. . .။

ကံချွန်ရဲ့ စာပေခရီးကို မေးသူမရှိဘဲ ပြောချင်နေလို့ အင်တာဖြိုးကတ္တူကနေပြီးတော့ပဲ ပြောလိုက်ရပါတယ်။ ကျွန်တော်တို့ ခရီးဟာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ် ခင်ဗျာ။ လေယာဉ်စီးသွားရတဲ့အတွက် ဖွတ်. . .ရွှတ်ဆို ရောက်သွားပေမယ့် လေယာဉ်ပျံပေါ်က အကြောင်းကို ကြံဖန် ပြီးဆက်ပြောပါရစေဦးခင်ဗျာ။

ကံချွန်တို့စီးခဲ့တဲ့ လေယာဉ်ပေါ်မှာ ဘီယာမသောက် ရပေမယ့် ချိုချဉ်တော့ ငုံရတယ်ခင်ဗျာ။ လေယာဉ်ပေါ်က ချိုချဉ်ဟာ ကံချွန်တို့လမ်းထိပ်ကုန်စုံဆိုင်ကရောင်းတဲ့ချိုချဉ်နဲ့ အတူတူပါပဲ။ ကံချွန်ဟာ ကုန်စုံဆိုင်ကချိုချဉ်ကိုသာမစားတာ လေယာဉ်ပေါ်ကချိုချဉ်တော့စားပါတယ်။ ချိုချဉ်ကခွာလိုက်တဲ့ စက္ကူကို ရှေ့ထိုင်ခုံနောက်မှီက အိတ်ကလေးထဲ ထည့်လိုက်တာ ကိုလည်းကံချွန်ပြောချင်ပါတယ်။ ဒါပေမယ့် မပြောတော့ပါဘူး ခင်ဗျာ။

ကံချွန်ဟာ(၁၆)ရက်နေ့ ကလေးမှာ ဟောပြောပြီး (၁၇) ရက်နေ့ကလည်း ကလေးမှာ ဟောပြောဖို့ပါပဲ။ နေ့ပွဲပါ။ (၁၇) ရက်နေ့ညမှာတော့ ကလေးဝပေါ့။ ဒါပေမယ့် ကံချွန်တို့ (၁၇) ရက်နေ့ နေ့ပွဲ ကလေးမှာမပြောဖြစ်ပါဘူး။ (၁၈) ရက်နေ့မှ

ပြောဖြစ်ပါတယ်။(၁၇)ရက်နေ့ မနက်မှာ မိုက်တိုင်စံ နဲ့ ဘိုသာ တို့ လက်ဝှေ့ထိုးမယ့်သတင်းကို မြဝတီက တိုက်ရိုက်ထုတ်လွှင့် မယ်ဆိုသကိုး။ ကံချွန်တို့ဟာ မိုက်တိုင်စံပွဲ ကြည့်မယ့်သူမရှိ မှာကြောင့် ဟောပြောပွဲကို ရက်ရွှေ့လိုက်ရတာပါခင်ဗျာ။ ဒါတွေလည်း ပြောချင်ပါတယ်။ ကံချွန်တို့ရဲ့ အနစ်နာခံမှုတွေ၊ စွန့်လွှတ်မှုတွေပေါ့ခင်ဗျာ။

ခုလို ပြောချင်တဲ့အတွက် ကံချွန်ဟာ ချွန်ကုဝေကိုရှာပြီး မေးပါတယ်။ ကျွန်တော့်ကို ဘာလို့ ဆက်မဗျူးတာလဲပေါ့။ ဒီတော့ ချွန်ကုဝေ က. . . .

'ခက်တယ်ဗျာ'

'ဘာခက်တာလဲ'

'ခင်ဗျားကို မေးဖို့ခက်တာ။ ခင်ဗျားက တစ်ခွန်းမေးရင် လေးမျက်နှာလောက်ဖြေချင်တာ။ ဖိုးပြောချင် ဖြစ်နေတော့'

'တိုတိုဖြေဆို တိုတိုဖြေပါ့မယ်ခင်ဗျာ။ မမေးဘဲနဲ့တော့ မနေပါနဲ့'

'ကဲ . . . . ခင်ဗျားတို့ ကလေးဝရောက်တော့ ဘာလုပ် တယ်ဆိုတာ စပြော'

'ကားပေါ်က ဆင်းပါတယ်'

'ပြီးတော့ . . .'

'တည်းခိုခန်းပေါ်တက်ပြီး အိတ်ထားပါတယ်'

'ပြီးတော့. . . . .'

'ရေချိုးပါတယ်'

http://swanbros.blogspot.com



'ပြီးတော့. . . . .'

'ထမင်းစားတယ်'

(ချွန်ကုဝေ စိတ်ပျက်စွာနဲ့ ခေါင်းရမ်းပြီး )

'ခင်ဗျားက မဗျူးလောက်ပါဘူးဗျာ'

'ဆက်ဗျူးပါဗျာ။ ပရိသတ်အကျိုး၊ စာပေအကျိုး ကျွန်တော်တို့ ဘယ်လိုသယ်ပိုးတယ်ဆိုတာ ပြောချင်လို့ပါ'

'အချိန်ကုန်တယ်'

(ချွန်ကုဝေ စိတ်ပျက်စွာနဲ့ ထထွက်သွားပါတယ်)

ပရိသတ်ကြီးကို ကံချွန်ပြောချင်တာတွေ မမေးဘူး ခင်ဗျာ။ ကံချွန်တို့ဟာ အားသွန်ခွန်စိုက် ဟောပြောကြတာပါ။ မီးငြိမ်းသွားသည်ထိဟောပြောတာပါ။ ကလေးဝစာပေ မြတ်နိုး သူများဟာ အလွန်ကိုတော်ပါတယ်ခင်ဗျာ။ ကံချွန်တို့ စာပေ ဟောပြောသူများဟာ စာဖတ်ပရိသတ် စာပေမြတ်နိုးသူများရဲ့ လိုအပ်ချက်ကို ထိထိရောက်ရောက် မပေးနိုင်ပေမယ့် စာပေ မြတ်နိုးသူများကတော့ စာရေးသူများ ရဲ့ လိုအပ်ချက်ကို ထိထိ ရောက်ရောက် ပေးနိုင်ကြပါတယ်။

ကံချွန်တို့ ဟောပြောနေတုန်းမှာ ကံချွန်တို့ ပြောအား ရှိအောင် စိတ်ရှည်လက်ရှည်နားထောင်ပေးကြတယ်ခင်ဗျ။ ရယ်စရာ ပြောရင်ရယ်ပေးတယ်။ ရယ်စရာပြောလိုက်လို့သာ ရယ်မပေးကြရင် ပြောရတဲ့သူ တော်တော်ကို ကြောင်မှာပါ။ ရေးရင်းနဲ့တောင်မှ ပြောတာတွေ ပြန်အမှတ်ရလာတယ်။

××× ××× ×××

http://swanbros.blogspot.com



'ကျွန်တော်တို့ ငယ်ငယ် ကလည်း လွမ်းဖူးပါတယ်။ ရည်စားကွဲဖူးပါတယ်။ လွမ်းပြီဆိုတာနဲ့ ကိုယ်ကြိုက်တဲ့ မိန်းကလေးအိမ်ရှေ့ သွားအော်တော့တာ။ တန်ပို့မဖုရား . . . သင့်နှုတ်ဖျားက . . . မုသားသစ္စာ . . . အမြဲမကြား ချင်သပ. . . လွှဲမှားယခင်က . . . . အသည်းစားဘုရင်မကြီး ရဲ့ လှည့်ဖျားမေတ္တာ. . . ဆိုပြီး လွမ်းခဲ့ရတာ။ ဟောဒီနေ့ လူငယ်တွေကျတော့ မြန်ကောင်းသက်သာ ဖြစ်သွားပြီး လိုတို ရှင်းလွမ်းတာ။ ဒါဟာ အချစ်တဲ့လား . . . အဲဒါ အချစ် တဲ့လား . . . ဒါများ အချစ်တဲ့လားကွယ် . . . မင်းပဲ ပြော. . . ။

(ရယ်သံများ)

ကျွန်တော်တို့ စိတ်ညစ်နေတုန်းကလည်း တော်တော် ပင်ပန်းခဲ့ရပါတယ်။ မှုံပြာရီ. . . ရာသီတွေပြောင်း. . . တစ်ဆောင်းသစ်ပြန်ပြီ ငွေနှင်းမှုန်မှုန် . . . မုတ်သုံလေမြူး . . . ဟေမာန်ဦး. . . . ကူးကူး . . ခဲ့ပြီ ခွာပြာညို။ ဩဘ်သဇင်ပွင့်တို့ရယ်ကအဆင့်ဆင့် အစီအရီ . . ပွင့်ရှာကြပြီ . . . . အခွင့်ရယ် မသာပြီ ဗျာပါစေပန်း . . . ဝိုး . . . . မောလိုက်တာ။ ခုမှ စိတ်ပန်းရုံ ရှိသေးတယ်။ စိတ်မညစ်သေးဘူး။ (ရယ်သံများ)

ဒီနေ့ လူငယ်တွေကျတော့ အချိန်ရဲ့ တန်ဖိုးကို ပိုသိလာ တယ်။ လွမ်းဖို့၊ ဆွေးဖို့၊ စိတ်ညစ်ဖို့အတွက် အဲသလောက် အချိန်မပေးတော့ဘူး။ ကျွန်တော် ရဲသွင်သီချင်းတစ်ပုဒ်

အမှတ်ရမိတာ တိုသလားမမေးနဲ့။ လိုရင်းကို ဒက်ကနဲပဲ။
ငါသိပ်စိတ်ညစ်တယ် ဟော့ကောင်. . . တဲ့။
(ရယ်သံများ)

××× ××× ×××

ဒါတွေက ကံချွန်ဟောတဲ့အထဲ ပါတာတွေပါ။ ကံချွန်တို့အတွက်စာဖတ်သူ၊ မြတ်နိုးသူများက အလွန်သိတတ်တာကို တစ်လှည့်ပြောချင်ပါတယ်။ စာဖတ်သူများရဲ့ စေတနာကြောင့် ကလေးဝရဲ့ စာပေညဟာ 'ဆေးပေါင်းခတဲ့ . . . ည' ဖြစ်ခဲ့ရတာပါ။ အဆင်ပြေပြီးပြည့်စုံခဲ့ရတာပါ။ ကံချွန်တို့အနားမှာ နွယ်မြက်သစ်ပင် မရှိပေမယ့် လက်နှိပ်ဓါတ်မီး တစ်လက်စီ လက်ဆောင်ထဲမှာ ပါလာလို့. . .။

ကံချွန်တို့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်တဲ့ ကလေးဝရဲ့ မိတ်ဆွေများကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကလေးဝကို သွားဖြစ်ဖို့ စီစဉ်ပေးတဲ့ ကလေးဝမိတ်ဆွေများကိုတော့ ပိုပြီးကျေးဇူးတင်ပါတယ်။

၉. ၂. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ပွတ်ရှုတ်ပွတ်ကား

နန်းဖာလုံဆိုတာ နယ်စပ်က ဈေးလေးပါ။ မိုးရေးဈေးနဲ့ ပေတစ်ရာ လောက်ပဲ ကွာပါတယ်။ နန်းဖာလုံ က ကံချွန်တို့ မြန်မာ ဘက်ကပေါ့။ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်မှာ လူဝင်မှု ကြီးကြပ်ရေးတွေ စောင့်နေတဲ့ လမ်းသွယ်လေး ကနေ ဟိုဘက်ကူးရင် မိုးရေးဈေး၊ ဒီဘက်လာရင် နန်းဖာလုံဈေး။

နန်းဖာလုံဈေးကို လေ့လာဖို့သွားတော့ နယ်စပ်တံတား ကနေ အိန္ဒိယဘက်ထဲကို ပေသုံးရာလောက် ကားလမ်းက ဖြတ်ဝင်ခဲ့ရပါသေးတယ်။ နောက်မှ မြန်မာ့မြေဘက်ပြန်ထွက် ပြီးဈေးကို ရောက်တာပါ။ တမူးကနေ နန်းဖာလုံကို မြန်မာ့ မြေပေါ်ကပဲ သွားနိုင်ဖို့ လမ်းဖောက်နေပြီလို့ ဆိုပါတယ်။ ကံချွန်တို့ကတော့ အိန္ဒိယပိုင်မြေထဲက ဖြတ်ခဲ့ရတဲ့အတွက် နိုင်ငံခြားရောက်ခဲ့တယ်လို့ ဆိုရမှာပေါ့ခင်ဗျာ။

'နမားစတေးဘာဘူ'

'နဟီး'

'အတ်ချား - ဘိုသ်အာချား'

ဆိုတာ တွေတော့ မပြောခဲ့ရ ပါဘူး။ အဲဒီ သုံးလုံးက 'ဂွဒ်မောနင်း' နဲ့ 'ရက်စ်' 'နိုး' လိုပဲဆိုပြီး ခရီးမထွက်ခင်ကမှ သင်သွားတာပါ။ ကံချွန် ဟာ နန်းဖာလုံဈေးကို မြင်လိုက်ရ

http://swanbros.blogspot.com



တာ တော်တော်စိတ်ချမ်းသားသွားပါတယ်။ ၁၉၉၃ ခုနှစ်က ကံချွန်ရောက်စဉ်က ကံချွန်တို့ရောင်းချင်တဲ့ ပစ္စည်းတွေကို မိုးရေးဈေးထဲ သွားရောင်းရတယ်။ ကံချွန်တို့ လိုချင်တဲ့ ပစ္စည်းတွေကို မိုးရေးဈေးထဲက ဝယ်ခဲ့ရတယ်။ ရူပီးနဲ့ မြန်မာငွေလဲနှုန်းကိုလည်း မိုးရေးဘက်မှာပဲ သတ်မှတ်ဈေး အတတ်အကျနဲ့ လဲခဲ့ကြရတယ်။ အဲဒီအကြောင်းတွေ ကံချွန် 'ကြေးမုံ' သတင်းစာမှာ ရေးဖူးပါတယ်။ (၂၃. ၁. ၉၄ ရက်နေ့ ထုတ် ကြေးမုံ သတင်းစာမှာပါ) အားမလိုအားမရ ဖြစ်ခဲ့ရတာလေး တွေပေါ့ ခင်ဗျာ။ ဟော . . . ဒီနေ့ အားရဝမ်းသာဖြစ်ရတော့လည်း ရေးချင်စိတ်ပေါ်မိပါတယ်။

တစ်ဖက်နိုင်ငံက ဝယ်ချင်သလား၊ ရောင်းချင်သလား၊ လာခဲ့။ နန်းဖာလုံမှာ လာဝယ်ပါ။ နန်းဖာလုံမှာ လာရောင်းပါ။ နန်းဖာလုံရဲ့ စည်ကားချိန်ကတော့ ညနေပိုင်း ပါပဲ။မန္တလေးဘက် က ဝင်လာတဲ့ ကားတွေ ဆိုက်မယ့်အချိန်ပေါ့။ နန်းဖာလုံကို ပစ္စည်းတွေ ဝယ်ဖို့လာကြတယ်။ ပစ္စည်းတွေ ရောင်းဖို့လာကြတယ်။ ကံချွန်ကခရီးဆောင်အိတ်သေတ္တာတစ်လုံးဝယ်ခဲ့ပါတယ်။ ရူပီးကိုးရာလောက်ကျပါတယ်။ ရောင်းနေတဲ့ နိုင်ငံခြားသားကို ကံချွန်က မေးလိုက်တယ်။

'အိုင်ဘိုင်းအစ်တ် ဟောင်းမတ်ချိ အစ်ဇစ်အိပ်က် စပင်းဇစ်' ဆိုပြီးတော့ သူက

'ဈေးမများပါဘူးခင်ဗျာ။ စိတ်ချပါ'

လို့ ပြန်ဖြေပါတယ်။ နိုင်ငံခြား ဖီလင်မရဘူး ဖြစ်သွား

http://swanbros.blogspot.com



တယ်ခင်ဗျာ။ ကံချွန် အဲဒီအိတ်ကြီး ဝယ်ကတည်းက တစ်ဖွဲ့လုံး စိတ်ညစ်ကြတာ။ ကံချွန်ကိုကြည့်ပြီး နိုင်ငံခြားပြန် ဗေဒင်ဆရာ ဖြစ်ပြီလို့ဆိုပါတယ်။ ကံချွန် နည်းနည်းတော့ စိတ်ညစ်ပါတယ်။ ကံချွန်တို့အဖွဲ့မှာ သိုက်ထွန်းသက်၊ မောင်သာပို၊ ယဉ်ယဉ်နု (မန္တလေး) တို့ဟာ ဘောင်းဘီတွေ၊ ဂါဝန်တွေ မဝတ်တော့ နိုင်ငံခြားရောက်မြန်မာစာရေးဆရာအဖွဲ့ဆိုပြီးဓါတ်ပုံ ရိုက်လို့လည်း မရဘူးဖြစ်နေတယ် ဒါပေမယ့် ကံချွန် စိတ်မလျှော့ပါဘူး နိုင်ငံခြားလို့ သက်သေထူလို့ရမယ့် နေရာမှာ ဓါတ်ပုံရိုက်ဖို့ ဆုံးဖြတ်ပြီး နယ်စပ်အင်တာဗျူးကို စိတ်ကူးနဲ့ ဖြီးလိုက် ရပါတယ်။

××× ××× ×××

'ချွန်ကုဝေပါလား'

'အာစရိ ခုနိုင်ငံခြားရောက်ပြီနော်'

'ခြေတစ်ဖဝါးစာ ရောက်တာပေါ့။ ခုရောက်နေတာ'

'ဘယ်လိုခံစားရသလဲ'

'ကိုယ့်တိုင်းပြည် ကိုယ်လွမ်းတာပေါ့ ချွန်ကုဝေရာ။ ဒါပေမယ့် ဗီဇာရက်ကုန်အောင်တော့ နေလိုက်ဦးမယ်လေ။ ရောက်တုန်း ပျော်ပျော်ကြီး လျှောက်လည်ချင်လို့။ အဲဒါတော့ ထည့်မရေးနဲ့နော်'

'အာစရိ မိနစ်ပိုင်းလေး နေရတာကိုများ ဗီဇာရက်တဲ့'

'တစ်ရက်ဝေးတာတောင် နှစ်ဆယ့်သုံးလနဲ့ ဆယ်ရက် ဆွေးရတဲ့ ကိန္နရီမောင်နှံလိုပေါ့ကွာ။ ငါကလည်း တစ်မိနစ်

http://swanbros.blogspot.com



လောက်ဝေးတာကို တစ်လလောက် ထင်တာကွ'

'ဩော် . . ဩော် . . ဒါနဲ့ နိုင်ငံခြားရောက်သွားတော့ မြန်မာစာပေကို ဘယ်လိုမြင်သလဲ'

'သန့်ပြီး တောက်ပြောင်နေတယ်လို့ မြင်တာပေါ့'

'နိုင်ငံခြားစာအုပ်တွေကိုရော'

'အရုပ်ပါတဲ့ စာအုပ်တွေတော့ ကြိုက်ပါတယ်။ ငါက စာမှ မဖတ်တတ်ဘဲ'

'နိုင်ငံခြားကိုရောက်တာနဲ့ ပထမဆုံးခံစားမှု'

'မြန်မာပြည် ပြန်ရောက်တာနဲ့ ဆောင်းပါးတွေ ရေးမယ် ဆိုတာပါပဲ။ ဒါကြောင့် ခုရေးတာပါ'

'ရေးချင်တဲ့ ရည်ရွယ်ချက်က'

'ဘာရေးရမှန်းမသိ ဖြစ်နေတာ ကြာပြီကွ။ ကိုယ်သိတာတွေ ကလည်း ရေးပြီးလို့ကုန်ပြီ။ ခုတော့ ဟန်ကျသွားတာပေါ့။ နိုင်ငံခြား ခရီးသွားစာပေကြီး ရေးလို့ရပြီ'

'ဆောင်းပါးတွေ ပေါင်းပြီး စာအုပ်ထုတ်ဦးမှာလား'

'ထုတ်မှာပေါ့'

'စာအုပ်နာမည် ဘယ်လိုပေးမလဲ'

'အိန္ဒိယသွား စက္ကန့်မှတ်တမ်းပေါ့။ နေ့စဉ်မှတ်တမ်းရေးလို့ မရတော့ စက္ကန့်တိုင်းရေးတဲ့ မှတ်တမ်းပေါ့ကွာ'

'ရှိးပါ့ဗျာ'

'အဲဒါရိုးရင်လည်း 'ဖွတ်ရွှတ်မှတ်တမ်း' ပေါ့ကွာ။ ဖွတ်ဆို ရောက်ပြီး ရွှတ်ဆိုပြန်လာရတာ'

http://swanbros.blogspot.com



'စာဖတ်ပရိသတ်အတွက် ဘယ်လိုအသိပေးချင်တာလဲ'

'ကံချွန်ဆိုတာ ခပ်ပေါပေါ ပါလားဆိုတဲ့ အသိရသွားနိုင်ပါတယ်။

××× ××× ×××

ဒါက ကံချွန် နိုင်ငံခြားမြေပေါ် ရောက်စဉ်ခဏမှာ ချွန်ကုဝေ နဲ့ အတွေးထဲမှာ လုပ်ခဲ့တဲ့ အမေးအဖြေပါပဲ။ ကံချွန်ပေါမှန်း သိချင်သိကြပါစေ။ ကံချွန် ကတော့ နိုင်ငံခြား ခံစားမှုကို ရေးရမှ ကျေနပ်မှာပါ။ ရေးမှာပါ။ ဒီလိုပေါခွင့် ရဖို့ဆိုတာ မလွယ်ပါဘူး။ စော့မျှော်ဖတ်ရှုကြပါခင်ဗျာ။ ကံချွန်ရဲ့ ဖွတ်ရွှတ် နိုင်ငံခြားပြန် ဆောင်းပါးများကို။

ကျေးဇူးတင်ပါတယ်။

၁၆. ၂. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## လွှမ်းမိုးပြောပြတဲ့
## မင်းသားကြီးဝင်းဦးအကြောင်း

ဟိုးအရင်က ဘာရယ်လို့မဟုတ်။ ရည်ရွယ်ချက်မယ့် 'ဗျူး' ခဲ့တာတွေကို ကံချွန်ပြန်အမှတ်ရတယ်ခင်ဗျ။ တေးသံရှင် လွှမ်းမိုးဟာ မန္တလေးရောက်ရင် ကံချွန်ဆီရောက်ရောက်လာ တတ်ပါတယ်။ လမ်းမှာ မမျှော်လင့်ဘဲတွေ့လို့ လက်ပြ နှုတ်ဆက်တာမျိုး မဟုတ်ပါဘူး။ ဟိုမေး၊ ဒီမေးနဲ့ အိမ်ကို လိုက်လာတာပါ။ ရန်ကုန်မှာတွေ့လည်း ကံချွန်ကို မြင်တာနဲ့ 'အစ်ကို' လို့ခေါ်တော့တာ။ ကံချွန်ရုပ်က နုနေတာကိုး။ ဒီတော့ သူဟာ ကံချွန်ထက် ငယ်တယ်ဆိုပြီးကြေညာလိုက်တာနဲ့ သူ့အသက်က ပိုပြီး ငယ်သွားမယ်ပေါ့။ ဂိုးကိုကျော်ပေးပြီး 'ဘယ်ကစ်' နဲ့ ဂိုးသွင်းတဲ့ သဘောပါပဲ။

သူအိမ်လာတုန်း ကံချွန်ဗျူးဖူးတာ ရှိပါတယ်။ သူပြော တာတွေကတော့ အမှန်တွေပါ။ ဖြီးတယ်လို့ ယူဆမယ်ဆိုရင် တော့ခေါင်းထဲမှတ်ထားတာတွေကို ပြန်တွေးရေးတဲ့ ကံချွန် သာဖြီးရေးတာဖြစ်ကြောင်း . . . . .

ဖြီး . . . . . . ။

××× ××× ×××

http://swanbros.blogspot.com



'ဟေး . . . . ကိုလွှမ်း'

'ဟာ . . . . အစ်ကို ဘယ်သွားမလို့လဲ'

'ဈေး ၊ နင် က ဘယ်တုန်း'

'အစ်ကို့ဆီလာတာ။ ဒီလမ်းထဲမှာဆိုလို့ ဝင်လာတာ'

'ဒါဖြင့် လာလေ၊ ဟိုရှေ့က အိမ်ပဲ'

'အစ်ကိုဈေးသွားမလို့ဆို၊ အားရဲ့လား'

'မအားပေမယ့်ရပါတယ်။ ဈေးသွားရမယ့်ကိစ္စ နောက်မှ လုပ်လိုက်မယ်။ နင်နဲ့က တွေ့ဖြစ်ခဲတယ်'

(ကံချွန်က အင်တာဗျူးမှာ ကိုလွှမ်းမိုးရဲ့ငယ်နာမည် စိုးစိုး ကိုမခေါ်ပါ။ စကားချပ်)

ကံချွန် နဲ့ လွှမ်းမိုးဟာ အတော်ကြာကြာ စကားတွေပြော ဖြစ်ပါတယ်။ ကံချွန့်အိမ်မှာပါ။ ပြောရင်းကနေ ဘယ်လိုက ဘယ်လိုသကြ်န်အကြောင်းရောက်သွားလိုက်မှန်းတော့မမှတ်မိ တော့ပါဘူး။ မန္တလေးသကြ်န်အကြောင်းတွေ ပြောဖြစ်ရော။ သကြ်န်သီချင်းတွေက စသွားတယ်ထင်တာပဲ။ အဲဒီမှာ . . . .

'မန္တလေး သကြ်န်အကြောင်း ပြောရရင် ကျွန်တော် ဦးဝင်းဦးကို အမှတ်ရမိတယ်'

'မန္တလေးသကြ်န်ဟာ ဝင်းဦးသကြ်န် ဖြစ်ခဲ့ဖူးတာပဲလေ'

'ကျွန်တော် မန္တလေးသကြ်န်မှာ သီချင်းစဆိုတဲ့ ကာလက ကျွန်တော်နာမည်တက်နေချိန်ပေါ့လေ။ အဲဒီတော့ ဦးဝင်းဦးက မဏ္ဍပ်တွေမှာ ဖိတ်လိုက်ရင် သီချင်းလာဆိုပေးတဲ့နှစ်။ မြို့မ လည်း မဖြစ်ဘူးထင်တယ်။ အဲဒါတော့ သေသေချာချာ

http://swanbros.blogspot.com



မမှတ်မိတော့ဘူး။ ဦးဝင်းဦးနဲ့အတူ ကျော်စွာဝင်းတို့ ပါလာတဲ့နှစ်ပဲ'

'ဆက်ပါဦး'

'ကျွန်တော်က နန်းရှေ့က မဏ္ဍပ်မှာဆိုနေတာ။ ကျွန်တော်ဆိုနေတုန်းပဲ မင်းသားကြီးရောက်လာတာ။ မဏ္ဍပ်ကတာဝန်ရှိသူကလာပြောတယ်။ မင်းသားကြီးရောက်နေတယ်ပေါ့။ ဒီတော့ ကျွန်တော်က ပရိသတ်ကိုမင်းသားကြီးရောက်နေလို့ ကျွန်တော်နားပါ့မယ်။ နားရမလားလို့ မေးလိုက်တယ်။ ပရိသတ်က မနားပါနဲ့။ ကိုလွှမ်းမိုးဆက်ဆိုပါ။ စိုးစိုး ဆိုပါဆိုပြီး ဝိုင်းအော်ကြတာ။ ဒီလိုနဲ့ ကျွန်တော် ငါးပုဒ်၊ ခြောက်ပုဒ် ဆိုနေလိုက်သေးတယ်။ ပြီးမှ မင်းသားကြီးဆိုပြီးမှ ကျွန်တော်တစ်ခါ ပြန်ဆိုပေးပါ့မယ်လို့ နှုတ်ဆက်ပြီး လှည့်ဝင်ခဲ့တာ။ အစ်ကိုစဉ်းစားကြည့်စမ်းပါ။ မင်းသားကြီး ဘယ်လိုနေမလဲလို့။ ကျွန်တော် လုံးဝမထင်ဘူး အစ်ကိုရာ။ ငါတော့ ဂိုးပြီဆိုပြီး ဖြစ်သွားတယ်။ မင်းသားကြီးက ပြုံးပြုံးကြီးနဲ့ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး အစ်ကိုမင်းပရိသတ်ပါ။ မင်းသီချင်းတွေ သိပ်ကြိုက်တာပြောရင်း ကျွန်တော့်ပခုံးကိုဖက်ပြီး စင်ရှေ့ပြန်ခေါ်တယ်။ ပြီးတော့ 'ကျွန်တော့်ညီကနားချင်ပေမယ့် ကျွန်တော်က နားခွင့် မပေးနိုင်ပါဘူး။ ကျွန်တော်က မောင်လွှမ်းမိုးရဲ့ ပရိသတ်ပါ။ ကဲ. . . ညီလေး ၊ အစ်ကိုကြီးက ညီလေးသီချင်းကို ညီလေးနဲ့ အတူဆိုမယ်ဆိုပြီး ကျွန်တော့်သီချင်းကို ကျွန်တော့်ပုခုံးဖက်ထားပြီး ဆိုသွားတာ ပရိသတ်က

http://swanbros.blogspot.com



လက်ခုပ်တဖြောင်းဖြောင်းပေါ့။ ကျွန်တော်အပြတ်လေးစားသွားတယ် အစ်ကိုရာ။ မင်းသားကြီးရဲ့ သည်းခံနိုင်မှုရော၊ အနုပညာဝါရော၊ ပရိသတ်ကို ထိန်းသွားတဲ့ ပညာရော၊ ကျွန်တော့်ကို စိတ်ရင်းကောင်းကောင်းထားဖို့ ပညာပေးသွားတာပဲလို့ ခံစားလိုက်ရတယ်'

'နောက်တော့ လွှမ်းမိုးဆက်ဆိုသေးလား'

'မင်းသားကြီးက ကျွန်တော့်သီချင်းပြီးတော့ သူ့သီချင်းလေးငါးပုဒ် ဆိုတယ်။ ပြီးတော့ ကျွန်တော့်ညီလေး ဆက်ဖျော်ဖြေပါလိမ့်မယ်ဆိုပြီး အလှည့်ပေးတယ်။ ပရိသတ်က မင်းသားကြီး တစ်ပုဒ်လောက် ဆိုပါဦးလို့ တောင်းဆိုတာကိုပဲ အပြုံးလေးနဲ့ တောင်းပန်ပြီး ကျွန်တော့်ညီလေးရဲ့သီချင်းကို ကျွန်တော်ကိုယ်တိုင်က နားထောင်ချင်လို့ပါ။ သူ့ကို အလှည့်ပေးပါရစေဆိုပြီး နောက်ဆုတ်တာ၊ ကျွန်တော့်ကို ပညာတွေ အများကြီး ပေးသွားတယ်ဗျာ။ အရမ်းလေးစားသွားတယ်'

××× ××× ×××

ဒါက လွှမ်းမိုးပြောပြတဲ့ ဦးဝင်းဦးရဲ့ အကြောင်းပါ။ ပြောခဲ့တဲ့ အဓိပ္ပါယ်ကတော့ ဒီအဓိပ္ပါယ်ပါပဲ။ သုံးနှုန်းခဲ့တဲ့ စကားလုံးတော့ ကွဲပြားနိုင်ပါတယ်။ မင်းသားကြီးရဲ့ နည်းပညာ၊ အတတ်ပညာ၊ စိတ်သဘောထား အားလုံးဟာ ကျွန်တော်တို့စိတ်နဲ့တိုက်ဆိုင်တာ ရှိကောင်းမှရှိမယ်။

အကြိုက်ချင်း ကွဲပြားတာ ရှိကောင်းရှိမယ်။ ဒါပေမယ့် မင်းသားကြီး တော်တယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော်တို့ တစ်ညီတစ်ညွတ်တည်း လက်ခံရမှာပါပဲ။

၂၃၊ ၂၊ ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ပေါက်တက်ဝေးနှင့်အင်တာဗျူးခြင်း

မင်္ဂလာပါ. . . .။

စကားစကားပြောပါများ၊ စကားထဲကဇာတိပြဆိုတဲ့ ရှေးမြန်မာလူကြီးများရဲ့အဆိုရှိပါတယ်။ ကံချွန့်ကို သိချင်လို့ ဆိုပြီး မိတ်ဆက်တဲ့သူဟာ ကံချွန်နဲ့ နာရီဝက်လောက် အတူထိုင်မိတာနဲ့ ကံချွန့် အကြောင်းသိသွားတော့တာပါပဲ။လာတုန်းကတော့ 'ဆရာဦးကံချွန်တွေ့ချင်လို့ပါ'ပေါ့ ခင်ဗျာ။ နာရီဝက်လောက် စကားပြောပြီးလို့ ပြန်တော့မယ်လည်းဆိုရော 'ကိုကံ ဂိုးမယ်' ဖြစ်သွားရော။ 'ချွန်'တောင်မပါ တော့ဘူး။ ကံချွန်ပေါ်မှန်းသိသွားတာကိုး။

ပညာရှိများကျတော့ ကံချွန်ရဲ့ အမူအကျင့်နဲ့ ဆန့်ကျင်ဘက်ပါပဲ။ မမေးဘဲ မဖြေဘူး၊ မနာဘဲ မပြောဘူး၊ ဒါကြောင့်လည်း 'ဆိတ်ဆိတ်နေ ထောင်တန်၏' ဆိုတဲ့ စကားရှိခဲ့ဟန်တူပါရဲ့။ အဲဒီစကားပြောခဲ့ကြစဉ်က ရွှေတစ်ကျပ်သားက လေးငါးကျပ်အချိန်ဖြစ်မယ်ထင်ပါတယ်။ဒါကြောင့် 'ထောင်' ဂဏန်းလောက်ကို တင်စားသုံးခဲ့ဟန်တူပါရဲ့။

စကားပြောလို့သာ ပိုက်ဆံပေးရမယ်ဆိုရင် ကံချွန်ရှာတဲ့ငွေ ကံချွန်ပြောတာနဲ့ကုန်မှာပါ။

စကားများတော့ အမှားပါတတ်တယ် မဟုတ်လား၊

http://swanbros.blogspot.com



ဒါကြောင့်လည်းစကားများများ မပြောဖို့ အမျိုးမျိုးသတိပေးခဲ့ကြတာပါ။ ထန်းရေမူးတော့ ကျွဲခိုးပေါ်ဆိုတာလည်း မူးလာတော့ ‘စကားပေါ’ လာတဲ့အတွက် ကျွဲခိုးပေါ်ရတာ မဟုတ်လား။ ဒီတော့ မမူးဘဲနဲ့ ပြောရင်လည်း အမှားပါနိုင် ပါတယ်။ ကျွဲခိုး ပေါ်တယ်ဆိုတာကိုက ကိုယ်ခိုးမိတာကို အမှန် အတိုင်း ပြောမိတဲ့သဘောကိုး။ ဒီတော့ စကားပေါရင် အမှား ပါနိုင်သလို အမှန်လည်း ပါနိုင်ပါတယ်။ ဆိုတာ စဉ်းစားမိ ပါတယ်။

အင်တာဗျူးဆိုတာ လူတွေကို စကားမပြောပြောအောင် လုပ်ရတဲ့အလုပ်ပါ။ အင်တာဗျူးတွေမှာ အမှားတွေ ပြောမိတတ်သလို အမှန်တွေလည်း ပြောမိတတ်တယ်။ အဲသလို အမှန်တွေပြောမိတော့မှ ကျွဲခိုးပေါ်ကုန်ရင်တော့ ထိုင်နေရင် အကောင်းသား။ ဗျူးမိမှ ကျိုးမှန်းသိဆိုသလိုဖြစ်ရတာပေါ့ ခင်ဗျာ။ တချို့တော့လည်း တစ်သက်လုံးဖုံးခဲ့သမျှ ဗျူးမိမှပေါ် ကုန်တာလည်းရှိပါတယ်။

ခု ကံချွန်ဟော်တာ့ဝေး ကိုဗျူးပါမယ်။ ချိန်ကွမ်းမိန်ကို ဗျူးမလို့စိတ်ကူးနေတုန်း ချိန်ကွမ်းမိန်ရဲ့ အခန်းက ပြီးသွားလို့ မဗျူးလိုက်ရပါဘူး၊ဟော်တာ့ဝေးဆိုတာကလည်း ကျန်ကျောင်း လိုပဲ ’ဖိုးစွံ’ပါခင်ဗျာ။ သူ့ကို ဝမ်လိန်ကလည်းကြိုက်တယ်။ ဟုန်မေယွမ်ကလည်းကြိုက်တယ်။ မြို့သစ်ဈေးထဲက အပျိုကြီး တုတ်တုတ်ကလည်းကြိုက်တယ်။ လမ်းထိပ်က အပျိုလေး ဂျယ်လီကလည်းကြိုက်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဟော်တာ့ဝေးကို ဗျူးဘို့ ရွေးချယ်လိုက်ရခြင်းဖြစ်ပါတယ်။

http://swanbros.blogspot.com



ဆတ်စလူးစိန်က ဆက်ကော့ဆတ်ကော့နှင့် ဆံပင်တိုနံ့နံ့ကို ခါယမ်းရင်း ဟော်တာ့ဝေးနား ကပ်သွားပါတယ်။ ဟော်တာ့ဝေး က ကံချွန်တို့ဆီက မော်ဒယ်ဂဲလ်လေး စမိုင်းလ်လို ပြုံးပြပါတယ်။

'ကိုဟော်တာ့ဝေးရှင့် ။ အထူးရဲကွန်မင်ဒို ဇာတ်လမ်းတွဲကြီးမှာ ပါဝင်သရုပ်ဆောင်ခွင့်ရတဲ့အတွက် ဘယ်လိုများ ခံစားရပါသလဲ'

'ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတာ လူတွေသတိထားမိစေချင်လို့ဆိုရင် ခင်ဗျားတို့ဆီက သရုပ်ဆောင်တွေဖြေတာနဲ့ တူသွားမယ်နော်'

'အဲဒီတော့ ဘယ်လိုများ ဖြေချင်ပါသလဲ'

'မှုခင်းကျဆင်းရေးအထောက်အကူပြုချင်လို့ ရိုက်တာပါဆိုရင်လည်း ခင်ဗျားတို့ ဆီက သရုပ်ဆောင်တွေနဲ့ တူမယ်နော်'

'ရှင်ကမတူချင်ဘူးလား'

'ကျွန်တော်က ရိုးရိုး ပြောရရင် ခင်ဗျားတို့ ဆီက သရုပ်ဆောင်တွေလောက် မတော်ပါဘူးခင်ဗျာ။ ကျွန်တော့်ကို ဒါရိုက်တာက သဘောကျလို့ ထုတ်လုပ်သူကငှားတာပါ'

'ပညာပေးဇာတ်ကားကြီးရိုက်နေရတယ်ဆိုပြီး မခံစားရဘူးလား'

'ကျွန်တော် အလုပ်လုပ်နေတာလို့ပဲ ခံစားရ ပါတယ်။ ဒါကြောင့် ကျွန်တော်လုပ်တဲ့အလုပ် အကောင်းဆုံးဖြစ်အောင်

http://swanbros.blogspot.com



လုပ်ဖို့ပဲစိတ်ရှိပါတယ်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်တာပါ'

'ရှင့်ကိုယ်ရှင်တာဝန်ကျေတယ်လို့မထင်ဘူးလား'

'အဲဒါက ပရိသတ် သတ်မှတ်ရမှာပါခင်ဗျာ။ ပညာပေး ဇာတ်ကားတော့ရိုက်ပါရဲ့၊ သရုပ်ဆောင်တာက ပေါကြောင် ကြောင်ဆိုရင် ဘယ်လိုလုပ် တာဝန်ကျေတယ်လို့ ပြောရမလဲ။ ကျွန်တော်တို့ကနှစ်ပြားဖိုးလောက်လုပ်ပြီးနှစ်သိန်းဖိုးလောက် မကြွားချင်ပါဘူး'

'ရှင်က ကျွန်မတို့ဆီက သရုပ်ဆောင်တွေကို သရော်တာ လား'

'ဟာ. . အဲဒီလိုတော့ ရန်တိုက် မပေးပါနဲ့ခင်ဗျာ။ ကျွန်တော့်အမူအကျင့်ကို ကျွန်တော်ပြောတာပါ'

'ရှင် ဒီကားရိုက်တဲ့အတွက်ပရိသတ်တွေရဲ့ရင်ထဲ ဘယ်လို ခံစားရမယ်လို့ထင်ပါသလဲ'

'ချိန်ကွမ်းမင်ရဲ့စရိုက်ထက် ကျွန်တော် ပြောင်စပ်စပ်နဲ့ ကပြတာကို ကြိုက်ကြမယ်ထင်ပါတယ်။ ဟော်တာ့ဝေးကိုပေါ့'

'ရဲတွေရဲ့ တာဝန်တွေကိုပိုသိလာလိမ့်မယ်လို့ မထင်ဘူး လား'

'ကျွန်တော်အမှန်အတိုင်း ပြောရရင်တော့ အဲဒီတာဝန် ဝတ္တရားဆိုတာထက်ပရိသတ်ကဝမ်လိန်နဲ့ရမလား၊ဟုန်မေယွမ် နဲ့ရမလားဆိုတာစိတ်ဝင်စားမှာဗျ။ ရှောင်ချန်လေး ကယ်လို့ ရမလား သိချင်မှာ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဂျိမ်းစဘွန်း ကြည့်ရင်းကားမောင်းတာ ကြိုက်လိုက်၊ ငါးမန်းကြီး ကိုက်တာ

http://swanbros.blogspot.com



ကြိုက်လိုက်။ မိန်းမချောလေးတွနဲ့ ချစ်ပြတာ ကြိုက်လိုက် ဖြစ်ခဲ့တာကိုး။ အဲဒီတော့ ငါတို့ တယ်စွမ်းဆောင်ပြ နိုင်ပါလား၊ ငါတို့ဟာတကယ့်တာဝန်ကျေတဲ့သရုပ်ဆောင်ကြီးတွေပါလားလို့ ကိုယ့်ဟာကိုယ် မသတ်မှတ်ရဲပါဘူးခင်ဗျာ'

'ခုလိုရိုးရိုးသားသားဖြေပြတဲ့အတွက် ကျေးဇူးတင်ပါ တယ်။ ပရိသတ်ကိုဘာများပြောချင်ပါသေးလဲရှင်'

'ဘာမှ မပြောချင်ပါဘူး၊ ပရိသတ်ဆိုတာ ကိုယ်ပြောတိုင်း ယုံမယ်ထင်ရင် မှားမှာပေါ့။ ဘယ်ဖြီးလို့ရမှာလဲ။ ပရိသတ် အတွက် တာဝန်ကျေအောင်လက်တွေ့လုပ်ပြမှ လက်ခံတာပါ။ ဘယ်သူဖြစ်ဖြစ် ကိုယ်တာဝန်ကိုယ်ကျေအောင် အကောင်းဆုံး ဖြစ်အောင် လုပ်နေဖို့ပဲ လိုပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

၉. ၃. ၁၉၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## မီးခွက်ထွန်းရှာကြစို့

ပြဿနာဆိုတာ ရှိနေမှနေရထိုင်ရတာ အပျင်းပြေပါတယ်။ ပြဿနာမရှိရင် ရှိအောင်ရှာသင့်ပါတယ်။ ရှာတတ်ဖို့တော့လိုပါတယ်။ ဝမ်ချိုင်းနားရွက်သွား တံတွေးဆွတ်တာမျိုးတော့ မဟုတ်ဘူးပေါ့။ ခါနာအတွက် ဖတ်သီဖတ်သီပြေးလွှားနေကြရတဲ့ စာရေးဆရာအိုများ၊ ဒူးနာခါးနာနဲ့ လမ်းမလျှောက်နိုင်တော့တဲ့ သတင်းထောက်ကြီးများကို သွားတွေ့ပြီး ပြဿနာရှာတာမျိုးပဲဖြစ်သင့်ပါတယ်။

ဘေးကင်းရန်ကင်း၊ အန္တရာယ်ကင်း အချင်းချင်း ဆော်ပလော်တီးရတာက ပျော်စရာကောင်းပါတယ်ခင်ဗျာ။ ပြဿနာရှာတဲ့ဆီမှာ လက်ရှောင်တတ်ဖို့တော့လိုပါတယ်။ ကိုယ်ကနေတတ်ရပါမယ်။

'ဟား. . . ဟိုလိုပြောနေပြီ'

'အဲဗျ . . ဒီလိုရေးပြန်ပြီ'

'ဟောဗျာ . . ထင်တောင်မထင်မိဘူး' ဆိုတာမျိုးနဲ့ ကြားဝင်တတ်ဖို့လိုပါတယ်။ ကိုယ်အတို့အထောင် လုပ်လိုက်တဲ့ ပြဿနာမှာ ကလောင်တွေ တစ်သီတစ်တန်းကြီးပါလာရင် ကိုယ်အောင်မြင်တာပါပဲ။

ကံချွန်ဟာ ပဲမြစ်ပြုတ်ရောင်းနေတဲ့မိန်းမ လုပ်စာကို

http://swanbros.blogspot.com



မှီခိုစားနေရတဲ့ သတင်းထောက်ကြီးတစ်ယောက်ကို သွားတွေ့ပါတယ်။

××× ××× ×××

'မတွေ့တာကြာပြီနော်'

'ကြာ.. ကြာဆိုငါက ဘယ်မှ မထွက်ဖြစ်ဘူးလေ'

'ငယ်ငယ်တုန်းက အကြောင်းတွေပြန်မပြောချင်ဘူးလား'

'မင်းလုပ်စားမလို့လား'

'ဟပ်ဘိုင် ဟပ်ပဲ မောင်ကံချွန်၊ မင်းတို့ ဂျာနယ်မှာ ဆောင်းပါးရေးရင် တစ်ထောင်တော့ရမှာ။ ငါ့ ငါးရာ ခုပေး။ ပြောပြမယ်'

'ခင်ဗျားက ငွေစကားပြောတာလား'

'ဟင်း ... တွေ့လား။ အံတိုနေပြီ။ နှစ်ချောင်းက နှုတ်ထားတာ။ သုံးချောင်းက ပိုးစားထားတာ။မင်းတို့လုပ်စားနေတာတွေကြည့်ပြီး တော်တော့်ကို စိတ်ကုန်တယ်'

'ခင်ဗျားငယ်ငယ်ကတည်းက လုပ်စားခဲ့တာပဲ မဟုတ်လား'

'တို့လုပ်စားတာကပညာပါတယ်ကွ'

'ဘယ်လိုပါတာလဲ'

'သိချင်ရင် ငါးရာထုတ်ပါကွာ။ ကြွက်ကကြောင်ကိုလာပြီး နှုတ်ခမ်းမွှေးလည်းရိတ်ချင်သေးရဲ့၊ နှုတ်ခမ်းမွှေးရိတ်ခလည်း တောင်းချင်လို့တော့မဖြစ်ဘူးလေ။ ကြောင်ဆိုတာနှုတ်ခမ်းမွှေး

http://swanbros.blogspot.com



နဲ့မှ တင့်တယ်တာကွ။ ကြောင်နှုတ်ခမ်းမွှေးလိုချင်ရင် ငွေ ပေးမှ ရမှာပေါ့'

'ကဲဗျာ. . ရော့ . .'

'ကောင်းပြီငါဘယ်လိုသတင်းအနံ့ခံခဲ့တယ်။ ဘယ်လိုသတင်းလုပ်ခဲ့တယ်။ ဘယ်လိုရခဲ့တယ်ဆိုတာ ပြောပြမယ်။ သတင်းထောက်တစ်ယောက်ရဲ့ အနိမ့်ဆုံးလုပ်စားနည်းကတော့ မီးလောင်ပြီဆိုရင် ဓါတ်ပုံကို ဖလင်တစ်လိပ်လုံးရိုက်တာပဲ။ အဲဒါဘယ်မှာ မီးလောင်တယ်ကြားကြား သွားဖို့ မလိုတော့ ဘူး။ အဲဒီအလိပ်က တစ်ပုံကူးပေးလိုက်တာပဲ'

'ရိုးလွန်းပါတယ်ဗျာ'

'ဘာကွ. .'

'ဘာကွ လုပ်မနေနဲ့ ငါးရာပြန်ပေး'

'မောင်ကံချွန်ရာ ကျော်ဟိန်းတောင် ဘာကွနဲ့ သိန်းချီရသွားတယ်လို့ ပြောနေကြတာ။ မင်းကငါ့ဘာကွကို ငါးရာတော့ ပေးသင့်ပါတယ်ကွာ'

'ခင်ဗျားက ပြန်ရေးရလောက်အောင်မှ ပြောမပြဘဲ'

'အဲဒါဆို ရေးလို့ရပါတယ် ကံချွန်ရာ ဒီလိုရေးနေကြတာပါပဲ။ တောင်သမန်သွားတာ ဦးပိန်တံတားကြီးတွေ့တာ တို့၊ မြစ်ဆိပ်သွားတာရေတွေတွေ့တာတို့၊ မီးရထားစီးတော့ ဂျုံးဂျုံးဂျက်ဂျက် အသံကြားရတယ်တို့ အဲဒါမျိုးတွေ ဧရာမ စာရေးဆရာကြီးတွေ၊ ဆရာမကြီးတွေကိုက ရေးနေတာပါ။ မြင်တာ၊ တွေ့တာ ပြန်ရေးတာ ကတော့ အလယ်တန်း

http://swanbros.blogspot.com



ကျောင်းသားလေးတွေ လုပ်ရှာပါစေကွာ။ အဲဒီမှာ နာမည်ရ ဆရာကြီးတွေက မြင်တာ တွေ့တာ တွေကို အခြေခံပြီး သူတို့ ဘာခံစားရသလဲ၊ ဘာတွေဖြစ်စေချင်သလဲ၊ ဘယ်လို ထင်မြင်ချက် ပေးချင်တာလဲ၊ သူတို့ရဲ့ အာရုံစူးစိုက်မှုဘယ်လောက် နက်ရှိုင်းသလဲ၊ ဖတ်တဲ့သူကို ဘယ်လိုကျေနပ်မှုပေးချင်တာလဲ။ မြင်တာ တွေ့တာ ရေးနေတာနဲ့ တာဝန်ကျေ ပြီလား၊ ဟင်း. . အဲဒါမျိုးကို ဖတ်ရတာတော့ ပျင်းတောင်ပျင်းသေး မောင်ကံချွန်ရာ'

'ငါးရာသာပြန်ပေးပါဗျာ။ ခင်ဗျားပြောတာတွေလည်း မရေးတော့ပါဘူး'

'ရေးပါကွ၊ စာကလေးက သိန်းငှက်လို၊ လင်းယုန်လို မပျံနိုင်တာ အကြောင်းမဟုတ်ဘူး၊ သိန်းငှက်တွေက၊ လင်းယုန်တွေက စာကလေးလိုပျံနေရင် အကြည့်ရဆိုးလို့ပါ။ ဂျာနယ်တွေထဲမှာ စာကလေးတွေ ခုန်ဆွခုန်ဆွ ပျံပြနေတာ ပျံပါစေ။ ကြည့်လို့ရပါတယ်၊ လင်းယုန်တွေ၊ သိန်းငှက်တွေက ဝင်ပြီး ခုန်ဆွခုန်ဆွ လုပ်နေရင်တော့ တာဝန်မဲ့တာပဲ။ ရေးသင့်ရေးထိုက်တာတွေ ရေးပေါ့။ စာဖတ်သူအကျိုးရှိမယ့် ဟာတွေ အသိဉာဏ်တိုးမယ့်ဟာတွေ၊ ကိုယ့်ကလောင်ရဲ့ သိက္ခာကိုတော့ ကိုယ်ထိန်းပေါ့ကွာ။ အနုပညာရသကို ဆိမ့်အီနေအောင်ပေးမှာလား၊ ဒါမှမဟုတ်၊ အမြင်မတော်တာကို မီးမောင်းထိုးပြမှာလား။ ဒါမှမဟုတ် စာဖတ်သူတွေ တိုးတက်ဖို့ စီးပွားရေး လူမှုရေး၊ ပညာရေးအတွက် အထောက်အကူပြုတဲ့

http://swanbros.blogspot.com



စာမျိုးတွေရေးမှာလား၊ တစ်ခုခုတော့ ပေးစေချင်တယ်လေ'

'ခင်ဗျားပြောတာနဲ့ ကျွန်တော်တောင်ရေးရမှာ လက်တွန့်လာပြီ'

'အံမာမာ . . ကြီးကျယ် လိုက်တဲ့ကောင်။ မင်းကို လူတွေက ရယ်ရလို့ အပျင်းပြေသဘော ဖတ်နေတာပါကွာ။ မင်းပေါက်တက်ကရရေးလို့လည်း ကိစ္စမရှိပါဘူး၊ မင်းက နှုံပြည်စုတ်ပါ။ မင်းကိုသတိတော့ ပေးလိုက်မယ်။ မင်းကြီးကြီး ကျယ်ကျယ်တွေသာမရေးနဲ့။ မင်း ကြီးကြီးကျယ်ကျယ် ရေးရင် လည်း သိန်းငှက်လို၊ လင်းယုန်လိုတော့ ဖြစ်လာမှာမဟုတ်ဘူး။ လဒ(ငွှင်းတ)ပဲဖြစ်မှာပဲ။

'တော်ပြီဗျာ သွားမယ်'

'ဟား . . . ဟား . . . ဟား . . . ငါးရာချိုသကွာ'

၁၆. ၃. ၁၉၉၉
အလင်းတန်းဂျာနယ်

## သတင်းထောက်အိုကြီးနှင့် ဗျူးခြင်း

ကံချွန်ဟာ မန္တလေးမှာ နေသူပါ။ ကံချွန်ရဲ့ နီးနားဝန်းကျင်မှာ ယနေ့သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းလောကရဲ့ စာနယ်ဇင်းသမားများ။ ယနေ့ ဂီတ၊ ရုပ်ရှင်၊ ဇာတ်သဘင်၊ ဗီဒီယိုလောကရဲ့ အနုပညာရှင်များ မရှိပါဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ သာစေ နာစေဆိုတဲ့ဆန္ဒလည်း မရှိပါဘူး။

နေရတာက မြို့သစ်မှာ။

တွေ့ရကြုံရ ပြောရတာဆိုလို့ သတင်းထောက်အိုကြီး တစ်ယောက်သာရှိပါတယ်။ ရှေးသတင်းထောက်ကြီး ဆိုပါတော့။ ကံချွန်ဟာ သူရဲ့စကားပြောဖော်မို့သူ့ကို 'ဗျူးခဲ့' သမျှ ပြန် 'ဖြီး' ပြချင်ပါတယ်။ သတင်းထောက်အိုကြီး ပြောတာတွေထဲမှာတော့ ဖြီးတာ မပါပါဘူး။ ကံချွန်ပြန်ရေးတဲ့ ဆီမှာသာ (ရိုးသားစွာပြောပါ့မယ်) ဟိုဟာချန်၊ ဒီဟာချန်နဲ့ စကားဆက်မိအောင် ကိုယ့်ဟာကိုယ် ဖြီးထည့်တာတွေ ပါသွားပါတယ်။

မျက်စောင်းပေါင်းသောင်းခြောက်ထောင်ရဲ့ ပတ်မှတ်ကလွတ်အောင် ဖြီးရတာမို့ ခွင့်လွှတ်ကြပါကုန်။

××× ××× ×××

http://swanbros.blogspot.com



'ဘယ်က လှည့်လာတာလဲ'

'ခင်ဗျားကို သတိရလို့'

'တော်ပါကွာ။ အသက်ကြီးကာမှ ပြုတ်သီးခြောက်နဲ့ ပေါင်းမိတဲ့ကြက်သွန်ဥ မဖြစ်ချင်တော့ပါဘူး'

'ဘာလဲဗျ'

'ကြက်သွန်ဟာ သူ့ဟာသူ နေရင် ခားနဲ့လှီးခံရတာ လောက် ပဲ ရှိမယ်လေ။ ပြုတ်သီးခြောက်နဲ့ပေါင်းမိရင် အမှုန့် ဖြစ်အောင်အထောင်းခံရတော့မှာ'

'ခုလို ရှင်းရှင်းပြောမှ ရေးတေးတေး သဘောပေါက်သွား တယ်ဘာလဲခင်ဗျားကဒီနေ့ကျွန်တော်တို့စာနယ်ဇင်းသမားတွေကို အထင်သေးတာလား'

'အထင်မသေးပါဘူး မောင်ရာ။ အထင်မကြီးတာပါ'

'ခင်ဗျားအမြင်က'

'ကိုယ်သိသလောက် မြင်သလောက်နဲ့ ရေးနေပြောနေ ကြတယ်လို့ မြင်တာပဲ။ စာနယ်ဇင်းသမားဆိုတာ ကိုယ်သိသင့် သလောက်၊ မြင်သင့်သလောက် သိအောင်မြင်အောင် ကြိုးစား ပြီးမှ ရေးရတာကွ။ သိသင့်သလောက်ထိ မလေ့လာဘဲ သိသလောက် နဲ့ ရေးနေကြတော့ မမှားသင့်တာတွေ မှားကုန် တာပေါ့ကွာ။ မှတ်ထားကွ။ မမှားသင့်ဘဲ မှားတာဟာ အရုပ်ဆိုးတယ်။ မှားသင့်လို့ မှားတာကို စာဖတ်သူက ခွင့်လွှတ် တယ်။ အတွေးအခေါ် အယူအဆ မှားတာကျတော့ ပိုဆိုးတယ်'

http://swanbros.blogspot.com



'ပြန်တော့မယ်ဗျာ'

'မပြန်နဲ့ဦး'

'ခင်ဗျား ဘာတွေဆက်ပြောမယ်ဆိုတာ ကျုပ်သိတယ်'

'မရဘူး မောင်ကံချွန်။ မင်းငါ့ကို ဆွတုန်းက ဆွပေးပြီး ပြီ။ ထိုင်၊ မင်းတို့ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထဲမှာ ရေးနေတာ တွေ မကြာခဏ တွေ့နေရတာ တစ်ခုရှိတယ်။ အဲဒါကတော့ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ အောင်မြင် သွားရင် အောင်မြင်နေရင် မင်းတို့ စာနယ်ဇင်းသမားတွေကို ဂရုစိုက်တယ်၊ ဂရုမစိုက်ဘူး ဆိုတဲ့ ပြဿနာ'

'ဟုတ်တယ်လေ'

'ဟုတ်တယ် မဟုတ်လား။ ငါမငြင်းပါဘူး။ ငါ သတိပေး ချင်တာက မင်းတို့ စာနယ်ဇင်းတွေက ရေးပေးလိုက်ရင် အောင်မြင်သွားရောလား။ မင်းတို့ ဝိုင်းရေးပေးပြီးတစ်ခွေ တည်းနဲ့မြုပ်သွားတဲ့ တေးသံရှင်တွေ၊ တစ်ကားတည်းနဲ့ ပျောက်သွားတဲ့ မင်းသား၊ မင်းသမီး သရုပ်ဆောင်တွေ မရှိဘူးလား'

'ဒါကတော့ဗျာ'

'မဗျာပါနဲ့ကွာ။ အောင်မြင်သွားတဲ့ လူတွေဟာ မင်းတို့ ဝိုင်းရေးပေးလို့ အောင်မြင်တာမဟုတ်ဘူး။ မင်းတို့ ရေးပေး တာနဲ့ သူတို့ရဲ့ အရည်အသွေးပေါင်းမိလို့ပဲ။ ဘယ်လောက်ပဲ ရေးပေးပေး အနုပညာ အရည်အသွေးမရှိရင် မအောင်မြင်ပါ ဘူး။ ငါတို့ရေးပေးလို့ဆိုတဲ့ အစွဲကြီး ဖြုတ်စေ ချင်လို့ ဒီစကား

http://swanbros.blogspot.com



ပြောတာပါကွာ။ ဒီမယ်၊ အောင်မြင်တဲ့သူ နောက်မအောင်မြင်သေးတဲ့သူက လိုက်ရတာဟာ ထုံးစံပါကွာ။ သဘာဝပါ။ အဲသလို လိုက်ရတဲ့အတွက် ဘာခံစားမှုမှ မွေးဖို့ မလိုပါဘူး။ ကိုယ်မလိုက်ချင် မလိုက်နဲ့ပေါ့။ လိုက်ခြင်း၊ မလိုက် ခြင်းကို ပြဿနာကြီးလုပ်ပြီး ပြောနေ၊ ရေးနေစရာလည်း မလို ဘူးကွ။ ဘာ နာရီကြည့်တာလဲ'

'ညှော်သည် ချိန်းထားလို့'

'ချိန်းထားရင်ဖျက်ကွာ။ ဒီမယ် တကယ်စာနယ်ဇင်းသမားပီသရင် သစ်သစ်၊ ဟောင်းဟောင်း သူ့မှာအရည်အသွေး ရှိရင် ရေးပေါ့။ ဒီမယ် ငါမေးမယ် မင်းဖြေ။ တိုက်တဲန်နစ် ဇာတ်ကားထဲက မင်းသားလေး လီယိုနာဒို က မင်းတို့ကို သူ့မွေးနေ့များဖိတ်ဖူးသလား။ ဘာလို့ မင်းတို့ သူ့အကြောင်း ရေးနေကြတာလဲ။ တိုက်တဲန်နစ်ဇာတ်ကား ဒါရိုက်တာကရော မင်းတို့ကိုများဇာတ်ကားကန်တော့ပွဲပေးတုန်းက ကြွပါလို့ ခေါ်သလား'

'ဟာဗျာ'

'ဒီမှာ ကံချွန်။ တကယ်တော့ တို့ဟာ သေးသေးလေးတွေပါကွာ။ တို့ရေးနေတဲ့ လူတွေရော၊ ရိုက်နေတဲ့ လူတွေရော ဆိုနေတဲ့ လူတွေရော ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့အလုပ် စေတနာသန့်သန့်လေးနဲ့ လုပ်နေကြရင် တို့အနုပညာလောက ကြီးလှပနေမှာပေါ့။ တို့လောကကြီးထဲမှာ အသိဉာဏ်ရှိတဲ့ သူတွေပါနိုင်သလို အသိဉာဏ်နည်းသူတွေလည်း ပါမှာပဲပေါ့။ ရုပ်ရှင်သရုပ်ဆောင်လောကမှာ အသိဉာဏ်နည်းသူတွေ

http://swanbros.blogspot.com



ရှိနိုင်သလို တို့စာနယ်ဇင်းသမားဆိုတဲ့ လူတွေထဲမှာရော မရှိဘူးလို့ အာမခံလို့ရမလား။ တို့စာနယ်ဇင်းသမားတွေထဲ ကအသိဉာဏ်နည်းတဲ့ သရုပ်ဆောင်ကို အထင်သေးသူရှိသလို အသိဉာဏ်ရှိသူ သရုပ်ဆောင်တွေထဲကလည်း တို့စာနယ်ဇင်း သမားထဲက အသိဉာဏ်နည်းသူကိုတော့ အထင်သေးမှာပေါ့။ ကိုယ့်တစ်လောကတည်းသားချင်း အပြန်အလှန် သည်းခံနိုင်ဖို့ မုဒိတာပွားနိုင်ဖို့ ကြိုးစားသင့်ပြီကွာ။ ငါမျက်စိနောက်လာလို့ ပါ။ မအောင်မြင်ခင်ကတော့ ရေးပေးခဲ့ရပြီး အောင်မြင်သွား တော့ မာနကြီးတယ် ဘာညာနဲ့ ခုအောင်မြင်နေတဲ့လူတွေ ဟာ 'ငါရေးပေးလို့ အောင်မြင်တာလား' ဆိုပြီး ကိုယ့်ကိုယ် ကိုမေးကြည့်။ ပြီးတော့ငါတို့ရေးပေးတဲ့သူတိုင်းရော အောင်မြင် သလားဆိုပြီး စဉ်းစား'

'ဟုတ်ပါပြီ ၊ ဟုတ်ပါပြီ'

'အမှန်ကတော့ အားလုံး ကိုယ့်အလုပ်ကိုယ်လုပ်နေကြ တာပါကွာ။ တွေ့၊ မေး၊ ရေးတယ်ဆိုတာကိုက ကိုယ့်အလုပ် ကိုယ်လုပ်တာပါ။ သူ့အတွက် လုပ်ပေးနေတာ မဟုတ်ပါဘူး။ အဲသလို မွေးနေ့တို့၊ တိုက်တက်တို့၊ မင်္ဂလာတို့ ဖိတ်တယ်ဆိုတာ ကလည်း သဘောကောင်းလွန်းလို့ စာနယ်ဇင်းသမားတွေရဲ့ ကျေးဇူးသိတတ်လွန်းလို့ မထင်ပါနဲ့။ သူတို့ လုပ်သင့်တာ သူတို့ လုပ်နေတာပါ။ ဒီတော့ အပြန်အလှန် လေးစားမှုလေးရှိရင် ကောင်းမယ်ကွာ'

http://swanbros.blogspot.com



'ကျွန်တော်ပြန်တော့မယ်'
'ပြန်၊ ငါလည်း နည်းနည်းရင်ထဲပေါ့သွားပြီ'

၃၀. ၃. ၉၉
အလင်းတန်းဂျာနယ်

# လုရီနှင့်အင်တာဗျူးခြင်း

မင်္ဂလာပါ. . . . . .

ကျွန်တော်တို့ မြန်မာစကားမှာ မြန်မာများနဲ့ ရင်းနှီးနေတာကတော့ နှစ်ကိုယ့်တစ်စိတ်ဆိုတဲ့ စကားပါ။ ဒါပေမယ့် ခု ကျွန်တော်ရေးပြချင်တာက တစ်ကိုယ့်နှစ်စိတ်ပိုင်ရှင်နဲ့ အင်တာဗျူးခဲ့တဲ့အကြောင်းပါ။ အထူးရဲကွန်မန်ဒို ဇာတ်လမ်းတွဲကြီးကို ကြည့်ခဲ့စဉ်က 'လုရီ' ဆိုတဲ့လူဆိုးကို ကြည့်ရင်းရွံကြောက် ဖြစ်ခဲ့ရပါတယ်။ အပြင်မှာသာ ဇာတ်က, ပြောင်းဖူးရိုးနဲ့ အထုခံရမယ့် လူဆိုးမျိုးပါပဲ။ တကယ်တော်တာပါ။

ဟော . . . ခု

'ကျောက်စိမ်းလက်ကောက်ပါရင်သတိထား' ဇာတ်လမ်းတွဲမှာ (သုံးလေးပိုင်းပဲ ကြည့်ရပါသေးတယ်) စကြည့်ကတည်းက ကံချွန်တော်တော်အံ့ဩသွားတယ်။ 'လုရီ' ဟာ 'ကိုလေးဇင်' ဆိုတဲ့နာမည်နဲ့ ဟာသ သရုပ်ဆောင် ဖြစ်နေလို့ပါ။ လုရီရဲ့စိတ်ဓာတ်နဲ့ ကိုလေးဇင်ရဲ့စိတ်ဓာတ်ဟာ လုံးဝခြားနားနေလို့ တစ်ကိုယ့်နှစ်စိတ်ပိုင်ရှင်လို့ ကျွန်တော်တင်စားလိုက်တာပါ။ သရုပ်ဆောင်တာပိလွန်းလို့ပါ။

ကျွန်တော်တို့ဆီမှာ 'လူကြမ်း' ဖြစ်သွားသူဟာ သက်ကြီးရွယ်အိုခေတ်ထိ လူကြမ်းပဲလုပ်သွားကြရတာပါ။ ဟာသ

http://swanbros.blogspot.com



သရုပ်ဆောင်ကိုလည်း ဘယ်သူကမှ လူကြမ်းလုပ်ဖို့ မခေါ်ပါဘူး။ ကံချွန်တစ်ဆက်တည်း တွေးမိပါတယ်။ ခေါ်ရင်ကော . . . လုပ်နိုင်ပ့ါမလား။

စဉ်းစားစရာပါ။

ပရိတ်သတ်က လက်မခံတာလား။

ဒါရိုက်တာက မငှားတာလား။ မသုံးတာလား။

သရုပ်ဆောင်က မလုပ်နိုင်တာလား။

စဉ်းစားကြည့်ပါ။ ကံချွန်တော့ ကောက်ချက်မချတတ်ပါဘူး။ကံချွန် လုရီကို စိတ်ကူးနဲ့ ဗျူးကြည့်ပါတယ်။ ကျွန်တော့် စိတ်ကူးနဲ့ ဗျူးသမျှကို ဒီလိုဖြေတန်ကောင်းရဲ့ ဆိုပြီးဖြီးလိုက်ရပါကြောင်း။

မင်္ဂလာပါ မစ္စတာလု။

မင်္ဂလာပါခင်ဗျာ။ ခုလို ဆရာချွန်ကိုယ်တိုင် လာတွေ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဘာများကူညီရမှာလဲ။

မစ္စတာလုကို နည်းနည်းမေးစရာလေးရှိလို့ပါ။

များများမေးပါ။

မစ္စတာလု သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ဘယ်လိုကြိုးစားပါသလဲ။

ကိုယ်သရုပ်ဆောင်မယ့် ဇာတ်ကောင်မျိုးဟာ ဘယ်လို အမူအကျင့်တွေ ရှိနိုင်မလဲ ဆိုတာ ပထမစဉ်းစားပါတယ်။ ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်ရဲ့စရိုက်အလေ့အထ ကို

http://swanbros.blogspot.com



မှန်းဆလို့ရပြီး ကိုယ်က အဲသလိုလိုက်လုပ်လို့ ရမှာကိုး။ ဒါကြောင့် ကျွန်တော်သရုပ်ဆောင်ရမယ့် ဇာတ်ရုပ်ရဲ့ စရိုက်ကို အရင်သိအောင် လေ့လာပြီးမှ သရုပ်ဆောင်ပါတယ်။

အဲသလိုမလေ့လာဘဲ ဇာတ်ညွှန်းကို ဖတ်ကြည့်ပြီး ဒါရိုက်တာ သင်ပေးတဲ့အတိုင်း လုပ်ရင်ဘာဖြစ်မလဲ။

လုရီရဲ့အမူအယာမျိုး၊ ဒါမှမဟုတ် ဒါရိုက်တာရဲ့ အမူအယာ မျိုးပဲဖြစ်မှာပေ့ါ။ လူဆိုးလုရီ၊ မန်နေဂျာလုရီ၊ ဒေါက်တာလုရီတွေလေ။ မလေ့လာဘဲနဲ့ ရကိုမရပါဘူး။ ဒေါက်တာချင်း အတူတူတောင်မှ ဒေါက်တာတစ်ယောက်မှာ အမူအကျင့်တစ်မျိုးဆီ ကွဲပြားနေသေးတာ။ စိတ်ထားတစ်မျိုး စီကွဲပြားနေသေးတာ။ ဒါကြောင့် ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ရုပ်ရဲ့ အမူအကျင့်ကို ကိုယ့်အာရုံထဲ ပုံဖော်လို့ရပြီးမှ ကိုယ်ဟာအဲဒီဇာတ်ရုပ်နေရာ အစားဝင်လို့ ရမှာပါ။ စာရေးဆရာဟာ သူ့ဇာတ်ကောင်ကို ဘယ်လိုအမူအကျင့်မျိုးရှိလို့ ခုလို တွေဖြစ်ပျက်နေရတယ်ဆိုပြီး ဇာတ်အိမ်တည်ခဲ့တာပဲ။ စာရေးဆရာစိတ်ကူးထားတဲ့ ထင်ဟပ်ထားတဲ့ ဇာတ်ကောင်ရဲ့ အမူ အကျင့်စရိုက်ကို ကိုယ်မသိရင် အဲဒီဇာတ် ပျက်မှာပဲ။ သည်းခံတတ်တဲ့ လူတစ်ယောက် ကြုံတွေ့ဖြစ်ပျက်နိုင်တာနဲ့ ပျော်ပျော် နေတတ်တဲ့ လူတစ်ယောက်ကြုံတွေ့ဖြစ်ပျက်နိုင်တာ မတူဘူးလေ။ အမူအကျင့်ကွဲပြားရင်ကြုံတွေ့ဖြစ်ပျက်ရတာတွေလည်းကွဲပြားမှာပဲ။ အဲဒီအချက်ကို သတိမထားဘဲ၊ မလေ့လာဘဲ သရုပ်ဆောင်ရင် ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်နဲ့ သည်းခံတတ်တဲ့

လူတစ်ယောက်ရဲ့ အဖြစ်အပျက် ပေါင်းပေး လိုက်သလို ဖြစ်မှာပေါ့။ ဘယ်လိုမှ သဘာဝမကျနိုင်တော့ဘူး။

ကျေးဇူးတင်ပါတယ် မစ္စတာလု။ ခုလိုဖြေပေးတဲ့အတွက်။ ဟာသ သရုပ်ဆောင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုကိုရော ပြောပြပါဦး။

ဟာသလုပ်ရမယ့်ဆီမှာလည်း ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ရုပ်က ဘယ်လိုအမူအကျင့်စရိုက်ရှိပြီး ပျော်ပျော်နေတတ်တာလဲ။ ဘယ်လိုအမူအကျင့်စရိုက်ရှိမှ ဒီအဖြစ်အပျက်မျိုးတွေဖြစ်လာမှာလဲ။ တချို့က သူများကို စရ၊ နောက်ရ ပြောင်ရမှပျော်တာ။ တချို့က ကိုယ့်ကိုယ်ကို ကို့ရို့ကားယား ဝတ်ပြီး လုပ်ပြီးပျော်တာ။ ပျော်ပုံပျော်နည်းက အများကြီးပါ။ အဲဒီပျော်ပျော်နေတတ်တဲ့သူရဲ့အမူအကျင့်ကလည်းကွဲပြားသေးတယ်။ အဲဒီကွဲပြားတဲ့အမူအကျင့်ပေါ် မူတည်ပြီး ဇာတ်လမ်းက ဖြစ်ပျက်ရမှာ။ ဟာသ သရုပ်ဆောင်ချင်လည်း လေ့လာရမှာပဲ။ မလေ့လာဘဲနဲ့တော့ မရပါဘူး။ ပြူးပြဲ ပြဲပြတိုင်း ရယ်ရတယ်မှတ်နေရင် မှားမှာပေါ့။ ပျော်တတ်တဲ့ ရှေ့နေကြီး တစ်ဦးဟာ ပျော်တတ်တဲ့ကားဆရာတစ်ယောက်နဲ့ တော့ အမူအကျင့်ချင်း တူမှာမဟုတ်ပါဘူး။

သရုပ်ဆောင်ရတဲ့အထဲမှာ ဘယ်လိုဇာတ်ရုပ်က ခက်သလဲ။

အကုန်ခက်တာပါပဲ။ ကိုယ့်အမူအကျင့်မဟုတ်တာကို တူနေအောင် လုပ်ပြရတာကိုး။ အဲ . . . ပရိတ်သတ်အတွက်

http://swanbros.blogspot.com



ကတော့ ဟာသဇာတ်ရုပ်မှာ သရုပ်ဆောင်လိုက်လို့ ညံ့သွားရင် ချက်ချင်းသတိထားမိနိုင်တယ်။ ဒါကြောင့် တချို့က ဟာသက ပိုခက်တယ်လို့ထင်နေတာ။ ခက်တာတော့ အားလုံးခက်တာပါပဲ။

သရုပ်ဆောင်တဲ့ဆီမှာ ဟာသနဲ့ ပတ်သက်ပြီး ထပ်ခွဲသင်ထားတာ ရှိသေးလား။

ရှိတာပေါ့။ ဟာသအဖြစ်အပျက်က ဇာတ်လမ်းကရယ်ရတာရှိတယ်၊ အမူအကျင့်လုပ်ရပ်က ရယ်ရတာရှိတယ်။ ဘယ်အပေါ်မှာအဓိကအားပြုသလဲဆိုတာ ခွဲကြည့်ရသေးတယ်အမူအကျင့် လုပ်ရပ်က ရယ်ရတာမျိုးကျတော့ ဇာတ်ကောင် စရိုက်ပိုပြီးပီဖို့လိုတယ်။ အဖြစ်အပျက်ဇာတ်လမ်း နဲ့ဆွဲခေါ်သွားမယ့် ဟာသမျိုးကတော့ သရုပ်ဆောင်ရတဲ့လူ နည်းနည်းအသက်ရှုချောင်တာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ဇာတ်ကောင်စရိုက် ပီအောင် လုပ်နိုင်ဖို့ကတော့ သရုပ်ဆောင်ရဲ့ တာဝန်ပဲ။

မလုပ်နိုင်ရင် . . . . ။

ဒါရိုက်တာမှာ တာဝန်ရှိသွားပြီ။ ဇာတ်ရုပ်ချတာ မှားလို့ပေါ့။ ဘယ်ဇာတ်ကောင်နေရာ ဘယ်သူသရုပ်ဆောင်ရမယ်ဆိုပြီးဇာတ်ရုပ်ချကတည်းကအဲဒီဇာတ်ရုပ်ကိုအဲဒီသရုပ်ဆောင်ပီအောင်လုပ်နိုင်ပါ့မလားဆိုတာ ဒါရိုက်တာက သိထားရမှာပေါ့။

ဟုတ်ကဲ့ . . . ။ ခုလိုဆွေးနွေးခွင့်ရတာ ကျေးဇူးတင်ပါတယ်။ မစွတာလုဆီက ပညာတွေအများကြီးရပါတယ်။

http://swanbros.blogspot.com



ကျွန်တော့် ဘဝ ရှေ့ရေးအတွက်ပါ ဆုံးဖြတ်လို့ရသွားပါပြီ။

ဘယ်လိုပါလိမ့် . . .။

ဒါရိုက်တာမလုပ်သင့်ဘူးဆိုတာ။

ဘာလို့ . . . .။

ဟာ . . . ကျွန်တော်တို့ဆီမှာ သရုပ်ဆောင်တွေက ကိုယ်သရုပ်ဆောင်မယ့်အမျိုးအစား မှတ်ပုံတင်ထားရတယ်ဗျ။ ဘယ်တော့မှ မပြောင်းလဲဘူး။ ပုံသေပဲ။ ဒါကြောင့် ဇာတ်နဲ့ လိုက်ဖက်တဲ့ မင်းသား၊ မင်းသမီး သရုပ်ဆောင်ရှာရိုက်လို့ အရဘူး။ သရုပ်ဆောင်များနဲ့လိုက်ဖက်တဲ့ ဇာတ်ရှာရတာ။ ခင်ဗျားမေးမိတာမှားပါတယ်။ ခင်ဗျားပြောတာတွေဟာ ကျွန်တော်တို့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ ကဲ . . . ခင်ဗျား စာဖတ်ပရိတ်သတ်ကို ဘာများပြောချင်ပါသေးသလဲ။

ကျွန်တော် ပရိတ်သတ်က ပြောတာကိုပဲ နားထောင်ချင် ပါတယ်။

၃၀. ၃. ၉၉

အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ဗျူးထိုက်လို့ဗျူးရတော့မယ်

ကံချွန်ဟာ လုရိကို အင်တာဗျူးပြီးတဲ့နောက်မှာ ဘယ်သူ့ ဆက်ဗျူးရပါ့မလဲလို့ စဉ်းစားနေတုန်း သတင်းထောက်အိုကြီး ဟာ ကံချွန်ရဲ့ ဂေဟာအပေါက်အဝ ရောက်လာပါတယ်။

'ဟေ့ကောင် ကံချွန်'

'ဟာ . . . ခင်ဗျာ'

'မင်းမလာလို့ လိုက်လာတာ'

'ဖြစ်ရိုးဖြစ်စဉ်နဲ့တော့ ကွဲလွဲနေပြီ။ အိမ်ခေါင်းထဲက အိမ့် ပြင်မထွက်တဲ့လူက ဘာကိစ္စလိုက်လာရတာလဲ။ သွေးရိုး သားရိုး မှ ဟုတ်ရဲ့လား'

'မင်း ငါ့ကို အင်တာဗျူးစေချင်သေးလို့'

'ကျွန်တော်က မဗျူးချင်တော့ဘူး'

'ဗျူးပါကွာ။ ဒီတစ်ခါ ငါးရာပေးဖို့ မလိုပါဘူး'

'ဒါဆိုရင်တော့ ဗျူးမယ်လေ'

'မင်း ကြီးပွားဦးမှာပဲ'

'ဟာ. . . ကံချွန်လည်း လုပ်စားလာတာကြာပြီပဲ။ အံမတို သေးပေမယ့် နည်းနည်းတော့ နိမ့်နေပါပြီ။ ကဲ . . . ဗျူး ထိုက်လို့ ဗျူးရတော့မယ်။ ကံချွန့်ကုသိုလ် ချွန့်ကုသိုလ်ပေါ့ ဗျာ'

'ဟုတ်ပြီ . . . သဘောတူပြီဆိုရင် မင်းက ငါ့ကိုမေးကွာ။

http://swanbros.blogspot.com



သတင်းထောက်ဟောင်းကြီးအနေနဲ့ ဒီနေ့ ဘယ်လို ပြဿနာတွေကိုများ အာရုံစူးစိုက်မိသလဲလို့’

‘မေးပါပြီတဲ့ဗျာ’

‘ကောင်းပြီ။ ငါဖြေမယ်။ နှစ်ဦးပိုင်းတုန်းက မန္တလေးမှာ ပုဂ္ဂလိက ဘော်ဒါတစ်ခုကနေပြီး နိုင်ငံခြားသားတစ်ဦးငှားလို့ ဂျာနယ်သင်တန်းကြီးပေးမယ်ဆို လုပ်လိုက်သေးတယ်လေ။ တချို့က မန္တလေးက စာရေးဆရာများ အဲဒီနိုင်ငံခြားသားဆီ သွားပြီး တပည့်ခံလိုက်ကြပါသေးရောလား’

‘ဟာဗျာ ... နှစ်စက ကိစ္စ ခုမှ’

‘ငါပြောမှာ ဆုံးအောင်နားထောင်’

‘လုပ်တဲ့သူက ... စေတနာ ...’

‘တော်တိတ် ... လုပ်တဲ့သူရဲ့စေတနာကို စော်ကားမလို့ မဟုတ်ဘူး။ စနစ်တကျနေ့ာင်လုပ်နိုင်အောင်လို့ သတိပေးမလို့ကွ။ ဆရာဆိုတာ အနန္တောအနန္တငါးပါးထဲမှာ ပါတယ်။ ငါတို့ ဆရာတော်ရမယ့်လူဟာ ဆရာ ဖြစ်ထိုက်ရဲ့လားဆိုတာတော့ ကြိုသိသင့်တာပေါ့ကွ။ နိုင်ငံခြားသားက သင်မယ်ဆိုတာနဲ့ အထင်ကြီးရတော့မှာလား။ အဲဒီပုဂ္ဂိုလ်က ဘယ်တက္ကသိုလ်က ဆရာလဲ၊ ဘယ်သတင်းစာတိုက်၊ ဂျာနယ်တိုက်မှာ ဘယ်လို တာဝန်တွေယူဖူးသလဲ၊ စာနယ်ဇင်းပညာ သင်ပေးမှာလား၊ အင်္ဂလိပ်စကားပြော သင်ပေးမှာလား။ အဲဒါ မသိသင့်ဘူးလား’

‘ဟာဗျာ ... အဲဒီကိစ္စ ကံ့ချွန်နဲ့ ဘာမှ မဆိုင်ဘူး။ သိချင်ရင် အဲဒီသင်တန်း ဖွင့်တဲ့လူနဲ့ တက်တဲ့လူတွေ သွားမေး

http://swanbros.blogspot.com



ပေါ့'

'ကံချွန် . . . ကံချွန် ပြောရဲတဲ့လူက ပြောရင် မင်းက နားထောင်ရဲတဲ့ သတ္တိလောက်တော့ ရှိပါကွာ။ အဲဒီသင်တန်းမှ မဟုတ်ဘူး။ တို့ ဒီမှာ နိုင်ငံခြားသားတွေ လာသင်ပေးနေတဲ့ သင်တန်းတွေ အများကြီး။ ငါတို့ လက်တစ်ကမ်း ဖြစ်သွားတာကို အကြောင်းပြုပြီး အဲဒီအများကြီးကိစ္စ ပြောချင်တာ။ ဒီမယ်။ ကလေးတွေကို ဂွဒ်မောနင်းသင်တာကအစ သတိထားရမယ်'

'ဘာသတိထားရမှာလဲ'

'ဟ . . . အဲဒီသင်ပေးတဲ့ နိုင်ငံခြားသားက စကားမပီတဲ့ သူဖြစ်နေရင်၊ စကားဝဲတဲ့သူ ဖြစ်နေရင် တို့ကလေးတွေပါ စကားမပီတဲ့၊ စကားဝဲတဲ့ကလေးတွေ ဖြစ်ကုန်မှာပေါ့ကွ။ တကယ်လို့ အဲဒီငတိက သူတို့ဆီက ကျေးလက်မှာ ကြီးပြင်းခဲ့မယ်။ ခပ်ရိုင်းရိုင်း ခပ်ရမ်းရမ်းနေခဲ့မယ်ဆိုရင် သူပြောတဲ့ စကားလုံးတွေလည်း ခပ်ကြမ်းကြမ်း ဝေါဟာရတွေပဲ ဖြစ်မှာပေါ့။ ဘယ်လူမျိုးမဆို နေထိုင်ကြီးပြင်းရတဲ့ ဝန်းကျင်၊ သူ့ရဲ့ ပညာအရည်အချင်းကိုလိုက်ပြီး စကားပြော လေယူလေသိမ်း၊ သုံးစွဲတဲ့ ဝေါဟာရကွဲပြားတယ်ကွ။ ယဉ်ကျေးတာ၊ ရိုင်းတာ၊ ရိုးတာ၊ ဆန်းတာ အမျိုးအမျိုးရှိတယ်။ ကဲ . . . မင်းဖြေစမ်း။ ငါတို့ရဲ့ သားသမီးတွေကို ခပ်ရိုင်းရိုင်းပြောတာတွေ သင်ပေးမလား'

'ခင်ဗျား . . . ဗျာ . . . ခုသင်ပေးနေတဲ့ လူတွေက ရိုင်းလို့လား'

http://swanbros.blogspot.com



'မင်းက ယဉ်ပါတယ်လို့ အာမခံမလား'

'ဒါကတော့ . . .'

'အဲသလို မလုပ်ပါနဲ့ကွ။ ငါက အလေးအနက် သတိထား စေချင်လို့ ဖြစ်နိုင်တဲ့ဟာကွက်ကို တွေးပြနေတာ။ ဘာသာ မျိုးခြားစာ စကား သင်ကြားအပ်သည်မှတ် ဆိုတဲ့ အဆိုအမိန့် ကို ငါလက်ခံပါတယ်။ ဒါပေမယ့် အကြွင်းမဲ့ မဟုတ်ဘူး။ ကန့်သတ်ချက်နဲ့ လက်ခံတာ။ ယဉ်ကျေးသိမ်မွေ့တဲ့ ပြောဆို ရေးသားမှုကိုပဲ တတ်အောင်သင်ချင်တာ။ ငါတို့ဆီက ဆရာ တွေမှာ သူတို့ရရှိထားတဲ့ဘွဲ့တွေ ဖော်ပြသလို နိုင်ငံခြားဆရာ တွေရဲ့ ပညာအရည်အချင်းကိုလည်း ဖော်ပြနိုင်ရမယ်။ ဖော်ပြ သင့်တယ်။ ငါ ဒါတွေကို ပြောလာရတာက ကလေးတွေကို ဆရာလုပ်နေရာကနေ စာရေးဆရာဆိုတဲ့ အလွန်တော်ပါ တယ်။ သိပါတယ်။ တတ်ပါတယ်လို့ ကိုယ့်ဟာကိုယ်ထင်၊ အပြန် အလှန်တွေထင်၊ ပရိသတ်ကလည်း လေးစား၊ ဟောပြောပွဲ တွေဖိတ်။ အဲသလိုအဆင့်က လူတွေထိ လာပြီး ဆရာလုပ်မယ့် ပညာရှင်များဆရာလုပ်သင့် လုပ်ထိုက်တဲ့ ပညာအရည်အချင်း ရှိရဲ့လားဆိုတာ တို့ မသိသင့်ဘူးလား။ ရမ်းသမ်းပြီး 'တီချာ' နေကြမှလာ'

'ညော်ပါပဲ'

'ဘာညော်လဲ။ စေတနာစကား ဘယ်တက္ကသိုလ်ထွက်လဲ၊ သူတို့ဆီမှာဘယ်လိုတာဝန်တွေ ထမ်းဆောင်ဖူးတယ်၊ဘယ်သူနဲ့ ပတ်သက်လဲ၊ ဘယ်လောက်ကျွမ်းကျင်မှုရှိတယ်ဆိုတာ သိထား

http://swanbros.blogspot.com



ကြဖို့တော့ လိုပြီကွ။ ငါတို့လူမျိုးဟာ မရိုင်းပါဘူးကွာ။ တကယ် လေးစားထိုက်သူဆိုရင်လေးစားမှာပါ။ ရိုသေထိုက်သူ ဆိုရင် ရိုသေမှာပါ။ ပညာလည်းလိုလားပါတယ်။ ဟာကွက်ရှိနေမှာစိုး လို့ သတိပေးရတာပါ။ ဒါ ငါအာရုံစူးစိုက်မိတဲ့ ပြဿနာပဲ။ တို့ဆီမှာလာသင်နေတဲ့ ဆရာတွေကိုသိမ်းကြုံးပြီး ဝါးလုံးရှည်နဲ့ ရမ်းတာမဟုတ်ဘူးနော်။ အားလုံးဟာ လေးစားထိုက်သူများဆိုရင်ဝမ်းသာပါတယ် ။ တို့သားသမီးတွေ့ရဲ့ပညာရေးအတွက် ကျေးဇူးတင်ပါတယ်။ လေးစားထိုက်သူများကိုသာ ခေါ်ပြီး ဆရာတင်မိဖို့ အာစရိယ ဂုဏောထဲမှာ ထည့်သင့်တဲ့ 'တီချာ' တွေဖြစ်ဖို့ သတိပေး ချင်တာပါ'

'ခင်ဗျားစာပြန်ရေးဖို့ကောင်းတယ်'

'ဟဲ. . ဟဲ. . ဟဲ. . ငါက အံတိုနေပြီကွ။ ဒါကြောင့် မင်းဆီလာပြီး၊ ပုံနဲ့မြှောက်ပေးတာ ငါသွားမယ်ဟေ့'

'သွားဗျာ. . သွား. . . '

၆. ၄. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## သိကြားမင်းနှင့် အင်တာဗျူးခြင်း

ကံချွန်အိပ်မက်, မက်ပါတယ်။ အိပ်မက်ထဲမယ် သင်္ကြန်အတွက် လူ့ပြည်ဂျူတီနဲ့ လာတဲ့သိကြားမင်းကို တွေ့ရတယ်လို့ မက်ပါတယ်။ သိကြားမင်းကို တွေ့တွေ့ချင်း အလင်းတန်း ဂျာနယ်ရဲ့ ပရိသတ်များကို အမှတ်ရလေးစားသောအားဖြင့် ဝွဒ်ရှယ် ရှားပါး ဗျူးဆောင်းပါးရေးဖို့ သတိရတာကြောင့် သိကြားမင်းကို ဗျူးခဲ့ပါတယ်။

သိကြားမင်းဟာ ဥပမိရုပ်ကောင်းကောင်း၊ လူပုံကခန့်ခန့် မြင်လိုက်တာနဲ့ လေးစားချင်စရာ ကောင်းပါတယ်။ သိကြားမင်းနဲ့ ဗျူးခဲ့သမျှ ကံချွန်ပြန်ဖြီးပါမယ်ခင်ဗျာ။

စက္ခုရှင်အပေါင်း မျက်စိညောင်းကြပါစေ။

××× ××× ×××

'မင်္ဂလာပါသိကြားမင်း'

'မင်္ဂလာပါ မောင်ကံချွန်'

'သိကြားမင်းကို စီးပွားရေးသမားတွေက ကုန်ပစ္စည်းအမှတ်တံဆိပ်တွေလုပ်ပြီး အသုံးချနေတာနဲ့ပတ်သက်လို့ ဘာများပြောချင်ပါသလဲ'

'အသုံးချခံရတယ်ဆိုတာ အကြောင်းနှစ်မျိုးကြောင့်ကွ။

http://swanbros.blogspot.com



အသုံးကျလို့ အသုံးချခံရတာလား၊ အသုံးမကျလို့ အသုံးချခံရတာလားဆိုတာ ပထမခွဲခြားရမယ်။ ကောင်းသောနေရာ၊ ကောင်းသောဘက်မှာအသုံးချခံရတယ်ဆိုရင်ကိုယ်ကကောင်းလို့ပေါ့၊ တော်လို့ပေါ့၊ မကောင်းသောနေရာမှာ အသုံးချခံရတယ်ဆိုရင်ကိုယ်က မကောင်းလို့ ရှော်လို့ပေါ့။ ကိုယ့်အသုံးချတဲ့လုပ်ငန်းကို ပထမကြည့်ရမှာပဲ။ လူတွေအတွက် အကျိုးရှိမယ့် လုပ်ငန်းဆိုအသုံးချပါစေ။ နာမည်နဲ့ကူညီရတယ်လို့ သဘောထားပါတယ်။ ကုသိုလ်ရတာပေါ့'

'ဟုတ်ပြီ၊ နောက်စီးပွားရေးသမားတွေက စာနယ်ဇင်းသမားတွေကို အသုံးချပြီဆိုရင် ခွဲခြားတတ်သွားပြီ'

'မင်းက ကိုယ့်ဟာကိုယ် မခွဲခြားတတ်ဘူးလား'

'ဒါကိုက အသုံးချတာခေါ်တယ်ဗျ။ခင်ဗျားကို အကြောင်းပြုပြီး ပြောရမယ်လေ။ မေးပါဦးမယ်။ သက်ြန်ရဲ့ ပြောင်းလွဲလာပုံတွေကို ဘယ်လိုမြင်သလဲ။ လက်ခံနိုင်ရဲ့လား။ ပြောဆိုနေထိုင်ပြုမူပုံတွေ၊ ဝတ်စားဆင်ယင်ပုံတွေ၊ သီချင်းတွေ၊ အကတွေ၊ ဂီတတွေ'

'လက်ခံရမှာပေါ့။ လက်ခံပါတယ်။ သူ့ခေတ်နဲ့သူပဲ။ ခုလိုပြောလို့ သီကြားမင်းကစည်းမဲ့ကမ်းမဲ့ သရုပ်ပျက်လာတာတွေ ကြိုဆိုသလားလို့ ထပ်မမေးနဲ့နော်။ စည်းမဲ့ ကမ်းမဲ့ ဖြစ်လာတာနဲ့အမျှ စည်းနဲ့ကမ်းနဲ့ဖြစ်အောင်ကိုယ့် ဘက်ကလုပ်ပေးနိုင်ရမယ်လေ။ ခေတ်ရေစီးကိုလည်း မတားဘူး၊ ကိုယ်ဖြစ်စေချင်တာလည်းဖြစ်အောင်'

http://swanbros.blogspot.com



'ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ သားရွှေအိုး ထမ်းလာတာလည်းမြင်ရဆိုတာမျိုးလား'

'ဒါပေါ့။ သကြ်န်သုံးရက်မှာ နှစ်ရက်ကိုတော့ ခေတ်အရ ပျော်ကြပါ။ ဆိုကြပါ။ ကကြပါ။ ဝတ်ကြပါ။ အဲ. . တစ်ရက်ကို တော့ပုဆိုး၊ရှပ်အင်္ကျီ၊ ထမီပဲဝတ်ရမယ်။ ဘောင်းဘီ၊စကပ်လုံးဝ မဝတ်ရဆိုပြီးလုပ်ပေါ့။ ပျော်ချင်၊က,ချင်တာကအစ ဦးရွှေရိုး လိုတောင်ရှည်ကွက်တုံးဝတ်၊ ထီးဆောင်းက၊ ကိုကြီးကျော်က၊ ခုနစ်ထွေက၊ နှစ်ကိုယ့်တစ်စိတ်က၊ အဲဒီလို လုပ်သင့်တယ်။ ဒါကသိကြားမင်းအမြင်ပေါ့မောင်ကံချွန်။ သိကြားမင်းအမြင်နဲ့ လူ့အမြင်ကွဲချင်တော့ ကွဲမှာပေါ့။ ပထမနေ့ကို သတ်မှတ် မလား၊ အဲသလိုလုပ်လိုက်ရင် ကိုယ်လို ချင်တာလည်းရမယ်။ လူငယ်တွေလည်း မလိုက်နာနိုင်စရာ မရှိတော့ဘူး။ သရုပ် မပျက်ဖို့ ထိန်းနေရင်း သရုပ်မှန်ဖို့ပါ လုပ်ပေးပြီးသား ဖြစ် ရော'

'အင်း. . စဉ်းစားစရာပဲ'

'သိကြားပဲကွာ။ ဒီလောက်တော့ တတ်ပါတယ်'

'ကြော်ငြာမဏ္ဍပ်တွေကိုရော ဘယ်လိုမြင်သလဲ'

'လှတာပေါ့ကွ။ မဏ္ဍပ်ဆိုတာလည်း နောက်မှ ပေါ်လာ တာပဲ။ နောက်မှ ပေါ်လာတဲ့ အရာတစ်ခုဟာ ခေတ်ရေစီး နဲ့အတူ ရွေ့မှာ သေချာတယ်။ ရွေ့ပါစေ။ အုန်းလက် ကနေ ဝါး၊ သစ်သား၊ အထပ်သား၊ နောက် သွပ်ပြားတွေ ၊ သံပြားတွေ၊ သုံးထပ်သားတွေ ကဲ. . . ဆက်ပြီးပြောင်းကွာ။ အလှူမီနီယံ

http://swanbros.blogspot.com



တွေ၊ ပလက်စတစ်ပြားတွေ၊ ဖိုင်ဘာတွေ အဲသလို အသုံးပြုတဲ့ ပစ္စည်းတွေပြောင်းတာနဲ့အမျှပုံစံတွေလည်း ပြောင်းမှာပဲ။ ဒါပေမယ့် စိတ်မပူနဲ့ အုန်းလက်ရဲ့အရသာနဲ့ ပလပ်စတစ်ရဲ့ အရသာတခြားစီပဲ။ ဒီနေ့ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ မှာ ကြည့်ပါ။ ဝါးအိမ်လေးတွေ ပြန်တွေ့နေရပြီ။အဲဒါ ဝါး အရသာ လိုချင်လို့လေ။ ဒါကြောင့် ငါယုံတယ်ကွ၊ ဘယ်ဟန်မှ လုံးဝပျောက်မသွားနိုင်ဘူး။ သူ့အရသာနဲ့သူ ရှိနေလို့ပဲ'

'သကြီန်သီချင်းတွေနဲ့ ပတ်သက်လို့ရော'

'သဘောကျတယ်ကွ။ တူးပို့ . . တူးပို့ မရိုးနိုင်သလို ပက် . . ပက်လည်းသွက်တာပါပဲ။ မင်းတို့စာပေလောကမှာရှိ တဲ့ စကားတွေ ကဗျာတွေ၊ အယူအဆတွေလိုပေါ့ကွာ။ ငါချည်းလည်း ဘယ်ဟာမှ မပြီး။ မင်း၊ သူ၊ ငါ၊ လူတကာစုံမှ အလုံးစုံပြီး ဆိုတာလို အလှကိုယ်စီဆိုတာလို ပန်းတိုင်းပွင့်ပါစေ ဆိုတာလို။

'တော်လိုက်တာ သိကြားမင်းရာ'

'သိကြားပဲကွာ တော်တာပေါ့'

'သိကြားမင်း မကြိုက်တဲ့ လူမျိုးကိုလည်းပြောပါဦး။ ခွေးရည် ပုရပိုဒ်ထဲမှတ်တဲ့သူမျိုးတွေ'

'အကုသိုလ်လုပ်၊ ဒုစရိုက်လုပ်၊ လူ့လောကဆိုးကျိုးပေး၊ အဲသလိုလူမျိုးတွေပေါ့ကွာ။ ကဲ . . မင်းကတော့ ဘယ်မှုနဲ့ လူ့လောကကြီးမှာ နေနေတာလည်းဆိုတာ ပြောစမ်းပါဦး'

http://swanbros.blogspot.com



'ကံချွန့်တွေ့လို့ စိတ်မညစ်အောင် အနိမ့်ဆုံးအဆင့် ကြိုးစားတယ်။ ရည်ရွယ်တာကတော့ ကံချွန်ကိုတွေ့လို့ ပျော်ရတယ်၊ ပြုံးရတယ်ဆိုတဲ့အဆင့်ပဲ'

'သကြ်န်တွင်း ဘာလုပ်မယ်စိတ်ကူးသလဲ'

'ထိုက်ထိုက်တန်တန်ရမယ်ဆိုရင်တော့ ရေပက်ခံထွက်ဖို့ပဲလာခေါ်ခေါ်၊ မဏ္ဍပ်ပေါ်ထိုင်ဖို့ပဲ လာခေါ်ခေါ် လိုက်မယ်လေ။ စက္ကန့်တိုင်းဟာ တန်ဖိုးရှိတယ်။ ဘယ်သူမှ လာမခေါ်ရင် ကာတွန်းရေးမယ်။ စာရေးမယ်၊ ပန်းချီရေးမယ်'

'ကဲ . . ငါလာခေါ်မယ်ဆိုရင်ကော'

'စဉ်စားမယ်လေ။ ငွေပေးတိုင်းတော့ လိုက်မှာမဟုတ်ဘူး'

'ကဲလိုက်တာ'

××× ××× ×××

ပြောပြောဆိုဆို သိကြားမင်းက နားရင်းပိတ်တီးလို့ လန့်နိုးသွားရပါတယ်။

၂၇၊ ၄၊ ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## လူရှုပ်ကြီးတစ်ယောက်နှင့် အင်တာဗျူးခြင်း

မင်္ဂလာပါ . . . . စာဖတ်သူများကို လေးစားပါတယ်။ မန္တလေးသင်္ကြန်မှာ လည်ရင်း ငယ်သူငယ်ချင်းများကို တွေ့ဖို့ဆိုပြီး နယ်သတင်းထောက်ကြီး တစ်ဦး ရောက်လာပါတယ်။ သူ့ကို သူ့သူငယ်ချင်းများက ငရှုပ်၊ အရှုပ်၊ လူရှုပ် စသည်ဖြင့် ချစ်စနိုးခေါ်ကြပါတယ်။ ကံချွန် ကတော့ သူ့ကို ဦးလေးရှုပ်လို့ ခေါ်ပါတယ်။ သတင်းထောက်တွေထဲမယ် ပျော်ပျော်နေတတ်သူပါ။

တစ်ခါကဆိုရင် ကဖေး နှင့် အအေးဆိုင်မှာထိုင်ရင်း သတင်းထောက်အချင်းချင်းရဲ့ ဖိနပ်တစ်ဖက်ကို ရေခဲသေတ္တာထဲထည့်ဝှက်ထားဖူးပါတယ်။ အားလုံးထပြန်ကြမယ်ဆိုတော့ ဦးလေးရှုပ်က အရင်ဆုံး ဆိုင်ထဲက ထွက်သွားတာပေါ့။ ဖိနပ်အဝှက်ခံရတဲ့ သတင်းထောက်ကလည်း လူပါးပဲ။ သူ့ဘေးမှာ ထိုင်နေတဲ့ ကံချွန်ကို့ ဖမ်းဆွဲထားတယ်။

'မင်း နေဦး'

'ဘာလဲဗျ'

'ငါ့ဖိနပ်တစ်ဖက် ရှာမတွေ့လို့'

'အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လဲ'

'ကံချွန်ရာ ငါတို့အထဲမှာ မင်းက အငယ်ဆုံးပါ။ မင်း

http://swanbros.blogspot.com



ကာတွန်းမရေးတတ်ခင်က ငါက သတင်းထောက်လုပ်လာတာကွ။ မင်းအကြောင်းသိတယ်'

'ခင်ဗျားမှားပြီ'

'မမှားဘူး။ မင်း ငါ့ဖိနပ် ဝှက်မထားပေမယ့် ဘယ်သူဝှက်တယ်၊ ဘယ်နေရာမှာဆိုတာတော့ သိရမယ်'

'လူရှုပ်ကြီးပါဗျာ။ ဟိုရေခဲသေတ္တာဖွင့်ပြီး ဘိလပ်ရည်ပုလင်းတွေကြား ပစ်ထည့်တာ တွေ့တယ်'

ကံချွန်ပြောလိုက်တော့ အဲဒီသတင်းထောက်ကိုလူပါးလည်း ရေခဲသေတ္တာ သွားဖွင့်ပါတယ်။ အဲဒီမှာဆိုင်ရှင်မိန်းမကြီးက

'ဘာလဲ'

'ဖိနပ်ယူမလို့'

'ဘာ ဖိနပ်လဲ၊ ဒီထဲမှာ မရှိဘူး'

'ရှိတယ်'

'အအေးပုလင်းတွေပဲ ရှိတယ်ဟေ့'

'ကျုပ်ဖိနပ်ရှိတယ်'

အတင်းဖွင့်ပြီး နှိုက်ယူခဲ့ရတယ်။ လူရှုပ်ကြီးလုပ်လိုက်တာကံကောင်းလို့ ဆိုင်ရှင်နဲ့ ထ,မသတ်ရတယ်။ အဲဒီလိုလူကြီးပါ။ ခုလူရှုပ်ကြီးဟာ ပြုံးပြုံးကြီး ကံချွန့်အိမ်ရှေ့ရောက်လာပါပြီ။ အသက် (၇၀) နားကပ်နေပေမယ့် ပုဆိုးဒူးဆစ်ဖုံးရုံဝတ်ပြီး တိုက်ပုံဖားဖားနဲ့ လွယ်အိတ်အဟောင်းကြီးကတော့ လွန်ခဲ့တဲ့ ငယ်ဘဝက ပုံစံအတိုင်းပါပဲ။

http://swanbros.blogspot.com



'မင်းအင်တာဖြီးတွေဖတ်ရတယ်ကွ။ ငါတို့သတင်းထောက်တွေအကြောင်းရေးတာလည်းတွေ့တယ်။ မင်းရေးတာဖတ်ပြီး အသက်တစ်ဝက်လောက် ငယ်သွားသလိုခံစားရတယ်'

သူ့လွယ်အိတ်ကို စားပွဲပေါ် ချပြီး ကံချွန်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ပါတယ်။

'ကျွန်တော် ခင်ဗျားကိုလည်း ခင်တယ်၊ သတိလည်းရတယ်။ တွေ့တော့ မတွေ့ချင်ဘူး'

'ကောင်လေးရဲ့ မကြောက်ပါနဲ့ကွ။ လူရှုပ်ဆိုတာ ရှုပ်သာရှုပ်တာ။ မယုတ်ပါဘူး။ ဟထိုး ပါပါတယ်။ ငါ့အကြောင်းရေးမင်းမဗျူးချင်ဘူးလား'

'ဟင့်အင်း. . . . . '

'ဗျူးပါကွာ။ ငါ့လုပ်ရပ်တွေက လေးစားကြည်ညိုစရာမပါပေမယ့် ရွံစရာ၊ မုန်းစရာ မပါပါဘူးကွ။ လူတစ်ယောက်မှာ အဲဒါအရေးကြီးဆုံးပဲ။ငါကသူများရေးတဲ့စာလည်းကိုယ့်နာမည်နဲ့ စာအုပ်မထုတ်ဖူးဘူးကွာ'

'မဗျူးချင်ဘူးလို့ဆိုမှ'

'စာမူခလည်း ဖြတ်မခုတ်ဖူးဘူးကွာ'

'လွင်မိုးသောက်တဲ့ ကော်ဖီသောက်မှာလား၊ ဒွေးသောက်တဲ့ကော်ဖီသောက်မှာလား။ ကြိုက်တာပြော။ အေးအေးဆေးဆေးကော်ဖီသောက်၊ သောက်ပြီးပြန်။ ဒါပဲ ဦးလေးရှုပ်'

'ဒီမှာ ကော်ဖီဖျော်ပေးမယ့် နန္ဒာလှိုင်တို့၊ ခိုင်သင်းကြည်တို့သာ ငါ့နောက်မှာ ပါမလာတာ။ ကော်ဖီထုပ်ကတော့

http://swanbros.blogspot.com



ငါ့လွယ်အိတ်ထဲ အသင့်ပါပါတယ်ကွာ။ လူရုပ်က ကိုယ့်ရိက္ခာနဲ့ ကိုယ်လှည့်ရုပ်တာ။ ငယ်မူမဖျောက်နိုင်ဘူး။ ဟဲ့. . . ဟဲ . . .'

'ရေနွေးယူမလား'

'ဓါတ်ပူးရော၊ ခွက်ရော အကုန်ပါတယ်။ ဒီမယ်မျက်နှာသုတ်ပဝါနဲ့ ထုပ်ထားတာကကင်မရာ။ ပြိုင်ပွဲဝင် ဓါတ်ပုံနဲ့ အလှ ဓါတ်ပုံသာ ရိုက်လို့မရတာ။ ငြင်းမရတဲ့ သတင်းပုံတော့ ကောင်းကောင်းထွက်သေးတယ်။ လှည့်ပတ်သတင်းမလိုက်နိုင်ပေမယ့် သတင်းထောက်အကျင့်ကတော့ ဖျောက်လို့မရဘူး ကံချွန်ရ။ ဒါနဲ့ သေတ္တာရှင်းလိုက်လို့ အပေါင်လက်မှတ်တွေလည်း ဓါတ်ပုံရိုက်ထားလိုက်တာပဲ။ ကြွေးတောင်းတဲ့စာတွေလည်း ဓါတ်ပုံရိုက်လိုက်တာပဲ။ အိမ်ထဲတင်သတင်းလိုက်နေရတာပေါ့ကွာ။ အဲဒီဓါတ်ပုံတွေ မင်းယူမလား'

'ဟင့်အင်း'

'နောက်ရှိသေးတယ်'

'ဘယ်ဟာမှ မလိုချင်ဘူး။ ဦးလေးရုပ်ဆီက ဘယ်လိုဟာတွေထွက်လာမယ်ဆိုတာ ကျွန်တောသိပြီးသားပဲ။ လူရုပ်ဆိုတဲ့ဘွဲ့ကိုဘာကြောင့်ရထားတယ်ဆိုတာလည်း ကျွန်တော် သိထားတာပဲ'

'ငါပေးမယ့် ဓါတ်ပုံတွေက ထူးခြားရှားပါးတွေကွ။ နှစ်တွေကြာပေမယ့်ခုချိန်ထိစိတ်ဝင်စားစရာတွေဖြစ်မှာသေချာတယ်။ တိုက်တဲန်နစ်လိုပေါ့ကွာ'

'ခင်ဗျား ပြန်တော့ဗျာ'

http://swanbros.blogspot.com



'ကောင်လေး'

'ပြော. . . .'

'ကြေးလို့ ပြောထားရင် ဘယ်သူမှ မှတ်ကျောက်နဲ့ တိုက်မကြည့်ပါဘူးကွာ။ ရွှေလို့ပြောထားရင်တော့ မှတ်ကျောက် တိုက်ကြည့်ချင်တာပဲ။ အဲဒါ ငါ့ဝါသနာပေါ့ကွာ။ ငါမင်းကို ခုပေးချင်တာက စာပေမှတ်ကျောက်ပဲ။ ရွှေလို့ ပြော နေတာတွေ လိုက်တိုက်ကြည့်ပေရော့'

'တော်ပါပြီဗျာ'

'မင်း စာဖတ်သူ အတွက် တာဝန် ကျေရမယ်ကွ။ စာဖတ်သူ ဈေးကြီးမပေးမိအောင် အလိမ်မခံရအောင် ဘယ် ကလောင်က ဆယ့်လေးပဲရည်လဲ၊ ဘယ်ကလောင်ကအခေါက် ရွှေလဲ'

'တော်ပြီလို့ဆို'

'ငါ့ဆီက မှတ်ကျောက်သာ ယူမယ်ဆိုရင်တော့ ဟိုတီဗွီ ကြော်ငြာသီချင်းလေးကို ထပ်ပြန်တလဲလဲ တစ်ခွေလုံးသွင်း ထား။ မှတ်ကျောက်တိုက်တော့မယ်ဆိုတာနဲ့ ဖွင့်လိုက်။ မတွေ့ တွေ့အောင်ဖွေရှာ. . သူကလေးပဲဖြစ်မယ်. . . မှားပြန်ပြီ. . . မှားပြန်ပြီ. . . မှားနေပြီ. . . မှားနေပြီ'

တော်တော်ဆိုးတဲ့ လူကြီး။ ထမပြန်ခင် ကံချွန်ကို ကျောသပ်သွားသေးတယ်။

၂၇. ၄. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## ဝေဖန်ရေးဆရာကိုပေတလူနှင့် အင်တာဗျူးခြင်း

မင်္ဂလာပါ. . . . . . . .။

မြန်မာနှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ စာဖတ်သူအတွက် အသစ်အသစ်တွေ ပေးချင်တဲ့ဆန္ဒကြောင့် ဝေဖန်ရေးဆရာ ကိုပေတလူကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ဆရာ ကိုပေတလူဟာ အလွန်လက်သံပြောင်တဲ့ ဝေဖန်ရေးဆရာ ကောင်းပါ။ လက်သံပြောင်ရတာဟာ စေတနာအားကောင်းလို့ ပါ။ ဝေဖန်ရေးဆရာဆိုတာလက်သံမပြောင်ရင်မရိုးသားပါဘူး။ ဝေဖန်ရေးဆရာရဲ့ အရေးအသားအားလုံးဟာ အမှန်တွေလို့ ပြောမရပေမယ့်မှားခဲတယ်လို့ ပြောနိုင်ပါတယ်။ မှားသွားခဲ့ ရင်လည်း စေတနာအမှားသာ ဖြစ်ပါတယ်။

ဝေဖန်ရေးဆရာဆိုတာ 'တင်ချာ' ကိုင်ထားတဲ့လူလိုပါပဲ။ အနာတွေ့ရင် တို့မှာပဲ။ ပျောက်စေချင်တဲ့ စေတနာပေ့ါ။ နည်းနည်းစပ်တာတော့ သည်းခံရမယ်လေ။ အနာမရှိတဲ့ လူသွားပြီး မျက်စိထဲ ပက်ရင်တော့ ဘယ်အဓိပ္ပါယ်ရှိမှာလဲ။ ဒါက ကျွန်တော့်အမြင်ပေ့ါခင်ဗျာ။

ကံချွန်ကတော့ ဝေဖန်ရေးကိုလေးစားပါတယ်။ ဒါကြောင့် အလင်းတန်းစာမျက်နှာပေါ်မှာ ဗျူးထိုက်သူအဖြစ် ဆရာကိုပေတလူကို ဗျူးလိုက်ရပါကြောင်း။

http://swanbros.blogspot.com



စက္ခုသုခ၊ သောတသုခ နှင့် ပြည့်စုံကြပါစေခင်ဗျာ။

××× ××× ×××

'ဟား . . . . ကံချွန် ဘယ်တုန်း'

'ကျွန်တော် ခင်ဗျားဆီလာတာ'

'ဘာကိစ္စ'

'အင်တာဗျူး'

'လေဒီဒိုင်ယာချွန်တို့၊ ချွန်ကုဝေတို့ လွှတ်လိုက်ရော ပေါ့ကွာ'

'ခင်ဗျားကို လေးစားသောအားဖြင့် ကျွန်တော်ကိုယ်တိုင် လာရတာပါ'

'ငါက ကြေးစားစာပေလူမိုက်တော့ မဟုတ်ပါဘူးနော်'

'အပိုတွေ၊ နားဗျာ။ စရအောင်။ ခင်ဗျား ဘာလို့ ဝေဖန်ရေးတွေ မရေးတော့တာလဲ'

'မထည့်ကြလို့ပေါ့ကွာ။ ထည့်အောင်လည်း ငါကလက်ခုပ် မတီးချင်ဘူး'

'မပြောတတ်ပါဘူးဗျာ။ ဝေဖန်စရာများ မရှိတော့လို့ လားလို့'

'တော်စမ်းပါ ကံချွန်ရာ။ မနက်အိပ်ရာထ မျက်စိနှစ်လုံး ဖွင့်တာနဲ့ ဝေဖန်စရာတွေ စ,တွေ့ရတော့တာ။ သားသမီး ဝေဖန်မလား၊ မယားဝေဖန်မလား။ အခန်းဆက်နဲ့ဝေဖန်လို့ ရတယ်။တစ်ကိုယ်တော်သိုင်းသမားထက် အပိုင်းများသွားမယ်'

http://swanbros.blogspot.com



'ကောင်းလိုက်တဲ့သတ္တိ။ ကိုယ့်သမီးကိုယ်အခန်းဆက်ဝေဖန်ရဲတယ်ဆိုတော့'

'ဒီမှာ ကံချွန်။ ငါက ငါ့သမီးကို သူ့ဘဝလေးငြိမ်းချမ်းအေးဆေးစေချင်လို့ ငြိမ်းအေးဆိုပြီး နာမည်ပေးထားတာ။ ဟောဝတ္ထုတွေဖတ်ပြီး ခုတော့ လူမထားတဲ့ နာမည်ပြောင်း ထားပြီအိဖယောင်းသွန်းတဲ့။ ငါစိုးရိမ်တာက အဲဒီဝတ္ထုတွေ ထဲကလိုလင်တရူးဖြစ်မှာကိုပဲ။ ဘယ့်နှယ်ကွာ၊ ယောက်ျားကိုကိုယ်ကလိုက်ကြိုက်၊ သူများယူမယ်ဆိုတာ သိလျက်နဲ့ အဲဒီယောက်ျားအခန်းကိုသွား။ ဘာတွေလဲကွ'

'ဟာဗျာ . . . . . အချစ်ဝတ္ထုပဲဗျာ။ ကျမ်းလည်းမဟုတ်၊ မှတ်တမ်းလည်းမဟုတ်'

'ဟ . . . ကလေးတွေက ကျမ်းတွေ၊ မှတ်တမ်းတွေထဲကဟာသာ အတုမယူချင်ရင်ရှိမယ်။ ဝတ္ထုထဲကဟာကျတော့ လိုက်နာကျင့်သုံးရန်ဆိုပြီး သတ်မှတ်ထားတာကွ။ မချစ်ရဘူးမဟုတ်ဘူး၊ ချစ်ပါ၊ တုန်နေအောင်ချစ်စမ်းပါ။ ခံစားစမ်းပါ။ လူးလှိမ့်နေအောင် ခံစားစမ်းပါ။ ငါတို့ကြိုက်ခဲ့တာ ပြောမယ်ကွာ။ ဘဝနဲ့ယှဉ်ချစ်တယ်ဆိုရင် ဗန်းမော်တင်အောင် ရဲ့ မြိုင်ကွာ။ အချစ်သန့်သန့်ဆိုရင် တက္ကသိုလ်ဘုန်းနိုင်နဲ့ လွမ်းကွာ။

လူငယ် အချစ်ဆို မြင့်ကျော် ၊ မြင့်နီ ၊ ကရမက်၊ မောင်ကြည်ဆွေကွာ ။ နောက်ပိုင်းမှာ ကြိုက်ခဲ့တာက ငြိမ်းကျော်ကွာ။ ဆရာတစ်ယောက်တစ်မျိုးစီ ကောင်းခဲ့ကြတာပါပဲ။ ရုပ်ရှင်တွေမှာ ကြည့်ဦးမလား။ ဗိုလ်အောင်ဒင်၊ ရတနာပုံ၊

ဘဝသံသရာ၊ အတွေ့၊ အရိုင်းစံပယ်၊ ပန်းပန်လျက်ပါ၊ ဝမ်းနည်းဝမ်းသာ တစ်မျိုးစီကောင်းခဲ့တာပဲ။ နိုင်ငံခြားရုပ်ရှင်ကားတွေကွာ။ ရိုမီယို ဂျူးလီယက်၊ လဖ်အင်ဒက်သ်၊ အွန်သရုဒ်၊ တိုင်တန်နစ်၊ ဆဲဗင်းနိုက်အင်ဂျပန် နောက် ခု မြဝတီဇာတ်လမ်းတွဲတွေက အချစ်ကားတွေကွာ။ တစ်မျိုးစီကောင်းခဲ့တာပါပဲ။ တုန်နေအောင် ချစ်ကြတာပါပဲ။ ဒါပေမယ့် ဒီနေ့ငါ့သမီးတွေ ဖတ်နေတဲ့ ဝတ္ထုတွေထဲကလို ပရမ်းပတာ မနိုင်ဘူးကံချွန်။ ငါပြောမယ် ဝတ်စားဆင်ယင်မှု သရုပ်ပျက်တာက မြင်လွယ်တယ်။ ပြီးတော့ ပြင်ရလွယ်တယ်။ အဲ. . . အတွေးအခေါ် အယူအဆ သရုပ်ပျက်ပြီဆိုရင် မမြင်လွယ်သလို ပြင်ရလည်း မလွယ်ဘူးကွ။ ဘယ်သူရေးတဲ့ဘယ်ဝတ္ထု ဘယ်လိုဖောက်ပြန်နေတယ်ဆိုတာတော့ မပြောတော့ပါဘူး။ ကဲ. . . ယုံပြီမဟုတ်လား။ မိန်းမကိုကြည့်ပြီးတာနဲ့ ဝေဖန်ချင်တာတွေပြောရဦးမလား'

'ခင်ဗျားမိန်းမကတော့ ဘယ်လို ဝတ္ထုမျိုးဖတ်လို့လဲ'

'ဂျာနယ်ကွ၊ ဂျာနယ်'

'ဗျာ . . .'

'မဗျာနဲ့။ ဂျာနယ်တွေကလည်း ထွက်သလားမမေးနဲ့။ ငါ့မိန်းမကလည်း ဖတ်သလားမပြောနဲ့။ ထမင်းအိုးတွေပျော့၊ ဟင်းအိုးတွေတူး။ မတူးတဲ့ရက် ဆားငန်။ သူဖတ်နေတဲ့ ဂျာနယ်တွေက ဘယ်လောက်များမှတ်လောက်သားလောက်တွေ ရေးနေလို့လဲ။ ငါ လေးငါးစောင်ယူဖတ်ကြည့်တယ်'

'တော်တော့ဗျာ'

'ဘာ . . . . .'

'ကျွန်တော်သွားတော့မယ်'

'နေပါဦးကွ။ ငါ ဂျာနယ်တွေကို ဝေဖန်ပြချင်သေးလို့ပါ။ ဂျာနယ်ဆိုတာ ဝတ္ထုထက် အဆင့်မြင့်တဲ့ စာပေအမျိုးအစားလို့ ငါခံယူထားလို့ပါ။ ဂျာနယ်ရဲ့ တာဝန်က ပိုပြီးလေးနက်တယ်ကွ'

'ဆောရီးဗျာ။ ခင်ဗျားဝေဖန်ရေးမလုပ်တာပဲကောင်းပါတယ်။ အေးအေးဆေးဆေးနားနေပါ ဟုတ်လား။ ကျွန်တော်ပြန်ဦးမယ်'

'စာမူလိုချင်ရင်တော့ လာခဲ့နော်။ ဝေဖန်ရေးဆရာ စာမရေးရင် ဝေဖန်ရေးဆရာမှာ ဘာမှမထိခိုက်ဘူးဆိုတာလေးတော့ ပြောလိုက်ပါဦးမယ်။ မင်းက ငါစာမူခ လိုချင်လို့ဆိုပြီးထင်နေမှာစိုးလို့။ ဂျာနယ်လား။ စာစောင်လားဆိုပြီး ဝေဖန်ရေး ရေးပေးချင်တာ။ ဂျာနယ်သတင်းဆိုတာ ဘယ်လိုဟာလဲ၊ ဂျာနယ်ဆောင်းပါးဆိုတာ ဘယ်လိုဟာလဲ၊ ဂျာနယ်အယ်ဒီတာအာဘော်က ဘာလဲ။ ဒီမယ် ကံချွန်၊ ကိုယ်ကလည်းကားမမောင်းတတ်ဘဲနဲ့ စက်ဘီးပဲစီးနေရလို့ပါဗျာဆိုတဲ့ ဆင်ခြေမျိုးတော့ မပေးနဲ့နော်။ ငါပြော. . .'

'မောင်းသံ . . . . မောင်းသံ . . . . တစ်ခုသောအသံနောက်က တစ်ခုသော သင်္ကေတန်ရောက်လာ . . . ဘဝင်တုန်စိတ်များရှူးမယ့် အရိပ်သင်္ကေတန်ဟာလေ . . . ပင်လုံ

http://swanbros.blogspot.com



ထိပ်ထားဦးရဲ့ အတိတ်သင်္ချာန်ပါလေ. . . ဗူး . . . ဖရုံ . . . သခွား . . . ပြောင်း . . . ဆန်စပါးတွေ. . . .

ရုတ်တရက် ထီကားက ဖွင့်လိုက်တဲ့ ပင်လုံထိပ်ထားဦး သီချင်းသံကြောင့်ကိုပေတလူရဲ့ အသံက ပျောက်သွားပါတယ်။ ကျေးဇူးတင်ပါတယ် ပင်လုံထိပ်ထားဦးရယ် ။

၄. ၅. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# တစ်နှစ်မှ နှစ်နှစ်ထောင်သို့

မကြာခင် ခရစ်နှစ် နှစ်ထောင်ကို ရောက်ပါတော့မယ်။ ကံချွန်တို့ဟာ အလွန်ကံကောင်းပါတယ်။ ၂၀ ရာစု နှင့် ၂၁ ရာစု ရာစုကြီး နှစ်ခုကူးပြီး နေခွင့်ရကြမှာဖြစ်လို့ပါပဲ။ ကံချွန်တို့ ၂၁ ရာစုကို ကူးပြောင်းကြတဲ့အခါ-

စဉ်းစားပါ။

၂၀ ရာစုမှာ အပျင်းထူခဲ့ကြတာ၊ လိမ်ခဲ့တာ၊ ညာခဲ့တာ၊ ရေသာခိုတာ၊ အချောင်ကြိုက်တာ၊ အခွင့်အရေးလိုချင်တာ စတဲ့အမူအကျင့်တွေကို ဆက်သယ်ကြမှာလား။ ရာစုကြီး အပြောင်းအလဲမှာကျွန်တော်တို့ရဲ့ အတွေးအခေါ်၊ အမူအကျင့်တွေကို ရေဆေးဆီလိုက် လုပ်ကြရင်တော့ ကောင်းမှာပဲလို့ ကံချွန် တွေးမိပါတယ်။ ရာစုကြီး တစ်ခု ပြောင်းလဲတာနဲ့ ကံချွန်တို့လည်း ကိုယ့်အတွေးအခေါ် ကိုယ်ပြောင်းလဲနိုင်ဖို့၊ ကိုယ့်ဘဝကိုယ် ပြောင်းလဲနိုင်ဖို့ ကြိုးစား သင့်ပါတယ်။ ဘယ်လို ပြောင်းကြမလဲ ဆိုတာ အခုကတည်းက တွေးသင့်ပါတယ်။ စဉ်းစားသင့်ပါတယ်။ ရာစုနှစ်ကြီး အပြောင်းအလဲမှာ နည်းပညာ၊ အတတ်ပညာ၊ အတွေးအခေါ် တွေနိုင်ငံတကာ မှာ ပိုမိုတိုးတက်သော အနေအထားကို ရွှေ့ကြဖို့ ခြေလှမ်းပြင် ထားကြမှာသေချာပါတယ်။ ဒီအပြောင်း အလဲကြီးမှာ ကံချွန်

http://swanbros.blogspot.com



တို့ နောက်ကျန်နေလို့ မဖြစ်ပါဘူး။ ဒီတစ်ခါ ကျန်လိုက်ရင် ရာစုနှစ်ကြီးတစ်ခုကျန်တာ ဖြစ်သွား မှာပါ။

၂၀၀၀ ပြည့်နှစ်ရောက်တဲ့အခါကံချွန်တို့ဘာလုပ်ကြမလဲ။ ၂၁ ရာစုကို ဘယ်လိုကူးပြောင်းကြမလဲ။ ဒီကိစ္စကို ကံချွန်တို့ ဆံပင် အနက်ဆိုးနေကြတဲ့ လူကြီးတစ်စု အပြန်အလှန် အင်တာဗျူးကို တင်ပြပါရစေ။

ကံချွန်ရေးသမျှ သည်းခံဖတ်ရှုနေတဲ့ စာဖတ်ပရိသတ်ကြီး ကိုအထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။

××× ××× ×××

'လာ . . . ကိုကံချွန်၊ ကျွန်တော်တို့ ခင်ဗျားကိုမျှော် နေတာ'

'လက်ဖက်ရည်တိုက်ချင်လို့လား၊ လက်ဖက်ရည် သောက် ချင်လို့လား၊ ကြိုက်တာကို ရွေးစမ်းကိုယ့်လူ။ ကဲပြော။ ဘာကိစ္စ လဲ'

'၂၀၀၀ ပြည့်နှစ်မှာ ဘာလုပ်မလဲ။ တစ်ခုခုတော့လုပ်သင့် တယ်။ မှတ်မှတ်သားသားလေးဖြစ်အောင်လုပ်ချင်တယ်'

'လုပ်ချင်တာပဲ လုပ်ပေါ့ဗျာ။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ တောင်မှ ၂၅တို့၊ ၅၀တို့၊ ၇၅တို့၊ ၁၀၀တို့ဆိုရင် အထူးထုတ် လုပ်နေသေးတာပဲ။ ကျုပ်တို့လူတွေလည်း ၂၀၀၀ ပြည့်နှစ်မှာ နေခွင့်ရတော့ ဘဝအထူးထုတ်လုပ်သင့်တယ်။ လုပ်ပါ'

'စကားဖြတ် မေးပါဦးမယ်။ ခင်ဗျားကရော၂၀၀၀ပြည့်နှစ် အတွက် ပြင်ဆင်ပြီးပြီလား'

http://swanbros.blogspot.com



'ပြီးပြီ၊ ကံချွန် ရဲ့ ၂၁ ရာစုစတိုင်၊ ၂၀ ရာစုထဲက ကံချွန်ကို ၂၀ ရာထစုထဲမှာပဲ ထားခဲ့မယ်။ ၂၁ ရာစုအတွက် ကံချွန်ရဲ့ အနုပညာတွေကို ရေဆေးဆီလိုက် လုပ်မယ်'

'အသစ်လဲမှာ မဟုတ်ဘူးလား'

'ကောင်းတာသယ်၊ မကောင်းပယ်မှာ။ နိုးဂွဒ်နယူးချိန်းပေါ့။ ကိုယ့်စွမ်းရည်ကိုယ်မြှင့်ရမယ်။ ရာစုနှစ်အပြောင်းအလဲကိုစနစ်တကျအသုံးချတတ်ရင် ကိုယ့်ဘဝတိုးတက်ဖို့ ဖြစ်မှာပဲ။ ကဲ . . . . . ခင်ဗျားတို့ကရော'

'ကျုပ်တို့လည်း တွေးထားတာရှိပါတယ်။ အဲဒါကတော့ကလပ်တစ်ခုဖွဲ့မယ်။ သက်ကြီးရွယ်ပျိုအသင်း ပေါ့ဗျာ။ နှစ်ပေါင်း သုံးလေးဆယ် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေအတွက် တွေးဟယ်၊ တောဟယ်၊ ရုန်းဟယ်၊ ကန်ဟယ် နဲ့ နေခဲ့ကြရတယ်ဗျာ။ ဟော . . . ခု ခေါင်းဖြူအံကျိုး အရွယ်မှာလည်း စီးပွားရှာရတာအပြင် မြေးထိန်းရ၊ လူမှုရေးတွေပိုလုပ်ရ'

'ရပါပြီ။ အကြောင်းပြချက်တွေက လုံလောက်ပါပြီ။ ဖွဲ့မယ့်အသင်းက'

'တစ်လမှာ တစ်ရက်နှစ်ရက်လောက် အနားယူလို့ရမယ့်နေရာလေး ရှိသင့်တယ်ထင်လို့ပါ။ လူကြီးတွေချည်းစုပြီး ဝါသနာတူရာတူရာ ကိုယ်ပြောချင်တဲ့စကားပြောပြီး နားနားနေနေ စိတ်ပါအပန်းဖြေဖို့နေရာလေးပေါ့။ အနားယူဖို့သက်သက်ပဲ။ စကားစပ်မိရာ၊ စကားဦးတည့်ရာ၊ ရည်ရွယ်

http://swanbros.blogspot.com



ချက်မဲ့ပြောကြဆိုကြ’

‘ရည်ရွယ်ချက်မဲ့ ဆိုတာတော့ မဖြစ်နိုင်ဘူးဗျ။ ဆံပင်ဖြူတဲ့အရွယ်ကြီးတွေရောက်နေမှ ရည်ရွယ်ချက်တစ်ခုခုနဲ့ပြောကြမှာတော့ သေချာတယ်။ အများဆုံး ဖြစ်နိုင်တာကတော့ ကိုယ့်အိမ်မှာ ကိုယ့်သားသမီးတွေနဲ့ ပြောမရတဲ့စကားမျိုးတွေဖြစ်မှာပဲ။ အဲဒါမျိုးတွေပြောဖို့ တကယ်လည်းလိုအပ်တယ်’

‘ဘာလဲ၊ ခင်ဗျားက သားသမီးတွေ၊ မြေးတွေ မသိအောင်ရည်းစားများ ထားဦးမလို့လား’

‘ဟာ . . . မဟုတ်ပါဘူးဗျာ’

‘ထားလည်း ရပါတယ်။ ကျွန်တော်တို့ အဲဒီအသင်းကဥပဒေက တားမြစ်ထားတာဆို ဘာမှမလုပ်ဘူး။ ဥပဒေကခွင့်ပြုထားတာ မှန်သမျှ ကိုယ်ဆန္ဒရှိရင် လုပ်နိုင်တယ်။ တစ်ဆက်တည်း မေးပါရစေဦး။ ခင်ဗျားမှာ သားသမီးတွေနဲ့ပြောမရတဲ့ စကားတွေ ရှိနေလို့လား’

‘ရှိတာပေ့ါ။ ကျွန်တော်ပြောမယ့် အကြောင်းအရာကိုမစခင် တစ်ခုမေးမယ်။ လူဆိုတာ ကိုယ်စိတ်ဝင်စားတာလုပ်နေရရင် စိတ်ချမ်းသာတယ် မဟုတ်လား’

‘ဟုတ်ပါတယ်’

‘ကောင်းပြီ။ ကျုပ်စိတ်ဝင်စားတာက လူငယ်တွေပဲ။ အဲဒီအသင်းဖွဲ့ပြီးရင် လူငယ်တွေကို ဖိတ်ခေါ်မယ်။ သူတို့မှာရင်ဆိုင်နေရတဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲရှိရင် လာတိုင်ပင်ဖို့၊ အကြံဉာဏ်တောင်းဖို့။ ဒီနေ့

http://swanbros.blogspot.com



လူငယ်တွေမှာ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တိုင်ပင်လို့ ရမယ့်လူကြီးမျိုး သိပ်ရှားတယ်ဗျ။ ကိုယ့်ဘကြီး၊ ဦးလေး၊ ဘထွေး ဆိုတာတွေကို ဖွင့်တိုင်ပင်လို့မရတဲ့ အကြောင်းအရာတွေ အများကြီးပဲ။ ကျုပ်တို့က အဲသလို ဖွင့်ပေးလိုက်ရင် လူငယ်တွေအတွက် မမှားသင့်တာ မမှားတော့ဘူးပေါ့ဗျာ။ ပြီးတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့လူငယ်တွေအတွက် ဘာတွေလုပ်ပေးသင့်တယ်ဆိုတာ တိုင်ပင်ပြီးလုပ်ပေးလို့ရတာ လုပ်ပေး’

‘နေကြပါဦး။ အဲဒါတွေ လုပ်မှာဆိုရင် ကျုပ်တို့ခေါင်းဖြူတွေစုပြီး အနားယူတာဖြစ်ပါဦးမလား’

‘ဖြစ်ပါတယ်။ အဲဒါမျိုးလုပ်မှ ပျော်နေမယ့် လူကြီးတွေက အဲဒါမျိုးလုပ်ပေါ့။ အားကစားတစ်ခုခု လုပ်ချင်တဲ့လူကြီးက အားကစားလုပ်ပေါ့။ ကရာတေး ကစားမလား၊ ဂျူဒိုကစားမလား။ အဲဒီကစားကွက်တွေထဲက လူကြီးတွေအတွက် ကိုယ်လက် လှုပ်ရှားမှုမျိုး ဖြစ်မယ့်ဟာတွေပဲ ရွေးပြီးကစားကြ။ အထူးရဲကွန်မန်ဒို ဇာတ်လမ်းတွဲထဲက အငယ်လေးအဖေ တရုတ်အဘိုးကြီးလိုလေ။ အဝတ်ရေညှစ်တဲ့ သိုင်းကွက်၊ ရေခါတဲ့သိုင်းကွက်၊ အဝတ်လှမ်းတဲ့သိုင်းကွက်၊ ဟား . . . ဟား . . . . ဟား. . . . ဟား’

‘ကောင်းတယ်။ ဆိုချင်၊ ကချင်၊ တီးချင်၊ မှုတ်ချင်သူတွေအတွက်လည်း ကိုယ့်ဝါသနာပါရာစုပြီး ဆိုကြ၊ ကကြ . . နော့’

‘အသင်းစည်းကမ်းကိုရော ဘယ်သူရေးမှာလဲ’

http://swanbros.blogspot.com



'အသင်းစည်းကမ်းက တစ်ချက်တည်းပဲ။ အဲဒါကိုရေးပြီး ချိတ်ထားမယ်။အသင်းဝင်ချင်တယ်ဆိုရင် ဖတ်ကြည့်။လိုက်နာနိုင်ရင်ဝင်။ အဲဒါကတော့ နိုင်ငံတော်ကပြဋ္ဌာန်း ထားတဲ့ ဥပဒေတွေကို လိုက်နာပါ။ ဒါပဲ။ အဲဒါ အသင်းစည်းကမ်းပဲ'

'နေရာအတွက်'

'ပူမနေနဲ့။ ဖြစ်အောင်လုပ်ဖြစ်တယ်။ ဖြစ်ချင်တဲ့ ဆန္ဒရှိဖို့ပဲလိုတယ်။ အပူအအေး၊ အချိုအချဉ် စားသောက်စရာမျိုးစုံရမယ့် ဆိုင်တစ်ဆိုင်ရွေး။ အဲဒီမှာ ၁၅ ရက်တစ်ကြိမ်ဆုံကြ။ ဆိုင်ရှင်နဲ့ ညှိရမယ်။ တို့က ကြာကြာထိုင်မယ်၊ စကားပြောမယ်၊ နေ့လည်လောက်ကစပြီး ညနေစောင်းထိ။ သီးသန့် နေရာစီစဉ်ပေးမယ့် ဆိုင်မျိုးရွေးမယ်။ ဆိုချင်ဆိုမယ်၊ ကချင်ကမယ်'

'ဟာ . . . အဲဒီလိုထိ လုပ်လို့. . . . . '

'ရပါတယ်။ နေရာပူမနေနဲ့'

ဒါကတော့ ၂၀၀၀ ပြည့်နှစ်အတွက်ကံချွန်တို့ဆံပင်အနက်ဆိုးလူကြီးများ ငါးဆယ်ကျော်၊ ခြောက်ဆယ်ပတ်လည် ချွန်ချွန်တို့အရွယ်များရဲ့ စိတ်ကူးတွေပါ။ လူငယ်တွေ၊ ဂီတသမားတွေ၊ ကာတွန်းသမားတွေ၊ စာပေသမားတွေ၊ ပန်းချီသမားတွေ၊ ဗီဒီယို၊ ရုပ်ရှင်သမားတွေ ၂၀၀၀ ပြည့်နှစ်မှာ ဘာလုပ်ကြမလဲ။ ၂၁ ရာစုအတွက် ကိုယ့်အရည်အသွေး ကိုယ်တစ်ဆင့်မြှင့်ဖို့ အသစ်ဖြစ်ဖို့. . .

အလင်းတန်း ဂျာနယ် တစ်နှစ်မှ ခရစ်နှစ်နှစ်ထောင်သို့ . .

စိတ်ကူးများကို တို့ထိလိုက်ရတာပါ။

၄. ၄. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## အားကွေ့နှင့် အင်တာဗျူးခြင်း

မြဝတီရုပ်သံ ဇာတ်လမ်းတွဲ 'ကျောက်စိမ်းလက်ကောက် ပါရင် သတိထား' ကို ကြည့်ကာစက လူရီနှင့် အင်တာဗျူးခြင်း ကို ကံချွန်ရေးခဲ့ဖူးပါသည်။ ယခု ကြည့်ရင်း ကြည့်ရင်း အားကွေ့ နှင့် အင်တာမဗျူးဘဲ မနေနိုင်တော့၍ ဗျူးလိုက်ရ ပါပြီ။ ထိုဇာတ်လမ်းအား ရေးသားသော ဝတ္ထုရေးဆရာ နှင့် ထိုဝတ္ထုအား ရုပ်ရှင်ရိုက်ကူးနိုင်ရန် ဇာတ်ညွှန်းခွဲသော ဇာတ် ညွှန်းရေး ဆရာမှာ တစ်ယောက်တည်းလား သို့မဟုတ် နှစ်ယောက်လား သို့မဟုတ် နှစ်ယောက်ထက်ပိုမည်လား ကံချွန်မသိ။ သေချာသည်ကတော့ စေတနာပါကြသူများ ဖြစ်သည်။ ထိုဇာတ်ကို ရွေးချယ်သော၊ ထုတ်လုပ်သောသူများ မှာလည်း တူညီသော စေတနာများရှိမည်မှာ သေချာသည်။ ကျောက်စိမ်းလက်ကောက် ဇာတ်လမ်းတွဲမှာ ရိုးရိုးသားသား ဟာသဇာတ်မဟုတ်။ အဆင့်မြင့် သရော်ချက်များ၊ အဆင့်မြင့် ဝေဖန်ရေးများ၊ အဆင့်မြင့် ပြုပြင်ရေးများကို အကွက်လှလှ ယက်ဖောက်ထားသောဇာတ် ဖြစ်သည်။ ဤဇာတ်မှာ အဓိက ဦးဆောင်နေသော အားကွေ့နှင့် လိလ္လီမှာလည်း စိတ်ထား ဖြူစင်သူများဖြစ်ကြောင်း သူတို့မျက်နှာပေါ်မှာ ပေါ်လာသည် ထိစွမ်းဆောင်နိုင်ကြသည်။

http://swanbros.blogspot.com



အားကွေ့အား အင်တာဗျူးနိုင်ရန် အဓိက ကူညီသော မြဝတီရုပ်သံအား အထူးကျေးဇူးတင်ရှိပါသည်။

'အားကွေ့'

'ကျွန်တော် ဘာများ အမှားလုပ်မိလို့လဲ'

'အားကွေ့လုပ်တာက အများနဲ့မတူဘူး'

'ခင်ဗျာ. . .'

'အမှန်တွေ လုပ်နေတာပါ။ ဒါကြောင့် အင်တာဗျူးချင်တာပါ'

'ဟုတ်ကဲ့. . .'

'အားကွေ့ ဘာလို့ ဒီဇာတ်ကားကို လက်ခံရိုက်ကူးတာပါလဲ'

'လူတိုင်း ဖြစ်သင့်တဲ့ စိတ်နေသဘောထားတွေရှိတဲ့ လူတစ်ယောက်ဖြစ်နေလို့ပါ'

'ဇာတ်ရုပ်က ဟာသဖြစ်နေတော့ အားကွေ့ပေးချင်တာတွေ လေးနက်တဲ့ အတွေးအခေါ်တွေ ပရိသတ်ဆီ ရောက်ပါ့မလား'

'လေးနက်တဲ့ အတွေးအခေါ်ကို ခပ်တည်တည်ပြောမှ ပရိသတ်ဆီ ရောက်မယ်ဆိုရင် ဒီနေ့ လူ့ကမ္ဘာကြီး သိမ်မွေ့နေတာကြာပြီပေါ့။ဘာသာအသီးသီးက တရားဟောဆရာတွေ အာပေါက်လုမတတ် ဟောပြောခဲ့တာကြာပြီပဲ'

'ဟာသကို သဘာဝထက် မလွန်ကဲဘဲ ရိုက်လို့ရနိုင်ရက်နဲ့ ဘာလို့ လွန်ကဲပြီး ရိုက်ပြရတာလဲ'

http://swanbros.blogspot.com



'သဘာဝထက်လွန်ကဲရင်၊ ကျော်လွန်သွားရင်ဒုက္ခရောက်ရမယ်ဆိုတာ သိစေချင်လို့ပါ။ ဥပမာ ကိုယ်ပျောက် တဲ့ လူတစ်ယောက်ရဲ့ ဒုက္ခပေ့ါ။ အဲသလိုပါပဲ။ ကျွန်တော်တို့ ဟာ ထိခိုက်ဒဏ်ရာရလို့ မနာမကျင်ရင် နေရထိုင်ရတာ အဆင်ပြေမယ် ထင်သလား။ မပြေပါဘူး။ ဒုက္ခရောက်မှာပဲ။ တစ်ခုခုနဲ့ ထိခိုက်မိလိုက်လို့ လက်ကြီးပြုတ်သွားပြီ ဆိုပါတော့။ ကိုယ်က ချက်ချင်း မသိနိုင်တော့ဘူး။ ကဲ. . . ဘယ်လောက် ဒုက္ခရောက်မလဲ။ ထမင်းစားခါနီးမှာ ကျွန်တော်တို့ လက်ကြီး လိုက်ရှာနေရမှာပေ့ါ'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ'

'အားလုံးဟာ သဘာဝအတိုင်းပဲကောင်းပါတယ်'

'မေးပါ၊ ဘာသိချင်သေးလဲ'

'အားကွေ့ တန်ဖိုးထားတာက'

'ရိုးသားမှုပါ'

'ပြီးတော့ရော'

'လူဆိုတာ ရိုးသားရင် စည်းကမ်းလိုက်နာမယ်၊ အခွင့်အရေး မယူတော့ဘူး၊ သူများ မစော်ကားတော့ဘူး၊ ကူညီချင်စိတ်ရှိမယ်၊ ကိုယ်ချင်းစာမယ်။ လူမှာ ရိုးသားမှုဆိုတဲ့အခြေခံ အရည်အချင်းတော့ လိုအပ်တယ်'

'ဟာသနဲ့ပတ်သက်ပြီး အားကွေ့ရဲ့ ခံယူချက်ကို ပြောပြပါဦး'

'ဟာသကို ဖန်တီးရတာက မွန်မြတ်သန့်စင်တဲ့ အလုပ်

http://swanbros.blogspot.com



လုပ်နေရသလို ခံစားမိပါတယ်'

'ဟာသထဲမှာ မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေကို အံဝင်ခွင်ကျ ထည့်တာလား။ ရည်ရွယ်ချက်ကို စဉ်းစားပြီးမှ ဟာသဖောက်တာလား'

'စေတနာကို အခြေခံပြီး တွေးတာမို့ အလိုလို တွဲပါလာတာပါ'

'အားကွေ့ ဘယ်လိုလူကို မုန်းသလဲ'

'မုန်းတဲ့သူ မရှိပါဘူး'

'သိပ်ဆိုးတဲ့ လူကိုရော'

'သနားတယ်'

'သူများကိုစော်ကားတယ်ဆိုတာ အသိဉာဏ်နည်းမှုပါ။ အားကွေ့ကို စော်ကားရင် ခွင့်လွှတ်ရမှာပေါ့။ သူ အသိဉာဏ်နည်းလို့ စော်ကားတာပဲ'

'အားကွေ့ ဘာလို့ ကောင်းတာလဲ'

'တွဲဖက်လုပ်ကိုင်ရသူတွေအားလုံးကောင်းလို့ပါ'

'အားကွေ့ကိုက တော်လို့ကောင်းတာမဟုတ်ဘူးလား'

'အားလုံးတော်လို့ပါ။ အုန်းဆံမျှင်တွေချည်းစုပြီး ကျစ်ရင် အုန်းဆံကြိုးပဲ ရမှာပါ။ သံမဏိမျှင်တွေစုပြီး ကျစ်ရင် သံမဏိကြိုးရမှာပါ။ အုန်းဆံမျှင်နဲ့ သံမဏိမျှင်တွဲကျစ်လို့ ကြိုး မဖြစ်ပါဘူး။ ရုပ်ရှင်မှ မဟုတ်ဘူး။ ဘယ်လုပ်ငန်းမှာမဆို အဲသလိုပါပဲ။ ဘောကန်ရင်လည်း အားလုံးကောင်းရမှာပဲ။ လူတိုင်းမှာ စွမ်းရည် ရှိဖို့ လိုပါတယ်။ ကိုယ်ယူရမယ့် တာဝန်ကို

http://swanbros.blogspot.com



ကိုယ်အကောင်း ဆုံးလုပ်နိုင်တဲ့စွမ်းရည်ပေါ့။ ပြီးတော့ ကိုယ်လုပ်နိုင်သလောက် လုပ်ဖို့။ လုပ်နိုင်ရက်နဲ့ မလုပ်ကြဘူး ဆိုရင်လည်း အဲဒီလုပ်ငန်းမကောင်းနိုင်ပါဘူး'

'အားကွေ့နဲ့တွေ့ရတာ ပညာရှိနဲ့တွေ့ရသလိုပါပဲ'

'ဟာသဖန်တီးသူတစ်ယောက် သိသင့်သလောက်ပဲ သိတာပါ'

'နည်းနည်းရှင်းအောင် ပြောပါလား'

'အတည်အခန့် အလေးအနက် တွေးခေါ်ဆင်ခြင်မှုတွေ မသိဘဲ ဟာသဖန်တီးလို့ မရပါဘူး။ အဲ. . . အကောင် အထည်ဖော်လို့တော့ ရချင်ရမယ်။ ဆိုလိုတာက ဖန်တီးထားတဲ့ လူရဲ့ဟာသကို အကောင်အထည်ဖော်ပေးရတာမျိုး'

'အားကွေ့ ပါဝင်ထားတဲ့ ကျောက်စိမ်းလက်ကောက်ရဲ့ ရည်ရွယ်ချက်ကို ပြောပြဦး'

'စေတနာနဲ့ ပတ်သက်လို့ကတော့ အထွေအထူး မပြောလို တော့ပါဘူး။ ရည်ရွယ်ချက်ကတော့ ကျောက်စိမ်းလက်ကောက် ဟာကြည့်သူ ကလေးကစပြီး ပညာရှိ၊ ပညာတတ်ကြီးတွေထိ ရယ်ရဖို့ပါပဲ။ ရယ်ရတဲ့ နေရာတော့ ကွာချင်ကွာမယ်ပေါ့။ ကလေးတွေကတော့လူမှုရေးနဲ့ အစဉ်အလာရဲ့ အားနည်းချက် ကို သရော်တဲ့ နေရာမျိုးမှာ ပြုံးမယ်ပေါ့။ အသိဉာဏ် အလွှာစုံ ရယ်စေဖို့ပါပဲ'

'တစ်ခုမေးပါဦးမယ်'

'မေးပါ'

http://swanbros.blogspot.com



'ရိုးလွန်းတော့ အ,တယ်ဆိုတဲ့ စကားကိုကြားဖူးမှာပေါ့'

'ကြားဖူးပါတယ်။ ရိုးတာနဲ့ ရိုးသားတာလည်းကွဲပြားပါတယ်။ ကျွန်တော်တို့ က အ,တော့ မအ,သင့်ပါဘူး။ ရိုးပဲ ရိုးသားသင့်တာပါ။ အ,နေရင်လည်း အလိမ်ခံရနိုင်ပါတယ်။ အဲသလို ခံရပြီဆိုရင်လည်း လိမ်တဲ့လူဟာ တော်တော်ရှက်ဖို့ကောင်းပါတယ်'

'ဟာသ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်သင့်ပါသလဲ'

'ဟာသဖန်တီးမှုနဲ့ ပတ်သက်ယှက်နွယ်နေသူအားလုံး ဟာသရဲ့ သဘောကို နားလည်ဖို့လိုပါတယ်။ ဟာသဆိုတာ 'သဘာဝ' နဲ့တိုင်းတာလို့မရပါဘူး။

ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့စရိုက်နဲ့ ဘာသာတရားကို မစော်ကားသမျှ ဟာသမှာသဘာဝမကျဘူး၊ မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူး။ ဟာသဖန်တီးသူဟာ သဘာဝကိုမကြည့်ပါဘူး။ ရယ်ရဖို့သာ ကြည့်တာပါ'

'အားကွေ့ ကို ကျေးဇူးအထူးတင်ပါတယ်။ အားကွေ့ ပြောသွားတာတွေဟာ ချွန်ထျန်းကွေ့ ပြောချင်တဲ့ စကားတွေ ဖြစ်နေလို့ပါပဲ'

၁၄. ၆. ၉၉
အလင်းတန်းဂျာနယ်

# လူရှုပ်ကြီးနှင့်မြို့မ

ကံချွန့် မိတ်ဆွေ သတင်းထောက်ကြီး ဦးလူရှုပ် တစ်ယောက် ကံချွန်ဆီ ရောက်လာပြန်ပါပြီ။ ကံချွန့်ကို တွေ့သည်နှင့် . .

'စာရေးဆရာတို့၊ ကာတွန်းဆရာတို့၊ ပန်းချီဆရာတို့၊ ကဗျာဆရာတို့ရဲ့နေရာမှန်ဟာ မြို့သစ်ပဲကွ၊ မြို့သစ်မှာ လာစုမိကြတာပဲ။ ငါ့သမီးက ခု မြို့သစ်မှာ ပြောင်းလာပြီလေ။ ငါက မှီခိုသူဆိုတော့ ကပ်ပါလာရတာပေါ့'

'ဗျာ. . . .'

'မဗျာနဲ့၊ နောက်ဆို မင်းနဲ့ငါမကြာခဏ တွေ့ရ တော့မှာ'

'ဒုက္ခပဲ. . .'

'ဘာဒုက္ခလဲ။ မင်းတို့က လက်ဆောင်ပစ္စည်းလေးပေးပြီး စားကောင်းသောက်ဖွယ်နဲ့ အရေးခိုင်းတာလောက်ပဲ ရေးချင် နေပြီလား။ ဟော့ကောင်ကံချွန် စာနယ်ဇင်းသမား ဆိုတာ ရေးချင်တာထက်၊ ရေးသင့်တာကို ရေးရတယ်ကွ'

'ဒါကြောင့် ခင်ဗျား မကြီးပွားတာ'

'မကြီးပွားပေမယ့် လူတွေက ချစ်တယ်လေ။ ငါက မင်းကို လူတွေချစ်တဲ့ ကလောင်ဖြစ်စေချင်တာ'

http://swanbros.blogspot.com



'မချစ်၊ မမုန်းလေး နေပါစေလားဗျာ'

'မချစ်၊ မမုန်းလေး နေချင်ရင် စာနယ်ဇင်းသမား မလုပ်နဲ့ကွ။ ပွဲစားလေး ဘာလေးလုပ်။ စာနယ်ဇင်းသမားဆို တာ ချစ်သူလည်းရှိမှာပဲ။ မုန်းသူလည်းရှိမှာပဲ။ ကိုယ့်ချစ်တဲ့ လူတွေဟာ လူမှန်ဖြစ်ဖို့ပဲ လိုပါတယ်'

'ခင်ဗျား တရားဟောဖို့လာတာလား'

'အင်တာဗျူးရအောင် လာတာ'

'ခင်ဗျားနဲ့ မဗျူးချင်တော့ဘူး'

'မဗျူးချင်လို့ မရဘူး။ ဗျူးရမယ်။ ငါဗျူးစေချင်တာက မန္တလေးမြို့မကြီးနဲ့ ဆိုင်တယ်။ ပြီးတော့ တို့အမျိုးသားဂီတကိစ္စ'

'မမေးချင်လို့ မရဘူးလား'

'မရဘူး။ ငါမြို့မအကြောင်း ပြောချင်လို့'

'ကဲ . . . ဒါဖြင့်လည်း ပြောဗျာ။ မြို့မကို ဘယ်သူတွေ ဖွဲ့စည်းတာလဲ'

'ဦးသန့်၊ ဆရာငြိမ်း၊ ဦးရင်လေး၊ ဦးတော်လုံတို့ ဦးဆောင် ဖွဲ့စည်းခဲ့တာပေါ့ကွာ။ သေသေချာချာနားထောင်နော်။ အရေးကြီးတဲ့ စကားပြောမှာ။ မြို့မအသင်းကြီး ထူထောင် တော့မယ့်အချိန်မှာ ဆရာငြိမ်းဟာ ဆရာငြိမ်းပဲ။ ဆရာငြိမ်း အပါအဝင် ဂီတမြတ်နိုးသူတွေစုပြီး ထူထောင်လိုက်လို့ မြို့မဆို တဲ့ ဂီတအဖွဲ့ကြီး ဖြစ်ပေါ်လာတယ်။ ဂီတမြတ်နိုးသူများ စုပေါင်း ထူထောင်ခဲ့တဲ့ မြို့မအဖွဲ့ကြီးကြောင့် 'မြို့မငြိမ်း' ဆိုတာ ဖြစ်လာခဲ့တာပါ။ ရှင်းတယ်နော်။ မြို့မငြိမ်း ရဲ့ မြို့မ မဟုတ်ဘူး။

http://swanbros.blogspot.com



မြို့မရဲ့ မြို့မငြိမ်းပဲ’

‘ဦးလေးရှုပ် . . . .’

‘နားထောင်ဦးလေကွာ။ မန္တလေးမြို့မိမြို့ဖ ဂီတမြတ်နိုး သူများဟာ သူတို့ထောင်လိုက်တဲ့ မြို့မ အသင်းကြီးကြောင့် ဆရာငြိမ်းအောင်မြင်သွားတာကို ပီတိဖြစ်တယ်ကွ။ ဆရာငြိမ်း ကိုလည်း ချစ်ကြတယ်။ ဆရာငြိမ်းဟာလည်း မြို့မအသင်းကြီး ရှိလာတဲ့အတွက် သူ့အစွမ်းအစတွေဖော်ပြခွင့်ရလာတယ်။ မြို့မအသင်းဟာ ဆရာငြိမ်းအတွက် အကောင်းဆုံးအစွမ်းပြ ခွင့်ရတဲ့နေရာဖြစ်သွားတယ်။မန္တလေးက ဂီတမြတ်နိုးသူတွေ ဟာ မြို့မကြီးကို ကိုယ့်အသင်းလို သဘောထားကြတာ။ မြို့မကြီး ဘာလိုအပ်မလဲ။ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးဖို့ စောင့်ကြည့်နေကြတာပါ။ မြို့မကြီးအောင်မြင်နေရင် ဝမ်းသာ တယ်။ မြို့မကြီးအဆင်မပြေမှာ စိုးရိမ်တယ်။ အဲဒါ မင်းယုံရဲ့ လား’

‘ဒီမှာ ဦးလေးရှုပ်။ စာမျက်နှာပေါ်တင်ရမယ်ဆိုရင်တော့ သက်သေပြချက်ကလေးပါမှ ကောင်းမှာပေါ့ဗျာ’

‘ကံချွန် မင်းအကြောင်း ငါသိတယ်။ ငါပြောမယ်။ ဦးဘိုခင် မြို့မကနေထွက်သွားပြီး မိုးကေသီဆိုပြီး ဂီတအဖွဲ့ ထူထောင်လိုက်ချိန်မှာ မြို့မမှာ ဦးစီးပေးမယ့် ဂီတမှူးမရှိ တော့ဘူး။ အဲဒီအချိန် မြို့မ ကိုပေါ ပြန်ဝင်လာတယ်။ ဦးစီးပြီး ပြန်လုပ်ပေးတယ်။ ၆၅ ခုနှစ်ဝန်းကျင်က ဖြစ်မယ်ထင်တယ်။ အဲဒီအချိန်မှာ မြို့မအဖွဲ့မှာ စန္ဒရားမရှိဘူး။ စန္ဒရားလိုအပ်

http://swanbros.blogspot.com



နေတယ်။ ဒီတော့ မြို့မအတွက် စန္ဒရားကို ခု ရီမြင့်ရုပ်ရှင် ကိုဇော်မြင့်ရဲ့ဖခင် ဦးချိုက ဝယ်လှူခဲ့တာကွ။ ကဲ . . . မြို့မကို မြို့မိမြို့ဖတွေ ချစ်တယ်။ ဂီတမြတ်နိုးသူတိုင်းက သံယောဇဉ် ရှိတယ်ဆိုတယ်ဆိုတာ ယုံပြီလား။ အများကြီးထဲက တစ်ခုပြော ပြတာ'

'ခု တီးနေတဲ့ စန္ဒရားလား'

'ခုတီးသလား၊ မတီးဘူးလားတော့ ငါမသိဘူး။ ငါမင်းကို ပြောပြချင်တာကမြို့မအဖွဲ့အကြောင်း၊ စန္ဒရားကြီးအကြောင်း မဟုတ်ဘူး'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ ဆက်ပါဦး'

'ငါတို့ ဂီတမြတ်နိုးသူတွေ အနေနဲ့ကတော့ မြို့မကြီးကို ရုပ်ဝတ္ထုပိုင်း ခိုင်မာတာလည်း မြင်ချင်တယ်ကွာ။ အရည် အသွေးပိုင်းတိုးတက်တာလည်းကြားချင်တယ်ကွာ။ ဖြစ်စေချင် တဲ့ နှစ်မျိုးကိုတစ်မျိုးချင်းခွဲပြောမယ်။ အရည်အသွေးပိုင်းကွာ။ မြို့မကြီးကိုအကြောင်းပြုပြီး ဦးဘသိန်း၊ ဦးဘိုခင်၊ ဦးပေါ် စတဲ့ စတဲ့ သီချင်းရေးဆရာတွေဟာ နှစ်ဆယ်ရာစုမှာ စံပြုတဲ့အထဲ ပါရမယ်။ သီချင်းတွေအများကြီး ဖန်တီးခဲ့ပြီကွာ။ ခုလာတော့ မယ့် နှစ်ဆယ့်တစ်ရာစု ရာစုကြီးတစ်ခု ပြောင်းသွားတဲ့အခါမှာ ရော တို့မြို့မဟာ နှစ်ဆယ်ရာစုက သီချင်းတွေနဲ့ပဲ ကျေနပ် နေကြ မှာလား။ မြို့မရဲ့ အနုပညာအမွေတွေ မ ပျောက်ပျက် အောင် ထိန်းသိမ်းဖို့ တာဝန်ရှိကြသလို တိုးပွားအောင် ကြံ ဆောင်ဖို့လည်း တာဝန်ရှိတယ်လေ။ နှစ်ဆယ့်တစ်ရာစုရဲ့

http://swanbros.blogspot.com



ဂန္ထဝင်တေးစာရင်းထဲမှာ မြို့မရဲ့တေးသစ်တွေပါစေ ချင်တယ်။

'အဲဒီတော့ . . .'

'ငါစပြောခဲ့တဲ့စကား ပြန်ကောက်ရမှာပေါ့ကွာ။ မြို့မကို ဖွဲ့စည်းခဲ့တာဟာ ဂီတမြတ်နိုးသူတွေ စုပြီးဖွဲ့စည်းခဲ့တာပဲ။ ခုမြို့မရဲ့နှစ်ဆယ့်တစ်ရာစုအတွက် ဂန္ထဝင်တေးတွေဖန်တီးနိုင်ဖို့လည်း ဂီတမြတ်နိုးသူ၊ ကျွမ်းကျင်သူတိုင်းက စိတ်ဝင်စားရမှာပဲ။ မြို့မဆိုတာ ဂီတမြတ်နိုးသူတွေ စုထူထောင်ခဲ့တဲ့ အဖွဲ့အစည်းပဲ။ မြို့မကြီးကသာ ဖိတ်ခေါ် . . .'

'အဲ . . . အဲ . . .'

'ဘာပြောချင်လို့လဲ'

'အင်း . . . တော်ပါပြီဗျာ'

'ထားတော့။ ရုပ်ပိုင်းတိုးတက်ဖို့ မြို့မဆိုတာ မန္တလေးမှာ နှစ်ပတ်လည်ပွဲ မပြတ်တဲ့အသင်းပါ။ တစ်ပွဲဘယ်လောက်ယူတယ်၊ အသင်းသားတွေ ပေးရတာ ဘယ်လောက်ရှိတယ်၊ တစ်ပွဲတီးတိုင်း အသင်းအတွက် ဘယ်လောက်ကျန်တယ်၊ တစ်နှစ်ပွဲပေါင်းဘယ်လောက်ရှိတယ်ဆိုတဲ့ မြို့မရဲ့ ငွေစာရင်းရှင်းတမ်းသာရိုက်ပြီး မြို့မိမြို့ဖတွေကို ဝေလိုက်။ အသင်းပိုင်ငွေရှိတာနဲ့ အသင်းအတွက်လိုအပ်လို့ ထူထောင်ချင်တာနဲ့ ငွေလိုနေရင် မြို့မိမြို့ဖတွေက ဖြည့်ပေးကြမှာပါ။ ဒီစကား မယုံမှာစိုးလို့ ဦးချိုက စန္ဒရားကြီး ဝယ်ပေးခဲ့ဖူးတာကို ငါထည့်ပြောခဲ့တာ။ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်ဖို့အတွက်ကတော့ စည်းကမ်းရှိရှိ စနစ်တကျ လုပ်နေတယ်ဆိုတာအများသိ

http://swanbros.blogspot.com



အောင် ပြနိုင်ရင် အများရဲ့ကူညီမှုလည်း ရမှာပဲ။ အခု စည်းကမ်းမရှိဘူးလို့ငါမပြောဘူးနော်။ စည်းကမ်းရှိရှိ လုပ်နေတာကို အများသိအောင်ပြဖို့ပဲ အကြံပြုတာ'

'အင်း . . . အဲ . . .'

'ဟော့ကောင် ကံချွန်။ ဒါဟာ မြန်မာ့ဂီတကို ဂုဏ်ဆောင်ခဲ့တဲ့ ဂီတအဖွဲ့ကြီးတစ်ခုဖြစ်လို့ တိုးတက်ပြီး တည်တံ့စေချင်တဲ့ စေတနာနဲ့ပြောတာနော်။ အများနဲ့ဆိုင်တယ်လို့ ခံယူထားလို့ မြို့မဆိုတာ မြန်မာ့ဂီတရဲ့အစိတ်အပိုင်းတစ်ခုလို့ ခံယူထားလို့'

(ကံချွန် တော်တော်စိတ်ညစ်ပါသည်။ ဘယ်လိုလူကြီးမှန်းလည်းမသိ။ မြို့သစ်မှာနေပြီး စာရေးနေမည့်အစား ကုမ္ပဏီများ၊ ကုန်တိုက်များ၊ လုပ်ငန်းကြီးများထွန်းကားစည်ပင်ရာ မြို့ကြီးပြကြီးတက်၍ 'ဖိတ်စာလုရင်း စာရေးရသော် ပို၍ပျော်စရာကောင်းလေမလားဟု တွေးရင်း . . .)

ရေးမယ်ဗျာ။ မြို့မကြီးတောင့်တင်းအားကောင်းဖို့။

အမျိုးသားဂီတရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တာဝန်ကျေဖို့။

ပြီးတော့ . . .။

မန္တလေးသူ၊ မန္တလေးသားများလည်း ဂုဏ်ယူနိုင်ဖို့။

၁၈. ၅. ၉၉
အလင်းတန်းဂျာနယ်

## လူရှုပ်ကြီးနှင့်ရွှေဒေါင်း

ကံချွန် ခင်သော သတင်းထောက်ကြီး ဦးလေးရှုပ် (လူရှုပ်ကြီး) ၏ ဝါသနာမှာ 'ငါကဘယ်တော့မှ ပြဿနာမရှာဘူး။ ရှိနေတဲ့ပြဿနာကိုသာ လှုပ်ကြည့်တတ်တာ' ဟု ဆိုပါသည်။ ထို့အတူ 'အများအကျိုးရှိမယ့် အလုပ်ကလေးတွေလည်း ငါတတ်တဲ့ပညာနဲ့ လုပ်သွားချင်တယ်ကွာ' ဟုလည်း လှိုက်လှိုက်လှဲလှဲ ကြည်နူးစရာ စကားများကို ကြားရတတ်ပါသည်။ ယခုအင်တာဗျူးမှာ ဦးလေးရှုပ်၏ကြည်နူးစရာအတွေးများကို ဗျူးထားခြင်းဖြစ်ပါသည်။ စက္ကူရှင်အပေါင်းစက္ကူသုခရရှိ ပီတိဖြစ်နိုင်ကြပါစေ။

'စိတ်ကူးထဲမှာတောင်မှွေး . . . အနားလေးတိုးကာ ပြောချင် . . . ဒါဒါဒါ ဒါဒါဒီ . . . ဒါဒါဒါဒီဒီ . . . အားရိုး . . . အားရေ့ . . . တွေ့ဖို့ တစ်နေ့လုံး ကြိုးစားနေ . . . ကံချွန် . . . ချွန်လေးရေ . . .'

'ဘယ်လိုလဲ ဦးလေးရှုပ်၊ မြူးနေလှချည်လား'

'မြူးဆို ထူးတာကိုးကွ။ ကောင်းမှုလေးတစ်ခု လုပ်ခွင့်ကြုံလာလို့'

'ဘာကောင်းမှုလဲ'

'လေကောင်းမှုပေါ့ကွာ။ ပြောသင့်ပြောထိုက်တာလေး

http://swanbros.blogspot.com



တွေ ပြောခဲ့ရတာဟာ ပီတိဖြစ်စရာပါပဲ'

'ခင်ဗျားပီတိလေး အင်တာဗျူးလို့ ရမလား'

'ဟေ . . . ငါနားကြားများ လွဲလေသလား'

'မလွဲပါဘူး။ တကယ်ဗျူးမှာပါ။ ကောင်းမှုဆိုတော့ ဒေါသသင့်တာတွေ မပါနိုင်ဘူးလေ။ ဒါကြောင့်ပါ'

'မှန်တယ်။ ကဲ . . . မေး'

'ဘယ်နေရာမှာ ဘယ်သူတွေအကျိုးအတွက် နှုတ်နဲ့ စောင်မခဲ့တာလဲ ပြောပါဦး'

'ဘူတာကြီးရှေ့မှာကွာ။ မြန်မာပြည်မှာ စာရေးဆရာကို ဂုဏ်ပြုပြီးဖွင့်ထားတဲ့ တစ်ခုတည်းသော ရွှေဥဒေါင်းစာကြည့် တိုက်ရှေ့မှာ။ ငါက ဆရာကြီးပုံတူအမှတ်တရ ကြေးရုပ်ကြီး ကိုကြည့်ပြီး ပီတိတွေဖြစ်နေတုန်း အဲဒီစာကြည့်တိုက်ထဲက ဦးစိုးတင့်ထွက်လာတာ တွေ့တယ်ကွ။ စာကြည့်တိုက်ရဲ့ အမှူ ဆောင်ပေါ့ကွာ၊ ဘာရာထူးမှန်းတော့ မသိပါဘူး'

'ဆက်ပါဦး'

'ဒီလိုကွ၊ ငါက စမေးတာပါ။ ရွှေဥဒေါင်းစာကြည့်တိုက် လို့ အမည်ပေးထားတယ်။ ဆရာကြီးရွှေဥဒေါင်းရဲ့ ရုပ်တုကြီး လည်း စိုက်ထူထားတယ်။ ခုလိုဂုဏ်ပြုထားတော့ ဆရာကြီး ရွှေဥဒေါင်းရဲ့ အမှတ်တရ ပစ္စည်းများ စုဆောင်းပြသထားတာ ရှိရဲ့လားလို့'

'ဒီတော့ . . . '

'စာအုပ်တွေပဲ ရှိတယ်လို့ဖြေတယ်ကွ။ ငါက 'ရွှေဥဒေါင်း

http://swanbros.blogspot.com



အမှတ်တရ’ ဆိုတဲ့ အခန်းကလေးတစ်ခန်း သီးသန့်ပေးသင့်ကြောင်းအကြံပြုခဲ့တယ်။ဆရာကြီးရဲ့ စာအုပ်တွေသီးသန့်ထားကွာ ပြီးတော့ ဆရာကြီးအသုံးပြုခဲ့တဲ့ပစ္စည်းလေးတွေ အမှတ်တရပြပေါ့’

‘ဘယ်လိုပစ္စည်းလေးတွေလဲ’

‘ပစ္စည်းကြီးတွေ မဟုတ်တာပေါ့ကွာ။ တန်ဖိုးမကြီးတဲ့ပစ္စည်းမျိုးပေါ့။ ငါဆိုလိုတာက ရွှေတံဆိပ်ကြီးတွေ ပြထားမှ မဟုတ် ပါဘူး။ ဆရာကြီးရဲ့ တုတ်ကောက်တစ်ချောင်းလောက်၊ ဆရာကြီးရဲ့ဆေးတံ၊ဆရာကြီးထိုင်ခဲ့ဖူးတဲ့ပက်လက်ကုလားထိုင် ဆရာကြီးသိသိသာသာ အသုံးပြုသွားတဲ့ ပစ္စည်းလေးတွေ၊ ဆရာကြီးစာရေးခဲ့တဲ့ဖောင်တိန်၊ အဲသလိုပေါ့။ နောက် ဆရာကြီး ဖတ်ခဲ့တဲ့စာအုပ်တွေ’

‘အဲဒါတွေကဘယ်မှာလဲ’

‘မပျောက်ပျက်အောင် အမြတ်တနိုး ထိန်းသိမ်းပေးထားသူတွေ လက်မှာရှိမှာပေါ့ကွ။ ကိုယ်ထိန်းသိမ်းထားတာ ထက် က စာပေမြတ်နိုးသူတွေ ဝင်ထွက်သွားလာနေတဲ့ ဆရာကြီး ကို ဂုဏ်ပြုထားတဲ့ ရွှေဥဒေါင်းစာကြည့်တိုက် လိုနေရာမှာ ပြထားရင် ဘယ်လောက်အကျိုးရှိမလဲ’

‘အေးဗျာ. . ခင်ဗျားစကားကြားရတာနဲ့တင် ပီတိဖြစ်ပါတယ်။ သူတို့က ဘာပြောလဲ’

‘သိပ်ဆန္ဒရှိတာပေါ့။ ဒါကဆရာကြီးရွှေဥဒေါင်းကို ချစ်မြတ်နိုးသူတိုင်း ဝိုင်းဝန်းကူညီရမယ့်ကိစ္စပဲ။ ဆရာကြီးရဲ့

http://swanbros.blogspot.com



ဇာတိမှာကတော့ ဆရာကြီးရဲ့ မွေးစားသမီး မြင့်မြင့်သန်း ဆိုတာရှိတယ်ကွ။ သူတို့ဆီမှာတော့ ဆရာကြီးရဲ့ ဆိုင်းဘုတ် ကလေးနဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ ရတုန်းက တံဆိပ်ထည့်တဲ့ ဘူးခွံလေး တွေ့တာနဲ့ ငါဓါတ်ပုံရိုက်ခဲ့သေးတယ်'

'အေးဗျာ. . ဒီကိစ္စကိုတကယ်စေတနာသန့်သန့်နဲ့ဝိုင်းကူ ကြရင်တော့ ရွှေဥဒေါင်းစာကြည့်တိုက်မှာ ရွှေဥဒေါင်း အမှတ်တရ ပြခန်းလေးတစ်ခုဖြစ်လာမှာသေချာတယ်။'

'ငါကအဲဒါမင်းကို ရေးစေချင်တာ။ မြန်မာပြည်အနှံ့ မှာပေါ့ကွာ။ ဆရာကြီးရွှေဥဒေါင်းရဲ့ပစ္စည်းတွေ အမြတ်တနိုး သိမ်းဆည်းထားတာ၊ မမျှော်လင့်ဘဲ သိမ်းထားတာ။ ဆရာကြီး ဖတ်ခဲ့တဲ့ စာအုပ်တွေ၊ အဲဒါမျိုးတွေကို မန္တလေးမီးရထား၊ ရွှေဥဒေါင်း စာကြည့်တိုက်ကို ပေးပို့လှူဒါန်းနိုင်တယ်။ ရောင်းမယ်ဆိုရင်လည်းဝယ်မယ်'

'သူတို့ကဝယ်မှာလား'

'သူတို့ဝယ်နိုင်တာဝယ်၊ မဝယ်နိုင်တာကို ဝယ်လှူမယ့် အလှူရှင်ငါရှာပေးမယ်ကွာ။ မင်းကသာလှုံ့ဆော်ပေးပါ။ဘယ် ပစ္စည်းတွေဘယ်မှာရှိတယ်ဆိုတဲ့ သတင်းပေးနိုင်ရင်လည်း ပေးကြဖို့ပေါ့။ မင်းစဉ်းစားကြည့်စမ်း ဆရာကြီးရွှေဥဒေါင်းကို လေးလေးစားစား ဂုဏ်ပြုပြီး ဖွင့်ထားတဲ့ စာကြည်တိုက်မှာ ဆရာကြီးရဲ့ အမှတ်တရပြခန်းလေး မရှိသင့်ဘူးလား၊ ရှိအောင် မကြိုးစားသင့်ဘူးလား'

'ကြိုးစားသင့်ပါတယ်'

http://swanbros.blogspot.com



'အဲဒါပါပဲ ငါစိတ်သန့်သန့်နဲ့ ကောင်းသောအကြံဉာဏ်တစ်ခုပေးဖြစ်ခဲ့လို့ ဒီနေ့ပီတိဖြစ်နေတာ'

လူရှုပ်ကြီးဆီက အလွန်တန်ဖိုးရှိတဲ့ စကားကြားလိုက်ရတာပါ။ ဖြစ်နိုင်မယ်ဆိုရင်တော့ မန္တလေးမှာ ဆရာကြီးရွှေဥဒေါင်း ပြခန်း၊ ဆရာကြီးမြမျိုးလွင်ပြခန်း၊ ဆရာကြီး လူထုဦးလှပြခန်း၊ဆရာကြီးဦးဆန်းထွန်း(ဆန်းထွန်း-မန်းတက္ကသိုလ်)ပြခန်းဆိုပြီး ဆရာကြီးများရဲ့ ပစ္စည်းလေးများ ရသလောက်စုပြီး ဆရာကြီးများရဲ့ စာအုပ်များနဲ့အတူ ပြထားမယ်ဆိုရင် မန္တလေးကို ရောက်လာတဲ့ ပြည်တွင်း ပြည်ပ စာပေမြတ်နိုးသူမှန်သမျှ လေ့လာရမယ့် နေရာလေးဖြစ်လာမှာပါ။

ရွှေဥဒေါင်းစာကြည့်တိုက်မှာပဲဖြစ်ဖြစ်၊ သီးခြားနေရာမှာပဲဖြစ်ဖြစ်ပေါ့ခင်ဗျာ။

၂၄၊ ၅၊ ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# ကြော်ငြာကိစ္စ

စက္ကူရှင်အပေါင်း ကျန်းမာချမ်းသာကြပါစေ။ ကံချွန့်မှာ ဗျူးစရာရှားပါးလာသောကြောင့်၊ 'ဆိုင်ဆိုင်,မဆိုင်ဆိုင်' စာဖတ်သူများကို တင်ပြချင်တာလေးတွေရှိလာပါတယ်။ စက္ကူရှင်အပေါင်း တီဗွီမှာ ကြော်ငြာသမျှ ဝယ်ယူသုံးစွဲနိုင်သူများ ဖြစ်ကြပါစေ။

ကံချွန်ဟာဆောင်းပါရေးဖို့တွေးမရတိုင်း၊ တီဗွီရှေ့မှာ ငုတ်တုတ်ထိုင်တဲ့အလုပ်ကိုလုပ်ပါတယ်။တီဗွီကလာသမျှ အကုန် ကြည့်ပါတယ်။ ဘာမှမလာတဲ့ အချိန်ဆိုရင်တော့ ကံချွန်ရဲ့ မြေးတွေနဲ့အတူ ကာတွန်းကားကြည့်ပါတယ်။ မြေးတွေကျောင်းသွားချိန်ဆိုရင်တော့ ဟာသခွေတွေ ထိုးကြည့်ပါတယ်။ကြည့်နေရင်းလည်း ဘာရေးရကောင်းမလဲဆို တွေးရတာပေါ့။ ခုဆို ၁၉၉၉ခုနှစ်က နှစ်ဝက်ကျော် နေပြီ။ကံချွန်က လျှာရှည်ပြီး နှစ်ထောင်ပြည့်နှစ်မှာ အနုပညာ ဖန်တီးမှုတွေ၊ နိုးဂွဒ်နယူးချိန်လုပ်မယ် ဘာညာနဲ့ အာချောင်ထားမိတော့ ကံချွန်ရဲ့ အနုပညာတွေတောက်ပြောင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာလည်း အမြဲတွေးနေရပါတယ်။ ကံချွန်ရဲ့စာမူတွေကို ဒွေးနဲ့ ထက်ထက်မိုးဦးတို့ ကြော်ငြာတဲ့ ဆပ်ပြာမှုန့်နဲ့ စိမ်ပြီးမှ အလင်းတန်းကို ပို့ရမလားလို့ စဉ်းစားနေပါတယ်။

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



တောက်ပြောင်တဲ့ စာမူတွေဖြစ်အောင်လို့။

ကံချွန်ရဲ့ မိတ်ဆွေကတော့ စာမူကို ဆပ်ပြာမှုန့်စိမ်ဖို့ သဘောမတူပါဘူး၊ လူပဲခေါင်းလျှော်ဖိုကလိုတယ်လို့ဆိုပါတယ်။ ဒီနေ့တီဗွီမှာ ကြော်ငြာနေတဲ့ ခေါင်းလျှော်ရည်တွေဟာ ခေါင်းကိုသန့်ရှင်းစေရုံတင်မကပါဘူး။ အလုပ်တွေလည်း လုပ်နိုင်တယ်။ ချစ်သူသမီးရည်းစားနဲ့လည်း အဆင်ပြေနိုင်တယ်လို့ဆိုပါတယ်။ ဒါတော်တော်စွမ်းတာပဲ။ ခေါင်းလျှော်ရည်ထဲမှာ ဆံပင်ကိုသန်စေတာတို့၊ ဘော က်ကိုသေစေတာတို့ ဆိုတာမျိုးကတော့ ကမ္ဘာနဲ့အဝှမ်း ရှိပြီးသားပါ။ သိပ်မထူးပါဘူး ကံချွန်တို့ တီဗွီမှာ ကြော်ငြာတဲ့ လုပ်ငန်းတွေ အဆင်ပြေချောမွေ့အောင် လုပ်နိုင်စွမ်းရှိတာတို့၊ ချစ်သူနဲ့ အဆင်ပြေစေတာတို့ ဆိုတာကတော့ တကယ်ကို ထူးခြားမှုပါပဲ။

တီဗွီကြော်ငြာတွေကို ကျွန်တော်တို့ဟာ အထူးဂရုထားပြီးမှတ်မှတ်သားသားကြည့်သင့်ပါတယ်။ တချို့ဆိုရင် ကျန်းမာသန်စွမ်းဖို့အတွက် အလွန်တန်ဖိုးကြီးတဲ့ဆေးတွေကို ဝယ်သောက်နေကြရတယ်။အဲဒါဟာတီဗွီကြော်ငြာတွေကို သေသေချာချာမကြည့်လို့ပါ။တီဗွီထဲမှာအတိအလင်း ကြော်ငြာထားတာပဲ။ ရေနွေးကြမ်းသောက်ရုံနဲ့ နုပျိုလန်းဆန်း သွားမယ်ဆိုတာ။ အဲဒီလက်ဖက်ခြောက်လည်း တော်တော်ကောင်းတာပဲ။ ကြော်ငြာရဲ့ အလိုအရတော့ ကိုင်းနေတဲ့ခါး ပြန်ဆန့်မယ်။ ထိပ်ပြောင် နေသူများ ဆံပင်ပြန်ပေါက်မယ်။ လက်မောင်းကြွက်သားတွေဘာတွေထွက်လာမယ်။ အားကစားသမားများ

http://swanbros.blogspot.com



တောင်သောက်ဖို့သင့်ပါတယ်။

ကံချွန်တော့ ပစ္စည်းတစ်ခုခုကို လိုအပ်လာလို့ ဝယ်တော့မယ်ဆိုတာနဲ့ တီဗွီကြော်ငြာတွေကို ထိုင်ကြည့်တော့တာပဲ။ ကိုယ်လိုချင်တဲ့ ပစ္စည်းအရည်အသွေးတွေဟာ ဘယ်လောက်ကောင်းသလဲ။ ခိုင်သင်းကြည်ပြောတာလေးနားထောင်တယ်။ ကြည်လဲ့လဲ့ဦးရဲ့ အဆိုအမိန့်လည်း နားထောင်တယ်။ ထက်ထက်ကရော ဘာပြောဦးမလဲ လို့ စောင့်ကြည့်တယ်။ ဒွေးနဲ့ကျော်ရဲအောင်လည်း အလွတ်မပေးဘူး။ ဒါမှ ခေတ်နောက်မကျန်ရစ်မှာပေါ့။ တီဗွီကြော်ငြာကို မကြည့်ရင် ဈေးဝယ် သွားတဲ့အခါ အခက်အခဲတွေ တွေ့ရတတ်ပါတယ်။ ကုန်စုံဆိုင်ရောက်တာတဲ့ ဆိုင်ရှင်ကမေးတော့ပါ။

'ဒွေးနဲ့ထက်ထက်မိုးဦး စားတဲ့ဟာ ယူမှာလား'

'လွင်မိုးနဲ့ ခိုင်သင်းကြည်သောက်တဲ့ဟာယူမှာလား'

'နန္ဒာလှိုင်နဲ့ဒွေးလျှော်တဲ့ဟာယူမှာလား'

'ထွန်းအိန္ဒြာဗိုစားတဲ့ဟာ ယူမှာလား'

ဆိုပြီးတော့။ တီဗွီသာကြည့်မထားရင်ခံရပြီ။ လူအ,ကြီးကိုဖြစ်ရော။ ကျွတ်ကျွတ်အိတ် ဝယ်ရင်ကိုပဲ ချိန်ကွမ်းမင်ပုံ ယူမှာ လား၊ စီးဖိန်ပုံ ယူမှာလား မေးသေးတယ်။ လမ်းဘေး အိမ်ဆိုင်လေးမှာပဲ ဝယ်ဝယ်၊ ရောမကုန်တိုက်ကြီးပေါ်ကိုပဲ တက်တက်၊ဘယ်လိုပုံစံက ဘာပစ္စည်း၊ ဘယ်နားသုံးရတယ် ဆိုတာသိဖို့လိုပါတယ်။ အဲဒီဗဟုသုတကို ဒီနေ့တီဗွီကြော်ငြာတွေက ဖြည့်စွမ်းပေးနေတာပါ။ ဒါကြောင့် ကြည်ကြည်နူးနူး

http://swanbros.blogspot.com



နဲ့ ဗဟုသုတရှာလို့ရတဲ့ အလုပ်ကတော့ တီဗွီကြော်ငြာတွေကို မျက်ခြေမပြတ်ဖို့ပါဘဲ။ ဒီဗဟုသုတရှာနည်းကို ကံချွန်အားကြီး ကြိုက်ပါတယ်။ ကြည်လဲ့လဲ့ဦး လေးကိုကြည့်ပြီး အားရိုး . . . အားရေ့ . . လို့အော်ရင်း၊ စိုးမြတ်နန္ဒာနဲ့အတူ လဗ်. . . လို့ ရေရွတ်ရင်း၊ ထက်ထက်မိုးဦး လျှာထုတ်ပြောင်ပြတိုင်း လိုက်ပြုံးရင်း ကံချွန် ဗဟုသုတရှာခဲ့တာ ကြာပါပြီ။

ကြည့်ရင်း သဘောပေါက်တာကတော့ ကြော်ငြာဆိုတာ ကိုယ့်ကုန်ပစ္စည်းရဲ့ အရည်အသွေးဘယ်လောက်ကောင်းတယ် ဆိုတာ ကြော်ငြာတာလို့မြင်ပါတယ်။ သူများပစ္စည်း မကောင်း ကြောင်းကိုတော့ မပြောသင့်ဘူးလို့ထင်ပါတယ်။ အဲသလို ပြော လာပြီဆိုရင်တော့ ကြော်ငြာရင်းအတင်းပြော တာပဲလို့ သတ် မှတ်ရမှာပါ။အဲသလို ကြော်ငြာမျိုးက ကြည်နူးမှုကိုတော့ မပေး တာ အမှန်ပါပဲ။ စီးပွားရေးလုပ်ငန်း တွေဟာ လွတ်လပ်စွာ ကြော်ငြာခွင့် ရထားတာပဲ။ ကိုယ့်ကုန် ပစ္စည်းအကြောင်းပဲ ကိုယ်ပြော၊ ဘယ်လောက်ကောင်းတယ် ဆိုတာ ကြော်ငြာ။ အဲသလိုပဲ ဖြစ်သင့်ပါတယ်။ သူများ တိုက်ခိုက်တာက ဆယ် စက္ကန့် ဖြစ်နေမယ့်အစား ကိုယ့်ကုန် ပစ္စည်းအကြောင်းပဲ သန့် သန့်လေး စက္ကန့်နှစ်ဆယ်ကြော်ငြာပေါ့။ခု ကံချွန်ရေးပြမယ့် အကြောင်းကတော့ကံချွန် နဲ့ ဘာဆိုင်လို့လဲမေးရင် ဆိုင်ဆိုင်၊ မဆိုင်ဆိုင် အမြင်မတော်၊ အကြားမတော်လို့ရေးလိုက်ရတာပါ လို့ပဲ ဖြေရမှာပါ။

ကော်ဖီမစ် ကြော်ငြာတစ်ခုကို တွေ့ပါတယ်။ ကော်ဖီအေး အေးလေး သောက်ချင်ရင်တော့ ရေနွေးအနည်းငယ်နဲ့ ဖျော်ပြီးတော့မှ ရေခဲတွေထည့်ပြီး လှုပ်ပေးလိုက်ရင် ကော်ဖီ အေးအေးလေးသောက် လုပ်ရမယ်ပေါ့။ ဟော . . . . အဲဒီ ကြော်ငြာလာပြီးတော့ ခုလာပြန်ပြီ။ ရေနွေးနဲ့ ဖျော်ဖို့မလို၊ လှုပ်ခါ ပေးဖို့မလို၊ ရေခဲတုံးလေးတွေ တိုက်ရိုက်ထည့်သောက် လို့ရတဲ့ကော်ဖီအေးပေါ့။ စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ ကော်ဖီကရေခဲတုံးလေးတွေ တိုက်ရိုက်ထည့် သောက်လိုက်တာ နဲ့ကော်ဖီအေးဖြစ်ပါတယ်။ ကော်ဖီအေးအတွက် သီးသန့်ထုတ် လုပ်ပါတယ်။သောက်သုံးသူတိုင်း လွယ်ကူ အဆင်ပြေစေ ပါတယ် ဆိုတာတွေပြောရင် ဖြစ်ပါတယ်။ ဘာလို့ ကိုယ့်အရင် ကြော်ငြာထားတဲ့ကုန်ပစ္စည်းတစ်ခုကိုသွားပြီး ကသိကအောက် ဖြစ်အောင် လုပ်မှာပဲ။ ခလုတ်တိုက်ရတာလဲ။

ဘယ်ကုန်ပစ္စည်းမှ ကံချွန်နဲ့ မပတ်သက်ပါဘူး။ ကြော်ငြာ တွေကိုကြည့်ပြီး ကြည်နူးတတ်တဲ့ခံစားသူတစ်ယောက်ရှုထောင့် ကပြောတာပါ။ ကြည်ကြည်နူးနူးကြည့်နေရတဲ့ အရသာ၊ ခံစားနေရတဲ့ ခံစားမှုမှာ အဖုအထစ် တစ်ခု ပါသွားသလိုဖြစ် နေလို့ပါ။ကံချွန်ကတော့ လုပ်ငန်းရှင်တိုင်းအဆင်ပြေတိုးတက် စေချင်ပါတယ်။ လုပ်ငန်းတိုင်း အောင်မြင်စေ့ချင် ပါတယ်။ လုပ်ငန်းတိုင်း တိုးတက်အောင်မြင်ခြင်းဟာ စားသုံးသူများ ဖွံ့ဖြိုးပြေလည်ခြင်းရဲ့ နိမိတ်ဖြစ်လို့ပါ။

http://swanbros.blogspot.com



ကြော်ငြာသော လုပ်ငန်းတိုင်း တိုးတက်အောင်မြင်ကြပါစေ။ ကြော်ငြာစိတ်ကူးများ သန့်ရှင်းလှပါကြပါစေ။

၅၊ ၇၊ ၉၇
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# ဒါဖတ်ပြီးမှကြော်ငြာပါ

အစဉ်နုပျိုလန်းဆန်းနေဖို့အတွက်ဆိုရင် ဘယ်အားဆေးဟာကောင်းသလဲလို့ ဒွေးကိုတွေ့မှမေးရဦးမယ်။ သူကြော်ငြာဖူးတဲ့အားဆေးတွေထဲမှာ သူတကယ်သောက်တာ ဘယ်ဟာလဲဆိုတာ ကံချွန်သိချင်နေပါတယ် ခင်ဗျ။ ကံချွန်ငယ်ငယ်က ကျော်ဟိန်းနဲ့တူချင်ပါတယ်။ ခုတော့ ဒွေးနဲ့ပဲ တူချင်တော့တယ်။ စိတ်ပျို ကိုယ်နုဆိုတဲ့စကားလည်း ရှိပါတယ်နော့။ ကံချွန်ဟာ စိတ်ပျိုနေအောင် အမြဲကြိုးစားနေရသူပါ။ အတွေးတွေလည်းလတ်ဆတ်နေအောင်အားထုတ်နေရပါတယ်။လူကြီးစိတ်ဝင်၊လူကြီးလိုတွေး၊လူကြီးလိုခွင့်လွှတ်တတ်သွားရင်ရေးစရာအကြောင်းအရာက ခမ်းလိုက်သွားပါတယ်။ အမြင်မတော်၊ အကြားမတော် ပေမယ့် ခွင့်လွှတ်နေရင် ဘယ်မှာ ရေးစရာအကြောင်းအရာ ရှိတော့မှာလဲ။ ဟုတ်ဘူးလား။

ပင်တိုင်ရေးပါမယ်လို့ကတိပေးပြီးကာမှ ရေးမပေးနိုင်ရင်မျက်နှာပူရ ပါတယ်။ ဒါကြောင့် စာပေလူမိုက် လုပ်ပြီးကလောင် အငှားလိုက်ရိုက်ပေးနေပြီဖြစ်ကြောင်း ကံချွန်ဟာလူစုံရာ လက်ဖက်ရည်ဆိုင်တွေမှာ ပြန်ထိုင်ပြီး ကြော်ငြာရပါတယ်။ ဒါမှ 'အဲဒါတော့ ရေးစမ်းကွာ'၊ 'ဟိုကိစ္စ ဘာလို့လက်ရှောင်နေရတာလဲ' ဆိုတာမျိုးတွေရလာပါတယ်။

**စိန်စိန်ဦး စာအုပ်တိုက်**

ဟိုတစ်နေ့က

‘ဟေ့ကောင် ကံချွန်’

‘ဗျာ’

‘ငါက ဟို . . . . ဂျာနယ် လိုချင်လို့ လက်ပွေ့တွေဆီမှာ တာ မှာမရလို့’

‘မှာမရ တခြားဂျာနယ် ဖတ်ပေါ့ဗျာ’

‘ခင်ဗျားကလည်း ဝယ်မရတာမှ ဖတ်ချင်ရတယ်လို့’

‘အဲဒီ ဂျာနယ်က ဘာလို့ဝယ်မရတာလဲ’

‘ဝယ်မရခြင်းအကြောင်းက နှစ်မျိုးရှိနိုင်တယ်။ (၁) မရောင်းရလို့၊ ဖြန့်ချိရေးကို မပို့တဲ့ဂျာနယ်ဖြစ်နိုင်တယ်။ (၂) သိပ်ရောင်းကောင်းလို့ ဈေးပိုရောင်းရတဲ့ နေရာမှာ ရောင်းချင်လို့ လက်ပွေ့က ခင်ဗျားကို ပုံမှန်ဈေးနဲ့ မပေးချင်လို့ဖြစ်နိုင်တယ်’

‘ဟ . . . ဟ ၊ နေပါဦး ချွန်လေးရ။ မရောင်းရတဲ့ ဂျာနယ် ဆိုထွက်နေပါဦးမလား။ သတင်းစာထဲမှာ ထွက်ပြီဆို ကြော်ငြာ ပါတယ်ကွ’

‘ရောင်းဖို့ထွက်တာ မဟုတ်ဘူး။ လက်ဆောင်ပေးဖို့ ထွက်တာ’

‘ဟေ. . . ’

‘ကြော်ငြာတဲ့ လူတွေကို လက်ဆောင်ပေးဖို့။ အဲဒီထဲမှာ ရေးတဲ့လူတွေ လက်ဆောင်ပေးဖို့။ အဲဒီလို လက်ဆောင်ပေး ဖို့ပဲ ရိုက်တာပေါ့’

http://swanbros.blogspot.com



'ဒါဖြင့် အဲဒီဂျာနယ်မျိုးမှာ ကြော်ငြာတဲ့လူက'
'သူ ရတဲ့ ဂျာနယ်ကို သူ့မိတ်ဆွေတွေ ပြန်ဝေပေါ့'
'ပရိသတ်လက် မရောက်တော့ဘူးပေါ့'
'မရောက်ဘူး'
'ဒါဆို နာပြီပေါ့'
'နာတာပေါ့'
'ဘယ့်နှယ့်လုပ်ရမလဲ'

'စီးပွားရေးသမားပဲဗျာ။ အ,နေလို့ ဘယ်ဖြစ်မလဲ။ ကိုယ့်လုပ်ငန်းအတွက် ကိုယ့်ကြော်ငြာထည့်တော့မယ်ဆိုရင် စဉ်းစားပေါ့။ စာဖတ်ပရိသတ် အများစု သိစေချင်တဲ့ ကုန်ပစ္စည်းလား၊ အဲဒါဆိုရင် စာဖတ်ပရိသတ်အများလက် ရောက်မယ့် ဂျာနယ်မှာထည့်။ ဖြန့်ချိရေးတွေကို စပ်စုကြည့် လိုက်။ ဘယ်ဂျာနယ်တွေ ဘယ်လောက်ကုန်သလဲဆိုတာ လက်ပွေ့တွေကို မေး။ အများဖတ်တဲ့ ဂျာနယ်မှာထည့်။ အဲ . . . . ကိုယ်သိစေချင်တာက ဟိုတယ်ကြီးတွေနဲ့ လေယာဉ်ပျံ ပေါ်က လူတွေပဲ သိစေချင်တာဆိုရင်တော့ ဟိုတယ်ကြီးတွေ နဲ့ လေယာဉ်ပျံပေါ် ရောက်မယ့် စာစောင်၊ ဂျာနယ်မှာ ကြော်ငြာထည့်။ ကိုယ့်ဆီလာပြီး ကြော်ငြာတောင်းတိုင်း ထည့်နေရင် ကိုယ့်ကုန်ပစ္စည်းနဲ့ အသုံးပြုမယ့်သူကြား ပေါင်း ကူးအသိပေးနိုင်စွမ်း မရှိတဲ့ဂျာနယ်မှာ ကြော်ငြာထည့်နေရင် ကိုယ့်ထက် အ,တယ်ဆိုတဲ့သူတောင် ကိုယ့်လောက် မအ, တော့ဘူးဖြစ်သွားမယ်'

http://swanbros.blogspot.com



'ဟာကွာ ..... ဂျာနယ်တွေ အနေနဲ့ ရိုးသားသင့်ပါတယ်'

'ပရိသတ်အနေနဲ့လည်း လေ့လာသင့်ပါတယ်'

'မင်းပြောသလို လက်ဆောင်ပေးဖို့လောက်ပဲ ရိုက်တော့ မရှိုးဘူးလား'

'ကြော်ငြာခ ရတာနဲ့ စက္ကူဖိုး၊ ဖလင်ဖိုး၊ ရိုက်ခနဲ့ တွက်ပြီး ရိုက်လိုက်တာ အများကြီးရိုက်ရင် စက္ကူဖိုးတွေ၊ ရိုက်ခဖိုးတွေ ပိုကုန်မယ်။ ပိုကုန်ပြီး မရောင်းရလို့ ပုံနေရင် အဲဒီတော့မှ ရှုံးမှာ'

'ဒါဖြင့် အဲဒီဂျာနယ်မှာ အလကားဖြန့်ဝေရန်ဆိုပြီး စာရိုက်သလား။ ဈေးနှုန်းသတ်မှတ်သလား။ ကြော်ငြာတောင်း စဉ်က သူတို့စောင်ရေ ဘယ်လောက် ရှိပါတယ်ဆိုပြီးပြော သလဲ'

'ခင်ဗျားက အဲဒီဂျာနယ် စိတ်ဝင်စားသူပဲ။ ခင်ဗျား သွား စုံစမ်းပေါ့'

'မင်း အဲဒါတွေ သိထားပြီး ဘာလို့မရေးတာလဲ'

'ကံချွန် နဲ့ မဆိုင်လို့'

'ဆိုင်ဆိုင်, မဆိုင်ဆိုင် ရေးရမှာပေါ့ကွာ။ မဆိုင်ဘူးဆိုတာ မရှိဘူး။ မင်းစာရေးတဲ့ကောင်ပဲ။ စာဖတ်သူတွေကို လိမ်တာ ကြည့်နေမှာလား'

'စာဖတ်သူတွေကို မလိမ်ပါဘူး။ သူတို့ဟာသူတို့ နည်း နည်းလေး ရိုက်ထုတ်နေလို့ ဘယ်သူ့မှမဖတ်ရဘူးလေ'

'အင်း ... ပေါင်ချိန်မေးနည်းမေးရမလို ဖြစ်နေပြီ။

http://swanbros.blogspot.com



စာပေနယ်မှာ ဒါမျိုးတွေ တကယ်ရှိသလားဆိုပြီး။ ဒီအတိုင်းဆို ကြော်ငြာထည့်မယ်ဆိုတာနဲ့ မင်းပြောသလို ဖြန့်ချိရေးနဲ့ လက်ပွေ့ဆီ ပထမ လေ့လာရတော့မှာပဲ’

‘မှန်တာပေါ့ဗျာ။ ကဲ . . . သွားဦးမယ်’

‘ဘယ်တုန်း’

‘အိမ်ပြန်မယ်လေ။ ဒါလေး ပြန်ရေးလိုက်ဦးမယ်။ ရေးစရာ တွေးလို့ရရ ပေးလို့ရရ ကြာကြာဆိုင်းလို့ မဖြစ်ဘူး။ ချက်ချင်း ရေးရတာ။ မမေ့ခင် ရေးမှ ၊ သွေးပူတုန်းရေးမှ။ သွေးပူတုန်း မရေးရင် မျက်နှာပူလာပြီး လုံးဝမရေးဖြစ်တော့ဘူး’

‘နေပါဦးကွ။ မင်းက ဒီအကြောင်းကို ဘယ်လိုရေးမှာလဲ’

‘ဒါ ဖတ်ပြီးမှ ကြော်ငြာပါ’

၁၂၊ ၇၊ ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# ဟာသထိမရှိအောင်နာတယ်

၁၉၉၉ ခုဇူလိုင်လထုတ်ရွှေအမြုတေမဂ္ဂဇင်းစာမျက်နှာ ၃၃ မှာတွေ့ရတဲ့ ဆရာမိုးကျော်ထွန်းရဲ့ ဆောင်းပါး ထဲမှာ

'အထူးပွဲ ကြည့်ပြီး ရုံထဲက ထွက်လာချိန် မှာတော့ ပရိသတ်နှစ်မျိုးနှစ်စား ကွဲသွားတယ်။ တစ်မျိုးက အကယ်ဒမီလေးထပ်ကွမ်း ကျော်ဟိန်းအနေနဲ့ ဒီလိုခပ်ပေါပေါသရုပ်ဆောင်ပြတာတွေကို မနှစ်သက်ကြသူတွေဖြစ်ပြီး နောက်တစ်အုပ်စုကတော့ ကျော်ဟိန်းရယ်ရတယ်လို့ ဆိုသူတွေပါပဲ'

ဆိုတဲ့ စာပိုဒ်ကို ဖတ်လိုက်ရပါတယ်။ ကံချွန် သတိထားမိသလောက်တော့ ဟာသနဲ့ ပတ်သတ်လာရင် အလေးအနက်သဘောထားသူအလွန်နည်းပါတယ်။ဟာသရုပ်ရှင်ကိုပဲဖြစ်ဖြစ်၊ ဟာသစာပေကိုပဲဖြစ်ဖြစ် စနစ်တကျလေ့လာသူလည်း ရှာမှရှားပါပဲ။ ဟာသစာပေ၊ ဟာသဖန်တီးသူများနဲ့ပတ်သက်လို့ ပြောဆိုရေးသားကြပြီဆိုရင်းလည်း 'ခပ်ပေါ့ပေါ့' တို့ 'ဟာသတွေပဲ ရိုက်နေတော့မှာလား' တို့ ဆိုတဲ့အသုံးအနှုန်းမျိုးကို တွေ့ရလေ့ရှိပါတယ်။ စကားလုံးတွေထဲမှာ အလေးမထားတဲ့အရိပ်အငွေ့၊ အထင်သေးတဲ့ အနံ့အသက်တွေပါနေတယ် ခင်ဗျ။ ဆရာမိုးကျော်ထွန်းတွေ့လိုက်ရတဲ့ ပရိသတ်ကိုသာ ကံချွန်တွေ့ရမယ်ဆိုရင်တော့ ဟာသအကြောင်းကို ရှင်းပြချင်

http://swanbros.blogspot.com



ပါတယ်။ ဟာသကို နားမလည်တဲ့အတွက်၊ မခံစားတတ်တဲ့ အတွက် သနားလို့ပါ။ မရယ်တတ်ရင် ကံချွန်သနားတယ်။

'အိုအေစစ်လို အချစ်' မှာ ကံချွန် လေးစား ရတဲ့ မင်းသားကြီး ဦးကျော်ဟိန်း (မှတ်ချက် - ဦးကျော်ဟိန်းကို ဟာသဇာတ် ရုပ်တွင် သရုပ်ဆောင်နိုင်၍လေးစားခြင်း ဖြစ်ပါ သည်။) ဟာ . . . ငါမအိုသေးဆိုပြီး လက်ခမောင်းခတ်ပြ သွားတာပါပဲ။ ဟာသသရုပ်ဆောင်အတွက်သာ အကယ်ဒမီ ရှိခဲ့ရင် မင်းသားကြီး ဦးကျော်ဟိန်း ရမှာသေချာပါတယ်။ ဟာသဇာတ်ကားတစ် ကားကို ဝေဖန်မယ်ဆိုရင် 'ခပ်ပေါ်ပေါ်' သရုပ်ဆောင်တာပဲ ဆိုတဲ့ စကားလုံးဟာ ဝေဖန်သူရဲ့ လေ့လာ အားနည်းမှုကို ပြတာ ပါ။ ပထမဆုံးအဲသလို သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်ပါဝင်တဲ့ ဇာတ်လမ်းကို ကြည့်ရပါမယ်။ အိုအေစစ်လို အချစ်ဟာ ဘယ်လိုဇာတ်လမ်းလဲ။ ကိုယ့်အသက်အရွယ်နဲ့ မလိုက်ဖက်တာတွေလုပ်နေတာကို သရော်ထားတဲ့ ဇာတ်လမ်း ပဲ။ 'အချစ်' ဆိုတာ သီကြိုးပါ။ ဇာတ်ကွက်တွေ၊ သရော်ချက် တွေက အဓိကပါ။ သရော်ခံရတဲ့'အလွှာ'ကိုလည်းထည့်မတွက် လို့မရပါဘူး။ ခပ်ကြောင်ကြောင်အတွေးနဲ့ ခပ်ပေါ်ပေါ်လုပ်ရပ် တွေလုပ်နေတဲ့ 'အလွှာ' ဟာ ဘယ်လိုအလွှာလဲ။ ဘယ်လူတန်း စားလဲ။ဒီဇာတ်ရုပ်နဲ့ အသရော်ခံရတဲ့အလွှာ။ အဲဒီအမူအကျင့် မျိုးရှိတဲ့ လူတွေကတော့ ဒီကားကို ဘယ်ကြိုက်နိုင်ပါ့ မလဲ။ ကံချွန်တို့ သေသေချာချာ ဝေဖန်ပိုင်းခြားကြည့်ရအောင်။

၁၉၇၃ ခုနှစ်၊စာပေဗိမာန်ကထုတ်တဲ့ ဟာသစာပေ

http://swanbros.blogspot.com



စာအုပ်စာမျက်နှာ (၃၈) မှာစာရေးဆရာမကြီးဒေါ်ခင်မျိုးချစ်က ဟာသကို ဒီလိုခွဲခြားပြထားပါတယ်။

ဟာသ (Humour) ရဲ့အောက်မှာ ငါးမျိုးခွဲခြားပြထားပါတယ်။

၁။ ဇဝနညာဏ်ဖြင့် စီကာပတ်ကုံးပြောတတ်ခြင်း အာဝဇ္ဇန်း (Wit)

၂။ သရော်စာ (Satire)

၃။ အမြီးအမောက်မတည့်သောလူ့အဖြစ်အပျက် (Burlesque)

၄။ မဖြစ်နိုင်သည်ကို ဖြစ်နိုင်သကဲ့သို့ ပြောင်ချော်ချော်ရေးသားခြင်း (Frace)

၅။ စာပြောင်စာပြက် (Parody)

လို့ခွဲပြထားတယ်ခင်ဗျ။ အဲဒီခေါင်းစီးတစ်ခုခြင်းအောက်မှာကို ထပ်ခွဲပါသေးတယ်။ ၁နဲ့၂မှာပါ။ ၃၊၄၊၅ကိုတော့ ထပ်ခွဲပြမထားတော့ပါဘူး။ 'အိုအေစစ်လိုအချစ်' ဇာတ်လမ်းကို ထပ်ခွဲခြားကြည့်ရင် ၂၊၃၊၄ အမျိုးအစားတွေထဲမှာ အကျုံးဝင်နေတာ တွေ့ရပါတယ်။ အဓိကကတော့ (၂) အမျိုးအစား သရော်တဲ့ ဟာသမျိုးလို့ သတ်မှတ်ရမှာပါ။ (၂) အမျိုးအစား သရော်စာမှာ ထပ်ခွဲပြထားတာက-

(က) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သရော်ခြင်း

(ခ) လူတန်းစားတစ်ရပ်ကိုသရော်ခြင်း (Satire on Class)

(ဂ) လူတို့၏ဓလေ့ထုံးစံ အပြုအမူကို သရော်ခြင်း
(Satire on Customs & Manners)

လို့ သုံးမျိုး ထပ်ခွဲပြထားပါတယ်။ အိုအေစစ်လိုအချစ်ဇာတ်လမ်းဟာ (က၊ခ) နဲ့အကျုံးဝင်ပါတယ်။ အဲသလို ဟာသအမျိုးအစားမှာ ဦးကျော်ဟိန်းဟာ ဇာတ်လမ်းက တောင်းဆိုတဲ့သရော်ရမယ့်အလွှာကို ပိုင်ပိုင်နိုင်နိုင် ထင်ဟပ်ပြသွားနိုင်တာ လေးစားစရာပါ။ ပစ်မှတ်ကို တကယ်ထိပါတယ်။ ဒါကတော့ အိုအေစစ်လိုအချစ်ကိုကြည့်ပြီး ဦးကျော်ဟိန်း ကိုခပ်ပေါပေါ သရုပ်ဆောင်တယ်လို့ မြင်သူများအတွက် ကံချွန်ရဲ့စေတနာပါ။

ဟာသအကြောင်းဆက်ပြီးပြောပါရစေ။ ဟာသဆိုတာရသကိုးပါးထဲမှာ ပါဝင်တဲ့ အမျိုးအစားတစ်ခုပါခင်ဗျာ။ ဟာသ ပညာရှင်များကိုလည်း နိုင်ငံတကာမှာ အနုပညာရှင်စာရင်းမှာပဲ ထည့်ထားရတာပါ။ ဟာသအတွက် နေရာ ရှိပါတယ်။ လက်ခံအသိအမှတ်ပြုရပါတယ်။ အချို့နိုင်ငံတွေ မှာဆို 'ဟာသ'ပညာရှင်ကိုအသိအမှတ်ပြုပေးအပ်ရတဲ့ဂုဏ်ထူးဆောင်ဘွဲ့တွေရှိပါတယ်။ ဟာသဆိုတာလည်း အနုပညာတစ်ရပ်ပါ။ ဟာသဖန်တီးလို့ အနုပညာသမိုင်းမှာ မကျန်ရစ်နိုင်ဘူးဆိုရင် ဒီနေ့ ကံချွန်တို့ဟာ ချာလီချက်ပလင် ကိုဘယ်လိုလုပ် သိခွင့်ရတော့မှာလဲ။

ဟာသဆိုတာ အနုပညာဖန်တီးရာမှာ 'ရသ' တစ်ခုဖြစ်နေတဲ့အတွက် 'ရသ' မမြောက်ရင်တော့ကြည့်လို့ အရသာ

http://swanbros.blogspot.com



မရှိတော့ဘူးပေါ့။ ဒါကတော့ဖြစ်ရမှာပါပဲ။ 'ရသ' မမြောက်လို့ကတော့ ဟာသမှမဟုတ်ပါဘူး။ အချစ်ကားပဲဖြစ်ဖြစ်၊ တက်ကြွစရာကားပဲဖြစ်ဖြစ်၊ ရဲရင့်စေဖို့ ရိုက်ပြတာပဲဖြစ်ဖြစ်၊ ကြောက်ရွံ့လာအောင်ရိုက်ပြတာပဲဖြစ်ဖြစ် 'ပေါတောတော' 'ခပ်ပေါပေါ' ဖြစ်မှာပါပဲ။ ရင်ဘတ်ထုံးသုတ်ပြီး သရဲကားရိုက်ခဲ့ဖူးတာကို လူကြီးပိုင်းကတော့ မှတ်မိမှာပါ။ ကြောက်စရာမကောင်းဘဲ ကံချွန်တို့ စိတ်ပျက်ခဲ့ရဖူးပါတယ်။ ဘယ်ရသမဆို 'ရသ' မမြောက်ရင်တော့ ခပ်ပေါပေါဖြစ်မှာပါပဲ။ ('ရသ' ဆိုတာထပ်ပြန်တလဲလဲ ခံစားချင်မှ 'ရသ' ဖြစ်တယ်။ အပြင်မှာကားတိုက်တာမြင်ရရင် ဘယ်သူမှ နှစ်ခါပြန်မကြည့်ချင်ဘူး။ ရုပ်ရှင်ထဲမှာလူဆိုးကို မင်းသားက ကားနဲ့တိုက်ပစ်ရင် ကျေနပ်သွားတယ်။ ကားတိုက်တာ သိပ်ရှင်းတာပဲဆိုပြီး အားရတယ်။ ထပ်ကြည့်ကြတယ်။ အဲဒါ 'ရသ' ) 'ရသ' ဆိုတာ ဘာလဲလို့ ကံချွန်ရေးဖူးလို့ ပြန်အမှတ်ရရုံ အကျဉ်းပဲ ရေးပြ လိုက်တာပါ။

ပြန်စဉ်းစားပါ။ ဘယ်စာအုပ်ကို ဘယ်နှစ်ခါပြန်ဖတ်သလဲ။ ဘယ်ရုပ်ရှင်ကို ဘယ်နှစ်ခါပြန်ကြည့်သလဲ။ ဘယ်ကားကိုတော့ပြီးရောလို့ စိတ်ပျက်ပျက်နဲ့ သည်းခံပြီး ကြည့်ရသလဲ။ စဉ်းစားပါ။ဟာသစာပေ စာအုပ်ရဲ့ နိဒါန်းကို ဆရာမောင်ထင် ရေးပါတယ်။ အဲဒါမှာ ဘာပါသလဲဆိုတော့-

'စာရေးခြင်းအတတ်၌ ရင့်ကျက်လာသောအခါ လွမ်းရမည်လိုလို နှင့်ရယ်မောစရာ၊ ရယ်ရမည်လိုလိုနှင့် လွမ်းစရာဟူသော အနုပညာမာယာသည် ဖွံ့ဖြိုးလာတတ် ပါသည်'

http://swanbros.blogspot.com



ဆိုတဲ့စကားကိုလည်းပြောပြချင်ပါတယ်ခင်ဗျာ။ အဲဒါမျိုး က စာပေမှာသာမဟုတ်ပါဘူး။ ဟာသဖန်တီးသူလူရွှင်တော် များ၊ လူပြက်များ ထံမှာလည်း ရှိပါတယ်။ လူရွှင်တော်များ ရင့်ကျက်လာပြီဆိုရင်လည်းအနုပညာမာယာ ဖွံ့ဖြိုးလာတာပါ ပဲ။ မန္တလေးက လူရွှင်တော်ကြီး ဦးရွှေဗျိုင်း ကွယ်လွန်လို့ ရွှာဟိုင်းသုသာန်ကို ပို့ပြီးအပြန်မှာ လူရွှင်တော် ကိုထင်ပေါ် ပြောခဲ့တဲ့ စကားတစ်ခွန်း အမှတ်ရ မိပါတယ်။

'ဒီအချိန်ဆို လောက်တွေ၊ ပုရွှတ်ဆိတ်တွေ ကတော့ ကျိန်ဆဲနေလောက်ပြီ။ လူရွှင်တော်မသာဆို ဒီမလာစေနဲ့။ စားစရာ အသားမပါဘူးဆိုပြီး' လို့ ပြောပါတယ်။ စဉ်းစားပါ။ ဒီစကားမှာခံစားသူရဲ့ဉာဏ်ရည်ဉာဏ်သွေးနဲ့သိပ်ဆိုင်ပါတယ်။ ဟာသအပေါ် အလေးထားမှု၊ မထားမှုနဲ့ သိပ်ဆိုင်ပါတယ်။ ဒီစကားကို ခပ်ပေါပေါ ၊ ခပ်ကြောင်ကြောင်လို့ ပြောမလား။ ခံစားတတ်ရင်တော့ ရင်နာစရာကောင်းတဲ့ ပြက်လုံးပါ။ ဟာသ ဆိုတာလူတွေကြားကအမြင်မတော်၊အကြားမတော် ကမောက် ကမ ဖြစ်ရပ်တွေအပေါ် အခြေတည်ပြီးမွေးဖွားလာတာပါ'

ဒါကြောင့် . . . .

ဦးကျော်ဟိန်း ခင်ဗျား . . . . ဟာသကိုသာ အကယ်ဒမီ ပေးရင်ဦးကျော်ဟိန်းဟာ အိုအေစစ်လိုအချစ် ရိုက်တဲ့အတွက် အကယ်ဒမီငါးဆုရှင်ဖြစ်မှာပါ။ဟာသကား၊ဟာသဒါရိုက်တာ များအတွက် အကယ်ဒမီရှိရင်လည်း ညွှန့်မြန်မာ ညီညီအောင် ရမှာပါ။ ဆက်ပြီး ရိုက်ကြပါ။ ကံချွန် လေးစားစွာ ကြိုဆို

http://swanbros.blogspot.com



ပါတယ်။ အိုအေစစ်လိုအချစ် ပြုပြီးတဲ့နောက်မှာ ကလက်တက်တက် ဝတ်ပြီးကောင်မလေးတွေနား ကပ်နေတဲ့ လူကြီးများ ခြေတုံ့သွားကြောင်းပါခင်ဗျား။

ဟာသများ ဖွံ့ဖြိုးတိုးတက်ပါစေ။

၁၉. ၇. ၉၉
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



# စာဖတ်သူကိုလေးစားပါ

ခေါင်းစည်းကို မြင်တာနဲ့ ကံချွန်တော့ လူလည်ဝင်လုပ်တော့မှာပဲဆိုတာ သိကြမှာပါ။ အမေကို လေးစားကြပါ၊ ချစ်ကြပါ၊ ရိုသေကြပါလို့ ပြောနည်းမျိုးပါပဲ။ ကံချွန်ဟာ 'ဒေးလ်ကာနက်ချွန်' ဆိုပြီး ကလောင်နာမည်အသစ်ယူလို့ နှစ်ဆယ်တစ်ရာစု(အကြို) လူပေါ်လူဇော်လုပ်နည်းများဆိုပြီး စာအုပ်တစ်အုပ်လောက် ရေးချင်စိတ်ပေါက်နေပါတယ် ခင်ဗျ။ ခက်တာက ကံချွန် ဝါသနာမပါတဲ့ အလုပ်ဖြစ်နေလို့ပါ။ ကိုယ်ဝါသနာပါတာလည်း တက်တက်ကြွကြွ မလုပ်ရဲဘူး။ ကံချွန်ဝါသနာပါတာကအမြင်မတော်၊ အကြားမတော်သမျှ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဝင်ပြောချင်တာပါပဲ။

ကောင်းတာလုပ်နေရင် လက်ခုပ်တီးပေးဖို့ ဝါသနာမပါဘူး။ကိုယ်ကိုယ်တိုင်ကောင်းတာလုပ်နိုင်ဖို့ပဲ ကြိုးစားချင်တယ်။ ကောင်းတာကို ကိုယ်သိသမျှလုပ်ဖို့ ဆိုတာက လူတိုင်းရဲ့ တာဝန်လေ။ ကောင်းတာ လုပ်ကိုလုပ်ရမှာ။ လုပ်ရမှာမို့လုပ်နေတာ ဘာပြုလဲ။ လုပ်နေတဲ့လူကို လက်ခုပ်တီး ပေးရုံနဲ့တော့ တာဝန်ကျေတယ်လို့ မမြင်ပါဘူး။ လူရယ်လို့ဖြစ်လာတာနဲ့ ကောင်းတာလုပ်ဖို့ မိဘ ဆရာ နှင့် ဘာသာတရားအသီးသီး ကညွှန်ပြဆုံးမတယ်။ ကောင်းတာဆိုတာလုပ်ကို လုပ်ရမယ့်အ

http://swanbros.blogspot.com



လုပ်ပဲ။ လူတွေက ကိုယ်လုပ်သင့်တာ မလုပ်ဘဲ၊ မလုပ်သင့်တာတွေလုပ်လာလို့ နိုင်ငံအသီးသီးမှာ တရားရုံးနဲ့ တရားဥပဒေတွေ ရှိလာရတာပါ။ အဲသလိုပါပဲ။ အနုပညာလောကမှာလည်း လုပ်သင့်တာမလုပ် ဘဲ မလုပ်သင့်တာ လုပ်လာရင် စာဖတ်သူက တရားရုံးပဲ။ စာဖတ်သူများရဲ့ ဆုံးဖြတ်ချက်ဟာ တရားဥပဒေပါပဲ။ ကံချွန် တို့လို လူမျိုးကိုတော့ စာပေဆွဲချလို့ သတ်မှတ်ပေါ့ခင်ဗျာ။ စာပေရှေ့နေများလည်း ရှိပါတယ်။ စာပေရှေ့နေ ဆိုတာ ကတော့ ကိုယ်ကာကွယ်ရမယ့်ဘက်ကို ကာကွယ်ဖို့ လုပ်ကြ တာပါပဲ။ ဒါလည်း မှန်တာပါပဲ။

ဒီနေ့ ဂျာနယ်များရဲ့ စာမျက်နှာ အတော်များများမှာတော့ စာပေပြဿနာပေါင်းမြောက်များစွာတွေ့နေရပါတယ်။ ငယ်သောအမှုကြီးအောင်၊ ကြီးသောအမှုသောက်ကျိုးနဲ့အောင် လုပ်သူများရော၊ ကြီးသောအမှု ငယ်အောင်၊ ငယ်သောအမှု ပပျောက်အောင် လုပ်သူများပါ တတ်ကြွစိုပြေနေကြပါတယ်။ ကံချွန်ကတော့ယုံကြည်ပါတယ်။ စာပေရှေ့နေများ အကောင်းပြောသည်ဖြစ်စေ၊ မကောင်းပြောသည်ဖြစ်စေ စာဖတ်ပရိတ်သတ်ကြီးဟာ အမှန်အကန်ဆုံးဖြတ်ဖြစ်အောင် ဆုံးဖြတ်ပေးမှာပါပဲ။

စာရေးပြီဆိုကတည်းက ဖတ်မယ့်ပရိသတ်အတွက်ပဲ၊ ဘယ်သူမှ မဖတ်စေချင်တဲ့စာမျိုးရေးပြီဆိုရင် ကိုယ့်အံဆွဲထဲ ကိုယ်ထားမှာပါ။ ဘယ်သူ့အတွက်မှ မဟုတ်ဘူး။ ရေးချင်လို့ ကိုရေးတာဆိုရင် ရေးပြီးတာနဲ့ ရေးတဲ့နေရာမှာ အဲဒီစာရွက်

http://swanbros.blogspot.com



တွေထားခဲ့လို့လည်း ရပါတယ်။ ဘယ်သူ့အတွက် ရေးတာ မှ မဟုတ်ပါဘူးဆိုရင် မဂ္ဂဇင်းတိုက် စာမူပို့နေသော ပညာရှိများ ကိုတော့ ကံချွန်နားမလည်နိုင်တာအမှန်ပါပဲ။

ကံချွန်သိတာကတော့ မော်ဒန်ရေးသူများဟာ စာဖတ်သူ ကိုအသစ်တစ်ခုပေးချင်တယ်။(တကယ်ကို အသစ်ပေးနိုင်ရင် တော့ကျေးဇူးပါပဲ။) ပေးစရာအသစ်မရှိလို့ လေဘေးထည် ပလစ်စတစ်အိတ်ထဲထည့်ပေးတာမျိုးဆိုရင်တော့ဆောရီးပါပဲ) အဲဒါကို ပရိသတ်အတွက်ရေးတာပဲ။ ပရိသတ်အတွက်မဟုတ် ပါဘူး။ စိတ်ထဲမှာ ပေါ်လာတာတွေရေးတာပါဆိုရင် အဲဒီစာ တွေကို ကျေးဇူးပြုပြီး မဂ္ဂဇင်း၊ ဂျာနယ်တွေ မပို့ပါနဲ့လို့ တောင်းပန်ရမှာပါ။

ကံချွန်မော်ဒန်ကိုချစ်ပါတယ်။အသစ်ကို မြတ်နိုးပါတယ်။ အသစ်တိုင်းကိုတော့ မဟုတ်ပါဘူး။ ရောဂါအသစ်တွေကိုတော့ ကြောက်ပါတယ်။ အနုပညာဆိုတာ ခံစားသူ ပရိသတ်ကို ပစ် ပယ် လို့ မရပါဘူး။ မော်ဒန်ပဲဖြစ်ဖြစ်၊ ရိုးရိုးပဲဖြစ်ဖြစ် ရိုးသား ဖို့တော့လိုတယ်လို့ မြင်ပါတယ်။ ဒီနေ့ ပရိသတ်တကယ်ချစ်တာ ကတော့ ရိုးသားမှုပါ။ဒါ့ကြောင့်လည်း အနုပညာ လောကမှာ ပြန်ဆိုတေးတို့၊ ပြန်ရိုက်ကားတို့ အောင်မြင်နေတာပါ။ ရိုးရိုး သားသား အဟောင်းပါလို့ ပြောထားတာကိုး။ အဲသလို ဝန်မခံ ဘဲ ပရိသတ်ကို မလိမ့်တပတ်နဲ့ ပို့ရင် အပြစ်ပြောကြမှာပေါ့။ ဘယ်လောက်ကောင်းတာပဲ ပေးပေး မရိုးသားရင်လက်မခံချင် ပါဘူး။

http://swanbros.blogspot.com



အနုပညာ လောကမှာ အောင်မြင်ဖို့အတွက် ဆိုတာ ရိုးသားစွာ ကြိုးစားမှအောင်မြင်တာပါ။ ပေဒင်ဆရာ နာမည်ပေး ကောင်းလို့ အောင်မြင်ရမယ်ဆိုရင် မြို့သစ်က ဦးဘောဂ ဆိုက်ကားနင်းမနေရပါဘူး။ ကိုချမ်းသာလည်း ရေစည်လှည်း ဆွဲမနေရပါဘူး။ အနုပညာသမားဆိုတာ ခံစားသူက အသိအမှတ်ပြုမှဖြစ်တာပါ။ ပရိသတ်က အသိအမှတ်ပြုပြီ ဆိုရင်လည်း ဘယ်သူမှ တားလို့မရပါဘူး။ အနုပညာသိက္ခာဆိုတာကလည်း ကာယကံရှင်က တည်ဆောက်ထူထောင်ရတာပါ။ အနုပညာရှင်တစ်ယောက် မှာ တကယ် အနုပညာသိက္ခာရှိနေပြီဆိုရင် အဲဒီအနုပညာရှင်ကို အပြစ်ပြောတာနဲ့ ပြောတဲ့လူပဲ သိက္ခာကျပါမယ်။ အနုပညာရှင်တစ်ယောက်မှာ သိက္ခာ မရှိတော့ဘူးဆိုရင် အဲဒီ အနုပညာကို ဂုဏ်ပြုချီးကျူးတာနဲ့ ဂုဏ်ပြုတဲ့သူပဲ သိက္ခာကျ မှာပါပဲ။ အနုပညာရှင် တစ်ယောက်ရဲ့ သိက္ခာဆိုတာ သူ့ရဲ့ အနုပညာ ကိုယ်ကျင့်တရားနဲ့ တည်ဆောက်ရတာပါ။ ဘေးလူကသိက္ခာရှိအောင်၊ မရှိအောင် လုပ်လို့မရပါဘူး။ အနုပညာရှင်တစ်ယောက် ဖန်တီးခဲ့တဲ့ အနုပညာတွေကို သက်သေပြုပြီး ရယူရတာပါ။

ဒါပေမယ့် . . . . .

ဒီနေ့ ဂျာနယ်တော်တော်များများရဲ့ စာမျက်နှာပေါ်မှာ တော့ အနုပညာသိက္ခာကို စာရေးသူချင်းချဖို့ ကြိုးစားနေကြတယ်။ တင်ဖို့ကြိုးစားနေကြတယ်။ စာဖတ်ပရိသတ်ကို မေ့နေကြတယ်။ စာရေးသူချင်း တင်ပေးတိုင်းဖြစ်မယ်ဆိုရင်

စာဖတ်ပရိသတ်လက်မခံတဲ့ စာရေးဆရာတစ်ယောက်ကို စမ်းပြီးတင်ပေးကြည့်ကြပါ။ စာဖတ်ပရိသတ်လေးစားနေတဲ့ ဆရာတစ်ယောက်ယောက်ကို ဆွဲချကြည့်ပါ။

မဖြစ်ပါဘူး၊ ယုံပါ။

အနုပညာ လောကမှာ အဓိကကျ အရေးပါတာက ပရိသတ်ပါ။ ဘာလို့ဒီစကားတွေ ပြောရသလဲဆိုရင် ကံချွန်ကြုံဖူးတယ်။ လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်ဝန်းကျင် စာစောင်၊ ဂျာနယ်ငါးဆယ့်နှစ်စောင်ပိတ်လိုက်တယ်။ အဲဒီအချိန်မှာ ကံချွန်တို့လို ကာတွန်းရေးသူ၊ စာရေးသူတွေ မိုးမိနေတဲ့ လဒ(ငွေင်းတ) လို ဖြစ်ကုန်ကြတယ်။ ငိုင်မှိုင်သွားတာ။ စာဖတ်သူ တွေမှာလည်း စိတ်အဟာရချို့တဲ့မှုတွေ ဖြစ်ကုန်ရတယ်။ ရထားတဲ့ ပိုင်ဆိုင်မှု တန်ဖိုးကို ဆုံးရှုံးရမှ ပိုနားလည်ပါတယ်။

ဒီနေ့ ကံချွန်တို့ ဂျာနယ်ပေါင်းများစွာကို မြင်တွေ့နေရပါတယ်။ ဖတ်နေရပါတယ်။ လုပ်နေရပါတယ်။ ရေးနေရပါတယ်။ တန်ဖိုးအလွန်ကြီးမားပါတယ်။ ဒီဂျာနယ်တွေအားလုံး သက်ဆိုးရှည်စေချင်တယ်။ပရိသတ်ကလိုလိုလားလားအားပေးကြတာ၊ ဖတ်ရှုကြတာ ခံရစေချင်တယ်။ ပရိသတ် နှစ်သက်စွာ ဖတ်ရှုချင်တဲ့စာမျိုးတွေပါအောင် ကံချွန်တို့ ကြိုးစားရပါလိမ့်မယ်။ ကံချွန်တို့ ဟာ စာဖတ်သူရဲ့ကိုယ်စား ဘာတွေပြောပေးမလဲ။ ပြီးတော့ စာဖတ်သူတွေကို ဘာတွေ ပြောပြမလဲ။ ပြောသင့်တာတွေ ပြောနိုင်ဖို့ကြိုးစားကြရ ပါလိမ့်မယ်။

ဂျာနယ်များရဲ့ စာမျက်နှာပေါ်မှ . . . . . . . . . .

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



မောင်ဖြူက မောင်နီကို အပြစ်ပြော၊ မောင်ဝါက မောင်နီဘက်က ဖြေရှင်း၊ မောင်ပြာက မောင်ဖြူ ဘက်စွဲချက်တင်၊ မောင်စိမ်းနဲ့မောင်ညိုက တစ်ဖက်တစ်ချက်စီဝင်ဆွေးနွေး။ အဲဒါမျိုးတွေပါရင် ပရိသတ်က စိတ်ဝင်စားမယ်လို့ထင်၊ စိတ်ဝင်စားလို့ ဖတ်မိပြီးကာမှ စိတ်ပျက်သွားမှာကိုတော့ ထည့်မတွက်ကြတော့ဘူးလား။

စဉ်းစားကြပါ. . . . .။

ကျွန်တော်တို့ ဂျာနယ်အယ်ဒီတာများ၊ သတင်းထောက်များ၊ ဆောင်းပါးရှင်များ၊ ကျွန်တော်တို့ ပရိသတ်ကို ဘာပေးမှာလဲ။ သုတလား၊ ရသလား။ ဘာအကြောင်းပြောပြမှာလဲ။ နည်းပညာအကြောင်းလား။ အတတ်ပညာ အကြောင်းလား။ ပရိသတ်ကိုပြောချင်တာမဟုတ်ရင်ပရိသတ်ကိုယ်စားပြောပေးကြရပါမယ်။ ဂျာနယ်စာမျက်နှာများရဲ့ တန်ဖိုးဟာ အလွန်ကြီးပါတယ်။ ကံချွန်ဟာ ဂျာနယ်၊ စာစောင် ငါးဆယ်ကျော် အပိတ်ခံခဲ့ရဖူးတဲ့

စာရေးသူ စဖြစ်ခဲ့ရသူပါ။ ရေးစရာနေရာမရှိတဲ့ကာလကြီးရဲ့ဒဏ်ကို ကောင်းကောင်းကြီးခံရဖူးပါတယ်။ ဒါကြောင့် ဒီနေ့ဂျာနယ်တွေအများကြီးရှိနေတဲ့တန်ဖိုးကိုလည်းအလေးထားမိပါတယ်။ကျွန်တော်တို့ လုပ်ခွင့်ရနေတဲ့ အချိန်၊ ရေးနိုင်နေတဲ့အချိန်မှာ ရန်ပဲဖြစ်နေကြတော့ မှာလား။ ပညာရှိများသတိလက်လွတ်ဖြစ်တတ်လို့ပါ။

http://swanbros.blogspot.com



အမှန်တရားဘက်မှာ စာဖတ်သူရှိတယ်၊ ယုံ . . .။
စာဖတ်သူအတွက် တာဝန်ကျေဖို့ . . .။

၂၆. ၇. ၉၉
အလင်းတန်းဂျာနယ်

# ကြော်ငြာဒါရိုက်တာရဲ့ကျင့်ဝတ်

အများနဲ့ ပတ်သက် ဆက်ဆံရတဲ့ လုပ်ငန်းတိုင်းမှာ လိုက်နာစောင့်ထိန်းရတဲ့ တာဝန်တွေ၊ ဝတ္တရားတွေ၊ ကျင့်ဝတ်တွေ၊ ဝတ္တရားတွေရှိပါတယ်။ တစ်ချို့လုပ်ငန်းတွေမှာ ဘယ်သူကမှ သတ်မှတ်ပေးထားတာ မဟုတ်ပေမယ့် ကိုယ့်အသိစိတ်နဲ့ကိုယ်သတ်မှတ်စောင့်ထိန်းကြရတာပါ။ တချို့စည်းကမ်းတွေ၊ ကျင့်ဝတ်တွေဆိုရင်ကိုယ့်အထက်ကပညာရှင်ကြီးများစောင့်ထိန်းလိုက်နာသွားလို့ဒီနေ့ကံချွန်တို့ကဆက်လက်လိုက်နာထိန်းသိမ်းနေရတာတွေရှိပါတယ်။ကောင်းမွန်သော အမူအကျင့်မို့လက်ခံစောင့်ထိန်းကြရတာပါ။

ကံချွန် ကာတွန်းသင်ရတုန်းက မန္တလေး အနုပညာကျောင်း က နည်းပြဆရာကြီးဦးအေးကျော်ပြောတာကို အမှတ်ရမိတယ်။ဆရာကပြောပါတယ်။ ကာတွန်းရေးတော့မယ်ဆိုရင် ကိုယ်ဝန်ဆောင်မိခင်လောင်း၊ကိုယ်လက်အင်္ဂါချို့ယွင်းသူများကို ဟာသ မဖန်တီးရဘူး။ သူတို့အားနည်းချက်ကို မသရော်ရဘူးလို့ ပြောဖူးပါတယ်။ အဲဒီစကားရဲ့ အနှစ်သာရ ကိုတော့ ဦးအောင်သင်း က အမေရိကန် ကာတွန်းဆရာ တစ်ယောက်အကြောင်းပြောပြ ပါတယ်။ အဲဒီကာတွန်းဆရာ ဟာလက်တစ်ဖက်မပါတဲ့ အမေရိကန်လွှတ်တော်အမတ်တစ်ယောက်ကို

http://swanbros.blogspot.com



ဝေဖန်ရာမှာ သူ့ပုံထဲမှာတော့ လက်တစ်ဖက်ကိုဖြည့်ရေး ပေးလိုက်တယ်လို့ ဆိုပါတယ်။ အားနည်းချက်ကို သရော်တာ ဖြစ်မှာစိုးလို့ စောင့်စည်းပေးတာပါတဲ့။

အဲသလိုပါပဲ။ အခြားအနုပညာလုပ်ငန်းတွေမှာလည်း အနုပညာရှင်တွေလိုက်နာရတဲ့ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ ရှိပါတယ်။ လိုက်နာဖို့ လိုအပ်လို့ နိုင်ငံတော်က သတ်မှတ်ပေး ထားတာတွေ၊ ကိုယ့်အသိစိတ်နဲ့ကိုယ် စောင့်စည်းရတာတွေ ရော။

ပြောင်းလဲတိုးတက်လာတဲ့ ခေတ်ရေစီးကြောင်းမှာ အသစ်ပေါ်လာတဲ့ အနုပညာလုပ်ငန်းတွေအတွက် စောင့်စည်း လိုက်နာသင့်တဲ့ စည်းကမ်းကျင့်ဝတ် တွေကိုတော့ ပညာရှင် များကပဲ ကိုယ့်အသိစိတ်နဲ့ကိုယ် ကျင့်သုံးရပါမယ်။ လုပ်သင့် တာ၊ မလုပ်သင့်တာ ခွဲခြားရပါမယ်။ တီဗွီကြော်ငြာ လုပ်ငန်း ဆိုရင် ဒီနေ့ အသစ်ပေါ်လုပ်ငန်းပါပဲ။ ကြော်ငြာ လုပ်ငန်းကို အကောင်အထည်ဖော်ရာမှာ စောင့်စည်းလိုက်နာ သင့်တာ တွေ၊ ထိန်းသိမ်းသင့်တာတွေ စဉ်းစားကြဖို့ သင့်ပါပြီ။ အဓိက ကတော့ မျက်နှာသစ် သရုပ်ဆောင်လေးများနဲ့ ပတ်သက်လို့ ပါပဲ။ သရုပ်ဆောင်သစ်ကလေးများအတွက် စာနာမှုငဲ့ညှာမှု၊ စေတနာထားမှုတွေ ရှိသင့်ပါတယ်။

ကြိုပြောထားပါရစေ။ ကံချွန်ဘယ်သူ့ကိုမှ ထိခိုက်နစ်နာ စေလိုတဲ့ ဆန္ဒမရှိပါဘူး။ မျက်နှာသစ်ကလေးများအပေါ် စေတနာထားစေချင်တဲ့ ငဲ့ညှာစေချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့

ရေးမှာပါ။

ကံချွန်ကြော်ငြာတွေကို ကြည့်ရင်း ကြည်နူးပီတိဖြစ်ရတဲ့ အကြောင်းရေးဖူးပါတယ်။ ခုရေးချင်တာကတော့ စိတ်မကောင်းဖြစ်ရတဲ့ အကြောင်းပါခင်ဗျား။ ကြော်ငြာတစ်ခုကို ပထမပြောပါမယ်။ ခေါင်းလျှော်ရည်ကြော်ငြာပါ။ကြော်ငြာ စူပါမင်းသားနဲ့သရုပ်ဆောင်သစ်ကလေးတွဲပြီးရိုက်ထားရာမှာ မိန်းကလေးရဲ့မျက်နှာက တစ်စက္ကန့် နှစ်စက္ကန့်စာလောက်ပဲ မျက်နှာလေးပြခွင့် ရရှာပါတယ်။ အဲဒါ ကြော်ငြာ အရှည်မှာပါ ကြော်ငြာအတိုမှာတော့ နောက်စေ့ပဲ တစ်ချိန်လုံး ရိုက်ပြသွားတာ ခံရရှာပါတယ်။ အဲဒီကြော်ငြာကြည့်ရင်း ကံချွန် စိတ်မကောင်း ဖြစ်မိတယ်။ အဲဒီကလေးမသာ ကံချွန်ရဲ့ သမီးလို၊ တူမလို ပတ်သက်နေရင်တော့ နောင် အဲဒီ ဒါရိုက်တာနဲ့လုံးဝ မရိုက်နဲ့လို့ တားမိမှာ အမှန်ပါပဲ။ ကိုယ့်ကြော်ငြာလာလို့မှ ဝမ်းသာရမှာလား၊ဝမ်းနည်းရမှာလားဝေခွဲရခက်တဲ့ခံစားမှုမျိုး။ ဟာ . . . ခေါင်းလျှော်ရည်ကို ကြော်ငြာပေးတာပဲ။ လူကို ကြော်ငြာပေးတာ မဟုတ်ဘူးဆို ပြောလာရင်တော့ ကံချွန် ပြန်မေးချင် ပါတယ်။ ဘာလို့လူကိုငှားပြီး ရိုက်ရတာလဲ ခေါင်းလျှော်ရည်ထုပ်ချည်းရိုက်ပြပါလား။ဒါမှမဟုတ် မင်းသား တစ်ယောက်တည်းနဲ့ ရိုက်လိုက်ပါလား။ ကြော်ငြာရိုက် ဖို့ “လူ” ကို ငှားထားရင်တော့ “လူ” ကို “လူ” လို့ အသိမှတ် ပြုရပါမယ်။ မျက်နှာသစ် သရုပ်ဆောင်လေးကို လှလှပပရိုက်ပြီး မျှမျှတတ နေရာပေးလိုက်လို့ စူပါမင်းသားလည်း နာမည်ကျမသွားနိုင်

ပါဘူး။ ကုန်ပစ္စည်းလည်း မထိခိုက်နိုင်ပါဘူး။

နောက် ကြော်ငြာတစ်ခု၊ မုန့်ကြွပ်ကြော်ငြာပါ။ အဲဒီမှာလည်း စူပါမင်းသားနဲ့တွဲရတဲ့သရုပ်ဆောင်မျက်နှာသစ်ကလေး ခမျာမှာနောက်ကျောဘက်ပဲရိုက်ပြတာများပါတယ်။ မင်းသားနဲ့ ပြေးဖက်တဲ့အခန်းမှာတော့ မိန်းကလေးရဲ့မျက်နှာ တစ်ခြမ်းပဲ ပေါ်လိုက်ရရှာပါတယ်။ မင်းသားမျက်နှာပဲအနီးကပ်ပြထားပါတယ်။

စဉ်းစားပါ။

ကုန်ပစ္စည်းအရောင်းတက်ဖို့ အရောင်းသွက်ဖို့ ကြော်ငြာရာမှာ သရုပ်ဆောင်တွေကို အသုံးချ၊ အဲသလိုအသုံးချခံရတဲ့ သရုပ်ဆောင်တွေကလည်းသူတို့နာမည်တက်ဖို့ ပြန်ပြီးအသုံးချခွင့်ရှိကိုရှိရပါမယ်။ ဒီနေ့ကြော်ငြာတွေမှာ သရုပ်ဆောင်ကို စိတ်ဝင်စားလို့ အောင်မြင်တဲ့ ကြော်ငြာတွေ အများကြီးပါ။ ကုန်ပစ္စည်းကြော်ငြာရာမှာ “လူ”ကို နှော့သူ့အပေါ် “စာနာမှု” ပေးရပါမယ်။ အဲဒီသိတတ်မှု၊ စေတနာထားမှုဟာ အဓိကဒါရိုက်တာပေါ် မူတည်နေတယ်လို့ ကံချွန်မြင်ပါတယ်။

ဒီစာကို ရေးရတာဟာ မျှတမှုကို လိုလားလို့ ရေးရတာပါ။

မျက်နှာသစ်သရုပ်ဆောင်လေးနေရာမယ်ထက်ထက်မိုးဦးလိုဆူပါဖြစ်နေရင် အဲဒီဒါရိုက်တာဟာ ကြော်ငြာကို ဘယ်လိုအပြတွေနဲ့ စိတ်ကူးပြီး ရိုက်ပြမလဲလို့ ကံချွန်လေးစားစွာ

http://swanbros.blogspot.com



စပ်စုချင်ပါတယ်။ တစ်ချိန်လုံးနောက်စေ့ပဲ ရိုက်ပြမှာလား။ တစ်ချိန်လုံး နောက်ကျောပဲ ရိုက်ပြမှာလား။

စဉ်းစားပါ။

ကျွန်တော်တို့ဟာ မျက်နှာသစ် သရုပ်ဆောင်လေး အတွက် နေရာကို မျှမျှတတ ဖန်တီးပေးရင် အဲဒီသရုပ်ဆောင် သစ်ကလေးတွေအတွက် ဘယ်လောက်များ ပီတိဖြစ်လိုက်ကြ မလဲ။သူတို့ကို နေရာပေးလိုက်လို့ သူတို့ရဲ့ အရည်အသွေးလေး ပြခွင့်ကြုံသွားရင် သူတို့ဘဝတက်လမ်းပွင့်သွားမှာပါ။ တင်ပေး လိုက်သူအတွက်လည်းဘယ်လောက်များ ပီတိဖြစ်စရာကောင်း ပါသလဲ။

အဲဒီမျှတတဲ့ စိတ်ဓါတ်နဲ့ စေတနာ အပေါ် အခြေခံပြီး စဉ်းစားပေးခြင်းဟာ ဒါရိုက်တာ တစ်ယောက်ရဲ့ ကျင့်ဝတ်၊ လိုက်နာရမယ့်အချက်လို့ ဒါရိုက်တာများ ကိုယ့်ဟာကိုယ် သတ်မှတ်သင့်ပါတယ်။

မျက်နှာသစ် သရုပ်ဆောင်လေးများနေရာက ခံစားမိလို့ ကံချွန်ဒီစာကို ရေးရတာပါ။ ကြော်ငြာလုပ်ငန်းဟာ ခုမှ အစပဲ ရှိပါသေးတယ်။ ခုလုပ်ခဲ့ပြီးသလောက်အတွေ့အကြုံနဲ့ လုပ်သင့် လုပ်ထိုက်လာတဲ့ ကျင့်ဝတ်တွေကို ကိုယ့်ဟာကိုယ် သတ်မှတ် ဖို့ ကံချွန်အကြံပြုချင်တာပါ။ အမှုမဲ့အမှတ်မဲ့ လုပ်မိတာတွေထဲ က အားနည်းချက်မှန်သမျှကို သတိထားပြီး ပြုပြင်ကြမယ် ဆိုရင် တိုးတက်မှုဟာ ပိုပြီး မြန်မှာ သေချာပါတယ်။ ကိုယ် ကြော်ငြာရမယ့် ကုန်ပစ္စည်းကိုသာ အာရုံစိုက်ပါတယ်ဆိုရင်

http://swanbros.blogspot.com



အဲဒီစိတ်ကူးကို စူပါတွေနဲ့ချည်း သရုပ်ဖော်ရဲရပါလိမ့်မယ်။

ကြုံတုန်းတစ်လက်စတည်း မျက်နှာသစ်၊ တက်သစ်စ သရုပ်ဆောင်လေးများကိုသတိပေးချင်တာ ရှိပါတယ်။ အဲဒါက တော့ ဒီနေ့ ဖန်သားပြင်ပေါ်က စူပါများရဲ့ အားနည်းချက်ကို မြင်အောင် ကြည့်ထားကြဖို့ပါပဲ။ ကြော်ငြာတွေ ကြည့်ရင် စိတ်ပျက်ရမယ့်အထဲမယ် စူပါများရဲ့ မဆင်ခြင်မှုလည်းပါပါ တယ်။ မင်းသမီးတစ်ယောက်ဆိုရင် အင်္ကျီလက်ပြတ် ဝတ်ပြီး လက်မြှောက်ပြတာ (ချိုင်း) ဂျိုင်းကမည်းပြီး တွန့်နေတော့ တော်တော့်ကို အော်ဂလီဆန်စရာ ကောင်းပါတယ်။ ကိုယ့် လက်မောင်းအတွင်းသားတွေ (ချိုင်း) ဂျိုင်းတွေက ဖြူဖွေးပြည့် တင်းပြီး လှနေရင်တော့ ထားပါတော့။ ကိုယ့်ဟာကိုယ် လည်း လက်မြှောက်ပြီး မှန်မကြည့်ဖူးဘူးထင်ပါရဲ့။ နောက် စူပါ မင်းသား တစ်ယောက်လည်း ဒီလိုပါပဲ။ စွတ်ကျယ် လက်မပါ တာဝတ်ပြီး မင်းသမီးကို ဖက်လိုက်တော့ (ချိုင်း) ဂျိုင်းမွေးက ထိုးထိုးထောင်ထောင်နဲ့ တော်တော့်ကို စိတ်ပျက် ဖို့ကောင်းပါ တယ်။ မျက်နှာသစ် သရုပ်ဆောင်လေးတွေကို ကံချွန်သတိပေး ချင်တာပါ။ အဲဒီလို အမှားမျိုး ဘယ်တော့မှ မဖြစ်ပါစေနဲ့။

ဒါတွေရေးနေ၊ ပြောနေတာ မင်းနဲ့ဘာဆိုင်လို့လဲဆိုရင် တော့ ကံချွန်ဖြေရှင်းချက် ပေးပါမယ်။ ကံချွန်နဲ့ ဘာမှမဆိုင်ဘဲ ကံချွန်ရဲ့မျက်စိရှေ့မှာ လာပြီး လှုပ်ရှားပြနေလို့ ရေးရ၊ ပြောရ တာပါ။ အအေးလုံးဝ မကြိုက်တဲ့ ကံချွန်ဟာ အချိုရည် အအေး ပေါင်းစုံကောင်းကြောင်း ပြောတာကို နားထောင်နေရပါတယ်။

http://swanbros.blogspot.com



ဆံပင်ညှပ်တဲ့အချိန်ခေါင်းလျှော်ပြီးကိုယ့်ဟာကိုယ် ခေါင်းလျှော်လေ့မရှိပေမယ့်ခေါင်းလျှော်ရည် ကြော်ငြာတွေကိုလည်း အချိန်ပေး ကြည့်နေရ ပါတယ်။ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ အမ်းလီတို့၊ လွှိုင်းတကျ်စ်တို့ ကြော်ငြာတာလည်း ကြည့်နေရတာပါပဲ။

မဆိုင်တာတွေ အများကြီးပါ။ မဆိုင်တာတွေ ကြည့်နေရတော့ မဆိုင်ပင်မယ့်လည်း ပြောချင်၊ ရေးချင်လာလို့ ရေးလိုက်ရတာပါ။

ဒါရိုက်တာများ စာနာမှု၊ စေတနာထားမှုတို့ကို အခြေခံပြီး မျက်နှာသစ်သရုပ်ဆောင်လေးများကို ကူညီနိုင်ပါစေ။ ဒါရိုက်တာများ၏ စေတနာကို စောင့်မျှော်နေပါမည် ခင်ဗျာ။ (ဒါရိုက်တာ အားလုံးကို စေတနာမရှိလို့ မဆိုလိုပါ။ အမှုမဲ့အမှတ်မဲ့ဖြစ်ခဲ့ခြင်းများဟုသာ ကံချွန်ယုံပါသည်။)

၂၊ ၈၊ ၉၉
အလင်းတန်းဂျာနယ်

# ဇာတ်လမ်းတွဲ ခံစားမှု

ကျွန်မသည် မြဝတီရုပ်သံမှ လွှင့်နေသော ဇာတ်လမ်းတွဲများကို နှစ်သက်သဘောကျကြောင်းဆောင်းပါးများစွာ သတ္တိရှိရှိရေးခဲ့ဖူးပါသည်။ တကယ်ပါ။ သို့သော် ယခုကြည့်နေရသည့် "စီးဖိန်" ပါဝင်သည့် ဇာတ်လမ်းတွဲ (ချစ်ပန်းသခင်ဟုထင်ပါသည်)နှင့်ရွှယ်ခူး(နှင်းပွင့်သစ္စာထင်ပါသည်) ဇာတ်လမ်းများကိုမူ ကျွန်မသဘောမတွေ့ပါ။ ထို့ကြောင့် မရဲတရဲတင်ပြပါရစေ။

'ဟဲ့ . . . ငချွန်၊ သဘောမတွေ့ မကြည့်နဲ့ပေါ့။ နင်မကြိုက်တာနဲ့ဘဲ ရေးကြီးခွင်ကျယ်လုပ်လို့ စာတစ်စောင်၊ ပေတစ်ဖွဲ့ လုပ်ရသလား' ဟု အပြစ်တင်ခဲ့သော် . . . သည်လိုပါ။ ကျွန်မရှင်းပါမည်။

ရုပ်မြင်သံကြားကြည့် ပရိတ်သတ်တစ်ယောက်နေရာကနေ တင်ပြပါရစေခင်ဗျာ။ ရုပ်မြင်သံကြားဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ။ ကျွန်မရုပ်မြင်သံကြား မြန်မာ့ရုပ်မြင်၊ မြဝတီရုပ်မြင်တို့ကို အကြောင်းပြုပြီး ဆောင်းပါးပေါင်းများစွာရေးလို့ စားသောက်ခဲ့ဖူးပါတယ်။ တစ်လုပ်စားဖူး သူ့ကျေးဇူး အထူးသိတတ်စွာလို့ မူလတန်းတုန်းက သင်ခဲ့ရတာကိုလည်း ကျွန်မမမေ့ပါဘူးခင်ဗျာ။ ဒါကြောင့် ရုပ်မြင်များရဲ့ ရည်ရွယ်ချက်

http://swanbros.blogspot.com



အပြည့် အစုံကို ကံချွန်မသိပင်မယ့် ပြန်ကြားရန်၊ ဖျော်ဖြေရန်၊ ပညာပေးရန်ဆိုတာတွေတော့ ပါကြမယ်ထင်ပါတယ်။ဖျော်ဖြေရန် နှင့် ပညာပေးရန်ဟာ တစ်ခါ တစ်ခါမှာ သီးခြားစီလာတတ်ပေမယ့်တစ်ခါတစ်ခါမှာတော့ တွဲလာတတ် တာကိုလည်း သတိထားမိပါတယ်ခင်ဗျာ။

ကံချွန်ဟာ ဘာလို့ ရုပ်မြင်သံကြားကို ကြည့်သလဲဆိုတော့ ပထမပြောချင်ပါတယ်။ နေ့စဉ်သတင်းတွေကို မျက်ခြေမပြတ်ချင်တာရယ်၊ ပျင်းတာရယ် ကြောင့်ပါပဲ။ ပျင်းနေတော့ ထိုင်ကြည့်နေရော၊ ကျန်းမာရေး၊ ပညာရေးနဲ့ပတ်သက်ပြီး ဗဟုသုတရလိုက်တဲ့အခါမှာတော့ ပျင်းရကျိုး နပ်သွားတာပေါ့။ ကြည့်နေရင်းရယ်ရရင်၊ အထူးအဆန်းတွေ မြင်ရရင် အပျင်းပြေပါတယ်။ အဲသလို အပျင်းပြေလို့ ကြည့်နေရင်း အသိတစ်ခုခု၊ စဉ်းစားစရာတစ်ခုခု တွဲပါလာရင် ကံချွန်တို့ ပရိသတ်အတွက် အမြတ်ထွက်ပါတယ်။ ပျင်းနေလို့ ကြည့်နေရင်းက အဲဒီဖျော်ဖြေနေတဲ့ဟာက ပိုပျင်းစရာကောင်းနေရင်၊ ပြကွက်တွေရဲ့ ခံစားမှုတွေက စိတ်ညစ်စရာ ဖြစ်နေရင် တော်တော်အသိကအောင့်ဖြစ်ရပါတယ်။

တစ်နေကုန် ပင်ပန်းပြီး သက်တောင့်သက်သာ အနားယူရင်း ကြည့်ရတဲ့ရုပ်ရှင်ဟာ ကြည့်သူရဲ့အာရုံကို လန်းဆန်းစေဖို့ လိုပါတယ်။ ရုပ်မြင်လို ဌာနကြီးက လွှင့်ထုတ်တာမှာ ပိုပြီးတော့လိုပါတယ်။ ဖျော်ဖြေရမှာကိုး။

ကံချွန် မြဝတီရုပ်မြင်ဇာတ်လမ်းတွဲကို နှစ်သက်ခဲ့တာက

http://swanbros.blogspot.com



ဖျော်ဖြေမှုကို ပြည့်ပြည့်ဝဝ ပေးတဲ့အပြင် အမှန်တရားကို မြတ်နိုးဖို့၊ သစ္စာတရားကို တန်ဖိုးထားဖို့ဆိုတဲ့ အတွေးအခေါ် အယူအဆလေးတွေပါ တွဲပေးလို့ပါပဲ။ ပြည်သူ့တရားရှင် ၊ ကျောက်စိမ်း လက်ကောက် ဇာတ်လမ်းတွေ ၊ ပြီးတော့ ငွေကြယ်ပွင့်တို့သက်သေတည်၊ နယူးယောက်အိပ်မက်တို့ ဇာတ်လမ်းတွဲတွေ အနုပညာအားကောင်းသလို ကြည့်သူရဲ့ အာရုံကိုပါ လန်းဆန်းစေတယ်၊ တက်ကြွစေတယ်၊ ကြည်နူး စေတယ်။

ခုပြနေတဲ့ ဇာတ်လမ်းတွဲနှစ်ခု၊ ချစ်ပန်းသခင်၊ နှင်းပွင့် သစ္စာ (နာမည်မှားနေရင် ခွင့်လွှတ်ပါ) ကတော့ ကြည့်နေရင်း စိတ်ညစ်ရပါတယ်။ ဒုက္ခပေါ် ဒုက္ခတွေ ဆင့်နေပါတယ် ကောက်ကျစ်မှုပေါ် ကောက်ကျစ်မှုတွေ ဆင့်နေပါတယ်။ ညစ်ပတ်ပြီးရင်း ညစ်ပတ်ရင်းဖြစ်နေပါတယ်။ ဒီဇာတ်ကား တွေကို မကောင်းဘူးလို့ ကံချွန်မဆိုပါဘူး။ ကြည့်ရင်း ကြည့်ရင်း ဇာတ်ကောင်တွေကိုယ်စား စိတ်မောလာရလောက် အောင်တော်နေလို့ မကြိုက်တာပါ။ ကံချွန်တို့ မြန်မာ့ရုပ်မြင် သံကြားမှာ ရွေးချယ်ကြည့်စရာလိုင်းက နှစ်လိုင်းပဲ ရှိတာပါ။ ဇာတ်လမ်းတွဲ အများဆုံးပြတာက မြဝတီပါ။ ဒါကြောင့် ဇာတ်လမ်းတွဲကြည့်သူအတော်များများက မြဝတီကို အားပြုပြီး ကြည့်ကြပါတယ်။

မြဝတီဇာတ်လမ်းတွဲဟာ မြဝတီ ပရိသတ်အတွက် စိတ် ကြည်နူးမှု၊ လန်းဆန်းမှု၊ အမှန်တရား သစ္စာတရား မြတ်နိုး

http://swanbros.blogspot.com



စေမှု၊ လူ့ဘဘာဝ၊ လူ့သဘော၊ လူ့မနောကို ပေါ့ပေါ့ ပါးပါး လေးနဲ့ ထင်ဟပ်ပြတဲ့ ကားမျိုးပဲ ပြမယ်ဆိုရင်တော့ ပိုပြီး ဝမ်းသာကြိုဆိုမိမှာပါ'

'မဟူရာစံအိမ်' ဇာတ်လမ်းတွဲ ပြတုန်းက ချွေးမ နဲ့ ယောက္ခမ အတူထိုင်ကြည့်ဖို့ အတော်ခက်ခဲ့ရပါတယ်။ ယောက္ခမက တရားလွန်အောင် နှိပ်စက်ပြနေတာကိုး။ မိသားစု အတူတူကြည့်ရခက်တဲ့ ကားမျိုးပါပဲ။ (အဖော် အချွတ် တွေပါမှာ မိသားစုအတူ ကြည့်ရခက်တာ မဟုတ်ပါဘူး။ သတိထားစရာပါ)

ခုပြနေတဲ့ (ချစ်ပန်းသခင်) စီးဖိန်တို့ ဇာတ်ကားနဲ့ ပတ်သက်ပြီးတော့ ကံချွန်ရဲ့ မိတ်ဆွေတစ်ယောက် ကပြော ပြပါတယ်။

'စီးပွားရေး လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီထူထောင်ထားသူ တွေ အတူတူထိုင်မကြည့်သင့်တဲ့ ကားပဲ။ ကုန်ကုန် ပြောရရင် တော့ ကိုယ့်ဝန်ထမ်းတွေနဲ့တောင် ကိုယ်အတူတူကြည့်ရမှာ ခက်တယ်ဗျာ'

လို့ ဆိုပါတယ်။ လုပ်ငန်းတစ်ခု အောင်မြင်အောင် ဘယ်လို လုပ်ရမယ်ဆိုတာထက် ဇာတ်ကွက်အတော်များများ က ဘယ်လိုပျက်စီးအောင် ဖျက်ရမလဲဆိုတဲ့ အပြတွေ ဖြစ်နေ ပါတယ်။ စီးပွားရေး နလန်မထူအောင် ဘယ်လိုသတ် ရမယ်၊ ဘယ်လိုအလဲထိုးရမယ်ဆိုတဲ့ ကောက်ကျစ်မှု အပြတွေက အဓိကဖြစ်နေပါတယ်။

http://swanbros.blogspot.com



တကယ် အနုပညာအားကောင်းတဲ့ သရုပ်ဆောင်များ၊ ဒါရိုက်တာများ ရိုက်ကူးထားတာမို့ ခံစားမှုကို ထိထိ ရောက် ရောက်ပေးနိုင်တဲ့အတွက် နှလုံးရောဂါရှိသူများနဲ့ သွေးတိုး ရောဂါရှိသူများ မကြည့်သင့်တဲ့ ဇာတ်လမ်းတွဲတွေ ဖြစ်နေ ပါတယ်။ ဒါတကယ်အကြံပြုတာပါ။ ကိုယ်တွေ့မို့ပါ။ ကံချွန်မှာ သွေးတိုးရှိပါတယ်။ ချစ်ပန်းသခင် ဇာတ်လမ်းကြည့်မိတဲ့ နေ့တိုင်း ၊ နှင်းပွင့်သစ္စာ ကြည့်မိတဲ့နေ့တိုင်း သွေးတိုးပါတယ်။ ပထမပိုင်းတော့ သတိမထားမိပါဘူး။ အခုနောက်ပိုင်း မှ သတိ ထားမိသွားတာပါ။

အရာရာကို ခပ်ပေါ့ပေါ့သဘောထားတတ်တဲ့၊ သဘော ထားနိုင်တဲ့ ကူးစက်ခံစားမှုအားနည်းသူများရှိသလို အရာရာ ကိုကူးစက်ခံစားလွယ်တဲ့ အလေးအနက် သဘောထားတတ် တဲ့သူများလည်း ရှိပါတယ်။

ရုပ်သံအနေနဲ့ ဇာတ်လမ်းတွဲကပေးမယ့် ခံစားမှုကို ကြိုတင်မှန်းဆ စိစစ်ဖို့ အကြံပြုချင်ပါတယ်။

မြဝတီ ဇာတ်လမ်းတွဲများကိုကြည့်ရင်း စိတ်အပန်းဖြေ ချင်တဲ့၊ ကြည်နူးချင်တဲ့၊ သာယာချင်တဲ့ . . . .

၉. ၈. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ကောင်းမှုကောင်း

ဘယ်တုန်းက ဘယ်နေရာမှာ ဘယ်သူပြောမှန်း မသိတဲ့ စကား။

ဘယ်သူမှ မပြောဘဲ ကံချွန်ရဲ့ ငယ်ထိပ်အောက် ရောက်လာတော့တာ မဟုတ်တန်ရာ။ 'လောကကြီးတစ်ခုလုံး မှောင်နေတာကို စိတ်ပျက်ဖို့ မလိုပါ။ သင့်မှာ ဖယောင်းတိုင် ရှိလျှင် မီးညှိလိုက်ပါ။ တစ်လောကလုံး မလင်းပေမယ့် သင့်နေရာတော့ လင်းသွားပါလိမ့်မယ်' ဆိုတဲ့ စကားပါ။ (မူလပိုင်ရှင် မပေါ်ရင်လည်း ကံချွန်ပြောတဲ့ စကားအဖြစ် သတ်မှတ်မှတ်တမ်းတင်လိုကတင်ပါ) ကံချွန် အလွန်သဘောကျပါတယ်။ ကောင်းတဲ့ အလုပ်မှန်သမျှ ကောင်းမှန်းသိတဲ့လူတိုင်းက လုပ်ဖို့လိုပါတယ်။

စိတ်ပျက်စရာ၊ ဒေါသဖြစ်စရာဆိုတာ ဟာသသမားရဲ့ ဆန့်ကျင်ဘက်ပါ။ ဟာသမြတ်နိုးသူ၊ ဟာသဖန်တီးသူမှာ ဒေါသမရှိပါဘူး။ ဟာသဟာ ဒေါသကို ချေဖျက်နိုင်ပါတယ်။ ဟာသသမားရဲ့ အမြင်မှာတော့

အရာရာဟာ လှပနေပါတယ်။

အရာရာဟာ ချစ်စရာကောင်းနေပါတယ်။

မလှပရင်၊ ချစ်စရာမကောင်းရင်လည်း ရယ်စရာ

http://swanbros.blogspot.com



ကောင်းနေတတ်ပါတယ်။

တစ်ခါတစ်ခါမှာ လောကကြီးရဲ့ သာယာလှပမှုများကို ရှာဖွေပြီးပီတိဖြစ်တဲ့အလုပ်ကိုလည်း ကံချွန်လုပ်တတ်ပါတယ်။ သဘာဝရဲ့ သာယာလှပမှုဆိုတာကတော့ မြင်လွယ်ပါတယ်။ သိသာထင်ရှားပါတယ်။ လူသားတွေရဲ့ ကြားထဲက လူမှုရေး အလှအပဆိုတာတွေကတော့ ကြည့်တတ်မှမြင်မှာပါ။ ရှာတတ်မှ တွေ့မှာပါ။ လူသားတွေရဲ့ လူမှုရေးလှပမှုကို ရှာဖွေတွေ့ ရှိပြီဆိုရင် အဲဒီအလှအပကို ခံစားရတာဟာ ဘယ်လိုအရသာ နဲ့မှ မလဲနိုင်တဲ့အရသာပါ။ ပီတိပါပဲ။ ကြည်ကြည်နူးနူး၊ ကျေ ကျေနပ်နပ်ကြီး ခံစားရတာပါ။ ဒီအရသာကို အလင်းတန်း စာမျက်နှာကနေ မျှဝေချင်ပါတယ်။ စာဖတ်သူတို့ အတွက် စက္ကူသုခဖြစ်မှာ သေချာတယ်လို့ယုံကြည်တဲ့ အတွက်ပါပဲ။

ကံချွန်ထိတွေ့မိသမျှ လူမှုရေးအလှအပလေးတွေကို မျှဝေခံစားစေချင်လို့ ပြောပြပါရစေ။ ကံချွန်ရဲ့ မြေးအလတ် ကိုအောင်ပင်လယ် ဝိုင်အမ်စီအေ မူကြိုမှာ ထားပါတယ်။ အဲဒီမူကြို အဆောက်အဦးဟာ ကျယ်ကျယ်ဝန်းဝန်း သန့်သန့် ရှင်းရှင်းရှိတယ်။ ရေ မီး ပြည့်စုံတယ်။ အဲဒီနီးနားဝန်းကျင်မှာ တော့ချို့တဲ့သူတွေ များပါတယ်။ အဲဒီမှာ မူကြိုချိန်ပြီးတာနဲ့ အနီးအနားဝန်းကျင်က ကျောင်းသား၊ ကျောင်းသူများ စာလာ ကျက်ဖို့ စာကျက်ဝိုင်း လုပ်ပေးထားပါတယ်။ မီးလင်းလင်း၊ သန့်သန့်ရှင်းရှင်း၊ မသိတာမေးလို့လည်းရဆို တော့ အဲဒီ ကျောင်းသား၊ ကျောင်းသူများအတွက် ကံချွန် ပီတိဖြစ်မိ

http://swanbros.blogspot.com



ပါတယ်။(၃၅) လမ်း စကြ်ာနွယ်စင်ရပ်ကွက်မှာလည်း ကျူရှင် မနေနိုင်တဲ့ ပြင်ပဖြေကျောင်းသားလေးများအတွက် ရည်ရွယ်ပြီး စာကျက်ဝိုင်း လုပ်ပေးတယ်။ တက္ကသိုလ်ဆရာ (ဟောင်း) များက အဲဒီမှာ လခတစ်ပြားမှ မယူဘဲ ပညာဒါန ပြုတယ်။ ဒါတွေဟာတကယ့်လူမှုရေးအလှအပတွေပါပဲခင်ဗျာ။ လူတွေ ကြားက လူမှုရေးအလှအပလေးတွေကိုကြည့်ပြီး ကြည်နူး ရတာ၊ ပီတိဖြစ်ရတာဟာ မြင်ရတွေ့ရခဏလေးမှာ မဟုတ် ပါဘူး။ ပြန်တွေးတိုင်း ပီတိအခါခါ ဖြစ်ရတာပါ။

၂၇ လမ်း၊ ၈၃ လမ်း (ဝန်းကျင်) မှာလည်း နွမ်းပါးချို့တဲ့ သူများကို ကျန်းမာရေးကူညီမှု ပေးနေတဲ့ဆေးခန်းလေးရှိ တယ်လို့ ကြားရတယ်ခင်ဗျ။ အဲဒီကိုတော့ ကံချွန်သွားမလေ့ လာရသေးဘူး။ သတင်းကြားနဲ့ကို ပီတိဖြစ်ရပါတယ်။ ဆေးဝါး ပစ္စည်းတွေရဲ့ တန်ဘိုးကြီးမြင့်လာမှုကြောင့် ဆေးကုသခ စရိတ်များ မြင့်တက်လာချိန်မှာ လူတွေကြားပေါ်လာရတဲ့ လူမှု ရေးအလှအပလေးတစ်ခုပါပဲ။

မြန်မာဆိုတာ သနားကြင်နာတတ်တဲ့လူမျိုး၊ လူသား အချင်းချင်း ကူညီရိုင်းပင်းမှု စိတ်ဓါတ်အပြည့်အဝရှိတဲ့ လူမျိုး ဆိုတာ သက်သေပြနေတဲ့ လူမှုရေးအလှအပလေးတွေပါပဲ။ မြန်မာလူမျိုးတွေရဲ့ ပေးချင်၊ကျွေးချင်၊ လှူဒါန်းချင်တဲ့ ရက်ရော မှုဟာလည်း ဘယ်လူမျိုးမှ လိုက်မီမယ် မထင်ပါဘူး။ ရွှေစက္ကူ ကပ်၊ ငွေစက္ကူကပ် မဏ္ဍပ်ကြီးနဲ့ ဆိုင်းဝိုင်းကြီးနဲ့ လှူရမှမဟုတ် ပါဘူး။ မဏ္ဍပ်တိုင်တက်မပြလည်း လှူပါတယ်။ ကံချွန် တို့

http://swanbros.blogspot.com



မြန်မာတွေဟာ ကြွားချင်တာမဟုတ်ပါဘူး။ လှူချင်တာပါ။ ပေးချင်တာပါ။ ကမ်းချင်တာပါ။ ပေးရရင်ကျွေးရရင်ကိုပျော်ပျော်နေတတ်တဲ့လူမျိုးပါ။ လူရှစ်ရာ၊ တစ်ထောင်ကျွေးနိုင်သူများ က လူရှစ်ရာ၊ တစ်ထောင်ကျွေးမယ်။ လူတစ်ယောက်ပဲကျွေးနိုင်သူကလည်း လူတစ်ယောက်ပဲဖြစ်ဖြစ်ကျွေးနေတာပဲ။ ကျွေးနိုင်ပေးနိုင်တာနဲ့ ကျွေးတော့ပေးတော့တာဟာ မြန်မာရဲ့ စိတ်ဓါတ်ပါ။

လူတွေကြားမှာ လူမှုရေးလုပ်နေကြတဲ့ ပုံစံတွေကတော့ အမျိုးစုံပါပဲ။ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး စတဲ့ အရေးတွေမှာ ကိုယ်ထိတွေ့နေရတဲ့ ဝန်းကျင်၊ ကိုယ်တတ်တဲ့ ပညာ၊ ကိုယ်စွမ်းတဲ့ တာဝန်ယူမှုနဲ့ လူမှုရေးလုပ်နေကြသူတွေကတော့ အများကြီးပါပဲ။ ကောင်းတဲ့အလုပ်ကို လုပ်နိုင်သူမှန်သမျှ လုပ်သွားကြရင် လုပ်ချင်စိတ်ရှိသူတိုင်း လုပ်ဖြစ်မယ်ဆိုရင် လောကကြီးဟာ သာယာလှပသွားမှာ သေချာပါတယ်။ စိမ်းစိုသာယာလှပတဲ့ သဘာဝမြင်ကွင်းကြီးထဲမှာပျော်ရွှင်နေဖို့ လူတွေပျော်ရွှင်နေဖို့ ကျွန်တော်တို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။ အပြန်အလှန် ကူညီကြရပါမယ်။

ကံချွန်ကတော့ ရယ်စရာတွေကို ရှာဖွေကြည့်ချင်သလို၊ ခံစားချင်သလို ကြည်ကြည်နူးနူးပီတိဖြစ်စရာလေးတွေကိုလည်း ရှာဖွေကြည့်ပြီး ခံစားချင်ပါတယ်။ မျှဝေချင်ပါတယ်။ လောကကြီ သာယာဖို့ လူမှုရေးအလှအပများဖန်တီးနေသူတို့ အဆများစွာတိုးပြီး လူမှုရေးလုပ်ငန်းများလုပ်နိုင်ကြပါစေ။

http://swanbros.blogspot.com



ကျွန်တော်မထိတွေ့မသိရသော နေရာပေါင်းများစွာမှာလည်း လူမှုရေးအလှအပ ဖန်တီးနေသူများ ရှိနေမည်ဟု ယုံကြည်ပါသည်။

ကျွန်တော် ထိတွေ့မိသမျှ မျှဝေလိုက်ရပါသည်။ ကြည်နူးပီတိဖြစ်စရာတွေ များစွာများစွာဖြင့် သာယာလှပနေသော ကျွန်တော်တို့ မန္တလေးအကြောင်း . . . . ။

၁၆. ၈. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# နိုင်ငံခြားရောဂါ

ဩဂုတ်လထုတ် ၁၉၉၉၊ ရွှေအမြုတေကို ဖတ်ရတဲ့ဆီမှာ တေးသံရှင်များ နိုင်ငံခြားသွားရတဲ့ သတင်းလေးတွေကို တွေ့ရပါတယ်ခင်ဗျ။ နိုင်ငံခြားက ဖိတ်ကြားလို့သွားရတဲ့ အထဲမှာတော့တေးသံရှင်များဟာ အများဆုံးပါပဲ။ ဒုတိယ လိုက်တာကတော့ ရုပ်ရှင်မင်းသားမင်းသမီး၊ သရုပ်ဆောင်များပေါ့။ တတိယ၊ စတုတ္ထ၊ ပဥ္စမ မရှိ၊ နှစ်သိမ့်ဆုလိုက်တာကတော့ စာနယ်ဇင်းဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ၊ ကဗျာဆရာများ ဖြစ်ပါတယ်။ ကာတွန်းဆရာများလည်း တစ်ခါတစ်ခါမှာ 'အပို' ဆု ပေါက်တတ်ပါတယ်။ ဒါပေမယ့် ကာတွန်းဆရာများမှာ တော့'နိုင်ငံခြားရောဂါ' မရှိဘူးလို့ ဆိုရမလောက်ပါဘဲ။

ကံချွန်ဆီကို နိုင်ငံတစ်ခုက ကိုယ်ရေးရာဇဝင်တောင်း၊ ရေးခဲ့ဖူးတဲ့ ပုံတွေ၊ စာအုပ်တွေတောင်း လုပ်ဖူးပါတယ်။ နှစ်နှစ်ဆက်တိုက်ပါပဲ။ ကံချွန်ဟာ နှစ်နှစ်လုံး ကံချွန်ရဲ့ညီငယ်လိုဖြစ်နေတဲ့ လူငယ်ကာတွန်းဆရာတစ်ယောက်ကို ဆန္ဒပြုခဲ့ပါတယ်။ အဲဒီကာတွန်းဆရာမလိုက်ရင်တော့ ဘယ်ကာတွန်းဆရာခေါ်ပါပေါ့။ ပထမ နိုင်ငံခြားကို ပြန်တဲ့စာဆိုရင် ကိုဂျေဆီကတစ်ဆင့် ပို့စရာမေတ္တာရပ်ခံခဲ့တာပါ။ နောက် တစ်ကြိမ်မှာတော့ သူတို့ လူကိုယ်တိုင်လာကြလို့ နှုတ်နဲ့ငြင်းဆိုခဲ့ပါတယ်။

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



ခေါ်သင့်သူများကိုလည်း ပြောခဲ့ပါတယ်။ ကံချွန် အကြံပြုချင်တာက မောင်ဝင်းအောင်နဲ့အော်ပီကျယ်ပါ။ မောင်ဝင်းအောင်နဲ့တွေ့တော့ သူ့ဆီလာတဲ့အကြောင်း၊ သူက အော်ပီကျယ် နဲ့ ကံချွန် ကို ခေါ်သင့်ကြောင်း ပြောလိုက်တယ်ဆိုပဲ။ မောင်ဝဏ္ဏတို့၊ ရွှေမင်းသားတို့ကလည်း အဲဒီခရီးကို သွားဖူးပြီးသားပါ။ ဒါကတော့ ကာတွန်းဆရာများနဲ့ နိုင်ငံခြား ဖီလင်ပါ။

ကံချွန်ကို အခြားမိတ်ဆွေတစ်ယောက်က (ကံချွန်ကတော့ မသိသေးပါ) နိုင်ငံနှစ်ခုလောက်လွှတ်ချင်တဲ့အကြောင်း ပြောလာပါတယ်။ ပြောတာတဲ့သူကတော့ ဦးဝင်းကြည် (စုစုအေးအောင်) ပါပဲ။ ကံချွန့်ကို နိုင်ငံခြားလွှတ်ချင်တယ်ဆိုတာက သူ့မိတ်ဆွေဦးအေးသိန်း (မြကန်သာကလပ်-မြို့တော်ဂေါက်ကွင်း) ဖြစ်ကြောင်း ပြောပြပါတယ်။ ကံချွန်က ထိုသို့ပြောလာသောစကား၊ ထိုဆန္ဒအတွက်ပင် ကျေးဇူးအလွန်တင်မိပါကြောင်း၊ တကယ်လွှတ်ဖြစ်လာပါမူ ကံချွန်လုံးဝသွားမည်မဟုတ်ကြောင်း၊သွားလိုသောဆန္ဒလည်းမရှိကြောင်း၊ဦးအေးသိန်းကိုတော့ ရင်းရင်းနှီးနှီး မိတ်ဆွေဖြစ်လိုသောဆန္ဒတော့ ရှိသွားပါကြောင်း ကံချွန်ပြန်ပြောခဲ့ပါတယ်ခင်ဗျ။ (ခုချိန်ထိ ကံချွန်နှင့် ဦးအေးသိန်း မသိသေးပါ၊ မဆုံဖူးပါ)

နိုင်ငံခြားဆိုတာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေက ရွှေအမြုတေထဲက သတင်းကို အကြောင်းပြုပြီး တစ်မျိုးပြီး တစ်မျိုး ရောက်နေပါတယ်။ ဟိုးတလောက မန္တလေးဒိတ်တီးဟောက်မှာ ထိုင်နေတုန်း စာရေးဆရာမ . . . အမေရိကား

http://swanbros.blogspot.com



သွားရမယ်လို့ ကြားတယ်ဗျဆိုပြီး တစ်ဦးက စကားစပါတယ်။ အဲဒီသတင်းဟာ ဘယ်လောက်ခိုင်မာသလဲ၊ ယုတ္တိရှိရဲ့လားဆို တာတောင်မစဉ်းစားပဲ၊

'ဟုတ်လား၊ ဟန်ကျတာပေါ့'

'ဘယ်လိုများ ဆက်သွယ်မိပါလိမ့်'

'တန်တယ်ဗျာ'

'ဇိမ်ပဲ'

ဆိုပြီး စာရေးဆရာများဟာ သံပြိုင်နီးပါး ဝမ်းသာအားရ အားကျစကားများ ဆိုကြပါတယ်။ ကံချွန်ဟာ စာပေလောက မှာ ဟိုးတစ်ခါက အငြိမ့်မင်းသမီးများလို ကလောင်နာမည် ရဲ့နောက်က (နိုင်ငံခြားပြန်) (ပီကင်းပြန်) (အမေရိကားပြန်) (အီသီယိုးပီးယားပြန်) (ဆိုဗီယက်ပြန်) ဆိုတာတွေများ ဖြစ်လာ လေမလားလို့ တွေးနေမိပါတယ် ခင်ဗျ။

ကံချွန်ကတော့ နိုင်ငံခြားဆိုသဟာကို တိုက်မြင့်မြင့်ကြီး တွေ မော့ကြည့်ဖို့ လမ်းကျယ်ကျယ်ကြီးတွေရပ်ငေးဖို့ မြင်မြင် သမျှ အံ့သြဖို့ သွားရမှာလောက် ရှက်တာမရှိဘူး။ အဓိပ္ပါယ် ရှိရှိပဲ သွားချင်ပါတယ်။ အနိမ့်ဆုံးအဆင့်ဈေးဝယ်ဖို့ ဆိုတာမျိုး လောက်ပေါ့။ ဆေးကုဖို့ ပညာရပ်တစ်ခုခု လေ့လာဖို့ စီးပွားရှာ ဖို့ဆိုသလို အဓိပ္ပါယ်ရှိစေချင်တယ်။

လေ့လာဖို့ ခေါ်တယ်ဆိုရင်လည်း ကိုယ့်ကိုယ်ကို ပထမ ပြန်မေးကြည့်စေချင်ပါတယ်။ သူတို့လေ့လာဖို့ခေါ်တဲ့ ဘာသာ ရပ်ကို ကိုယ့်မှာ ဘယ်လောက်များ အခြေခံရှိပြီးပြီလဲဆိုတာ

http://swanbros.blogspot.com



ပါပဲ။ ဒေသန္တရဗဟုသုတအဖြစ် ခေါ်တာ၊ နိုင်ငံခြားက ပြန်လာရင် 'နိုင်ငံခြားအတွေ့အကြုံ' စာတွေရေးဖို့ ရည်ရွယ်ပြီးသွားတာဆိုရင်လည်း ပြန်ရေးပြတဲ့ နိုင်ငံခြားအတွေ့အကြုံဟာ စာဖတ်သူအတွက် အတွေးအခေါ် အယူအဆ သုတတစ်ခုခုကိုတော့ ပေးစွမ်းနိုင်ရပါလိမ့်မယ်။ အတွေးအခေါ် အယူအဆ သုတတစ်ခုခုမပါတဲ့ အတွေ့အကြုံပြန်ရေးပြတာမျိုးဆိုရင်တော့ နိုင်ငံခြားဇာတ်ကား၊ ရုပ်ရှင်၊ ဗီဒီယိုကြည့်ဖူးသူတိုင်း တိုက်ကြီးမြင့်တာ၊ လမ်းတွေကျယ်တာ၊ ဟောလိဝုဒ်မှာ ဆက်တင်တွေ ဘယ်လိုဆောက်ထားတယ်ဆိုတာတော့ သိပြီးသားပါ။ တွေ့ခဲ့၊ ကြုံခဲ့၊ မြင်ခဲ့တာအပေါ် အခြေခံပြီး စာရေးသူရဲ့ အတွေးအခေါ် ထင်မြင်ချက် ကောင်း,ဆိုး၊ သင့်မသင့် တစ်ခုခုတော့ ပါရမှာပေါ့။

အကြံတူ နောက်လူသာရပါမယ်။ အရင့်အရင် ဆရာကြီးများရေးခဲ့တဲ့ ခရီးသွားစာပေတွေကို မေ့ထားလို့မရပါဘူး။ **'စစ်အတွင်းခရီးသည်'** (ဆရာသိန်းဖေမြင့်)၊ လျှပ်တစ်ပြက် ဂျပန် (ဆရာမင်းကျော်) စတဲ့စတဲ့ စာရေးဆရာ၊ သတင်းစာဆရာကြီးများရေးသွားတဲ့ ခရီးသွားစာပေတွေ ရှိနေပါတယ်။

ကံချွန်တို့ဟာ နိုင်ငံခြားသွားဆောင်းပါးများကို မြန်မာစာတော်တဲ့ ဆယ်တန်းကျောင်းသားရဲ့ စာစီစာကုံးလောက်ပဲရေးပြနိုင်လို့ကတော့ ရှက်တတ်ရင် ရှက်စရာကောင်းပါတယ်။ နိုင်ငံခြားသွားပြီးသူများရော၊ သွားမယ့်သူများရော သိပ်သတိထားသင့်ပါတယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ

http://swanbros.blogspot.com



အတွက် တာဝန်ကျေပြွန်ဖို့ လိုပါတယ်။

တေးသံရှင်များရဲ့ခရီးဟာအလွန်ရိုးရှင်းပါတယ်။ဖြေဖျော်ရေးခရီးပါ။ မော့စ်တို့၊ မိုးဒီတို့ သွားတာဟာ ဖျော်ဖြေရေးခရီးပါ။ စာပေသမားများသွားပြီဆိုရင်တော့ ကျွန်တော်တို့အမျိုးသားစာပေအတွက် အကျိုးတစ်စုံတစ်ရာရှိကိုရှိရပါလိမ့်မယ်။ ခရီးသွားမှတ်တမ်းရှည်ကြီး ရေးပြရုံလောက်နဲ့တော့စာပေတာဝန်ကျေပြီလို့ ယူဆဖို့ ခက်ပါတယ်။ မြင်မြင်သမျှပါးစပ်ဟောင်းလောင်းဖွင့်ပြီး မျက်လုံးကြီး ပြူးကြည့်ခဲ့ရတဲ့အကြောင်းတော့ ကံချွန်တို့ မသိချင်ပါဘူး။ အံ့သြစရာ အတော်များများဟာဂြိုဟ်တုစလောင်းကနေလာတဲ့ သတင်းစုံ တစ်နေကုန်ဖွင့်ပေးတဲ့လက်ဖက်ရည်ဆိုင်မှာငွေနှစ်ဆယ်ရှိရင်လက်ဖက်ရည်သောက်ရင်း ကံချွန်တို့မြင်နေရတာပါပဲ။ သိပ်မဆန်းပါဘူး။ အဲဒါတွေကို မြင်ခဲ့တွေ့ခဲ့တဲ့ စာရေးဆရာဟာ အဲဒါတွေကို ပြန်ရေးမယ်ဆိုရင်တော့ ‘စာရေးဆရာရဲ့ အာဘော်’ ပါရပါလိမ့်မယ်။ ဝေဖန်တာ ပါရလိမ့်မယ်။ ထင်မြင်ချက်တွေပြောရလိမ့်မယ်။ အဆိုးအကောင်းကို ဆက်နွယ်နေသမျှဖန်တီးနေသူတွေရဲ့ သဘောထားကို မြင်အောင်ကြည့်ရမယ်။ ကံချွန်တို့နဲ့ ယှက်နွယ်လာနိုင်တာကို ကြိုတင်ထောက်ပြရမယ်။ စာရေးဆရာ တစ်ယောက် နိုင်ငံခြား ခရီးသွားတာဟာ ‘ဖြေဖျော်ဖို့’ သွားတာမဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည်၊ကိုယ့်လူမျိုးအတွက် အနုပညာတာဝန်ကျေရပါမယ်။

ကံချွန်တော့အဲသလို နားလည်ထားတာမို့မနိုင်ဝန်မထမ်း

http://swanbros.blogspot.com



ချင်ပါဘူး။ နိုင်ငံခြားဆိုသဟာကို ငွေပေါပေါရှိရင်တော့ အပျင်းပြေသဘောလောက်ပဲ သွားချင်ပါတယ်။ အဲဒါတောင်မှ အားမှပါ။ ကံချွန်လို ပညာတတ်ဘွဲ့ရ မဟုတ်၊ ကာတွန်းရေးတဲ့၊ ဟာသရေးတဲ့၊ ပုံပြင်ရေးတဲ့၊ သရော်စာရေးတဲ့ ခပ်ပေါ့ပေါ့လေး ပဲသိတဲ့ စာပေသမားလို လူမှာကိုပဲ ကိုယ်သိထားသလောက် မလုပ်နိုင်ပါဘူး။ ကံချွန့်ထက်ပိုသိတဲ့ ဆရာကြီးများအတွက် ဆိုရင် ကိုယ့်ပြည်ထဲတင်မှာကိုပဲ ရေးသင့်ရေးထိုက်တာတွေ ရေးဖို့ အများကြီးရှိနေဦးမယ် ထင်ပါတယ်။ ကိုယ်ရေးသင့်တာ ရေးထိုက်တာတွေကို ပညာရှင်ကြီးများဟာ သတိဖြစ်ခဲနေကြ ပြီး 'နိုင်ငံခြား' ဆိုတဲ့လေသံကြားတာနဲ့ နားရွက်တွေကားကြ၊ ဒီနှစ်ဟာဖြင့် နိုင်ငံတကာ . . . နှစ်လုပ်မယ်၊ သတ်မှတ်မယ် ဆိုတာနဲ့ အဲဒီအကြောင်းအရာတွေကို ရေးကြ၊ (နိုင်ငံခြားကို ခေါ်များခေါ်လေမလားလို့) ပတ်ဝန်းကျင် သဘာဝစိမ်းလန်း စိုပြေဖို့ ရေးနေပြီး အိမ်ရှေ့မှာ စည်ပင်သာယာက စိုက်ပေး ထားတဲ့ သစ်ပင်တောင် ရေမလောင်းတဲ့ စာရေးဆရာများ၊ အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ဆိုတာနဲ့ ကပျာကယာ စိတ်ဝင် စားပြ၊ တစ်နှစ်တစ်မျိုး နိုင်ငံခြားရောဂါတက်နေသူများလည်း ရှိပါတယ်ခင်ဗျ။ (အနည်းစုလေးပါ)

ဘယ်သူတွေ ရောဂါတက်တက် ကံချွန်ကတော့ မန္တလေး မြို့သစ်ကမခွာနိုင်ပါဘူး။ မဆိုစလောက်အသိဉာဏ်လေးနဲ့ကိုပဲ မြို့သစ်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေလို့ပါ။

မစားရတဲ့ စပျစ်သီး ချဉ်တာမဟုတ်ပါဘူးခင်ဗျာ။

http://swanbros.blogspot.com



စပျစ်သီးချိုမှုန်း သိပါတယ်။ ကံချွန်ဟာ ကံချွန်ရှေ့က စာရေးဆရာများကိုကြည့်ရင်း အချိုကြိုက်ပြီးရင် ရင်ကျပ်မှာ စိုးလို့ပါ။

ကျွန်တော်တို့ဟာ ကိုယ့်ပြည်တွင်းမှာနေရင်း ကိုယ်ရေးသင့်တာတွေ တာဝန်ကျေအောင် ရေးပြီးပြီလားလို့ . . . .။

၂၃၊ ၉၊ ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မြို့မစိန်ရတု

ဝမ်းသာလိုက်တာလေ။ သတင်းကြားတာနဲ့ကို ဝမ်းသာနေတာ။ သူများတွေက 'မဆိုင်ဘူး' ပြောလည်း ကျွန်တော်ကတော့ အတင်း 'ဆိုင်' ရမှာပါပဲ ခင်ဗျာ။ မြို့မဂီတ အဖွဲ့ကြီးရဲ့ စိန်ရတုမှာ အမှတ်တရသီချင်းတွေ၊ ဂီတပွဲတော်ကြီးတွေ အမှတ်တရ မဂ္ဂဇင်းကြီးများ ထုတ်ဝေတင်ဆက်ပြုလုပ်ကြမယ်လို့ သတင်းကြားရပါတယ်ခင်ဗျ။ အစည်းအဝေးတွေဘာတွေတောင် လုပ်ပြီးပြီလို့ ဆိုပါတယ်။ မြို့မအသင်းကြီးရဲ့ ဂီတပွဲတော်ကြီးမှာ လက်မှတ်ဝယ်ဖို့ ကံချွန် ခုကတည်းက ငွေစုနေပါပြီ။

ကံချွန် မြို့မဂီတအသင်းကြီးကို အားကြီးချစ်ပါတယ်။ စိန်ရတုကြီးမှာလုပ်မယ့် အနုပညာလှုပ်ရှားမှုကြီး အတွက်တော့ ချစ်သော်ငြားလည်း ကံချွန် အကြံမပေးတတ်ပါဘူးခင်ဗျာ။ ဘာလုပ်သင့်တယ်၊ ဘယ်လိုဟာ ပါဝင်သင့်တယ်၊ စိန်ရတုကြီးကို ဂုဏ်ပြုပြီး လွန်ခဲ့ တဲ့ နှစ်ခုနစ်ဆယ်ဝန်းကျင်က သီချင်းတွေနဲ့အတူ 'ဒီနေ့မြို့မ' ရဲ့ နောင်စိန်ရတု (ဒုတိယအကြိမ်) မှာ မှတ်မှတ်ရရ ပြန်ဆို ကြရမယ့် သီချင်းအသစ်တွေ စပ်ကြ၊ သီကြ၊ဆိုကြဦးမှာလား။အသက်ခုနစ်ဆယ်ကျော်ဝန်းကျင် မြို့မအသင်းသားဟောင်း များရဲ့ 'ငါ မအိုသေး' လက်စွမ်းပြ

http://swanbros.blogspot.com



ကဏ္ဍတွေ စုစုဝေးဝေး ပါဦး လေမလား။ ကံချွန်ရဲ့ အတွေး ထဲမှာ 'လားတွေထပ်နေပါတယ် ခင်ဗျာ'

ခမ်းခမ်းနားနား ကျင်းပဖို့ ရန်ပုံငွေကိုရော ဘယ်လိုများ ရှာကြမှာပါလိမ့်ဆိုပြီးတော့လည်း သံယောဇဉ်ကြီးစွာနဲ့ ပူမိပါ ရဲ့။ ပူသာနေတာပါ။ တူတူတန်တန် အကြံဉာဏ်လည်း ပေး စရာမရှိပါဘူး။ ကံချွန်က အကြံအဖန်လောက်သာ လုပ်တတ် တာပါ။ ကံချွန်က အကြံအဖန်လောက်သာ လုပ်တတ်တာပါ။ အကြံအဖန် အကြံဉာဏ်မျိုးတော့လည်း မပေးရဲပါဘူး။ ဆိုကြ ပါစို့။

မြို့မရဲ့ ဂီတပွဲတော်ကြီးအတွက် မြန်မာ့ရုပ်မြင်သံကြားမှာ ရိုက်ကူးထုတ်လွှင့်ပြီးဖြစ်တဲ့ 'အငြိမ့်'တွေစုပြီး ဗီဒီယိုခွေ ထုတ် ဖို့ဆိုတာမျိုးပေါ့ခင်ဗျာ။ မြန်မာ့ရုပ်မြင်မှာ အသင့်ရှိနေပြီးသား တွေ စုလိုက်ရုံပါပဲ။ မြို့မဆိုတာ နိုင်ငံတော်ရဲ့ပွဲသဘင်တွေမှာ တက်တက်ကြွကြွ ပါခဲ့တဲ့၊ ပါနေတဲ့မြန်မာ့ဂုဏ်ဆောင်ဂီတအဖွဲ့ ကြီးပဲ။မြန်မာ့အသံကလည်း ကူညီမှာပါ။ မြန်မာ့အသံ အတွက် ရိုက်ကူးခဲ့တဲ့ မြို့မနဲ့အငြိမ့်အစီအစဉ်တွေဟာ မြို့မစိန်ရတုမှာ မှတ်တမ်းအဖြစ်တင်ပြစုစည်းသင့်တဲ့ အနုပညာပါ။ မန္တလေး က မြို့မရဲ့ မန္တလေးဟန်၊ မန္တလေးအငွေ့၊ မန္တလေး ရနံ့ အပြည့် အဝပါတဲ့မြို့မအငြိမ့်ခွေသာ ထွက်နိုင်မယ်ဆိုရင်တော့ရန်ပုံငွေ လည်းရ၊ မြို့မရဲ့ အနုပညာ တာဝန်ကျေမှု လည်း ပြပြီးသား ဖြစ်မှာပဲလို့ ကံချွန် မဝံ့မရဲ တွေးမိပါရဲ့။

မြို့မနဲ့အတူ တွဲဖက်ပြီး အနုပညာ တာဝန်ကျေခဲ့တဲ့ အက

http://swanbros.blogspot.com



ပညာရှင်၊ ဟာသပညာရှင်များရဲ့ အနုပညာရှင်များရဲ့ အနုပညာ ပါ မှတ်တမ်းတင်ပြီးလည်း ဖြစ်မှာပေါ့ ခင်ဗျာ။ ကံချွန်ဘာလို့ ခုလိုတွေးမိရသလဲဆိုတော့ ဒီနှစ်ဆို 'သဘင် မြို့တော်' 'သဘင်တက္ကသိုလ်' ကြီးပါပဲလို့ မန္တလေးကို စင်မြင့် ပေါ်ကနေ ဂုဏ်ယူဝံ့ကြွားခဲ့တဲ့ သဘင်သည်တို့ရဲ့ မန္တလေးမှာ အငြိမ့်ခြောက် ဖွဲ့သာ ရှိတော့တယ်လို့ ကြားရပါတယ်။ မန္တလေးအငြိမ့်ရဲ့အရသာကို ခံချင်ရင် မြန်မာ့ရုပ်မြင်သံကြားက မြို့မရဲ့အငြိမ့်ဖျော်ဖြေခန်းလာတဲ့အခါမျိုးမှာပဲ တမ်းတမ်းတတနှစ်နှစ်ခြိုက်ခြိုက် စောင့်မျှော်ကြည့်နေရပါတယ်။ ကံချွန်တို့မန္တလေးသားများ (အထူးသဖြင့် အသက်ရွေ့ရတုဝန်းကျင်များ) ဟာ မန္တလေးကိုချစ်တာနဲ့ မန္တလေးသကြ်န်ရယ်၊ မန္တလေးအငြိမ့်ရယ်၊ မန္တလေးမြို့မရယ် ချစ်ပြီးနေပြီးဖြစ်နေပါပြီ။ မန္တလေးဆိုတာ မြို့မရယ်၊ သကြ်န်ရယ်၊ အငြိမ့်ရယ်နဲ့ ခွဲခြားလို့မရပါဘူး။

မန္တလေးမင်္ဂလာဆောင်မှာများ မြို့မအငြိမ့်ခန်း တွဲပြီးဧည့်ခံမယ်ဆိုရင် ကံချွန်တို့ကတော့ မင်္ဂလာဆောင်က ကျွေးတဲ့ကိတ်မုန့်နဲ့ လက်ဖက်ဝါးရင်း ထိုင်တော့တာပါပဲ။ လက်ဖွဲ့ငွေရေတွက်ပြီးမှ ကိုပြန်တာပါ။ မင်္ဂလာပွဲပြီးလို့ တီးဝိုင်းသိမ်းနေတာကို စောင့်ကြည့်သေးတာပါ။ ကံချွန်စွဲလမ်းတဲ့အရာတွေထဲမှာမြို့မအငြိမ့် ပါပါတယ်။ မြို့မအငြိမ့် ဆိုတာကလည်းအငြိမ့်လောကရဲ့ တော်ပေ့၊ တတ်ပေ့ဆိုတဲ့ မင်းသမီးတို့၊ လူရွှင်တော်တို့ ခေါ်တွဲဧည့်ခံတာကိုး။ ကံချွန် ခုထိမှတ်မိနေတာ

http://swanbros.blogspot.com



ရှိပါသေးတယ်။

ကိုညီညီအောင် ဂီတမှူး လုပ်နေစဉ်ကပါ။ အဲဒီတုန်းက မြို့မနဲ့ တွဲဖျော်ဖြေတာ လူရွှင်တော် ဦးပေါ်စံ၊ ဦးတကင်္တိုး ထင်ပါတယ်။ သူတို့ ပြက်လုံးက

'ကိုတက်တိုး. . . . . .'

'ကိုပေါ်စံ. . . . . . .'

'လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် လူဖြစ်လာပုံ မတူဘူးဗျ'

'လူတွေပဲဗျာ၊ အမေက မွေးလို့ လူဖြစ်လာတဲ့ဟာ'

'မတူပါဘူးဆိုမှဗျာ'

'ကဲ . . . ပြော၊ ဘာမတူတာလဲ'

'ကျုပ်ကို ကျုပ်အမေက မွေးလိုက်တယ်။ အူဝဲဆိုပြီး ကလေးလေး၊ ဟော ကျုပ်တို့ရဲ့ ဂီတမှူးကိုညီညီအောင် ကျတော့ သူ့အမေကမွေးတော့ အရေတွေဗျ။ ပုလင်းထဲထည့် လိုက်မှ အူဝဲဆိုပြီး ညီညီအောင်ဖြစ်သွားတာ'

ဆိုတဲ့ ပြက်လုံးပါ။

ကံချွန် မြို့မကို ကြိုက်လွန်းလို့ မြို့မရဲ့ ကော်ကိသံကြား ရင်မသိတဲ့ မင်္ဂလာဆောင်မှာကိုပဲ ခပ်တည်တည်နဲ့ ဝင်ထိုင် နားထောင်ဖူးပါတယ်။ နောက် ကိုညီညီအောင်နဲ့ပါ ခင်သွား တော့ မြို့မအသင်း ပွဲတီးရှိပြီဆိုရင် ကံချွန်ကိုပြောပါတယ်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်မှာ ပွဲရှိတယ်ဆိုတာ အဲဒီတုန်းက မန္တလေးမှာ အငြိမ့်အဖွဲ့တွေက သုံးဆယ်ဝန်းကျင်ရှိတာ။

http://swanbros.blogspot.com



အငြိမ့်အတော်များများရဲ့ သီချင်းတွေဟာ ကိုညီညီအောင်ရဲ့လက်ရာတွေပေ့ါ။ တစ်နည်းပြောရရင်တော့ မြို့မဂီတမှူးရဲ့လက်ရာတွေပါပဲ။ မြို့မရဲ့ သီချင်းအတော်များများဟာ အငြိမ့်မင်းသမီး ကလို့ရတဲ့ လှတဲ့သီချင်းများဖြစ်သလို မြို့မဂီတမှူးများ၊ တေးရေးဆရာများဟာလည်း မန္တလေးအငြိမ့် သီချင်းတော်တော်များများ ရေးပေးခဲ့ကြဖူးပါတယ်။ မန္တလေးအငြိမ့်အကြောင်းပဲပြောပြော၊ မန္တလေးမြို့မအကြောင်းပဲပြောပြော ခွဲခြားမရတဲ့ ယှက်နွယ်မှုတွေဟာ မြို့မရဲ့သမိုင်းနဲ့အတူ ရှိနေခဲ့တာပါ။

ဒါကြောင့် ကံချွန် မဝံ့မရဲ စဉ်းစားမိတာပါ။

အထွေအထူး ကြိုးစားဖန်တီးဖို့မလိုဘဲ မြန်မာ့ရုပ်မြင်သံကြားရဲ့ အနုပညာ အမျှော်အမြင်ကြီးမားမှုကြောင့် အသင့်မှတ်တမ်းတင်ပြီးရှိနေတဲ့ မန္တလေးမြို့မရဲ့ အငြိမ့်ခန်းတွေကို မြို့မအသင်းကြီး စိန်ရတုကို ဂုဏ်ပြုသောအားဖြင့် စုစည်းထွက်ရှိလာမယ်ဆိုရင်. . . .

ကံချွန် ဝယ်ပါ့မယ်။

လက်ဆောင် မတောင်းပါဘူး။

၃၀. ၈. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မန္တလေးအငြိမ့်

ရွှေအမြုတေမဂ္ဂဇင်း၊ ဩဂုတ်လထုတ်၊ ၁၉၉၉ ကို ဩဂုတ်လ ၁၀ ရက် ကျော်မှ ဖတ်ရပါတယ်။ ကံချွန်က စာအုပ် လက်ဆောင်ရောက်လာမယ့်အချိန်မှ ဖတ်ဖြစ်လို့ပါ။ ဖတ်ဖြစ်တော့ စိတ်ထဲကသိကအောက် ဖြစ်ရတာရော၊ ပီတိ ဖြစ်ရတာရော၊ ဖီလင်ဖြစ်ရတာရော။

ကြုံရာဆုံရာ တစ်မိနစ်တာကို ဖတ်ရင်း ခိုင်သင်းကြည်က 'ပျော်စရာရွှင်စရာဟာသ' ကို မြတ်နိုးနှစ်သက်တယ် ဆိုတာ တွေ့လိုက်ရတော့ ကံချွန်ဟာ ခိုင်သင်းကြည်ကို မေတ္တာပို့ ဂုဏ်ပြုလိုက်မိပါတယ်။ ငါ့တူမ အသက်ရှည်ပါစေ။ အောင်မြင်မှုမရပ်တန့်ပါစေနဲ့လို့။ ဟာသကို နှစ်သက်တဲ့ သရုပ်ဆောင်မို့ပါ။ ဒါကြောင့် ဒီကောင်မလေးကြည့်ရတာ ကြက်သရေရှိနေတာ။ ရွှေအမြုတေဖတ်ရတာက ရသစုံပါတယ်။ ကိုငြိမ်း (မန္တလေး)ရဲ့ ခွားစကား၏ဒျန့်သံများကို ဖတ်ပြီး ဘာလို့များ သရုပ်ဖော်ပုံက အပ်ချုပ်စက်ပုံကြီး ထည့်ထားပါလိမ့်ဆိုပြီး ကသိကအောက်ဖြစ်ရတယ်ခင်ဗျ။ ခွားစကား (ကင်းခြေစက်) ကို သိနေတော့ (ကံချွန်သမီးကလည်း စက်ချုပ်လို့ပါ) စာကို အရသာခံဖတ်နေရင်း အပ်ချုပ်စက်ပုံကြီးက မသိစိတ်မှာ အနှောင့်အယှက်ပေးသလို ခံစားရပါတယ်။ ဩဂုတ်လ

http://swanbros.blogspot.com



ရွှေအမြုတေမှာ ကံချွန်ရဲ့ရင်ကို လှိုက်ခတ်စေတာကတော့ ဆရာစိန်ရွှေလှိုင်ရဲ့ 'သိမ်မွေ့တဲ့အငြိမ့်သဘင် မပျောက်ပျက်စေချင်' ဆိုတဲ့ဆောင်းပါးပဲ။

ကံချွန်ဟာ အငြိမ့်တကာလှည့်ကြည့်တဲ့ မန္တလေးသားတစ်ယောက်ပါ။ ကံချွန်အဓိကကြည့်တာက လူရွှင်တော်ပါ။ ပေါ်စံ၊ ကြယ်နီ၊ သိန်းဆု၊ လိမ္မော်၊ မြမန်း၊ သောင်းတန်၊ ဂျော်လီ၊ ရန်အောင်၊ ကျောက်နီ၊ နောက်တိုး၊ ရွှေဖျိုင်း၊ ချစ်စရာ၊ ဒီပါ၊ ထင်ပေါ်၊ သာစု (ဆရာကြီးများနာမည်ရှေ့မှာ ဦးတပ်ရေးသင့်ပေမယ့် အနုပညာ နာမည်ရင်းအတိုင်း ရေးပြသည်ကိုခွင့်လွှတ်ပါ) စတဲ့ ဟာသပညာရှင်ကြီးများဟာ ကံချွန်ရဲ့ အသည်းစွဲတွေပါ။ ဟာသရှုထောင့်က ကြည့်တတ်၊ မြင်တတ် ဖို့ သင်ပေးတဲ့ကံချွန်ရဲ့ မြင်ဆရာတွေပါ။

ကံချွန်ဟာ မန္တလေးအငြိမ့်ဟာသပညာရှင်ကြီးများနဲ့ ဆုံတိုင်း ဒီနေ့ ဘာတွေပြက်နေသလဲဆိုတာ မေးတတ်ပါတယ်။ သူတို့ကြုံတွေ့တာဟာကံချွန်တို့ ကြုံတာတွေ့တာပါပဲ။ တွေ့မြင်ပုံချင်းတူတဲ့ ဖြစ်ရပ်မှာ သူတို့က 'ဟာသရှုထောင့်' က ဘယ်လိုမြင်လိုက်သလဲဆိုတာ ကံချွန် အတုယူတာပါ။ ပညာယူတာပါ။ မန္တလေးအငြိမ့်ဟာ ကံချွန်မြတ်နိုးတဲ့၊ ချစ်တဲ့လောကလေးတစ်ခုပါပဲ။ မန္တလေးအငြိမ့်တွေကို လွမ်းနေတဲ့ဆရာစိန်ရွှေလှိုင်အတွက် ကံချွန်တို့ ကြည့်ခဲ့ဖူးတဲ့ မန္တလေးအငြိမ့်အရသာလေးကို ပေးချင်စိတ်ပေါ်လာပါတယ်။

ဒါကြောင့်

http://swanbros.blogspot.com



'မောင်တက်တူလား'

'မင်္ဂလာပါ ဦးလေးပေတေး'

'ဟိုဘက်က'

'မာတောက်ပါခင်ဗျ'

'မင်္ဂလာဆောင်မှာကတော့ မင်္ဂလာပွဲ၊ အလှူမှာကတော့ အလှူပွဲ၊ ဟော . . ခုဂျာနယ်စာမျက်နှာစင်မြင့်မှာကတော့'

'လက်ဝှေ့ပွဲပေါ့ခင်ဗျာ'

'ဘတ် (ခေါင်းကိုစက္ကူလိပ်နှင့်ရိုက်သံ)

'စာပေပွဲ၊ စာပေပညာရှင်ဂျာနယ်များကို ဂုဏ်ပြုဖို့ ကပြဖျော်ဖြေရတဲ့ပွဲ'

'ဟုတ်ပ့ါ'

'အမှားအမှန်ကိုခွဲခြား၊ အရှိတရားကိုဖော်ထုတ်၊ အများအကျိုးမယုတ်စေဖို့ စာဖတ်ပရိတ်သတ်ကို အမြင်ကြည်လင်စေတာက'

'အမေရိကန်ဗွီးရှင်းပေ့ါ ခင်ဗျာ'

'ဘတ်'

'အရေးထဲကြော်ငြာက ဝင်လာသေးတယ်'

'မောင်တက်တူ'

'အာစရိ'

'ဒီလိုကွဲ့'

'ပြောပါဆရာ၊ နားထောင်နေပါတယ်'

'မင်းကြားဖူးမှာပေ့ါ'

http://swanbros.blogspot.com



'ဘာပါလိမ့်ဆရာ'

'ဘာမှ မဟုတ်ပါဘူး တက်တူရာ၊ မင်းဆရာခေါ်သံကြား ရတာ နားဝင်ချိုလို့ စကားမရှိစကားရှာပြောနေတာ'

ထိုစဉ် မာတောက်က

'ဦးပေတေး'

'ဘာလဲ'

'ခင်ဗျားက တက်တူအကြောင်းမသိသေးပဲကိုး။ ဒီကောင် က အစာမကျွေးရတဲ့ မွေးမြူရေးလုပ်တာ ဝါသနာပါတယ်'

(ဦးပေတေးက မျက်လုံးပြူးပြ)

'ကဲ . . . ကဲ ကျွန်တော်တို့ လူရွှင်တော်များကချည်း ဇည့်ခံစကားပြောနေလို့ မပြီးသေးဘူး။ စာပေမင်းသမီးလေး ကိုလည်း အလှည့်ပေးကြဦးစို့လား'

'ခေါ် ဗျာ'

'အလှတွင်ပဂေး၊ စာရေးရာတွင် တွေးစရာကြွယ်တဲ့ အို ကွယ့် နိုင်ငံခြားပြန်လေးရယ်'

'ဦးတက်တူ'

'ဗျာ'

'ဦးပေတေး'

'ချစ်ရေ'

'ဦးမာတောက်'

'ဟဲ့ . . . တိုးတိုး'

'ဘာလဲရှင့်'

http://swanbros.blogspot.com



'ကဲ . . . ကဲ နောက်မှရှင့်နေ။ ဒီကိစ္စက တို့အိမ်တွင်းရေး'

(ဦးပေတေးက မာတောက်ကို ရိုက်လိုက်ပြီး)

'ကိုယ့်တာဝန် ကိုယ်ကျေဦးကွဲ့။ ပရိတ်သတ်ဘက်က မျှော်နေပြီ'

'အငြိမ့်မင်းသမီးများ . . . ရည်းစားထားတဲ့ လူဆိုတာ မျိုးနော် . . .'

မင်းသမီး ဆို၍ကသည်။ အကပြီးသွားမှ

'ကိုတက်တူ'

'ကိုမာတောက်'

'မင်းသမီးတော့ချစ်သွားပြီ'

'သွားမချစ်နဲ့။ ကောင်မလေးက ခါးပတ်နက်'

'ဟုတ်လို့လား'

'ဟုတ်တယ်။ ငါ သူ့ထမီဝတ်တုန်းက ချောင်းကြည့်ထားတာ'

(မင်းသမီးက မျက်စောင်းထိုး၍ လက်သီးနှင့်ထုလိုက်သည်။)

'ကျွန်မချစ်သူက ဟောဒီ စာဖတ်ပရိတ်သတ်ထဲမှာ ရှိတယ်ရှင့်။ ရှင်ကနောက်ကျသွားပြီ'

'ဟုတ်ရဲ့လား။ နင်အဲသလိုပြောပြီး ပရိတ်သတ် ညာစားနေတာဘယ်လောက်ကြာပြီလဲ'

'ဟေ့ကောင်တွေ သူမညာဘူး။ ငါသိတယ်။ ညာတာက

http://swanbros.blogspot.com



ငါကွ။ ငါရေးတဲ့စာ ငါ့နာမည်နဲ့ မထုတ်ဘဲ သူ့နာမည်နဲ့ ထုတ်နေတာ’

တက်တူနဲ့မာတောက်က ဦးပေတေးခေါင်း ဝိုင်းရိုက်လိုက်ကြ။

စက္ကူရှင်အပေါင်း ကျန်းမာချမ်းသာပါစေခင်ဗျာ။စာဖတ်သူများကို တိုင်တည်ပြီး ကံချွန်ဟာ ကံချွန့်ရဲ့ မြင်ဆရာများဖြစ်တဲ့ မန္တလေးအငြိမ့်လူရွှင်တော်များကို ဒီစာတိုလေးနဲ့ မှတ်တမ်းတင်လိုက်ရပါတယ်။ ဆရာစိန်ရွှေလှိုင်ရဲ့ဆောင်းပါးကိုဖတ်ပြီး အငြိမ့်ဖီလင်ဝင်သွားလို့ ရေးလိုက်ရတာပါခင်ဗျား။

၆. ၉. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မင်းသမီး၊ မင်းသား၊ မော်ဒယ်ဂဲလ်နှင့်သမားတော်

ကံချွန်တို့လို စီးပွားရေးမဂ္ဂဇင်းကြီးများမှာ ဆောင်းပါးတို ရှည်မရေးဖြစ်တဲ့ စာရေးသူများကို ဟိုကုမ္ပဏီ၊ ဒီကုမ္ပဏီ၊ ဟိုလုပ်ငန်း၊ ဒီလုပ်ငန်းဆိုတာမျိုးတွေက ဖွင့်ပွဲတို့၊ နှစ်ပတ်လည်တို့၊ ကံစမ်းမဲတို့ ဆိုတာမျိုးတွေမှာ ဖိတ်လေ့ဖိတ်ထမရှိပါဘူး။ ဒါတရားမျှတပါတယ်။ပြတာကြည့်၊ကျွေးတာစား၊ လက်ဆောင်ပေးတော့ယူ၊ ပြုံးပြ၊ နောက်တော့ ဘာမှပြန်မရေးပေးနိုင်တဲ့ စာရေးဆရာမျိုးကို ကံချွန်သာလုပ်ငန်းရှင်ဆိုရင်လည်း ဖိတ်မှာ မဟုတ်ပါဘူး။

စီးပွားရေးဆောင်ပါးရှင်များအတွက် လက်ဆောင်ပေးတာကိုလည်း ကံချွန်ထောက်ခံပါတယ်။ ဒါမှ ပစ္စည်းကောင်းတယ်၊ မကောင်းဘူးဆိုတာ သုံးစွဲကြည့်ပြီးရင် စားသုံးသူများအတွက် မှန်မှန်ကန်ကန် ပြန်ရေးပေးနိုင်မယ် မဟုတ်လား။ ဒါကြောင့် ကံချွန်ဟာ ကုမ္ပဏီများက၊ လုပ်ငန်းများက စာရေးဆရာများကို လက်ဆောင်ပစ္စည်းပေးတာ ထောက်ခံပါတယ်။ ထပ်ဆင့်ထောက်ခံပါတယ်။ လက်ဆောင်ရမှ ရေးတာလည်း သဘာဝကျပါတယ်။

ကံချွန်တို့ မန္တလေးမှာတော့ ဟိုးအရင်က အလှူမင်္ဂလာ

http://swanbros.blogspot.com



ဆိုရင် ရွှာစားစိန်ပေဒါဆီကို သွားပြီး အလှူရက်ရွေးခိုင်းကြတယ်လို့ ကြားဖူးပါတယ်။ အလှူမှာ စိန်ပေဒါရဲ့ဆိုင်း ပါစေ့ချင်တာကိုး။ စိန်ပေဒါကို ရမယ့်ရက်မှာ လှူကြတယ်ဆိုပဲ။

ဒီနေ့ ကံချွန်တို့ မန္တလေးက စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများကတော့ စာရေးဆရာ၊ ဆောင်းပါးရှင်များအားမယ့်ရက်၊ အားမယ့်အချိန်ကို စုံစမ်းပြီးမှ အခမ်းအနား ကျင်းပကြပါတယ်။ ဟိုအရင်က ရွှာစားကြီး စိန်ပေဒါနေရာမှာ ဒီနေ့ ဆရာပေဒါညိုပေါ့ ခင်ဗျာ။

'. . . ရက်နေ့ ဆရာတို့အားသလား'

'ဘယ်အချိန်လဲ'

'. . . နာရီပါ'

'ဟာ အဲဒီအချိန် ဟိုက ဖိတ်ထားသေးတယ်။ . . . နာရီမှာ လုပ်ပါလား'

'အဲသလိုဆို ပထမပိုင်းတီးဝိုင်းနဲ့ ဧည့်ခံထားလိုက်ပါ့မယ်။ ဆရာတို့လာမယ့်အချိန်မှ အရေးကြီးတဲ့အစီအစဉ်တွေ စပါမယ်'

'ကောင်းပြီလေ။ ကျွန်တော်ရယ်၊ ဆရာသိုက်ထွန်းသက်ရယ်၊ ဆရာဆူးငှက်ရယ်၊ ဆရာကျော်ရင်မြင့်ရယ်၊ ဆရာနေဝင်းမြင့်ရယ်'

'ဟုတ်ကဲ့၊ ဒါလောက်ဆို ရပါပြီ'

အဲသလိုပေါ့ခင်ဗျာ။ ကံချွန်ဟာ အဲဒီစာရေးဆရာများနဲ့ စကားပြောချင်ရင် သူတို့အားမယ့်ရက်၊ အားမယ့်အချိန်မှာမှ

http://swanbros.blogspot.com



စကားပြောလို့ရပါတယ်။ တစ်ရက်ကလည်း ကံချွန်က စကားပြောချင်လို့ စကားပြောဖော်ရှာရင်း ညီငယ်သိုက်ထွန်းသက်ဆီ ရောက်သွားပါတယ်။

'ဘယ်ကလာတာလဲ'

'ဒီလာတာပါပဲ၊ စကားလေးဘာလေးပြောရအောင်'

'ဆောရီး ကိုကံ၊ ကျွန်တော်ဖွင့်ပွဲလေးတစ်ခု သွားစရာရှိသေးတယ်'

'ဟုတ်လား၊ ဟန်ကျသဗျာ။ လုပ်ငန်းရှင်တွေနဲ့ အဆက်အသွယ်ရထားတာတော့ ကိုယ်အကူအညီလိုတဲ့အခါ တောင်းလို့ရတာပေါ့'

'ဟာဗျာ . . .၊ ခုသွားရမှာက ရောဂါရှာဖွေခန်းဖွင့်ပွဲဗျ။ နောက်ဆုံးပေါ် စက်ကြီးတွေနဲ့၊ နောက်ဆုံးပေါ် ပစ္စည်းကိရိယာတွေ အသုံးပြုတဲ့ ဆေးခန်းမှာ'

ကံချွန်ရဲ့ပါးစပ်မှာ 'အဲယားဘရိတ်' တပ်ထားသင့်ကြောင်း ကိုယ့်ဟာကိုယ် သဘောပေါက်မိပါတယ်ခင်ဗျာ။ ကံချွန်ဟာ စီးပွားရေးမဂ္ဂဇင်းများရဲ့ ခေတ်ဦးကာလမှာ စီးပွားရေးဆောင်းပါးများ ရေးခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ ရေးခွင့်ရပါမယ့်အကြောင်း လုပ်ငန်းရှင်ကို တွေ့ဖို့ကြိုးစားရ၊ ခွင့်တောင်းရနဲ့ ရေးခဲ့ရတာပါ။ တချို့လုပ်ငန်းတွေကိုတော့ မေးပြီးမှ မရေးဖြစ်တာတွေလည်းရှိတယ်။ တချို့ သာမန်ရိုးရိုး အနေအထားလုပ်ငန်းတွေက နိုင်ငံခြားဈေးကွက်မှာ အလားအလာရှိနေတဲ့ လုပ်ငန်းမျိုး အရေးခိုင်းတာတွေလည်း ကြုံဖူး

http://swanbros.blogspot.com



ပါတယ်။ ဘဏ်က ငွေချေးချင်တာကိုး။ (ဥပမာ .....
မပြောတော့ပါဘူး)

နောက်တော့ ကံချွန် စီးပွားရေးဆောင်းပါးတွေ မရေးဖြစ်တော့ပါဘူး။ ခုနေသာ ပြန်ရေးရမယ်ဆိုရင်. . . .။

ကံချွန်သာ ခုလိုပွဲမျိုးလိုက်သွားရမယ်ဆိုရင် . . . .။

အဲဒီအတွေးကို အခြေခံလို့ စိတ်ကူးနဲ့ အမေးအဖြေများ လုပ်မိပါတယ်။ ကံချွန် အတွေးထဲက အင်တာဗျူးက. . .။

××× ××× ×××

'ဒီစက်ကြီးက နောက်ဆုံးပေါ်ပါ။ ရောဂါအသေးလေးက နေအကြီးကြီးထိ ရှာဖွေပေးနိုင်ပါတယ်'

'လက်စွယ်ငုတ်တာရော'

(ရှင်းပြသူက ကံချွန်ကို မျက်စောင်းထိုးကြည့်ပါသည်)

'ဒါနောက်ဆုံးပေါ်စက်ကြီးပါ။ ဟိုဘက်က တီဗွီထဲမှာ ခန္ဓာကိုယ်ထဲရှိသမျှ ဗီဒီယိုရိုက်ပြနေသလို အကုန်ပေါ်နေ မှာပါ'

'ဒီကင်မရာလေးထဲမှာ ဖွန်းအဖက်တွေ၊ တယ်လီအဖတ်တွေ၊ ထရော်လီရှော့ သဘောမျိုး ကွစ်ဖွန်းမျိုးတွေ လုပ်လို့ ရသလား'

(ဒုတိယအကြိမ် မျက်စောင်းထိုးခံရပါသည်)

'ဟို . . . ဟို. . . ကျွန်တော်က ကျန်းမာရေးပညာပေး သိပ္ပံ လျှို့ဝှက်ဆန်းကြယ် ဗီဒီယိုဇာတ်လမ်းရိုက်လို့ရ,မရ တွေးကြည့်ချင်လို့ပါ'

(ကံချွန်ကို အထင်သေးတဲ့ အကြည့်နဲ့ကြည့်ပါတယ်

http://swanbros.blogspot.com



ခင်ဗျာ)

'ဟိုစက်ကြီးထဲကို လူမဝင်ချင်ရင် ဒီစက်နဲ့ စစ်ဆေးရှာဖွေလို့လည်း ရပါတယ်။ ဒါကတော့ အစာအိမ်ပိုင်း အဓိကပေါ့။ ဒီစက်မျိုးတွေ ဒီမှာ တစ်ခါမှ မသုံးဖူးသေးပါဘူး'

'စက်ကြီးတွေက အသစ်တွေလား'

'အသစ်စက်စက်တွေပါ'

'ဒီစက်တွေ ကိုင်တွယ်ဖို့ သင်တန်းတွေ ဘာတွေ တက်ရသေးသလား'

(တတိယအကြိမ် မျက်စောင်းထိုးခံရပါသည်)

'ဒီစက်ကြီးတွေက သိပ်ကောင်းပါတယ်။ တစ်စုံတစ်ခု မှားယွင်းနေပြီဆိုရင် မီးနီလင်းလာမယ်။ ဟိုစက်ကြီးမှာလည်း အဲသလိုပါပဲ။ ကွန်ပျူတာက အချက်ပြမယ်။ အီးအရ်အရ် ဆိုတဲ့ စာတန်းတွေပေါ်မယ်။ စက်ကိုင်တွယ်သူ၊ အသုံးပြုသူ ရဲ့ မှားယွင်းမှုကို စက်က သည်းမခံပါဘူး'

'အဲသလို မှားယွင်းသွားရင် လူနာကို ဘယ်လိုထိခိုက်နိုင်ပါသလဲ'

(ဒေါသအကြည့်ကြောင့်)

'စိတ်မရှိပါနဲ့ခင်ဗျာ။ တခြားလုပ်ငန်းတွေက စက်တွေလို စမ်းသပ်ကြည့်ရမှာက သက်မဲ့ကုန်ကြမ်းပစ္စည်းမဟုတ်တဲ့ သက်ရှိလူတွေ ဖြစ်နေလို့ပါ။ ဒီနောက်ဆုံးပေါ် စက်သစ်ကြီးတွေကို အသုံးပြုဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီက လာပြီး သင်တန်းပေးသလား။ ဒါမှမဟုတ် ကျွမ်းကျင်ပြီးသား အထူးကု

http://swanbros.blogspot.com



သမားတော်ကြီးများက သင်တန်းပေးသလား။ ဆေးပညာနဲ့ ယှက်နွယ်နေတဲ့ ဒီကိရိယာတွေရဲ့ ကွန်ပျူတာနည်းစနစ်တွေ အတွက်ရော သင်တန်းသီးသန့်ရှိပြီလား။ ကျွန်တော်က လူအများရဲ့ ယုံကြည်မှုကို ၊ အားကိုးမှုကို ပိုမို ရရှိစေဖို့ စိတ်သောက ကင်းကင်း၊ စိတ်ချမ်းချမ်းသာသာ ကုသနိုင်ဖို့အတွက် ဒီစက်ကြီးတွေရဲ့ စွမ်းရည်တွေ၊ ဒီစက်တွေကို ကိုင်တွယ်မယ့် သမားတော်ကြီးများ၊ ကျွမ်းကျင်သူ ပညာရှင်ကြီးများရဲ့ အကြောင်းတွေ ပြန်ရေးပြချင်လို့ပါ။ ဒီနောက်ဆုံးပေါ်စက်သစ်ကြီးတွေနဲ့အတူ ဒီစက်ကြီးတွေကို အသုံးပြုမယ့် ပညာရှင်များနဲ့ ဒီစက်ရဲ့ ရင်းနှီးမှုကိုလည်း သိချင်ပါတယ်။ မင်းသား၊ မင်းသမီး၊ မော်ဒယ်လ်ဂဲလ်လေးတွေက 'ဒီစက်ကြီးက ကောင်းပါတယ်ရှင် ၊ နောက်ဆုံးပေါ်ပါရှင်' ဆိုပြီးကြော်ငြာတာထက် ကွန်ပျူတာကျွမ်းကျင်သူပညာရှင်များ၊ သမားတော်ကြီးများရဲ့ 'ကောင်းပါတယ်' ဆိုတဲ့ စကားတန်ဖိုးကို ပိုပြီးအလေးထားမိလို့ပါခင်ဗျာ' ဒီဆေးခန်းမှာ ဒီစက်ကြီးတွေကို ဘယ်သူတွေ ကိုင်တွယ်မယ်ဆိုတာလေးသိပါရစေ။'

၁၃. ၉. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မန္တလေးလူရွှင်တော်

မန္တလေးအငြိမ့်အကြောင်းတွေးမိ၊ ပြောမိ၊ ရေးမိတော့ မန္တလေးလူရွှင်တော်များကိုချစ်တဲ့ ရန်ကုန်က စာရေးဆရာ ဒါရိုက်တာမောင်နေမျိုးကိုလည်းသတိရမိပါတယ်။

မန္တလေး အငြိမ့် လူရွှင်တော်များရဲ့ ဟာသ တွေဟာ မန္တလေးအငြိမ့်ကတဲ့အရပ်၊ နေရာ၊ဒေသကလူများပဲခံစားနေရ လို့မန္တလေးအငြိမ့်လူရွှင်တော်များရဲ့ ဟာသကို တစ်ပြည်လုံး အတိုင်းအတာနဲ့ ပြန့်နှံ့နိုင်သမျှ ပြန့်နှံ့အောင် လုပ်ပေး ချင်တဲ့ဆန္ဒ ကံချွန်မှာရှိခဲ့ပါတယ်ခင်ဗျ။ (ခုလည်း ရှိနေတာ ပါပဲ) ဒါကြောင့် မန္တလေးလူရွှင်တော်များနဲ့ ဗီဒီယို ကားရိုက်ဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ဝတ္ထုဇာတ်ညွှန်းက ကံချွန် ပေါ့ခင်ဗျာ။ သရုပ်ဆောင်တွေက အငြိမ့်လူရွှင်တော်တွေ။ ကံချွန်တို့မှာ လိုနေတာက ဒါရိုက်တာ။ ဒါနဲ့ ဒါရိုက်တာတွေ ထဲမှာ စာပေ သံယောဇဉ်ရှိပြီးသား စာရေးဆရာ၊ ဒါရိုက်တာ မောင်နေမျိုး (ဆရာဦးနေမျိုး) ကိုလှမ်းခေါ်ခဲ့ရတယ်။ အကူ အညီတောင်း ရတာပေါ့။

ဒီလိုနဲ့ ကံချွန်တို့ မန္တလေး လူရွှင်တော်များနဲ့ ဆရာဦးနေမျိုးတို့ စတင်ထိတွေ့ခဲ့ရပါတယ်။ (၁၉၈၆ - ၈၇) ဝန်းကျင်ကပါ။ ဗီဒီယိုကာလရဲ့ ခေတ်ဦးမှာပေါ့။ ဆရာ

ဦးနေမျိုးဟာ ထိတွေ့ဆက်ဆံရင်း မန္တလေး လူ့ရွှင်တော်တွေကိုအတော်သံယောဇဉ်ကြီးသွားပါတယ်။အဲဒီတုန်းက ရိုက်ရတဲ့ဇာတ်မှာ တောင်ကမ်းပါးကို ကြိုးနဲ့ဆွဲတက်ရတဲ့ အခန်းပါတယ်။ ကြိုးပြတ်ပြီးလူ့ရွှင်တော်လေးငါးယောက်အပြုံလိုက်ကြီးပြုတ်ကျရမယ့်အခန်းပါ။ ကံချွန်က ဖြစ်စေချင်တာပဲ သိတယ်။ ရယ်စေ့ချင်တာပဲသိတယ်။ အဲဒီအခန်းရိုက်လို့ ခက်, မခက်၊ လွယ်,မလွယ်၊ ရ,မရ မသိဘူး။

ဆရာဦးနေမျိုးက ကံချွန်ဇာတ်ညွှန်းကို ဖတ်ကြည့်ပြီး

'ခင်ဗျားက ဟောလိဝုဒ်သွားပြီး ဇာတ်ညွှန်းရေးဖို့ကောင်းတယ်။ တောထဲတောင်ထဲ ရတနာသိုက်ရှာ၊ ဆင်တွေနဲ့တွေ့၊ ဆယ်ပေ၊ ဆယ့်နှစ်ပေ မြွေကြီးတွေနဲ့ လုံးထွေး၊ ရေတစ်တန်၊ ကုန်းတစ်တန် တောထဲတောင်ထဲသွား၊ မိချောင်းနဲ့တွေ့၊ အဲဒါတွေဘယ်သွားရှာမှာလဲ'

'ရှိပါတယ်ဆရာ၊ ဆရာရိုက်မယ့်နေ့ လိုတဲ့ပစ္စည်းသာပြော'

အဲသလိုအာမခံရဲတာဟာ လူ့ရွှင်တော်ကိုထင်ပေါ်ပါ။ လူ့ရွှင်တော်ဆိုတာ အပေါင်းအသင်းများတယ်။ လူချစ်လူခင်ပေါတယ်။ ဇာတ်ညွှန်းရေးကတည်းကဦးမောင်မောင်ဆပ်ကပ်ထဲကဆင်ကြီးကို သုံးဖို့၊ ပရော်ဖက်ဆာနေလင်းမျက်လှည့်မှာသုံးနေတဲ့ မြွေကြီးကို ထည့်ဖို့၊ မိချောင်းတွေကို တော့နိုင်ငံခြားခွေထဲက ဖြတ်ယူမယ်၊ မိချောင်းတွေတွေ့လို့ လန့်အော်တဲ့အခန်းရဲ့အဖြတ်က 'မကြောက်စမ်းပါနဲ့ကွာ အဲဒါတွေက နိုင်ငံ

http://swanbros.blogspot.com



ခြားခွေထဲက ဖြတ်ယူထားတာပါ' ဆိုတဲ့စကား။ ဆရာဦးနေမျိုး ကစိတ်ရှည်ပါတယ်။ သမ္မာလည်းရှိပြီးသားမို့ ကံချွန်တို့ လိုချင်တဲ့ မြင်ကွင်းအားလုံးရပါတယ်။ ချောင်းတွေ၊ မြောင်းတွေထဲမှာ ဖြတ်သွားရတာကိုရိုက်ဖို့စီစဉ်နေတဲ့နေ့ကဆိုလေယာဉ်ပျံကွင်းဘေးက(ရန်ကုန်-မန္တလေး လမ်းဘေးက) မြောင်းထဲဆင်း ရိုက်ခဲ့တာပါ။ ကင်မရာကိုင်တာက ကံချွန်နဲ့ ညီပါ။

'မောင်လှဝင်း၊ ကျောက်လမ်းနဲ့ ဓါတ်တိုင်သာ မပါစေနဲ့။ ဟိမဝန္တာဖြစ်တယ်'

ဆိုပြီးရိုက်ရော။ကျောက်တောင်ကမ်းပါးပေါ်ကြိုးဆွဲတက်ဖို့မန္တလေးတောင်ခြေကျောက်ကုန်းပေါ်မှာ ကြိုးဆွဲလေးဘက်တွားသွားခိုင်းပြီး ၊ ကင်မရာစောင်း ရိုက်ခဲ့တာပါ။ ကိုဒီပါက-

'လူပြက်တွေက လိမ်တယ်ဆိုတာ ဘာဟုတ်သေးလဲ။ ခုမှ ကိုယ်ထက်အလိမ်သာတဲ့သူနဲ့ တွေ့နေရပြီ။ တော်ပါပေတယ်။ ပညာရပါတယ်'လို့ပြောပါတယ်။

ဆရာဦးနေမျိုးက အလုပ်အတူတွဲလုပ်ရင်း သံယောဇဉ် အတော်ဖြစ်သွားပါတယ်။ ရုပ်ရှင်ပညာနဲ့ပတ်သက်လို့ ကံချွန်၊ ကိုချစ်စရာ၊ ကိုဒီပါကို လုပ်ရင်းကိုင်ရင်း သင်ပေးတယ်။ ကားဆက်တဲ့ ညက ကိုးနာရီလောက်ရောက်တော့ ကိုဒီပါနဲ့ ကိုချစ်စရာပျောက်သွားတယ်။ သန်းခေါင်ကျမှ ပြန်ရောက်လာတယ်။

'ခင်ဗျားတို့က ဘယ်သွားနေတာလဲ၊ ကားဆက်တဲ့ပညာ ရအောင်ခေါ်ထားတာဗျ'

http://swanbros.blogspot.com



'တစ်နာရီလောက်ကြည့်လိုက်တာနဲ့ ကျွန်တော်တို့ သဘောပေါက်သွားတယ်ဆရာ၊ ဒါနဲ့ ဝင်းလိုက်ရှုပြနေတဲ့ နိုင်ငံခြားကားထဲက ကတ်ပိုတွေသွားဖြတ်ပေးနေတာ' လို့ ပြန်ဖြေ တယ်ခင်ဗျ။ ဆရာဦးနေမျိုးရဲ့ တင်းနေတဲ့မျက်နှာဟာ တစ်ခါတည်း၊ အရည်ပျော်သွားတော့တာပါပဲ၊ ကိုချစ်စရာ ကတော့

'နောက်တစ်ကားရိုက်ရင် ဆရာလာခဲ့ပါဦး၊ တတိယကား မှာတော့ ကျွန်တော်တို့ ကိုယ်ဟာကိုယ် ရိုက်တော့မှာပါ။ ရုပ်ရှင်ပညာရဲ့ တစ်ဝက်ဟာ ကျွန်တော်တို့ အခြေခံရှိနှင့် ပြီးသားပါ'

'ဘာရှိတာလဲ'

'လိမ်တာဆရာ၊ ထင်ပေါ်ဆိုရင် နက်ဖြန်ရုံးသွားရဦးမှာ'

'ဘယ်သူ့ကိုလိမ်လို့လဲ'

'သူ့ကိုယ်သူလိမ်တာဆရာ။ ဆရာသူ့ခေါ်ပြီး ဆရာ ရိုက်မယ့် ကားတွေအတွက်ရှူတင်မန်နေဂျာခန့်ပါလား'

ဆရာဦးနေမျိုးဟာ ဝါးလက်စကွမ်းတွေကို ဖွီးကနဲ ထွက်အောင် ရယ်တယ်။ ဆပ်ကပ်ထဲကဆင်နဲ့ ရိုက်တဲ့နေ့က 'ဆင်ငှားခမယူဘူး၊ ဆင်ကို အစာပဲကျွေးရမယ်'ဆိုပြီး၊ ခေါ်လာ တာ။ ဆင်ကိုငှက်ပျောဖီးဝယ်ကျွေးလိုက်ရတာနဲ့၊ တစ်ဖွဲ့လုံး မနက်စာငတ်ခဲ့ရတယ်ဆိုပဲ။ အဲဒီတုန်းက မပြည့်မစုံနဲ့ အလုပ်လုပ်ကြရတာပါ။ ရှူတင်ကားက သုံးဘီးကား(ဘမ်းဘီး) နဲ့။ မြန်မာရုပ်ရှင်သမိုင်းမှာ ကံချွန်၊ချစ်စရာ ပူပေါင်းစီစဉ်တဲ့

ရှုတင်ပဟာ အချူချာဆုံးဖြစ်မှာသေချာပါတယ်။

မန္တလေးလူ့ရှင်တော်တွေရဲ့ဟာသ၊ မန္တလေးလူ့ရှင်တွေရဲ့ အရည်အသွေးကို ကံချွန်ထွေထွေထူးထူး မပြောချင်ပါဘူး၊ ကျွန်တော်တို့မန္တလေးမှာလုပ်တတ်တယ်။လုပ်ငန်းမကျွမ်းကျင်ဘူး၊ အမြဲလုပ်မနေရလို့။ ကံချွန်အဲဒီတုန်းက ဇာတ်ဝင်ခန်းမှာ ပြောခဲ့တဲ့စကားတချို့ကိုခုထိမှတ်မိနေတုန်းပါ။ လူ့ရှင်တော်ကြီး ဦးရွှေဖျိုင်းက စိတ်မမှန်တဲ့အရူး၊ ဦးရွှေဖျိုင်းဆီက ရတဲ့ သိုက်စာကို အဟုတ်မှတ်ပြီးလိုက်ကြတာ။ ဇာတ်သိမ်း ရောက်တော့ ကျောက်တောင်ပေါ်အတက်မှာ ဦးရွှေဖျိုင်းက တောင်ပေါ်က နေပြီး၊ ကြိုးကိုဖြတ်ချလိုက်ပြီး-

'ဟား .... ဟား .... ဟား.. အရူးတွေငါ့ကို အရူးတဲ့။ သူတို့က ပိုရူးသေးတယ်။ ဟား.. ဟား..ဟား အရူးစကားယုံတဲ့အရူးတွေ'

ဆိုတာပါ။ ဆေးရုံပေါ်ရောက်နေတဲ့အခန်း ရိုက်မယ်ဆိုတော့ ဝတ်မှုံဗီဒီယိုရဲ့ မိတ်ဆွေ သားဖွား ဆေးခန်းမှာ သွားရိုက် ရပါတယ်။ အပြန်မှာ ဆရာနေမျိုးက-

'ခင်ဗျားတို့ဗျာ၊ ရိုက်ကွင်းရှာတာ ဒီလောက်ရှားသလား။ ကိုယ်ဝန်ဆောင်တွေကြားသွားရိုက်ရတာ အားနာစရာဗျာ'

လို့ဆိုပါတယ်။ ကိုဒီပါကတော့-

'ဆရာရယ် ကျွန်တော်တို့က အဲဒီကုတင်ပေါ်အိပ်ပြီး၊ သရုပ်သာဆောင်နေရတယ်။ ဗိုက်ထဲက ရစ်နာလာလို့ မနည်းအောင့်ထားရတယ်'

http://swanbros.blogspot.com



လို့ပြောပါတယ်။ ကံချွန်ဟာ မန္တလေးလူ့ရွှင်တော်တွေကို ချစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးမှာ အနုပညာရည် ပြည့်ဝတဲ့ (မန္တလေးသားများအထင်ပေါ့လေ) အနုပညာရှင် ပေါင်းများစွာ ရှိပါတယ်ခင်ဗျာ။ ဒါပေမယ့် ဒီနေ့လူ့ရွှင်တော် များ ဘာလုပ်စားနေသလဲဆိုတာတော့ ကံချွန်မသိပါဘူး။

ဗီဒီယိုများရဲ့ ရွှေကာလ၊ ရုပ်ရှင်ကားကြီးများ ဦးမော့ချိန် မှာ မန္တလေးလူ့ရွှင်တော်များ၊ အငြိမ့်မင်းသမီးများ အားနေ ကြောင်း ရန်ကုန်မှ ဆရာတို့ကို လက်တို့လိုက်ရပါတယ်။

(မှတ်ချက်။ ။ ကံချွန်မရှူးပါ။ ကံချွန့်စကားတော့ ယုံပါ)

၂၀. ၉. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ဘိုစော

ဘိုစောဆိုတာ မန္တလေးမြို့က လူကြီးပန်းချီဆရာကြီးက အသိမှတ်ပြုသလို လူငယ်ပန်းချီဆရာများရဲ့ လေးစားခြင်းကိုလည်း ခံရသူပါခင်ဗျ။ ၆. ၉. ၉၉ ရက်နေ့ကတော့ ဘိုစောဟာ သူရေးထားတဲ့ ပန်းချီကား နှစ်ရာလောက်ကို ဖျက်ဆီးပစ်တော့မှာမို့ကြိုက်တာရှိရင် လာယူဖို့ ဦးမျိုးခင် (ထန်းရိပ်ညို အတ်ဂလယ်ရီ) ကိုပြောပါတယ်။ ဦးမျိုးခင် လိုက်သွားပြီး ယူထားလိုက်လို့ ပန်းချီကား ကိုးဆယ်လောက်တော့ ရလိုက်တယ်။

'ကျွန်တော် ပန်းချီရေးလာတာ နှစ်ပေါင်းများစွာကြာပြီ။ ကိုယ့်ပန်းချီကားတွေ ကိုယ်ပြန်ကြည့်တော့ အားရတာမပါဘူး။ ကျွန်တော် ဘာလုပ်ရမလဲ'

ဆိုတဲ့ အနုပညာသမားတစ်ယောက်ရဲ့ အဆုံးစွန်ပေါက်ကွဲမှုပေါ့ခင်ဗျာ။ ဒီလိုပေါက်ကွဲပြီးရင် အနုပညာသမားတစ်ယောက်ရဲ့ဘဝဟာ တစ်ဆစ်ချိုးကွေ့တတ်ပါတယ်။

ဘိုစောကတော့ ကံကောင်းသွားပါတယ်။

'ခင်ဗျား ဖန်တီးခဲ့သမျှ တစ်ကားမှ အားမရရင် အားရတဲ့ကားရေးနိုင်အောင် ကြိုးစားပေါ့။ ခင်ဗျား မန္တလေးမှာ မနေနဲ့။ ပတ်ဝန်းကျင်အသစ် ၊ အမြင်အာရုံအသစ်ကို ရှာဖွေ

http://swanbros.blogspot.com



ရမယ်။ ဒါမှ ခံစားမှုအသစ်ရမယ်။ ပုဂံသွားမယ်ဆိုရင်တော့ စားဝတ်နေရေး တာဝန်ယူမယ်။ ပုဂံမှာ နေချင်သလောက်နေ။ ပုဂံမှာ နေပြီး ခင်ဗျား စိတ်တိုင်းကျရေးတဲ့ ကားတွေကို နှစ်ထောင်ခုနှစ်မှာ ဝမ်းမင်းရှိုးလုပ်ပေးမယ်'

ဆိုတဲ့ ပတ်ဝန်းကျင် ဖြစ်နေလို့ပါပဲ။ ဘိုစောရဲ့ အနုပညာကိုစိမ်ခေါ်လိုက်သူကတော့ ဦးမျိုးခင် (ထန်းရိပ်ညို) ပါပဲ။ အနုပညာသမား အတော်များများရဲ့ ဘဝမှာ ဒီလိုအချိုးအကွေ့မျိုးကြုံတတ်ပါတယ်။

ကိုယ့်အနုပညာကို ကိုယ့်ပြန်စိန်ခေါ်ရတဲ့အချိန်ပါပဲ။ နှစ်ဆယ့်တစ်ရာစုရဲ့ တံခါးကို အနုပညာခွန်အားသစ်နဲ့ လှစ်ဟဖို့ ကံချွန်လည်း ပြင်ဆင်နေတာပါပဲ။ ကံချွန်တို့ ပြင်ဆင်နေချိန်မှာ ဘိုစောက နှစ်ဆယ့်တစ်ရာစုကို ထိုးဖောက်ဖို့ လျှောက်လာခဲ့တဲ့ လမ်းကနေ ကွေ့ထွက်သွားပါပြီ။ ဒီရာစုကြီးတစ်ခုရဲ့ အကူးအပြောင်းကို အသုံးချတတ်မယ်ဆိုရင်တော့ အသုံးချတတ်သူရဲ့ဘဝ တစ်ရှိန်ထိုး တိုးတတ်သွားမှာ သေချာပါတယ်ခင်ဗျာ။ ၁၂. ၉. ၉၉ ရက်နေ့ညက ပုဂံကိုထွက်ခွါသွားပြီဖြစ်တဲ့ ဘိုစောဟာ ကံချွန်အတွက် တွေးစရာတွေကိုတော့ ချန်ထားရစ်ခဲ့ပါတယ်။ ကံချွန်အတွက် ချန်ထားခဲ့တဲ့တွေးစရာတွေဟာ အားလုံးအတွက်တွေးစရာတွေ ဖြစ်မယ်ထင်ပါတယ်။

နှစ်ဆယ့်တစ်ရာစု တံခါးအဖွင့်မှာ စိန်ရတုဆင်နွှဲရမယ့် မြို့မအဖွဲ့ကြီး ရှိနေပါတယ်။ မြို့မအဖွဲ့ကြီး ဘာလုပ်ပြမလဲ။

http://swanbros.blogspot.com



နှစ်ဆယ့်တစ်ရာစုအတွက် အမျိုးသားတေးဂီတသစ်ကို နိဒါန်း စနိုင်မလား။ ဒါဟာ ကံချွန်တို့ မန္တလေးသားများ စိတ်အဝင် စားဆုံး ကိစ္စပါ။

နှစ်ဆယ့်တစ်ရာစု တံခါးအဖွင့်မှာ 'မန္တလေးရုပ်ရှင်' မရှိတော့ပေမယ့် 'ရီမြင့်ရုပ်ရှင်' ရှိနေလို့ ကံချွန်တို့ မန္တလေး သားများ စိတ်ဖြေသာနေရပါတယ်။ ကိုဇော်မြင့် (ရီမြင့်ရုပ်ရှင်) ရဲ့ခြေလှမ်းသစ်ကိုလည်း ကံချွန်တို့ မျှော်နေပါတယ်။ စူပါ မင်းသားတစ်လက်က ခေတ်မမီတော့ပါဘူးလို့ ပြောလိုက်တဲ့ မန္တလေးသား ဒါရိုက်တာမောင်တင်ဦးနဲ့ကိုဇော်မြင့်ကို တော့ မကြာမကြာ အတူတွေ့နေရပါတယ်။ သူတို့ရော. . . ။

မန္တလေးနေ စာရေးဆရာ နေဝင်းမြင့်တစ်ယောက်လည်း နှစ်ထောင်ခုနှစ် မန္တလေးဆိုလား စာအုပ်တစ်အုပ် လုပ်မယ် လိုလို အသံသဲ့သဲ့ ကြားလိုက်ရတယ်ခင်ဗျာ။ အနုပညာသွေး သစ်လောင်း အားသစ်မွေးပြီး မန္တလေးနေ စာရေးဆရာ များရော ဘာတွေလုပ်ဖြစ်မလဲဆိုတာ တွေးကြည့်မိပါတယ်။

အနုပညာလမ်းကြောင်းမှာ အေးအေး ဆေးဆေး ရေးရိုး ရေးစဉ်ရေး၊ လုပ်ရိုးလုပ်စဉ်လုပ်၊ အသာလေးရေစုန်မျောလိုက် ကြမလား။ ရေစုန်မျောမယ်ဆိုရင်လည်း ရေစုန်မှာ ဝီရိယ စိုက်ပြီး ကူးမယ့်လူက ရှေ့ပိုရောက်မှာပါပဲ။ ကံချွန်ဟာ 'အားစိုက် ထုတ်မှု' အရှိန်မြင့်ဖို့ လိုတယ်လို့တော့ မြင်ပါတယ်။

သဘာဝပန်းချီရေးနေသူဟာ 'မော်ဒန်' ရေးမှ မဟုတ်ပါ ဘူး။ 'ကျူးဘစ်ဇ်' ရေးမှ မဟုတ်ပါဘူး။ 'အက်ဘ်စက်' ရေးမှ

မဟုတ်ပါဘူး။ ကိုယ်လုပ်နေတဲ့အလုပ်ပိုကောင်းအောင်လုပ် ဖို့ပဲ လိုတာပါ။ ဒါတွေဟာ ဘိုစောကို အကြောင်းပြုပြီး ကံချွန် ရဲ့ အတွေးထဲရောက်လာတဲ့ အကြောင်းတွေပါ။ (၁၀. ၉. ၉၉) ရက်နေ့ညက ဒိတ်တီးဟောက်ရဲ့ ဆည်းဆာလွင်ပြင် သီးသန့် နေရာမှာ ဘိုစောဟာ မန္တလေးက အနုပညာရှင်စာရေးဆရာ၊ ပန်းချီဆရာများကို နှုတ်ဆက်ပွဲလုပ်ပါတယ်။ ၂၁ ရာစုကို အနုပညာစွမ်းအားသစ်နဲ့ တွန်းဖွင့်ဖို့ မန္တလေးမြို့က ထွက်ခွါ ပါတော့မယ်လို့ ကြေညာလိုက်ပါပြီ။ ဘိုစောရဲ့ နှုတ်ဆက်ပွဲ ဟာ ကံချွန်တို့ မန္တလေးမှာ ကျန်ရစ်တဲ့ အနုပညာသမားများ ကို 'ခင်ဗျားတို့ရော ဘာလုပ်ကြမလဲ' လို့ သတိပေးလိုက် သလိုပါပဲ။

၂၇. ၉. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# လုပ်စားတာ

ကံချွန်ဟာ 'လုပ်စားတယ်' ဆိုတဲ့စကားကို မကြာခဏ ကြားနေရပါတယ်။ ဈေးထဲမှာဆိုလည်း ဟော့. . . တို့က ငတ်လို့ လုပ်စားတာ မဟုတ်ဘူးဆိုပြီး အော်တာမျိုး။ တချို့ကတော့ ငတ်လို့လုပ်စားတာမဟုတ်ဘူးဆိုတဲ့နောက်မှာတတ်လို့လုပ်စား တာဆိုပြီး တွဲထည့်ကြတယ်ခင်ဗျ။ ပြီးတော့ 'တို့က အပျော် တမ်းလုပ်နေတာ၊ ကြေးစားလုပ်နေတာမဟုတ်ဘူး။ မင်းတို့လို ကြေးစားမဟုတ်ဘူး' ဆိုတာမျိုးလည်းကြားရတတ်ပါတယ်။ ပြီးတော့ အနုပညာလုပ်ဖို့ ထမင်းစားနေရတာ၊ ထမင်းစားဖို့ အနုပညာမလုပ်နိုင်ဘူးဆိုတဲ့ စကားမျိုးလည်းကြားရတတ်ပါ တယ်။ ဒီစကားတွေကို အလေးအနက်ထား စဉ်းစားဖြစ်ဖို့ ဖန်လာတာကတော့ ဟိုနေ့က ကံချွန်ဆီကို လူငယ်တစ်ယောက် ရောက်လာပါတယ်။ သူက

'ဦးကံချွန်ကို အင်တာဗျူးချင်လို့'

'အသုံးချချင်တာများလား ငါ့တူရယ်။ ဒီအလုပ် ဦးလေး လုပ်စားခဲ့တာပါ။ ကိုယ်ပြောချင်တဲ့ စကား၊ ကိုယ့်ဇာတ်ကောင် ရဲ့ ပါးစပ်ထဲထည့်ပေးခဲ့၊ ရေလာမြောင်းပေး လုပ်ရုံတင်မက ဘူး။ တုတ်ပါဆည်းပြီး ဗွက်ပေါက်အောင်လည်း လုပ်ခဲ့ဖူး ပါတယ် ငါ့တူရယ်'

http://swanbros.blogspot.com



'အဲ. . . . ဦးလေးစကားထဲမှာပါတဲ့ လုပ်စားတယ်ဆိုတဲ့ စကားအကြောင်းမေးချင်တာပါ'

'ရှင်းပြီးသား ရှုပ်အောင်မလုပ်ပါနဲ့ကွာ။ မင်းကလုပ်မစားလို့ အချောင်စားချင်တာလား။ မိဘလုပ်စာ ထိုင်စားချင်တာလား။ သူများလောင်းရိပ် ခိုကပ်စားချင်တာလား။ ပေးစာကမ်းစာ လက်ဝါးဖြန့်ခံ စားချင်တာလား'

'လုပ်စားတယ်ဆိုတာ ဂုဏ်မငယ်ဘူးပေါ့'

'မလုပ်ဘဲ စားတာကိုများ ဂုဏ်ရှိတယ်ထင်နေလို့လား ငါ့တူရယ်'

'အနုပညာမှာရော လုပ်စားလို့ရသလား။ တစ်မျိုးတည်း ထပ်ခါတလဲလဲ ရေးတာတို့.'

'ရောင်းကောင်းအောင် ခဏ ခဏ လုပ်တာမျိုးကတော့ အနုပညာမှ မဟုတ်ဘဲ။ လက်မှုပညာကပဲ။ ပန်းပု နဲ့ ပရိဘောဂတော့ ခွဲခြားမြင်ရမှာပေါ့ကွာ။ သစ်သားနဲ့လုပ်တာချင်း တူပေမယ့်၊ ဧည့်ခန်းမှာ နေရာယူမှာချင်းတူပေမယ့် ပရိဘောဂဆိုတာတေတော့ ဟောင်းသွား အသစ်လဲမှာပဲ။ ပန်းပုဆိုတာကတော့ ကြာလေ တန်ဖိုးတက်လေ။ အနုပညာဟာ ရိုးသားစွာ လုပ်စားလို့ပဲ ရမယ်။ အနုပညာအပေါ် မရိုးသားတော့တာနဲ့ သူဖန်တီးတာဟာ အတတ်ပညာ၊ လက်မှုပညာရှင် ဖြစ်သွားမှာပဲ။ ပန်းပုထုချင်သလား ပန်းပုထုပေါ့။ ပရိဘောဂလုပ်လို့လည်း အထင်သေးစော်ကားစရာ မလိုပါဘူး။ လုပ်စားတာ ဟာ မလုပ်ပဲ စားတာထက်၊ လိမ်စားတာထက်တော့ တော်ပါ

http://swanbros.blogspot.com



သေးတယ်'

'ငတ်လို့ လုပ်စားတာ မဟုတ်ဘူး။ တတ်လို့ လုပ်စားတာ ဆိုပြီး ပြောသံတွေလည်းကြားဖူးတယ်။ ဘာကွာသလဲ ဦးကံ'

'ငတ်သည်ဖြစ်စေ၊ မငတ်သည်ဘဲဖြစ်စေ မတတ်ဘဲနဲ့ တော့မလုပ်နိုင်ပါဘူးကွာ။ ချမ်းသာတဲ့လူ၊ စားနိုင်သောက်နိုင် တဲ့သူကတော့ လုပ်တတ်လို့ လုပ်နေပေမယ့် ဒီအလုပ်ရဲ့ အကျိုးအမြတ်ကို အလေးထားချင်မှ ထားမယ်ပေါ့။ စားဖို့ လုပ်ရတဲ့ လူကတော့ ကိုယ်လုပ်တဲ့အလုပ်ပေါ် အလေးထား မှာပဲ'

'အနုပညာလုပ်ဖို့၊ စာရေးဖို့ ထမင်းစားနေတာ၊ ထမင်း စားဖို့ အနုပညာမလုပ်နိုင်ဘူး၊ စာမရေးနိုင်ဘူး ဆိုတာကိုရော'

'စားစရာရှိနေတော့ ပြောအားရှိတာပေါ့'

'တချို့ စားစရာမရှိဘဲနဲ့ကို ပြောတာ'

'စားစရာရလောက်အောင်လုပ်ခွင့်မကြုံလို့ပါ။ လုပ်တတ် နေတာနဲ့ စားစရာဖန်တီးလို့ မရလို့ပါ'

'အနုပညာအလုပ်ကို ထမင်းစားဖို့၊ ဒီထက်ပိုရင်တော့ စီးပွားဖြစ်ဖို့ထိ လုပ်နေရင် ကြေးစားတွေလို့ပြောကြတယ်။ အထူးသဖြင့် ဂီတလောကပေါ့။ ကျွန်တော်တို့ဆီမှာ ဘာ အပျော်တမ်းတူရိယာ၊ ညာအပျော်တမ်းတူရိယာပေါ့လေ၊ ကြေးမစားဘူးပေါ့'

'သေချာရဲ့လား'

'သေချာရဲ့လား၊ ဟုတ်လား'

'အင်း . . . မင်းကို ပြန်မေးတာပါ၊ လေ့လာပါဦး။ ခု မန္တလေးမှာ အပျော်တမ်းတူရိယာတို့၊ အပျော်တမ်းဂီတသမား တို့ဆိုတာ အလွန့်အလွန် ရှားပါးဖြစ်နေပြီ။ မရှိသလောက် နီးပါးပဲ။ပြီးတော့ကြေးစားဆိုတဲ့စကားဟာမနိမ့်ကျပါဘူး။သူ တာဝန်ယူရမယ့်အလုပ်ကို မပိုင်နိုင်ဘဲ၊ မကျွမ်းကျင်ဘဲ လုပ်လို့ ကိုမရဘူး။ မှားပြီဟေ့ဆိုရင် ကြေးစားနာမည်မခံတဲ့ ကြေးစား တွေကသာမှားတာပါ။ ဘယ်အလုပ်မှာ ဖြစ်ဖြစ်ပါ။ ပုံတူတစ်ပုံ အပ်ကွာ။ အပျော်တမ်း ပန်းချီဆရာက ငွေမယူဘဲ ရေးပေးရင် မင်း မတူတော့ရောဘာပြောလို့ရမှာလဲ။ အဲ . . ကြေးစားဆို တဲ့ ပုံတူတစ်ပုံ ဘယ်လောက်ဘယ်ရွေ့ဆိုယူတဲ့ ပန်းချီဆရာ ဆီအပ်။ မတူမှာ မပူရဘူး။ သိပ်ကို ပညာတော်လာပြီ ဆိုရင် လည်း သူ့ကြေးက ပိုမြင့်သွားဦးမှာပဲ။ ဆိုပါတော့။ ငါ့ဆီအပ် ရင် စျေးပေါမယ်ကွာ။ ကိုဝသုန်တို့၊ ကိုကျော်သောင်း တို့ဆီ သွားအပ်ရင်တော့ မင်းကံချွန်လို ခပ်ပေါပေါ ဘယ်ရတော့ မှာလဲ။ တစ်ဆက်တည်း မေးပါဦးမယ်။ အနုပညာသမား တစ်ယောက်က သူ့ရဲ့ အနုပညာကြေးယူတဲ့အတွက် ငွေမက် တယ်လို့ ပြောလို့ရမလား။ ငွေနောက်လိုက်တယ်လို့ ပြောလို့ ရမလား။ တို့တတွေဟာ အနုပညာကို တန်ဖိုးထားပါတယ်ဆို ရင် ဘယ်လိုနည်းနဲ့ တန်ဖိုးသတ်မှတ်မှာလဲ။ အဲ . . . မတန် တဆပိုယူရင်လည်း ဘယ်သူကမှ မပေးပါဘူး။ ငွေရပြီးရော ဆိုပြီး ဝီရိယစိုက်ထုတ်မှုမပါတဲ့ လက်မှုပညာတွေလို လုပ်လာ ရင် အတတ်ပညာနဲ့ ဖန်တီးတာတွေ၊ လုပ်လာရင် သူ့ဟာသူ

http://swanbros.blogspot.com



ကျသွားမှာပါ။ အနုပညာသမားက ငွေနောက်လိုက်လို့ကို မရတာ။ အနုပညာသမားတိုင်း သူ့အနုပညာနဲ့ လိုက်လျော ညီထွေတဲ့ ငွေတော့ ဝင်မှာပဲ။ အဲသလို ရှာဖွေစားသောက် နေတာလည်း ဂုဏ်မငယ်ပါဘူး။ အနုပညာနဲ့ လုပ်စားတာ ဘာဖြစ်လဲ။အတတ်ပညာအဆင့်၊ လက်မှုပညာအဆင့်ပြောင်း မသွားရင် ပြီးတာပဲ'

'ဒါဖြင့် အနုပညာနဲ့ လုပ်စားတာ ထောက်ခံတယ်ပေါ့'

'ငါ လုပ်စားနေတာပဲ'

'လုပ်စားတာ ဂုဏ်မငယ်ဘူးပေါ့'

'မလုပ်ဘဲ စားနေတာများ ဂုဏ်ရှိတယ်မှတ်လို့လား။ ဒီမှာ ငါ့တူ၊ မင်းကိုပြောမယ်။ တို့က အနုပညာနဲ့ လုပ်မစားဘူးဆို ရင်လေ၊ ဟုတ်ကဲ့၊ ထိုင်စားနေပါလို့ပဲ အကြံပေးလိုက်ပါ။ အနုပညာနဲ့ ရပ်တည်နေရတဲ့ အနုပညာသမားတွေ အတွက် ခြေတစ်ဖဝါးစာ ပိုကျယ်တာပေါ့

သို့နှယ် သို့နှယ် ကံချွန် အဗျူးခံလိုက်ရပါသည်ခင်ဗျား။ ကံချွန်တဲ့ ဘယ်ရမလဲ။ ကံချွန်ပြောတာတွေနဲ့ ဒီငတိ ပြန်လုပ် စားလို့မရခင် ဟင်း . . . ဟင်း. . . ကံချွန်လက်သွက်ကြောင်း ပြလိုက်ရဦးမှာပေါ့။ ကိုင်း . . . . လာလေ့။ အလင်းတန်း အတွက် ရေးလိုက်ရဦးမယ်။ ဆိုင်ဆိုင် မဆိုင်ဆိုင်။

၁၁. ၁၀. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ကြော်ငြာကို အကြောင်းပြု၍

ကံချွန်မြေးဟာ အလွန်အမေးအမြန်းထူပါတယ်ခင်ဗျာ။ ဒီကောင်က ငါးနှစ်ဆိုတော့ အရာရာသိချင်တယ်။ မြင်မြင် သမျှ ကြားကြားသမျှ ဘာလို့လဲ၊ ဘာပြောတာလဲ၊ ဘာလုပ်တာ လဲနဲ့ မေးလေ့ရှိပါတယ်။ တစ်ခါက နိုင်ငံခြားကား ဗီဒီယိုခွေ ကြည့်တယ်။ အချစ်ခန်းရောက်တော့ 'အပါကြီး အပါကြီး သူတို့က ဘာလို့ ပါးစပ်ချင်းကိုက်နေရတာလဲ' ဆိုပြီးမေးလို့ ကံချွန်ဘာဖြေရမှန်းမသိ ဖြစ်ဖူးပါတယ်။ တော်တော်စပ်စုတဲ့ ကောင်ပါ။ သူကျေနပ်တဲ့ အဖြေမရမချင်း တတွတ်တွတ်နဲ့ မေးနေတော့တာပဲ။ ကြော်ငြာတွေကြည့်ပြီး မေးပြီဆိုရင် အတော်အဖြေရခက်ပါတယ်ခင်ဗျ။ ကံချွန်က အဖြေရခက်လို့ ဟိုဝေ့ ဒီဝေ့နဲ့ မေ့အောင်လုပ်ထားလိုက်ပြန်ရင်လည်း နောက်ရက် အဲဒီကြော်ငြာလာတဲ့အချိန် ပြန်မေးပြန်ရော။ စတားကိုလာ ကြော်ငြာဆိုရင် ကြည့်မိကတည်းက မေးတာ။ ကံချွန်ခုထိ မဖြေနိုင်ဘူး။

ကောင်မလေးက ဝင်လာတယ်။ ဖန်ခွက်ယူတယ်။ စတား ကိုလာပုလင်းဖွင့်တယ်။ ထည့်ပြီး မသောက်ခင် အသံတစ်သံ ထွက်လာတယ်။ 'လက်ဆေးဦး' ဆိုပြီးတော့။ ဒီတော့ မြေးက မေးတယ်။

http://swanbros.blogspot.com



'အပါကြီး ဘာလို့ လက်ဆေးခိုင်းတာလဲ'

'လက်မှာ ရောဂါပိုးတွေ ကပ်ပါလာနိုင်တယ်လေ။ ဒါကြောင့် စားခါနီး၊ သောက်ခါနီးမှာ လက်ဆေးရတာ'

'သူက အချိုရည်ကို လက်နဲ့ နှိုက်စားမှာလား'

'အသာကြည့်နေ'

ကလေးဆိုပြီး လူကြီးက ဆက်မဖြေတော့ ငြိမ်နေရတာပေါ့။ ဒါပေမယ့် ခဏပဲ။ ခပ်ကြီးကြီးလေးတစ်ယောက်က ဝင်လာပြီး ထည့်သောက်ရော။

'အပါကြီး သူ့ကို လက်ဆေးဦးလို့ မပြောဘူးလား'

'အသာကြည့်နေ'

လာပြန်ပြီနောက်တစ်ယောက်။ ဇင်ဝိုင်းကလည်း လက်မဆေးဘဲ ငှဲ့သောက်ပြန်ရော။ ဖန်ခွက်လည်း မဆေးပါဘူး။ ဟော အမေကြီးလုပ်သူကလည်း လက်ကျန် အပြတ်ရှင်းပြန်ရော။ ကံချွန်တော့ အပြင်မှာ ဘယ်လောက် ကြိုက်တဲ့အစားအသောက်ကိုတွေ့တွေ့ သူ့လိုကြီး ကြည်နူး ကျေနပ်ပြတာ မမြင်ဖူးပါဘူး။ အဲဒီကြော်ငြာမှာ အမူအရာ အကောင်းဆုံးက ကလေးလေးပဲ။ ရိုးရိုးသားသားပဲ၊ အိုဗာတွေ မပါဘူး။ သရုပ်ဆောင်နေတာနဲ့ မတူဘူး။ အပြင်မှာ ပြုမူလေ့ ရှိသလောက်ပဲ။ ကံချွန်ဟာ အဲဒီကြော်ငြာရဲ့အဖွင့် 'လက်ဆေးဦး'ဆိုတာကြီးကို တော်တော်ကသိကအောက် ဖြစ်ရပါတယ်။ ကလေး ကလည်းဖန်ခွက်နဲ့သောက်မှာပဲ။ အဲဒီကြော်ငြာလာတိုင်း ကံချွန့်မြေးနဲ့ ခပ်ခွာခွာနေရပါတယ်။ နောက်လူကြီးက လက်ဆေးပြ

http://swanbros.blogspot.com



ရင်ထားတော့။

နောက် ခေါင်းလျှော်ရည်ကြော်ငြာ။ သီချင်းစာသားထဲမှာ ရှန်ပိုဆိုတဲ့ စကားလုံး ပါလို့သာပေါ့။ ရိုက်ထားတာက အချစ်သီချင်း အမ်တီဗွီလိုပါပဲ။ ခေါင်းလျှော်ပြတာလည်း မပါတော့မြေးက အဲဒီကော်ဖီသောက်မယ်ချည်း ပြောပါတယ်။ ကြော်ငြာထဲမှာ ကံချွန်သဘောကျတာကတော့ ယူပီဂျီပါပဲ။ ဦးကျော်ဟိန်းက သူ့အသက် (၆၀) ကျော်သွားရင်ကော ပရိသတ်က လက်ခံပါဦးမလားဆိုပြီး စမ်းကြည့်လိုက်သလားမဆိုနိုင်ဘူး။ အသက်ဆိုတာ မကြီးချင်လို့မရပါဘူး။ အသက်ကြီးထိ ပရိသတ်လက်ခံစေချင်ရင် ကိုယ့်အနုပညာကိုပဲ အရည်အသွေးတောက်ပြောင်အောင် ကြိုးစားရမှာပါ။ ရုပ်နုအောင်လည်းလုပ်၊ ကြိုးစားပြီးငယ်ပြနေလို့မရပါဘူး။ မင်းသမီးကြီးတစ်လက်ဆိုရင် ပြင်ဆင်ထားတာကတော့ တကယ့်အသက်နှစ်ဆယ် ဝန်းကျင်ပါပဲ။ ကြော်ငြာတဲ့ ကုန်ပစ္စည်းကို လှမ်းယူတဲ့လက် အနီးကပ်ပြလိုက်တော့မှ လက်က အရေတွေ တွန့်နေတယ်။

ကြော်ငြာမှာ အမျိုးသားကြီးများကို သတိထားကြည့်မိတယ်။ ဦးကျော်ဟိန်း၊ ဦးနေအောင် ကအစ ဦးမိုးဒီ၊ မော့စ်၊ အရိုင်းတို့ အဖွဲ့အဆုံး သူတို့ရဲ့ ကြော်ငြာတွေဟာ သူတို့နဲ့ ကြော်ငြာထားလို့ လိုက်ဖက်နေတာ၊ ကြည့်ကောင်းနေတာတွေပါ။ တကယ်လို့ စူပါတွေဟာ ဘာဖြစ်ဖြစ် လုပ်လို့ရမယ်ထင်ရင် ဒွေး၊ လွင်မိုး၊ လျှမ်းထက်၊ ပိုင်ဇေရဲထွန်း တို့ လေးယောက်ကို

http://swanbros.blogspot.com



အရိုင်းတို့အဖွဲ့လုပ်နည်း လုပ်ခိုင်းကြည့်ပါ။ ကသိကအောက် ဖြစ်နေမှာသေချာတယ်။ အရိုင်းတို့အဖွဲ့ကလည်း အဲဒီစူပါတွေလို လှုလှုပပလုပ်ပြလို့ မရပါဘူး။ အမျိုးသားသရုပ်ဆောင်များဟာ ကိုယ့်ရုပ်၊ အရွယ်နဲ့ ကိုယ့်လှုပ်ရှားမှုလိုက်ဖက်အောင်နေပြ၊ လုပ်ပြတတ်ပါတယ်။ ဦးနေအောင်ရဲ့ ကြော်ငြာမှာ ဒွေးလို၊ လွင်မိုးလို က,မပြပါဘူး။ က, မပြလည်းလက်ခံတာပါဘဲ။ (ကပြလိုက်ရင်တော့ ကွဲသွားနိုင်ပါတယ်) အမျိုးသမီးကြီးများကတော့ အဲသလိုမဟုတ်ဘူး။ မော်ဒယ်လ်ဂဲလ်လေးတွေနဲ့အပြိုင်ဝတ်၊ အပြိုင်က၊ အပြိုင်လှုပ်ရှားပြချင်တာ။ ကံချွန်စေတနာနဲ့ ဝေဖန်တာပါ။ ကျေးဇူးပြုပြီး ကိုယ့်ရှေ့က မင်းသမီးကြီးများ ငယ်ဖို့ကြိုးစားရင်းကျသွားတာတွေ သတိထားစေချင်ပါတယ်။

ဦးကျော်ဟိန်းဟာ ရှိတဲ့အသက်ထက် ပိုကြီးအောင် မိတ်ကပ်လုပ်ပြီး ကြော်ငြာရိုက်ခဲ့တယ်။ ထက်ထက်မိုးဦးဟာ လိမ်းဆေးကြော်ငြာမှာ အဘွားကြီးလိုမိတ်ကပ်လုပ်ပြီး ရိုက်ပြသွားဖူးတယ်။ ထွန်းအိန္ဒြာဗိုက ခေါင်းတုံးနဲ့ ကြော်ငြာရိုက်ပြသွားတယ်။ ကြော်ငြာတဲ့ ကုန်ပစ္စည်းအတွက် ကြော်ငြာတဲ့ ဟန်ထိရောက်အောင် သရုပ်ဆောင်သွားကြလို့ ကြည့်ရနေတာပါပဲ။ (ခေါင်းလျှော်ရည်ကြော်ငြာမှ မဟုတ်ဘဲ)

အနုပညာဆိုတာ အိုတယ်ရယ်လို့မရှိပါဘူးဆိုတဲ့စကားကို အများကြားဖူးပြီးသားပါ။ ရွှေမန်းတင်မောင်ဆိုရင်ကရင်းသေ၊ မသေခင်ထိကသွားတဲ့ အနုပညာရှင်ပါ။ ကြီးမှ ငယ်ချင်သူ

http://swanbros.blogspot.com



များ သတိထားသင့်ပါတယ်။ ကြော်ငြာတွေဟာ လည်း အနုပညာရှင်များ၊ ဖန်တီးသူများရိုက်ကူးထားတာမို့ အနုပညာစိတ်ကူး၊အနုပညာတင်ပြမှုတွေပါနေတဲ့ အနုပညာ ပစ္စည်းတွေအဖြစ်မြင်လို့ ကံချွန်ရေးမိတာပါ။ တကယ်လို့ ကြော်ငြာကို ခံစားသူအကြိုက် ရွေးရရင်တော့ အရီးတောင်း လက်ဖက် ကြော်ငြာပါပဲ။ အလှူပ်တွေအားလုံးကြားမှာ ငြိမ်ပြီး အေးပြီး၊ ငြိမ့်ပြီး စွဲမက်စေတဲ့ကြော်ငြာပါ။ အဲဒါလည်း ထိရောက်စေတာပါပဲ။

ကံချွန်ဟာ ကြော်ငြာများကို ကြည့်ရင်းကြော်ငြာများကို အကြောင်းပြုလို့ သတိထားမိတာတွေပါ။ သူများတွေမှားနည်း ကိုယ်မမှားအောင် ဆင်ခြင်ရမယ်။ သူများတွေ တော်နေတာ ဘာဖြစ်လို့လဲဆိုပြီး အဖြေရှာကြည့်ရမယ်။ ကံချွန်အဖြေရှာ မရသေးတာကတော့ ဗိုင်းရပ်စ်ပိုးဟာ ဖန်ခွက်ကို ဖောက်ပြီး ဝင်နိုင်၊မဝင်နိုင်ဆိုတာရယ်၊အရေတွန့်နေတဲ့လက်ကိုငယ်အောင် လုပ်လို့ ရ,မရဆိုတာရယ်၊ မင်းသမီးကြီးများ သူငယ်ပြန်တာနဲ့ မတူအောင် ငယ်ပြလို့ ရ,မရ ဆိုတာ. . .။

အားလုံးတိုးတက်ကြပါစေ။

၁၈. ၁၀. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# နှစ်ထောင်ခုနှစ်မှာ ဆုံကြမယ်

၁၉၉၉ ခုနှစ်ကုန်ဖို့ နီးကပ်လာလေလေ ကံချွန်ကြီးတစ်ယောက် ရင်ခုန်လေပါပဲခင်ဗျ။ '၂၀၀၀ ခုနှစ်ဖီလင်' ကို ကံချွန်မွေးမြူယူနေခဲ့တာကြာပါပြီ။အခြားအခြားမိတ်ဆွေများကိုရော စာဖတ်ပရိသတ်ကိုရော ၂၁ရာစုရဲ့ တံခါးအဖွင့် ၂၀၀၀ ခုနှစ်မှာ ဘာလုပ်ကြမလဲဆိုပြီး မေးခွန်းတွေလည်း ထုတ်ခဲ့ပါတယ်။ ရာစုနှစ်တစ်ခုအပြောင်းအလဲကို အကြောင်းပြုပြီး ကိုယ့်ဘဝတိုးတက်ဖို့အတွက် တစ်ခုခုဖြစ်အောင်လုပ်ဖို့ (ကောင်းသောအလုပ်ပါနော်) မိတ်ဆွေများ၊ စာဖတ်သူများကို တိုက်တွန်းသလို ကံချွန်လည်း ကြိုးစားနေပါတယ်။ တချို့ကတော့ ဘာလုပ်ရမှန်းမသိတော့ ဟိုလိုလို ဒီလိုလို မရေမရာနဲ့ ပြီးသွားမယ့်သဘောရှိပါတယ်။ ထိုသို့သော ပုဂ္ဂိုလ်များအတွက်တော့ ဩဂုတ်လ (၂၇) ရက်နေ့ထုတ် အလင်းတန်းဂျာနယ်က ဆရာကျော်စိုးဝင်းရဲ့ 'ခေတ်မီအောင်ရေးတဲ့စာတော့ မဟုတ်ပါ' ဆောင်းပါးဟာ ကိုးကားစရာ ဖြစ်သွားပါတယ်။ ၂၀၀၀ ခုနှစ်ရဲ့ ဇန်နဝါရီလ (၁) ရက်နေ့ဟာ ဘာမှ မထူးခြားပါဘူးလို့ ဆရာကျော်စိုးဝင်းက တွေးပြပါတယ်။ သာမန်နေ့တွေလိုပဲ

http://swanbros.blogspot.com



နေရောင်ခြည်က ကမ္ဘာပေါ်ကို ကျလာမယ်တဲ့။ ဟုတ်ကဲ့၊ ကိုယ့်ဘဝအတွက် ကောင်းသောအပြောင်းအလဲဖြစ်ဖို့၊ တစ်ဆင့်မြင့်တက်နိုင်ဖို့ ရာစုနှစ်အပြောင်းအလဲ အဖွင့်ကာလကို အသုံးမချချင်ရင် အသာလေးပဲနေဖို့ကောင်းပါတယ်ခင်ဗျာ။ ဘာလို့များ ရေစုန်မျှောလိုက်ဖို့အတွက်၊ အာရုံသေဖို့အတွက်ရေးပါလိမ့်ဆိုတာကံချွန်စဉ်းစားမရအောင် ဖြစ်ရပါတယ်ဆရာရယ်။

ဒါပေမယ့် ကံချွန်သံသယဝင်နေတယ်ခင်ဗျ။ အထင်ပေါ့လေ။ဆရာ ကျော်စိုးဝင်းဟာ အဲဒီ ဆောင်းပါးကို မစွစ်ကျော်စိုးဝင်း မရှိခင်၊ မရခင်ကများ ရေးသလား လို့ပါ။ မစွစ်ကျော်စိုးဝင်းနဲ့တော့ ဆရာပြန်ဆွေးနွေးစေ့ချင်ပါသေးတယ်။ ၁၉၉၉ ခုနှစ်ရဲ့ ဒီဇင်ဘာလ ၃၁ ရက် ည ၁၂ နာရီကို ရင်ခုန်စွာနဲ့ စောင့်ပြီး စက္ကန့်လွန်လိုက်တာနဲ့ 'ဟက်ပီး နယူးယီးယား' ဆုတောင်းကို မောင်နဲ့မေ အတူမတောင်းတော့ဘူးလား ခင်ဗျာ။ ဒီဇင်ဘာ (၃၁) ရက်၊ ည (၁၂) နာရီဟာလည်း သာမန်ညတစ်ညလိုပါပဲဆိုပြီး အိပ်နေကြမှာလား။

ကိုယ့်ဘဝတိုးတက်ဖို့ ကြိုးစားတာဟာ အမြဲကြိုးစားနေရမယ့်အလုပ်လို့ ကံချွန်ယုံကြည်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်အောင် လုပ်နေတယ်လို့ မထင်ပါဘူး။ အဲသလို ကြိုးစားရာမှာ ဦးတည်ချက် သတ်မှတ်ချက်တော့ ရှိရမှာပေါ့။ ကံချွန်ကတော့ ဒီခုနှစ်မှာ ကြုံကြိုက်လာတဲ့ ၂၀၀၀ ခုနှစ်ဆိုတာကို သတ်မှတ်ချက်အတွက် အသုံးချလိုက်တာပါပဲ။ ထူးခြားမှုလေးတစ်ခုအဖြစ် သတ်မှတ်ပြီး အလုပ်လုပ်ရတော့

http://swanbros.blogspot.com



ပိုလုပ်ဖြစ်တာပေါ့။ ကံချွန်ဟာ အသက် (၅၀) ပြည့်ရင် ပန်းချီပြန်ရေးမယ်ဆိုပြီး ကြွေးကြော်ခဲ့ဖူးပါတယ်။ အသက် (၅၀) ပြည့်စဉ်က ၂၁ရာစု အကူးနဲ့မဆုံလို့ အသက် (၅၀) ပြည့်ရင်ဆိုပြီး သတ်မှတ်ခဲ့တာပါ။ ထားတော့ ပန်းချီရေးနေရင်းကနေ ခု ၂၀၀၀ ခုနှစ်ရဲ့ ကိန်းဂဏန်းထူးခြားမှုကို ကြုံရတော့ ကံချွန်ဟာ ၁၉၉၉ခု၊ ဒီဇင်ဘာလ နောက်ဆုံးပတ်ကနေ ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီ ပထမပတ်ကူးပြီး ပန်းချီပြပွဲလုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ကံချွန်အလုပ်ရှုပ်ပါတယ်။ ငွေကုန်သံပြာလည်းဖြစ်စပြုပါပြီ။ ဒါပေမယ့် ဘယ်သူ့မှ ပြိုင်နေတာ မဟုတ်ပါဘူး။ ၂၀ ရာစုရဲ့ ၂၁ရာစု ကံချွန်က ပြိုင်မှာပါ။ အလုပ်ရှုပ်ပေမယ့် ငွေကုန်ပေမယ့် ကံချွန်ကျေနပ်ပါတယ်။ ပျော်ပါတယ်။ ကြည်နူးပါတယ်။ ပြင်ဆင်နေရတာနဲ့ကို ပီတိ ဖြစ်နေ ရရင် ပြပွဲကြီးလုပ်မယ့်အချိန် ၂၀၀၀ ခုနှစ်အကူးမှာ ပိုပြီးပီတိ ဖြစ်မှာသေချာပါတယ်။ ဒီတော့ ကံချွန်အတွက်တော့ ၂၀၀၀ ခုနှစ်ရဲ့ ဇန်နဝါရီလ (၁) ရက်ဟာ ထူးခြားတဲ့နေ့ဖြစ် ဖို့ သေချာနေပါပြီ။ ကံချွန်ရဲ့ ပထမဆုံးအကြိမ် 'ဝမ်းမင်းရှိုး' လုပ်မှာကိုး။

ကံချွန်ရဲ့ စေတနာကတော့ လူတိုင်းလူတိုင်းဟာ ၂၀၀၀ ခုနှစ်အကူးမှာ ကိုယ့်ဘဝအတွက် တိုးတက်မှုတစ်ခုခုရအောင် ကိုယ့်ဟာကိုယ် ဖန်တီးယူတတ်မယ်ဆိုရင် 'အမြတ်' ရမှာ သေချာပါတယ်။ အပျင်းထူနေမယ်ဆိုရင်တော့ ကျွန်တော်တို့ဘဝဟာထူးမခြားနားဘဲပေါ့။ ဒါကတော့ ၂၀၀၀ ခုနှစ်အတွက် ရေးခဲ့တဲ့စာတွေရဲ့ အဓိကရည်ရွယ်ချက်ပါ။ စာတွေ စရေး

http://swanbros.blogspot.com



ကတည်းက 'ငါကရော ဘာများလုပ်မှာလဲ' ဆိုတာ ပထမ စဉ်းစားပါတယ်။ ဘာလုပ်မယ်ဆိုတာအဖြေရမှ စရေးတာပါ။ ရေးတဲ့အတွက်လည်း မလုပ်ချင်လို့ မရတော့ဘူး။ ကိုယ့်ကိုယ် တိုင်တစ်ခုခုတော့လုပ်ရတော့မယ်။ အဲသလို လုပ်နိုင်ဖို့အတွက် ဩဂုတ်လ လဆန်းမှာ ကံချွန်ရေးနေကျ မဂ္ဂဇင်းတွေအတွက် စာမူ၊ ကာတွန်း သုံးလစာ ကြိုပေးခဲ့ရတယ်။ ပန်ချီရေးဖို့ အချိန်ရအောင်လို့ပါ။ (ခုလို လုပ်မိတာဟာ ပေါ့ပျက်ပျက်လုပ် ရပ်တော့ မဟုတ်ပါဘူးနော်)

ကံချွန်က ၂၁ ရာစုအတွက် ကောင်းသော အလုပ်တစ်ခု လုပ်ဖြစ်ဖို့ ကြိုးစားပြင်ဆင်ခြင်းဟာ အနုပညာသမားတိုင်း ၊ စီးပွားရေးသမားတိုင်း (လူတိုင်း ကိုယ့်အလုပ်အတွက်) လိုအပ် တယ်လို့ မြင်ပါတယ်။ ဆရာကျော်စိုးဝင်းလည်း ၂၀၀၀ ခုနှစ် မှာ ကိုယ့်မိသားစုအတွက် အိုးပိုင်အိမ်ပိုင် တိုက်ပိုင် ကားပိုင် လေးဖြစ်ဖို့အတွက် ဖြစ်ဖြစ် ရည်ရွယ်ပြီး ကြိုးစားကြည့်မယ် ဆိုရင် မစ္စစ်ကျော်စိုးဝင်းလည်း ပီတိဖြစ်မှာပါ။ အဲသလိုသာ ရည်ရွယ်ကြိုးစားဖို့ ဆုံးဖြတ်ရင် 'အောင်မြင်ပါစေ'လို့လည်း ဆန္ဒပြုပေးမယ့်အကြောင်း ကြိုပြီးပြောလိုက်ပါတယ်။

ကံချွန်တော့ ၂၀၀၀ ခုနှစ်အတွက် အလုပ်တကယ်လုပ် ဖြစ်ဖို့ ကိုယ့်စိတ်ကိုယ် ပြောင်းချင်လို့ ကိုယ့်ဝန်းကျင်ပါ ပြုပြင် ပြောင်းလဲမှုတွေ လုပ်နေပါတယ်။ ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့ကို သာမန်နေ့ရက်မဖြစ်အောင် ဖန်တီးဖို့ ဆုံးဖြတ် ထားပါတယ်။ ရည်ရွယ်ချက်ဆိုတာ ထားတတ်ဖို့ပဲ လိုပါတယ်။

http://swanbros.blogspot.com



ကိုယ့်ဘဝ တစ်ဆင့်မြင့် တိုးတက်ဖို့ ပြင်ဆင်ရင်း ၂၀၀၀ ခုနှစ် ကိုကြိုဆိုကြပါစို့။

၁. ၁. ၉၉
(အလင်းတန်းဂျာနယ်)

# ဆိုင်ဆိုင် မဆိုင်ဆိုင်

လုံချည်ဝယ်မယ်ဆိုရင် မော်ဒယ်ဂဲလ်လေးများ၊ ရုပ်ရှင်မင်းသမီးလေးများ ရင်ခုန်စေမယ့် လုံချည် ဝတ်ချင် သလား။ လုံချည်ကိုင်မ်းရင်း၊ လူကိုပါအချစ်ခံရမယ့် လုံချည်မျိုးဝတ်ချင်သလား။ ဟိုမင်းသား ကြိုက်လှချည်ရဲ့ဆိုတဲ့ လုံချည် ငါးမျိုးတစ်ပြိုင်တည်းဝတ်ချင်သလား။ စဉ်စားပါ။ စဉ်းစားလို့မရဘူးဆိုရင်တော့ ကံချွန်ရဲ့ စာကိုဆက်ဖတ်ပါ။ စက္ကူရှင် အတွက် စိတ်ချရမယ့်အဖြေ ရပါလိမ့်မယ်ခင်ဗျာ။

ဒီလောက် ဖတ်မိလိုက်တာနဲ့ ကံချွန်ဆိုတဲ့ ငတိတော့ ဘယ်လုံချည်နဲ့ပေါင်းပြီး 'ရေးစား' လုပ်ပြန်ပြီလဲလို့ သံသယမဝင်ပါနဲ့။ စာဖတ်သူ စိတ်ချမ်းသာစေချင်လို့ ရေးပြမှာပါ။ နှစ်ရှစ်ဆယ်တဲ့။ ပိုးတွဲတဲ့။ ပိုးစစ်ကွက်တူတဲ့။ အနံကြီးကွင်းကျယ်တဲ့။ အနံလွန်ကွင်းကျယ်တဲ့။ မာစရိုက်အစစ်တဲ့။ လုံချည်များရဲ့တံဆိပ်ကို ကြည့်လိုက်ရင် အရောင်၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အနံ၏ကောင်းခြင်း၊ ကွင်း၏ကောင်းခြင်း၊ အဆင်၏ကောင်းခြင်း ဆိုတဲ့ကောင်းခြင်းငါးဖြာပြည့်စုံနေတာချည်းပါပဲ။ စာဖတ်သူဟာ ချည်အရောင်းအဝယ်

http://swanbros.blogspot.com



လုပ်သူ၊ ဆိုးဆေးအရောင်းအဝယ်လုပ်သူ၊ ယက္ကန်းရုံထောင်သူ မဟုတ်ပါဘူး လုံချည်များကို ကိုင်ကြည့် ဖြန့်ကြည့်မလုပ်ဘဲ လုံချည် တံဆိပ်ပေါ်မှာ ပါသည့် 'သိုက်စာ' ကိုယုံလိုက်ပါ။ အားလုံး ကောင်းပါသည်။ မည်သူမျှ မလိမ်ပါ။ ထိုလုံချည် အတော်များများမှာ လုံချည်ညီအစ်ကို၊ လုံချည်မောင်နှမ၊ လုံချည်တူဝရီးများ ဖြစ်နေလို့ပါပဲ။ တံဆိပ်တွင် ကွဲနေသော်ငြားလည်း တစ်အူတုံဆင်း တစ်စင်တည်းခတ် လုံကွင်းများ လည်းဖြစ်နေနိုင်လို့ပါပဲ။ မွေးဖွားရာဇာတိကိုလိုက်ကြည့်ရင် လည်း အတော်များများဟာ အမရပူရနဲ့ သဲတောက ဖြစ်နေ တာတွေ့ရမှာပါ။

လုံချည်ဆိုင် အတော်များများဟာ စက်ရုံထွက်အထည် များကို ကိုယ့်ဆိုင်ပေါ်တင်ခါနီးမှာမှ ကိုယ့်ဆိုင်တံဆိပ်ကပ်ကြ ပါတယ်။ (ဟိုတုန်းက ကံချွန်လေ့လာဖူးလို့ သိနိုင်တာပါ။) ဒါကြောင့်လည်း လုံချည်တံဆိပ်တွေမှာ ဆိုင်တည်ရာဌာနသာ ပါပြီး 'စက်ရုံတည်ရာဌာန' မပါတာပေါ့ခင်ဗျာ။ ဒါကြောင့် ကံချွန်က လုံချည်ညီအစ်ကိုများ၊ လုံချည်မောင်နှမများလို့ ပြောလိုက်တာပါ။

ဒီနေ့ လုံချည်အတော်များများ 'ပက်ကင်ပိတ်' အသင့် ချုပ်ပြီးတွေရောင်းလာကြတော့ အစစ်အမှန်ကောင်းခြင်းငါး ဖြာနဲ့ ပြည့်စုံပြီး အပြစ်အနာအဆာ ချည်ကျော်၊ နပ်ကျော် ကင်းကင်း လုံချည်များကို 'ပက်ကင်ပိတ်' ပြီးရောင်းတာတွေ လည်းရှိလာပါတယ်။ ဘယ်လုပ်ငန်းမှာမဆို အကောင်းအဆိုး

http://swanbros.blogspot.com



ဆိုတာ ပူးတွဲကပ်ပါလာတာပါ။ ပက်ကင်ပိတ် ဝယ်ဝတ်လိုက် မိကာမှအဆွေးနဲ့ညားလို့ထိုင်ကွဲ၊ ထပြဲဖြစ်နေရတာတွေ တွေ့နေ ရပါပြီခင်ဗျာ။

(ပက်ကင်ပိတ် ဆရာတို့ရေ၊ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တတ်လို့ စေတနာနဲ့ သတိ ပေးရတာပါ)

ကံချွန်ကတော့ လုံချည်ဝတ် ပက်ကင်ပိတ်ရောင်းတဲ့သူ များကို သီးခြားမှတ်ပုံတင်စေချင်တာပဲ။ ဖြစ်နိုင်၊ မဖြစ်နိုင် တော့ မသိပါဘူး။ ဝယ်ယူသုံးစွဲသူအနေနဲ့ စိတ်ထဲရှိတဲ့ ဆန္ဒ ကိုပြောတာပါ။ မှတ်ပုံတင်တဲ့အခါမှာ ကိုယ်ရောင်းလိုက်တဲ့ ပစ္စည်းကို ဝယ်ယူသူက ဖွင့်ဖောက်သုံးစွဲဖို့ ကြည့်လိုက်တဲ့အခါ မှာ အပြစ်အနာအဆာတွေ့နေရင် ပက်ကင်ပေါ်မှာ သွားရေ ကျစရာ ညွှန်းထားတာတွေနဲ့ လွဲမှားနေရင် အဲဒီတံဆိပ်နဲ့ လုံချည်ကိုကိုင်ပြီး တရားစွဲခွင့်ရှိတယ် ဆိုတာမျိုး လုပ်ပေး သင့်ပါတယ်။ ဘာလို့လဲဆိုတော့ ပက်ကင်ပိတ်ဆိုတာ ဝယ်ယူ သူအတွက် တံဆိပ်ကို ယုံကြည်ပြီး ဝယ်ရမှာကိုး။ ရွေးချယ် စစ်ဆေးပိုင်ခွင့်မှ မရှိဘဲကိုး။ ဒါကြောင့် တံဆိပ်မှာအာမခံချက် ရှိဖို့တော့ လိုပါတယ်။ အဲဒီတံဆိပ်ကို အဲဒီဆိုင်က တာဝန် ယူမှာဖြစ်ကြောင်း သက်ဆိုင်ရာမှာ မှတ်ပုံတင်၊ သက်သေခံ ပြီးကြောင်း နံပါတ်လို၊ သင်္ကေတလိုဟာမျိုး ပါကြမယ်ဆိုရင် တော့ ဝယ်သူအနေနဲ့ စိတ်ချလက်ချ ဝယ်နိုင်ပါမယ်။

အဲသလို လုပ်ရခြင်းကြောင့် ရိုးသားစွာ လုပ်ကိုင်ကြသူ များအတွက် ဘာတာဝန်မှ မပိုနိုင်ပါဘူး။ မရိုးသားချင်သူများ

http://swanbros.blogspot.com



ကိုတော့ဘရိတ်အုတ်ပြီးဖြစ်သွားမှာပါ။သက်ဆိုင်ရာမှတ်ပုံတင် သက်သေခံတံဆိပ်မပါရင် မဝယ်ဘူးပေါ့။ အဲသလို လုပ်ငန်း တစ်ခုရဲ့ ကုန်အမှတ်တံဆိပ်ကို ဝယ်ယူသုံးစွဲသူစိတ်ချရအောင် မလုပ်နိုင်ရင်တော့ ပက်ကင်ကို လူတွေစိတ်ကုန်ပြီးဖြန့်ကြည့် စိတ်တိုင်းကျရွေး၊ ဆေးခိုင် မခိုင် ရောင်းသူအလစ်မှာ ပုဆိုး တံတွေးဆွတ် ကိုယ့်လက်ကိုင်ပုဝါနဲ့ ပွတ်ကြည့်၊ ပုဆိုးက အရောင်လက်ကိုင်ပုဝါကူးလာရင် ဟိုလိုလို ဒီလိုလိုနဲ့ ပြန်ချ ထား ဆိုတာတွေဖြစ်လာမှာပါ။ အဲသလို ဖြစ်လာမှာစိုးလို့ လုပ်ငန်းတစ်ခုရဲ့ တိုးတတ်လာတဲ့ပုံစံကို သဘောကျလို့ ကံချွန် အကြံပြုနေတာပါခင်ဗျာ။ စဉ်းစားကြပါ။

တိကျတဲ့၊ သေချာတဲ့၊ ယုံကြည်လောက်တဲ့ ခံဝန်ချက် မပါ သေးခင် ကာလမှာတော့ ဘယ်လောက်ပဲ ကြော်ငြာနေနေ လုံချည် ညီအစ်ကို၊ လုံချည်မောင်နှမများကို ကံချွန်တို့က ခွဲခြား ဆက်ဆံ မှာ မဟုတ်ပါဘူး။ စက္ကူရှင်များကိုပါ အကြံပြုပါမယ်။ လုံချည် ဝယ်မယ်ဆိုရင် နီးရာဆိုင်မှာ တွေ့တဲ့တံဆိပ်ကို လွယ်လွယ်သာ ကောက်ယူလိုက်ပါ။ နှစ်မျိုး သုံးမျိုး ရှိနေရင် လည်းတံဆိပ်ကို ရွေးမနေပါနဲ့။ အဆင်ကိုသာရွေးပါလို့ ကံချွန် အကြံပြုလိုပါတယ်။

တစ်လက်စတည်း လုံချည်လက်ငင်းရောင်းသူဆိုင်လေး များကိုလည်းကံချွန်အားပေးချင်ပါတယ်။ ရိုးသားမှုနဲ့သစ္စာကို လက်ကိုင်ထားရောင်းပါ။ ဂျပ်ဘူးထဲထည့် ပက်ကင်မပိတ်နိုင် လို့အားမငယ်ပါနဲ့။ တီဗွီမှာ မကြော်ငြာနိုင်လို့ အားမငယ်ပါနဲ့။

http://swanbros.blogspot.com



ကိုယ်ရောင်းမယ့် ပစ္စည်းနဲ့ ကိုယ်ယူမယ့်စျေးညီမျှထိုက်တန်နေဖို့ပဲ လိုပါတယ်။ စက်ရုံတစ်ရုံထဲက အတူတူယူခဲ့တဲ့ ပစ္စည်းချင်း အတူတူမို့ အရည်အသွေးက တူပြီးသားပါ။ ကိုယ်က ကြော်ငြာ စရိတ် သက်သာတော့၊ ထုပ်ပိုး စရိတ်သက်သာတော့၊ ဝယ်ယူသုံးစွဲသူအပေါ်က လျှော့ယူလိုက်ပါ။ ဘူးလေးနဲ့မှ ၊ လွင်မိုးဝတ်တာမျိုးမှ၊ ထက်ထက်ကြော်ငြာတာမျိုးမှဆိုပြီး လာသူများအတွက်လည်း ပက်ကင်ဆရာတို့ အတင်းပေးရင် ယူရောင်းပေးလိုက်ပါ။ ငါးမျိုးရ ငါးမျိုးတင်ပေ့ါ။ သုံးမျိုးရ သုံးမျိုးတင်ပေ့ါ။

လုံချည်ကြော်ငြာများ မျက်စိလည်ရလောက်အောင်များလာတော့ ကံချွန်ပုံပြင်တစ်ခုသတိရမိပါတယ်။ တစ်ခါက ဇာတ်အဖွဲ့ကြီး နှစ်ဖွဲ့ အပြိုင်ကကြသတဲ့။ ရက်ရှည်ပွဲကြီး။ ကြည့်တဲ့လူတွေကလည်း ဟိုဘက်ကူးကြည့်၊ ဒီဘက်ကူးကြည့်ပ ါပဲ။ ဇာတ်မင်းသားတွေက အစွမ်းကုန် ကကြတာပါ။ နောက်ဆုံးတော့ အဲဒီဇာတ်ပွဲမှာ စျေးရောင်းတဲ့ စျေးသည်တွေကနိုင်သွားပါသတဲ့။

ဒါပါပဲ။ လုံချည်ဝယ်မယ်ဆိုရင် ဟိုတံဆိပ်လည်း ဝယ်ကြည့်ပါ။ ဒီတံဆိပ်လည်းဝတ်ကြည့်ပါ။ ပက်ကင်ပိတ်မဟုတ်တာ လည်း စျေးသက်သာရင် ဝယ်သာဝတ်ပါ။

စက္ကူရှင်အပေါင်းတို့ခင်ဗျား၊ တကယ်တော့ လုံချည်တော်တော်များများဟာ ဆွေမျိုးတွေပါ။ ဒါကြောင့် လုံချည်ဝတ်မယ်ဆိုရင် လက်ညှိုး တံတွေးစွတ် ၊ နံကြားထောက် ၊ မျက်စိထဲ

http://swanbros.blogspot.com



အကြိုက်တွေ့တဲ့ အဆင်သာကောက်ယူပါ။ တစ်နယ်တည်း ထွက်တွေပါ။ တစ်စက်ရှုံထဲတောင်မှ ဖြစ်ချင်ဖြစ်နေဦးမှာပါ။

၈. ၁၁. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# အမှတ်ရမိတာလေးတွေ

အမှတ်ရမိ တာလေးတွေထဲမယ် ချောချောလှလှ မိန်းကလေး မဟုတ်တဲ့ မျက်နှာအဆီပြန်နေတဲ့ကံချွန်ရဲ့ မိတ်ဆွေကြီးဟာ ထိပ်ဆုံးကပါနေတယ်ခင်ဗျ။ ဟိုးအရင်ကံချွန်တို့အိမ်မှာ လက်ဖက်ရည်ဆိုင်ဖွင့်တုန်းက ကံချွန်က ဖျော်ခုံကိုင်ရပါတယ်။ အဲဒီတုန်းက ကံချွန်ဆယ်တန်းမှာပါ။ မနက် ငါးနာရီလောက်မှထ၊ ကျောင်းမသွားခင်အထိ လက်ဖက်ရည်ဖျော်တဲ့အလုပ်လုပ်ရပါတယ်။

အဲဒီမှာ ကံချွန်တို့ ဆိုင်ကို အမြဲ လာသောက် နေတဲ့ ဖောက်သည် ကြီးရှိပါတယ်။ သူ့နာမည်က ကိုညိုလေးတဲ့။ ကိုငြိမ်း (မန္တလေး) ရဲ့အစ်ကိုကြီးပေါ့ခင်ဗျာ။ သူက လာပြီ ဆိုရင်

'လက်ဖက်ရည်တစ်ခွက်၊ ညှံ့ချင်သလောက်ညှံ့ပလေ့စေ။ တစ်ငုံသောက်ပြီးတာနဲ့သွန်ပစ်ချင်စိတ်ပေါက်အောင်ဖျော်ပေးကွာ။ နှစ်ဆပေးမယ်'

ဆိုပြီးမှ မှာတတ်တယ်ခင်ဗျ။ သူ့ဟာသူ ဆက်ပြောတဲ့စကားက မှတ်လောက်ပါတယ်။

'ဒါမှ နောက်လေးငါးရက် လက်ဖက်ရည်သောက်ချင်စိတ်ကုန်သွားမှာ'တဲ့။ လက်ဖက်ရည်က သိပ်ကောင်းနေရင် ခဏခဏ သောက်မိနေမှာကြောင့်တဲ့လေ။ အဲဒီစကားကို ခုမှပဲပြီး

http://swanbros.blogspot.com



သဘောပေါက်လာတယ်ခင်ဗျ။ တစ်ခါတလေမှာ ကိုယ်သိပ်ကြိုက်နေတဲ့ဟာကို ညှံ့သွားစေချင်တယ်။ ဒါမှနားလိုက်လို့ရမှာကိုး။ ကံချွန်ဟာ တီဗွီရှေ့ထိုင်မိရင် တော်တော်နဲ့မထဖြစ်တော့ဘူး။ အလုပ်ထိုင်ဖို့ပျက်တဲ့အထိ ပါပဲ။ ကြော်ငြာတွေစွဲနေတာပေါ့ခင်ဗျာ။ ဟော. . . . ခုတလောတော့ ကံချွန်အလုပ်တွေလုပ်ဖြစ်နေပါပြီ။

သမီးက ပြောပါတယ်။ ဇာတ်လမ်းတွဲ အသစ်တွေလာနေပြီတဲ့။ ကံချွန်အစမလုပ်ဘဲပေနေတယ်။မကြည့်ဘူး လက်ဖက်ရည် ကောင်းကောင်း မသောက်မိအောင် ကြိုတင်ကာကွယ်တဲ့သဘောပါ။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ကောင်းတယ်ဆိုတဲ့စကားကို ရောဂါအတွက်သာ မဟုတ်ဘဲ 'ဝါသနာ' အတွက်ပါ သုံးလို့ရတယ်ခင်ဗျ။ လူ့စိတ်ဆိုတာက အခက်သားလား။ ကောင်းနေတာကို သုံးပြီးရင်၊ ကြည့်ပြီးရင် ၊ ခံစားပြီးရင် စွဲသွားရော။ ကံချွန် မိတ်ဆွေကိုအေးကိုလည်း အမှတ်ရမိတယ်။ သူက တစ်ခါ ပြောဖူးတယ်။

'ငါတို့ ဦးလေးတစ်ယောက်ပြောဖူးတယ်ကွ။ တစ်နှစ်က ရွာမှာစပါးတွေ အောင်လိုက်တာမှ တအားပဲတဲ့။ တစ်ရွာတည်း မဟုတ်ဘူး။ တစ်နယ်လုံး ဆိုပါတော့ကွာ။အဲဒီနှစ်ကအလှူချင်း အလှူဆိုတာ ဆက်နေတာပဲတဲ့။ အဲဒီတော့ အလှူတွေသွားလိုက်၊ လက်ဖက်ကလေး စားလိုက်၊ ဆေးလိပ် ကလေးဖွာလိုက်၊ ကွမ်းလေးဝါးလိုက်နဲ့ လက်ဖက်၊ ကွမ်း၊ ဆေးလိပ်ဆိုတာ

http://swanbros.blogspot.com



ပြတ်တယ်ကိုမရှိဘူး။ ဒီလိုနဲ့ အလှူတွေ မရှိတော့ လက်ဖက်ရယ်၊ ကွမ်းရယ်၊ ဆေးလိပ်ရယ် စွဲကျန်ရစ် လို့တဲ့။ အလှူက လည်းအမြဲရှိတာမဟုတ်တော့ ဒုက္ခရောက်ရောတဲ့ ဆိုတဲ့စကား ကိုလည်း ဟိုဟာဖွင့်ပွဲ၊ ဒီဟာဖွင့်ပွဲဆိုတာ တွေ လာဖိတ်တိုင်း ကံချွန်သတိရမိပါတယ်။

တစ်ဆက်တည်း သတိရလာကတော့ အဲဒီကိုအေးဆိုင် မှာထိုင်နေတုန်းက ကြုံရတဲ့အဖြစ်ပါ။ ကိုအေးရဲ့ဆိုင်က (ယခင်က)ဈေးချိုမလွယ်ပေါက်မှာပါ။ ဈေးရုံထဲက ဆိုင်တွေက လူတွေ အဝင်အထွက်များတဲ့နေရာပေါ့။ တစ်ရက်မှာ ကံချွန် ထိုင်နေတုန်း ဈေးချိုရုံထဲက မိန်းမကြီးနှစ်ယောက် ထွက်လာတယ်။ ကိုအေးဆိုင်ရှေ့ရောက်တော့ ရပ်လိုက်ပြီး

'ဟဲ့ မောင်အေး'

'ဗျာ . . .'

'နာရေးရှိတယ်လေ၊ လိုက်မပို့ဘူးလား'

'ဘယ်ကတုန်း'

'ဟိုဘက်ရုံထဲက အထည်ဆိုင်ကလေ။ ဟိုအသားဖြူဖြူ နဲ့မိန်းမကြီး သိတယ်မဟုတ်လား'

'နေပါဦး၊ စကားမစပ် မေးပါရစေ။ မနေ့မနက်က ဘယ်သွားတာလဲ'

'ရွှေဆိုင်တန်းက မ. . . တို့ တိုက်တက်လေ'

'ဟိုတစ်နေ့က မနက်ကရော'

'မွေးနေ့လေ၊ ဆွမ်းကျွေး။ သက်သတ်လွတ်ဒန်ပေါက်'

http://swanbros.blogspot.com



'ကောင်းတယ် .... ကောင်းတယ်၊ တိုက်တက်တို့၊ မွေးနေ့တို့တုန်းကလို ဒီလမ်းကပဲ ကျော့ကျော့ ကျော့ကျော့နဲ့ ထွက်သွားတာ။ လိုက်ခဲ့ပါဦးလား မခေါ်ကြဘူး။ မောင်အေးဆိုင်ဘက်လှည့် မျက်စောင်းတောင် ထိုးမသွားဘူး။ သချိုင်းလိုက်ပို့ရမယ့် ကိစ္စကျမှ ....'

ဆိုပြီး ပြောတာကိုလည်း အမှတ်ရမိပါတယ်။ လူမှုရေးဆိုတာ ဘာလဲဆိုတဲ့ အမေးကိုလည်း ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကိုယ်ဖြေကြည့်မိတယ်ခင်ဗျ။

ကျေးဇူးအကြောင်းလည်း စဉ်းစားမိပါတယ်။ မိတ်ဆွေတစ်ယောက်က 'ဖိုးကံ၊ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုတဲ့ စကားကို ငါလည်းကြားဖူးပါတယ်။ ဒီတော့ ဆယ်ရက်လောက် ထမင်းကျွေးဖူးတဲ့မိတ်ဆွေရဲ့ ကျေးဇူးဆိုရင် သိပ်ကြီးပြီပေါ့ကွာ။ ဒါပေမယ့် အဲဒီကျေးဇူးဟာ ကိုယ့်ကို တစ်သက်လုံးကျွေးခဲ့တဲ့ မိဘရဲ့ ကျေးဇူးနဲ့ တန်းတူထားလို့ မရဘူးကွ' ဆိုတဲ့စကားကြောင့်ပါ။

ပန်းချီကျောင်းဆင်း လူငယ်လေးတစ်ယောက်ရဲ့ အဖြစ်ကိုလည်း အမှတ်ရမိတယ်။ အဲဒီလူငယ်လေးက လက်ရာတော်တော်ကောင်းပါတယ်။ သူ့ကို အပြင်ကပန်းချီဆရာကြီးတစ်ဦးက အရောင်းပြ ခန်းမတစ်ခုနဲ့ ဆက်သွယ်ပေးလိုက်တယ်။ ဒီတော့ ပန်းချီကား တင်ဖြစ်ရော ဆိုပါတော့။ တင်ဖြစ်တော့ရောင်းရပါတယ်။အလုပ်လည်း ဖြစ်ပါတယ်။ ခက်တာက အဲဒီဆရာကြီးက ငွေလိုတိုင်း လာတောင်းတာရယ်၊ လူထူထူ

http://swanbros.blogspot.com



ဆိုရင် ကျုပ်ကြောင့် အလုပ်ဖြစ်သွားတာပေါ့ဆိုတာရယ်ပါပဲ။ ကံချွန်စဉ်းစားမိတယ်။ အဲဒီကလေး အလုပ်ဖြစ်သွားရခြင်း အကြောင်းမှာ 'သူ့ကြောင့်' ဆိုတာ ရာနှုန်းဘယ်လောက်ပါ သလဲ။ လုံးဝအစွမ်းအစမရှိ ခပ်ညံ့ညံ့ကလေးတစ်ယောက်ကို သာအဲသလို ဆက်သွယ်ပေးမယ်ဆိုရင်ကော။ အဲဒါကို အမှတ် ရမိတော့လည်း အစွန်းမရောက်တဲ့ အဖြေမှန်တစ်ခုကို ကံချွန် ရှာမိပါရဲ့။

ကျေးဇူးဆိုတာ တင်ပြီးရင် အဆပ်ရခက်ပါတယ်။ ပြုဖူး တဲ့ကျေးဇူးနဲ့ ပြန်ဆပ်ရမယ့် အတိုင်းအတာဟာ သင်္ချာလို ညီမျှခြင်းထိုးထွက်လို့မှ မရတာ။ တစ်ခါကျေးဇူးပြုဖူးတာနဲ့ တစ်သက်လုံးပြန်ဆပ်နေရမှာလား။ ဘယ်လိုဆပ်ရမှာလဲ။ ဒီစကားကိုတွေးမိတော့လည်း ဆရာကြီး ဦးဆန်းထွန်းပြော ဖူးတာကို အမှတ်ရမိပါတယ်။

'ကိုယ့်ကို ကူညီတဲ့လူတွေ ရှိရင်သူတို့ကိုတော့ ပြန်ကူညီ ခွင့်ရချင်မှရမှာပေါ့။အဲဒီလို ကူညီခဲ့တာကို မမေ့ရင် ကျေးဇူး ဆပ်ချင်ရင်၊ တခြား အကူအညီလိုနေတဲ့ လူတွေကို ပြန်ကူညီ လိုက်ပါ'ဆိုတဲ့စကားပါပဲ။ဆရာမောင်ဖူလုံကသာခုပါ ကိုကံချွန် ဆိုတဲ့ အပြောကို အမှတ်ရမိလို့ အခုမှ ရှင်းပြမိတာပါ။

ကံချွန် အကြွေးတွေ ဆပ်နေတာပါဗျာ။

လူမှုရေးအကြွေးတွေ . . . ။

၁၅. ၁၁. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# စဉ်းစားစရာ ပြန်ဆိုတေး

ပြန်ဆိုတေးများနှင့် အောင်မြင်နေသူများကို လေ့လာကြည့်တော့ အောင်မြင်ခဲ့တဲ့ တေးများကို ပြန်ဆိုနေလို့ပါပဲခင်ဗျ။ ခုလိုကောက်ချက်ချတာကို သဘောမတူနိုင်ဘူးဆိုရင်တော့ တစ်ချိန်က လုံးဝ မအောင်မြင်ခဲ့တဲ့ တေးများကို ပြန်ဆိုဖို့ အကြံပြုရမှာပါပဲ။ ပြန်ဆိုတေးကြော်ငြာများကို မြင်တိုင်းကံချွန်အူယားနေလို့ ကံချွန်နဲ့ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ရေးမှာပဲဆိုပြီး ခုလို အစပျိုးလိုက်ရတာပါ။

ကံချွန် တွေးကြည့်မိတယ်။ ပြန်ဆိုတေးတွေ တစ်ခွေပြီးတစ်ခွေဆိုနေတာဟာ ဈေးကွက်မှာ ရောင်းရလို့ ဆိုတာကတော့ သေချာပါတယ်။ အနုပညာအားကောင်းလို့ ဆိုပြီးပြောရမှာတော့ခက်နေပါတယ်။ အသံကောင်းတိုင်း အနုပညာအားကောင်းတယ်လို့ ပြောဖို့လည်း စဉ်းစားစရာပါပဲ။ အသံကောင်းကောင်းနဲ့ ပြန်ဆိုတေးတွေဆက်တိုက်ဆိုရင်း အချိန်တွေကုန်သွားမယ်ဆိုရင်တော့ သားသမီးများလက်ထက်မှာ 'ငါ့အဖေဆိုခဲ့တဲ့သီချင်းလေ' ဆိုပြီး ပြလို့ရပါ့မလား။ အဲဒီသီချင်းက 'နင့်အဖေဆိုတာမဟုတ်ဘူး။ ငါ့အမေဆိုတာ' ဆိုပြီး ငြင်းစရာတွေဖြစ်လာမလား။အဲဒီအချိန်မှာ အသက်ရှစ်ဆယ်ကျော်ခေါင်းဖြူကြီးက 'ဟဲ့ . . . နင်ပြောတာမှားတယ်၊ မင်းပြောတာ

လည်းမဟုတ်ဘူး၊ အဲဒါ ငါဆိုတာ’ ဆိုပြီး ရှင်းရတဲ့အဖြစ်တွေ ရောက်လာမလား။ ဒါမှမဟုတ် ကျွန်မဖေဖေ ပြန်ဆို ဂန္တဝင် ဆိုပြီး ပြန်ဆိုရဲ့ သားသမီးများက ပြန်ဆိုဖို့ကြိုးစားကြမလား။ ပြန်ဆိုတေးသံရှင်ကြီးအနေနဲ့ သားသမီးများကို ဘယ်လို အနုပညာအမွေ၊ အတတ်ပညာ နည်းလမ်းကောင်းများ ပေးမှာလဲ။ အဲသလို . . . ကံချွန်ဟာ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေ တွေးနေမိတယ်ခင်ဗျ။

နောက်တစ်ချက် စဉ်းစားမိတာကတော့ ဒီနေ့ အနုပညာ ဖန်တီးမှု စွမ်းရည်တွေ ကျဆင်းလာလို့များ ပြန်ဆိုတေးတွေ နေရာရလာသလားဆိုတာပါပဲ။ မြန်မာသံတွေကို ပရိတ်သတ်က ပြန်လက်ခံလာပြီဆိုတဲ့ ကောက်ချက်မျိုးကို ဂျာနယ်တစ်စောင်မှာ ကံချွန်တွေ့မိတော့ ပြုံးမိတယ်။ ပရိတ်သတ်က ဘယ်တုန်းကမှ မပစ်ပယ်ပါဘူး။ အရည်အသွေးမီ မြန်မာသံတွေကိုက ထွက်မလာဘဲ ရပ်သွားတာပါ။ ကံချွန်သတိရမိသွားတာလေး ပြောပါမယ်။ စတီရီယိုများ အရှိအဟုန်အလွန်ကောင်းနေစဉ်မှာ ဆရာပုဏ္ဏကရဲ့ ‘တိမ်ပလီနွေနှောင်း’ ဟာ ထွက်ခဲ့တာပါ။ အဲဒီတုန်းကလည်း ‘ကော်ပီ’ တွေ၊ ‘အုန်းကျွန်း’ တွေကြားမှာ တိမ်ပလီဟာ ပန်းပန်ခဲ့တာပါ။ အဲသလို တွေးမိတော့ မြန်မာသံကို ပရိတ်သတ်က လက်မခံခဲ့တာ မဟုတ်ပါဘူး။ အရည်အသွေးမီ မြန်မာသံတွေ အထွက်နည်းခဲ့တာလို့ပဲ မြင်မိပါတယ်။ ဇော်ဝင်းထွဋ်၊လေးဖြူတို့ လျှမ်းလျှမ်းတောက်နေတုန်းမှာပဲ တွံတေးစိုးအောင်လည်း ပေါ်လာခဲ့တာပါပဲ။

http://swanbros.blogspot.com



ကံချွန်ကတော့ မြန်မာသံကို တကယ်ချစ်ရိုးမှန်ရင်၊ မြတ်နိုးရိုးမှန်ရင်မြန်မာသံများ ဝေစည်ဖို့အတွက်၊ မြန်မာသံ အသစ်များကို ဆိုကြစေချင်ပါတယ်။ ပြန်ဆိုပင်တိုင်ဆရာတို့ စဉ်းစားပါခင်ဗျာ။ တကယ်ကိုလေးစားမြတ်နိုးလို့ပြန်ဆိုရတာပါဆိုခဲ့ရာကနေပြီး'အနုပညာနှမ်းဖြူးတဲ့'ဘဝရောက်သွားမှာမျိုးကိုတော့ ကိုယ့်ကိုယ်ကိုမဖြစ်အောင် ထိန်းသိမ်းသင့်ပါတယ်။ အောင်မြင်ကျော်ကြားလူကြိုက်များခဲ့တဲ့ သီချင်းမှန်သမျှ ငါပြန်ဆိုမယ်၊ ငါပြန်ထုတ်မယ်ဆိုရင်တော့ 'သူတို့ချစ်တာ တစ်မျိုးကြီးနော်' လို့ပြောရမှာပါပဲ။

နောက်ပြီးပြန်ဆိုတေးများကို အားပြုနေသူများကိုယ်စား ကံချွန်စဉ်းစားမိတာလေးရှိပါတယ်။ အဲဒါကတော့ ဒီနေ့တေးသံရှင်ကြီးများဟာသူတို့ရဲ့သီချင်းများကို သူတို့ကိုယ်တိုင်ပြန်ဆိုနေကြပါပြီ၊ ပြန်ဆိုလာကြပြီဆိုတာပါပဲ။

ကံချွန်ဟာပြန်ဆိုတေးများကို အားပြုနေတဲ့ ထုတ်လုပ်သူ၊ တေးသံရှင်များကို အားမလိုအားမရဖြစ်ရတာလည်းပါပါတယ်။ ဘာလို့ ကိုယ့်ရဲ့အနုပညာသမိုင်းစာမျက်နှာမှာ သူများရဲ့ အနုပညာလုပ်ရပ်တွေကို ကူးထည့်နေရတာလဲ။ ပြန်ဆိုတေးတွေကို အောင်မြင်အောင် ဆိုနိုင်တယ်ဆို ကတည်းက အတိုင်းအတာတစ်ခုထိ သူ့မှာအရည်အသွေးရှိလို့ဆိုတာ ကံချွန်လက်ခံပါတယ်။ အဲဒီအရည်အသွေးကို တန်ဖိုးထားလေးစားမယ်ဆိုရင် ကိုယ်ပိုင်သီချင်းသစ်တွေကိုပဲ ဆိုပေါ့။

'ပြန်ဆိုတေး' ဟာငွေရနိုင်ပေမယ့် နာမည်မရနိုင်ပါဘူး၊

http://swanbros.blogspot.com



ပြန်ဆိုပြီဆိုကတည်းက အဲဒီသီချင်းဟာ အောင်မြင်ခဲ့လို့ပါ။ အဲဒီအောင်မြင်မှုကို ပြန်ဆိုတဲ့သူက ကျော်လွှားသွားတာ ကံချွန် တော့မတွေ့မိသေးပါဘူး။ အဲ. . မူလတေး၊ မူရင်း အဆိုတော် ရဲ့ အသံကို မကြားဖူးသူအတွက်တော့ 'မူး'ဟာမြစ်ပေါ့ခင်ဗျာ။ ပြီးတော့အဲဒီအောင်မြင်ခဲ့တယ်ဆိုတဲ့ သီချင်းတွေ့ရဲ့ မူလကို ပြန်လေ့လာကြည့်ရင် တေးရေးဆရာများဟာ ဘယ်သူဆိုဖို့၊ ဘယ်ဝါဆိုဖို့ပြီး၊ ရေးပေးခဲ့တာတွေပါ။ အဲသလို သီချင်းမျိုး ကျတော့ နောက်လူ ဘယ်လိုမှ ပြန်လိုက်မဆိုနိုင်တော့ပါဘူး။ အသံကောင်းခြင်း၊ မကောင်းခြင်း၊ အဆိုပညာပြည့်ဝခြင်း၊ မပြည့်ဝခြင်းနဲ့ကို မဆိုင်တော့တာ။ ကံချွန်နမူနာပြပြီးပြောပါ ရစေ။ ကွယ်လွန်သူ ဦးဖူးအံ့ သီဆိုခဲ့တဲ့ကွမ်းနဲ့အချစ်ဟာ ဆရာဦးဘိုခင်က ဦးဖူးအံ့ အတွက်ရေးပေးတဲ့သီချင်းပါ။ အဲဒီသီချင်းကိုကံချွန်စပြီးနားထောင်ရတာဈေးချိုအလယ်ပေါက် ကထိန်မှာပါ။ ဦးဖူးအံ့က သီချင်းသာဆိုနေတာပါ။ ကွမ်းစား ကမပျက်ပါဘူး။ ဒါ့ကြောင့်လည်း ကွမ်းနဲ့အချစ် သီချင်းကို ဦးဖူးအံ့ အတွက်ရေးပေးတာပါ။ 'ဈေးချိုအလယ်မှာ . . . လေးပျို ထယ်ဝါ. . . . မှန်လုံကားနဲ့လာ . . . . ' ဆိုပြီးစက တည်းက ဦးဖူးအံ့ရယ် ဆိုတဲ့နေရာရယ် 'ကျွန်တော့်ကို ချစ်ရင် လေ. . . ပုလင်းဆေးနဲ့ ကွမ်းလေးယူခဲ့ပါ. . 'ဆိုတဲ့ အပိုဒ်မှာ ကွမ်းထုတ်စားပြလိုက်တာရယ်၊သက်ကြီးတေးသံရှင်ကြီးတစ်ဦး ဆိုတဲ့အချစ်သီချင်းက မကလက်ဘဲ ကြည်နူးစရာဖြစ်နေတာ ရယ်၊ အဲဒီအမြင်၊ အဲဒီခံစားမှု ဦးဖူးအံ့ရဲ့ (လူကြီး)သံကို နားစွဲ

http://swanbros.blogspot.com



နေတော့ ကံချွန်ရဲ့ မိတ်ဆွေ ညီအစ်ကိုလိုခင်တဲ့ ချစ်သူငယ်ချင်း(ကို)သုမောင် ပြန်ဆိုတော့ ကံချွန်နားထောင်လို့ မရတော့ပါဘူး။ ကိုသုမောင်ညံ့လို့မဟုတ်ပါဘူး။ (အသံ) ကောင်းလွန်းနေလို့။

ဒါကြောင့်ပြန်ဆိုတေးဟာ မူလတေးသံရှင်ကို ကျော်လွှားနိုင်ဖို့မလွယ်ပါဘူး။ (သုလေးရေ. . . သည်းခံဟ။ တစ်ခြားအဆိုတော်နမူနာပြရင် ဆိုလိုရင်းပျောက်ပြီး အမြင်စောင်းသွားမှာစိုးလို့ သုကို နမူနာထဲ ထည့်လိုက်ရ တာပါ) နောက်ပြန်ဆိုတဲ့လူကို ဘယ်လောက်ကောင်း ကောင်းပါ။

စဉ်းစားကြပါ။ ကံချွန်စေတနာနဲ့ အကြံပြုတာပါ။ ပြန်ဆိုတေးဆိုတာ ကိုယ့်ရဲ့ အနုပညာသမိုင်းစာမျက်နှာမှာ အခြားအနုပညာရှင်ရဲ့ မှတ်တမ်းကို ကူးထည့်တာပါပဲ။ တေးသံရှင်တိုင်း ကိုယ်ပိုင်သီချင်းများနဲ့ အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ကြပါစေ။

ကံချွန်
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# တကယ်ဆိုင်တာပါ

ကံချွန် ဒီတစ်ပတ် တင်ပြချင်တာလေးကတော့ တကယ်ဆိုင်လို့ ရေးရမှာပါ ခင်ဗျာ။ ကံချွန်တို့ဟာ လင်မယား(ရှိရင်) ရန်ဖြစ်လို့ရပါတယ်။ ညီအစ်ကိုချင်း သဘောထားမတိုက်ဆိုင်လို့ မပတ်သက်ချင်ရင် ရပါတယ်။ သူငယ်ချင်း ယုံကြည်ချက်မတူလို့ လမ်းခွဲကြစို့ဆိုရင်ရပါတယ်။ သားသမီးကို ပြောစကားနားမထောင်ရကောင်းလားဆိုပြီး၊ နားရင်းအုပ်လို့ ရပါတယ်။ ကံချွန်အခု တင်ပြမယ့်ဌာနကတော့ ကံချွန်တို့ မျက်စောင်းတောင် မထိုးရဲပါဘူးခင်ဗျာ။ ဒါ့ကြောင့် လေးစားစွာပဏာမမှာ ဂါရဝပြုလိုက်ပါတယ်။ အဲဒီဌာနက ဆက်သွယ်ရေးပါပဲ။

နယ်စာပေဝါသနာရှင်များ၊ စာရေးဆရာများ၊စာရေးစားသူများဟာ ဆက်သွယ်ရေးနဲ့ ကင်းလို့မရပါဘူး။ မဂ္ဂဇင်း၊ ဂျာနယ် ဆိုတာက ရန်ကုန်မှာပဲ ရှိပါတယ်။ စာမူပို့ချင်ရင် ဆက်သွယ်ရေးစာတိုက်ကနေပို့ကြရပါတယ်။ ကံချွန်တို့လို စာရေးစားသူများအတွက် အပတ်စဉ်ဂျာနယ်တွေ ထွက်နေချိန်မှာအနည်းဆုံး၊ရက်တစ်ပတ်ကို နှစ်ခါလောက် စာတိုက်ကြီးကို ရောက်ရပါတယ်။ စာရေးသူဆိုတာ ကိုယ့်စာမူ အပျောက်မခံနိုင်ပါဘူး။ သေချာချင်ပါတယ်။ အချိန်နဲ့ ထွက်နေတဲ့ အပတ်စဉ်ဂျာနယ်တွေကိုပို့ရတာမို့ မြန်မြန်လည်းရောက်ချင်

http://swanbros.blogspot.com



ပါတယ်။ ဒါကတော့ ကျွန်တော်တို့ဆန္ဒပေါ့ခင်ဗျာ။ ဒါကြောင့် လည်းသေချာပြီးမြန်မယ့်နည်းနဲ့ငါးဆယ်ကျော်ပေးပြီး၊ ပို့ကြရ ပါတယ်။ ကံချွန်တို့မျှော်လင့်သလို ဖြစ်လာလို့ကတော့ တစ်ရာ ဆိုလည်းတန်ပါတယ်။ လုပ်ငန်းလွယ်ကူချောမွေ့ မြန်ဆန်ရေး ဆိုတာလေးကိုတော့ဌာနအတွင်းမှာ ရှိစေချင်တယ်ပေါ့ခင်ဗျာ။ လူနှစ်ဆယ်ကျော်စုပြုံတိုးနေရတာတော့ ကံချွန်နည်းနည်းလေး စိတ်ညစ်ပါတယ်။

အမြန်ချောပို့မှာက ကိုယ့်ဟာကိုယ် ပိတ်သွားရင်ဖွင့်ပြရ ပါတယ်။သူတို့ဆီရောက်မှစာအိတ်ထည့်ရင်ပိတ်ပေးလို့ခိုင်းပါ တယ်။ကံချွန်ဆိုရင်မြို့သစ်ကနေစာတိုက်ကြီးရောက်အောင် နယ်မြေစာတိုက် ငါးခုထက်မနည်း ကျော်လွှား သွားရပါတယ်။ အမြန်ချောပို့ကို စာတိုက်ကလေးတွေမှာ လုပ်လို့ မရပါဘူး၊ (တစ်မျိုးပဲနော်) ဆက်သွယ်ရေးမှာ စာတိုက်ကလေးများနဲ့ စာတိုက်ကြီး ဆက်သွယ်ရတာခက်လို့များလား လို့ ကံချွန် မရဲ တရဲ တွေးမိပါတယ်။ ဒါတော့မဖြစ်နိုင်ပါဘူးဆိုပြီးကပျာကယာ ခေါင်းထဲကထုတ်ပစ်ရတယ်။ 'ငါဟာ နှစ်ဖာလုံလောက် ရှိတဲ့ စာတိုက်ကလေးကနေအမြန်ချောပို့နဲ့ပို့ချင်းဟာဖြင့် အပျင်းထူ တာပဲ။ ရေသာခိုတာပဲ။ သက်ဆိုင်ရာဆက်သွယ်ရေးဌာနကို အလုပ်တွေများနေတဲ့ကြားမှာ ထပ်ရှုပ်အောင် လုပ်ချင်တာပဲ။ တာဝန်သိ စာရေးဆရာတစ်ယောက်အနေနဲ့ ငါပဲအလုပ်ရှုပ်ခံ သင့်တယ်။သက်ဆိုင်ရာဌာနလွယ်ကူချောမွေ့ရေးကိုတတ်စွမ်း သမျှကူညီရမယ်' လို့ သဘော ထားပြီးလေးမိုင်လောက် ဝေးတဲ့

http://swanbros.blogspot.com



စာတိုက်ကြီးကိုသွားရပါတယ်။ကိုယ့်ကိုယ်ကိုယ်လည်းသတိပေး ရပါတယ်။ ငါဟာ အလွယ် ကြိုက်နေပြီလား၊ အလွယ်မကြိုက်နဲ့၊ အချောင်သမားစိတ် မဝင်နဲ့ဆိုပြီးတော့။

အဲသလို သတိပေးနေတဲ့ ကြားကကိုပဲ ကံချွန်ဟာ သက်တောင့်သက်သာ၊ လွယ်လွယ်ကူကူ၊ စိတ်ချလက်ချ ပေးပို့လို့ ရမယ့် 'ဂွဒ်ရှယ်ထူးမြန်ချော' ဆိုတာမျိုးကို ငွေပိုယူပြီး ထပ်လုပ်ရင် ကောင်းမှာပဲလို့ တမ်းတမိပါတယ်။ ဒီနေ့ မန္တလေးကပို့၊ မနက်ဖြန် ရန်ကုန်ရောက် (ကိုယ်ပို့ချင်တဲ့ နေရာ ရောက် ,မရောက်တော့မသိဘူးနော်) ဆိုတဲ့ အာမခံချက်ထက် ခိုင်မာတဲ့ ကိုယ်ပို့တဲ့ဆီရောက်ရမယ် ဆိုတာမျိုး တာဝန်ယူရင် သိပ်ကောင်းမှာပဲလို့လည်း တမ်းတမိပါတယ်။အဲသလို ဂွဒ်ရှယ် ထူးမြန်ချောကို မြို့နယ်စာတိုက်တွေမှာ မနက်ဆယ်နာရီက ဆယ့်နှစ်နာရီ ထိ၊ ဒါမှမဟုတ် ဆယ့်တစ်နာရီထိ၊ ဒါမှမဟုတ် နေ့လယ် တစ်နာရီထိ ဆိုတာမျိုး စာတိုက်ကြီးနဲ့ အနီးအဝေးကို လိုက်လို့ လက်ခံလုပ်ကိုင်ပေးမယ်ဆိုရင်တော့ ကံချွန်ဟာ ကိုယ့်ထမင်း ကိုယ်ရှာစားပြီး ဆက်သွယ်ရေးကြီးကောင်းကြောင်း ကြော်ငြာ ၊ ဆောင်းပါးတွေ ရေးပေးမိမှာပါ။

ဆက်သွယ်ရေးက သိပ်မြန်တယ်၊ တိကျတယ်၊ စိတ်ချရတယ်။ နီးစပ်ရာစာတိုက်မှာသွား ဆက်သွယ်ရေးနည်းမှန်သမျှ ဆက်သွယ်လို့ရတယ်။ ဟာ. . . အဲဒါကတော့ စာတိုက်ကြီးသွားမှ ဆိုပြီးဆက်သွယ်ရေးမှာ ဆက်သွယ်လို့မရတဲ့အမျိုးအစားမရှိဘူး။ နီးရာစာတိုက်မှာ လုပ်လို့ရတဲ့

http://swanbros.blogspot.com



အတွက်စာတိုက်ကြီးမှာ မြင်မကောင်း ရှုမကောင်း စာတစ်စောင်ပို့ဖို့ တိုးဝှေ့နေရတာမျိုးလည်း မဖြစ်တော့ဘူး။ စာတိုက်ကြီးက ဝန်ထမ်းများလည်း သက်တောင့်သက်သာရှိသွားမယ်။ (ကံချွန်တို့ချည်း သက်သာချင်တာမဟုတ်ပါဘူးနော်) ကိုယ်က အလုပ်တွေအများကြီး လုပ်နေရလို့ ဟိုဘက်စားပွဲ က သန်းဥစမ်းနေသူကိုလည်း မျက်စောင်းထိုးဖို့ မလိုတော့ဘူး။ ဒီဘက်စားပွဲက သွားကြားထိုးနေသူကိုလည်း ငဲ့ကြည့်စရာ မလိုတော့ဘူး။ ကိုယ်လည်း အေးအေးဆေးဆေး မိတ်ကပ်ကြော်ငြာအကြောင်း၊ ကြိုးဆွဲနှုတ်ခမ်းနီအကြောင်း ဆွေးနွေးရင်းအလုပ်လုပ်လို့ရမယ်။ ဝန်ထမ်းများလည်း အဲသလို သက်သာမယ်။

နီးရာစာတိုက်ကနေ စိတ်ချလက်ချ လုပ်နိုင်ရင်၊ ပို့နိုင်ရင် ကံချွန်တို့လည်း အချိန်ကုန်သက်သာမယ်။ (ငွေပိုကုန်ချင်ကုန်ပါစေ) စာတစ်စောင်ပို့ဖို့ နေ့တစ်ဝက်လောက် အချိန်ပေးရမယ့်အစား နာရီဝက်လောက်ပဲ အချိန်ပေးရရင် အလုပ်လုပ်ချိန် ပိုထွက်ပါမယ်။ လျှင်မြန်စွာ တိုးတက်ပြောင်းလဲနေတဲ့ နည်းစနစ်တွေကို ကံချွန်တို့ ချစ်ခင်လေးစားရပါတဲ့ ဆက်သွယ်ရေးကြီးက ဘေးကနေ ထိုင်ကြည့်နေမယ်မဟုတ်ဘူးလို့တော့ ကံချွန်ယုံပါတယ်ခင်ဗျာ။

ဂွဒ်ရှယ်ထူးမြန်ချော်တွေ နယ်မြေစာတိုက်ကလေးများကနေ လုပ်လို့ရမယ့်ရက်ကို ကံချွန်မျှော်နေပါတယ်။ လောလောဆယ်မှာတော့လူကြုံရှာပြီး စာပါးတဲ့ အလုပ်ပဲ လုပ်နေပါတယ်။

http://swanbros.blogspot.com



'ဒီစာလေး ယူသွားစမ်းပါ။ ၃၃ လမ်းထဲဝင်ပြီး ကိုလင်းကိုပေးလိုက်စမ်းပါ'

'ကိုလင်းမှ ကျွန်တော်မသိတာ'

'ကြည့်လိုက်ကွာ။ ခပ်ချောချောလေး။ တော်တော့်ကိုချောတာ။ အဲဒီကောင်လေးတွေ့ရင် ပေးလိုက်။ အဲဒါဆိုမမှားတော့ဘူး။ လိပ်စာထက် သေချာတယ်'

ဘာညာနဲ့ ဟာသတွေပြော အားနာပြီး သွားပို့ချင်စိတ်ဝင်အောင်လက်ဆင့်ကမ်းကာနီးမှာ အတင်းရင်းနှီးပြလုပ်နေရပါတယ်။

ဒါကြောင့် .......

သက်ဆိုင်ရာခင်ဗျာ .... ရောမမြို့ကြီးမှာ စာတိုက်ပေါင်း များစွာဆက်သွယ်ဖို့ လွယ်ကူအောင်ဖွင့်ပေးထားပြီးအမြန်ချောကတော့ စာတိုက်ကြီးမှာပဲ ရတယ်ဆိုတာလေးကျယ်ပြန့်အောင် လုပ်ဖို့အကြံပြုပါရစေခင်ဗျား။ လေးစားပါတယ်။ ရှိသေပါတယ်။ တစ်နေရာတည်းမှာ စုပြုံတိုးနေရတာဝန်ထမ်းများလည်း မသက်သာပါဘူး။ တိုးရသူများလည်းမသက်သာပါဘူး ခင်ဗျာ။ကံချွန်တို့ မြို့သစ်သားများသွားရတာလည်းဝေးပါတယ်။ ဆက်သွယ်ရေးလုပ်ငန်းကို ကျယ်ပြန့်လွယ်ကူအောင်၊ မြန်ဆန်အောင်၊ စိတ်ချရအောင် လုပ်ပေးဖို့ရှိသေစွာ အကြံပြုတာပါခင်ဗျာ။ ကံချွန်ရဲ့ အိပ်မက် ထဲမှာတော့ ပုဂ္ဂလိက ဆက်သွယ်ရေးလုပ်ငန်းများဟာ အိမ်တိုင်ရာရောက် စာတွေ လိုက်သိမ်း နေပါပြီ။ လမ်းထိပ်တိုင်း မှာ

## ၂၆၂ 🕮 အင်ကြားပြီး နှင့် ဆိုင်ဆိုင်, စဆိုင်ဆိုင်

ပုဂ္ဂလိကတွေရဲ့ စာတိုက်ပုံးတွေ အပြိုင် ထောင်နေပါပြီ။ အိပ်မက်ထဲမှာ ပြောတာပါ။

ဒီတစ်ပတ်တော့ တကယ်ဆိုင်နေတာလေးမို့ . . . . ။

၂၉. ၁၁. ၉၉
(အလင်းတန်းဂျာနယ်)

# ကံချွန်နှင့်ဒွေး

အလင်းတန်းဂျာနယ်ထဲမှာပဲ 'ဒွေး' ရဲ့အိမ်ကို သူခိုးဝင်တဲ့ အကြောင်း၊ သူခိုးက ဒွေးအိမ်မှန်းသိသွားတော့ ဘာမှမခိုးဘဲ တောင်းပန်စာရေးပြီး ပြန်ထွက်သွားကြောင်း သတင်းလေး တစ်ပုဒ်ကို အလင်းတန်းဂျာနယ်မှာပဲ ကံချွန်ဖတ်မိခဲ့ပါတယ် ခင်ဗျ။ အဲဒါ ဖတ်မိကတည်းက ကံချွန်ရဲ့ အဖြစ်အပျက် အတွေ့အကြုံကို ပြန်ရေးပြချင်မိပါတယ်။ မအားလို့ ခုမှ ရေးလိုက်တာပါ။

ဒီလိုပါခင်ဗျာ။ကံချွန် ဘုရားကြီးကျောက်ဆစ်တန်းမှာနေ တုန်းက (လွန်ခဲ့တဲ့ဆယ့်ငါးနှစ်ကျော်ဝန်းကျင်ကပေါ့ခင်ဗျာ) နေရတဲ့ အိမ်ကကျဉ်းတော့ ဆက်တီခုံတွေကို ညည ဆို အပြင် မှာပဲထားရပါတယ်။ အိမ်ထဲသွင်းလို့ မရပါဘူး။ ဆက်တီ ခုံတွေကလည်း နာမည်ခံပါ။ ခြေကျိုး၊ လက်တန်းပြုတ်နောက်မီ ယိုင်ဆိုတဲ့ ဆက်တီဂီလာနတွေပါ။ ဒါကြောင့်လည်း အိမ်ပြင် မှာ ထားရဲတာပေါ့ခင်ဗျာ။

တစ်ရက်မှာတော့ အဲဒီဆက်တီခုံတွေ ပျောက်သွား ပါတယ်။ ကံချွန်တို့ အိပ်ရာထတော့ မတွေ့ရတော့ပါဘူး။ ပျောက်သွားတဲ့အကြောင်း ပြောမိတော့ မနက်အစော ဈေးချို သွား ဈေးရောင်းဖို့ သုံးနာရီ လေးနာရီမှာ ကားစောင့်စီးရတဲ့

ကုန်စိမ်းဈေးသည်တွေက ပြောပါတယ်။

(ကံချွန်တို့နောက်ကျော ဒေါနခြံရပ်ကွက်က ကုန်စိမ်း ထွက်တာကိုး။ သူတို့က ဈေးချိုမှာ ကုန်စိမ်းရောင်းပြီး နေ့ ဆယ်နာရီ၊ ဆယ့်တစ်နာရီလောက်မှာ ပြန်လာကြတယ်။ အဲဒီတော့မှ ပြောတာပါ)

'မနက်အစောကြီး တွေ့သားပဲ။ ဆိုက္ကားနဲ့တင်သွားတယ်။ တို့က ဟဲ့ . . . အဲဒီခုံတွေ ဘယ်ကယူလာတာလည်းလို့တောင် မေးသေးတယ်။ ကိုကံချွန်တို့ အိမ်ကပါဆိုပြီး ဖြေလို့။ မင်းတို့ ပြင်စရာခိုင်းတာမှတ်လို့ ကြည့်နေလိုက်တာ'

လို့ပြောပြတယ်ခင်ဗျာ။ ကံချွန်လည်း နာမည်တစ်လုံးနဲ့ နေတာဆိုတော့ လူသိများပါတယ်။ ကံချွန်ကိုသိတာပဲ ဂုဏ် ယူပါတယ်။ ခုံကအရေးမကြီးပါဘူး။ ခွေးရဲ့သတင်းဖတ်မိလို့ အဲဒီအဖြစ်အပျက်ပြန်အမှတ်ရသွားတာပါ။ ခွေးအိမ်ဝင်တဲ့ သူခိုးကတော့ ခွေးအိမ်မှန်း သိတော့ဘာမှ မယူတော့ဘဲ တောင်းပန်စာရေးပြီး ပြန်ထွက်သွားတယ်။ ကံချွန်ရဲ့ ခုံတွေ ယူတဲ့ သူခိုးကတော့ ကံချွန်အိမ်မှန်းသိလို့ကို အန္တရာယ်ကင်း စွာနဲ့ ယူသွားနိုင်ဖို့ ကိုကံချွန်အိမ်က ယူလာတာပါဆိုပြီး ကြေညာသွားသေးတယ်။ ဟိုတုန်းကပေါ့ခင်ဗျာ။

ခွေးကိုချစ်တဲ့ ပရိသတ်ကို သတိထားမိနိုင်သလို ကံချွန် ဆက်မတွေးရဲဘူး ဖြစ်နေတယ်။ ကံချွန်ကိုတော့ မုန်းတာမဖြစ် နိုင်လောက်ပါဘူး။ ခုံတွေ ယူသွားတာက ချစ်လျက်နဲ့ မလွဲသာ လို့ယူသွားတာနေမှာပါ။ အဲဒီတုန်းက ကံချွန်ရေးတာတွေဟာ

http://swanbros.blogspot.com



အလွန်ချစ်စရာကောင်းခဲ့ပါတယ်ခင်ဗျာ။ ကံချွန်တို့ အနုပညာ လောကရဲ့ မဟာဉာဏ်ကြီးရှင်အချို့အကြောင်းဆို ကံချွန်ပြော ချင်တာမှ ပါးစပ်ကို ယားနေတာပဲခင်ဗျ။ ရေးချင်တာလည်း လက်ကိုရွစိရွစိပါပဲ။ အတွေးအခေါ်တွေဟာ အလွန်ဆန်းသစ် ပါတယ်။

ခေါင်းလျှော်လို့ လုပ်ငန်းတွေအဆင်ပြေတာတို့၊ အမွှေး တိုင် မီးရှို့လိုက်တာနဲ့ သူဌေးဖြစ်တာတို့၊ နောက်ပြီးအသံကိုသာ ပိတ်ပြီးအရုပ်ချည်းပဲကြည့်လိုက်၊ ကောင်လေး နဲ့ကောင်မလေး ပြေးလိုက်၊ ကလိုက်၊ ပြုံးလိုက် လုပ်ပြနေတာ ခင်ဗျ။ အသံနဲ့ တွဲကြည့်မှ အဓိပ္ပါယ်သိရတယ်။ ချောင်းဆိုး ပျောက်ဆေး ကြော်ငြာတာ။

အဲသလိုပါပဲ။ ကြော်ငြာတစ်ခုမှာတော့ အသံပိတ်ကြည့် ရင် ကလေးကစားကွင်း ကြော်ငြာနေသလိုပဲ။ အသံပါထုတ် ကြည့် မှ ကုန်တိုက်ကြော်ငြာမှန်း သိရတယ်။

ဒါတွေဆို ကံချွန်မရေးတော့ပါဘူး။ လက်ကို အတင်း ဘရိတ်အုပ်ထားပါတယ်။ ကြော်ငြာတွေကြည့်ရင်း ဒွေးကို ဘယ်လောက်ချစ်ကြတယ်ဆိုတာလည်း ကံချွန်သတိထားမိ တယ်ခင်ဗျ။ နှုတ်ခမ်းနီ၊ မိတ်ကပ်၊ စနိုး၊ သနပ်ခါး၊ မိန်းကလေး အသုံးအဆောင်ပစ္စည်းများ ကြော်ငြာရာမှာလည်း ဒွေးပါတာ ပါပဲ။ ကိုယ့်ရဲ့ ကုန်ပစ္စည်းအောင်မြင်ဖို့၊ ရောင်းရဖို့အတွက် ဒွေးနဲ့ကြော်ငြာတာ၊ ပရိသတ်ချစ်တဲ့ ဒွေးကိုသုံးတာ သဘာဝ ကျပါတယ်။ ကံချွန်တောင်မှ ဆိုင်ဆိုင်,မဆိုင်ဆိုင် ဆိုပြီးရေး

နေသေးတာပဲ။ ဒွေးလည်း ဆိုင်ဆိုင်, မဆိုင်ဆိုင် ကြော်ငြာပေးမှာပေါ့။ အဲဒါကို ကလိစရာခိုင်းကြတယ်ခင်ဗျ။ ကံချွန်ကတော့ အဲဒါလေးရေးမလား နိုးနိုး၊ ဟိုဟာလေး ကလိမလား နိုးနိုးပါဘဲ။ ဆိုင်ဆိုင်, မဆိုင်ဆိုင်ချင်း အတူတူမို့ မကလိချင်လို့ပေါ့။ ဘက်လိုက်တာပေါ့။ ဘာဖြစ်လဲ။ မိတ်ကပ်တွေ ၊ သနပ်ခါးတွေ၊ စနိုးတွေ၊ နှုတ်ခမ်းနီတွေ ကြော်ငြာရုံမကလို့ ဘရာစီယာ ကြော်ငြာကြော်ငြာ၊ နောက်ပြီး ထားပါတော့။ ဘာကြော်ငြာ ကြော်ငြာပေါ့။ ဘာဖြစ်လဲ။ ငှားလို့ ရိုက်တာပဲ။ ငှားတဲ့သူများကလည်း ကောင်မလေးတွေက ဒွေးကကောင်းတယ်ပြောမှ ဝယ်သုံးချင်မှာကိုး။ ကံချွန် ကိုယ်ချင်းစာပါတယ်။ ကံချွန်ဆိုရင်ဟိုကော်ဖီမစ်ကို ဟိုကောင်မလေးကကောင်းတယ်ပြောလို့ ဝယ်သောက်နေတာပဲ။ ခါးတော့ တော်တော်ခါးတယ်။ ကွပ်ကနဲ အမြန်မြိုချရတာ။ သူလေးက ကောင်းတယ်ပြောတော့ကောင်းရတာပေါ့။ အဲ နောက်မုန့်ကြော်ငြာတစ်ခု ကိုတော့ ကံချွန်ဝယ်စားရမှာ တော်တော်ကသိကအောင့်ဖြစ်နေပါတယ်။ ခွေးတောင် ကြိုက်တယ်ဆိုပြီး ကြော်ငြာထားတာပါ။ ကသိကအောင့် ဖြစ်ပေမယ့် မရေးပါဘူး။ သူများနဲ့မတူအောင်တွေးခေါ်ထားရတာကို လေးစားတတ်ရမယ်လို့ ကံချွန်ဟာ ကိုယ့်ကိုယ်ကိုယ် ပညာပေးထားပါတယ်။

၁၃. ၁၂. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မြို့သစ်အကြိုက်

စိတ်ဝင်စားတတ်မယ်ဆိုရင် စိတ်ဝင်စားစရာပါပဲခင်ဗျာ။ ကံချွန်ဟာမြို့သစ်ရဲ့ကာရာအိုကေများကို စိတ်ဝင်စားပါတယ်။ ကံချွန်တို့မြို့သစ်မှာ ကာရာအိုကေအတော်များပါတယ်။ နေ့မှာတော့ လူငယ်တွေအဆိုများပြီး၊ ညပိုင်းမှာတော့ လူလတ်၊ လူရွယ်၊ လူကြီးတွေ အများဆုံး၊ ဆိုကြတယ်ခင်ဗျ။ ညညဆိုရင် သန်းခေါင်ကျော်အထိ ကာရာအိုကေသီချင်းသံကို ကြားနေရတတ်ပါတယ်။

သီချင်းသံတွေကြားရတော့ သီချင်းကို ဘာလို့ဆိုသလဲလို့ ကံချွန်စဉ်းစားမိပါတယ်။ (စဉ်းစားတာက ငွေမကုန်တဲ့ အလုပ်မို့ကံချွန်ရဲ့ဝါသနာဟာ မိသားစုစီးပွားရေးမထိခိုက်တဲ့ဝါသနာလို့ဆိုရမှာပေါ့ခင်ဗျာ) ကာရာအိုကေဟာ သီချင်းဆိုဝါသနာပါတဲ့ လူငယ်များအတွက် အဆိုလေ့ကျင့်ဖို့ အကောင်းဆုံးပါပဲ။ အဆင့်မီတီးဝိုင်းကြီးကို ဈေးပေါပေါနဲ့ မိနစ်ပိုင်းငှားလိုက်ရသလိုပါပဲ။ ကိုယ်နှစ်သက်တဲ့အဆိုရှင်ရဲ့ သီချင်းကို အဆင့်မီတီးဝိုင်းကြီးနဲ့အဆိုလေ့ကျင့်လို့ရတယ်။ စာသားကိုလည်း မေ့ဖို့မလိုဘူး၊ လုံးဝမရတောင်ကြည့်ဆိုဖို့ အဆင်သင့်၊ ဒီတော့ အဆိုလေ့ကျင့်ချင်သူများအတွက် အဆင်ပြေတယ်။

ပြီးတော့ .....

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



လေ့ကျင့်ချင်လို့တော့ မဟုတ်ဘူး၊ အဆိုတော် ဖြစ်ချင်လို့လည်း မဟုတ်ဘူး၊ ဝါသနာတော့ ပါတယ်။ အပျင်းပြေ အပျော်တမ်း အချိန်ဖြုန်းရမယ်ဆိုရင် လောင်းကစား လုပ်တာထက်၊ စားသောက်ဆိုင်သွားတာထက်၊ အပျော်အပါး လိုက်စားတာထက် အန္တရာယ်ကင်း၊ ငွေကုန်သက်သာတယ် ဆိုပြီးဝင်ဆိုသူများလည်းရှိပါတယ်။ အဲသလို ပုရိသများ ကတော့ ကိုယ်ရတဲ့ သီချင်းကို ထပ်ပြန်တစ်လဲလဲ နှစ်ခါသုံးခါ ကျော့ပြီးဆိုလေ့ရှိတယ်ခင်ဗျာ့။ အဲသလိုပုဂ္ဂိုလ်မျိုးကတော့ အဆိုနဲ့အတီး တစ်ထပ်တည်းကျသည်ဖြစ်စေ၊ မကျသည် ဖြစ်စေကိုယ်ရသလိုနဲ့ အပြတ်ဟာစ်တော့တာပဲ။

ရှိသေးတယ်. . .

ခံစားချက်ကိုရင်ဖွင့်ချင်လို့ ဆိုတာ၊ ချစ်သူကို လွမ်းလို့၊ အဆင်ပြေလာလို့ပျော်တဲ့အတွက် အဲသလို. . အဲသလို ခံစားချက် တစ်ခုခုကြောင့်ကာရာအိုကေမှာလာပြီးအပြတ်ဟာစ်တဲ့ သူများလည်းရှိတယ်ခင်ဗျ။ အဲသလိုရင်ဖွင့်ချင် သူများကတော့ လူရှင်းချိန်မှာ လာပြီးမျက်ရည်တွေဘာတွေ ဝဲလို့ ဆိုရင်းငို၊ ငိုရင်းဆိုတွေ ဘာတွေဖြစ်ကုန်တာပဲ။ ပျော်လို့ဆိုတာထက် အလွမ်းတွေကို ကာရာအိုကေထဲမှာ လာမျှောတဲ့သူက ပိုများပါတယ်။

ညညမှာ သန်းခေါင်ကျော်အထိ ဆိုကြသူများကတော့ တစ်မျိုးခင်ဗျ၊ အသက်သုံးလေးဆယ်ဝန်းကျင်တွေပါပဲ။ အသံကတော့ အတီးတခြား၊ အဆိုတခြားပေါ့ခင်ဗျာ။ တစ်ခါ

http://swanbros.blogspot.com



တလေမှာ သံပြိုင်တွေပါသေးတယ်။ အမျိုးသားကြီး သုံးလေးယောက် တစ်ပြိုင်တည်းဆိုတာ။ တချို့က ရက်တစ်ပတ်တစ်ခါ၊ ဆယ်ရက်တစ်ခါ၊ တချို့ကတော့ နှစ်ရက်သုံးရက်ခြားတစ်ခါ၊ ညပိုင်းဆိုသူ အတော်များများ ကတော့ လူတွေသာ ပြောင်းသွားတယ်။သီချင်းမပြောင်းပါဘူး၊ သူတို့နှစ်နှစ်သက်သက် ဆိုတဲ့ သီချင်းက နှစ်ပုဒ်ပါပဲ။ အဲဒါကတော့ 'ဂုဏ်' သီချင်းနဲ့ 'နဂါးနီ' သီချင်းပါခင်ဗျာ။ ကြိုက်သလား မမေးနဲ့၊ ဆိုသလား မမေးနဲ့ ညတိုင်းအားရပါးရ ဆိုနေကြတာ။

နောက်ပြီး တီဗွီက ကြော်ငြာတွေထဲမှာ မြို့သစ်သူ၊ မြို့သစ်သားများကို ထိထိ ရောက်ရောက် ဆွဲဆောင်နိုင်တဲ့ ကြော်ငြာတွေရှိပါတယ်။ ကြော်ငြာတွေဆိုလို့ ကုန်ပစ္စည်းတွေ အများကြီးမထင်နဲ့နော်၊ ကုန်ပစ္စည်းကတော့ တစ်မျိုးတည်းပါ။ တီဗွီကလာတဲ့ကြော်ငြာမှန်သမျှကြည့်တော့ ကြည့်ကြတာပါပဲ။ ကိုယ့်အိမ်မှာမရှိလည်း လက်ဖက်ရည်ဆိုင်တိုင်းက တီဗွီနဲ့ ဧည့်ခံနေပြီကိုး။ ကံချွန်တို့မြို့သစ်မှာအရပ်ခံဆိုင်များကတော့ ကိုယ့်အချင်းချင်းတွေမို့ လက်ဖက်ရည်တစ်ခွက်သောက်ပြီး မိသားတစ်စုလုံး ထိုင်ငေးလို့ရတယ်ခင်ဗျ။ ကလေးများဆိုရင် ဆိုင်ရှေ့လမ်းဘေးကနေထိုင်ငေးတာပါပဲ။ တီဗွီကို မဝယ်နိုင်သော်ငြားလည်း တီဗွီနဲ့ကတော့ ရင်းနှီးနေကြပါပြီ။ ဒါ့ကြောင့် တီဗွီက ကြော်ငြာတာတွေဟာ ပြန့်နှံ့ထိရောက်နေတာပါ။

အလှအမျိုးစုံသုံး၊ ပစ္စည်းတွေကို တီဗွီကြော်ငြာမှာ တွေ့နေရပါတယ်။ပစ္စည်းအသစ်တွေရော၊ အရင်ကတည်းက ရှိနေတဲ့

ဟာတွေ နာမည်အထူးအဆန်းပေးပြီး ပြန်ရောင်းတာရော။ (မြေပဲဆံ ဂျုံရေထဲ နှစ်ပြီး ကြော်ထားတဲ့ ပြည်တော်သာ ကျောက်ခဲလိုဟာမျိုးပေါ့ခင်ဗျာ) သေချာတာတစ်ချက်ကတော့ တီဗွီမှာ ကြော်ငြာတဲ့ပစ္စည်းဆိုရင် မကြော်ငြာတဲ့ ပစ္စည်းထက်၊ မကြော်ငြာခင်ကထက်ဈေးပိုပြီးသွားတတ်ပါတယ်။ ကြော်ငြာချင်း အတူတူတောင် ပရိသတ်ချစ်တဲ့၊ မေတ္တာရှိတဲ့ မင်းသမီးနဲ့ ကြော်ငြာရင် ဒါကဘယ်သူနဲ့ ကြော်ငြာတာလေ ဆိုပြီး တခြားအမျိုးတူပစ္စည်းတွေထက် ဈေးနည်းနည်း ပိုပေးရပါတယ်။ (ပင်ရင်းကပိုယူ မယူတော့ကံချွန် မသိဘူးနော်)

ကြော်ငြာဟာ တကယ်ထိရောက်ပါတယ်။ ကံချွန်တို့ မြို့သစ်သူ၊ မြို့သစ်သားများကြားမှာ အထိရောက်ဆုံးကြော်ငြာကတော့ အမွှေးတိုင်ကြော်ငြာများပါပဲ။ အဲဒီ အမွှေးတိုင် မီးညှိလိုက်တာနဲ့ မီးခိုးငွေ့တွကြည့်ပြီး၊ တိုက်ပဲ ဝယ်ရကောင်းမလား၊ ကားစီးမလား၊ မြန်မာပြည်အနှံ့ ပထမ လျှောက်လည်မလား။ ကြီးပွားမယ်လို့ ဒွေးကလည်း အတိ အလင်း ပြောထားတာပဲ။ ထက်ထက်မိုးဦးကလည်း လိုတာ အကုန်ရမယ်ဆိုပဲ။ ကြည်လဲ့လဲ့ဦးလေးကလည်း အောင်မြင် မယ်ပေါ့။ မသေချာပဲ ဘယ်ပြောပါ့မလဲ၊ အလကား ပြည်သူကို လိမ်ပါ့မလား။ သူတို့ချစ်နေတဲ့ပရိသတ်ကိုညာပါ့မလား၊ တို့ကတော့ သူတို့ ပြောတာကိုယုံတယ်။ အဲသလိုတိုင်ပင် ထားကြသလား မပြောတတ်ပါဘူးခင်ဗျာ။ ညညဆို ဟိုအိမ် မှာလည်း၊ အမွှေးတိုင်၊ ဒီအိမ်မှာလည်း အမွှေးတိုင်။

အမွေးတိုင်ကိုလည်းတော်တော်ကြိုက်ကြတယ်ခင်ဗျာ။
ဒါတွေကတော့ကံချွန်သတိထားမိတာပါ။

၆. ၁၂. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



## ဝတ်လိုက်ကြစို့

၂၉. ၁၁. ၉၉ ရက်နေ့ထုတ်အလင်းတန်းဂျာနယ်မှာ 'ဒွေးကတော်'က ဒွေးချစ်သူများအတွက်ကြော်ငြာများ ဗီဒီယို ဇာတ်ကားများ၊ ရုပ်ရှင်ဇာတ်ကားများမှာ ဒွေးဝတ်ဆင် အသုံးပြုပြီး ဂွဒ်စက္ကင်းဟင်းများကို ရောင်းချမယ့်သတင်း ဖတ်လိုက်ရပါတယ်ခင်ဗျာ။ အဲဒီသတင်းဖတ်ပြီးကတည်းက ကံချွန်ဝမ်းသာနေတာ ဟန်မဆောင်နိုင်အောင်ပါပဲ၊ ကံချွန် ငွေစုမယ်။ ဒွေးရဲ့အင်္ကျီဝယ်ဝတ်မယ်။ နာရီဝယ် ပတ်မယ်။ ဘိနပ်ဝယ်စီးမယ်။

အင်္ကျီတစ်ထည်ကို ဝယ်သူနှစ်ဦး၊ သုံးဦးဆုံနေရင်တော့ ဘယ်လိုလုပ်မယ်ဆိုတာသတင်းမှာဖော်ပြမထားပါဘူး၊ ဈေးပြိုင် စနစ်ဖြစ်မလား၊ ပထမ လှမ်းယူတဲ့သူ ဖြစ်မလား၊ မေးတဲ့လူ ဖြစ်မလား၊ ကံချွန်တွေးတာပေါ့လေ။ ဘာလို့လဲ ဆိုတော့ ကံချွန်ကမင်းသား၊ မင်းသမီး၊ တေးသံရှင် အောင်မြင်သူများကို ချစ်ပါတယ်။ လေးစားပါတယ်။ဘယ်နိုင်ငံက အနုပညာရှင်ကိုပဲ ဖြစ်ဖြစ်ချစ်တာပါ။ ကိုယ့်မြန်မာအနုပညာရှင်များကိုတော့ အချစ်ပိုတာပေါ့ ခင်ဗျာ။ ဒါကြောင့်ကံချွန်ချစ်တဲ့ အနုပညာရှင် များ ဘာပဲ လုပ်လုပ်စိတ်ဝင်စားပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေ ဖတ်ပြီ ဆိုရင်မင်းသား၊မင်းသမီး၊တေးသံရှင်များရဲ့သတင်းတွေ

ကိုပဲစောင့်ဖတ်တာပါဖတ်မိတဲ့သတင်းများသတိရမိပါရဲ့။

စန္ဒရားဦးချစ်ဆွေကြီးရဲ့ သီချင်းတွေပြန်ထွက်လာတာ အောင်မြင်တဲ့သတင်းပါတုန်းက ဝမ်းသာရသလို မျိုးဆက်သစ် ကလေးများရဲ့ 'သူငယ်တန်း' ဆိုတဲ့စီးရီးသစ်ကြော်ငြာ တွေ့ရ တော့လည်း အောင်မြင်ပါစေလို့ဆုတောင်းရတာပါပဲ။ ကံချွန် ဟာ မျက်နှာကြီးငယ်မလိုက်ချစ်တာခင်ဗျ။ ကိုယ်ချစ်တဲ့သူများ က ဂုဏ်ယူစရာ လုပ်ရပ်တွေလုပ်ပြီဆိုရင် ကံချွန်က ဆိုင်ဆိုင်, မဆိုင်ဆိုင် ဂုဏ်ယူတော့တာပါပဲ။

တစ်ခါတစ်လေမှာ ရေခြား မြေခြား၊ နိုင်ငံခြားက အနု ပညာရှင် များရဲ့ ဂုဏ်ယူစရာ အပြုအမူသတင်းတွေ ဖတ်ရရင် လည်း ကံချွန်ဂုဏ်ယူတာပါပဲ။ အလင်းတန်းမှာပါပဲ ခင်ဗျာ။ သတင်း တစ်ပုဒ် ဖတ်ရဖူးတယ်။ အဲဒီသတင်းကတော့ တေးသံရှင် ပရက်စလေရဲ့ အဝတ်အစားအသုံးဆောင်ပစ္စည်း များကို သူ့ရဲ့ သမီးကရောင်းချပြီး (ဈေးပြိုင်စနစ်နဲ့) ရရှိငွေ တွေကို အိုးမဲ့ အိမ်မဲ့များတွက် အလှူအတန်းလုပ်မယ့် သတင်း ပေါ့ခင်ဗျာ။ ကံချွန်ပီတိဖြစ်လိုက်တာမှ အရမ်းပါပဲ။ ဒါရိုက်တာ ဦးကြည်စိုးထွန်းက သူရတဲ့အကယ်ဒမီက ရွှေကြယ်ကိုဖြုတ် ရောင်း ပြီးသူ့ရွာက ကလေးများအတွက် (ညီအစ်ကိုမောင်နှမ များရဲ့ ငွေအပါအဝင်)ပညာရေး ငွေပဒေသာပင်စိုက်ထူတဲ့ သတင်း ဖတ်ရတုန်းကလည်း ကံချွန် ကြည်နူးတာအမှန်ပါ။ လိမ်ပြောတာမဟုတ်ပါဘူး။ ဝေဒ မဂ္ဂဇင်းမှာ ဆရာ ကြည်စိုးထွန်းကို ဂုဏ်ပြုစာရေးခဲ့ ပါသေးတယ်။ငါတို့အနု

ပညာရှင်များဟာလည်း သူတို့ကို ချစ်နေတဲ့ ပရိသတ်ကြီး ပီတိဖြစ်ရအောင်၊ ကြည်နူးရအောင် လူသားတွေအတွက် စေတနာတာဝန်၊စာနာမှုတာဝန် ကျေကြပါလားဆိုပြီးတော့ ဂုဏ်ယူမိပါတယ်ခင်ဗျာ။ ကံချွန်က အနုပညာသမားများကို ချစ်တာကိုး။

ဦးကျော်ဟိန်းက ပထမနမိတ် ဗီဒီယိုကားအတွက် ရောင်းရငွေ နှစ်ဆယ့်ခုနစ်သိန်းကို သုံးဌာနခွဲပြီးလှူလိုက်တဲ့ သတင်းဖတ်ရတုန်းကဆိုရင် ကံချွန်ထခုန်မိမတတ်ပါပဲ။ကံချွန်က အနုပညာသမားတွေဟာ အနုပညာတာဝန်ကျေ သလို လူမှုရေးတာဝန်ကိုလည်းကျေပွန်တဲ့ စံပြလူသားတွေ ဖြစ်စေချင်တာကိုး။

ရုပ်ရှင်မင်းသားကျော်သူက ရုပ်ရှင်ဇာတ်ပို့ ဇာတ်ရံ သရုပ်ဆောင်သက်ကြီး (လူကြမ်း) ပညာရှင်ကြီးများကို အင်္ကျီများ၊ အန္တေးထည်များဝေပေးတုန်းကလည်း ကံချွန် ကြည်နူးမိတာအမှန်ပါခင်ဗျာ။ ဘဝတူလောကသားများကို ငဲ့စောင်းကြည့်ဖို့ သတိထားမိတဲ့ စိတ်ဓါတ်ဟာလည်း၊ လေးစားရမယ့် အချက်ပါပဲခင်ဗျာ။ ဘဝတူကို စာနာတာဟာ အကြီးမားဆုံး၊ အခြေခံအကျဆုံး ကြင်နာတတ်မှုပါပဲ။ ဒါကြောင့် ရုပ်ရှင်မင်းသားကျော်သူရဲ့ ကြင်နာမှုသတင်းကို ဖတ်ရတဲ့ အချိန်မှာလည်း ကံချွန်ပီတိဖြစ်ရပါတယ်။

သမီးပရက်စလေက ဖခင်ပရက်စလေရဲ့ အဝတ်အစား အသုံးအဆောင်တွေ ဈေးပြိုင်စနစ်နဲ့ရောင်းပြီး အလှူအတန်း

http://swanbros.blogspot.com



ကြီးပေးတာဘာဆန်းသလဲ။ အရေအတွက်ကို မတိုင်းတာပဲ၊ စေတနာချင်း ယှဉ်လိုက်ရင် တန်းညှိလို့ ရပါတယ်ခင်ဗျာ။ မိုက်ကယ်ဂျက်ဆင်ဟာ လူမှုရေးလုပ်ငန်းတွေ၊ လူသား တာဝန်တွေကျေပွန်ဖို့ ကြိုးစားနေသလို သတိမမေ့မလျော့ရှိနေသလို ကံချွန်တို့ အချစ်တော် မင်းသားကြီး ဦးကျော်ဟိန်းလည်းမမေ့ပါဘူးခင်ဗျာ။ ဆန္ဒချင်းယှဉ် လိုက်ရင် တန်းညှိ လို့ရပါ တယ်။

ရေးရင်းသတိရပြန်ပြီ။

အများချစ်တဲ့ ထက်ထက်မိုးဦးရဲ့ သတင်းဟာလည်း အများရဲ့ ရင်မှာ ပီတိ ဖြစ်ခဲ့ရပါသေးတယ် ခင်ဗျာ။ ထက်ထက်မိုးဦးဟာ သူ့ရဲ့ တစ်ခါသာဝတ်ရသေးတဲ့ ကြော်ငြာ၊ ဗီဒီယို၊ ရုပ်ရှင်ကားများ သရုပ်ဆောင်ရာမှာ ဝတ်ဆင်သုံးစွဲခဲ့တာတွေကို သူ့မွေးနေ့တုန်းက လူမှုဝန်ထမ်းကျောင်းတွေက အမျိုးသမီးများအတွက် သွားရောက်လှူဒါန်းတဲ့သတင်းလည်း ဖတ်ရဖူးပါတယ်ခင်ဗျာ။ တကယ်ကိုပီတိဖြစ်စရာပါ။

ကုသိုလ်တော်ပွဲခင်းမှာ အသံလှူတဲ့ ကိုသုမောင်တို့၊ အနုပညာလှူတဲ့ ဆရာမြသန်းစံတို့ရဲ့ စေတနာ ကိုလည်း ကံချွန် တန်ဖိုးထား ဂုဏ်ပြုမိပါတယ်ခင်ဗျာ။ မမြင်ရသေးတဲ့ လိုအပ်နေသူအတွက် စေတနာအပြည့်နဲ့ လှူတဲ့ အလှူပါပဲ။

ကံချွန်ယုံကြည်ပါတယ်။ အခုဒွေးရဲ့ အဝတ်အစား အသုံးအဆောင်ဝွဒ်စက္ကင်းဟင်းများကိုရောင်းချခြင်းဟာလည်း ပရိသတ်အပေါ် စေတနာထားခြင်း၊ တစ်မျိုးပါပဲ။ ဒွေးကို ချစ်နေတဲ့ ပရိသတ်အတွက် အမှတ်တရ ဝယ်သိမ်းခွင့်

http://swanbros.blogspot.com



ရတာပေါ့။ ဒွေးရဲ့ အဝတ်အစားမှန်း သိအောင် အဲဒီအဝတ် အထည်တွေပေါ်မှာ ဒွေးရဲ့ လက်မှတ်ပါရင် ပိုကောင်းပါမယ်။ ဘာလို့လည်း ဆိုတော့ ကိုယ့်ဟာကို ဒွေးဝတ်တဲ့ အဆင်မျိုး ဝယ်ဝတ်ပြီး၊ ဒွေးရဲ့ အင်္ကျီပါဆို ပြောလာမှာ စိုးလို့ပါ။ လက်မှတ်ထိုးရင်လည်း မြင်သာထင်သာတဲ့နေရာမှာ မပျက် နိုင်တဲ့ (Permenent Marker, Waterproof) ဆိုတဲ့ ဟာမျိုးနဲ့ ရေလျှော်လည်း မပျက်တဲ့မင်မျိုးနဲ့ လက်မှတ်ထိုး သင့်ပါတယ်။ ဒွေးကို ချစ်လို့ အားပေး ရမယ့် ဒွေးရဲ့ ပရိသတ် အတွက်ဒါမှ ထိထိ ရောက်ရောက် ဂုဏ်ယူလို့ ရမှာပါ။လေဘေးက အင်္ကျီဟောင်းဝယ်ဝတ်သလို မဖြစ်တော့ဘူးပေါ့။

ကျွန်ုပ်က အနုပညာရှင်များကို ချစ်တတ်၊ လေးစား တတ်လွန်းလို့ အနုပညာရှင်များကို ချစ်တတ်၊ လေးစားတတ် လွန်းလို့ အနုပညာရှင်များနဲ့ ပတ်သက်တဲ့ သတင်းပါလာရင် အခုလိုပဲ အမျှင်တန်းကြီးတွေးမိတတ်ပါတယ်ခင်ဗျား။ ဘာပဲပြောပြော သူများတွေရဲ့ နိုင်ငံမှာ အနုပညာသမားတွေရဲ့ ပစ္စည်းတွေကို ဈေးပြိုင်စနစ်နဲ့ ရောင်းနေချိန် ကျွန်ုပ်တို့ဆီမှာ ပုံမှန်ဈေးနဲ့ ရောင်းပေးရင်ကိုပဲ ကျွန်ုပ်တို့ဟာ ကိုယ်နိုင်ငံရဲ့ အနုပညာရှင်များရဲ့ စေတနာအတွက် ဂုဏ်ယူရမှာပါ။

၂၀. ၁၂. ၉၉
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ကျွန်တော်ဖတ်ချင်သောဗျူးများ

ဒီနေ့ စာစောင်၊ ဂျာနယ် မဂ္ဂဇင်း ဆိုတာတွေမှာ 'အင်တာဗျူး'က မပါမဖြစ်ကဏ္ဍဖြစ်နေပါပြီ။ မာတိကာသာ မပါရင်ရှိရမယ်။ဗျူးကတော့ ပါတယ်ခင်ဗျ။ အချို့စာနယ်ဇင်း များမှာဆိုရင် 'ဗျူး' ကိုပဲ နာမည်အမျိုးမျိုးနဲ့ နေရာသုံးလေး နေရာ ပေးကြတယ်ခင်ဗျ။

'ဘာတွေလုပ်နေလဲ'

'ဘာတွေလုပ်ဦးမှာလဲ'

'လုပ်ခဲ့တာတွေထဲမှာ အကြိုက်ဆုံးကိုပြောပါလား'

'ကဲ. . နောက်ဆုံးတစ်ခုမေးမယ်၊ဖြေနော်။ ဘယ်တော့ အိမ်ထောင်ပြုမှာလဲ'

. . . . . ဆိုတဲ့ ဗျူးပုံသေများကတော့ အများစုပေါ့လေ။

ကံချွန်ဟာ အင်တာဗျူးဆိုတာကို အထင်ကြီးလေးစားသူ ပါ။အင်တာဗျူးမှာမေးသူနဲ့ဖြေသူရှိပါတယ်။ အမေးခံရသူဟာ ကိုယ့်ဘက်က ပြည့်စုံခိုင်မာမှုကို သက်သေထူ တာလို့ ကံချွန် မြင်ပါတယ်။ မေးသူဟာလည်း သူ့ရဲ့ စကားပရိယာယ် ကြွယ်ဝ မှုနဲ့ နှံ့နှံ့စပ်စပ်လေ့လာမှုကို သက်သေထူရတာပါ။ဗျူးအတော် များများဟာ အောင်မြင်ထင်ရှား ကျော်ကြားသူများကို ဗျူးရ တာပါ။ အနုပညာလောကမှာဆိုရင်တော့ ပရိသတ် ရှိပြီးသား

http://swanbros.blogspot.com



ပုဂ္ဂိုလ်များပေါ့ခင်ဗျာ။ ဒီတော့ မေးသူနဲ့ ဖြေသူမှာ ပရိသတ်ရဲ့မေတ္တာက အမေးခံရသူဘက်မှာ အလေးသာနေ ပါတယ်။ စိတ်ဝင်စားမှုက အမေးခံရတဲ့ဘက်မှာ အလေးသာနေပြီးသားပါ။ မေးသူဟာ လိမာပါးနပ်မှသာ၊ မေးသင့်မေးထိုက်တာများကို မေးမှသာ ပရိသတ်က သူ့ဘက် ပါလာမှာပါ။ ပရိသတ်သိသင့်သိထိုက်တာတွေကိုမေးပေးနိုင် သူဖြစ်ရပါမယ်။ အရည်အသွေးရှိတဲ့ မေးသူကို ပရိသတ်က စောင့်ဖတ်ပါတယ်။အမေးခံရ သူကို စိတ်ဝင်စားလို့ ဖတ်နေတာ ဆိုရင်တော့ မေးနေသူအတွက် စိတ်မကောင်းစရာပါပဲခင်ဗျာ။ အရည်အသွေးရှိတဲ့ 'မေးသူ' တွေဟာ အမေးခံရသူရဲ့ အထင်သေးတဲ့အကြည့်ခံရမှာပါပဲ။

ကံချွန်ဟာ အင်တာဗျူးတွေကို စိတ်ဝင်စားလို့ ဖတ်ပါတယ်။ ကံချွန်သိချင်တာများ ပါလာမလားလို့ပါ။ ဒီနေ့ ထိတော့ မပါသေးပါဘူး။ ဥပမာ ဆိုကြပါစို့။ ထိပ်ဆုံးက တစ်နှစ်သုံးစာရင်းဝင်စူပါမင်းသားများကိုမေးစေ့ချင်တာလေးရှိပါ တယ်။ ကံချွန် သိချင်နေလို့ပါ။ ဒီနေ့ ဇာတ်တစ်ဇာတ်ကို ရိုက်ကူးတော့မယ် ဆိုရင် ကိုယ်နဲ့လိုက်ဖက်မှုရှိ, မရှိ ကြိုဖတ်သလားဆိုတာပေါ့။ ဇာတ်လမ်းအကျဉ်းလောက်ဖြစ်ဖြစ်ပေါ့ ခင်ဗျာ။ ဖတ်ပါတယ်ဆိုရင် ဆက်မေးစေ့ချင်တာကနောက် ငါးလခြောက်လ ကြိုပြီးရိုက်ရက်ပေးထားတဲ့ နှစ်ထောင်ခုနှစ် မေလမှာ ရိုက်မယ့် ဇာတ်ကိုရော ဖတ်ပြီးပြီလား ဆိုတာမျိုး ပေါ့ခင်ဗျာ။ ရိုက်ရက်ပေးပြီးမှ ဇာတ်ဖတ်တာလား၊ ဇာတ်ဖတ်

http://swanbros.blogspot.com



ပြီးတော့ မှ ရိုက်ရက်ပေးတာလား ဆိုတာပေါ့။ ပြီးတော့ မင်းသားမှာ 'ငါကတော့ ဘယ်လိုဇာတ်ရုပ်နဲ့မှ လိုက်ဖက်တယ်' ဆိုပြီး သတ်မှတ်ထားတာ ရှိ,မရှိပေါ့ခင်ဗျာ။ ဟာ . . . ကျွန်တော်ကတော့ဖြင့် မသတ်မှတ်ပါဘူး။ ဇာတ်ရုပ်အစုံ လုပ်ပါ တယ်။ ဇာတ်ကောင်စရိုက်မျိုးစုံ သရုပ်ဆောင်ပါတယ်ဆိုရင် မေးကြည့်စေချင်ပါတယ်။

မင်းသားက ဇာတ်ရုပ်အစုံလုပ်နိုင်တာလား။

ဇာတ်ရုပ်အစုံက မင်းသားရဲ့ အမူအရာတွေ လုပ်ပေးရတာလားဆိုတာလေးပါပဲ။ ကံချွန်ချစ်တဲ့ သရုပ်ဆောင်စူပါများရဲ့ အရည်အသွေးကို ကံချွန်သိချင်တာပေါ့ခင်ဗျာ။ ချစ်တာကိုး။ ကြွားချင်တယ်။ ငါသဘောကျတဲ့ ဘယ်သူက ဘယ်လောက်တော်တာ၊ ဘယ်လောက် အလေးအနက်ထားတာဆိုပြီးတော့ပေါ့ခင်ဗျာ။ ဝတ္ထုထဲက ဇာတ်ကောင်က ခပ်ပိန်ပိန်မို့ အဲဒီဇာတ်ရိုက်ကာနီးမှာ ပိန်အောင်လုပ်တယ်၊ ဟာ . . . ဟိုဇာတ်မှာတော့ ဝတ္ထုထဲက ဇာတ်ကောင်က ဗိုက်ရွှဲရွှဲမို့ အဲဒီဇာတ်ရိုက်ကာနီးမှာ ဗိုက်ရွှဲအောင်လုပ်ပြီးမှ ရိုက်တယ်ဆိုတဲ့ နိုင်ငံခြားက သရုပ်ဆောင်များလို ကံချွန်တို့ရဲ့စူပါများဟာလည်း ဇာတ်ကောင်ကို ဘယ်လောက်အလေးထားသလဲ၊ စာရေးဆရာရဲ့ ဖန်တီးမှုကို ဘယ်လောက်တန်ဖိုးထားအသိအမှတ်ပြုသလဲဆိုတာ ကံချွန်အားကြီး သိချင်ပါတယ်။ ဗျူးဆရာများကို အဲသလိုတွေမေးစေ့ချင်တာ ကံချွန်ရဲ့ ဆန္ဒပါခင်ဗျာ။

http://swanbros.blogspot.com



ဒါရိုက်တာများကို အင်တာဗျူးမယ်ဆိုရင်လည်း မင်းသား ရပြီးမှ ဝတ္ထုရှာတာလား၊ ဝတ္ထုရပြီးမှ မင်းသားရှာတာလား၊ ဘယ်လိုဝတ္ထုမျိုးရရ ကိုယ့်မင်းသားနဲ့ ရိုက်တာလား စသည်ဖြင့် သိချင်ပါတယ်။ အချို့အချို့ဝတ္ထုဇာတ်ညွှန်း ဇာတ်လိုက်များ ဟာ အံဝင်ပါတယ်။ ဒါရိုက်တာ မောင်ဝဏ္ဏတို့၊ မိုက်တီးတို့၊ မီးပွားတို့၊ မောင်မျိုးမင်းတို့ ဆိုရင် ကံချွန်တော်တော်ကြိုက် ပါတယ်။ လေးစားပါတယ်။ ကိုလွင်စနိုးပိုက်ရဲ့ ဝတ္ထုနဲ့လိုက်ဖက် အံဝင်တဲ့ ဇာတ်လိုက်ကိုရွေးတာလို့ ထင်ပါတယ်ခင်ဗျာ။ နောက်မင်းသား ဒါရိုက်တာထဲမှာဆိုရင် ကိုကျော်သူ (ခုလို ရေးလို့ ကံချွန်ကတော့ ဝတ္ထုရောင်းချင်ပြီလို့ မထင်ပါနဲ့ခင်ဗျာ။ တစ်ပုဒ်မှ မရှိပါဘူး။ အလုပ်အပ်လည်း ရေးမပေးတတ်ပါဘူး) ပြီးတော့ လက်ရှိအနေအထားတွေကနေ ဘယ်သူတွေရှိသလဲ ဆိုတာကိုလည်း မင်းသားများနဲ့ ထိတွေ့နေရတဲ့ ဗျူးဆရာများ ရဲ့မှတ်ချက်ကို သိချင်ပါတယ်။ ဒီနေ့ တီဗွီကြည့်ပရိသတ်က တော့ ၂၀၀၀ခုနှစ်မှာ လွင်မိုးရဲ့ ကြော်ငြာတွေပိုများလာမယ် လို့ ခန့်မှန်းနေကြပါတယ်။

ပြီးတော့ ကံချွန်သိချင်တာလေးရှိပါတယ်။ မြန်မာရုပ်ရှင်၊ ဗီဒီယိုလောကမှာ မင်းသားအပိုင်မရှိလို့၊ စူပါတွေနဲ့ ရိုက်ခွင့် မရလို့ပျောက်သွားတယ်ဆိုတဲ့ ဒါရိုက်တာတွေရှိပါသလား။ ဟုတ်ပ့ါမလား။ အဲသလို ကောလာဟာလကိုဗျူးဆရာများ အနေနဲ့ ချေဖျက်ပေးသင့်ပါတယ်။ ကိုယ့်မှာ အရည်အသွေး မပြည့်ရင်တော့ ဘယ်လို စူပါသရုပ်ဆောင်နဲ့ တွဲရတဲ့

http://swanbros.blogspot.com



ဒါရိုက်တာ ပဲဖြစ်ဖြစ်၊ ဘယ်လို စူပါဒါရိုက်တာနဲ့ တွဲရတဲ့ သရုပ်ဆောင်ပဲဖြစ်ဖြစ် ကျဆုံးမှာပဲလို့ ကံချွန်ထင်ပါတယ်။

ကံချွန်ဟာ အင်တာဗျူးတွေထဲကနေ အနုပညာလောကကြီးရဲ့ အခြေအနေ အနေအထားတွေကို အဖြေရှာချင်တာပါ။ သိချင်တာပါ။ ဘယ်သရုပ်ဆောင်ဟာဖြင့် အရည်အချင်း ဘယ်လောက်ရှိတယ်၊ ဘယ်ဒါရိုက်တာကတော့ ဘယ်လောက် ပြည့်တယ်၊ လေးစားသင့်တယ်၊ ဘယ်သူတွေကတော့ အင်တာဗျူးကို ရှောင်သင့်တယ်၊ မပြည့်သေးဘူးဆိုတာတွေကို အကဲခတ်လေ့လာချင်တာပါ။

ဒါပေမယ့် . . . . ခုတော့ . . . .

အင်တာဗျူးတွေကို ဖတ်ရင်း ဖတ်ရင်း ဘယ်အင်တာဗျူးဆရာကတော့ အရည်အချင်း ဘယ်လောက်ရှိတယ်၊ ဘယ်အင်တာဗျူး ဆရာကတော့ သနားစရာ ကောင်းတယ်၊ ဘယ်အင်တာဗျူး ဆရာကတော့ ဘောင်ဘင်ခတ်နေတယ်၊ ဘယ်အင်တာဗျူး ဆရာကတော့ ဘယ်မင်းသား၊ မင်းသမီးရဲ့ 'အနားပြာ' ပဲ (အနားမှာ ပျာယာခတ်နေလို့)၊ ဘယ် အင်တာဗျူးဆရာကတော့ အတ္တကို အခြေခံပြီး ဘယ်မင်းသား၊ မင်းသမီးကို တိုက်ခိုက်နေတာပဲ စတဲ့ စတဲ့ အင်တာဗျူးဆရာများရဲ့ အရည်အသွေး အနေအထားကို လေ့လာအကဲခတ်ခွင့်ရသလို ဖြစ်နေပါတယ် ခင်ဗျာ။

နောက်ဆုံး အခြေအနေကတော့ မင်းသား၊ မင်းသမီးများဟာ ရိုးသားစွာ သည်းမခံနိုင်တော့တဲ့အဆုံး ပေးစာတွေရေး

http://swanbros.blogspot.com



ရ၊ ရှင်းရ၊ ပြောရ ဖြစ်လာပါပြီ။ အယ်ဒီတာများကို ကံချွန် အကြံပြုချင်စိတ်ပေါ်လာပါတယ်။

လေးစားရပါသော အယ်ဒီတာကြီးများ ခင်ဗျာ. . .

ကိုယ့်လူက ပုပ်နေမှတော့ ရေခဲသေတ္တာထဲ ထည့်ထားလည်း သုံးလို့ရမှာ မဟုတ်ပါဘူးခင်ဗျာ။ (အဲ . . . ကိုယ်ကိုယ်တိုင်က ပုပ်, မပုပ်တော့ သိသင့်ပါကြောင်း)

ဗျူးတွေကို လေးလေးစားစား စောင့်ဖတ်ရတဲ့ စာတွေ ဖြစ်စေချင်လို့ . . . .

(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ကံချွန်ရှုပ်အောင်လည်းလုပ်တတ်တယ်
# ရှင်းအောင်လည်းနေတတ်တယ်

လောကကြီးဟာ ပျော်စရာအတော်ကောင်းပါတယ် ခင်ဗျာ။ သူ့ဟာသူ ရှင်းနေတဲ့ ကိစ္စတွေကို ရှုပ်အောင်လုပ်ပြီး ပြန်ရှင်းကြတဲ့ အလုပ်ဟာလည်း ပျော်စရာကောင်းပါတယ်။ ကံချွန်နဲ့ ရှုပ်အောင်လုပ်လာရင် သူ့ဟာသူရှုပ်ပေရော့ဆိုပြီး ပစ်ထားတတ်ပါတယ်။ ရှင်းရမှာကို ပျင်းလို့ပါ။ မရှင်းရင် မဖြစ်တော့မှသာ ထရှင်းတတ်ပါတယ်ခင်ဗျာ။ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေ နှောင့်နှေးလွန်းလို့ပါ။

ကံချွန် ၂၀၀၀ ခုနှစ်မှာ ရှင်းရှင်းနေချင်လို့ ရှင်းပါဦးမယ် ခင်ဗျာ။

လေးစားသော ပရိသတ်ကြီးခင်ဗျား .......... ကံချွန်ဟာ စေတနာလက်ဆင့်ကမ်းဆိုပြီး မပြည့်စုံသော ဘဝတူစာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာများအတွက် အလှူခံပြီး ကူညီတဲ့အလုပ်ကလေး လုပ်ပါတယ်။ လှူသူက 'ဘယ်ဆရာ့လှူပေးပါ' ဆိုရင် အဲဒီငွေ ကို အလှူရှင် ရည်ညွှန်းသူ ဆရာ့ဆီ ပို့ပေးပြီး လက်ခံ ရရှိကြောင်း လက်မှတ်ထိုးယူ၊ အလှူရှင်ဆီကိုလည်း ပြန်ပို့ပေး ပါတယ် ခင်ဗျာ။ အလင်းတန်း ဂျာနယ် ထဲမှာလည်း ဘယ်သူလှူ တာ၊

http://swanbros.blogspot.com



ဘယ်သူ့ပေးပြီးပါပြီဆိုပြီးထည့်ပါတယ်ခင်ဗျာ။ ကိုကံချွန် လှူချင်တဲ့လူ လှူလိုက်ပါ ဆိုရင်လည်း တကယ် လိုအပ်မယ်လို့ ယူဆရသူကို ပေးပါတယ်။ အဲသလို လှူပြီးရင်လည်း ဘယ်သူ့ အလှူငွေကို ဘယ်သူ့ပေးလှူလိုက်တယ်ဆိုတာ ကြေညာ ပါတယ်။ တော်တော့်ကို ရှင်းပါတယ်။ ကံချွန်လက်ထဲ ငွေ မထားပါဘူး ခင်ဗျာ။ ဒါကိုပဲ . . . . ။

'မင်းက သူ့ကိုတော့ ဘယ်လောက်ပေးတယ်၊ ငါ့ကိုတော့ ဘယ်လောက်ပဲ ပေးတယ်၊ လိုတဲ့ငွေ ဘယ်တော့ပေးမှာလဲ၊ အလှည့်မကျော်ပါနဲ့' ဆိုပြီး စာတစ်တန်၊ ပေတစ်တန် စေတနာ အကြွေးတောင်းခံရပါတယ်ခင်ဗျာ။ အများနဲ့ပတ် သက်တဲ့အလုပ်ကိုလုပ်ကြည့်လိုက်တော့လူတွေရဲ့ သဘောထား ကိုသိရတာပါပဲ။ ကံချွန် စေတနာ လက်ဆင့်ကမ်းလုပ်မယ် ဆိုတော့ ကိုငြိမ်း (မန္တလေး) ကပြောပါတယ်။ 'ဟေ့ကောင် ၊ မင်းနဲ့ငါနဲ့က သူငယ်ချင်းအရင်းခေါက်ခေါက်တွေနော်။ ငါ့ကို တော့ ပေးဖို့ စိတ်မကူးနဲ့။ မင်း အပြောအဆိုခံနေရလိမ့်မယ်' လို့ ဆိုပါတယ်။ ဒါပေမယ့် အလှူရှင်တစ်ဦးက (ဒိတ်တီး ဟောက် ကိုကျော်ကျော်ဆီက တစ်ဆင့်လှူတဲ့ မစိမ်းလဲ့ဖြူပါ) ဆရာကိုငြိမ်းကို ပေးပေးပါဆိုပြီး နာမည်တပ် လက်ဆင့်ကမ်း ခိုင်းလာတဲ့ စေတနာမို့ ကံချွန်မလွဲမရှောင်သာ သူငယ်ချင်း ကိုငြိမ်း လက်ကိုပဲ သွားပေးလိုက်ရပါတယ်။ အဲသလိုပါ။ အလှူရှင် သုံးလေးဦးကများ ဆရာတစ်ဦးတည်းကို နာမည် တပ်ပြီး ပေးလှူလာရင်လည်း ကံချွန်ဟာ အဲဒီအလှူငွေကို

http://swanbros.blogspot.com



အလှူရှင် ရည်ညွှန်းတဲ့ ဆရာ့လက်ထဲ သွားပို့ပေးရမှာပါ။ လိုအပ်တဲ့ ဆရာကို ပေးလိုက်ပါဆိုရင်တော့ ဘယ်ဆရာ လိုအပ်မလဲဆိုတာ စုံစမ်းလေ့လာပြီး ပို့ပေးလိုက်မှာပါ။

နည်းသူလည်း နည်းနိုင်ပါတယ်။

များသူလည်း များနိုင်ပါတယ်။

ထပ်ပြန်တလဲလဲ ရသူလည်း ပါနိုင်ပါတယ်။

ကံချွန်က လက်ဆင့်ကမ်းသူပါ။ လိုအပ်မယ်လို့ ထင်ရမယ့် သူကိုပေးပါဆိုရင်တော့ အဲဒီအချိန်မှာ အလိုအပ်ဆုံးသူကိုပေးမှာပါပဲ။ စေတနာလက်ဆင့်ကမ်း လုပ်တာဟာ ကံချွန်ရဲ့ သိက္ခာကို ရင်းပြီးလုပ်တာပါခင်ဗျာ။ အလွန်ကြီးမားတဲ့ အရင်းအနှီးပါ။ ဒါကြောင့် အရင်းကို မထိခိုက်ရအောင်၊ မဆုံးရှုံးရအောင် အရှင်းဆုံးလုပ်ပါတယ်။ တစ်ဦးကတော့ 'ကျုပ်က မစားနိုင် မသောက်နိုင်တော့ မဟုတ်ပါဘူး။ ပေးလို့သာယူတာပါ' ဆိုပြီး ငွေလက်ခံပြီးမှ ပြောတာလည်းခံရပါတယ်။ ဒါပေမယ့် စေတနာလက်ဆင့်ကမ်းလှူငွေကို ရလိုက်တဲ့အချိန်မှာ သိပ်ကို ကျေးဇူးတင်တဲ့ မျက်နှာနဲ့ ကြည့်ခဲ့တဲ့ ဘဝတူ အကူအညီလိုနေသူများရဲ့ မျက်နှာကိုထောက်ထားပြီး ကံချွန် ဆက်လုပ်ပါမယ်။ ၂၁ ရာစုကို ကောင်းသော အလုပ်များလုပ်ကိုင်ရင်း ဝင်ချင်လို့ပါ။

ကောင်းသော ရည်ရွယ်ချက်နဲ့ လုပ်ကိုင်နေသူများကို ကံချွန်ပိုလေးစားမိပါတယ်။ ဆရာမကြီးဒေါ်ပတ္တမြားခင်ရဲ့ အလှူ၊ဆရာမကြီးဒေါ်ခင်နှင်းယု ရဲ့ စာရေးဆရာကြီး

http://swanbros.blogspot.com



ဦးနုမွေးနေ့အလှူ စတဲ့ စတဲ့ အလှူငွေ များကို ခွဲဝေ လှူဒါန်းနေရသူများရဲ့ အခက်အခဲကို ကံချွန် စာနာ နားလည်မိလို့ပါ။ လုပ်ရ ကိုင်ရ ဘယ်လောက်ခက်မယ် ဆိုတာ မှန်းဆမိလို့ပါ။ ကံချွန်လိုအလှူကို ပို့စ်မင်းလိုဒီကအပေး ခိုင်းတာ ဟိုပို့ပေး၊ လက်ဆင့်ကမ်းသမားမှာကိုပဲ မထင်မှတ်တဲ့ အာရုံ အနှောက်အယှက် ဖြစ်စရာတွေ ကြုံနေရလေတော့ ကိုယ့်ကိုကိုယ် သတိပေးရပါတယ်။ "နောက်မဆုတ်နဲ့ ကိုကံချွန်" ဆိုပြီးတော့။

ရှင်းနေတာကို ရှုပ်အောင် လုပ်တတ်သူများရဲ့ အရည် အချင်းဟာလည်း လေးစားစရာ ပါပဲ ခင်ဗျာ။ ကံချွန်ဟာ တော်တော့်ကို ရှင်းရှင်းနေတတ်သူပါ။ လူသိမခံရဲတဲ့အလုပ်မျိုး မလုပ်ရဲပါဘူး။ ကာတွန်းရေးတယ်၊ စာရေးတယ်၊ ဇာတ်ညွှန်း ရေးတယ်၊ ဝတ္ထုတိုရေးတယ်၊ ဝတ္ထုရှည်ရေးတယ်၊ ကြော်ငြာ ကာတွန်းရေးတယ်၊ ပန်းချီရေးတယ်၊ တိတ်တိတ်ပုန်းလုပ်တာ တစ်ခုမှ မရှိပါဘူး။ ကံချွန်က ဒါတွေပဲ လုပ်တတ်လို့ ဒါတွေပဲ လုပ်တာပါ။ ရှင်းပါတယ်။ ဒါကိုပဲ ဧရာမ မဂ္ဂဇင်းကြီးတစ်စောင် မှာ ကံချွန့်ကို ရည်ရွယ်ပြီး အလုပ်မျိုးစုံ ပေါ်ပင်လုပ်၊ စီးပွား ရှာနေကြောင်း ကြော်ငြာပေးပါတယ် ခင်ဗျာ။ ဒါကို တချို့က ကံချွန့်ကို တွယ်ထားတယ်လို့ လာပြောကြပါတယ်။ ကံချွန်က ထိုဆရာ ရေးသည်မှာ မှန်ကြောင်း၊ ကံချွန့်ကို သွယ်ဝိုက်၍ သမာအာဇီဝမျိုးစုံလုပ်တတ်ကြောင်း ရေးပေးခြင်းဖြစ်ကြောင်း၊ ကံချွန် သူများကို လိမ်နေခြင်း မဟုတ်ကြောင်း၊ ကတိမတည် ခြင်း မဟုတ်ကြောင်း ရေးသည်မို့ "ခေတ်သစ် အခမဲ့ ကူလီ

http://swanbros.blogspot.com



ထမ်းခြင်း" ဟူ၍ပင် ဂုဏ်ပြုဝတ္တုရေးရန် ရည်ရွယ်ပါကြောင်း၊ ကံချွန်၏ စီးပွားရေးအမြင်ရှိမှုကို ဂုဏ်ပြုသည်ဟု ယူဆပါကြောင်း ပြန်ရှင်းပြရပါတယ် ခင်ဗျာ။ ရှင်းပြီးသားကို ရှုပ်အောင်လုပ်လို့ ထပ်ရှင်းရတာပါ။

ဈေးကွက်စီးပွားရေးကို ဦးတည်နေချိန်မှာ မဂ္ဂဇင်းကြီးအနေနဲ့လည်း ကြော်ငြာမဂ္ဂဇင်းလုပ်ဖို့ ရည်ရွယ်ဟန် ရှိမယ်ထင်ပါရဲ့။ ဒါ ကံချွန်တို့ ကြုံဆိုရမယ့် ကိစ္စပါ။ ကလောင်ရှင်အနေနဲ့လည်း ကြော်ငြာဆောင်းပါးများ အပ်ထည်ရဖို့အတွက် ကံချွန် အလုပ်မျိုးစုံ လုပ်တတ်ကြောင်း၊ ငွေရှာတတ်ကြောင်း၊ အရေးလေ့ကျင့်ရင်း ရေးကြည့်ပုံ ရပါတယ်။ ကျေးဇူးတင်ပါတယ်။ (၂၀၀၀ ခုနှစ်မှာ လက်ရေးပို့စကာဒ် ရေးရောင်းမယ့်အကြောင်း မပါတာ နာလိုက်တာ) ဘာပဲဖြစ်ဖြစ် ကံချွန်တို့ဟာ ကောင်းမြတ်သော စိတ်ထားနဲ့ ကောင်းသောအလုပ်များကို လုပ်ပြီး အရာရာကို အကောင်းမြင်နိုင်အောင်ကြည့်ရင်း ၂၁ရာစုကို ဝင်ကြဖို့ ဆိုင်ဆိုင်, မဆိုင်ဆိုင် ကံချွန် အကြံပြုလိုက်ရပါတယ် ခင်ဗျာ။

၃၁. ၁. ၂၀၀၀
(အလင်းတန်းဂျာနယ်)

# ၂၀၀၀ ခုနှစ်မှာ နီမောင်ကို သတိရတယ်

မန္တလေးမြို့က ကဗျာဆရာ နီမောင် ဆိုတာနဲ့ စာပေရေးသက် ဆယ်နှစ်ထက်မလျော့သူများ သိကြပါတယ် ခင်ဗျာ။ ကွယ်လွန်သွားတာကြာပြီ။ဘယ်နေ့ ကွယ်လွန်မှန်း ၊ဘယ်လောက် ကြာပြီမှန်းတော့ ကျွန်တော် မမှတ်မိပါဘူး။ ဒါပေမယ့် မကြာခဏ သတိရပါတယ်။ တကယ်ပါ။ သူကွယ်လွန်တဲ့နေ့မှ သတိရတာမျိုး မဟုတ်ပါဘူး။

နီမောင်ဆိုတာ မိသားစုအရေးထက် စာပေမိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများအရေးကို ဦးစားပေးသူပါ။

'ကလေး ကျောင်းအပ်တာမ နက်ဖြန်မှ အပ်ကွာ။ ငါဒီနေ့ ဒေါ်ကလျာတို့ရောက်နေလို့မင်းကွန်းလိုက်ပို့ ရဦးမှာ၊ မအားဘူး'

'ဈေးရောင်းစရာ ကုန်မရှိရင်ဆိုင်ပိတ်ထားကွာ။ ကျွန်တော် ဗီဒီယိုရိုက်တဲ့ဆီ လိုက်ကူရဦးမှာ'

'အငယ်မ ဖျားနေတာ ငါ့ပြောလို့ ဘယ်ရမလဲ။ ဆရာဝန်သွားပြောရမှာပေါ့ကွ။ ဒီရာသီမှာ ကလေးတိုင်းဖျားတာပဲ။ ငါ တောင်လေးလုံး ခဏသွားလိုက်ဦးမယ်'

ဆိုတဲ့အသံတွေ ကျွန်တော်ခုထိကြားယောင်နေတုန်းပါ။ သူနဲ့ ခင်မင်သူအားလုံးကို သူကူညီဖူးပါတယ်။ သိသာလွယ်အောင်

http://swanbros.blogspot.com



ပြောရရင်တော့ မိုင်နှစ်ဆယ်လောက်ဝေးတဲ့နေရာမှာနေတဲ့ ကလောင်သစ်လေးရဲ့ ကဗျာ မဂ္ဂဇင်းမှာ ပါလာဦးတော့ စက်ဘီးနဲ့သွားပြောချင်သူပါ။ လူတွေကို ဝမ်းသာစေချင်တယ်။ လူတွေ ဝမ်းသာတာကြည့်ပြီး သူပါ ဝမ်းသာတတ်တဲ့ နီမောင်ပါခင်ဗျ။ ဘယ်လိုပွဲလမ်းသဘင်မျိုးမှာမဆို နီမောင်ပါပါတယ်။ စာရေးဆရာများ ရုန်းစုရုန်းစုနဲ့ လာကြတဲ့ တောင်လေးလုံးရဲ့ နေ့ရက်များမှာဆို နီမောင့်ကို မီးဖိုချောင်မှာ ရှာတွေ့နိုင်ပါတယ်။ဘယ်တော့မှရင်ကော့ခေါင်းမော့ပြီး အထက်စီးကကြည့်၊ နှုတ်ဆက်တတ်တဲ့အထဲ နီမောင်မပါပါဘူး။ နေရာယူလေ့ မရှိဘူးလို့ ပြောရမှာပေါ့ခင်ဗျ။ အလွန်ချစ်စရာကောင်းတဲ့ နီမောင်ပါ။

မကြာခဏ သတိရလေ့ရှိရတဲ့နီအောင်ကို ၂၀၀၀ ခုနှစ်မှာတော့ ပိုလို့သတိရမိပါတယ်ခင်ဗျာ။ နီမောင် ဝင်နွှဲရမယ့် ပွဲတွေချည်းမို့ပါ။ နဂါးစာပေနေရာသစ်ဖွင့်ပွဲဆိုရင် နီမောင် ပျာယာခတ်နေရမယ့်ပွဲမျိုးပါ။ ကံချွန်ရဲ့ ဝမ်းမင်းရှိုးဆို နီမောင် ကျောက်ချထိုင်ရမယ့်ပွဲပါပဲ။ ဈေးပွဲတော်၊ အရောင်းမြှင့်တင်ရေး၊မုန့်တီပြိုင်ပွဲ ဆိုတာတွေဟာ နီမောင် မော့တော့မော့တော့ လုပ်ရမယ့် နေရာတွေပါ။ ၁၉၉၉ ခုနှစ်ရဲ့ ‘ဝင်နေ’ နဲ့ ၂၀၀၀ ခုနှစ်ရဲ့ ‘ထွက်နေ’ ကို ဦးပိန်တံတားပေါ်က စောင့်ကြည့်မှာ သေချာပါတယ်။ကံချွန် နီမောင့်ကို မကြာခဏသတိရတာဟာ နီမောင်ရဲ့ထူးခြားတဲ့ ရိုးသားမှုများကြောင့်ပါ။ သူရဲ့အတွေးအခေါ် အပြောအဆိုတွေဟာ သရော်စာရေးတဲ့ ကံချွန့်ကို

http://swanbros.blogspot.com



အများကြီးအထောက်အကူပြုပါတယ်။

မျက်စိအားမကောင်းတဲ့ နီမောင်ဟာ စက်ဘီးတစ်စီးနဲ့ မြို့ပတ်နေတာပါ။ ကံချွန်က 'သတိလည်းထားဦး၊ ကားတိုက်နေဦးမယ်' လို့သတိပေးဖူးပါတယ်။ ဒီတော့ နီမောင်ပြန်ပြောတဲ့စကားဟာမှတ်လောက်စရာပါ။'ငါကသာ မျက်စိမှုန်တာကွ။ သူတို့ကမမှုန်ဘူး' တဲ့ ခင်ဗျ။ ရိုးလွန်းလို့ဆန်းတဲ့ စကားတွေပါ။ နီမောင်ဟာ စာပေလောကမှာ အတ္တမပါဘဲ ရပ်တည်သွားတယ်လို့ ဆိုရမှာပါ။ သူတတ်နိုင်သလောက် အားလုံးကို ကူညီသွားတယ်။ လုပ်ပေးသွားတယ်။ ကလောင်သစ်ဟောင်း မျက်နှာကြီးငယ်မရွေး ကူညီတယ်။ သူ့အားနည်းချက်ကို ဝေဖန်ရင် ခေါင်းညိတ်လက်ခံတယ်။ 'ငါက အတတ်ပညာ အားနည်းတယ်ကွာ။ ရိုးရိုးပဲရေးတတ်တယ်' ဆိုတဲ့စကားကို တကယ် ရိုးသားစွာပြောခဲ့တဲ့ နီမောင်ပါ။

ပရမ်းပတာ လက်တုန့်ပြန်တာ၊ သွေးရူးသွေးတန်း ရန်တွေ့ စာရေးတာမျိုး နီမောင့်တစ်သက်မှာ မရှိခဲ့ဘူးခင်ဗျ။ မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာပေါ်က ရန်ဖြစ်နေတာတွေဆိုရင် 'မဖတ်ချင်ဘူးကွာ၊ စိတ်ညစ်တယ်' လို့ပြောလေ့ရှိပါတယ်။ စာဖတ်ပရိတ်သတ် အကျိုးအတွက် ဦးတည်ချက်မပါတဲ့ စာမျိုးဟာ ဘယ်လိုသြဇာမှ မရှိပါလားလို့ သတိထားမိပါတယ်ခင်ဗျာ။

နီမောင့်ကို ကံချွန်က စီးပွားရေးဆောင်းပါးတွေ အရေးခိုင်းဖူးပါတယ်။ ကံချွန်စီးပွားရေးဆောင်းပါးတွေ ရေးစဉ်ကပေါ့။ အဲဒီအချိန်က စီးပွားရေးဆောင်းပါးရေးသူ အလွန်

နည်းပါသေးတယ်။ ကံချွန်ကို 'လုပ်စားတယ်' ဆိုတဲ့ လက်ညှိုးပေါင်း တစ်ထောင်ထိုးစဉ်ကပေါ့ခင်ဗျာ။ ကံချွန်ကတော့ နီမောင့်ကို ဝင်ငွေလေးရှိစေချင်လို့ အရေးခိုင်းတာပါ။ နှစ်ပုဒ်၊ သုံးပုဒ်ပဲရေးပါတယ်။ 'ငါ မင်းအားနာလို့ ရေးတာကွာ။ ငွေရပေမယ့်ငါရေးချင်စိတ်မရှိတဲ့စာ မရေးပါရစေနဲ့' လို့ ပြောပြီး ရပ်သွားတာပါ။

တွေးကြည့်လေ လေးစားချင်စရာကောင်းလေပါပဲ ခင်ဗျာ။ သူကသာ မရေးတာပါ။ ရေးနေသူများကိုလည်း လုံးဝ အပြစ်မပြောဖူးပါဘူး။ လိုက်ကူစရာရှိရင် လိုက်ကူပါတယ်။ ပို့ပေးပါတယ်။

ဒီနေ့ စာစောင်၊ ဂျာနယ်တွေအင်နဲ့အားနဲ့ တိုးပွားလာချိန်မှာ ကံချွန်ပိုလို့ပိုလို့ နီမောင့်ကို သတိရမိပါတယ်ခင်ဗျာ။ စာနယ်ဇင်းသမား၊ စာပေသမားများ ဘယ်လိုစိတ်ထားရမယ်ဆိုတာ ကံချွန်အကြံမပြုတတ်လို့ နီမောင့်ကိုချည်းအမှတ်ရနေတာပါ။ နီမောင်ဟာ စာပေလောကအတွက် ဘာလုပ်ပေးရမလဲဆိုတာကိုပဲအမြဲစဉ်းစားနေသလားထင်ရပါတယ်။ သူဟာ စာရေးအား မကောင်းပါဘူး။ 'ငါက ဒီနှစ်တော့ ကျေနပ်ပြီ။ ငါ့ ကဗျာတစ်ပုဒ်ပါပြီးပြီ' ဆိုပြီး ပြောလေ့ရှိတဲ့သူပါ။ ရေးတယ်၊ ပို့တယ်၊ မပါဘူး။ မပါလည်း စိတ်ခါတ်မကျပါဘူး။ ရေးအားကောင်းနေတဲ့သူငယ်ချင်းများကိုလည်း မုဒိတာပွား နိုင်ပါတယ်။ ကံချွန် ပြင်ဦးလွင်မှာသွားပြီး ကာတွန်းလုံးချင်း ရေးစဉ်က နီမောင် လိုက်လာပါတယ်။

http://swanbros.blogspot.com



'မင်းကွာ၊ သွားမယ်ဆိုကတည်းက ငါပြောရောပေါ့။ မင်း စိတ်ဖြောင့်လက်ဖြောင့်ရေးရအောင် ငါလိုက် ထမင်းချက်ပေး ပါတယ်'

လို့ ရောက်မဆိုက် ပြောခဲ့တဲ့စကားဆို ကံချွန် ဒီနေ့ထိ မမေ့ပါဘူးခင်ဗျာ။ ခရစ်နှစ် ၂၀၀၀ မှာ ကံချွန် နီမောင့်ကို အားကြီးသတိရပါတယ်။ ၂၁ ရာစုကို

'မုဒိတာ' နဲ့ဝင်နိုင်ဖို့

'ကူညီမှု' တွေနဲ့ ဝင်နိုင်ဖို့

'ရိုးသားမှု' တွေနဲ့ ဝင်နိုင်ဖို့

'စေတနာ' တွေနဲ့ဝင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားရပါဦး မယ်။ ၂၁ ရာစု လှပဖို့အတွက် နီမောင်ရဲ့ စိတ်ဓါတ်မျိုး မွေးရ ပါဦးမယ်။

၁၇. ၁. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မေးလိုရာမေး

ကံချွန်ရဲ့ ဆောင်းပါးခေါင်းစီးကိုကြည့်ပြီး ကံချွန်ဆိုတဲ့ ငတိတော့ ဒဂုန်ခင်သဇင်ဆီမှာ ဗေဒင်ပညာသင်ပြီး ရှေ့ဖြစ်နောက်ဖြစ်တင်မက ခေါင်းပေါ်ပန်းအိုးပြုတ်ကျမယ့်အပေါ်ဖြစ်၊ ခလုတ်တိုက်မယ့် အောက်ဖြစ်တွေပါ ဟောဖို့ကြံစည်နေပြီလို့ မထင်ပါနဲ့ခင်ဗျာ။ ကံချွန်ရေးချင်တာက တခြားပါ။ အဲဒီတခြားကိစ္စ မရေးခင် ဝမ်းသာစကားနှစ်ခွန်းတော့ (ဆိုင်ဆိုင်မဆိုင်ဆိုင်) ပြောပါရစေ။ ပထမတစ်ခွန်းက (၁၇. ၁. ၂၀၀၀) ရက်နေ့ထုတ် အလင်းတန်း ဂျာနယ်မှာ ပါတဲ့ မင်းသားရန်အောင်ရဲ့အလှူသတင်းအတွက် ဂုဏ်ပြုဝမ်းသာစကားဆိုပါရစေလို့ ကံချွန်ဆန္ဒပြုပေးပါတယ်။ နောက်ဝမ်းသာစကားဆိုချင်တာကတော့ ပန်းချီဆရာကြီး ဦးလွန်းကွယ်ရဲ့ ပန်းချီကားများကို ပြပွဲခင်းကျင်းဖြစ်အောင် စီစဉ်ပေးသူ ပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါတယ်။ အကယ်၍များ ဆရာကြီးပြသတဲ့ကားတွေကို တစ်ကားချင်း သေသေချာချာ ဗီဒီယိုရိုက်ပြီး အခွေဖြန့်မယ်ဆိုရင် ပိုပြီးဝမ်းသာမိမှာပါ ခင်ဗျာ။ ကံချွန်တို့လို ရန်ကုန်မနီး မန္တလေးမှာကြီးပြီး မြို့သစ်မှာ အခြေချနေရတဲ့ ဝါသနာအိုး (အင်းစိန်မဟုတ်ပါ) မြို့သစ်သားလေးများအတွက် ပီတိဖြစ်ရမှာ အမှန်ပါ။ ပီတိစကားများပြောပြီးတဲ့နောက်မှာ

http://swanbros.blogspot.com



တော့ ပီတိမဖြစ်နိုင်တာလေးတွေပြောပါရစေခင်ဗျ။

မဂ္ဂဇင်းတွေမှာပါနေတဲ့အမေးအဖြေကိစ္စတွေ အကြောင်းပါ။ မဂ္ဂဇင်းအတော်များများထဲက အမေးအဖြေတွေကို ကံချွန်ဖတ်မိတိုင်း အားကြီးစိတ်ညစ်ပါတယ်။ ကျန်းမာရေးအမေးအဖြေ၊ အချစ်ရေးအမေးအဖြေကိုတော့ ထားတော့။ ကျန်းမာရေးကိစ္စဆိုတာ ရောဂါရှိသူများအတွက် အလွန်အရေးပါတဲ့ အကြောင်းအရာပါ။ အချစ်ရေးဆိုတာကလည်း ငယ်ရွယ်သူများအတွက် ဘဝရှေ့ရေးတစ်သက်တာ ကိစ္စပါ။ ကံချွန်ပီတိမဖြစ်နိုင်တာက မရယ်ရဘဲ အတင်းဂလိထိုးနေတဲ့ ပေါတောတော အမေးအမြန်းများ ပါဘဲခင်ဗျာ။ မေးချင်ရာမေး၊ ဖြေချင်ရာဖြေ။ မေးသူမရှိရင် ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကိုယ်ဖြေ။ မေးတာတွေကအရေးမပါ။ ဖြေတာက ပေါ့ပျက်ပျက်။ ပေါတဲ့နေရာမှာတော့ဝမ်းဆက်ပါပဲ။ ရယ်ရလို့ဆိုရင်လည်း ထားပါတော့။ အဲဒီလိုခပ်ကြောင်ကြောင် အမေးအဖြေကဏ္ဍကို စာမျက်နှာ အပုတ်ခံပြီးဘာလို့ထည့်နေကြပါလိမ့်။ ပေါက်တတ်ကရပြောတိုင်း ရယ်ရမယ်ထင်ရင်တော့ ဟာသ သိက္ခာကျပါတယ် ခင်ဗျာ။ ကျေးဇူးပြုပြီး ကိုယ်ရေးတဲ့စာကို ကိုယ့်မိန်းမ၊ မိဘ၊ ယောက္ခမစတဲ့ နီးစပ်ရာ လူတွေကို ပေးဖတ်ခိုင်းစေချင်တာပါတယ်။ ပြီးတော့ ဘယ်နှစ်ယောက်ရယ်သလဲဆိုတာ စစ်တမ်းလည်း ကောက်စေချင်ပါတယ်။ ရယ်သူတွေရဲ့ ပညာအရည်အချင်းကိုလည်း မှတ်တမ်းတင်စေချင်ပါတယ်။ သက်ဆိုင်ရာ မဂ္ဂဇင်းများအနေနဲ့ လက်တွေ့စာဖတ်သူ စစ်

http://swanbros.blogspot.com



တမ်းကောက်ကြည့်လိုက်ရင် ထည့်သင့်မထည့်သင့် သိနိုင်ပါတယ်။ အဲသလိုကဏ္ဍထည့်သင့်၊ မထည့်သင့် ဆုံးဖြတ်မယ့်သူကိုယ်တိုင်က အဲသလို စာမျိုးရေးနေတာ ဆိုရင်တော့ ကံချွန်အနေနဲ့ 'ဆောရီး' စကားပဲပြောရမှာပေါ့ နော်။

စဉ်းစားကြပါဦး ခင်ဗျာ။ အမေးအဖြေဆိုတာ အလွန်လိုအပ်တဲ့ကဏ္ဍပါ။ စာရေးဆရာတွေရေးချင်တာချည်း ဖတ်နေရတဲ့အတွက် အမေးအဖြေဟာ ပရိတ်သတ်သိချင်တာကို ရေးပေးတဲ့ကဏ္ဍလို့ ကံချွန်မြင်ပါတယ်။ ပရိတ်သတ် ရင်ထဲက ဆန္ဒကို ဖြည့်ပေးရတဲ့ ကဏ္ဍပါ။ အလွန် လိုအပ်ပါတယ်။ မဂ္ဂဇင်းများရဲ့ အမေးအဖြေကဏ္ဍတွေမှာ လေးနက်တဲ့ အသွင် မဆောင်တဲ့တွက် တကယ်လေးနက်တဲ့ မေးခွန်းတွေ ဝင်မလာတာပါ။ ဒီနေ့ ပေါ်တောတော အမေးအဖြေကဏ္ဍများ နေရာမှာ လူငယ်ကိစ္စ၊ စီးပွားရေးကိစ္စ၊ ပညာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ အနုပညာကိစ္စ၊ နည်းပညာအတတ်ပညာကိစ္စ စတဲ့ အလေးအနက်သိကောင်းစရာတွေကို တိတိကျကျ ဖြေနိုင်သူ ဆရာကြီးများက ဖြေပေးမယ်ဆိုရင် စာဖတ်သူများအတွက် အလွန်တန်ဘိုးရှိမယ့် စာမျက်နှာများပါခင်ဗျာ။ မေးသူများ မေးလာမှာတွေဟာလည်း လိုအပ်တဲ့ လေးနက်တဲ့ မေးခွန်းတွေ ဖြစ်လာမှာပါ။

ကိုယ့်စာဖတ်ပရိတ်သတ်ကို ကိုယ်အထင်သေးရာ ရောက်နေတဲ့ ခပ်ပေါပေါ ခပ်ကြောင်ကြောင်ကဏ္ဍအဖြစ်ကနေ ကိုယ့်စာဖတ်ပရိတ်သတ်အတွက် အမှန်တကယ်လိုအပ်နေတဲ့

http://swanbros.blogspot.com



သိကောင်းစရာများ ပြောဆိုဖြေကြားပေးတဲ့ ကဏ္ဍအသွင် ပြောင်းသင့်ပါပြီ။ အဲသလိုမှ မဟုတ်ရင်လည်း အမေးအဖြေ ကဏ္ဍများကို ရသမြောက် 'ဟာသ' ကဏ္ဍတစ်ခုအဖြစ် ပရိတ်သတ်အကြိုက် 'သရော်စာ' ကဏ္ဍတစ်ခုအဖြစ် ကြိုးစား ဖန်တီးသင့်ပါပြီ။

'ဦးဦးရှင့်၊ ဦးဦးက ချောသလား၊ ဦးဦးဓါတ်ပုံ ဖော်ပြပေး ပါ'

'သေချာတာပေါ့ကွယ်၊ ဓါတ်ပုံတော့ မဖော်ပြပါရစေနဲ့၊ ဝိုင်းနေမှာစိုးလို့ ကြွေးရှင်တွေ'

'ဦးလေးက လူပျိုကြီးလား'

'ဟီဟိ . . . ရှက်တယ်'

'ဟိုကြော်ငြာမင်းသမီးလေးမှာ အတွင်းပစ္စည်း စုမိနေပြီ ဆို'

'နေဦး၊ သူရေချိုးခန်းထဲ အဝတ်လှန်းမှ ဦးဦးချောင်းကြည့် ဦးမယ်'

'ဦးက ဘဝင်မြင့်တက်သလား'

'မမြင့်တတ်ပါဘူးကွယ်'

ဆိုတာမျိုးတွေကို လစဉ်အလုပ်ကြီးတစ်ခုလုပ်ပြီး ထည့် နေတာ ဘယ်လိုရည်ရွယ်ချက်ရှိလို့ပါလိမ့်ဆိုပြီး ကံချွန် စဉ်းစား မိလို့ ဒီစာရေးရတာပါ။ အဲဒီ ရည်ရွယ်ချက်ကို ရှာမရဘူးဖြစ် နေတယ်။ ဟာသစာပေအနေနဲ့ ထည့်တာဆိုရင်လည်း အဲဒီကဏ္ဍာကို ပေးဖတ်ပြီးရယ်,မရယ်စောင့်ကြည့်စေချင်ပါ တယ်။ မဂ္ဂဇင်းတစ်စောင်ရဲ့ ကဏ္ဍတစ်ခုတိုင်းမှာ ရည်ရွယ် ချက်၊ ဦးတည်ချက် ရှိရပါမယ်။ ကဏ္ဍတစ်ခုတိုင်းရဲ့ ရည်ရွယ် ချက်၊ ဦးတည်ချက်တွေကို မဂ္ဂဇင်းကြီးရဲ့မူ ဖြစ်ရပါမယ်။

လေးစားပါတယ်ခင်ဗျာ။ မင်းက ဘာကောင်မို့ ကြီးကြီး

http://swanbros.blogspot.com



ကျယ်ကျယ် အကြံပေးရတာလဲဆိုရင် ကံချွန်က မင်္ဂဇင်းများကို အထင်ကြီးလေးစားသူမို့ပါ။ မဂ္ဂဇင်းများကို 'ချိုမိုင်မိုင်' ကနေတဲ့ ဘူကြီးတစ်ယောက်လို မမြင်ချင်လို့ပါ။ ဟာ . . . တို့ကတော့ ခပ်ပေါ့ပေါ့ပဲ၊ အလေးအနက်တွေ မလုပ်နိုင်ဘူး။ ကိုယ့်ဟာကိုယ် ပေါတာ ဘာဖြစ်လဲဆိုရင် ဦးကျော်ဟိန်း ကြော်ငြာတစ်ခုမှာပြောသလို ပြောရပါတော့မယ်။ ခင်ဗျားတို့ သိပ်ပေါပါတယ်ဆိုတာကို ကံချွန်က သနားတယ်လို့။

ခပ်ပေါ့ပေါ့၊ ခပ်ပေါပေါ၊ ခပ်ကြောင်ကြောင်နေဖို့ထိုင်ဖို့ ပြောဖို့ရေးဖို့ လိုင်စင်ယူရမယ်ဆိုရင် ကံချွန်ဟာ လိုင်စင်ယူပြီး ပေါမယ့်သူပါ။ လိုင်စင် မယူရတိုင်း မဂ္ဂဇင်းစာမျက်နှာပေါ်က နေ ပေါနေကြတာကိုကြည့်ပြီး အပေါသိက္ခာကျတယ်လို့ မြင်မိပါတယ်ခင်ဗျာ။ ဟာသမမြောက်တဲ့ ပြက်လုံးတွေကို ဖတ်နေရတာလောက် စိတ်ညစ်စရာကောင်းတာ မရှိတော့ပါဘူး။

တကယ်တော့ မဂ္ဂဇင်းစာမျက်နှာများဟာ အလွန်တန်ဖိုးရှိပါတယ်။ အယ်ဒီတာမင်းများရဲ့ စေတနာကိုလည်း လေးစားပါတယ်ခင်ဗျာ။ ကံချွန် မျှော်လင့်လေးစားထားသော စာမျက်နှာများမှာ ခပ်ပေါ့ပေါ့တွေ နေရာပေးထားတာဟာ 'ပညာရှိသတိဖြစ်ခဲ' သဘောမျိုးဖြစ်နေတယ်လို့ ထင်လို့ ဒီစာ ရေးရတာပါ။ ရင့်သီးတဲ့စကားလုံးများပါသွားရင် ချစ်လွန်းလို့ အားမလို အားမရ ရေးမိတာလို့ သဘောထားပါခင်ဗျာ။ ခပ်ကြောင်ကြောင်အမေးအဖြေကဏ္ဍများရဲ့နေရာမှ စာဖတ်သူ များရဲ့ နေရာမှ စာဖတ်သူများရဲ့ လေးနက်တဲ့ ဆန္ဒကို

ဖြည့်ဆည်း ပေးနိုင်မယ့်၊ သိချင်တာတွေ သိသင့်တာတွေ ဖော်ပြပေးမယ့် နေရာများ ဖြစ်လာပါစေလို့ ဆန္ဒပြု လိုက်ရပါတယ်။

၇. ၂. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# သိပ်ပေါ်တာပဲလို့ဆိုတဲ့စကား ကံချွန်ကသနားတယ်

'သိပ်ပေါ်တာပဲ' ဆိုတဲ့စကားကို ကုန်တိုက်နှင့် ဈေးမှအပ အခြားနေရာတွေမှာ ပြောသံဆိုသံ မကြာခဏ ကြားရပါတယ် ခင်ဗျာ။ လူမှုဆက်ဆံရေးနယ်ပယ်နှင့် အနုပညာလောကမှာ အဲသလိုအပြောခံရရင် တစ်ချို့က စိတ်ဆိုးကြတယ်။ သိပ်ပေါ်တာပဲဆိုတဲ့စကားကို ဟာသဖန်တီးရှင်များအတွက် ဝေဖန်ရာမှာလည်း ဟာသဖန်တီးရှင်များက 'ပေါ်တာပဲ' ဆိုတဲ့ စကားကို လက်မခံချင်ကြပါဘူး။ အချို့ကတော့ ဘယ်သူတွေ ဘာပြောပြော 'အိုင်ဒုန့်ကဲယား' ပါပဲ။

အချို့ကျပြန်တော့ 'ပေါ်' တာကို ဂုဏ်ယူစွာ 'ပေါ်' တာပါ။ ဟာသဓါတ်ခံအားကောင်းမှ 'ပေါ်' လို့ရတာပါလို့ ဆိုပါတယ်။ အစဉ်အလာမရှိရင် ပေါ်လို့မရဘူးဆိုတဲ့သဘောပေါ့ဗျာ။ မပေါ်တတ်ဘဲပေါ်နေရင် 'ကြောင်' သွားပါတယ်။ ရယ်လည်း မရယ်ရ၊ ကြွေလည်း မရ။ ရသကိုးပါးရဲ့အပြင်ဘက် ရောက်သွားပါတော့တယ်။ ပေါ်တာက ချစ်စရာကောင်းပါတယ်။ ကြောင်တာက အမြင်ကတ်စရာကောင်းပါတယ်။ ပေါ်တယ်ဆိုတဲ့စကားရဲ့အဓိပ္ပါယ်သက်ရောက်မှုကို နေရာ၊ အကြောင်းအရာလိုက်ပြီး ကွဲပြားနေတာလည်း ကံချွန်သတိထားမိတယ်ခင်ဗျ။

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



စာရှုသူ ခင်ဗျာ - စဉ်းစားကြည့်ပါ။

ရုပ်ရှင်ကြည့်တဲ့အခါ ရှေ့ဆုံးတန်းက စျေးအနိမ့်ဆုံးဖြစ်နေပေမယ့် လက်ဝှေ့ကြည့်တဲ့အခါမှာတော့ ရှေ့ဆုံးတန်းက စျေးအမြင့်ဆုံး ဖြစ်ရပြန်ပါတယ်။ နေရာရဲ့ တန်ဘိုးဟာ အကြောင်း အရာလိုက်လို့ ပြောင်းလဲသွားတာပါပဲ။ ပေါခြင်းရဲ့ တန်ဘိုးဟာလည်း အကြောင်းအရာပေါ် မူတည်ပြီး ပြောင်းလဲနိုင်ပါ တယ်။ ပေါဖို့ မသင့်တဲ့အရာမှာ သွားပေါလိုက်ရင် 'ဟာသရသ' မမြောက်တော့ဘဲ ကြောင်သွားမှာပါ။ အနုပညာတန်ဘိုး မရှိတော့ပါဘူး။ ဥပမာပြရရင်တော့

မေး - 'ဦးဦးက လူပျိုလား'

ဖြေ - ဟီဟိ . . . ရှက်စရာကြီး'

ဆိုတဲ့ မဂ္ဂဇင်းအချို့မှာပါလေ့ရှိတဲ့ အမေးအဖြေမျိုးပေါ့ ခင်ဗျာ။ အဲဒါဟာ 'ဟာသ' ထဲကို ဘေးပေါက်ထဲက တိုးဝင်တဲ့ သဘောပါပဲ။ ဒါဟာဆွမ်းဆန်ထဲ ကြွက်ချေးလာရောတာပါ။ ကံချွန်ဒါတွေ ရေးနေတာဟာ 'ဟာသထိ မချိအောင်နာတတ်လို့ပါ'။ အနုပညာလောကထဲမှာရှိတဲ့ 'ရသ' ဖန်တီးရှင်တွေထဲမယ်ကံချွန်အလေးစားဆုံးက 'ဟာသ' ဖန်တီးရှင်များပါပဲ။ ဟာသ ဖန်တီးရှင်များရဲ့ ပျော်တတ်တဲ့ ခံစားချက်ကြောင့် အနေအထိုင်၊အပြော အဆို ဟာလည်း ပေါ့ပေါ့ ပါးပါးပါပဲ ဟန်ဆောင်မှု ကင်းတာကို က္ကန္ဒြေမရှိသိက္ခာမရှိလို့ ထင်ကြမယ်ဆိုရင်တော့ စဉ်းစားစရာ တစ်ခု ပြောပြပါရစေ ခင်ဗျာ စဉ်းစားကြည့်ပါ။ က္ကန္ဒြေကြီးတစ်ခွဲသားနဲ့ နေပြတတ် တဲ့ထဲမှာ

http://swanbros.blogspot.com



'လူလိမ်တွေ' ပါပါတယ်။ ဖိုးတွမ်တီးတွေပါနေတတ် ပါတယ်။ အိတ်ထဲက ပိုက်ဆံပြောင်မှ၊ အိမ်ရှိတဲ့ပစ္စည်းတွေ ပါသွားမှ 'ငါကလည်းယုံလိုက်မိတယ်ကွာ။ သူ့ကြည့်ရတာ ခပ်တည်တည်ခုံ့ခုံ့ ဣန္ဒြေရရဆိုတော့' ဆိုတဲ့စကားမျိုးကြားဖူးကြမှာပါ။ ဣန္ဒြေရရ ခပ်တည်တည်နေတိုင်း လူလိမ်မဟုတ်ပေမယ့် လူလိမ်အတော်များများကတော့ ဣန္ဒြေရရ ခပ်တည်တည်နေတတ်ကြပါတယ်။ ဒါလည်း သတိထားစရာပေါ့ခင်ဗျာ။

ကံချွန်ကတော့ ဟာသဖန်တီးရှင်များကို ချစ်ပါတယ်။ မနာလိုမရှုစိမ့်တဲ့ မျက်စိ၊ ဒေါသသင့်နေတဲ့မျက်စိနဲ့ ကြည့်လို့ကတော့ ငြိမ့်ငြိမ့်လေးထိုင်နေလည်း အမြင်ကပ်စရာ ကောင်းနေမှာပါ။ ချစ်တဲ့မျက်စိနဲ့ကြည့်လို့ကတော့ ကျွမ်းထိုးပြနေလည်း ချစ်နေမှာပါ။ ဆော့နေတာကိုက ချစ်စရာလေးဖြစ်နေမှာပါ။ ဟာသဖန်တီးသူတွေကို ဣန္ဒြေမရဘူး၊ ခပ်ပေါပေါတွေဆိုပြီး သူတို့ ဘာတွေလုပ်လုပ်စောင့်ကြည့်ပြီး အမြင်ကပ်နေမယ်ဆိုရင်၊ 'ဟာသ' ကိုမုန်းနေမယ်ဆိုရင် ရှိနေတဲ့ရောဂါတွေအတိုးမြန်ပြီး အသက်တိုမှာသေချာပါတယ်။ အချို့နိုင်ငံ ခေတ်မီဆေးရုံကြီးတွေမှာ ဝေဒနာရှင်များရဲ့ရောဂါတွေသက်သာဖို့ ဟာသကိုကုထုံးထဲမှာ ထည့်နေကြပါပြီ။ အချို့နိုင်ငံတွေမှာတော့ ရောဂါတွေကာကွယ်ဖို့၊ ကျန်းမာဖို့ နေ့စဉ် နာရီပိုင်းနဲ့ စုပေါင်းပြီး ရယ်တဲ့အလုပ်ကို လုပ်နေကြပါတယ်။ (ကဲ . . . ဘယ်လောက်ကောင်းတဲ့ အယူအဆတွေလဲ)

## ၃၀၂ 📖 အင်္ဂလိပ်နှင့် ဆိုင်ဆိုင်၊ မဆိုင်ဆိုင်

ကံချွန် လေးစားရပါသော ဟာသပညာရှင်များကိုလည်း မေတ္တာရပ်ခံချင်ပါတယ်ခင်ဗျာ။ ကိုယ့်လာပြီး စော်ကားရင် လှည့်ကိုမကြည့်ပါနဲ့။ ဟာသကို အထင်သေးရင် သူ့ကို ပရိသတ်က အထင်သေးပါလိမ့်မယ်။ ပရိသတ်ချစ်နေသူကို မုန်းပြရင် သူ့ကို ပရိသတ်က မုန်းပါလိမ့်မယ်။ ဟာသ ဖန်တီး ရှင်များကိုယ်စား ပရိသတ်က တုန့်ပြန်သွားပါလိမ့်မယ်။

ဟာသ ဓါတ်ခံရှိမှ ဟာသကို နားလည်ခံစားတတ်တာပါ။ ချက်ချင်းစဉ်းစား ဆုံးဖြတ်အဖြေရှာနိုင်မှု အားကောင်းမှ ဟာသကို ခံစားနားလည်တတ်တာပါ။ ဟာသကို အထင်သေး၊ ရှုတ်ချ၊ ကဲ့ရဲ့လာပြီဆိုရင် သူ့မှာ စဉ်းစားဆုံးဖြတ်အဖြေရှာ နိုင်မှု အားနည်းနေလို့ပါပဲ။ ဟာသဟာ ဖန်တီးဖို့ ခက်ခဲတဲ့ ပညာရပ်။ ဟာသကို ဖန်တီးနေသူများထဲမှာလည်း ရသ မြောက်အောင် မဖန်တီးနိုင်သူ၊ ရယ်ရအောင် မစွမ်းဆောင် နိုင်သူတွေ ရှိပါတယ်။ ဖန်တီးသူမှာ အားနည်းချက်ရှိနေလို့ ဟာသတွေက ရသမမြောက်ဘူး၊ မရယ်ရဘူးဆိုရင် အဲဒီ ဖန်တီးတဲ့လူကိုပဲ ထောက်ပြဝေဖန်ရပါမယ်။ ဟာသဆိုတာကို တော့ အထင်သေးလို့မရပါဘူး။ ဘဝသရုပ်ဖော် ခေတ်ပြိုင် ခံစားမှုဝတ္ထုဆိုပြီး ရေးထားတာတွေမှာ 'ရသ' မပါလို့ သုတေသန စာတမ်းလိုလို၊ လက်လုပ်လက်စား အင်တာဗျူး လိုလို ဖြစ်နေတာတွေ ရှိသလိုပေါ့။ ဟာသမှာလည်း ဖန်တီးသူ ရဲ့ အားနည်းချက်ကြောင့် ရသမမြောက်တာတွေရှိနိုင်ပါတယ် ခင်ဗျာ။

http://swanbros.blogspot.com



ကံချွန်ကတော့ 'ဟာသ' နဲ့ ပတ်သက်လာရင် အနိုမ်မခံနိုင်ပါဘူး။ အထင်သေး မခံနိုင်ပါဘူး။ အစော်ကား မခံနိုင်ပါဘူး။ လောကကြီးဟာ 'ဟာသ' ကြောင့် စိုပြေမှုအားကောင်းနေတာပါ။ 'ဟာသ'ဟာ ဒေါသနဲ့ အမုန်းတရားများကို လျှော့ပါးကျေပျက်စေတဲ့ အရာပါ။ ဟာသဖန်တီးသူများကို အထင်သေးလာပြီဆိုရင် ပရိတ်သတ်ရဲ့ ချစ်ခင်မှုကို မုဒိတာ မပွားနိုင်လို့ပါဘဲ။

ဟာသကို အထင်သေးတဲ့ရှုထောင့်ကနေကြည့်ပြီး ရှုတ်ချတဲ့လေသံနဲ့ 'သိပ်ပေါတာပဲ' ပြောလာ၊ ရေးလာသူများကို ကံချွန်က သနားတယ်။

၁၄. ၂. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# နံရံရှိပန်းချီရှိမယ် ကွက်လပ်ရှိပန်းပုရှိမယ်

ကံချွန်မှတ်ဉာဏ်အားနည်းပါတယ်ခင်ဗျာ။ စုဆောင်းသိမ်းဆည်းတဲ့အလေ့လည်း မရှိပါဘူး။ လုပ်ချင်တာတွေက များနေလို့ပါ။ ဒါကြောင့် တစ်ခါတစ်ခါတော့ ကွန်ပျူတာဆိုသဟာကို လိုချင်မိတယ်ခင်ဗျ။ ကံချွန်မှတ်ချင်တာတွေအားလုံးသူ့ကိုအမှတ်ခိုင်းရအောင်ပေါ့။ ကွန်ပျူတာမရှိ ဘာဆန်းသလဲ၊ စာပေလက်တိုလက်တောင်းထားရင် ဖြစ်သားပဲဆိုရအောင်က အခက်။ ကိုယ်ကမှ စာတပည့်သာသာပါ။ အဓိကပြဿနာက စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကို ဝယ်သိမ်းဖို့နေရာအခက်အခဲရှိတာရယ်၊ အဲဒီအထဲတွေမှာပါတဲ့ သတင်း၊ ဆောင်းပါးတွေကို စနစ်တကျဖြတ်မသိမ်းနိုင်တာရယ်ကြောင့် သတင်းတစ်ပုဒ်ပြန်ကိုးကားချင်ပြီဆိုရင် အခက်အခဲဖြစ်ရပါတယ်။ မှတ်ဉာဏ်ကအားနည်းတော့ တိတိကျကျလည်း မမှတ်မိဘူးဖြစ်နေတယ်။

နှစ်ထောင်ပြည့်ရဲ့ နှစ်လပိုင်း ပထမပတ်လောက်ကမှ ထွက်ခဲ့တဲ့ ဂျာနယ်တစ်စောင်ထဲမှာ (ခေတ်ဆန်းလို့ထင်ပါတယ်) ဒါရိုက်တာ အကယ်ဒမီ စင်ရော် မောင်မောင်နဲ့ အင်တာဗျူးထားတာ ဖတ်လိုက်ရပါတယ်။ မြန်မာ့ရုပ်ရှင်ရွှေခေတ်ရောက်အောင်လုပ်မယ်ဆိုပြီး ပြောသွားပါတယ်

http://swanbros.blogspot.com



ခင်ဗျာ။ ဒါ အလွန်ဝမ်းသာစရာကောင်းပါတယ်။ ဒါရိုက်တာ စင်ရော်မောင်မောင်ရဲ့ မြန်မာ့ရုပ်ရှင်အပေါ်ထားတဲ့ စေတနာပေ့ါ။ လက်ရှိမြန်မာ့ရုပ်ရှင်အဆင့်ကို အားမရတဲ့ သဘောပေ့ါ ခင်ဗျာ။ရွှေခေတ်ရောက်အောင်လုပ်မယ်ဆိုတဲ့အတွက် လက်ရှိ ခေတ်ကို ကြေးခေတ်လို့ သတ်မှတ်ပုံရပါတယ်။ မြန်မာ့ ရုပ်ရှင် ရွှေခေတ်ဖြစ်အောင် လုပ်ဖို့အတွက် ဇာတ်ကားကြီး သုံးကားပဲ ရိုက်မှာဆိုပဲ။ ပထမဆုံးရိုက်မယ့်ကားက လွန်ခဲ့တဲ့ နှစ်သုံးဆယ် ဝန်းကျင်က ဇာတ်ကားထင်ပါတယ်။ (မှတ်ဉာဏ် အားပျော့ တယ်ခင်ဗျာ) ဇာတ်ကားနာမည်က မမုန်းလေနဲ့ ငပလီ (ထင်ပါရဲ့)။ အဲဒါကို ကံချွန်ပြန်ကိုးကားပြီးရေးချင်နေ တာပါ။ ဒါရိုက်တာစင်ရော်မောင်မောင်ရဲ့စေတနာကို ဂုဏ်ပြုတဲ့ ဆောင်းပါးပေ့ါခင်ဗျာ။ မြန်မာ့ရုပ်ရှင်အဆင့်ကို မြှင့်တင် ပေးမယ့် စေတနာ၊ ရွှေခေတ်ရောက်အောင် လုပ်ပေးမယ့် စေတနာ မြန်မာ့ရုပ်ရှင်လောကသားများနဲ့ မြန်မာ့ရုပ်ရှင် မြတ်နိုးသူများ ဝမ်းသာရမယ့် ဖွင့်ဟချက်ကြီးပါ။ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က မြန်မာဇာတ်ကားဟောင်းကို ပြန်ရိုက် ပြီး ဒီနေ့ မြန်မာ့ရုပ်ရှင် ရွှေခေတ်ရောက်အောင် လုပ်မယ့် အင်တာဗျူးသာ ဖြတ်သိမ်းထားမိရင် ကံချွန်အသေးစိတ် ဂုဏ်ပြုနိုင်မှာပါခင်ဗျာ။ ခုတော့ မှတ်မိသလောက်နဲ့ မြန်မာ့ ရုပ်ရှင် ရွှေခေတ်ရောက်အောင်လုပ်ပေးမယ့် ဒါရိုက်တာ စင်ရော်မောင်မောင်ကို ခပ်တိုတိုပဲ ဂုဏ်ပြုလိုက်ရပါတယ်။ ကံချွန်တို့ မမှတ်မိတတ်သေးခင်က ဇာတ်ကားဟောင်းကို

http://swanbros.blogspot.com



ပြန်ကြည့်ရတော့မှာမို့ ဝမ်းလည်းသာမိပါတယ်။ ကွန်ဂရက်ကျူလေးရှင်းပါ ဦးစင်ရော်မောင်မောင်.

နောက် ကံချွန်ပြန်ကိုးကားချင်နေတဲ့သတင်း၊ ဆောင်းပါးက ၁၉၉၉ ခုနှစ် ဒီဇင်ဘာလထဲမှာ ထွက်ခဲ့တဲ့ ကြီးပွားရေးလမ်းညွှန်ဂျာနယ်(ဖြစ်မှာပါ)မှာ ပါခဲ့တဲ့မျက်နှာဖုံးဆောင်းပါးတစ်ပုဒ်ပါ။ နိုင်ငံတကာပန်းပုပညာရှင်များနဲ့အတူ ပန်းပုဥယျာဉ်မှာပြသထားဖို့ ပန်းပုထုခဲ့တဲ့ ဆရာရဲ့အမည်ကိုစဉ်းစားမရဘူးဖြစ်နေတယ်။ အနုပညာယဉ်ကျေးမှု တက္ကသိုလ်က ဆရာလို့တော့ ဖတ်မိလိုက်တယ်ထင်တာပဲ။ (သတိ မကောင်းဘူးဗျာ) အဲဒီသတင်းဖတ်ပြီး ကံချွန်ဝမ်းသာ ဂုဏ်ယူခဲ့ပါတယ်။ ကံချွန်တိုင်းပြည်က ပန်းပုပညာရှင်များရဲ့ (ပုံတူမဟုတ်၊ အထိမ်းအမှတ်တံဆိပ် မဟုတ်တဲ့) အနုပညာ စိတ်ကူးပန်းပုလက်ရာဟာ နိုင်ငံတကာ ပန်းပုပညာရှင်များ ရဲ့ အနုပညာလက်ရာနှင့်အတူရှိနေတော့မယ်ခင်ဗျာ။ (နိုင်ငံ ခြားသွားခွင့်ကြုံမှ မြန်မာ့ပန်းပုလက်ရာကို ခံစားလိုက်ရဦး မယ်၊ နေနှင့်ဦး)

အဲဒီ သတင်းဆောင်းပါးကို ကိုးကားပြီး မြန်မာလူငယ်ပန်းပုပညာရှင်များမှာ နိုင်ငံတကာအဆင့်မီ အနုပညာအတွေးများ၊ လက်ရာများရှိနေကြောင်း ရေးချင်ပါတယ်ခင်ဗျာ။ ပြီးတော့ ကံချွန်တို့ မြန်မာပန်းပုအနုပညာရှင်များရဲ့အနုပညာအတွေးပန်းပုများကို ကံချွန်တို့ခံစားခွင့်ကြုံရအောင်အများပြည်သူ ကြည့်ရှုလို့ရမယ့် နေရာတွေမှာ ရှိစေချင်ပါတယ် ခင်ဗျာ။ ပန်းခြံလိုနေရာမျိုး၊ မန္တလေးဆိုရင်

http://swanbros.blogspot.com



ဘူတာကြီးရှေ့ အဝိုင်းကြီးမှာလို။ (ရန်ကုန် ဘူတာကြီးရှေ့မှာ သကြ်န်ရေလောင်းနေပုံ ထားနည်းမျိုးပေါ့ ခင်ဗျာ) ပြီးတော့ ဆိပ်ကမ်းတွေမှာ၊ ပြီးတော့ ကန်တွေ၊ အင်းတွေမှာ။ နေရာဒေသ ထားရမယ့်ဝန်းကျင်နဲ့ လိုက်ရောညီထွေတဲ့ ပန်းပုရုပ်ကို ပညာရှင်စိတ်တိုင်းကျ ခံစားပြီး ထုလုပ်တာမျိုးပေါ့ ခင်ဗျာ။

အများမြင်ကွင်းမှာ (အမှတ်တရ အထိမ်းအမှတ်၊ ပုံတူ မဟုတ်တဲ့) အနုပညာလက်ရာ ပန်းပုရုပ်ကြီးတွေ ထားတာဟာ အဲဒီလူမျိုးရဲ့ အတွေးအခေါ် ခံစားမှု စိတ်ပိုင်းဆိုင်ရာကြွယ်ဝမှုကို ပြသတာပါခင်ဗျ။ အများမြင်ကွင်းမှာထားတဲ့ အနုပညာရှင်ရဲ့ စိတ်ကူးပန်းပုရုပ်ထုကြီးများဟာ နိုင်ငံခြားသားများကို 'ငါတို့မှာဟောသလောက်အတွေးအခေါ်ရှိတယ်၊ဟောသလောက် နည်းပညာ ကြွယ်ဝတယ်၊ ဟောသလောက် အတတ်ပညာတွေ ကျွမ်းကျင်တယ်' ဆိုပြီး ပြသခြင်းပါပဲ။

နေရာဒေသ ဝန်းကျင်ရဲ့ သဘာဝနဲ့အံ့ဝင်တဲ့ ပန်းပုရုပ်ကြီးတွေသာ ရှိမယ်ဆိုရင် အဲဒီဝန်းကျင်ရဲ့ သဘာဝကိုလည်း ထိန်းပြီးသားဖြစ်သွားပါမယ်။ အများမြင်ကွင်းမှာ အနုပညာရှင်ရဲ့ စိတ်ကူးပန်းပု လက်ရာများကို ထားနိုင်မယ်ဆိုရင် အနုပညာ ခံစားမှုအတွက် လေ့ကျင့်ပေးပြီးသားလည်း ဖြစ်သွားပါမယ် ခင်ဗျာ။ ကံချွန်တော့ အဲသလိုပဲ ယုံပါတယ်။

မဟာရန်ကုန်ရဲ့ ရည်မှန်းချက်က ဥယျာဉ်မြို့တော်လို့ ဖတ်ဖူးပါတယ်။ အဲသလိုဆိုရင် ကံချွန်တို့မန္တလေးက

http://swanbros.blogspot.com



အနုပညာမြို့တော်ဆိုပြီး ရည်းမှန်းချက်ထားရင် ကောင်းမှာပဲလို့လည်း ကံချွန်တမ်းတမိပါတယ်ခင်ဗျာ။ မန္တလေးရဲ့ အချက်အခြာနေရာတွေမှာ နံရံရှိ ပန်းချီရှိရမယ်၊ ကွက်လပ်ရှိ ပန်းပုရှိမယ်ဆိုပြီး ဖန်တီးပေးထားရရင် နိုင်ငံခြားသားများကိုလည်း ဆွဲဆောင်ပြီးသား ဖြစ်သွားမှာပါ။ မန္တလေးမှာ တစ်ရာတန် ပန်းချီလက်ရာကစပြီး သန်းချီတန်တဲ့ပန်းချီလက်ရာများထိ ရနိုင်တယ်ဆိုရင် စိတ်ဝင်စားကြမှာပါပဲ။ ဘာကိုမှ မဝယ်ချင်ဦးတော့ မန္တလေးဆိုတာ ‘အနုပညာ ပန်းပုလက်ရာများနဲ့ တန်ဆာဆင်ထားတဲ့ မြို့အဖြစ်ထင်ရှားသွားရင် ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းအတွက် အကောင်းဆုံးဆွဲဆောင်နိုင်စွမ်းရှိတဲ့အရာ ဖြစ်သွားမှာပါ။

အဲသလို ရေးဖို့ရာအတွက် ကြီးပွားရေးလမ်းညွှန်ဂျာနယ်ထဲက ဆောင်းပါးကို ကိုးကားဖို့ရာမှာလည်း စမ်းတဝါးဝါးဖြစ်နေတယ်။ အဲဒီဆောင်းပါးမှာ ဖော်ပြထားတဲ့ မြန်မာပန်းပုပညာရှင်ရဲ့လက်ရာဟာ အနုပညာလက်ရာပါ။ လက်မှုပညာလက်ရာမျိုး မဟုတ်ပါဘူး။ အတွေးစိတ်ကူးပေါ်အခြေခံတာ မဟုတ်ပါဘူး။ မြန်မာတစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အကြောင်းအရာပါ။ လူတစ်ဦးတစ်ယောက်တည်းနဲ့ဆိုင်တဲ့ အကြောင်းအရာမျိုးမဟုတ်ပါဘူး။ (သကြ်န်ရေလောင်းနေပုံပါပဲ) အဲသလို ‘မြန်မာဓလေ့စရိုက်’ ကိုအခြေခံတဲ့အကြောင်းအရာနဲ့ ခေတ်မီတဲ့ဖွဲ့စည်းဟန် ထုလုပ်ပုံကို ပေါင်းစပ်ပေးတဲ့ရုပ်ထုကြီးတွေသာ . . .

http://swanbros.blogspot.com



မန္တလေးမြို့အဝင် စက်မှုလမ်းဆုံလိုနေရာမျိုး . . . ရန်ကုန် မန္တလေးလမ်းနဲ့သိပ္ပံလမ်းဆုံလို နေရာမျိုး . . .၊ မန္တလေးဘူတာကြီးလိုနေရာမျိုး . . . စတဲ့စတဲ့ အများမြင်တွေ့နိုင်တဲ့နေရာမျိုးတွေမှာ အနုပညာလက်ရာ ပန်းပုရုပ်ထုကြီးများရှိမယ်ဆိုရင် . . .

ဘယ်လိုဆိုင်မှန်း မသိပဲ . . . .

ကာတွန်းငနဲရဲ့ခေါင်းထဲ ရောက်လာတဲ့အတွေးများပေါ့ခင်ဗျာ။ ဒါကြောင့် ဆိုင်ဆိုင်,မဆိုင်ဆိုင် ရေးလိုက်ရတာပါ။

၂၈. ၂. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# မဆန်းပေမယ့်မရိုးပါဘူး

၂၂. ၂. ၂၀၀၀ ပြည့်နှစ် ကုမုဒြာဂျာနယ်၊ စာမျက်နှာ (၇) မှာပါတဲ့ တေးသံရှင် မျိုးမြင့်လေးနဲ့ တေးရေးဆရာ ကျော်သိန်းမောင်တို့ရဲ့ စာနယ်ဇင်းတွေ့ဆုံပွဲ သတင်းဆောင်းပါးမှာ နေကာမျက်မှန်လေးသီချင်းကို အောင်ရင်က ပြန်ဆိုတယ်၊ ခွင့်ပြုချက်မယူဘူး။ တေးရေးသူရော၊ မူလတေးသံရှင်ပါ မသိလိုက်ရပါဘူးဆိုတဲ့ အကြောင်းဖတ်ပြီး ကံချွန် ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ပါချင်လာပါတယ်။

သီချင်းဟောင်းတွေကို ပြန်ဆိုပြီး အောင်မြင်နေတဲ့ တေးသံရှင်များအနေနဲ့ အဓိကကျတာကတော့ ကိုယ့်ကျေးဇူးရှင် မူလတေးသံရှင်များနဲ့ တေးရေးဆရာများကို ကျေးဇူး သိဖို့၊ လေးစားဖို့ တာဝန်ရှိပါတယ်။ ကိုယ့်ဟာကိုယ် နှစ်သက်လို့ပြန်ဆိုမယ်ဆိုရင်လည်း ကိုယ်ကိုယ်တိုင် သက်ဆိုင်သူများထံ ခွင့်တောင်းသင့်ပါတယ်။ ဒါမှ မဟုတ်ထုတ်လုပ်သူက အဆိုခိုင်းလို့ ဆိုတော့မယ်ဆိုရင်လည်း ခွင့်တောင်းပြီးကြောင်း သေချာမှ ဆိုသင့်ပါတယ်ခင်ဗျာ။ အနုပညာဆိုတာ ပြည်သူရဲ့မေတ္တာခံယူပြီး ရပ်တည်ရတာပါ။ ပြည်သူက မေတ္တာပျက်အောင်လုပ်လိုက်ရင် အနုပညာအားဘယ်လောက်ကောင်းနေနေ လှည့်ကြည့်တော့မှာ မဟုတ်ပါဘူး။ အနုပညာသမား

http://swanbros.blogspot.com



တိုင်း သတိထားရမယ့် အချက်ပါခင်ဗျာ။ ငါအောင်မြင်နေတာပဲ။ ဘာလုပ်လုပ်ရလိမ့်မယ်တော့ မထင်ပါနဲ့။ အနုပညာအားဘယ်လောက်ကောင်းကောင်း ပရိတ်သတ် မေတ္တာပျက်အောင် လုပ်မိလို့ အနုပညာလောက က အရှင်ထွက်, ထွက်သွားရသူတွေ အများကြီးပါ။ လူမသေသေးဘဲ နာမည်သေသွားသူတွေ အများကြီးပါ။ အနုပညာသမားမှာ အနုပညာကောင်းဖို့ လိုသလို ကိုယ်ကျင့်တရားကောင်းဖို့လည်း လိုပါတယ်ခင်ဗျား။

အနုပညာကို စီးပွားရေးလုပ်ငန်းအဖြစ် ဖန်တီးလုပ်ကိုင်နေသူများဟာ လိုအပ်တဲ့ ပုဂ္ဂိုလ်များပါ။ အနုပညာရှင်ရဲ့ အနုပညာနဲ့ ခံစားသူ ပြည်သူများကို ပေါင်းကူးပေးတဲ့ လုပ်ငန်းမို့ ကြီးပွားတိုးတက်စေချင်ပါတယ်။ ဘယ်စီးပွားရေးလုပ်ငန်းမဆို တိုးတက်ကြီးပွားချင်ရင် ရိုးသားရပါမယ်။ မရိုးသားတာဟာ အ,တဲ့သူများရဲ့ အမူအကျင့်ပါ။ လူလည်လုပ်တယ်ဆိုတာ တစ်ခါပဲစားရမှာပါ။ လုပ်ငန်းတစ်ခုတည်တံ့ဖို့အတွက် သိက္ခာဟာ အရေးကြီးပါတယ်။ စီးပွားရေးသမားတိုင်းဟာ ကိုယ့်လုပ်ငန်း သိက္ခာဟာ အရေးကြီးပါတယ်။ စီးပွားရေးသမားတိုင်းဟာ ကိုယ့်လုပ်ငန်းသိက္ခာရှိဖို့အတွက် ညစ်ပတ်မှုကင်းရပါမယ်။ ရိုးသားရပါမယ်။ထုတ်လုပ်တဲ့ပစ္စည်းတွေ အရည်အသွေးကောင်းဖို့ လိုအပ်သလို စိတ်ရင်းစေတနာကောင်းရှိဖို့လည်း လိုအပ်ပါတယ်ခင်ဗျာ။ ကံချွန် ရိုးသားစွာ အကြံပြုတာပါ။ လုပ်ငန်းတိုင်း တည်တံ့တိုးတက်စေချင်လို့ပါ။ ပလက်ဖောင်း

## ၃၁၂ 📖 အင်ထာဗြူး နှင့် ဆိုင်ဆိုင်၊ မဆိုင်ဆိုင်

ပေါ်က လူက 'စီးပွားရှာရာ ကိုယ်ချင်းစာပါ' ဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေကို တိုက်ကြီးတွေထဲက လူတွေအဖို့ ရောင်းနေတာကိုလည်း ကံချွန်မဆီမဆိုင် သတိရမိပါတယ်။

လုပ်ငန်းတစ်ခု သန့်ရှင်းစွာ တိုးတက်ဖို့အတွက်ဆိုရင် အဲဒီလုပ်ငန်းနဲ့ ပတ်သက်နေသမျှ လူတွေအားလုံးမှာ တာဝန်ရှိပါတယ်။ အားလုံးဟာ တာဝန်ရှိပါတယ်။ အားလုံးဟာ ဝိုင်းကြိုးစားပေးရမှာပါ။ ဂီတလောကသန့်ရှင်းဖို့၊ အနုပညာလောကသန့်ရှင်းဖို့ဆိုတာမှာလည်း အနုပညာလောကနဲ့ပတ်သက်ယှက်နွယ်နေသူအားလုံးမှာ တာဝန်ရှိပါတယ်။

စာပေနယ်မှာ စာအုပ်တစ်အုပ်ရိုက်တော့မှာဆိုရင် စာပေစိစစ်ရေးရဲ့ခွင့်ပြုချက် ပါပြီးပြီလား၊ မျက်နှာဖုံးခွင့်ပြုချက်ပါပြီးပြီလားဆိုတာ ကြည့်ရပါတယ်။ သက်ဆိုင်ရာက ခွင့်ပြုပြီးမှ ရိုက်နှိပ်တာပါ။ အခြားအနုပညာလုပ်ငန်းများမှာလည်း အဲသလိုဖြစ်သင့်ပါတယ်။ ဂီတအစည်းအရုံးရဲ့ခွင့်ပြုချက်ပါရဲ့လား၊ ပါမှ အသံသွင်းပေးပေါ့ခင်ဗျာ။

ဂီတအစည်းအရုံးကလည်း သက်ဆိုင်ရာ တေးရေးဆရာများရဲ့ ခွင့်ပြုပိုင်ခွင့်ရှိသူများရဲ့ သဘောတူညီမှု လက်မှတ်ထိုးပါမှ အသံသွင်းပေးမယ်ဆိုပြီး ဝိုင်းဝန်းကူညီရင်လည်း ဖြစ်ပါတယ်။အဲဒါဆိုမသမာမှုအတော်များများလုံးဝမပျောက်တောင်မှ လျော့သွားမှာပါ။

အစော်ကားခံရသူများလည်းသည်းခံခွင့်လွှတ်စိတ် မမွေးကြဖို့ကံချွန် အကြံပြုချင်ပါတယ်။ စော်ကားလို့ရမှန်းသိရင်

http://swanbros.blogspot.com



စော်ကားနေကြမှာပါ။ ရိုးသားစွာ မှားတာမျိုးကိုသာ သည်းခံခွင့်လွှတ်သင့်ပါတယ်။ ကံချွန်နဲ့ ဟာသဇာတ်လမ်းတို သုံးပုဒ်ခွင့်ပြုချက်မယူပဲ ဗီဒီယိုရိုက်တုန်းက ကံချွန် ဂျာနယ်တွေကနေလှမ်းပိတ်တာပါပဲ။ မြဝတီရုပ်သံက လွှင့်ဖို့ပါဆိုတော့ မြဝတီရုပ်သံအထိ လှမ်းစာရေးပြီးတော့ အကူအညီတောင်းတာပဲ။ တကယ်မြဝတီအတွက်ဆိုရင်တစ်ပြားမှ မယူဘူး။ လိမ်တာဆိုရင် လုံးဝသည်းမခံပါ။ ကူညီအရေးယူပေးပါဆိုပြီးတော့။ အဲဒီလူ လိမ်တဲ့အတွက် အဲဒီဇာတ်တွေ ဘာမှလုပ်မရဘူးဖြစ်သွား ပါတယ်။ ဒါက ကံချွန်ကိုယ်တွေ့ပါ။

အစော်ကားခံရတိုင်း ဥပဒေအတွင်းကနေ ထိထိရောက်ရောက်အရေးယူနိုင်ဖို့ ကြိုးစားသင့်ပါတယ်။ အနုပညာသမားချင်း၊ ဘဝတူချင်းဆိုပြီး မသိတတ်သူကို ကိုယ်က သိတတ်နေရင် ကိုယ်ပဲခံရမှာပါ။

အဲဒီလို သည်းခံနေမယ်ဆိုရင် ကိုယ့်လောကကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားပါလိမ့်မယ်။ ခိုးတတ်တဲ့ကလေးမဆုံးမရင် တစ်နေ့နေ့မှာ ရိုက်လုလာမှာပေါ့။ အကျင့်ပျက်သူကို သနားတာ၊ ခွင့်လွှတ်တာဟာကိုယ့်လောကသားချင်း စာနာရာမရောက်ပါဘူး။ ကြိုတင်ခွင့်တောင်းလို့၊ မတတ်နိုင်လို့ဆိုရင် အလကားခွင့်ပြုဖို့ အနုပညာသမားတိုင်းမှာ ဆန္ဒရှိပြီးသားပါ။ စိတ်နုသူတွေပါ။ သနားတတ်ပါတယ်။ တကယ်မတတ်နိုင်ရင်ကြိုပြောပေါ့။

ကိုယ့်အချင်းချင်းပဲဆိုပြီး စော်ကားဖို့ထက် လေးစားကြ

ဖို့ပါခင်ဗျာ။

စာရှုသူခင်ဗျာ . . . . ကံချွန်ရဲ့ဆောင်းပါးမှာ ဒေါသများ ပါဝင်သွားတယ်ဆိုရင် အစော်ကားခံရသူဘက်က ထွက်တဲ့ဒေါသပါလို့ဖြေရှင်းတောင်းပန်ပါတယ်ခင်ဗျာ။ ကံချွန် ပျော်စရာလေးတွေပဲ ရေးချင်ပါတယ်။ တွေးချင်ပါတယ်။ ဒါပေမယ့် ဒေါသဖြစ်စရာတွေ ဖတ်ဖတ်နေမိလို့ သည်းခံခွင့်လွှတ် နားလည်ပေးပါခင်ဗျာ။

အနုပညာလောကကြီး သန့်ရှင်းစွာ တိုးတက်စေချင်တဲ့ စေတနာအပေါ်အခြေခံရိုးအမှန်ပါ။

၆. ၃. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# လိုအပ်ပါတယ် သို့မဟုတ် ကံချွန်ဓါတ်ပုံဘယ်သူအရင်ရိုက်သလဲ

နန္ဒာလှိုင်ကတော့ အကယ်ဒမီပွဲမှာ သူ့ကို မထမဆုံး ဓါတ်ပုံရိုက်ပေးတဲ့ (ပရိတ်သတ်နဲ့ထိတွေ့ရမယ့်ဓါတ်ပုံပါ) ဓါတ်ပုံဆရာ ပြည်မြန်မာ ကိုအောင်ထွန်းနိုင်ကို ကန်တော့တယ်လို့ ဂျာနယ်သတင်းမှာ ဖတ်လိုက်ရပါတယ်။ (စိုးမြတ်သူဇာရဲ့ ကန်တော့ပွဲမှာတော့ ပထမဆုံးရိုက်တဲ့ ဓါတ်ပုံဆရာ ပါသလား၊ မပါဘူးလား ကံချွန်မမှတ်မိလိုက်ပါဘူး။ ကိုးကားဖို့ ဂျာနယ်တွေပြန်ရှာတော့လည်း မတွေ့တော့ဘူးခင်ဗျ။ ခွင့်လွှတ်ပါ) စိုးမြတ်သူဇာကို ပထမဆုံးရိုက်ပေးဟာ ဓါတ်ပုံဆရာရဲမြင့်လွင်က သူပါလို့ ဆိုပါတယ်။ ဈေးပွဲတော်တစ်ခုမှာပါတဲ့။ ဘယ်ခုနှစ်က ဘယ်ဈေးပွဲတော်မှာဆိုတဲ့ ရက်စွဲတော့ မပါဘူး ခင်ဗျ။ ဒီတော့မဆီမဆိုင် ကံချွန့်သူငယ်ချင်း အယ်ဘဦး (မဟာဝိဇ္ဇာ) ပြောလေ့ရှိတဲ့စကားအမှတ်ရသွားပါတယ်။ သူနဲ့စကားပြောပြီဆိုရင် 'ဘယ်တုန်းကလဲ၊ ဘယ်နေ့ကလဲ၊ ဘယ်နှစ်ကလဲ' ဆိုတာ မေးပါတယ်။ အဲဒါကို မဖြေနိုင်ရင်တော့

'ဆောရီးပဲ သူငယ်ချင်း။ ရက်စွဲမပါရင် သမိုင်းမဟုတ်ဘူး။ ဒဏ္ဍာရီတွေ လာပြောမနေနဲ့'

http://swanbros.blogspot.com



လို့ဆိုလေ့ ရှိပါတယ် ခင်ဗျ။ ဆရာ ရဲမြင့်လွင်က စိုးမြတ်သူဇာကို ပထမဆုံး ဓါတ်ပုံရိုက်သူအဖြစ် ဂျာနယ် စာမျက်နှာမှာ (အလင်းတန်းဂျာနယ်၊ စာမျက်နှာ ၄၊ ဖေဖော် ဝါရီလ ၂၈ရက်၊၂၀၀၀ ပြည့်နှစ်)က တရားဝင်ပြောလိုက်တာ ဆိုတော့ ကံချွန် ရက်စွဲလေးသိချင်ပါတယ်။ ဆရာရဲမြင့်လွင် ရဲ့စကားမှာက 'စိုးမြတ်သူဇာကို ပထမဆုံးဓါတ်ပုံစရိုက်ခဲ့တာ က ကျွန်တော်ပဲ။ ဈေးပွဲတော်တစ်ခုမှာ သူတို့မိသားစုကို ကျွန်တော်ဓါတ်ပုံရိုက်ပေးခဲ့ဖူးတယ်။ အဲဒီတုန်းက စိုးမြတ်သူဇာကကျောင်းသူဘဝပေါ့။ နာမည်ကြီး ကျူရှင်ဆရာ တစ်ယောက်ကဆိုရင် စိုးမြတ်သူဇာကို ရုပ်ရှင်မင်းသမီး လုပ် ပါလားလို့တောင် ပြောဖူးတယ်' လို့ဆိုပါတယ်။ သက်သေပြ ထားတဲ့ ကျူရှင်ဆရာတစ်ယောက်ဆိုတာက နာမည်မသိရလေ တော့ ကံချွန်ဘယ်လိုလုပ်စပ်စုရမှန်းမသိပါဘူး။ အဲဒီဆရာက များ 'စိုးမြတ်သူဇာကို မင်းသမီးဖြစ်နိုင်တယ်လို့ပြောတာ ကျွန်တော်ပါ' လို့ဆိုပြီး ဂျာနယ်တွေမှာ ပြောလာမလားလို့ ကံချွန်မျှော်မိတယ်ခင်ဗျ။

စိုးမြတ်သူဇာကို ဘယ်သူပထမဆုံး ဓါတ်ပုံရိုက်သလဲဆို တဲ့ကိစ္စမှာ ကံချွန်ဝင်ပါရတာကတော့ ကံချွန်တို့ မန္တလေးကို ပြောင်းလာတဲ့ ရန်ကုန်က ဓါတ်ပုံဆရာကြီးတစ်ယောက်က အဲဒီသတင်းကိုဖတ်ပြီးဆရာရဲမြင်လွင်ပြောတာမှားနေကြောင်း စိုးမြတ်သူဇာကို ဓါတ်ပုံရိုက်ပေးသူ ပထမမှာ သူဖြစ်ကြောင်း၊ ထိုစဉ်က စိုးမြတ်သူဇာမှာ ကျောင်းပင်မနေသေးကြောင်း၊

http://swanbros.blogspot.com



ဂါဝန်လေးနှင့် ဖြစ်ကြောင်း၊ ထို့ကြောင့် သူသာ ပထမ ဖြစ်ကြောင်း ပြောပါတယ်ခင်ဗျ။ ပြင်ဦးလွင်က စက်ချုပ်ဆိုင်ကလည်း စိုးမြတ်သူဇာရဲ့ အင်္ကျီတွေကို ချုပ်ပေးသူမှာ သူ ပထမဖြစ်ကြောင်းပြောမယ်လို့ဆိုပါတယ်။

ဒီတော့ ကံချွန် စဉ်းစားမိတယ်။ ရုပ်ရှင်မင်းသား၊ မင်းသမီးများကို နောက်နောင် အင်တာဗျူးရင် 'ပထမများ' စာရင်းကို မေးသင့်တယ်လို့။ ဒါမှ အငြင်းမပွားရမှာပါ။ စာဖတ်သူများကတော့ အလှူ့ရှင်မို့ မဏ္ဍပ်တိုင်တက်ပြတာကို မုဒိတာပွားနိုင်ပါတယ်ခင်ဗျ။ အလှူဝင်လာတဲ့လူက မဏ္ဍပ်တိုင်တက်ပြမှာကိုတော့ ခင်လည်းခင် အားလည်းနာတယ်၊ သနားတယ် ပါပဲခင်ဗျာ။

ပထမနေရာ ဘာလို့ကြေညာနေကြတာလဲဆိုတာလည်း ကံချွန်စဉ်းစားမရပါဘူး။ ကျေးဇူးတရားဆိုတာ အတင်ခံရတဲ့သူက ဖွင့်ပြောမှ အနှစ်သာရရှိပါတယ်။ ပြုပေးလိုက်သူက မောင်းထုနေရင်တော့ တီဗွီပုဆိုးကြော်ငြာတစ်ခုထဲက စကားငှားသုံးရရင် 'တစ်မျိုးကြီး' ပါပဲ။ ခင်ဗျာ။ ကျေးဇူးပြုတယ်ဆိုရာမှာလည်း တစ်ဖက်လူအတွက် တကယ်လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်ပေးနိုင်မှ ကျေးဇူးပြုရာရောက်မှာပါခင်ဗျာ။ ဒါတွေကတော့ မဆီမဆိုင် ခေါင်းထဲရောက်လာတဲ့အတွေးတွေပါ။

ပြီးတော့ သတင်းထောက်အိုကြီးပြောတာလေးလည်း ရေးပြချင်ပါတယ်။ အဲဒီသတင်းကို ဖတ်ပြီး သတင်းထောက်

http://swanbros.blogspot.com



အိုကြီး အသက်ရှစ်ဆယ်ကျော်က ပြောပါတယ်။

(၁) ကိုယ့်အကြောင်းသတင်းစာမျက်နှာပေါ်မှာ ပါလာတိုင်း နာမည်ကြီးတာမဟုတ်ဘူးကွယ့်။

(၂) ဂျာနယ်၊ မဂ္ဂဇင်းတွေ့ရဲ့ စာမျက်နှာဟာ အလွန်သန့်ရှင်းပါတယ်။ စိတ်ရင်းမမှန်ဘဲ အသုံးချလိုက်ရင် ဆိုးကျိုးကို ခံရ တတ်ပါတယ်။

(၃) ဒါကြောင့် အသိညာဏ်ရှိသူများဟာ ဂျာနယ်၊ မဂ္ဂဇင်း၊ စာနယ်ဇင်းမျက်နှာပေါ်ရောက်မယ့်စကားကို လက်လွတ်စပယ်မပြောကြဘူး။ ကိုယ်ပြောရမယ့် အကြောင်း အရာအတွက် သေသေချာချာ ပြင်ဆင်မထားရင် သတင်းများနဲ့ ဝေး ရာကို ရှောင်ပါတယ်။ ရှောင်မရရင် ပြောဖို့ ငြင်းပါတယ်။

(ကိုယ်ဟာကိုယ် ပြောချင်တာပါပဲ။ စကားလုံးနဲ့ ပါးစပ်နဲ့ ဝမ်းဆက် မဖြစ်ဘူး ထင်လို့ 'သတင်းထောက်အိုကြီး' ဇာတ်ကောင်ငှားသုံးလိုက်ရတာပါ)

သတင်း စာမျက်နှာပေါ်ကိုယ့်စကားလုံးတင်ဖို့ရာအတွက် ကံချွန်တို့ဆီမှာ အလွန်သတ္တိကောင်းကြပါတယ်။ မွေးနေ့ပွဲ အဖိတ်မခံရလည်း စာမျက်နှာပေါ်က ပြောတာပဲ။ အလှူ အဖိတ်မခံရလည်း စာမျက်နှာပေါ်က အော်တာပဲ။ အဗျူးမခံလည်း စာမျက်နှာပေါ်က ဟစ်တာပဲ။ တစ်ခုခုလေး အလိုမကျလိုက်တာနဲ့ သူငယ်ချင်းတန်းတုန်းကလို မက်မန်းသီး တစ်လုံး

http://swanbros.blogspot.com



တောင်းစားတာကအစ သတ္တိကောင်းကောင်းနဲ့ ပြောရဲကြတယ်ခင်ဗျ။

စာနယ်ဇင်းရဲ့ စာမျက်ပေါ်မှာ အရေးမပါတာတွေ ပြောမိ၊ ရေးမိရင် ပြောတဲ့၊ ရေးတဲ့သူကို စာဖတ်ပရိတ်သတ်က ဒဏ်ခတ်ပါတယ်။ အလွန်ကြောက်ဖို့ကောင်းပါတယ်။

စာနယ်ဇင်းစာမျက်ပေါ် ကိုယ့်စကားတင်တော့မယ်ဆိုတာနဲ့ အဲဒီဂျာနယ်ရဲ့ အယ်ဒီတာ၊ သတင်းထောက်၊ ဆောင်းပါးရှင်စတဲ့ပုဂ္ဂိုလ်များကို အလိုမကျဦးတော့ ပေါ့ပျက်ပျက်ပြောလို့မရပါဘူး။ ကိုယ်ပြောလိုက်တဲ့စကားက စာဖတ်သူရှေ့ ရောက်မှာပါ။ စာမျက်နှာပေါ်တင်မယ့် စကားများဟာ အလွန်တာဝန်ကြီးပါတယ်ခင်ဗျာ။

ဂျာနယ်စာမျက်နှာကို ခပ်ပေါ့ပေါ့သဘောထားရင် ကိုယ့်ဘဝအောင်မြင်မှုကို ကိုယ့်ဟာကိုယ် 'တော့တာ' ပြသလို ဖြစ်ပါမယ်။ ကံချွန်ကတော့ စာရေးတော့မယ်ဆိုတာနဲ့ စဉ်းစားဆိုတာနဲ့ စဉ်းစားပါတယ်။ ခပ်ပေါ့ပေါ့၊ ပြီးပြီရော မရေးပါဘူး။ ဒါကြောင့် ကံချွန်ကို စင်တင်ပေးသူများစာရင်း၊ ဓါတ်ပုံရိုက်ဖူးသူများစာရင်း၊ လက်ဖက်ရည်တိုက်ဖူးသူများစာရင်း၊ ထမင်းကျွေးဖူးသူများစာရင်း ပြုစုနေပါတယ်။ ကံချွန်ကိုလာပြီးမေးရင် ဖြေနိုင်အောင်လို့ပါ။ ကံချွန်ကို ဓါတ်ပုံရိုက်ဖူးသူကတော့ ပထမဆုံးရိုက်ဖူးတာ ဒုတိယတန်းတုန်းကပါ။ နာမည် မမှတ်မိတော့ပါဘူး။ လွန်ခဲ့တဲ့နှစ်လေးဆယ်ကျော်ကပါ။ ကံရွာမှာ နေတုန်း 'အစ်' နေ့မှာ ရိုက်တာပါ။ ဓါတ်ပုံဆရာကများ မှတ်မိ

## ၃၂၀ 🕮 အင်တာဗြူး နှင့် ဆိုင်ဆိုင်၊ စဆိုင်ဆိုင်

မယ်ဆိုရင်တော့ ကံချွန်ဆီ ဆက်သွယ်ပါခင်ဗျာ။ မှတ်တမ်း တင်ထားချင်လို့ပါ။

၁၃. ၃. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# တွေးရခက်ကြီး

ကံချွန်နဲ့ ဆိုင်သလားဆိုတော့မဆိုင်ပါဘူး။ မဆိုင်ရင် မတွေးနဲ့ပေါ့ဆိုတော့လည်း မတွေးဘဲမနေနိုင်ဘူး။ တွေးတော့လည်း တွေးမရဘူး။ ဒီတော့တစ်ယောက်တည်းဦးနှောက် ခြောက်မယ့်အစား စာရှုသူအပေါင်းပါ ဝေမျှပြီး ဦးနှောက် ခြောက်ရအောင် ရေးလိုက်ရပါပြီခင်ဗျာ။

အတွေးစ,ရတာက ကံချွန်နှင့်ဆရာနေဝင်းမြင့်တို့ ပြင်ဦးလွင်ကို စာပေးဟောပြောဖို့သွားရင်း ရတာပါ။ ပြင်ဦးလွင်ကမိတ်ဆွေ ပန်းချီဆရာ ကိုရွှေမြင့်သိန်းက ပြောပြ တာပါ။ သူ့မိတ်ဆွေတစ်ယောက် ထီပေါက်ပါသတဲ့။ သိန်းရာ ကျော်ပေါ့ ခင်ဗျာ။ အဲဒါပေါက်တဲ့ဆုငွေကို ထီဆိုင်ကြီးက ထုတ်ပေးမယ်ဆိုပြီး ထီလက်မှတ်သိမ်းထားလိုက်တယ်ဆိုပဲ။ ဘယ်လောက်ဆုကြီးပေါက်ရင် ရွှေဘယ်လောက်ပေးပါမယ် ဆိုပေမယ့် လုံးဝမရဘူးလို့ပြောပါတယ်။ ဒါက ထီတကယ် ပေါက်ပြီး အပိုဆုမရတဲ့သူ လက်တွေ့ရှိပါသတဲ့။

ဟိုး တလောကလည်း ထီပေါက်သူတစ်ဦး မော်ဒယ်ဂဲလ် လေးရဲ့ သူဌေးစလွယ် အစွပ်ခံရပြီးမှ မော်ဒယ်လ်ငှားခ၊ ညှိခံ ပွဲအတွက် ကုန်ကျစရိတ်အချိုးကျကို နုတ်ယူတာ ခံရတာ ခံလိုက်ရတယ်ဆိုပြီး ကြားရဖူးပါတယ်။

ထီဆုကြီးကြီးပေါက်လို့ ရွှေသားစစ် (. . .) သားရပါတယ်ဆိုပြီး ပြောတဲ့သူကိုလည်း ကြုံရဖူးပါတယ်ခင်ဗျာ။

ကဲ . . . စဉ်းစားကြရအောင်။

ထီဆုကြီးက သိန်းရာကျော်ပေါက်တာနဲ့ အဲဒီသူဌေးကို ထီဆိုင်က ရွှေငါးဆယ်သား၊ ဒါမှမဟုတ် တစ်ပိဿာ၊ ဒါမှမဟုတ် စိန်လက်စွပ်၊ စိန်ဘယက်၊ ရွှေစလွယ်ပေးတာဟာ ဘာသဘောလဲ။ ထီဆိုင်က သိန်းပေါင်းထောင်ချီ မြတ်နေလို့ သိန်းရာချီပြီး ဆုချတာလား။

သိန်းနှစ်ရာပေါက်လို့ ရွှေတစ်ပိဿာပေးမယ့်အစား တကယ်ပေးချင်တာဆိုရင် ငါးထောင်ဆု၊ တစ်သောင်းဆု ပေါက်သူ ဦးတစ်ရာကို ရွှေတစ်ကျပ်သားစီ ပေးပါလား။ အဲဒါဆိုရင်တော့ အဲဒီဆိုင်ရဲ့ စိတ်စေတနာဟာ သာဓုခေါ်ချင်စရာ ပေါ့ခင်ဗျာ။ ကွန်ဂရက်ကျူလေးရှင်းရမှာပေါ့။ ထီပေါက်တဲ့ ဆုသေးပေမယ့် သူ့အတွက်အပိုရတဲ့ ရွှေလေးနဲ့ဆိုတော့ ပိုပြီး ဟန်ကျတာပေါ့။

သိန်းလေးငါးဆယ်အထက်ထိပေါက်သူမှာ အဲဒီငွေနဲ့ ဖြေရှင်းလို့ထူထောင်လို့ရနေပါပြီ။ ထီဆုသေးသေးပေါက်သူမှာသာ ဖြေရှင်းဖို့ ထူထောင်ဖို့ ငွေထပ်လိုနိုင်တာပါ။ သိန်းရာကျော်ပေါက်လို့ ရွှေငါးဆယ်သား ပေးတာတွေကိုတော့ ကံချွန်တွေးမရတာအမှန်ပါ။

ထီဆိုင်ကြီးတစ်ဆိုင်က သိန်းဆယ်ဂဏန်းပေါက်တဲ့သူ တစ်ယောက်ကတော့ သူ့ထီလက်မှတ်ကို အဲဒီဆိုင်ကို မအပ်

တဲ့အတွက် ဂုဏ်ပြုပွဲ တက်ခွင့်မရဘူးလို့ဆိုပါတယ်။ (တကယ် ပေါက်လို့ တကယ်အပ်ရင်လည်း မော်ဒယ်ငှားခ အဖြတ်ခံရမှာ လား မသိဘူးနော်) စာရှုသူများ တွေးကြည့်စမ်းပါခင်ဗျာ။ ကံချွန် ရိုးတိုးရိတ်တိတ်တွေပဲ တွေးလို့ရနေပါတယ်။ အဖြေမှန် တွေးမရဘူး ဖြစ်နေပါတယ်။ အလင်းတန်းမှာ ပဟေဠိခန်း တိုးဖွင့်ပြီး အမေးအဖြေတွေ လုပ်ရမလို ဖြစ်နေပါတယ်။

ပဟေဠိမှာ အဖြေမှန်လို့ သိန်းလေးဆယ်တန် မော်တော် ကားလိုချင်ပါတယ်ဆိုရင် ကိုယ်လိုချင်တဲ့ကားဖိုးငွေ ကြိုးပေး ရပါမယ်။ ပြီးတော့ ကံချွန့်ကို အကျိုးဆောင်ခဆယ်ရာခိုင်နှုန်း ပေးရပါမယ်။ အဖြေမှန်တယ်ဆိုပြီး ဂုဏ်ရှိအောင်လုပ်ပေးတဲ့ အတွက်ပေါ့ခင်ဗျာ။ အဲဒီနည်းနဲ့ကားစီးရတော့ ကိုယ့်ရှိလို့ ကိုယ့်ဟာကိုယ် ဝယ်စီးတာပေမယ့် အကြွေးတောင်း မခံရ တာပေါ့ခင်ဗျာ။ ဘေးအိမ်က ချေးထားတဲ့ငွေ မပေးသေးဘဲ ဦးကံချွန်က သူ ပဟေဠိအဖြေမှန်လို့ ပေးတာပါဆိုပြီး ပြော လို့ရတာပေါ့။ အခမ်းအနားနဲ့ လိုချင်ပါတယ်ဆိုရင်တော့ အခမ်းအနားအတွက် ကုန်ကျငွေကိုပါ တာဝန်ယူရပါမယ်။ ပဟေဠိကို သုံးပတ်ဆက်တိုက်မှန်လို့ တိုက်ခန်းရယ်၊ ကားရယ်၊ ရွှေတစ်ပိဿာရယ် လိုချင်ပါတယ်ဆိုရင်လည်း ဖြစ်အောင် စီစဉ်ပေးပါမယ်။ ကုန်ကျစရိတ်ဟာ အဲဒီဆုလိုချင်သူက ပေးပါ ခင်ဗျာ။ ဒါကတော့ကံချွန်ရဲ့စေတနာပေါ့။ ဒီစေတနာကိုလည်း အထင်မသေးပါနဲ့။ ရမယ့်ကော်မရှင်နဲ့ လဲရမယ်သိက္ခာ မမျှ ပါဘူးနော်။

http://swanbros.blogspot.com



စဉ်းစားကြည့်ပါ။

ထီဆုကြီးပေါက်လို့ ရွှေတွေပေးတာ၊ တိုက်ခန်းတွေ၊ ကားတွေ၊ စိန်တွေ ဝယ်ပေးတာ ထီရောင်းတဲ့အတွက် ဘယ်လောက်များ မြတ်နေလို့လဲ။ ကိုယ့်မိန်းမကိုယ် ရွှေငါးဆယ်သားလောက်များဝယ်မပေးနိုင်ဘဲနဲ့ ထီသိန်းရာကျော်ပေါက်တဲ့သူကို ဘာလို့ ရွှေတွေပိဿာလိုက် ဝယ်ပေးနိုင်တာလဲ။ 'ဟဲ့ . . . ကံချွန် မင်းနဲ့ဆိုင်သလား' ဆိုရင်တော့ မဆိုင်ပါဘူးခင်ဗျာ။ ဒါပေမယ့် ကံချွန်မတွေးဘဲမနေနိုင်လို့ တွေးပေမယ့် တွေးလို့မရဘူး ဖြစ်နေပါတယ်။ ထီဆုကြီးကြီးပေါက်လို့ အပိုတွေပေးမယ့်အစား ထီဆုသေးသေးပေါက်သူတွေအပေါ် မေတ္တာထားရင် ကောင်းမှာပဲလို့လည်း တမ်းတမိပါတယ်ခင်ဗျာ။

သိန်းနှစ်ရာဆုပေါက်တဲ့ ထီဆိုင်အနေနဲ့ သိန်းနှစ်ရာဆုရှင်ကို ဂုဏ်ပြုစကားပဲပြောပြီး ဆုသေးသေးပေါက်သူတွေကို ဂုဏ်ပြုရွှေပေးမယ်ဆိုရင်လည်း ကောင်းပါတယ်။ တစ်သိန်းဆုပေါက်ရင် အပိုဆောင်းပြီး ရွှေတစ်ဆယ်သားပေးမယ်ဆိုတာမျိုးပေါ့။ အဲဒါဆိုရင် ထီဆိုင်ကြီးများရဲ့စေတနာကိုလည်း ပိုပြီးလေးစားမိမှာပါ။ အဲဒီလိုဆိုင်ကြီးမှာ ထီထိုးသူများ ပိုများလာမှာပါ။

ထီဆုကြီးကြီးပေါက်တိုင်းအဲဒီဆိုင်က ဆုအသေးဆုံးပေါက်သူကို ရွှေတစ်ပိဿာပေးမယ်ဆိုရင်လည်း ဝမ်းသာစရာပါပဲ။ အဲသလို လုပ်မယ်ဆိုရင်လည်း ကြိုပြီးအကြံပေးပါရစေ။ ထီဆုသေးသေးနဲ့ ဆုကြီးကြီး တစ်ဦးတည်းက ပေါက်ရင်

http://swanbros.blogspot.com



အခြားဆုသေးသူကို ပေးမယ်ဆိုတာပေါ့။ အခြားဆုသေးသေး ပေါက်သူထဲမှာ ဆုကြီးကြီးပေါက်သူရဲ့ဆွေမျိုး၊ တပည့်ပါနေရင် လုံးဝပတ်သက်မှုမရှိတဲ့ ဆုသေးသေးပေါက်သူကို ပေးမယ်ပေါ့။ ဆုကြီးကြီးပေါက်တဲ့အပတ်မှာ အဲဒီ ဒီဆိုင်က ဆုသေးသေး ပေါက်သူ တစ်ယောက်မှ မရှိဘူးဆိုရင် အဲဒီဆုကြီးကြီးပေါက် တဲ့ဆိုင်ကပေးမယ့် ရွှေတစ်ပိဿာကို ဆေးရုံလို၊ အားကစားလို အများအတွက်ကိုယ်စားပြုတဲ့ ပတ်သက်တဲ့ဌာနတစ်ခုခုကို လှူမယ်ဆိုရင်လည်း ဝမ်းသာဂုဏ်ပြုမိမှာပါ။

ထီဆုကြီးကြီးပေါက်တာနဲ့ အဲဒီကံထူးရှင်ကို ထပ်ပြီး ငွေသိန်းပေါင်းများစွာပေးတာတော့ ကံချွန် စဉ်းစားမရဘူးဖြစ် နေပါတယ်။ ဆုကြီးကြီးပေါက်တဲ့ထီဆိုင်အနေနဲ့ နိုင်ငံတော်ကို ရွှေပိဿာလိုက် ဒါမှမဟုတ် စာသင်ကျောင်းတွေ၊ ဆေးရုံတွေ အားကစားကွင်းတွေမှာသုံးဖို့ သိန်းရာချီပြီး လှူသွားကြမယ်ဆို ရင် . . .

ခုတော့ တွေးရခက်ကြီး ဖြစ်နေပါတယ်ခင်ဗျာ။

၂၇၊ ၃၊ ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



## မြို့မစိန်ရတု မယ်ဗမာစိန်အေးနှင့်မေနန်းနွယ်

ကံချွန် မန္တလေးသားစစ်စစ်ပါခင်ဗျာ။ အသက်လည်း ရွှေရတုကျော်ပါပြီ။ ဒါပေမယ့် မှန်ရာကို ဝန်ခံရရင် မန္တလေး မှာအလွန်စည်ကားခဲ့တဲ့ သင်္ကြန်ပွဲတော်ကြီးတွေနဲ့ အထိ အတွေ့နည်းပါတယ်။ ငယ်စဉ်က နေရတာ မန္တလေးမြို့အပြင် မှာပါ။ သင်္ကြန်ရဲ့ညအလှတွေဆိုတာ ကံချွန်နဲ့ ဘာမှမဆိုင်ပါ ဘူးခင်ဗျာ။ ကံချွန်ကလေးဘဝကို ပြန်တွေးရင်ကံချွန်ကိုယ် ကံချွန်သနားမိပါတယ်။ အဟုတ်ပါ။ နေ့ကျပြန်တော့လည်း ကျန်မာရေးကြောင့် ရေပက်မခံနိုင်လို့ နှစ်စဉ် ရည်းစားပျောက် အထင်ခံခဲ့ရပါတယ်ခင်ဗျ။ (သူများပျော်လို့မပျော်နိုင်၊ ရည်စား ပျောက်လို့မှိုင်) ဒါကြောင့် မန္တလေးသင်္ကြန်ဆိုတာ ဒီလိုပါလား လို့ အသက်ကြီးလာမှ သင်္ကြန်မိုးရုပ်ရှင်ကားကြည့်လိုက်ရမှ ခံစားနားလည်ရပါတယ်။ (ကျေးဇူးပါပဲ ကိုဇော်မြင့်။ လေးစား ပါတယ် ကိုတင်ဦး) ဒါမှန်သော သစ္စာစကားပါ။ မှန်တာပြော ရင် လူချစ်လူခင်ပေါ်များပါစေ။

ကံချွန်ဟာ အဲသလိုကြီးပြင်းခဲ့ရသူပါ ခင်ဗျာ။ ကံချွန့်မှာ ရှိနေတဲ့ ဗဟုသုတတွေက မမျှတပါဘူး။ ရှိချင်တဲ့အကြောင်း အရာမှာ အတော်များများ ရှိနေတတ်ပြီး ရှိသင့်ပေမယ့် မရှိတဲ့ နေရာမှာတော့ အတော့်ကို စိတ်ပျက်စရာ ကောင်းပါတယ်။ ကိုယ့်ဟာကိုယ် စိတ်ဖြေရတယ်ခင်ဗျ။ ငါက သာမန်လူပဲ။

**စိန်စိန်ဦး စာအုပ်တိုက်**

http://swanbros.blogspot.com



ဘယ်မှာလာပြီး ပြည့်ပြည့်စုံစုံသိနိုင်ပါ့မလဲလို့။ မသိတဲ့အရာမှာ မသိပါဘူးလို့ ရိုးရိုး သားသား ပြောတာကိုပဲ တစ်ချို့က မကျေနပ်ချင်ဘူးခင်ဗျ။ ဘာလို့မသိရမှာလဲဆိုပြီး မသိတာဘဲ ဘယ်တတ်နိုင်ပါ့မလဲ နော့။ သိတဲ့အကြောင်းအရာကိုတော့ သိတဲ့အကြောင်း ရင်ကော့ပြီးပြောတာပါပဲ။ ဖြေတာပါပဲ။

စာရှုသူခင်ဗျာ . . .

ကံချွန် အဗျူးခံရတာလေးတင်ပြပါရစေ။

'ကိုကံ၊ ခင်ဗျား မြို့မစိန်ရတုပွဲရောက်သေးသလား'

'ဟင့်အင်း . . . '

'ဒါဖြင့် မြို့မတူရိယာအသင်းကြီး ၇၅ နှစ်မြောက်စိန်ရတု အထိမ်းအမှတ် ပြက္ခဒိန်ကြီးရော ဝယ်သေးသလား'

'ဓါတ်ပုံပညာရှင်ကိုကျော်ဝင်း (လှဂုဏ်ရည်)က ပေးလို့ ရှိပါတယ်'

'ရှိတယ်ဆိုရင် သေသေချာချာ ကြည့်ဖြစ်ရဲ့လား'

'ဟာ . . . ကြည့်ဖြစ်တာပေါ့ဗျာ။ မြို့မစိန်ရတုပြက္ခဒိန်ကြီးဟာ မြန်မာ့ဂီတရေစီးကြောင်းနဲ့ မြန်မာ့လူနေမှုအဖွဲ့အစည်းကြီးရဲ့ ဆက်စပ်နေပုံကို ဖော်ပြနေတဲ့ မှတ်တမ်းကြီးဆိုလည်း ဟုတ်တယ်။ မြန်မာ့ဂီတမြို့မတူရိယာအသင်းကြီးနဲ့ မြန်မာ့အနုပညာနယ် အသီးသီး ယှက်နွယ်ပတ်သက်နေပုံကို ဖော်ပြထားတဲ့အနှစ်ချုပ်မှတ်တမ်းဆိုလည်း ဟုတ်တယ်။ ခုလို လေးနက်တဲ့ အဓိပ္ပါယ်ဆောင်နေတဲ့ ပြက္ခဒိန်ကြီးမှာ ၇၅ နှစ် ဆိုတဲ့အချိန်ကာရေစီးကြောင်းတစ်လျှောက် ဘယ်လိုပါဝင်

http://swanbros.blogspot.com



လှုပ်ရှားခဲ့တယ်ဆိုတဲ့ မှတ်တမ်းကို ဓါတ်ပုံများရဲ့ အောက်မှာ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာနဲ့ရေးထားတာဆိုရင် မြို့မ အသင်းကြီးရဲ့ လက်ရှိဦးဆောင်နေသူများ အမြော်အမြင် ကြီးမား မှုပေါ့ခင်ဗျာ'

'ဒါ ၂၀၀၀ ပြည့်နှစ်ရဲ့လေသံထင်တယ်'

'ဗျာ . . .'

'နိုင်တီးနိုင်တီးနိုင်းတုန်းက လေသံနဲ့မတူလို့'

'ကံချွန့်စိတ်ထင်တော့ မတူဘူးထင်ပါတယ်ခင်ဗျာ'

'ကဲ . . . ဒါဖြင့် ငါမေးမယ်။ မင်း မယ်ဗမာ မစိန်အေးကို သိသလား'

'ကြားဖူးပါတယ်'

'မေနန်းနွယ် ဆိုတာရော'

'ကြားဖူးပါတယ်'

'မြို့မစိန်ရတုပြက္ခဒိန်ကြီး မင်းပြောနည်း သမိုင်းအနှစ် ချုပ်ကြီးရဲ့ ပထမဆုံး ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ စာမျက်နှာ မှာပါတဲ့ ကောလိပ်ဂျင်နေဝင်းနဲ့တွဲပြီး သီချင်းဆိုနေတာ ဘယ်သူလဲ'

'ဟာဗျာ . . . အောက်မှာ မှတ်တမ်းရေးထားသားပဲ။ ဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူးခဲ့တဲ့ ချစ်အမ္ဗာဇာတ်ကား မှာ ကောလိပ်ဂျင်နေဝင်းနဲ့မယ်ဗမာမစိန်အေးတို့ သီချင်းဆို နေတဲ့ ဇာတ်ဝင်ခန်းကပုံလေ'

'အဲဒါ မစိန်အေး မဟုတ်ဘူး'

http://swanbros.blogspot.com



'မဟုတ်ပဲနဲ့ အလင်္ကာ ရေးပဲ့မလားဗျာ မြို့မ ဟာ စည်းကမ်း ရှိပြီး တိတိကျကျ လုပ်နေတာပဲ။ ဒါဟာ ပြက္ခဒိန် ဆိုပေမယ့် မြို့မအသင်းကြီးရဲ့ သမိုင်းစာမျက်နှာ တစ်စိတ်တစ်ပိုင်းပဲ'

'အဲဒါကြောင့် မင်းကို သေချာအောင် မေးနေတာပေါ့ကွ'

'ဗျာ . . .'

'ဖြေပါ။ မင်း မစိန်အေးလို့ပြောမှာလား'

'ကျွန်တော် မသိဘူးလေ။ သူတို့ ရေးထားတာပဲ။ ကျွန်တော်တို့က ငယ်သေးတော့ ဘယ်သိမလဲ။ အဲဒီခါတ်ပုံထဲမှာပါတဲ့ အသင်းသားဟောင်းတွေ သက်ရှိထင်ရှားရှိနေတဲ့သူတွေ အများကြီးပဲ။ အဲဒီကာလမီခဲ့တဲ့ မြို့မချစ်သူ လူကြီးများလည်း ရှိနေတာပဲ။ ခင်ဗျား သူတို့သွားမေးပါလား'

'မင်းပြောတဲ့ ပုဂ္ဂိုလ်ကြီးများ၊ အသင်းသားဟောင်းကြီးများကို မေးရမှာ ငါမဟုတ်ဘူးကွ။ အဲဒီပြက္ခဒိန်စီစဉ်သူ မြို့မလူကြီးမင်းများပဲ။ မြို့မနဲ့ပတ်သက်တာမှန်ကန်တိကျဖို့ မြို့မက လုပ်ရမှာပေါ့ကွ။ အဲဒါ မေနန်းနွယ်ရဲ့ပုံ။ မေနန်းနွယ် က ချစ်အမ္ဘာမှာ ဒုတိယခေါင်းဆောင် မင်းသမီးအဖြစ်ပါ တယ်။ အရင်ကမြောက်ကြက်ခတ်ဝင်းရဲ့မြောက်ဘက်ပေါက်၊အနောက်ဘက်နား နှစ်အိမ်ကျော်လောက်မှာ နေတယ်ကွ။ ခုတော့ မိတ္ထီလာမှာ ထင်တယ်။ ဒါကို မင်းတကယ်မသိဘူး လား'

'မသိပါဘူးခင်ဗျာ။ကျွန်တော်က ဗဟုသုတနည်းတဲ့ နေရာမှာ ကွက်ပြီးတော်တော်နည်းပါတယ်'

http://swanbros.blogspot.com



'မင်း မသိဟန်ဆောင်နေတာ မဟုတ်လား'

'အားနာလို့ မရေးရင်၊ မပြောရင်အမှားက အမှန်ဖြစ်သွားမှာပေါ့ကွ။ အမှန်တရားကို ရှာဖွေပါတယ်၊ မြတ်နိုးပါတယ်ဆိုတာလည်း မင်းတို့အနုပညာသမားတွေပဲ။ သောက်သောက်လဲမှားလိုက်ကြတာလည်း မင်းတို့အနုပညာသမားတွေပဲ။ စည်းမဲ့ကမ်းမဲ့နိုင်နေတာလည်း . . .'

'တော်ပါတော့လားဗျာ'

'ပြောရမယ်ကွ'

'တောင်းပန်းပါတယ်ဗျာ။ကျွန်တော်တို့မှာ ကိုယ့်ပြဿနာကိုယ့်ဟာကိုယ် ရှာထားပြီး ကိုယ့်ဟာကိုယ် မရှင်းနိုင်တာတွေနဲ့ လုံးလည်းလိုက်နေရတဲ့အထဲဗျာ။ ခင်ဗျားတို့ ပရိတ်သတ်ကပါ ပြဿနာဝင်ရှာရင်'

'ပြဿနာရှာတာ မဟုတ်ဘူးကွ။ အမှန်တရား ရှာတာ။ မင်းတို့မှားနေလို့ စေတနာနဲ့ပြောတာ'

'ကျွန်တော် . . .'

'တော်ကွာ . . .'

အဲဒါပါပဲခင်ဗျာ။ ကံချွန်တကယ်မသိလို့ မသိဘူးပြောတာကို မယုံဘူး ဖြစ်နေတယ်။ ကံချွန်သိရင် သိတယ်လို့ပြောမှာပါ။ ကြည်လဲ့လဲ့ဦးနဲ့ စိုးမြတ်နန္ဒာ ပုံသာမှားကြည့်ပါလား။ ကံချွန်သိမှာပေါ့။ ခုဟာက . . .'

၃. ၄. ၂၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ကိုယ့်အလုပ်ကိုယ်လုပ်ပါလားသူငယ်ချင်းတို့

ကံချွန် စာရေးဖို့ တွေးချိန်အတော်နည်းပါတယ်ခင်ဗျာ။ တွေးချိန်နည်းလို့ ဖတ်ချိန်ကို တော့မလျှော့ချင်ပါဘူး။ဒါကြောင့် ဖတ်နေကျ ဂျာနယ်တွေ ကိုတော့ မအားတဲ့ကြားက ဖတ်ဖြစ်အောင် ကြိုးစားပါတယ်။ ဖတ်ပြီးသားတွေ မသိမ်းနိုင်ပေမယ့် မဖတ်ရသေးတာတွေကို တော့ သိမ်းထားပြီး ဖတ်ပါတယ် ခင်ဗျာ။

၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၄) ရက်နေ့ထုတ် ကုမုဒြာ ဂျာနယ် စာမျက်နှာ (၁၂)မှာပါတဲ့ သတင်းတစ်ပုဒ်က 'သူတို့ ရိုက်တဲ့ ရုပ်မြင်သံကြားကြော်ငြာများမှာ ဂုဏ်သိက္ခာအတွက် ဒါရိုက်တာနာမည် မထည့်ဟု Art Power အဖွဲ့မှ ပြောကြား' ဆိုတဲ့သတင်းကို ဖတ်ရင်း ကံချွန်စဉ်းစားစရာလေးတွေရှိလာ ပါတယ်ခင်ဗျာ။ စာဖတ်သူများလည်း ဆိုင်ဆိုင်မဆိုင်ဆိုင် ကူစဉ်းစားပေးစေ့ချင်ပါတယ်။

ပထမဆုံး စဉ်းစားရမှာကတော့ တီဗွီကြော်ငြာမှာ ဒါရိုက်တာနာမည် မတပ်တာဟာ ဂုဏ်သိက္ခာအတွက်လို့ ဆိုပါတယ်။ ပထမဆုံး ကံချွန်မရှင်းတာက သူတို့ရဲ့ ဂုဏ်သိက္ခာ အတွက်လား။ ဒါဆို ကြော်ငြာလုပ်ငန်းက အဆင့်နိမ့်နေလို့လား။ မလွှဲသာလို့ လုပ်ရတာလား။ ဒါမှမဟုတ် ကုန်ပစ္စည်းရဲ့

http://swanbros.blogspot.com



ဂုဏ်သိက္ခာအတွက်လား။ အဲဒါဆိုရင် သူတို့နာမည်ပါလိုက်ရင် ကုန်ပစ္စည်းကိုပါ လူတွေက မနှစ်သက်မှာစိုးလို့လား။ဂုဏ်ထိခိုက်မှာ၊ သိက္ခာပျက်မှာ စိုးလို့လား။ကံချွန်ကနည်းနည်းလေး ညှံ့နေလို့များ အဲဒီစကားအဓိပ္ပါယ်ကို 'ဒက်' ခနဲ မသိဘဲ စဉ်းစားစရာဖြစ်နေရသလား မပြောတတ်ပါဘူး ခင်ဗျ။ ကံချွန် ရှင်းရှင်းလင်းလင်း သိပြီးမှ ပြန်ရှုပ်သွားတာ ရှိသေးတယ်။ တီဗွီ ကြော်ငြာမှာ ဒါရိုက်တာနာမည်ထိုးခြင်း အပေါ် ဘယ်လို မြင်သလဲလို့မေးတော့ . . . .

'လုံးဝ ကန့်ကွက်တယ်'တဲ့။

တစ်မျိုးကြီးပဲနော်။ ကန့်ကွက်တယ်ဆိုတာတော့ သိပါတယ်။ဘာလို့ကန့်ကွက်နယ်ဆိုတာတော့ မသိဘူးဖြစ်နေတယ်။ သူတို့ရိုက်တဲ့ကြော်ငြာမှာလာပြီး အခြားဒါရိုက်တာများက သူတို့နာမည်ထိုးတာလည်းမဟုတ်ဘဲနဲ့။ ဟော . . . ဟို အပိုဒ်ကျတော့ ကန့်ကွက်ရတဲ့အယူအဆလေးပြောပြပါလား လို့ ဆက်မေးတော့ . . .'

'ဂျာနယ်တစ်စောင်ကိုလည်း ပြောပြဖူးတယ်။ ဘာလို့ နာမည်မထိုးသလဲ။ ဂုဏ်သိက္ခာအရ နာမည်မထိုးတာ ။ နာမည်ထိုး တဲ့သူတွေကိုလည်း ကျွန်တော်တို့ ဘာမှ မပြောလိုပါဘူး'

လို့ ဆိုပြန်တယ်။ ဒါဖြင့် ကန့်ကွက်တာက ဘယ်သူ့ကို ကန့်ကွက်တာလဲ။ ကိုယ့်ကိုယ်ကိုယ် ကန့်ကွက်တာလား။ ဒါလည်း မဖြစ်နိုင်ဘူး။ ကိုယ်ရိုက်တာ ကိုယ့်နာမည်မှ မထိုး

http://swanbros.blogspot.com



တာဘဲ။ ကိုယ်ရိုက်တာလူမသိစေချင်လို့ဆိုရင်လည်း ကျွန်တော်တို့ရိုက်ထားတာ ဘယ်ကြော်ငြာတွေပါဆိုပြီး ဂျာနယ်တွေကို မပြောသင့်ပါဘူး ခင်ဗျာ။ တီဗွီမှာ ရိုက်တဲ့၊ လွှင့်တဲ့ကြော်ငြာ အတွက် ဒါရိုက်တာနာမည်ကို ဂျာနယ်စာမျက်နှာပေါ် လာထိုးသလို ဖြစ်နေတာကိုး။

ကံချွန်ရေးဖူးပြီးသား စကားတစ်ခွန်းပြန်ရေးရမလို ဖြစ်နေပြီခင်ဗျ။ ဂျာနယ်စာမျက်နှာကို လေးစားဖို့ပါ။ ကိုယ်ပြောတဲ့စကားအဓိပ္ပါယ် ဘယ်ရောက်သွားတယ်။ ကိုယ့်စကားမှာ ရှေ့နောက်ညီရဲ့လားဆိုတာ အောင်မြင်တဲ့လုပ်ငန်းကို ထူထောင်မယ့်သူတိုင်း သတိထားသင့်ပါတယ်ခင်ဗျာ။ ကိုယ်ပြောမယ့်စကားကို ဖတ်ကြမယ့် ပရိသတ်ကို အလေးထားရပါမယ်။

ကံချွန့်သဘောကတော့ ကိုယ့်အလုပ်ကိစ္စ ပြောတဲ့ဆီမှာ သူတစ်ပါးကို ထိခိုက်တဲ့စကား မပါဖို့လိုတယ်လို့ ယုံပါတယ်။ ဆိုကြပါစို့။ ကိုယ်က ကြော်ငြာမှာ ဒါရိုက်တာနာမည်မထိုးခြင်းဟာ ဂုဏ်သိက္ခာအတွက်ဆိုတော့ (သူတို့ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းချင်တာလား၊ ကြော်ငြာပစ္စည်းရဲ့ ဂုဏ်သိက္ခာကို ထိန်းချင်လို့လား) ဒါရိုက်တာ နာမည်ထိုးတဲ့သူများက သိက္ခာမထိန်းချင်သူတွေလို့ ဆိုလိုရာ မရောက်ဘူးလား။

ကျွန်တော်သဘောကတော့ ရိုးသားစွာ ကြိုးစားယှဉ်ပြိုင်စေ့ချင်ပါတယ်ခင်ဗျာ။ကြော်ငြာမှာ ဒါရိုက်တာနာမည်ထိုးခြင်း၊ မထိုးခြင်းဟာလည်း ရိုက်ကူးသူနဲ့ အလုပ်အပ်သူနှစ်ဦးအပေါ်

http://swanbros.blogspot.com



မှာပဲ တည်ပါတယ်။ ရိုက်သူက ထိုးချင်ထိုးပါ။ မထိုးချင် မထိုးပါနဲ့။ ကြော်ငြာသူကလည်း ဒါရိုက်တာနာမည် ထိုးတာမကြိုက်ရင် ကန့်ကွက်လို့ရတာပါပဲ။ တားလို့ဖြစ်တာပါပဲ။ အပ်ကတည်းက ပြောလို့ရပါတယ်။ သချောတာကတော့ ဒါရိုက်တာနာမည် ထိုးခြင်းဟာ အဲဒီကြော်ငြာရဲ့ကောင်းခြင်း၊ ညံ့ခြင်းကို သူ တာဝန်ယူရဲလို့ပါ။ နာမည်မထိုးဘဲ ကောင်းအောင်ရိုက်နေတော့လည်း ပရိသတ်က သိတော့ သိတာပါပဲ။ ဒီကိစ္စမှာ ကြော်ငြာသူလုပ်ငန်းရှင်ရဲ့သဘောကလည်း ရှိပါသေးတယ်။ ကံချွန်တွေ့ဖူးပါတယ်။ 'ကျုပ်ကြော်ငြာကို ရိုက်တာ . . . ဒါရိုက်တာပေါ့' ဆိုပြီး ဂုဏ်ယူတဲ့ကြော်ငြာအပ်သူများလည်း ရှိပါတယ်ခင်ဗျ။ သည်တော့ နာမည်ထိုးခြင်း၊ မထိုးခြင်းဟာ ရိုက်ကူးသူနဲ့ အလုပ်အပ်သူရဲ့သဘောထားအပေါ်မှာပဲ မူတည်ပါတယ်။ ဘေးလူတွေဝင်ပါရမယ့် ကိစ္စမဟုတ်ပါဘူး။

ဘေးလူတွေ ဝင်ပါမယ်ဆိုရင်တော့ ဘေးလူဖြစ်တဲ့ ကံချွန်လည်း ခုလို ဝင်ပါရမှာပါပဲ။ (ခုလို ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ပါရတာကိုက ကံချွန့်အလုပ်ပါ) ဂျာနယ် စာမျက်နှာပေါ်ကစကားတွေဟာ ကိုယ့်လာမေးတဲ့ စာနယ်ဇင်းဆရာကိုပြောတာမဟုတ်ဘူး။ စာဖတ်ပရိသတ်ကြီးကိုပြောတာ ဆိုတဲ့ သတိ ရှိကြစေချင်ပါတယ်။

ရုပ်ပြရတဲ့အလုပ်မှာ မလှတာ ရှာလည်ပြသလို ဖြစ်မှာစိုးလို့ ဆင်ခြင်ကြနည်းမျိုး ဂျာနယ်၊ မဂ္ဂဇင်းစာစောင်ရဲ့ စာမျက်နှာပေါ်က စကားတွေဟာလည်း 'အသိဉာဏ်နည်းတာ

http://swanbros.blogspot.com



မြန်မာပြည်အနှံ့ ကြေညာသလို’ ဖြစ်နိုင်တယ်ဆိုတာ သတိထားသင့်ပါတယ်ခင်ဗျ။

ကံချွန် စေတနာနဲ့ အကြံပြုတာပါ။

စဉ်းစားကြပါ။ ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ စကားပြောတာကို လောဘသတ်ကြပါ။ ကိုယ့်လုပ်ငန်း တိုးတက်ဖို့အတွက် တကယ်အရေးပါ အရာရောက်တာတွေကို ပြောကြ၊ ဆိုကြဖို့ သင့်ပါပြီခင်ဗျာ။ ဂျာနယ်စာမျက်နှာတွေကို လေးစားသင့်ပါပြီ။ ပြီးပြီးရောပြောရင် ဂျာနယ်စာမျက်နှာတွေကတော့ ဘာမှ မဖြစ်ပါဘူး။ ပြောသူကိုသာ ထိခိုက်နစ်နာစေမှာ ဖြစ်ပါတယ်။

ကံချွန်
(ဒါရိုက်တာ)
ဟာသကားနှစ်ကား
မကျွမ်းကျင်ဘဲ ရိုက်ဖူးသူ
၁၇. ၄. ၂၀၀၀

# ဆိုင်ဆိုင် မဆိုင်ဆိုင်

ကံချွန်ဟာ စာနယ်ဇင်းကို အသက်လောက်ချစ်ပါတယ်လို့မပြောရဲပေမယ့် နည်းနည်းတော့ ချစ်တယ်လို့ ပြောရဲပါတယ်ခင်ဗျာ။ စာနယ်ဇင်းရဲ့တန်ဘိုးရှိတဲ့စာမျက်နှာတိုင်းမှာ တန်ဘိုးရှိတဲ့စာတွေပါစေချင်ပါတယ်။ မှန်ကန်တဲ့စေတနာ၊ မှန်ကန်တဲ့သတင်း၊ မှန်ကန်တဲ့အချက်အလက်တွေချည်းပါဝင်စေချင်ပါတယ်။ အမှားတွေ နည်းနိုင်သမျှနည်းစေချင်ပါတယ်။ ဂျာနယ်တွေကို ချစ်လို့ပါခင်ဗျာ။ ပေါ်ပြူလာဂျာနယ် အတွဲ (၄)၊ အမှတ် (၁၃)၊ ၂၀၀၀ ပြည့်နှစ်၊ မတ်လ (၂၈) ရက်နေ့ထုတ် စာမျက်နှာ အချပ်ပို (ဂ)မှာပါတဲ့ ဆရာကြော့ဦးရဲ့ဆောင်းပါးမှာ စာကြောင်းတစ်ကြောင်းပါလာပါတယ်။

'ကံချွန်က မိဘပေးခဲ့တဲ့နာမည်နဲ့ပဲ ရေးခဲ့တာပါ။ ကျွန်တော်က ကလောင်ခွဲပါဆိုရင် ကလောင်နာမည်သုံးမျိုးနဲ့ ၉၉ မှာ ဝင်တိုးခဲ့ရေးခဲ့တာ'

ဆိုတဲ့စကားပါ။ မှားနေတာလေးပြင်ပေးချင်လို့ပါ ခင်ဗျာ။ ပရိသတ်ကြီးက အမှန်ထင်သွားမှာစိုးလို့ပါ။ ကံချွန်ဆိုတဲ့နာမည်ကို မိဘကပေးတာ မဟုတ်ပါဘူးခင်ဗျ။ ကံချွန့်ကို မွေးဖွားပေးတဲ့ စိန်ပီတာဆေးရုံ (ယခု ကျောင်း) က ဆရာဝန်ကြီးတွေက ပေးတဲ့နာမည်ပါ။ (အမေက ပြန်ပြောပြလို့သိတာ

http://swanbros.blogspot.com



ပါ။ သက်သေကတော့ အပါပေ့ါခင်ဗျာ) ဘာလို့ ကံချွန်နဲ့ကိုမှ ထူးထူးခြားခြား မွေးဖွားပေးတဲ့ဆရာဝန်ကြီးတွေက ဧည့်ခံပွဲမလုပ်၊ နေ့ကောင်းရက်သာမရွေး၊ မွေးတာက သောကြာနေ့၊ နေ့သင့် နံသင့် (သ-ဟ) လည်း မပါ၊ ကောက်ခါငင်ခါ မွေးပြီးတာနဲ့ ကံချွန်လို့ နာမည်ပေးလိုက်ရသလဲဆိုတော့ (ကြွားချင်နေ တာကြာပြီ၊ ခုမှ အံဝင်ခွင်ကျကြွားရတော့တယ်) ၄. ၄. ၁၉၄၆ ရက်နေ့က မန္တလေးစိန်ပီတာဆေးရုံမှာ မိခင် (၁၃) ဦး မွေးဖွားတယ်လို့ ဆိုပါတယ်။ ပထမခြောက်ယောက်က မိန်းကလေးတွေ၊ ခုနစ်ယောက်မြောက်မှာ ကံချွန်။ နောက်ထပ်မွေးတဲ့ မိခင်ခြောက်ဦးကလည်း မိန်းကလေးတွေ။ အဲသလို ဖွားဖက်တော်မိန်းကလေး (၁၂) ဦး ခြံရံပြီး လူ့လောကကြီးထဲကို (ဝတ်ကျေတန်းကျေခဏလေးပဲငိုပြီး) ခပ်ပြုံးပြုံးနဲ့ ဝင်ရောက်လာခဲ့တယ်ဆိုပဲ။ အဲဒါနဲ့ မွေးဖွားပေးတဲ့ဆရာဝန်ကြီးက 'ဒီကောင်ကံချွန်တဲ့အကောင်ပဲ၊ မင်းကို ကံချွန်လို့ခေါ်မယ်' ဆိုပြီး နာမည်ပေးခဲ့တာလို့ သိရပါတယ်။ မိဘပေးခဲ့တဲ့နာမည်မဟုတ်ပါဘူးခင်ဗျ။ ဆရာဝန်ကြီးကသာ နာမည် မပေးခဲ့ရင် ဒီနေ့ ဖြစ်နိုင်ချေအရှိဆုံး နာမည်က 'ငပွကြီး' နေမှာပါ။

ဖြည့်စွက်ပြီးရှင်းပြချင်တာလေးတစ်ခုကတော့ နောင်နှစ်ပေါင်းတစ်ရာလောက်ကြာတဲ့အခါမှာ ကံချွန်နဲ့မှာ သူများပေးတဲ့နာမည်တစ်ခုပဲရှိတယ်လို့ ပရိသတ်က ထင်မှာစိုးလို့ အလင်းတန်းစာမျက်နှာကနေ ရှင်းပြပါရစေခင်ဗျာ။ ကံချွန်နဲ့ မှာ

http://swanbros.blogspot.com



ကလောင်နာမည်တွေရှိပါတယ်။ အနီးကပ်ဆုံး သက်သေကတော့ ဆရာဦးဝင်းငြိမ်းပါပဲ။ ရွှေအမြုတေမှာကိုပဲ

မောင်သူ (မန္တလေး)

ကိုရွှေမန်း

သာကောင်း

ကိုရင်ဩ

လမ်းလျှောက်သတင်းသမား

စတဲ့နာမည်များနဲ့ ဆောင်းပါးများရေးခဲ့ဖူးပါတယ်ခင်ဗျ။ အခြားမဂ္ဂဇင်းများလည်း တစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးခဲ့ဖူးတဲ့ ကလောင်အမည် ငါးခုလောက် ရှိပါသေးတယ်။ ဘာလို့ ဆက်တိုက်မရေးဖြစ်ရသလဲဆိုတော့ အယ်ဒီတာတွေကိုက လက်မခံတာလည်းပါတယ်၊ စာဖတ်သူအချို့က လက်မခံတာလည်း ပါပါတယ်။ ကံချွန်နဲ့ပဲရေးပေးပါဆို တောင်းဆိုတာလည်းရှိပါတယ်။ (ခေတ်ဆန်းဂျာနယ်က ကိုစိုးဟိန်း (မန်းတက္ကသိုလ်) က ဆိုရင် သူ့ဆီမှာ ပန်းချီဆောင်းပါးတွေကို အခြားနာမည်တစ်ခုနဲ့ရေးဖို့ ကံချွန်က ပြောခဲ့တာကို လက်မခံဘဲ 'ကံချွန်နာမည်နဲ့ပဲ ရေးပါဗျာ' ဆိုပြီး တောင်းခဲ့တာပါ)

ဒါကတော့ ကံချွန့်မှာ သူပေးငါပေး နာမည်လေးအပြင် မအောင်မြင်တဲ့ ကလောင်အမည်ခွဲလေးများရှိသေးတယ်ဆိုတာ ရှင်းပြတာပါခင်ဗျာ။ ကလောင်နာမည်ခွဲအများကြီးနဲ့ ရေးနိုင်သူများကို လေးစားပါတယ်။ ကံချွန့်မှာတော့ သူပေးငါပေး နာမည်တစ်ခုနဲ့ပဲရေးစားလို့ ရနေပါတယ်ခင်ဗျာ။ ရှင်းသာပြနေရတယ်။ ကံချွန်ရဲ့စာဖတ်ပရိသတ်အတွက် ဘာအကျိုးမှ

http://swanbros.blogspot.com



မရှိဘူးလို့ဆိုတာလည်း ရေးနေပေမယ့် သိနေပါတယ်။ ကံချွန်ဆိုတာကလည်း သာမန်ငတိလေးပါခင်ဗျာ။ ဒီတော့ ကံချွန်နဲ့ပတ်သက်ပြီး မပြည့်စုံရေးသားတာလေးပါလာရင်၊ ဖတ်ရရင်ပြည့်စုံအောင် ဖြည့်စွက်ပေးချင်ပါတယ်။ အတ္တလေး နည်းနည်းရှိပါတယ်။

ကိုယ့်အတ္တကို ရေးခါနီးမှာ စိတ်ဖြေရတာပေါ့ခင်ဗျာ။ တူမဖြစ်သူက သူ့အဒေါ် အလှဆုံးဆို ပြောတာကိုပဲ စာမျက်နှာပေါ်တင်နေကြလေတော့ ကံချွန်လည်း တစ်ခါတစ်လေတော့ ကိုယ့်အတ္တလေးရေးချင်မိတယ်ခင်ဗျ။ အနုပညာလောကမှာက ကိုယ့်အတ္တကို ကြုံရင်ကြုံသလို ပွဲထုတ်ကြတာကဆန်းတော့မဆန်းပါဘူး။ မြို့မစိန်ရတုပွဲတော်ကြီးမှာတောင်ကံချွန်စီစဉ်သည်ဆိုပြီး ကာတွန်းဝင်းမောင်အလွမ်းပြေဇာတ်တင်ချင်သေးတာ။ အဲသလိုသာ တင်ဖြစ်ရင် တော်တော်စိုပြေမှာပါ။ စန္ဒရားလှထွတ်အလွမ်းပြေ၊ ဒေါ်ကြည်ကြည်ဌေးအလွမ်းပြေ၊ တွံတေးသိန်းတန် အလွမ်းပြေဆိုတာတွေနဲ့ အပြိုင်ကာတွန်းဝင်းမောင် အလွမ်းပြေဆိုတာကို မြိုင်ဆိုင်စွာ တင်ပြနိုင်မှာပါခင်ဗျ။အဲသလိုသာတင်ပြဖြစ်ရင် ကိုမောင်မောင်သိုက်တို့ ကိုသော်ကတို့ မောင်မောင်အောင် တို့ စတဲ့ စတဲ့ ကိုဝင်းမောင်ရဲ့မိတ်ဆွေတွေလည်း 'ကာတွန်းဝင်းမောင် အလွမ်းပြေ' ကဏ္ဍတင်ဖြစ်ရင် ပါရမှာပေါ့ခင်ဗျာ။

ကံချွန် မင်းတင်ချင်တာနဲ့ စီစဉ်တင်ဆက်ချင်တာနဲ့ မြို့မ

http://swanbros.blogspot.com



စိန်ရတု ဘယ်လိုပတ်သက်သလဲဆိုရင် ဟုတ်ကဲ့၊ မပတ်သက်ပါဘူးခင်ဗျာ။ ဒီနေ့ အနုပညာစင်မြင့်မှာက ဘယ်လိုမှ မပတ်သက်တာတွေဒီလိုပဲ တင်နေကြလေတော့ ကံချွန်လည်း ဆန္ဒဖြစ်မိတာပါခင်ဗျာ။ ငါလုပ်တတ်တယ်ဆိုတာလေး မဆိုင်ပေမယ့် ဖော်ချင်လို့ပါ။

သည်အထဲ ကံချွန်တို့ရဲ့အလင်းတန်းဂျာနယ်က ကိုဦးဆွေက ကိုယ့်နာရေး ကိုယ်ပြန်ခံစားရေးဖွဲ့လေတော့ ကံချွန့်သူငယ်ချင်းတစ်ယောက် အမှတ်ရမိတယ်။ သူကတော့ မိန်းကလေးတစ်ယောက်နဲ့တွဲနေပြီးကာမှ လက်မထပ်နိုင်လို့ ကိုယ့်နာရေးသတင်း ကိုယ့်ဟာကိုယ် သတင်းစာမှာထည့်ပြီး (လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကပါ) ရှောင်ပြေးဖို့ကြိုးစာဖူးတယ်ခင်ဗျ။ ကံဆိုးချင်တော့ နာရေးသတင်းကသာ ပါလာတယ်။ လူကမီးရထားလက်မှတ်မရလို့ ထွက်ပြေးမရဘူးဖြစ်ပြီး နောက်ရက်မှာ ကားဂိတ်မှာငုတ်တုတ်ကြီးထိုင်ရင်း ကိုယ့်နာရေးသတင်းကိုယ်ပြန်ဖတ်ရတဲ့အဖြစ်လည်း အမှတ်ရမိပါရဲ့။

၂၄. ၄. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ဇာတ် ....ဇာတ် .... ဘာဇာတ်လဲ

ဂျာနယ်တစ်စောင်မှာ ဖတ်ရပါတယ်ဗျာ။ နှစ်ယောက်တစ်အိပ်မက် ဇာတ်ကားကြည့်ရင်း တောင်ကြီးမြို့မှာ ပရိသတ်ထဲကတစ်ဦးသေဆုံးသွားတယ်ဆိုသလိုလို။ (သေဆုံးသူနာမည်၊ မိဘအမည်၊ အရပ်နေရာတွေတော့ မတွေ့ပါဘူး) တကယ်အစစ်အမှန် ရုပ်ရှင်ဇာတ်ကားက ဆွေးစရာမို့သေပါတယ်ဆိုပါစို့။

ကံချွန့်ရဲ့အတွေးမှာ ရေးချင်စရာတွေ ပေါ်လာပါတယ်။ ဆက်စပ်မိတဲ့အကြောင်းအရာလေးတွေကလည်းရှိနေတာကိုး။ ကြာပါပြီ ကိုဇော်မြင့် (ရီမြင့်ရုပ်ရှင်) က တစ်ဆင့် တောင်တန်းနှင့်တူသောယောကျ်ားများ ရုပ်ရှင်ကား အထူးပွဲကြည့်ဖို့ ဖိတ်စာရခဲ့ဖူးပါတယ်။ ရိုက်တဲ့ ဒါရိုက်တာက မိုက်တီး၊ သရုပ်ဆောင်တွေကကျော်ရဲအောင်၊ လွင်မိုး၊ နန္ဒာလှိုင်၊ တီဗွီမှာကြော်ငြာလာနေတာလည်း မြူးမြူးသွက်သွက်ကလေးတွေဆိုတော့ သွားကြည့်မိပါတယ်။ ဟား . . . ကြည့်မိလို့ ဆယ်မိနစ်လောက်နေကတည်းက စိတ်ညစ်ရတာ ဇာတ်ကားပြီးထိပါပဲ။ လွင်မိုးက ငို၊ ကျော်ရဲအောင်က ငို (တောင်တန်းနှင့်တူသောယောကျ်ားကြီးများဆိုတော့ မငိုပေဘူးထင်ထားတာ မှားသွားတယ်)နန္ဒာလှိုင်ကငို။ ဒုက္ခတွေတစ်မျိုးပြီးတစ်မျိုး မရိုးရအောင်

http://swanbros.blogspot.com



ရောက်ကြ၊ သေကြ၊ ထောင်ကျကြ၊ မိဘမဲ့တွေဖြစ်၊ ချစ်သူတွေကွဲ၊ သံယောဇဉ်ရှိသူတွေဝေး၊ ကံချွန်ရဲ့ စိတ်ဓါတ်နဲ့ အလွန်မဟတ် တဲ့ဇာတ်ကားပေါ့ခင်ဗျာ။ အလကားကြည့်နေရတာကိုသည်းမခံနိုင်ဘူး။ စိတ်ဆင်းရဲစရာတွေ ဒုက္ခရောက်နေတာတွေကို ငွေပေးကြည့်မိလို့ကတော့ နောင်တရလို့ ဆုံးမှာမဟုတ်ပါဘူး။ (ကံချွန်အတွက် ပြောတာပါ)

အဲဒီကတည်းက ရေးဖို့ရာ ခုမှ ဂျာနယ်တစ်စောင်ထဲက (ပေါ်ပြူလာ ထင်ပါတယ်) သတင်းတိုတစ်ပုဒ်ကို အကြောင်းပြုပြီးရေးဖြစ်သွားရတာပါခင်ဗျ။

ဒီလိုပါ။ အနုပညာမှာ ရသကိုးပါးရှိပါတယ်။ ရသတိုင်းဟာ အရေးပါပါတယ်။ ဖန်တီးရတာခက်ပါတယ်။ ဘယ်ရသကတော့ကောင်းတယ်။ ဘယ်ရသကတော့ မကောင်းဘူးလို့ပြောလို့မရပါဘူး။ ဒါပေမယ့် ခံစားသူအနေနဲ့ဘယ်ရသတော့ကြိုက်တယ်၊ ဘယ်ရသတော့ မကြိုက်ဘူးဆိုတဲ့ အကြိုက်၊ မကြိုက်ကိုတော့ ပြောလို့ရပါတယ်ခင်ဗျ။ လွတ်လပ်စွာ ကြိုက်ခွင့်၊ မကြိုက်ခွင့်ရှိပါတယ်။ ငိုချင်သလား၊ ငိုလို့ရပါတယ်။ ရယ်ချင်သလား ရယ်လို့ရပါတယ်။ ဖန်တီးသူအနေနဲ့လည်း လွတ်လပ်စွာဖန်တီးခွင့်ရှိပါတယ်။ခံစားသူကို ရယ်စေလိုတာလား၊ ငိုစေလိုတာလား၊ စိတ်မချမ်းမသာဖြစ်စေလိုတာလား၊ ရပါတယ်။

ဒါပေမယ့် ရိုးသားဖို့တော့ လိုပါတယ် ခင်ဗျ။

လွမ်းစရာ၊ ငိုစရာ၊ စိတ်မချမ်းသာစရာ ဖန်တီးထားရင်

http://swanbros.blogspot.com



ကျွန်တော်ရိုက်ကူးထားတာဖြင့် အလွမ်းကားပါ။ စွန့်စားခန်း ရိုက်ကူးထားရင်လည်း စွန့်စားခန်း၊ လျှို့ဝှက်သည်းဖိုဆိုရင် လည်း လျှို့ဝှက်သည်းဖို၊ ဟာသဆိုရင် ဟာသ စသည့်ဖြင့် ကိုယ်ရိုက်ကူးထားတဲ့ဇာတ်လမ်းဟာ ဘယ်လိုအမျိုးအစားဖြစ် တယ်ဆိုတာ တိတိကျကျ ကြေညာသင့်ပါတယ်။ ခုတော့ ပျော်စရာပုံလေးတွေနဲ့ ပိုစတာလုပ်၊ ရွှင်မြူးနေတဲ့အခန်းလေး တွေနဲ့ ပိုစတာလုပ်၊ ရွှင်မြူးနေတဲ့အခန်းလေးတွေနဲ့ တီဗွီမှာ ကြော်ငြာ၊ ဇာတ်ရွှင် ဇာတ်မြူးကြည်နူးစရာလေး မှတ်လို့ လာကြည့်မိတော့မှ ရုံထဲမှာ စိတ်မချမ်းသာစရာဒုက္ခပေါင်းစုံ ကို ထိုင်ကြည့်ရတော့ ရုပ်ရှင်ဖန်တီးသူ၊ ထုတ်လုပ်သူများ မရိုးသားတာလို့ဆိုရမှာပါပဲ။ ပရိသတ်ကို လိမ်ညာတာပါပဲ။ ကိုယ်ပေးမယ့်ရသကိုကြေညာရမှာပေ့ါ။ ဒါမှ အဲဒါမျိုးကြည့်ချင် သူကကြည့်မယ်။ မကြည့်ချင်သူက မကြည့်ဘူး။ ပရိသတ်အနေ နဲ့ ရွေးချယ်ခွင့်ရပါမယ်။ ဒီနေ့ ရိုးသားတာဆိုလို့ ဟာသဖန် တီးသူ၊ ထုတ်လုပ်သူများပဲရှိပါတယ်။ (ဂုဏ်ယူပါတယ်) ဟာသ ကားဇာတ်ရွှင်၊ ဇာတ်မြူးကားများကတော့ ဘယ်တော့ မှ အလွမ်းအဆွေး ဇာတ်ကားဟန်ဆောင်ပြီး မကြေညာပါဘူး ခင်ဗျာ။ ရှင်းပါတယ်။ ရယ်ချင်သလား။ လာကြည့်ပါပဲ။

မလှဲ့မရှောင်သာနမူနာ တင်ပြပါရစေခင်ဗျား။ နိုင်ငံခြား ရုပ်ရှင်ကားမှာပဲဖြစ်ဖြစ်၊ ဗွီဒီယိုခွေမှာပဲဖြစ်ဖြစ် ဇာတ်ကားမှာ (ခံစားမှုအမျိုးအစား) ဇာတ်အမျိုးအစားကို ခွဲခြားဖော်ပြထား ပါတယ်။

http://swanbros.blogspot.com



အထိုးအကြိတ်၊ အပစ်အခတ်၊ ဇာတ်ရှင်ဇာတ်မြူး၊ ဟာသ၊ လျှို့ဝှက်သည်းဖို၊ စွန့်စားခန်း စသည်ဖြင့်ပေါ့၊ (Comedy, Action, Sci Action. Drama, Adventure, Love Story) အဲသလိုတွေပေါ့ ခင်ဗျ။ သူတို့ ဖန်တီးထားတဲ့ဇာတ် အမျိုးအစား ကို ကွဲကွဲပြားပြား ရေးပြထား တော့ ကံချွန်တို့ဟာ ကိုယ်ခံစားချင်ကို ရွေးချယ်ခံစားလို့ ရတာပေါ့ခင်ဗျာ။

မြန်မာရုပ်ရှင် ဗီဒီယိုများမှာလည်း ရိုက်ကူးတဲ့ဇာတ်အမျိုးအစားကို တရားဝင် သိသိသာသာ ပိုစတာထဲမှာ၊ သတင်းထဲမှာ၊ ကြော်ငြာထဲမှာ ဖော်ပြဖို့သင့်ပါပြီ။ အဲဒါဆိုရင် နှလုံးရောဂါအခံရှိသူများ၊ အလွမ်းအဆွေး စိတ်မချမ်းမသာစရာ မနှစ်သက်သူများအနေနဲ့ အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း ကင်းသွားပါမယ်ခင်ဗျာ။ စဉ်းစားကြည့်ပါဦး။ သနားပါဦး။ ပျော်ရမယ်မှတ်လို့ လာကြည့်မိပြီးကာမှ ငိုနေရ၊ စိတ်မချမ်းမသာ ဖြစ်နေရရင် ရှက်လည်းရှက်တယ်၊ ဒေါသလည်း ဖြစ်ပါတယ်။ အလိမ်အညာခံရလေခြင်း ဆိုပြီးတော့ပေါ့ခင်ဗျာ။

ဗီဒီယိုခွေတွေမှာဆိုရင် ပိုစတာထဲကတော့ ပြုံးလို့ရယ်လို့ပါပဲ။ငှားကြည့်မိတော့မှ တရှုံ့ရှုံ့ငိုကြတော့တာ။ (အဲဒါမျိုးကျတော့ စတော့နှိပ်၊ အဂျက်နှိပ်၊ ချက်ခြင်းပြန်အပ်လိုက်တာပါပဲ။ အချိန်ကုန်မခံပါဘူး)

စာရှုသူခင်ဗျား။ ကျေးဇူးပြုပြီး စဉ်းစားကြည့်စမ်းပါ။ ကံချွန်တို့ အနုပညာလောကသားချင်းမှာကိုက ဟာသကား၊ ဟာသဝတ္ထု၊ ဟာသစာပေဆိုရင် အလေးအနက်သဘော

http://swanbros.blogspot.com



မထားကြပါဘူး။ 'ဟာသသတ္တုပါကွာ' 'ရယ်စရာတွေပါကွာ' ဆိုပြီးလေသံမှာကိုက လေးနက်မှုမပါပါဘူး။ ခက်တာက အလွန်လေးနက်ပါတယ်ဆိုတဲ့ ဇာတ်ကားကြီးများ ရိုက်နေသူ တွေ၊ ထုတ်လုပ်နေသူတွေဟာ ဘာလို့ 'ဟာသ' ခုတုံးလုပ်ချင် ပါလိမ့်။ ပျော်စရာ၊ ပြုံးစရာ ငါးမိနစ်လောက်ပါတာနဲ့ အဲဒီ အခန်းလေးတွေကိုပဲ တီဗွီမှာ ကြော်ငြာပြီး ပရိသတ်ခေါ်နေကြ ပါလိမ့်။ ရွှင်မြူးနေတဲ့ ပုံလေးတွေနဲ့ ပိုစတာရိုက်ထုတ်ပြီး ဘာလို့ မျက်ရည်စက်လက်တွေပြနေကြပါလိမ့်။ ဇာတ်ဝင်ခန်းမှာ မပါ တဲ့ (ကျော်ဟိန်းနဲ့နန္ဒာလှိုင်မင်္ဂလာဝတ်စုံနဲ့ဒီတီဆိုင်ကယ်နဲ့ ပြုံးပျော်နေပုံ) ပုံမျိုးရိုက်ပြီး တစ်ကားလုံး လင်မယားရန်ဖြစ် တာ ပြလို့ပြ။

ကံချွန်ကတော့ အဲသလို လုပ်နေတာတွေကို မရိုးသား တာ၊ လိမ်တာ၊ ပရိသတ်ကို လှည့်စားတာ၊ သတ္တိမရှိတာလို့ ဘဲ နားလည်ပါတယ် ခင်ဗျ။ ရိုးသားရင် လိမ်ချင်စိတ်၊ လှည့် စားချင်စိတ်မရှိရင်၊ သတ္တိရှိရင်၊ ကိုယ်ရိုက်ကူးတဲ့ဇာတ်ရဲ့ အဓိက ဇာတ်ဝင်ကျောရိုးကိုပဲ တီဗွီမှာ ကြော်ငြာပေါ့ ခင်ဗျာ။ပိုစတာမှာ ရိုက်ပေါ့ခင်ဗျား ဇာတ်ကျောရိုးကို ကိုယ်စားပြုတဲ့ ပုံတွေနဲ့ ပိုစတာရိုက်သင့်ပါတယ်။ ဘာဇာတ်လမ်း၊ ဘယ်လို ကား ဖြစ်ဖြစ်၊ မင်းသမီးပြုံးနေတဲ့ ပုံတွေနဲ့ချည်း ပိုစတာရိုက်၊ ကာဗာလုပ်ကြော်ငြာနေကြတော့ ကံချွန်တို့ဟာ ဘာဇာတ်မှန်း မသိ ငှားကြည့်နေရပါတယ်။

ရယ်ရမလိုလိုနဲ့ စိတ်ဆင်းရဲရတာကို ကံချွန်အားကြီး

http://swanbros.blogspot.com



မုန်းပါတယ်ခင်ဗျာ။ အလွန်လေးနက်တည်ငြိမ်ပြီး ဇာတ်အိမ် ခိုင်ခိုင်ကြီးတွေ ရိုက်ပြီးကာမှ ဆယ်မိနစ်စာလောက်သာပါ မယ့် ပျော်ရွှင်မြူးစရာ ဟာသအသွက်ကလေးတွေနဲ့ ကြော်ငြာ နေကြတာဟာလည်း ကိုယ်ဖန်တီးထားတဲ့ မိနစ်ငါးဆယ်၊ ခြောက်ဆယ်စာ အတည်အခံ့ကြီးကို မယုံရာကျပါတယ်ခင်ဗျ။ အတည်အခံ့ဆရာတို့ကို အကြံပြုပါတယ်။ တောင်းပန်ပါတယ်။ ကိုယ်ရိုက်တဲ့ဇာတ်ဘယ်လိုဇာတ်ဆိုတာထင်ဟပ်မယ့် ပိုစတာ များ၊ ကြော်ငြာများ ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် လုပ်ကြ ပါလို့ . . . ။

ဆိုင်ဆိုင် မဆိုင်ဆိုင် ကဏ္ဍကနေ ဆိုင်နေလို့ ရေးလိုက်ရ တာပါ။

၁. ၅. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ကိုယ့်ပေါင်ကိုယ်လှန်ထောင်းဦးမယ်

ကာတွန်းဝိဇ္ဇာ ဆရာကြီး ဦးဘဂျမ်းရဲ့ကာတွန်းတစ်ကွက်ကိုအမှတ်ရမိပါတယ် ခင်ဗျာ။ ကိုယ့်ပေါင်ကိုယ်လှန်းထောင်းတာကတော့ သက်သာတာပေါ့။ သူများ ဝင်ထောင်းရင်ပိုနာမယ် ဆိုတဲ့ကာတွန်းပါ။

ဓါတ်ပုံအနုပညာအကြောင်းရေးရင်း ကံချွန်တို့ ပန်းချီလောကရဲ့အစိတ်အပိုင်းလေးတစ်ခုရဲ့ဖြစ်ရပ်မှန် အစွန်းအစလေး ပါသွားခဲ့တယ်။ ပန်းချီဆရာအချို့ ပြိုင်ပွဲဝင်ဓါတ်ပုံ၊ ဆုရဓါတ်ပုံ၊ မဂ္ဂဇင်းမျက်နှာဖုံးက ဓါတ်ပုံပိုစတာတွေကို ပြန်ကူးရေးနေတဲ့ ကိစ္စလေးပါ။ ရေးခြင်း၊ မရေးခြင်း၊ ရေးသင့်မရေးသင့်ဆိုတာ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ရမယ့်ကိစ္စပါ။ ဒါပေမယ့် ကံချွန်ကြုံတွေ့သိမြင်နေရတဲ့ ဖြစ်ရပ်ကလေးတွေကို ပြောပြပါရစေ။

မန္တလေးရဲ့ တစ်နေရာက ပန်းချီကားတစ်ကားကို နိုင်ငံခြားသားက ဝယ်သွားပါတယ်။ အဲဒီနိုင်ငံခြားသားက စီးပွားရေးလုပ်ငန်းအတွက် မန္တလေးကို တစ်နှစ်မှာ သုံးလေးခေါက်ရောက်သူပါ။ နောက်တစ်ခေါက်ရောက်လာတော့ သူဝယ်သွားတဲ့ ပန်းချီကားကိုပဲ သူဝယ်ခဲ့တဲ့နေရာမှာ အဲဒီပန်းချီဆရာပြန်ရေးထားတာကိုပဲထပ်တွေ့နေရရော။ အရောင်အနုအရင့်၊

http://swanbros.blogspot.com



အလင်းအမှောင်၊ ရေးချက်အထားအသို၊ အဖြတ်အတောက် အားလုံး တစ်ထပ်တည်း တူနေတာပါ။ ဒီတော့ သူတော်တော် စိတ်ဆိုးသွားပြီး (ငါခိုးမတစ်ကောင်ကြောင့်) မြန်မာပန်းချီ လောကကို ပုတ်ခတ်စော်ကားတဲ့စကားတွေ အတော်ပြောသွား ပါတယ်။

နောက်ဖြစ်ရပ်တစ်ခုကတော့ ပြင်ဦးလွင်မှာ ဖြစ်ခဲ့တာ။ စကားပြန်အသိက ပြန်ပြောလို့သိရတာပါ။ (ကြာတော့ကြာ ပါပြီ) သူလိုက်ပို့ရတဲ့ ဧည့်သည်က ပန်းချီကားဝယ်မလို့ ပြခန်း မှာ ဝင်ကြည့်ပါသတဲ့။ ကြိုက်တဲ့ကားတွေ့တယ်။ ဝယ်မယ်လို့ သတ်မှတ်ပြီး နောက်ထပ်စိတ်ကြိုက်ကားတွေ့ဦးမလားလို့ လှည့်ကြည့်တော့ အဲဒီပန်းချီဆရာပဲ အဲဒီပုံမျိုး အသေးတစ်ပုံ ရေးထားတာ ထပ်တွေ့နေရလို့ မဝယ်ဖြစ်တော့ဘူးတဲ့။ (မန္တလေးက ပန်းချီဆရာကြီးတစ်ဦးရေးတာပါပဲ) ပိုဆိုးတာက မန္တလေးရောက်တော့လည်း ပန်းချီပြခန်းတွေ လှည့်ကြည့်တဲ့ ဆီမှာ အဲဒီဆရာကြီးရဲ့ အဲဒီပုံကို ထပ်တွေ့နေပြန်ရော။ ဒီပုံမျိုး ပြင်ဦးလွင်မှာလည်း တွေ့ခဲ့တယ်။ အကြီးတစ်ပုံ၊ အသေးတစ်ပုံ လို့ပြောသွားပါတယ်။ တော်သေးရဲ့၊ မင်းကွန်းတို့၊ တောင်သမန် တို့သွားရင်လည်း ထပ်တွေ့ချင်တွေ့နေရဦးမှာ။ ပြခန်းပိုင်ရှင် တစ်ဦးကတော့ အဲဒီဆရာက အဲဒီပုံမျိုး ရောင်းရလို့ လေးငါး ပုံ ပေးထားတယ်လို့ဆိုပါတယ်။ တစ်ပုံ ရောင်းရတာနဲ့ နောက်ထပ် အစားထိုးပြီး ချိတ်ဖို့ပေါ့။ (နာမည်သိချင်ရင် တိုး တိုးလာမေးလှည့်ပါ။)

မြင်ကွင်းတစ်ခုကို အချိန်တွေ၊ ရှုထောင့်တွေ၊ အဖြည့်တွေ အမျိုးမျိုးပြောင်းပြီး ရေးလို့ရပါတယ်ခင်ဗျာ။ ခုတော့ ဘာမှ မပြောင်းဘဲ အောက်လိုင်းကို မိတ္တူကူးထားပြီး ရေးနေတာပါ။ အဲသလိုသူ့ပုံသူပြန်ကူးရေးနေသူများရှိသလို သူများပုံ ကူးရေး နေသူများလည်း ရှိပါတယ်။ ပန်းချီပြပွဲ ကတ်တလောက်တစ်ခု ထွက်လာပြီဆိုတာနဲ့ အဲဒီထဲက ဈေးကွက်ဝင်မယ်ထင်တဲ့ ပုံကို ချက်ချင်းကူးရေးတော့တာပဲ။ ရောင်းတော့ ဖြစ်သလိုဈေးနဲ့ ဒေါ်လာငါးဆယ်ပြော၊ ဆယ်ဒေါ်လာပေးလည်းရောင်းလိုက် တာပဲ။

နောက်ပြီး တရုပ်ပန်းချီစာအုပ်ထဲက ပုံတွေကို ကူးရေး ကြတာ။ ဒီစာအုပ်တွေက နိုင်ငံတကာဖြန့်ထားတာ။ မန္တလေး မှာကိုပဲ ပန်းချီဆရာ အတော်များများ လက်မှာ ရှိနေတာပါ။ လေ့ကျင့်ချင်ရင်လို့ ကူးရေးတာကတော့ ရှိသင့်ပါတယ်။ ကူးရေးပြီး ကိုယ့်လက်မှတ်ထိုး ရောင်းမှာမျိုးကတော့ မဖြစ် သင့်ပါဘူးနော်။ ကူးရေးတာကို ပြပွဲထင်တယ်။ ဒါမှမဟုတ် အရောင်းပြခန်း တင်မယ်ဆိုရင် 'ကူးရေးသည်' လို့ ဝန်ခံပြီး လက်မှတ်ထိုးသင့်ပါတယ်။ (Copy By ...) ပေါ့ခင်ဗျာ။ မူရင်း ပန်းချီဆရာရဲ့လက်ရာက ဈေးသိပ်ကြီးနေလို့ အဲဒီပုံကို လည်း ကြိုက်လို့ ချိတ်ချင်သူများက ကော်ပီကားကို ဈေးသက် တောင့်သက်သာနဲ့ ဝယ်ချိတ်လိမ့်မပေါ့။ အဲဒါဆိုရင် မရိုးသား ရာလည်းမရောက်တော့ပါဘူး။မူရင်းပုံကဆရာကြီး ဦးဘသက်၊ ဆရာ ပေါ်ဦးသက်၊ ဆရာ ဦးကျော်သောင်း၊ ဆရာ

http://swanbros.blogspot.com



မင်းဝေအောင် စသည်ဖြင့် မူရင်းဆရာရဲ့နာမည်ကို အသိအမှတ်ပြုပေးသင့်ပါတယ်ခင်ဗျ။ ကော်ပီဆိုပြီး ဝန်ခံတဲ့အတွက် သိက္ခာမကျပါဘူး။ ဝန်မခံရင်သာ သိက္ခာကျမှာပါ။ ဆရာကြီးများရဲ့လက်ရာကို မီအောင်လိုက်ကူးနိုင်တဲ့အတွက် သူ့လေ့ကျင့်မှုကိုတော့ အသိအမှတ်ပြုအလေးထားမှာပါ။ ကျွန်တို့ ပန်းချီဆရာများ ရိုးသားဖို့ လိုပါတယ်ခင်ဗျာ။ ကော်ပီဟာ အတုထက်သိက္ခာရှိပါတယ်။ ဝန်ခံလိုက်ပေါ့။

ကျွန်တွေ့ရမြင်ရတာတွေကို မပြောဘဲ မနေနိုင်လို့ စတင်ဖွင့်ဟရတာပါခင်ဗျာ။ မြန်မာပန်းချီလောကကြီးလည်း သိက္ခာရှိစေချင်ပါတယ်။ ရေးဆွဲတတ်သူမှန်သမျှလည်း ထိုက်ထိုက်တန်တန် ရစေချင်ပါတယ်။ ကျွန်တော်တို့ ပန်းချီလောကကြီး သိက္ခာရှိလာဖို့၊ တန်ဖိုးမြင့်လာဖို့ ကျွန်တော်တို့ဘက်က စတင်ပြီး အားနည်းချက်တွေကို ပြင်ရမှာပါ။ တကယ်စေတနာနဲ့ပြောတာပါ။

ခြေမ,မကောင်း ခြေမ၊ လက်မ,မကောင်းလက်မ ဆိုပေမယ့် ငါးခုံးမတစ်ကောင်ကြောင့်တစ်လှေလုံးပုတ်ရတယ်ဆို တဲ့စကားလည်း ရှိပါတယ်ခင်ဗျာ။ အလွန်အရေးအတွက်နည်းပေမယ့် မြန်မာပန်းချီလောကကို အိုးမည်းသုတ်သလို ဖြစ်နေတဲ့ ကိစ္စပါခင်ဗျ။

သူများရေးပြီးသား ကူးရေးတာဟာ ငွေရကောင်း ရနိုင်ပေမယ့် သိက္ခာတော့မရနိုင်တော့ပါဘူး။ ကိုယ်ရေးပြီး ရောင်းလိုက်ရတဲ့ပုံကို ထပ်ပြန်တလဲလဲ ကူးရေးတာဟာလည်း

http://swanbros.blogspot.com



အနုပညာရှင်အဆင့်ကနေ လက်မှုပညာရှင်အဆင့်ရောက်သွားမှာပါပဲ။ ပန်းပုဟာပန်းပုပါ။ ပရိဘောဂဟာပရိဘောဂပါ။ ပရိဘောဂဟာ သစ်သားနဲ့လုပ်ထားတယ်။ အသုံးဝင်တယ်ဆိုပေမယ့် ဟောင်းရင်ပစ်လိုက်ရမှာပါ။ ပန်းပုကတော့ လက်မှုပညာမဟုတ်လို့၊ အနုပညာဖြစ်နေလို့ ဟောင်းလေတန်ဖိုးရှိလေဖြစ်မှာပါ။ ကျွန်တော်တို့ ပန်းချီဆရာများဟာ ကိုယ့်လက်ထဲရောက်ပြီးသားအနုပညာကို အနှစ်နှစ်အလလ ဒုက္ခခံပြီး သင်ယူခဲ့ရတဲ့ အနုပညာကို လက်မှုပညာဖြစ်အောင်တော့ မလုပ်သင့်ပါဘူးခင်ဗျာ။ အားလည်းနာတယ်။ ခင်လည်းခင်တယ်။

(မှတ်ချက် ။ ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရတဲ့ အဖြစ်မျိုးမို့ နာမည်များကိုတော့ ချန်ထားခဲ့ပါတယ်ခင်ဗျာ။ ခွင့်လွှတ်တော်မူကြပါ)

ရိုးသားစွာ ကြိုးစားသူတိုင်း အောင်မြင်ကြပါစေ။

၁၅. ၅. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



## ထိနှင့်မင်းသားမင်းသမီးများ

'ဒီကိစ္စ ဘယ်သူရေးမလဲလို့စောင့်ပြီး ကြည့်နေတာ။ ကျုပ်တို့တော့ ကျုပ်တို့ဖတ်မိသမျှ စာစောင်ဂျာနယ်တွေထဲ မှာ မတွေ့မိသေးဘူး'

'ဘာကိစ္စလဲ'

'မင်းသား၊ မင်းသမီးတွေ ထိရောင်းကြတဲ့ကိစ္စလေ'

'သမာအာဇီဝပဲဗျာ ဘာရေးစရာလိုလို့လဲ'

'ကိုကံချွန်'

'ဗျာ လေသံမာကြီးနဲ့မခေါ်ပါနဲ့ဗျာ။ ကံချွန့်အသည်းက ခပ်နုနုရယ် လန့်တတ်တယ်ဗျ'

'ခင်ဗျားက ဗွီဒီယိုဇာတ်လေးများ ရောင်းရရင်ဆိုတဲ့ အတွေးနဲ့ မင်းသား၊ မင်းသမီးရဲ့ ဖိနပ်ဖိုး၊ စကတ်ဖိုးသာသာ ရမယ့်ငွေလေးမျှော်ကိုးပြီး လက်ရှောင်နေတာလား'

'ဟာဗျာ။ အဲသလောက်ထိတော့ မတွယ်ပါနဲ့ဗျာ။ ကံချွန်က ဆောင်းပါးပဲ အရေးများတာပါ။ ဝတ္ထုရေးခဲပါတယ်'

'ဒါဖြင့် မင်းသား၊ မင်းသမီးတွေနဲ့ ထိအကြောင်း ဘာလို့ မရေးတာလဲ'

'အတည်ပေါက်ပြန်မေးရစေဦးဗျာ။ ရေးလောက်လို့လား'

'ကောင်းပြီ။ ဒါဖတ်ကြည့်'

http://swanbros.blogspot.com



သက်တန့်ရောင် ဂျာနယ်အတွဲ ၃၊ အမှတ် ၂၂ (၂၀၀၀ ခုနှစ်၊ မေလ ၁၇ ရက်နေ့ထုတ်) စာမျက်နှာ (၁)ရဲ့ ရှေ့ ကြော်ငြာစာရွက် ပထမမျက်နှာမှာပါတဲ့ ထီဆိုင်ကြီးတစ်ဆိုင် ရဲ့ကြော်ငြာပါ။ အဲဒီမှာ ရုပ်ရှင်မင်းသမီးတစ်ဦးက ပြောတဲ့ စကားပါတယ်။ လိုသလောက်ဖြတ်ထုတ်ပြပါရစေ။

(. . . အောင်မြင်တဲ့ စီးပွားရေးသမားကောင်း တစ် ယောက်ဖြစ်အောင်ကြိုးစားဖို့ အဆင်သင့်ရှိကြောင်း။ ခုလို စီးပွားရေးလုပ်ငန်းနှင့်အနုပညာလုပ်ငန်းတွေကို ဘာကြောင့် လုပ်သလဲဆိုရင် ရခဲ့တဲ့ လူ့ဘဝမှာ လူတစ်ယောက်ရဲ့အပြောင် မြောက်ဆုံး လုပ်ခွင့်ရသရွေ့ စွမ်းဆောင်သွားချင်တဲ့သဘော နဲ့ လုပ်ဖြစ်ပါကြောင်း . . .)

'ကဲ ဖတ်ပြီးပြီလား။ အဲဒီမင်းသမီးပြောတာဘယ်လို သဘောရသလဲ'

'မအီမလည်ကြီးဗျာ။အောင်မြင်တဲ့ စီးပွားရေးသမား ကောင်းဖြစ်အောင် ထီရောင်းမယ်ဆိုတာကြီးကို ကျွန်တော် ရေးမယ်ဗျာ။ ခင်ဗျားက ကျွန်တော်အရင် မအီမလည် ခံစား ထားရတာဆိုတော့ ခင်ဗျား အရင်ပြောဗျာ။ ခင်ဗျားရေးစေ ချင်တာ'

'ပထမဆုံး ပြောချင်တာက ထီဟာ အောင်မြင်ချင်တဲ့ စီးပွားရေးသမားကောင်း တစ်ယောက်ဖြစ်ချင်သူ လုပ်ရမယ့် အလုပ်မဟုတ်ပါဘူးကွာ'။ အဲ အောင်မြင်တဲ့ စီးပွားရေးသမား ဖြစ်ချင်ရင်တော့ လုပ်ပေါ့။ 'စီးပွားရေးသမားကောင်း' ဖြစ်

ချင်ရင်တော့ သူလုပ်တဲ့အလုပ်ဟာ အများရဲ့စားဝတ်နေရေး ကိုကူညီဖြေရှင်းပံ့ပိုးနိုင်တဲ့၊ နိုင်ငံခြားငွေယိုပေါက်ကို အတိုင်း အတာတစ်ခုထိ ပိတ်ဆို့နိုင်တဲ့ အစားထိုးပစ္စည်းလုပ်ငန်းမျိုး ဆိုရင်တော့ သူ့စီးပွားဖြစ်ဖို့ သူရှာပေမယ့် 'စီးပွားရေးသမား ကောင်း' လို့ပြောရမှာပေါ့။ ခုတော့ကွာ ဖွင့်မှာက ထီဆိုင်ခွဲ'

'ကံချွန်တော့ စာမူခရဦးတော့မှပဲ'

'ယူပါ။ ရေးသင့်တာရေးပြီး ယူမှာကို ကျေနပ်ပါတယ်။ ပြောဦးမယ်ရေးဖို့။ ထီဆိုတာ ကံစမ်းဖို့အတွက်ပါ။ ဘဝ အတွက် တိုးတက်ဖို့အဓိကကျတာက ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ပါပဲ။ ငွေက အထောက်အကူ ပစ္စည်းပါ။ သေချာတာကတော့ ငွေရှိပြီး ဘာမှ မလုပ်တတ်ရင် မကြာခင်ပြောင်မှာပဲ။ထားပါတော့။ ကဲ မင်းသား၊ မင်းသမီးနဲ့ ထီရောင်းတဲ့ကိစ္စဆက်ပြောရအောင်'

'ဟုတ်ကဲ့'

'ထီရောင်းတာဟာ သာမန်အလုပ်ပါကွာ။ တိုင်းပြည်နဲ့ လူမျိုးအတွက်မရှိမဖြစ် လိုအပ်တဲ့ စီးပွားရေးလုပ်ငန်းကြီး မဟုတ်ပါဘူး။ ဒါကိုပဲ ရခဲသမျှ လူ့ဘဝမှာ လူတစ်ယောက် ရဲ့အပြောင်မြောက်ဆုံးလုပ်ခွင့်ရသရွေ့စွမ်းဆောင်သွားချင် တဲ့သဘောနဲ့ လုပ်ဖြစ်ပါကြောင်းဆိုတာက မလွန်လွန်းဘူးလား ကွာ။ ကိုယ်ပြောတဲ့စကား အဓိပ္ပါယ်ဘယ်ရောက်တယ်။ ဘယ်လောက်လေးနက်တယ်။ ကိုယ်လုပ်မယ့်အလုပ်နဲ့ အံဝင်ရဲ့လားဆိုတာတော့ စဉ်းစားကြဖို့ကောင်းပါပြီ။ ထီသည်

http://swanbros.blogspot.com



က ထိသည်စကားပဲပြောဖို့ ကောင်းတယ်ကွာ။ မင်းသား၊ မင်းသမီးလည်း ထိရောင်းရင်တော့ ထိသည်ပဲပေါ့။ စဉ်းစားကြစေချင်တယ်။ ဒီနေ့ ဧက ထောင်နဲ့သောင်းနဲ့ချီပြီး တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသူတွေ၊ စက်မှုမြို့သစ်တွေမှာ တီထွင်ကြံဆပြီး လူတွေအတွက်အသုံးဝင်မယ့် စက်မှုပစ္စည်း ၊ အပိုပစ္စည်း ထုတ်လုပ်ပေးနေသူတွေ၊ နိုင်ငံခြားဆေးတွေနဲ့ ပုခုံးချင်းယှဉ်နိုင်စပြုလာပြီဖြစ်တဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် ထုတ်လုပ်ပေးနေတဲ့ တိုင်းရင်းဆေးပညာရှင်တွေ အများကြီးရှိပါသေးတယ်ကွာ။ လေးစားအားနာရမယ့်သူတွေ’

‘ကြော်ငြာထဲက ကလေးအော်နည်း အော်ရရင်တော့ ‘ကောင်းမှကောင်း’ပါပဲဗျာ။ ဆက်ပြောပါဦး’

‘အနုပညာရှင် မင်းသား၊ မင်းသမီးများကို ချစ်နေတဲ့ ပရိသတ်မျှော်လင့်တာက သူတို့စီးပွားရေးလုပ်တော့မယ်ဆို ရင် ရုပ်ရှင်လုပ်ငန်းအပေါ် အခြေခံတဲ့ စီးပွားရေးတွေပဲ ဖြစ်လိမ့်မယ်ထင်တာ။ ဒီနေ့ရုပ်ရှင်လောကအတွက်က ကင်မရာကောင်းကောင်းလိုအပ်မယ်တဲ့ဗျာ။ ကောင်းကောင်းရိုက်ချင်ရင် နိုင်ငံခြားက ကင်မရာ ငှားရိုက်ရတယ်။ ဒီနေ့ ရုပ်ရှင်ခြံတူတူတန်တန် မရှိဘူးခင်ဗျာ။ ဘာလို့ မထူထောင်ကြတာလဲ။ ကိုယ့်လောကလိုအပ်ချက်လည်း ဖြည့်ပြီးဖြစ်၊ ကိုယ့်အတွက် စီးပွားရေးလုပ်ငန်းလည်းဖြစ်မယ့် အလုပ်တွေ အများကြီးပါ။

http://swanbros.blogspot.com



ခုတော့ မြန်မာရုပ်ရှင်ဗွီဒီယိုထုတ်လုပ်နေရတာက ပွဲစားကြီးတိုက် ခဏဝင်ရိုက်ရ၊ ဆရာဝန်ကြီးခြံထဲခဏ ဝင်ရိုက်ရ၊ ဟိုတယ်မန်နေဂျာ မျက်နှာချိုသွေးပြီး မြက်ခင်းပြင်လေး အသုံးပြုရနဲ့ တကယ်ကို ကသီလင်တနိုင်ပါတယ်။ ကိုကံချွန်လည်း သိမှာပါ။ ဟိုးအရင်က မန္တလေးရုပ်ရှင်ခြံထဲတင် သုံးထပ်ပြားနဲ့ ဆက်တင်ဆောက်ပစ်လိုက်တာ’

‘လွမ်းတယ်ဗျာ’

‘မန္တလေးရုပ်ရှင်ခြံသာ မီးထဲမပါရင် ဒီနေ့ မန္တလေးလာသမျှဧည့်သည်တွေ ဟောလိဝုဒ်ရောက်တဲ့အခါ ဝင်ကြည့်နည်းမျိုးကြည့်ရတဲ့ နေရာတစ်နေရာဖြစ်နေမှာ။ တော်ပါပြီ။ ဆက်မပြောချင်တော့ဘူး’

‘နည်းနည်းတော့ ပြောပါဦးဗျာ။ တစ်ပုဒ်စာပြည့်သွားအောင်’

‘ကိုကံချွန်။ ကျွန်တော်တို့ဟာ မင်းသား၊ မင်းသမီးများရဲ့ အနုပညာကို လေးစားပါတယ်။ သူတို့ကို ချစ်ပါတယ်။ ကျွန်တော်တို့က သူတို့ကိုချစ်တာနဲ့ပဲ ထီထိုးနေရတော့မှာ လား။ သူတို့ကရော ကျွန်တော်တို့အတွက် ထီဆိုင်တွေပဲ ဖွင့်နေတော့မှာလား။ ထီလှည်းတွေမှာ သူတို့ပုံတွေ ချိတ်ထားတာနဲ့ သူတို့ချစ်တဲ့ ပရိသတ်က မုန့်ပူဆာနေတဲ့ သားသမီးကို ခေါင်းခေါက်ပြီး ဟဲ့- ဒါက . . . ရဲ့ ‘ထီဟဲ့’ဆိုပြီး ထီထိုးနေကြမှာကို ကြည်နူးနေကြမှာလား။ ဘယ်သူ့မှ ထိခိုက်စော်ကားချင်လို့ မဟုတ်ပါဘူးဗျာ။ ကိုယ်လုပ်နေတဲ့အလုပ်၊ အဲဒီအလုပ်

http://swanbros.blogspot.com



ရဲ့အကျိုးသက်ရောက်မှု၊ အဲဒီအလုပ်ရဲ့အရေးပါမှု၊ ပြီးတော့ ကိုယ်ထူထောင်ခဲ့ရတဲ့ နာမည်နဲ့ အံ၀င်ခွင်ကျ ဖြစ်ရဲ့လား။ ကိုယ့်အနုပညာနာမည်ကို ခုတုံးလုပ်ရမှာ တန်ရဲ့လားဆိုတာ စဉ်းစားကြစေချင်ပြီဗျာ။ အဲဒါ ရေးစမ်းပါ'

'စိတ်ချ'

၁၂. ၆. ၂၀၀၀

(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# ရန်ကုန်နှင့်သုဝဏ္ဏ

ကံချွန်ရဲ့ ကျန်းမာရေးနည်းနည်းလေးအားပျော့သွားလို့ ရက်နှစ်ပတ်လောက် အနားယူလိုက်ရပါတယ်ခင်ဗျာ။ ဆရာဝန်က အလုပ်မလုပ်ပါနဲ့ ပြောထားလေ လူက အလုပ်လုပ်ချင်လို့ ရပြီလား ခဏခဏ မေးကြည့်တယ်။ နည်းနည်းလုပ်ပါ။ အရင်လို အများကြီးမလုပ်ပါနဲ့ဆိုတော့ အရေးအကြီးဆုံး နည်းနည်းကို ဦးစားပေး ရွေးရတာပေါ့ ခင်ဗျာ။ ကံချွန့်ပင်တိုင်နေရာပေးထားတဲ့ ဂျာနယ်၊ မဂ္ဂဇင်းများ စာမူမပြတ်ဖို့အတွက် အပတ်စဉ်ထွက်နေတဲ့ ဂျာနယ်စာမူရေးမယ် လုပ်တော့ ဘာရေးရမှန်းမသိဘူး။ ဒါနဲ့ရေးလက်စ ရပ်ထားရတဲ့ ဝတ္ထုတို့ကို လက်စသတ်ပြီး ကလျာမဂ္ဂဇင်း ပို့ပါတယ်။ ကလျာမှလည်း လစဉ်ပါနေကျ။ တစ်လ ပြတ်သွားတော့ ကံချွန်စာမူမြန်မြန်ရောက်စေချင်တယ်။ နှစ်လဆက် မပြတ်စေချင်လို့ပါ။ မြန်မြန်ရောက်အောင် အမြန်ချောပို့ကို အားကိုးရပါတယ်။

ဒီပို့တဲ့အလုပ်ကို ကံချွန်လုပ်ခဲပါတယ်။ စာတစ်စောင်ပို့ဖို့အရေးစိတ်ရှည်ရှည်နဲ့ စောင့်ရတဲ့အလုပ် မလုပ်ချင်လို့ပါ။ ကံချွန်ရဲ့သားမက်လက် စာအပ်လိုက်တာများပါတယ် ခင်ဗျာ။ ၂၁ ရက်နေ့ကတော့ သူကလည်းမအား ၊ ကိုယ်ကလည်း ရေးပြီးနေ၊ စာတိုက်ကို အချိန်မီရောက်ပြီး စာသိမ်းတဲ့အထဲ

ပါစေ့ချင်တာကြောင့် ကံချွန်ကိုယ့်ဟာကိုယ်ပဲ စာတိုက်ကို သွားလိုက်ပါတယ်။ ကြားဖြတ်ဂုဏ်ပြုစကားပြောပါရစေ ခင်ဗျာ။ ကံချွန် ၁၉၉၉ ခုနှစ်ထဲမှ အမြန်ချောပို့ကို မြို့နယ် စာတိုက်ကလေးများမှပါ လက်ခံဖွင့်ပေးဖို့ စာတိုက်ကြီး (ဗဟို) တစ်နေရာတည်းမှာ မထားဖို့ ရိုရိုသေသေ အကြံပြုထား ပါတယ်။ အဲသလို ထားဖို့ရာ စီမံချက်ရှိပြီးမို့ တိုက်ဆိုင်သွား တာနေမှာပေါ့ခင်ဗျာ။ ခုဆိုရင် မြို့ကနယ်စာတိုက်အချို့မှာပါ အမြန်ချောပို့တွေ ပို့လို့ရနေပါပြီ။ ဆက်သွယ်ရေးဌာနကြီးကို အားကိုးပြီး ဆက်သွယ်မှု အားပြုနေရတဲ့သူတစ်ယောက် အနေနဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ မန္တလေးမြို့ရဲ့ ဗဟို စာတိုက်ကြီးနဲ့ လေးငါးမိုင် ဝေးတဲ့နေရာ မြို့သစ်မှာ နေရတဲ့ ကံချွန်ဟာ ခုတော့ မြို့သစ်ရဲ့ ပြည်ကြီးတံခွန် ဆက်သွယ်ရေး စခန်းမှာတင် အမြန်ချောပို့ ပို့လို့ရနေပါပြီ။ ပို့လို့လည်း လွယ်တယ် ဆက်ဆံရေးလည်း ပြေပြစ်တယ်။ ကံချွန်တို့ မြို့သစ်ရဲ့ ဆက်သွယ်ရေးစခန်း တစ်ခုတည်းကို အကြောင်းပြု ပြီးတော့ တောင်မှ မြို့သစ်သား ဖြစ်ရတာ ဂုဏ်ယူချင်စိတ် ပေါက်နေပါပြီ ။ သည်အတဲ ရောဂါလေးက ဖြစ်ကြည့်လိုက်ရ တော့ ခုတင်သုံးရာဆံ့ မြို့သစ်ရဲ့ ဆေးရုံကြီးကို ဝင်ရထွက်ရ ပါတယ်။ အဲဒီမှာလည်း စိတ်ချမ်းသာရပါတယ်။ ဟောက်တက် ငေါက်တတ်တဲ့ ဝန်ထမ်း မျိုး မတွေ့ခဲ့ရပါဘူး။ စိတ်ရှည်ကြ ပါတယ်။ ကံချွန့် ကျန်းမာရေးအတွက် ဇီဝကအထူးကု ဆေးခန်းမှာ ပြရတာ ဖြစ်ပါတယ်။ ခုတင်သုံးရာဆံ့ ဆေးရုံနဲ့

မျက်နှာချင်းဆိုင်က ပါပဲ။ အဲဒီမှာလည်း သမားတော်ဆရာ ဦးလှိုင်မိုးတို့ ၊ နှလုံး အထူးကု သမားတော်ကြီး ဒေါ်အေးအေးအောင် တို့က အခမဲ့ စမ်းသပ်ကုသ ပေးပါတယ်။ ခုတင်သုံးရာဆံ့ ဆေးရုံက လက်ထောက်ဆေးရုံအုပ်ကြီး စာရေးဆရာ ဒေါက်တာ ခင်မောင်ဆွေ ဆိုရင် ကံချွန်အတွက် လိုအပ်မယ့် ဆေးကို အိမ်လာပို့ပေး ကူညီပါတယ်။ ကံချွန်ဟာ အများရဲ့ စေတနာ ထားခြင်း၊ တာဝန်ကျေခြင်းခံရတော့ စဉ်းစားပါတယ် ခင်ဗျာ။ ကံချွန်ကရော ကိုယ့်စာဖတ်ပရိသတ်အတွက်တာဝန်ကျေရဲ့လား။စေတနာထားရဲ့လားပေါ့။ မြို့သစ်မှာ နေတဲ့ ကံချွန်ဟာ မြို့သစ်ရဲ့နွေးထွေးမှု၊ ပြည့်စုံမှုအတွက် လည်း ကျေနပ်မိပါတယ်။

ဒါကြောင့် မန္တလေးမြို့ထဲတောင်မှ အရင်လို မထွက်ဖြစ်တော့ ပါဘူး။ မန္တလေးမြို့ထဲ ထွက်ရခြင်း အကြောင်းရင်းမှာက စာပို့ရတဲ့ အလုပ်လည်းပါနေတာကိုး။ ခု စာပို့ဖို့ အတွက်ပါ မြို့သစ်မှာတင် အဆင်ပြေနေပါပြီလေ။ အဲ. . . ပြောချင်တဲ့စကားပြန်အစဖော်ရရင် ကလျာမဂ္ဂဇင်းအတွက် စာမူကို ကံချွန်သွားပို့ပါတယ်။ လိပ်စာအပြည့်အစုံက ကလျာမဂ္ဂဇင်း၊ အမှတ် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊သုဝဏ္ဏ၊ ရန်ကုန်ပါခင်ဗျ။ ကံချွန်စာအိတ်ကိုထိုးပေးလိုက်တာတော့

'သုဝဏ္ဏကအမြန်ချောပို့လို့မရဘူး။ ရန်ကုန်မြို့ထဲပဲရမယ်'

'ဟေ. . . ဒါဖြင့်လည်း မှတ်ပုံတင်စာပေါ့အေ'

စာရေးမလေးဟာ အမြန်ချောပို့ရင် လက်ခံလို့ရတဲ့ စာရင်း

ကို သေသေချာချာကြည့်ပြီးမှ အဖြေပေးတာပါခင်ဗျာ။ တာဝန်ကျေပါတယ်။ ဗဟိုစာတိုက်ကြီးမှာ သွားပို့တုန်းကလည်းအဲသလိုပါပဲ။ သုဝဏ္ဏာဆိုရင်မရဘူးဆိုလို့ အမြန်ချောနဲ့ ပို့မယ့်အစား မှတ်ပုံတင်စာလုပ်ပြီးတော့ ပို့ခဲ့ရဖူးပါသေးတယ်။ ဒီတော့ ကံချွန် စဉ်းစားမိတယ် ခင်ဗျ။

ပထမ တစ်ချက်ကတော့ ကလျာမဂ္ဂဇင်းကို မြို့ထဲပြောင်းရွှေ့ဖို့ အကြံပေးရရင် ကောင်းမလား ပေါ့ခင်ဗျ။ သူ့ခမျာ သုဝဏ္ဏာမှာ နေမိလို့ အမြန်ချောပို့နဲ့ ဆက်သွယ်လို့ မရဖြစ်နေရှာလို့ပါ။ သုဝဏ္ဏာဆိုတာ ရန်ကုန်နဲ့ ဘယ်လောက် များဝေးသလဲ၊ အဲဒီမှာ ဆက်သွယ်ရေးစခန်း ရှိသလား၊ ရန်ကုန်ကနေ ဘယ်နှစ်ညအိပ် သွားရသလဲ၊ ဒါမှမဟုတ် ဘယ်နှစ်နာရီသွားရသလဲ၊ ကံချွန်အရင်ကရန်ကုန်ကို ရောက်လေ့ရှိပေမယ့် သုဝဏ္ဏာကိုတော့ မရောက်ဖူး ဘူးကိုး။ အဲဒီတုန်းက ကလျာ မဂ္ဂဇင်းကလည်း မဆလာစက်နားမှရှိသေးတာ။

လုပ်ငန်းတိုင်းမှာ ဆက်သွယ်မှု လွယ်ကူမှုဟာ အလွန်အရေးကြီးပါတယ် ခင်ဗျ။ ဆက်သွယ်မှု လွယ်ကူမှ တိုးတက်ပါတယ်။ကလျာမဂ္ဂဇင်းအနေနဲ့ အမြန်ချောပို့နဲ့ ဆက်သွယ်လို့ရမယ့် ရန်ကုန်ထဲမှာ ရုံးခန်းဖွင့်မယ်ဆိုရင် သိပ်ကောင်းမှာပဲ။ ဒါမှ ကံချွန်တို့ဟာ အရေးကြီးရင် ကြီးသလို စာမူကို အမြန်ချောပို့နဲ့ ပို့လို့ရမှာပါ။ ခုတော့ သုဝဏ္ဏာဆိုတဲ့ နေရာမှာနေတော့ အမြန်ချောပို့ နဲ့ ပို့လို့မရဘူးဖြစ်နေတယ်။ ကံချွန်တို့ မန္တလေးမြို့သစ်ထက် နောက်ကျနေတာပေါ့ဗျာ။

http://swanbros.blogspot.com



ဒီအတွေးတွေကတော့ သုဝဏ္ဏကို ပို့ရမယ့် စာမူအတွက် အမြန်ချောနဲ့ ပိုမရလို့ မှတ်ပုံတင်စာ လုပ်နေရင်း တွေးမိတဲ့ အတွေးတွေပါခင်ဗျာ။ရန်ကုန် နောက်တစ်ခေါက်လောက် ရောက်ရင်တော့ အမြန်ချောပို့မရတဲ့ သုဝဏ္ဏဟာ ရန်ကုန်နဲ့ ဘယ်လောက်များဝေးလဲဆိုတာ ကံချွန်သွားလေ့လာဖို့လည်း တွေးမိပါတယ်။ လောလောဆယ်တော့ မှတ်ပုံတင်ပေါ့။

စာမူပို့တဲ့ တာဝန်တစ်ခု ပြီးသွားတော့ နောက်စာမူ ဆက်တွေး ရပါတယ်။ ကံချွန်ဟာ တစ်နေ့တစ်နေ့မှာ ကာတွန်း တစ်ပုံ၊ ဒါမှမဟုတ် ဆောင်းပါးတစ်ပုဒ်၊ ဒါမှမဟုတ် ဝတ္ထု (ပြီးသလောက်)၊ ဒါမှမဟုတ် ပန်းချီတစ်မျိုး မဟုတ် တစ်မျိုးရေး နေရမှနေသာပါတယ်။ဒီကပြန်ရင်တော့ အလင်းတန်းအတွက် စာရေးလို့ရသွားပါပြီ။ရန်ကုန်ကိုအမြန်ချောပို့လို့ရပြီးသုဝဏ္ဏ ဘယ်လောက် ဝေးသလဲ။ ပြီးတော့ ကံချွန့်ကျန်းမာရေးကို ဂရု တစိုက် အလေးထားပြီး ကုသပေးတဲ့ ဇီဝက၊ ကုတင်သုံးရာဆံ့ နဲ့ သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ မြို့သစ်ရဲ့ ပြည့်စုံမှု ရေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကလျာမဂ္ဂဇင်း မြို့သစ်လာဖွင့်ရင် သုဝဏ္ဏထက်တော့ ဆက်သွယ်လို့ လွယ်မယ်ခင်ဗျ။

(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# နောက်မဆုတ်နဲ့ဒွေး

၂၆. ၆. ၂၀၀၀ ရက်နေ့ထုတ် အလင်းတန်းဂျာနယ် စာမျက်နှာ (၁၁) မှာပါတဲ့ ဒွေးတို့ဇနီးမောင်နှံရဲ့ အလှူသတင်းကိုဖတ်ပြီး ကံချွန်ပီတိဖြစ်လို့ ဒီစာရေးလိုက်ရပါတယ်ခင်ဗျာ။ ကံချွန်ရဲ့ အကျင့်ကြောင့်ပါ။ ကံချွန်ဟာ သတင်းတစ်ပုဒ်ကို ဖတ်ပြီး မအီမလည်ခံစားရရင် စာရေးချင်သလို ပီတိဖြစ်ရင် လည်းရေးချင်ပါတယ်။

ဒီလိုရေးဖို့အတွက် ကံချွန်ရဲ့ ဆရာများက လေ့ကျင့်သင်ကြားပေးခဲ့တာပါ။ စာနယ်ဇင်းသမားဆိုတာ အဆိုးမြင်သမားလည်းမဖြစ်စေနဲ့၊ အကောင်းမြင်သမားလည်း မဖြစ်စေနဲ့၊ ဆိုးနေတာကိုပဲအဆိုးမြင်၊ ကောင်းနေတာကိုလည်း အကောင်းမြင်။ အဲသလို 'အမှန်မြင်' သမားဖြစ်အောင် လေ့ကျင့်ကြိုးစားပါဆိုပြီး သင်ပြခြင်းခံခဲ့ရသူပါခင်ဗျာ။ ဒါကြောင့်လည်း မအီမလည် ခံစားရရင် စားရေးချင်သလို ပီတိဖြစ်ရင်လည်း စာရေးချင်ပါတယ်။

အမှတ် (၁၀၆) ၊ အလင်းတန်းဂျာနယ်ထဲက ဒွေးရဲ့ အလှူသတင်းကို ကံချွန် အခေါက်ခေါက် အခါခါ ဖတ်ပါတယ်။ ဓါတ်ပုံတွေကိုလည်း ကြည့်ပါတယ်။ ဒွေးကတော် ဒေါ်မိုးမိုး ရဲ့ဒွေးနဲ့ စိတ်တူကိုယ်တူရက်ရောမှုအတွက်လည်း ဂုဏ်ပြု

http://swanbros.blogspot.com



စကားဆိုပါရစေခင်ဗျာ။ ဒွေးတို့ ဇနီးမောင်နှံရယ်မောပျော်ရွှင်နေပုံကြည့်ပြီးတော့လည်း ဒီလင်မယားဒီပျော်ရွှင်မှု၊ ဒီစည်းစိမ်များ ရာသက်ပန် တည်ပါစေ၊ အသက်ရာကျော်နေရတဲ့ ရှားပါးထူးခြားဇနီးမောင်နှံ ဖြစ်ပါစေလို့လည်း ကံချွန်လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့ပါတယ်။

ဒွေးတို့ ဆောက်ပေးလိုက်တဲ့ မှော်ဘီ ကိုးလုံးကွင်း စာသင်ခန်းထဲက ကလေးတွေရဲ့အနာဂတ်ကိုပါ ကံချွန်မျှော်တွေးမိတာပါ။ ထူးချွန်ထင်ရှားတဲ့ အနုပညာရှင်၊ အသိပညာရှင်ကြီးတွေ ဖြစ်နိုင်သလို အနိမ့်ဆုံးအဆင့်ကတော့ အမှားအမှန် ဝေဖန်ခွဲခြားနိုင်တဲ့ အသိဉာဏ်ရှိတဲ့သူများအဖြစ်တော့ ကြီးပြင်းလာမှာ သေချာပါတယ်ခင်ဗျာ။ ကံချွန်ဟာ မန္တလေးမြို့သစ် ဆင်းရဲသားရပ်ကွက်မှာ အခြေချနေထိုင်သူမို့ ချို့တဲ့တဲ့ ရပ်ကွက်က ကလေးများအတွက် ပြုလုပ်ပေးတာမျိုးဆို ပိုခံစားရပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်က ကံချွန်တို့မြို့သစ်ရဲ့ အမှတ် (၁၇) အ. မ. က ကျောင်းလေးအတွက် စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင်ဆီက အလှူငွေကို ဦးဝင်းငြိမ်းဆီကတဆင့် ရရှိခဲ့ဖူး၊ ကျောင်းဆောင်သစ်ကလေးဆောက်ပေးခဲ့ဖူးပါတယ်။ လိုအပ်နေတဲ့ နေရာမှာ ဖြည့်ပေးလိုက်ရတဲ့အတွက် ကာယကံရှင်မှာ ဘယ်လောက်ပီတိဖြစ်မယ်ဆိုတာ ကံချွန်မှန်းဆလို့ ရပါတယ်။ ဘာလို့လဲဆိုတော့ ကြားကနေ ဖြစ်မြောက်ဖို့ ကြိုးစားပေးရသူမှာကိုပဲ ကိုယ်ကြိုးစားပြီးပေးလိုက်တာလေး ဖြစ်သွားတော့ခုထိ ကျောင်းဆောင်

လေးမြင်တိုင်း တစိမ့်စိမ့်ပျော်နေရတုန်းပါ။

အဲဒီနှစ်ထဲမှာပဲ (၁၉၉၉ ခုနှစ်ထဲမှာပေါ့ ခင်ဗျာ) သမာဓိ ဦးခင်မောင်လေး (၃၇) လမ်းက ကျောင်းဆောင်တစ်ဆောင် ထပ်လှူလိုက်တော့ နှစ်ကိုယ့်တစ်စိတ် စာသင်နေရတဲ့ ကျောင်းသားလေးများနည်းနည်းချောင်ချောင်ချိချိ စာသင်လို့ ရသွားပါတယ်။ ကိုယ့်ဆင်းရဲသားရပ်ကွက် လက်လုပ်လက်စား ရပ်ကွက်လေးကကျောင်းမှာ ခုလိုလာရောက်လှူကြတော့ ရပ်ကွက်ကပါ ပျော်ပါတယ်။ ကိုယ်မတတ်နိုင်တာကို တတ်နိုင် သူများကလာပြီး ဖြည့်စွက်ပေးတာကိုး။

ကံချွန်က ကံချွန်တို့ ရပ်ကွက်ရဲ့ ကလေးတွေရဲ့ ပညာရေး အတွက် နောက်ထပ်လိုအပ်နေတာကို ဘယ်သူများ ဆက်လှူ ပေးနိုင်ပါ့မလဲ၊ပေးချင်ပါ့မလဲလို့ ဒီနှစ်အတွက်စဉ်းစားပါတယ်။ ၂၀၀၀ ပြည့်နှစ်ရဲ့ စေတနာရှင်ကတော့ နန်းရှေ့က အစ်မကြီး ဒေါ်စုစုခင် ဖြစ်နိုင်ပါတယ်လို့ အာရုံရပြီး သွားအလှူခံလိုက် တာ နှစ်ခန်းတွဲ စာသင်ခန်းသုံးခန်း၊ အုတ်ကာ၊ သွပ်မိုး စာသင်ခန်းထဲမှာထားဖို့ ကျောင်းသားတစ်ရာ့နှစ်ဆယ်ကျော် အတွက် စာသင်ခုံ၊ ဆရာ၊ ဆရာမများထိုင်ဖို့ စားပွဲကုလားထိုင်၊ ကျောင်းခြံဝင်း အတွက် ကွန်ကရစ်တိုင်နဲ့ သံဇကာကွက်ကာ ခြံစည်းရိုးအတော်များများကို အစ်မကြီးဒေါ်စုစုခင်က ရန်ကုန် က သူ့အစ်မကြီးဆီ ဆက်သွယ်ပြီး အလှူခံပေးပါတယ်။ လက်တွေ့ဖြစ်လာတဲ့ အိပ်မက်ပါပဲခင်ဗျာ။ ကံချွန်ဟာ ကံချွန် တို့ရပ်ကွက်က ကျောင်းကလေးကို သွားသွားကြည့်ပြီး မြင်နေရ

http://swanbros.blogspot.com



ပါလျက်နဲ့ မယုံနိုင်အောင်ပါဘဲခင်ဗျာ။ လိုအပ်နေတဲ့ကွက်လပ်ကို ဖြည့်စွမ်းပေးမယ့် စေတနာရှင်တွေဆိုတာ ရှိတယ်။ လိုအပ်နေတာနဲ့ ဖြည့်စွမ်းပေးနိုင်သူ တိုက်ဆိုင်ဖို့သာ အဓိကကျတယ်ဆိုတာ သဘောပေါက်သွားပါတယ်ခင်ဗျာ။

ခု ဒွေးတို့ လှူတဲ့နေရာ ဝန်းကျင်ဟာလည်း ကံချွန်တို့မြို့သစ်ကလို အမှန်တကယ် လိုအပ်နေတဲ့ နေရာမျိုးပဲဖြစ်မယ်ဆိုတာ ယုံပါတယ်။

ကံချွန်တို့ ရပ်ကွက်က ကလေးတွေဆိုရင် လေးတန်းအောင်တာနဲ့ ကျောင်းကထွက်ကြတာ များပါတယ်။ အခြားရပ်ကွက် အလယ်တန်းကျောင်း ဆက်သွားဖို့ အခက်အခဲရှိတာကိုး။ ကျောင်းအုပ်ဆရာမကြီးကတော့ သူ့ကျောင်းလေးသာ အလယ်တန်းကျောင်းထိ ဖြစ်သွားရင် သူ့ရပ်ကွက်က ကလေးတွေလည်း အလယ်တန်းအဆင့်အထိတော့ ရာနှုန်းပြည့် သင်ကြားနိုင်မှာပဲလို့ ပြောပါတယ်။ ကံချွန်လည်း ကံချွန့်ရပ်ကွက်ကကျောင်းလေးကို အလယ်တန်းကျောင်း ဖြစ်စေချင်ပါတယ်။နောက်ထပ် အဆောင်တစ်ဆောင် လောက်တိုးလိုက်ရင် အလယ်တန်းကျောင်းအဖြစ်တိုးပေးဖို့ လျှောက်လို့ရမှာဆိုတော့ . . . ။

ဒွေးတို့ ဒေါ်မိုးမိုးတို့ ၂၀၀၀ ပြည့်နှစ်မှာ လှူလိုက်တဲ့ကျောင်းလေးဟာ မူလတန်းကျောင်းလေးများ ဖြစ်နေရင်လာမယ့်နှစ်မှာ နောက်ထပ်နောက်ထပ် အဆောင်တွေထပ်ဆောက်လှူဒါန်းပေးပြီး သက်ဆိုင်ရာကို အလယ်တန်း

ကျောင်းလေးအဖြစ် အောင်မြင်သွားရင်လည်း အထက်တန်းကျောင်းအဖြစ် ပြောင်းလဲနိုင်အောင် အဆောက်အဦတွေပြည့်စုံနေအောင် လှူသင့်ပါတယ် ခင်ဗျာ။ စိတ်အေးရတာလောက် ပီတိဖြစ်တာမရှိဘူးဆိုတာ ကံချွန်က သိနေလို့ပါ။

မူလတန်းအောင်တဲ့ ကလေးတိုင်း အလယ်တန်းပညာဆက်လက်သင်နိုင်ဖို့၊ အလယ်တန်းအောင်တဲ့ ကလေးတိုင်းအထက်တန်းပညာ သင်နိုင်ဖို့ ဝိုင်းဝန်းကူညီတာဟာ အလွန့်အလွန်ကြီးမြတ်တဲ့ ကုသိုလ်ပါ။အလွန်သန့်ရှင်းတဲ့ စေတနာပါ။ ဒွေးတို့ ကျောင်းဆောင်ဆောက်ပေးလိုက်တဲ့ မှော်ဘီကိုးလုံးကွင်းက ကျောင်းသားမိဘများရဲ့ ပီတိဟာ ကံချွန်တို့ မြို့သစ်က ကျောင်းသားမိဘများရဲ့ ပီတိထက် မလျော့ဘူးဆိုတာစာနာခံစားမိလို့ ဒီစာကို ရေးရတာပါခင်ဗျာ။ သူတို့ကိုယ်စားပြောပေးတာပါ။

ဘရာဗို ဒွေး . . .

ဝမ်းစမိုး ဒေါ်မိုးမိုး . . . .

ဒွေးဆိုတာ မြန်မာပြည်မှာ လူမှုရေးအလုပ်ဆုံးမင်းသားအဖြစ်တက်လှမ်းနိုင်ပါစေ။

နောက်မဆုတ်နဲ့ဒွေး။

၁၇. ၇. ၂၀၀၀
(အလင်းတန်းဂျာနယ်)

# ကျေးဇူးတင်ပါသည်ဘုရား

ကံချွန်ဟာ စိတ်မချမ်းသာစရာဖြစ်ရပ်များ၊ သတင်းများကို မကြားလို၊ မမြင်လို၊ မကြုံလိုပါ။ ကိုယ်လည်းစိတ်ချမ်းသာချင်သည်။ သူတစ်ပါးကိုလည်း စိတ်ချမ်းသာစေချင်သည်။ သို့သော် မကြားလိုပေမယ့် ကြားရ၊ မမြင်လိုပေမယ့်မြင်ရများကြုံရတတ်ပါသည်။

တစ်ခါတစ်လေမှာ စိတ်မချမ်းသာစရာ သတင်းစကားများကြားမှာ စိတ်ချမ်းသာစရာကို ရှာဖွေယူရသည်။ စိတ်ဖြေစရာ၊ စိတ်သက်သာစရာ ရှာကြည့်ရသည်။ စိတ်မချမ်းသာသည့်ဒဏ်ကို မခံနိုင်သောကြောင့် ကံချွန်မိသားစုသည် စိတ်မချမ်းသာစရာ သတင်းစကားမျိုးကို ကံချွန်အား ပြောလေ့မရှိပါ။ ယုတ်စွအဆုံး နာရေးကိစ္စများကိုပင် ပြောလေ့မရှိပါ။ သမီးနှင့်သားမက်တို့သာ လူမှုရေးကိစ္စ မေးခြင်း၊ မြန်းခြင်း၊ ကူခြင်း လုပ်လေ့ရှိပါသည်။ အချို့အချို့ ကံချွန်တို့အရပ်ထဲမှ၊ အသိထဲမှ တစ်ဦးဦးကို ကျိုးကြောင်းတိုက်ဆိုင်၍ သတိရကြောင်း၊ မတွေ့သည်မှာ ကြာပြီဖြစ်ကြောင်း ပြောမိသည့်အခါမျိုးမှာမှ . . .

'အပါကလည်း သေတာဖြင့် ကြာကြာလှပြီ။ တစ်နှစ်တောင်ရှိရော့မယ်' ဟုသိရသည့်အခါများရှိပါသည်။ မပြည့်စုံ

http://swanbros.blogspot.com



သည့်နေရာ၊ ဒုက္ခရောက်နေသည့်နေရာများကို ကိုယ်က ကူညီနိုင်၍သွားရလျှင် တော်သေးသည်။ ကိုယ်က မကူညီနိုင်ဘဲနှင့် ထိုအဆင်မပြေမှုကြီးကို ကြည့်ခဲ့၊ မြင်ခဲ့ရလျှင် စိတ်မကောင်း ဖြစ်နေတတ်သည်မှာ အချိန်တော်တော်နှင့် မပြီးတော့ပါ။

၂၂-၇-၂၀၀၀ ရက်နေ့က နေ့လယ်လောက်မှာ ကံချွန်နေသည့်မြို့သစ်၏ အနောက်အရပ်ဘက်ဆီတွင် မီးခိုးတွေတွေ့ရသည်။ မီးလောင်နေတာ ဘယ်နေရာမှန်းတော့ မသိဘူး။ သွားကြည့်မှပဲစသည်ဖြင့် အသံမျိုးစုံ ကြားနေရသည်။ ကံချွန်ခဏသာ ကြည့်ပြီး ဆက်မကြည့်ဖြစ်။ အဝေးမှ မီးခိုးလုံးကို မြင်နေရသည်ပင် စိတ်မချမ်းသာ၍ ဖြစ်ပါသည်။ မြန်မြန်ငြိမ်းပါစေဟူ၍ သာဆန္ဒပြုမိသည်။ ၄၅ မိနစ်မျှလောင်ပြီး မီးညွန့်ကျိုးသွားသည်။ နောက်မိနစ်သုံးဆယ်ခန့်ကြာတော့ ကံချွန်၏ မိဘများဇာတိရွာ (ချမ်းမြသာစည်-ကံရွာ) မီးလောင်ခြင်း ဖြစ်ကြောင်း၊ အိမ်ခြေနှစ်ရာခန့်ပါမည်ထင်ကြောင်း သတင်းတွေကြားရသည်။ ကျွန်တော့်သမီးနှင့်သားမက် သွားကြည့်သည်။ ရွာမှာ အမျိုးတွေအများကြီးရှိသည်။ အရင်းတွေရော၊ ဝမ်းကွဲတွေရော အများကြီးရှိသည်။

ထိုရွာ၏ အနေအထားကို နည်းနည်း ပြောပါရစေ။ မန္တလေး လေဆိပ်၏ အနောက်ဘက်၊ ရန်ကုန်-မန္တလေး မီးရထားလမ်း၏ အရှေ့ဘက် ကပ်လျက်မှာ တည်နေသောရွာကြီးဖြစ်ပါသည်။ (ကံချွန်တို့ ငယ်စဉ်ကတည်းက ရွာဟု

http://swanbros.blogspot.com



နှုတ်ကျိုးနေ၍ ရွာဟုရေးသားပြနေသည်ကိုခွင့်လွှတ်ပါ) တစ်ရွာလုံးနီးပါး (၉၈ရာခိုင်နှုန်းခန့်) မြန်မာလူမျိုး အစ္စလာမ် ဘာသာဝင်များနေထိုင်သော ရွာကြီးဖြစ်ပါသည်။ ရှေးဟောင်း ဗလီဝတ်ပြုကျောင်းကြီးရှိသည်။ ထိုရွာကြီး နှင့် အနီးဆုံး အစ္စလာမ်ဘာသာဝင် မြန်မာလူမျိုးတို့နေသော နေရာများမှာ မန္တလေး၊ စစ်ကိုင်းကားလမ်း အနောက်ဘက်မှ ဒေါနဒြိ - ဇာဝေယာရှိသည်။ အိမ်ခြေ ရာဂဏန်းပင်မပြည့်။ ရပ်ကွက် သေးသေးလေးဖြစ်သည်။ ထိုအနီးဆုံးရပ်ကွက်သည်ပင် လေးဖာလုံခန့် ဝေးမည်ထင်ပါသည်။ ကံရွာ၏ဝန်းကျင်မှာ စလေကျောင်း၊ အာသောကရာမတိုက်၊ ထီးလင်းတိုက်၊ ဘုရားကြီးတိုက်စသည့် ဘုန်းတော်ကြီးကျောင်းများက ပိုမို နီးပါသည်။ စလေကျောင်းဆိုလျှင် မီးရထားသံလမ်းသာ ခြားသည်။ ကံရွာ၏မြောက်ဘက်ကပ်လျက် ရွာသစ်ရှိသည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ နေထိုင်ရာ ရပ်ကွက်ကြီးပင်။ ရွာသစ်နှင့်ကံရွာနှင့်ကြားမှာလည်း (ကျောင်းအမည်မေ့နေပြီ) ဘုန်းတော်ကြီးကျောင်းရှိသည်။ ကံချွန်တို့ငယ်စဉ်က ဇီး(ဆီး) သီး သွားခူးစားနေသော ကျောင်းဖြစ်ပါသည်။ ဤသည်မှာ ကံရွာ၏တည်နေပုံဖြစ်သည်။

လွန်ခဲ့သည့် ခုနစ်နှစ်ဝန်းကျင်က မီးကြီးတစ်ခါ လောင်ဖူး သည်။ ညဖြစ်ပြီး တစ်ရွာလုံးပြောင်သည်။ ထိုစဉ်ကလည်း ရွာနှင့်အနီးဆုံး ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ ရောက်လာပြီး ကူညီသောကြောင့် ပစ္စည်းအသင့်အတင့်

http://swanbros.blogspot.com



ယူနိုင်ခဲ့ကြသည်။ အိမ်ရှင်များ ကြောက်လန့်ထွက်ပြေးသည်ထိ သံဃာတော်များက ပစ္စည်းများ ရသမျှသယ်ယူကာ မီးလွတ်ရာမှာ စုပုံပေးခဲ့သည်။ နောက်ရက်မှ ကိုယ့်ပစ္စည်းကိုယ်သွားယူကြသည်။ အစ္စလာမ်ဘာသာဝင် မြန်မာလူမျိုးများ နေထိုင်သော ကံချွန်၏ဇာတိထိုရွာကြီးမှာ အရေးဟယ်၊ အကြောင်းဟယ်ဆိုလျှင် အနီးကပ်ဆုံးနေရသည့် သံဃာတော်များသာ လာရောက် ကူညီနိုင်သည်။ အခြားအစ္စလာမ်ဘာသာဝင် မြန်မာလူမျိုးများနေထိုင်ရာ ရပ်ကွက်များမှာ ဝေးသောကြောင့် အေးအေးဆေးဆေး ပေးရမည့် အကူအညီမျိုးသာ ပေးနိုင်ကြသည်။

၂၂ ရက်နေ့ နေ့လယ်မှာ မီးလောင်တော့လည်း ကံရွာမှာ လောင်တာဟု သိရသောအချိန် မီးညွန့်ကျိုး၍ မီးငြိမ်းစပြုနေပြီ။ ကံချွန်၏သမီးတို့လည်း သွားကြည့်သည်။ ပြန်လာပြီးနောက် ဟို့လူ့အိမ်ပါတယ်။ ဒီလူ့အိမ်ပါတယ်။ ဘယ်သူကတော့ ဘာမှမရဘူး စသည့်ဖြင့် ပြန်ပြောရင်း . . .

'တစ်ရွာလုံးက ဘုန်းကြီးတွေကို ကျေးဇူးတင်နေတာ၊ သံဃာတော်တွေသာ ရောက်လာပြီး ကူငြိမ်းမပေးရင် အရင်လိုတစ်ရွာလုံးပြောင်နိုင်သတဲ့။ ပစ္စည်းတွေလည်း သံဃာတော်တွေ ကူသယ်ပေးလို့ တချို့ရသင့်သလောက်ကလေးရလိုက်ကြတာ' ဟု အစချီကာပြောပြသည်။ သူ့ညီမဝမ်းကွဲများသည်ပင် မီးငြိမ်း၍ပြန်လာမှ သူတို့ဘီရိုကို မီးလွတ်ရာ ကျောက်လမ်းလယ်မှာ တွေ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ဘုန်းတော်ကြီးများ

http://swanbros.blogspot.com



သယ်ထုတ်ပေးထား၍ဖြစ်သည်။ အိမ်ကတော့ ပါသွားသည်။

ကံချွန်ထိုရွာမှာ မနေပါ။ ကြာပါပြီ။ နှစ်သုံးဆယ်ပင်ကျော်ရော့မည်။ ကံချွန်နဲ့အပါ အလုပ်လုပ်ရာကို ငယ်စဉ်ကတည်းက လှည့်ပတ်လိုက်နေခဲ့ရသည်။ ရွာမှာ အမျိုးတွေရှိသည်။ သူငယ်ချင်းတွေရှိသည်။ အချို့အမျိုးတွေဆိုလျှင် ဆက်စပ်ပြောပြမှသာ ကိုယ့်တူပါလား။ တူမက မွေးတဲ့ မြေးပါလား စသည်ဖြင့် သိတော့သည်။ ကံချွန်ရွာသို့လည်း မရောက်ဖြစ်ပါ။ ဗလီတက်ရန် (ဘုရားဝတ်ပြုရန်) ကိုပင် အပါနောက်ဆုံးနေထိုင်ခေါင်းချခဲ့သော အမေ နောက်ဆုံးနေထိုင်ခေါင်းချခဲ့သော ယခုတိုင် ညီများရှိနေသေးသော ဒေါနခြံ (ဇာဝေယာ) ဗလီသို့ သွားရောက်လေ့ရှိပါသည်။ ကံချွန်၏ ဇာတိရွာကို တစ်နှစ်နေ၍ တစ်ခါပင် မရောက်တော့ပါ။

သို့သော် . . .

ကံချွန်သည်ရွာကို သံယောဇဉ်ရှိပါသည်။

ထို့ကြောင့် . . .

ကံချွန်၏ ဇာတိရွာလေးမှာ ထိတ်လန့် တုပ်လှုပ်စရာကောင်းသော ဘေးအန္တရာယ်နှင့် ကြုံရချိန်၊ သတိလက်လွှတ်အော်ဟစ်ပြေးလွှားနေရချိန်မှာ လာရောက်ကူညီဖြေရှင်းစောင့်ရှောက်ပေးသော သံဃာတော်များကို အထူးကျေးဇူးတင်ပါကြောင်း ကံချွန်၏ ရွာလေးကိုယ်စား အလင်းတန်း

http://swanbros.blogspot.com



စာမျက်နှာမှ လျှောက်တင်ရခြင်းဖြစ်ပါသည်။

**'ကျေးဇူးတင်ပါဘုရား'** တပည့်တော် သည့်ထက်ပိုပြီး လျှောက်တင်ချင်ပေမယ့် ဘယ်လိုစကားလုံးမှ ရှာမရလို့ သည်စကားပဲရွေးချယ်လိုက်ရတာပါဘုရား။

၇. ၈. ၂၀၀၀
(အလင်းတန်းဂျာနယ်)

http://swanbros.blogspot.com



# အားလုံးတူရတော့မှာလား

၁. ၈. ၂၀၀၀၊ အင်္ဂါနေ့ထုတ် ဂျာနယ်တစ်စောင်မှာ လူငယ်ဒါရိုက်တာ ကြည်ဖြူသျှင်ကို ပေါ်ပြူလာက ရုပ်ရှင်ဝေဖန်ရေးအပေါ် သဘောထားအမြင် မေးမြန်းတင်ပြထားတာ ဖတ်လိုက်ရပါတယ် ခင်ဗျာ။ အဲဒီမေးမြန်းမှုမှာ တပ်ထားတဲ့ ခေါင်းစီးက

***'ဂျာနယ်တစ်စောင်က တအားကို ချီးကျူးထားချိန်မှာ တစ်စောင်က အရှုံးကိုရှုတ်ချထားတော့ ရယ်ချင်စိတယ်'***

***(ကြည်ဖြူသျှင်-ဒါရိုက်တာ)***

တဲ့ခင်ဗျ။ ခေါင်းစီးဖတ်ရတာကိုက ရှင်းနေပါပြီ။ အတွင်းစာသားမှာလည်း

*ကိုယ်ရိုက်တဲ့ ဗီဒီယိုကားတွေမှာ ဖဖန်တာလည်း ကြိုးစားပါတယ်၊ သူ့ဆူမြိုးကြွား ကြိုတာဟာ လမင်းရဲ့ဥယျာဉ်မှူးမှာ ဂျာနယ်တစ်စောင်က ဖေဖော်ထားတာ တစ်ခက်မှ ရှုစရာကောင်းမရှိဘူး၊ ဒါပေမယ့် အဲဒီအပတ်မှာပဲ ထုတ်ပြိုင်တည်းထွက်တဲ့ ရုပ်ရှင်သတင်းဂျာနယ်များစွာ လမင်းရဲ့ ဥယျာဉ်မှူးကိုမှိုးကျူးထားတယ်။ လူငယ်ဒါရိုက်တာတစ်ယောက်အနေနဲ့ ဆန်းသစ်တဲ့အတွေးအခေါ်နဲ့ ရိုက်ထားလို့တဲ့။ တစ်စောင် က*

*ကအားအကြီးကျူးသောအချိန်မှာ တစ်စောင်က ရှယ်ချူဝေဖန်ထားတော့ ရယ်သည်းရယ်ချင်ခဲ့ပါတယ်။*

လို့ ပြောထားပါတယ်။ ကံချွန်အဲဒီစာသားတွေဖတ်ပြီး ပြောချင်တာလေးရှိလာပါတယ်။ လမင်းရဲ့ ဉယျာဉ်မှူးကို ကံချွန်မကြည့်ဖူးတော့ ကောင်းသလား၊ ညံ့သလား ကံချွန် မသိပါဘူးခင်ဗျာ။ ဒါဖြင့် မင်းက မသိဘဲနဲ့ ဘာဝင်ပြောချင်တာလဲဆိုရင် ဝေဖန်ရေးဆရာများရဲ့ အမြင်အကြောင်းပြောချင်တာပါခင်ဗျ။ ကံချွန်သတင်းစာမှာ ကာတွန်းလေး၊ ဆောင်းပါလေးစရေးတော့ သတင်းစာတိုက်မှာ ကြုံနေတဲ့ သတင်းဆောင်းပါးရေးသူ ဓနုဖြူကျော်မင်း (ဆောင်းပါးရေးတော့ ကျော်မင်းကျော် အမည်ကို သုံးပါတယ်) က ပြောပြတာပါ။ သူနဲ့ကံချွန်ခရီးတစ်ခုအတူသွား၊ ဌာနတစ်ခု အတူဝင်၊ အခမ်းအနားတစ်ခုအတူတက်ရပေမယ့် မြင်ပုံချင်းမကြာခဏ ကွဲလွဲတတ်ပါတယ်။ သူက ‘ဒါတော့ ရေးရမယ်’ ဆို ပြောတဲ့ အချက်မျိုးမှာ ‘ကျွန်တော်ကတော့ အဲဒါကို မရေးချင်ဘူး။ အဓိကကျတာက ဒီလို’ ဆိုတာမျိုးပေါ့။ အထက်မြန်မာပြည် အနှံ့စာပေဟောပြောပွဲတွေသွားရင်း မတည့်အတူနေ ငြင်းခုန်ခဲ့ကြအချိန်ကပေါ့။ ဟောပြောပွဲတစ်ပွဲမှာတော့ (နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ရှိပြီမို့ မြို့တော့မေ့နေပြီ) မပြောခင်ကတည်းက ‘ဒီနေ့ည ပြောမယ့်အထဲမှာ မင်းနားထောင်ဖို့ပါတယ်။ ငိုက်မနေနဲ့’ လို့ပြောပြီးမှစင်ပေါ်တက်သွားတာပါ။ အဲဒီနေ့က

သူပြောနေကျ အကြောင်းအရာတွေအပြင် အပိုပါလာတာက

'ကျွန်တော် ဥပမာတစ်ခုပြောပြပါ့မယ်။ တစ်ခါက နိုင်ငံကြီးတစ်နိုင်ငံမှာ မြို့တော်ဝန်ကို အမျိုးမျိုး ဝေဖန်ကြတယ်။ ဟိုဟာလိုတယ်။ ဒီဟာမပြည့်စုံဘူး။ အဲသလို မဖြစ်သင့်ဘူး စသည့်ဖြင့် ပေါ့ဗျာ။ ဒီတော့ တစ်ရက်မှာ မြို့တော်ဝန်ရဲ့ အတွင်းရေးမှူးက တစ်ဆင့် သတင်းစာကြီး ငါးဆယ်ကျော်က သတင်းဆောင်းပါးရှင်ငါးဆယ်ကျော်ကို ဖိတ်တယ်။ သတင်းစာဆရာတွေ လာကြတော့ ရှင်းလင်းပြောဆိုဖို့ အခမ်းအနားမှူးက ကြေညာတုန်းရှိသေးတယ်။ နောက်ကနေ သေနတ်သံတစ်ချက်ကြားရပြီး အခမ်းအနားမှူးလဲ လဲကျသွားလို့ သတင်းဆောင်းပါးရှင်တွေလည်း ထပြန်ခဲ့ရတယ်။ နောက်မှဖိတ်ခေါ်ပါ့မယ်။ ဒီနေ့တော့ မကျင်းပဖြစ်တော့ပါဘူးပေါ့။ အဲ. . နောက်ရက်သတင်းစာတွေလည်း ထွက်လာရော အဲဒီသတင်းကို ရေးသားကြတဲ့ဆီမှာ ထင်မြင်ချက်တွေ တစ်စောင် တစ်မျိုးစီပါလာတယ်။အဲဒီတော့မှ မြို့တော်ဝန်က စာထုတ်ပြန်သတဲ့။ ဖြစ်ရပ်တစ်ခုတည်း ခင်ဗျားတို့ရှေ့မှာတင်ဖြစ်တာကိုပဲ ခင်ဗျားတို့အားလုံးမြင်ပုံချင်းမတူပါဘူး။ အဲသလိုပါပဲ။ ကျွန်တော်လုပ်နေရတာတွေ အပေါ် ကျွန်တော်မြင်ပုံနဲ့ ခင်ဗျားတို့မြင်ပုံ မတူတာကို ပေါ်လွင်စေချင်လို့ မနေ့ကဖြစ်ရပ်ကို စီစဉ်ပေးလိုက်ရတာပါ ဆိုပြီး စာထွက်လာသတဲ့'

ဒါကတော့ ကံချွန်ကြားဖူးခဲ့တဲ့စကားပါ။ ဗီဒီယိုတစ်ကားကို ကြည့်ပြီး အမြင်တွေ အမျိုးမျိုးကွဲပြားနိုင်ပါတယ်။

http://swanbros.blogspot.com



ဝေဖန်ရေးတွေ အမျိုးမျိုးကွဲပြားနိုင်ပါတယ်။ အကြိုက်တွေ အမျိုးမျိုးကွဲပြားနိုင်ပါတယ်။ ကွဲပြားနေတာတွေထဲမှာ မျိုးတူတာတွေလည်းရှိပါတယ်။ မတူတာတွေလည်း ရှိနိုင်ပါတယ်။ ကွဲပြားနေတဲ့ အမြင်တွေပေါ်မှာ ကိုယ့်ကို အကောင်းပြောတာပဲမှန်တယ်။ မကောင်းပြောတာတော့မှားတယ်။ ဒါမှမဟုတ် အကောင်းပြောတာက မှားနေတယ်။ မကောင်းပြောတာကသာ မှန်တယ်ဆိုတဲ့ ကောက်ချက်မျိုးလည်း မချသင့်ပါဘူး။ ဝေဖန်ရေးဆရာရဲ့အမြင်ဟာ ဝေဖန်ရေးဆရာရဲ့ အမြင်ပါပဲ။ ကိုယ့်အမြင်နဲ့တယ်တူကျချင်မှ ကျမှာပေါ့။ ဖန်တီးသူဆိုတာကတော့ ဖန်တီးကတည်းက ကောင်းမယ်ထင်လို့ ဖန်တီးတာပေါ့။

ကံချွန် ဒါတွေ ဘာလို့ပြောရသလဲဆိုတော့ ဝေဖန်ရေးဆရာတိုင်းမှာ သူ့ကိုယ်ပိုင်အမြင်ရှိကြတယ်။ ဝေဖန်ရေးဆရာတွေမှာ အမြင်ချင်းတူနိုင်တာတွေရှိသလို ကွဲပြားမှုတွေလည်း ရှိနိုင်ပါတယ်ခင်ဗျာ။

အနုပညာတစ်ရပ်ကို ဝေဖန်ရေးဆရာက သူ့အတ္တအပေါ် အခြေခံပြီး ကဲ့ရဲ့ရှုတ်ချထားရင် ပရိသတ်က အဲဒီဝေဖန်ရေး ဆရာကို ဒဏ်ခတ်မှာပါ။ အဲသလိုပါပဲ။ ဝေဖန်ရေးဆရာက သူ့ရဲ့ အတ္တအပေါ်အခြေခံပြီး အကောင်းတွေချည်းပြောတိုင်းလည်း ပရိသတ်က လက်ခံမယ် မဟုတ်ပါဘူး။ ကိုယ်ရေးကိုယ်တာကို အကြောင်းပြု အခြေခံပြီး အကောင်းပြောခြင်း၊ မကောင်းပြောခြင်းဟာဝေဖန်ရေးမဟုတ်ပါဘူး။

http://swanbros.blogspot.com



အနုပညာအပေါ်အခြေခံပြီး အကောင်းပြောခြင်း၊ သို့မဟုတ် မကောင်းပြောခြင်းသာဝေဖန်ရေးပါ။ မကောင်းပြောခြင်း ဆိုတာ လိုအပ်ချက်ကို စနစ်တကျထောက်ပြတာကို ဆိုလို တာပါ။

ဒါတွေကတော့ ဒါရိုက်တာကြည်ဖြူသျှင်ရဲ့ 'ဂျာနယ် တစ်စောင်က တအားချီးကျူးထားချိန်မှာ တစ်စောင်ကအရမ်း ကိုရှုတ်ချထားတော့ ရယ်ချင်မိတယ်' ဆိုတဲ့စကားကြောင့် အတွေးဆက်မိတာတွေပါ။ ကြည်ဖြူသျှင်ရဲ့ ဇာတ်ကားရော အဲဒီဝေဖန်ရေးတွေရော ကံချွန်မဖတ်ဖူး၊မကြည့်ဖူးတော့ အတ္တအပေါ် အခြေခံရေးတာလား၊ အနုပညာအပေါ် အခြေခံရေးတာလားဆိုတာလည်း ကံချွန်မခွဲခြားတတ်ပါဘူး ခင်ဗျာ။ ဝေဖန်ရေးဖြစ်၊ မဖြစ် မသိပါဘူး။

သေချာတာကတော့ လူဆိုတာ ကိုယ့်ကို ကောင်းတယ် ပြောရင် ကျေနပ်တတ်ပါတယ်။ နောက်ပြီး ဂျာနယ်တွေ အားလုံးကဝေဖန်ရေးတွေအားလုံးဟာ တူညီနေဖို့ဆိုတာ အလွန့်အလွန်မလွယ်တဲ့ကိစ္စပါ။ သူ့အမြင် ကိုယ့်အမြင်တူတာ လည်းရှိ၊ ကွဲလွဲတာလည်းရှိ၊ တချို့တူပြီး၊ တချို့ကွဲလွဲတာလည်းရှိ ဖြစ်နေမှာပါ။

မန္တလေးက လူ့ရွှင်တော် ကိုချစ်စရာရဲ့ စကားနဲ့ နိဂုံးချုပ် ပါရစေ။

http://swanbros.blogspot.com



'ကိုကံ သွားမဝေဖန်လိုက်နဲ့ ကောင်းသွားလိမ့်မယ်'တဲ့။ ဝေဖန်ရေးကျင့်ဝတ်၊ ဝေဖန်ရေးသိက္ခာရှိတဲ့ စောင့်သိတဲ့ ဝေဖန်ရေးဆိုတာ 'စေတနာ' ရှိလို့ပါ။ ကောင်းစေချင်လို့ပါ။ ဝေဖန်ရေးကို အထင်မသေးကောင်းပါဘူး။

၂၁. ၈. ၂၀၀၀
အလင်းတန်းဂျာနယ်

http://swanbros.blogspot.com



## စိတ်ချမ်းသာလိုက်တာ

စိတ်ရောဂါ ဝေဒနာရှင်များကို ဂီတနဲ့ ကုသ သတဲ့ခင်ဗျ။ ပန်းချီဆွဲပြ၊ ကာတွန်းဆွဲပြ သူတို့ကိုလည်း လိုက်ရေးခိုင်း၊ အနုပညာနဲ့ ကုတာပေ့ါ ခင်ဗျာ။ အဲဒါအောင်မြင်နေတဲ့ သတင်းတွေ အလင်းတန်းမှာ ဖတ်ရတော့ ကံချွန်စိတ်ချမ်းသာ မိတယ်။ ဝမ်းသာမိတယ်။ စိတ်ရောဂါကို ပန်းချီရေးပြ၊ ကာတွန်းရေးပြပြီး ကုနိုင်တယ်ဆိုမှတော့ ကံချွန်လို ကာတွန်း ရေး၊ ပန်းချီရေးနေသူက စိတ်ရောဂါဝေဒနာကို ကြိုတင်ကာ ကွယ်ပြီး ဖြစ်နေလို့ တွေးမိလို့ပါ။

ကံချွန့်ရဲ့ အတွေးအမြင်တွေဟာ ရှူးကြောင်ကြောင် အတွေးအမြင်တွေ မဟုတ်တော့ဘူးပေ့ါနော်။ ဆိုကြပါစို့၊ ဆပ်ပြာကြော်ငြာတစ်ခုမှာ အကျီဒေါင် (ထောင်) လိုက်အစင်းဝတ် ပြီး ကားပြင်တဲ့နားလာတော့ စက်ဆီတွေပေရော။ ဟော . . . ဆပ်ပြာနဲ့ပွတ်ပေးလိုက်တော့ ချက်ခြင်းကျွတ်သွားရော။ ဆပ်ပြာဘယ်လောက်များကောင်းလိုက်သလဲဆိုရင် စက်ဆီ တင်ကျွတ်တာ မဟုတ်ဘူးခင်ဗျ။ ဝတ်ထားတဲ့အကျီက ဒေါင်လိုက် အစင်းတွေပါ ကန့်လတ်ဖြတ်ဖြစ်သွားတာ။ အဲဒါ မျိုး မြင်ရပြီဆိုရင် ကံချွန်တွေးပြီ။ တီဗွီက ကြော်ငြာကို ကြည့် ရင်းတွေးတာ။ ကံချွန်မှာရှိတဲ့ အကျီအစင်းတွေကို အဲဒီ

http://swanbros.blogspot.com



ဆပ်ပြာနဲ့ လျှော်မယ်။ ဒါဆိုရင် အင်္ကျီလက်ရှည်ဒေါင်စင်းတွေက ကန့်လန့်စင်းဖြစ်၊ ကန့်လန့်စင်း လက်တိုက ဒေါင်လိုက်စင်းတွေဖြစ်။ အမျိုးမျိုးဝတ်ရမှာ ခင်ဗျ။

၃၁. ၇. ၂၀၀၀ ရက်နေ့ထုတ် အလင်းတန်းဂျာနယ်ထဲမှာ မှတ်တယ်။ (အမှတ်မှားရင် ခွင့်လွှတ်ပါ) ဒါရိုက်တာ မိုက်တီးရဲ့ ပြောချက်ကိုလည်း ကံချွန်သဘောကျမိတယ် ခင်ဗျ။ အဆင့်မြင့်ရုပ်ရှင်ရုံလေးရုံကို တစ်ဦးတည်း ပိုင်ထားတော့ သူခြယ်လှယ်သမျှ ခံရတယ်ဆိုတာပါ။ ကျေးဇူးပဲ မိုက်။ မိုက်တီး အဲသလိုပြောလိုက်လို့ ကံချွန်အတွေးဆက်စရာတွေ ရသွားပါတယ်ခင်ဗျာ။ ပုဂ္ဂလိက စီးပွားရေးကဏ္ဍမှာ လုပ်ပိုင်ခွင့်တွေ တိုးချဲ့ပေးထားတဲ့ လုပ်ငန်းထဲ ဖြေဖျော်ရေးလုပ်ငန်း၊ ရုပ်ရှင်ရုံပိုင်ဆိုင်ခွင့်တွေလည်း ပါပါတယ်။ ဒီတော့ ကံချွန်တွေးမိပါတယ်။ နိုင်ငံတော်က သူ့တစ်ဦးတည်းကို ခွင့်ပြုထားတာမှ မဟုတ်ပဲ။ ရုပ်ရှင်ထုတ်လုပ်သူများစုပြီးတော့ဖြစ်ဖြစ်၊ တစ်ဦးချင်းဖြစ်ဖြစ်၊ အဆင့်မြင့်ရုပ်ရှင်ရုံတွေ ပိုင်ဆိုင်အောင် မလုပ်သင့်ဘူးလား။ ရုပ်ရှင်လောကသားတွေ ပိုင်ဆိုင်တဲ့ အဆင့်မြင့်ရုပ်ရှင်ရုံတွေရှိလာပြီဆိုရင် ကိုယ်ရိုက်တဲ့ကား ကိုယ့်ရုံမှာ ကိုယ်ပြမယ်။အဲသလိုဆိုရင် သူ့ဘက်ကလည်း မျှတတဲ့ အခွင့်အရေးတွေ မလွဲမသွေ ပေးလာမှာပေါ့။ ပြစရာကား မရှိဘဲ ရုံရှိနေလို့ အလကားပါပဲ။

ကံချွန် ဆက်စဉ်းစားမိပါတယ်။ ရုံသာပိုင်ပြီး ထုတ်လုပ်မှုကိုမပိုင်ဆိုင်ရင် သူလည်း ကိုယ့်ရုံကိုယ်ပြဖို့ ကိုယ့်ဟာကိုယ်

http://swanbros.blogspot.com



ထုတ်လုပ်လာရမှာပါပဲ။ အဲသလို ထုတ်လုပ်လာရင်လည်း ကိုယ့်ရုပ်ရှင်လောကသားတွေအတွက် သူနဲ့အဆင်ပြေသူများ တော့ ပြေလည်သွားမှာပေါ့ခင်ဗျာ။ ဒါဆိုရင်လည်း ဝမ်းသာ ရမှာပါပဲ။ မုဒိတာပွားရမှာ ပေါ့နော်။

ရုပ်ရှင်အနုပညာ ဖန်တီးသူများနဲ့ ရုပ်ရှင်ကိစ္စကို တွေးရင်း ကံချွန်တို့ စာပေလောကအကြောင်းပါ ရောက်သွား တယ်။ စာရေးဆရာက ဈေးကွက်ဝင်သွားပြီဆိုရင်တော့ ထုတ် ဝေချင်သူများပါတယ်။ စူပါမင်းသားနဲ့ ရိုက်ချင်သူများသလို ပေါ့။ အချို့ စာရေးသူများကတော့ ကိုယ့်ဟာကိုယ်ထုတ်ပါ တယ်။ ထုတ်ဝေသူက ဖြန့်ချိသူကို အားပြုရပြန်တယ်။ နယ်ကိုယ်စားလှယ်ဆိုတဲ့ ဖြန့်ချိရေးလက် အပ်ချင်တယ်။ ဒါမှ စောင်ရေများများကုန်မှာကိုး။ ဖြန့်ချိရေးကလည်း အရောင်း ဆိုင်လေးတွေ၊ လက်ပွေ့တွေ၊ အငှားဆိုင်တွေ ဖောက်သည် များများရှိဖို့လိုပြန်ရော။

မိုက်တီးရေ . . .

စာရေးဆရာမရှိဘဲ ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ ရောင်းချသူ ဆိုတာတွေ မရှိနိုင်ဘူးနော်။ အဲ . . . ထုတ်ဝေသူ၊ ဖြန့်ချိသူ ရောင်းချသူဆိုတာတွေ မရှိပေမယ့် စာရေးဆရာဆိုတာ ရှိနိုင် တယ်ခင်ဗျ။ ရှင်မဟာရဋ္ဌသာရတို့၊ ရှင်မဟာသီလဝံသတို့၊ နတ်သျှင်နောင်တို့၊ နဝဒေးတို့ဆိုတာ ဘယ်စာပေတိုက်ရဲ့ စင်တင် ကလောင်မှ မဟုတ်ပါဘူး။ ဘယ်ဖြန့်ချိရေးကမှ တစ်ပြည်လုံးရောဲ့ဟယ်ဆို ဖြန့်ခဲ့တာလည်း မဟုတ်ပါဘူး။

စာရေးဆရာဆိုတာ ရသမြောက်တဲ့စာတွေရေးနေရင် စာရေးဆရာ ဖြစ်တာပါပဲ။ ဒါကတော့ ဟိုးအရင်တုန်းကပေါ့ မိုက်တီးရာ။ မမှန်ဘူးလားဆိုရင်တော့ မှန်တယ်။ ဒါပေမယ့် စာပေပုံစံတွေက ဘယ်လိုပြောင်းကုန်တယ် မသိပါဘူး။ အနုပညာလောကကြီးဟာ သင်္ဘောပင်ကြီးနဲ့ တူလိုက်နေပြီ။ သင်္ဘောသီးများ သီးပြီဆိုရင် နောက်မှ သီးတဲ့အသီးက အပေါ်ဆုံးကပဲ။ ဒီတော့လည်း ရုပ်ရှင်ရုံပိုင်သူတို့၊ စာအုပ်ဖြန့်ချိရေးတို့ဆိုတာအရေးပါအရာရောက်ကုန်တာပါပဲ။ ရုပ်ရှင်လောက၊ စာပေလောကတွေ မှာသာ မဟုတ်ဘူး။ အခြားအနုပညာလောကတွေအကြောင်းလည်း ကံချွန်တို့ မသိလို့သာ။ ဒီတော့ စိတ်ဖြေပါ မိုက်တီး။

အဲဒါတွေ တွေးမိတော့ ကံချွန့်ကို စိတ်ပျက်အားငယ်အလျှော့ပေးတတ်တယ်လို့ မထင်ပါနဲ့ခင်ဗျာ။ ကံချွန်က အမြဲတမ်း အခက်အခဲ ကြုံလာရင် ဘယ်လိုကျော်လွှားရမလဲ ဆိုတာ အဖြေရှာတတ်ပါတယ်။

ကံချွန်တို့ အနုပညာလောကကြီးရဲ့ အနေအထားတွေကို ပြောင်းလဲပစ်ဖို့ နည်းရှိပါတယ်။ ဒီနည်းလည်း ကံချွန်ဟာ အရာရာကို စူးစမ်းချင်စိတ်ရှိလို့၊ စိတ်ဝင်စားတတ်လို့ရတာပါ။ စမ်းသပ်ကြည့်စမ်းပါ။

ကံချွန် စစချင်း ရေးပြခဲ့တဲ့ ကြော်ငြာပေါ့ခင်ဗျာ။ တီဗွီ ကြော်ငြာပေါ့ခင်ဗျာ။ တီဗွီကြော်ငြာထဲက ဆပ်ပြာကို သုံးဖို့ပါပဲ။ အစွန်းအထင်းအညစ်အကြေးတွေပြောင်သွားတဲ့အပြင်

http://swanbros.blogspot.com




ဒေါင်လိုက်တွေပါ ကန့်လန့်ဖြစ်သွားနိုင်တဲ့ အစွမ်းရှိနေတာပဲ။ အနုပညာလောကကြီးကို အဲဒီဆပ်ပြာနဲ့ ပြုတ်လျှော်ပစ်ရရင် တန်ဖိုးထားလေးစားရမယ့် ဒါရိုက်တာများ၊ စာရေးဆရာများ၊ ဇာတ်ညွှန်းရေးဆရာများဟာ အရေးပါအရာရောက်လာပြီး ရုပ်ရှင်ရုံပိုင်ရှင်များ၊ စာပေဖြန့်ချိသူများရဲ့လေးစားခြင်းကို ခံရ လိမ့်မယ်လို့ထင်ပါတယ်။ ကံချွန်ကတော့ အဲဒီဆပ်ပြာရဲ့အစွမ်း ကို စမ်းကြည့်ချင်နေပါပြီ။ ကံချွန်ရဲ့စမ်းသပ်မှုအောင်မြင် ရင်တော့ အနုပညာရှင်များ ရင်ကော့နိုင်ပါမယ်ခင်ဗျာ။


ကံချွန်ရဲ့အတွေးဟာ ခပ်ကြောင်ကြောင်အတွေး မဟုတ် ပါဘူး။ ကြောင်နေသူများတောင်မှ ကာတွန်းရေး၊ ပန်းချီရေး ရင် ပျောက်တယ်လို့ ပြောထားတာပဲ။ ဆိုင်ဆိုင် မဆိုင်ဆိုင် ဆပ်စပ်မိရင်း ဆက်စပ်တွေးလို့ရတာမို့ ရေးလိုက်ရတာပါ ခင်ဗျာ။

၂၈ ၈ ၂၀၀၀<br>(အလင်းတန်းဂျာနယ်။)

http://swanbros.blogspot.com



http://swanbros.blogspot.com



http://swanbros.blogspot.com

**ကြယ်နီစာပေသိုက်**

**တိုက် (၈)၊ အမှတ် (၂၀၂)။ အင်ကြင်းမြိုင်အိပ်ရာ၊**

**ဗိုလ်ချုပ်လမ်း၊ ဗဟန်း**

**ရန်ကုန်မြို့။**

ဖုန်း – ၇၂၆၉၆၃

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://swanbros.blogspot.com

ကြယ်နီစာပေသိုက်၊ စာအုပ် – ၁

စီစဉ်သူ – သပြေ

http://swanbros.blogspot.com

**စာမူခွင့်ပြုချက်အမှတ်**
၂၄၈/၂၀၀၃ (၃)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၆၄၄/၂၀၀၃ (၈)

**ပုံနှိပ်ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဦးထွန်းလှိုင်၊ ချစ်စရာစာပေ
အမှတ် – ၇၅၊ ဝေပုလ္လ – ၂လမ်း၊ မြောက်ဥက္ကလာ
ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးကျော်လှိုင်
စေတနာအော့ဖ်ဆက် (၅၅၇၃)
အမှတ် – ၅၉၊ ၁၉ လမ်း
ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းသရုပ်ဖော် – ဖေသစ်တည်**
**ကွန်ပျူတာစာစီ – Dream City**
**စာအုပ်ချုပ် – ကိုမြင့်**

**တန်ဖိုး – (၆၀၀) ကျပ်**

# နိုင်ငံတကာအချစ်ဟာသအတွေးများ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**



ပုံ (၁)

# အထင်နဲ့အမြင်

မင်္ဂလာဆောင်သို့ ရောက်လာသော ဧည့်သည်တစ်ဦးက မေးလိုက်သည်။

"အစ်မကြီး သတို့သားရဲ့ မိတ်ဆွေလား"

အမျိုးသမီးက ပြန်ဖြေလိုက်သည်။

"ပေါက်ကရတွေ၊ ကျွန်မက သတို့သမီးအမေ"

# စဉ်းစားစရာပဲ

အဘိုးကြီးတစ်ယောက်သည် ထုံးစံအတိုင်း သူထိုင်နေကျထိုင်ခုံပေါ်တွင် ထိုင်နေခဲ့သည်။ သူနှင့်သိကျွမ်းသော လူငယ်တစ်ဦးက ဖြတ်လျှောက်သွားရင်း ရပ်တန့်၍ နှုတ်ဆက်သည်။ အဘိုးကြီးက ပြောလိုက်သည်။

"ဖရက် မင်း ငါလုပ်သလိုလုပ်သင့်တယ်ကွ၊ ငါစီးကရက်မသောက်ဘူး၊ အရက်မသောက်ဘူး၊ လွန်လွန်ကြူးကြူးလည်း မစားသောက်ဘူး၊ လောင်းကစားတာမရှိဘူး၊ မိန်းမ မရှုပ်ဘူး၊ အဲဒီလိုနေလာတာ သိလား။ မကြာခင်မှာပဲ ငါ့ရဲ့ (၈၅) နှစ်မြောက်မွေးနေ့ အခမ်းအနားကို ကျင်းပနိုင်တော့မယ်"

ဖရက်က အဘိုးကြီးကိုကြည့်ရင်း ပြောလိုက်သည်။

"ဘယ်လိုနည်းနဲ့များ ကျင်းပမှာလဲ"



ပုံ (၂)

http://swanbros.blogspot.com

## ဘဝင်မြင့်သူအား ဆုံးမနည်း

မိန်းမပျိုကလေးတစ်ဦးသည် မထင်မရှားသရုပ်ဆောင်တစ်ဦး၏ အော်တိုလက်မှတ်ကို တောင်းနေခဲ့သည်။

"မင်းကို ကိုယ်အရင်အော်တိုရေးပေးဖူးတယ် မဟုတ်လား"

ထိုအခါ မိန်းမပျိုက ဖြေလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမဲ့ ရှင့်အော်တိုလက်မှတ်ဆယ်ခုကို နာမည်ကြီး ရုပ်ရှင်မင်းသားလက်မှတ်တစ်ခုနဲ့ လဲလို့ရတယ်"

## အပြစ်ရှာတတ်သူ

ယောကျာ်းက ဇနီးဖြစ်သူကို ပြောသည်။

"အချစ်ရယ် မင်းကိုကိုယ်သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ မင်း နေရာ တကာ အပြစ်ရှာတာကို ရပ်မှဖြစ်မယ်၊ အဲဒါက ကိုယ့်ကို ရူးအောင်လုပ် နေတယ်။ မင်းအပြစ်မရှာဘဲ တစ်မိနစ်တောင်မနေနိုင်ဘူး။ ကိုယ်လောင်းရဲ တယ်"

"အိုကေ စိန်လိုက်လေ" မိန်းမက ပြန်ပြောသည်။

http://swanbros.blogspot.com



ခဏအကြာတွင် မိန်းမက ရုတ်တရက် ပူလိုက်တာတော် ငရဲကျနေတာပဲရှင်၊ ရှင်အဲယားကွန်းခလုတ်ကို အမြဲနှိမ့်ထားသလားဟု ပြောလိုက်သည်။

'ဟာ...မင်းအပြစ်မရှာဘဲ တစ်မိနစ်ပြည့်အောင် မနေနိုင်ဘူးဆိုတာ ငါသိသားပဲ' ယောကျ်ားက ပြောသည်။

"ကျွန်မ မပြောဘဲနေတာ ဘယ်လောက်ကြာသလဲ"

"စက္ကန့်သုံးဆယ်"

ထိုအခါက မိန်းမက...

'စက္ကန့်သုံးဆယ်၊ သေလိုက်ပါတော့ ရှင့်ကို ကျွန်မ မပြောဘူးလား၊ နိုင်ငံခြားနာရီတွေ မဝယ်ပါနဲ့လို့ ဘယ်တော့မှ အချိန်မှန်မှာ မဟုတ်ဘူး' ဟု ခုနစ်သံချီနှင့် ပြောလိုက်လေသည်။

## သမက်နဲ့ ယောက္ခမဇာတ်လမ်း

ဒေါသဖြစ်နေသော သမီးရှင်အဖေက ပြောလိုက်သည်။

"ဟေ့ကောင် မင်းဘာအချိုးချိုးတာလဲ၊ ငါ့သမီးကို ခိုးသွားတာ မနေ့ညကတည်းက ခုလာပို့တာက မနက် ၇ နာရီ"

"ဟုတ်ကဲ့ခင်ဗျာ အခု ကျွန်တော် အလုပ်သွားရတော့မှာမို့လို့ပါ"



ပုံ (၃)

# အဖြေညီမျှခြင်းငွေ

ချစ်ရပါသောဟယ်ရီ...

ပြီးခဲ့တဲ့အပတ် မဟုတ်ကဟုတ်ကကိစ္စလေးနဲ့ စကားများပြီး ကတည်းက ကျွန်မ စားမဝင် အိပ်မပျော်ဖြစ်ခဲ့ရပါတယ်။ အဲဒီစကားများ ရတာ ကျွန်မအပြစ်သက်သက်ပါရှင်၊ ကျွန်မကို ခွင့်လွှတ်နိုင်တဲ့စိတ်ကလေး ရှင့်ရင်ထဲမှာ ရှိပါစေလို့ ကျွန်မ ဆုတောင်းမိပါတယ်။ ကျွန်မတို့ စေ့စပ် လက်စွပ်ကို ကျွန်မ ပြန်ပေးလိုက်မိတာ ကျွန်မ မိုက်မဲစွာ ပြုမိလိုက်တာပါ။ အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်မဘဝမှာ ရှင်ကလွဲလို့ ဘယ်သူမှ ရှိမှာ မဟုတ်ပါဘူး၊ ကျွန်မ အသည်းကွဲမတတ် ခံစားနေရတဲ့ ကျွန်မဆီ ပြန်လာပါလား အချစ်ရယ်...။

မျှော်လင့်ခြင်းများစွာဖြင့်
**ဘက်တီ**

**P.S** ရှင် ထီတစ်သန်းဆုပေါက်တဲ့အတွက် အတော်ဝမ်းသာနေမှာပဲနော်။

http://swanbros.blogspot.com



# ယောက္ခမမုန်းသူများ

လူတစ်ယောက်သည် လမ်းဖြတ်ကူးရန် စိုင်းပြင်းနေစဉ် အသုဘပို့သည့် လူတန်းရှည်ကြီးတစ်ခု ဖြတ်သန်းလာသည်၊ အခေါင်းဘေးတွင် ခွေးကလေးတစ်ကောင် အပြေးလိုက်ပါလာသည်ကို တွေ့ရပြီး အသုဘပို့သူအများစုမှာ ယောကျ်ားများ ဖြစ်နေသည်ကို တွေ့ရသည်။ ထိုသူက အသုဘပို့သူတစ်ဦးကို မေးလိုက်သည်။

"ဘယ်သူ့အသုဘပါလဲ"

"ကျွန်တော့်ယောက္ခမအသုဘပါ"


"အို...စိတ်မကောင်းစရာပဲ၊ ဘာရောဂါနဲ့ ကွယ်လွန်သွားတာလဲ"

"အခေါင်းဘေးက လိုက်နေတဲ့ခွေးလေးကိုက်လို့လေ"

"အဲဒါဆို ဟန်ကျတာပဲ၊ အဲဒီခွေးလေး ကျွန်တော့်ကို ခဏငှားပါလား"

ထိုအခါ သမက်သည် အသုဘတန်းမှ လူများကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

"သူ့ခွေးကို လိုချင်ရင် သူတို့လို တန်းစီလေ"



ပုံ (၄)

## သက်တူရွယ်တူဆိုပေမဲ့

လင်ဖြစ်သူက ဇနီးဖြစ်သူကို ပြောလိုက်သည်။

"ငါ့ခြေထောက် အရမ်းနာနေတယ်"

ဇနီးသည်က ပြောလိုက်သည်။

"အသက်ကြီးလာတော့ ဒီလိုပဲပေါ့"

လင်ဖြစ်သူက ပြန်ပြောလိုက်သည်။

"ပေါက်ကရတွေ ဟိုဘက်ခြေထောက်လည်း သူနဲ့ သက်တူရွယ်တူပဲ ဥစ္စာ"

## မေး...မေးနိုင်လွန်း

"ဒါလင်...ကိုယ်ဟာ မင်း ပထမဦးဆုံးနမ်းဖူးတဲ့ ယောကျ်ားလား"

"ဒါပေါ့ရှင်...ရှင်ဟာ ပထမဦးဆုံးလူပေါ့...ရှင်၊ ရှင်တို့ယောကျ်ားတွေအားလုံး အတူတူပဲ၊ အဲဒီမဟုတ်ကဟုတ်က မေးခွန်းပဲ မေး...မေးနေကြတာ"



ပုံ (၅)

# ဒါ...မှန်ကန်စေချင်

အသုဘတစ်ခုတွင် ကွယ်လွန်သူ၏ သူငယ်ချင်းသည် ကွယ်လွန်သူ့အကြောင်း တမ်းတမ်းတတ ပြောနေလေသည်။

"ကျွန်တော့်သူငယ်ချင်းဟာ အသက်သုံးဆယ်အရွယ်ပဲ ရှိသေးတယ်၊ ဇနီးသည်လေးကို ထားရစ်ခဲ့ပြီး ကျွန်တော်တို့ အားလုံးကို စွန့်ခွာသွားခဲ့ပါတယ်"

ထိုစကားကို ကြားသောအခါတွင် မျက်ရည်စက်လက်နှင့် မုဆိုးမအသစ်ကျပ်ချွတ်လေးက ပြောလိုက်သည်။

"သုံးဆယ်မဟုတ်ပါဘူး၊ နှစ်ဆယ့်ရှစ်ပါ"

# အချစ်ရယ် မှားပါတယ်

လက်ထပ်ပြီး မကြာခင်တွင် ဖာရာနှင့် သူမ၏ ယောကျ်ားတို့ ကား အသစ်တစ်စီး ဝယ်လိုက်ကြသည်။ ကားသစ်ဝယ်ခြင်း အထိမ်းအမှတ်အဖြစ် တစ်ခုခုစားရန် ဆုံးဖြတ်ကာ ရေခဲမုန့်စားရန် ထွက်လာကြသည်။

ဖာရာက ရေခဲမုန့်တစ်ခွန်း အပြည့်ခပ်စားရန်လုပ်နေခိုက် ရေခဲမုန့်တစ်လုတ်စာလုံးမှာ သူမ၏ ဈေးကြီးသည့် ဝတ်စုံပေါ်သို့ မတော်တဆ ဖိတ်ကျသွားသည်။ သူမ၏ ယောကျ်ားက စက္ကူလက်သုတ်ပဝါ လက်တစ်ဆုပ်စာအပြည့်ကို အမြန်ဆွဲထုတ်ကာ သူမကို ကမ်းပေးလိုက်သည်။ သူမယောကျ်ား၏ ချစ်ခင်ဂရုစိုက်မှုကြောင့် ကြည်နူးသွားကာ ကျေးဇူးတင်စကားဆိုမည်ပြုခိုက် သူမ၏ ယောကျ်ားက အမြန်ပြောချလိုက်သည်။

"မြန်မြန်လေး ထိုင်ခုံဖုံးတွေ စွန်းမသွားခင် သုတ်ပစ်လိုက်နော်"



ပုံ (၆)

## အကြိုက်ချင်းတူတဲ့အချစ်

အသက်ခုနစ်ဆယ်အရွယ် မီလျံနာတစ်ဦးသည် အသက်နှစ်ဆယ်အရွယ် မိန်းမလှကလေးတစ်ဦးကို ရလိုက်သည်။

"သိပ်တော်တဲ့ အဘိုးကြီးပါလား၊ ဒီလောက်ငယ်ငယ်လှလှမယားလေးကို ဘယ်လိုများ ရလိုက်တာတုံး"

အဘိုးကြီး၏ မိတ်ဆွေက မေးလိုက်သည်။ ထိုအခါ မီလျံနာအဘိုးကြီးက–

"လွယ်ပါတယ်ဗျာ၊ ကောင်မလေးကို ကျုပ်အသက် ၉၅ နှစ် ရှိပြီလို့ ပြောလိုက်တာပါပဲ"

## ကျွန်တော်လည်း ပိုင်ရှင်ပါပဲ

လူတစ်ယောက်သည် ဟိုတယ်တစ်ခုတွင် တည်းခိုရာ နှစ်ယောက်ခန်း ရရှိပြီး ပစ္စည်းများ ထားပြီးအချိန်မှာပင် မန်နေဂျာက ရောက်လာပြီး ဒီအခန်းကို အိမ်ထောင်ဦးဇနီးမောင်နှံ တည်းခိုစေရန်အတွက် တစ်ယောက်ခန်းသို့ လဲပေးနိုင်မလားဟု မေးသည်။ ထိုသူက သဘောတူလိုက်သည်။

http://swanbros.blogspot.com



အခန်းသစ်သို့ ပြောင်းရွှေ့ပြီးသောအခါတွင် သူ၏ပစ္စည်းများ ပြန်လည်နေရာချပြီးနောက် သူ့ထီးကျန်ခဲ့ကြောင်း သတိရလိုက်သည်။ သူ့ထီးယူရန် ပြန်သွားပြီး တံခါးအပြင်ဘက်တွင် ရပ်နေစဉ် အခန်းထဲမှ ပြောဆိုနေသည့် စကားများကို သူကြားရသည်။

အမျိုးသား ။ ။ "ဒီရွှေရောင်ဆံကေသာတွေ ဘယ်သူပိုင်လဲ"

အမျိုးသမီး ။ ။ "အစ်ကိုပိုင်တာပေါ့ အစ်ကိုပိုင်တာပေါ့"

အမျိုးသား ။ ။ "ဒီမျက်ဝန်းပြာတွေ ဘယ်သူပိုင်လဲ"

အမျိုးသမီး ။ ။ "အစ်ကိုပေါ့...အစ်ကို"

အမျိုးသား ။ ။ "ဒီနီရဲနေတဲ့ နှုတ်ခမ်းလေးတွေ"

အမျိုးသမီး ။ ။ "အစ်ကိုပေါ့...အစ်ကို"

အမျိုးသား ။ ။ "ဒီဆင်စွယ်လိုလှပတဲ့ လက်မောင်းသားရော"

အမျိုးသမီး ။ ။ "အစ်ကို့ဟာ အစ်ကို့ဟာ"

ဤသို့ ဆက်၍ပြောနေရာ အပြင်မှ လူမှာ သည်းမခံနိုင် ဖြစ်လာပြီး တံခါးဝတစ်ဖက်မှ လှမ်းအော်လိုက်သည်။

"ဟို ...ထီးဆီရောက်ရင်တော့ဗျာ၊ အဲဒါ ကျွန်တော့်ဟာ"

http://swanbros.blogspot.com



ပုံ (၇)

# သေချာတဲ့သက်သေ

မျက်ရည်လည်ရွဲနှင့် အိမ်ထောင်ရှင်မတစ်ဦးသည် တရားသူကြီး ရှေ့မှောက်တွင် ရပ်တန့်၍ လျှောက်ထားလိုက်သည်။

"တရားသူကြီးမင်းရှင့်၊ ကျွန်မလင်ယောကျ်ားကို ဖောက်ပြန်မှုနဲ့ တရားစွဲဆိုလိုပါတယ်။ သူ ကျွန်မပေါ် သစ္စာမဲ့ခဲ့တယ်လို့ ကျွန်မ ထင်တယ်"

'မင်းမှာ သက်သေအထောက်အထား ရှိသလား' ဟု တရားသူကြီးက မေးလိုက်သည်၊ ထိုအခါ အိမ်ထောင်ရှင်အမျိုးသမီးက 'ပြောရရင်တော့ တရားသူကြီးမင်းရယ် ကျွန်မ ကလေးသုံးယောက်လုံးရဲ့ မျက်နှာကို ကျွန်မ လေ့လာကြည့်တော့ တစ်ယောက်မှ သူနဲ့ မျက်နှာပေါက်မတူဘူး"



ပုံ (၈)

## အို ... မိန်းမ

တယ်လီဖုန်းမြည်လာသောကြောင့် တာဝန်ကျရဲအရာရှိက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်၊ တစ်ဖက်မှ ပြောလိုက်သောစကားကြောင့် သူသည် ခေါင်းကုတ်သွားရလေသည်။ တစ်ဖက်မှ ပြောလိုက်သည်ကား...

"ဟယ်လို...စခန်းကပါလားရှင် ... ကျွန်မ မစွဂျုံးပါ၊ အခု ကျွန်မအိမ်ထဲကို ယောကျ်ားနှစ်ယောက် ရောက်နေပါတယ်၊ အဲဒါ တစ်ယောက်ကို မောင်းထုတ်ပေးဖို့ ရဲသားတစ်ယောက်ကို လွှတ်ပေးလိုက်စေချင်ပါတယ်"

## ကြားချင်နေတဲ့ စကားလေး

ဟီသာနှင့် မာသီတို့သည် နေ့လယ်စာ အတူစားရင်း သူတို့၏ ချစ်ရေးချစ်ရာ ပျော်စရာတွေကို ပြောနေကြသည်။

မာသီက ရင်ဖွင့်သည်။ "တို့ဘဝမှာ အထူးအရေးပါတဲ့သူ မရှိဘူး"

ဟီသာကတော့ သူမ၏ ချစ်သူအသစ်အကြောင်းကို ဂုဏ်ယူကျေနပ်စွာ ပြောပြသည်။

"သူဟာ စိတ်သဘောထား ပြည့်ဝတယ်"

http://swanbros.blogspot.com



"ပြောပြစမ်းပါဦး"

"မနေ့ညက ငါ့ကို စားသောက်ဆိုင်က ပြန်ခါနီးမှာ ငါသိပ်ကြား ချင်နေတဲ့ စကားလေးတစ်ခွန်းကို သူပြောတယ်"

"တို့မှန်းကြည့်မယ်နော်၊ မင်း ကိုယ့်ကို လက်ထပ်မလားလို့ သူ ပြောတာ မဟုတ်လား"

ဤတွင် ဟီသာက ပြန်ပြောလိုက်သည်မှာ...

"မဟုတ်ပါဘူး၊ သူပြောတာက မင်းပိုက်ဆံတွေ ပြန်သိမ်းထား လိုက်ပါတဲ့"

## ချွေတာရေးနည်းလမ်း

အယ်လီဆန်သည် သူ့မယောက်ျားဖြစ်သူ ဒွန်နှင့် လာမည့် အားလပ် ရက်များအတွက် ဆွေးနွေးတိုင်ပင်နေသည်။ သူမက သူတို့ ဘယ်နေရာ သွားရမလဲဆိုတာ စဉ်းစားဆုံးဖြတ်နိုင်အောင်လို့ စာအုပ်တစ်အုပ် ဝယ် ရမည်ဟု ပြောသည်။

ထိုအခါ ဒွန်သည် အခန်းထဲက ထွက်သွားပြီး သူတို့၏ ဘဏ် စာရင်းစာအုပ်နှင့်အတူ ပြန်ရောက်လာပါသည်။

"ဟော့...ဒီမှာ ဖတ်ကြည့်၊ ဒီစာအုပ်က ပြောတာကတော့...ငါ တို့တွေအိမ်မှာ နေသင့်တယ်တဲ့"

http://swanbros.blogspot.com




ပုံ (၉)

## ချစ်နေရရင်

ကောလိပ်တွင် တစ်ခန်းတည်းနေခဲ့ကြသူနှစ်ဦး ဆယ်နှစ်ကြာကွဲကွာပြီးမှ ပြန်တွေ့ကြသည်။

ပထမလူက မေးလိုက်သည်။

"တကယ့်ကို ကြာတာပဲကွာ၊ မင်းနဲ့ တွဲနေတဲ့ ကောင်မလေးနဲ့ ယူဖြစ်သလား၊ ဒါမှမဟုတ် မင်းဘာသာမင်း ထမင်းချက်၊ သန့်ရှင်းရေး လုပ်နေရတုန်းပဲလား"

ထိုအခါ သူ့သူငယ်ချင်းက ပြန်ဖြေသည်။

"အေး နှစ်ခုလုံးပဲ"

## အနားမှာနေပါကွယ်

အဘိုးကြီးတစ်ယောက် ရေကန်တစ်ကန်ထဲမှာ လှေလှော်နေခိုက် ဖားတစ်ကောင် သူ့ထံ ရေကူးလာပြီး ပြောသည်။

"မစ္စတာ၊ မစ္စတာ ကျွန်မဟာ တကယ့်ကို လှပတဲ့ မင်းသမီး တစ်ပါးပါ၊ ကျွန်မကို နမ်းလိုက်ပါ၊ ကျွန်မတို့ တစ်သက်လုံး ပျော်ပျော်

http://swanbros.blogspot.com



ကြီး နေသွားကြမယ်လေ”

အဘိုးကြီးက ဖားကို အိတ်ထဲထည့်ကာ လှေကို ကမ်းခြေသို့ လော်လာသည်။

ဖားက ထပ်ပြောပြန်သည်။

“ဟေး၊ မစ္စတာ ကျွန်မဟာ တကယ်လှတဲ့ မင်းသမီးပါ၊ ကျွန်မကို နမ်းလိုက်စမ်းပါ၊ ကျွန်မတို့ တစ်သက်လုံး ပျော်ပျော်နေသွားကြမယ်လေ”

ထိုသူသည် ဘာမှမပြောဘဲ မြို့ဘက်လျှောက်လာသည်။ ဖားက သူ့စကားကို ဂရုမစိုက်သဖြင့် စိတ်ဆိုးလာသည်။

“ကျွန်မကို ဘာဖြစ်လို့ မနမ်းတာလဲဟင်၊ ကျွန်မဟာ တကယ်လှတဲ့ မင်းသမီးလေးပါလို့ ပြောနေတဲ့ဟာ”

ထိုအခါ အဘိုးကြီးက ‘ဒီမယ် မိန်းကလေး၊ ကိုယ့်အသက်က ၉၀ ရှိပြီ၊ ဒီအသက်ဒီအရွယ်ရောက်မှတော့ စကားပြောတတ်တဲ့ ဖားကလေး တစ်ကောင်ပဲ ကိုယ်ရချင်ပါတော့တယ်ကွယ်’



ပုံ (၁၀)

## အချစ်ရဲ့ကံခေမှု

အမျိုးသမီးနှစ်ဦး စကားပြောနေကြသည်။

(ပ) အမျိုးသမီး ။ ။ "ကျွန်မယောကျ်ားကတော့ တစ်လျှောက်လုံး ကံခေခဲ့တာပါ၊ သူ့ကို သင်္ဂြိုဟ်ခါနီးမှာတောင် သူ ကံလိုက်လာသေးတယ်"

(ဒု) အမျိုးသမီး ။ ။ "ဘယ်လိုပါလိမ့်"

(ပ) အမျိုးသမီး ။ ။ "ဒီလိုပါ၊ သူ့ကို မြေမြှုပ်ဖို့ တွင်းတူးတော့ ရေနံကြောကို ထိသွားတယ်လေ"

## လူပျိုကြီး၊ အပျိုကြီး

ဂျွန်သည် သူ့အန်ကယ် ဂျင်မီကို ဘာကြောင့် လူပျိုကြီး ဖြစ်နေကြောင်း မေးမိသည်။

ဤတွင် သူ့အန်ကယ်ဂျင်မီက ဤသို့ ရှင်းပြပြောဆိုသည်။

"လူပျိုကြီး၊ အပျိုကြီးဆိုတာက သူတို့မှာ အပြစ်အနာအဆာတွေ ဘယ်လောက်ရှိတယ်ဆိုတာကို ရှာမတွေ့တဲ့သူပါ"



ပုံ (၁၁)

http://swanbros.blogspot.com

## ငြီးငွေ့သွားသူများ

အမျိုးသမီးတစ်ဦးက သူ့အတွေ့အကြုံကို သူ့သူငယ်ချင်းအား ပြောပြသည်။

"ကျွန်မလေ အာဟာရအချိုးအစားညီမျှတဲ့ ဟင်းလျာတွေ ချက်ကျွေးတာ ပထမနေ့မှာ ယောကျ်ားက ငြီးတယ်၊ နောက်နေ့မှာတော့ သားသမီးတွေက ငြီးတယ်"

## အချစ်ရဲ့လိုအင်ဆန္ဒ

ယောကျ်ား ။ ။ အချစ်ရေ မင်းမွေးနေ့အတွက် ဂျက်ကွာတစ်စီး ယူမလားဟင်။

မိန်းမ ။ ။ ဟင့်အင်း မလိုဘူးထင်ပါတယ်။

ယောကျ်ား ။ ။ မင့် (ခ်) ကုတ်အင်္ကျီတစ်ထည် ဆိုရင်ကော။

မိန်းမ ။ ။ တော်ပါပြီ၊ ကျေးဇူးပါပဲ။

ယောကျ်ား ။ ။ ဒါဆိုရင် စိန်လည်ဆွဲတစ်ကုံးယူလေ။

မိန်းမ ။ ။ မလိုပါဘူးရှင်။ ကျွန်မလိုချင်တာက ကွာရှင်း

http://swanbros.blogspot.com



ခွင့်ပဲ။

ယောက်ျား ။ ။ အိုး …အဲဒီလောက် အများကြီးသုံးဖို့တော့ မစီစဉ်ရသေးဘူးကွာ။

## အချိန်ကို အကျိုးရှိစွာ

ကော်ဖီသောက် အလုပ်နားချိန်တွင် အလုပ်ရှင်သည် ကိုယ်လုံးကိုယ်ပေါက်လှလှ သူ့အတွင်းရေးမှူးမနှင့် အငယ်တန်းမန်နေဂျာတို့ စတိုခန်းထဲမှာ တင်းကျပ်စွာ ပွေ့ဖက်နေသည်ကို တွေ့လိုက်ရသည်။

"မင်းတို့ ဒီကိစ္စကို ဘယ်လိုရှင်းပြမလဲ"

ဘော့(စ်) က မေးလိုက်သည်။

ထိုအခါ အတွင်းရေးမှူးမက သူ့ဆံပင်ကို လက်နှင့် သပ်ရင်း ပြောလိုက်သည်မှာ…။

"ကျွန်မတို့နှစ်ယောက်လုံး ကော်ဖီမကြိုက်လို့ပါရှင်"

## ပြန်အမ်းလိုသူများ

အပျိုကြီးနှစ်ယောက်သည် လင်ယောက်ျားအလိုရှိကြောင်း သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်ကြသည်။ မကြာမီ အပျိုကြီးတစ်ဦးက အခြားတစ်ဦးအား ပြန်ကြားချက်တွေလာတော့ လာကြောင်း ပြောသည်။

'ဒါဆို ဘာဖြစ်လို့ မင်းက ဒီအခွင့်အရေးကို မယူလိုက်တာလဲ' ဟု ဒုတိယအပျိုကြီးက မေးသည်။ ထိုအခါ ပထမအပျိုကြီးက ပြန်ပြောလိုက်သည်မှာ…

"ဘာဖြစ်လို့လဲဆိုတော့ အဖြေတွေက အားလုံး အတူတူချည်းပဲ၊ ကျွန်မယောက်ျားကို ရှင်ယူနိုင်ပါတယ်တဲ့"



ပုံ (၁၂)

## ချစ်ဖို့

ဒေါသထွက်နေသောယောကျ်ားက ပြောသည်။

"တကယ်ပြောတာ၊ ဘုရားသခင်က မင်းတို့ မိန်းမတွေကို ဒါ လောက်လှပြီး ဒါလောက်အသိဉာဏ်တုံးအောင် ဘာဖြစ်လို့များ ဖန်ဆင်း ထားတယ်ဆိုတာ သိရရင် ဘာမဆို ငါပေးမယ်ကွာ"

ဤတွင် မိန်းမဖြစ်သူက ပြန်ပြောသည်။

"ကျွန်မ ရှင်းပြပါ့မယ် ယောကျ်ားရယ်၊ ဘုရားသခင်က ကျွန်မ တို့ကို လှအောင် ဖန်ဆင်းတာက ရှင်တို့ ယောကျ်ားတွေက ချစ်ဖို့၊ ကျွန်မတို့ကို အသိဉာဏ်တုံးအောင် ဖန်ဆင်းတာက ရှင်တို့ယောကျ်ား တွေကို ချစ်ဖို့"

## မှားမိပုံများ

ပန်းခြံတစ်ခုထဲတွင် ဖြစ်သည်။ အမျိုးသားတစ်ဦးက သူ့မလှမ်း မကမ်းတွင် ထိုင်နေသူအား မကြည့်ဘဲနှင့် ပြောလိုက်သည်။

http://swanbros.blogspot.com



"အဲဟိုကလေးမလေးကို ကြည့်စမ်း၊ ယောကျ်ားလေးဝတ်တဲ့ ဂျင်းဘောင်းဘီနဲ့ ရှပ်အင်္ကျီဝတ်လို့၊ နောက်ပြီး ဆံပင်ကိုလည်း ယောကျ်ား လေးလို ညှပ်ထားသေးတယ်၊ သူ့ကို မိန်းကလေးမှန်း လုံးဝသိမှာ မဟုတ် ဘူးနော်"

"ဩော် ... အဲဒါက ကျုပ်သမီးလေ"

"အို ... ဘုရားရေ၊ တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားဟာ သူ့ အဖေမှန်း ကျွန်တော် မသိလိုက်ဘူး"

"ကျုပ်က သူ့အဖေမဟုတ်ဘူး သူ့အမေရှင့်"



ပုံ (၁၃)



ပုံ (၁၄)

## ရွေးစရာနည်းလမ်း

"အဲဒီတော့ မင်းက ငါ့သမက်ဖြစ်ချင်တယ်ပေါ့"

"မဖြစ်ချင်လှပါဘူးဗျာ၊ ဒါပေမဲ့ ဦးသမီးကို ကျွန်တော် လက်ထပ်ချင်မှတော့ ကျွန်တော့်အတွက် တခြားရွေးစရာ မရှိတော့ဘူး မဟုတ်ဘူး"

## အိမ်ထောင်သည်ရဲ့ အားသာချက်

ဗိုလ်ချုပ်တစ်ဦးသည် သူ၏ တပ်များကို စစ်ဆေးရာတွင် တပ်ဖွဲ့တစ်ခု၏ ထူးခြားချက်ကို တွေ့ရှိသောကြောင့် သက်ဆိုင်ရာ တပ်မှူးကို ခေါ်ယူမေးမြန်းလိုက်သည်။

"ဗိုလ်ကြီးက ဘာလို့ ဗိုလ်ကြီးရဲ့ တပ်ဖွဲ့အတွက် အိမ်ထောင်သည်တွေကို ဦးစားပေး ရွေးထားတာလဲ"

"ဒီလိုပါ ဗိုလ်ချုပ်၊ အိမ်ထောင်သည် တပ်သားတွေဟာ သူတို့အကြိုက်မတွေ့တဲ့ ကိစ္စတွေကို မလွန်ဆန်ရဲလောက်အောင် အသားကျပြီး ဆောင်ရွက်တတ်နေပြီ ဖြစ်နေလို့ပါ"



ပုံ (၁၅)

## ပင်စင်ပေးချင်သူနဲ့ တွေ့ဆုံခြင်း

လူရွယ်လေးတစ်ဦးသည် မိန်းမပျိုလေးတစ်ဦးအား သုံးနှစ်လုံးလုံး လိုက်လံပိုးပန်းနေခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

နောက်ဆုံးတွင် သူသည် မိန်းမပျိုလေး၏ ဖခင်ထံသို့ ရောက်၍ မဝံ့မရဲ ဆိုလိုက်သည်။

"ဦး...ခင်ဗျာ...ဦးသမီးကို ကျွန်တော် ပိုးနေတာ သုံးနှစ်ကျော် ပါပြီ"

ထိုအခါ ဖခင်ဖြစ်သူက မေးလိုက်သည်။

"အဲဒီတော့ ငါဘာလုပ်ပေးရမလဲ၊ မင်းပင်စင်လိုချင်လို့လား"

## ဒါထက်ကောင်းတာ ဘာရှိမလဲ

ဈေးဝယ်သူက ဆိုလိုက်သည်။


"ကျွန်တော့်ယောက္ခမ မွေးနေ့အတွက် ဈေးပေါပေါနဲ့ မဖွယ်မရာ ပစ္စည်းတစ်ခုလောက် လိုချင်တယ်"

အရောင်းစာရေးက ခဏစဉ်းစားပြီး ဆိုလိုက်သည်။

"ဆရာ့အတွက် အကိုက်ညီဆုံးအရာရှိတယ်"

"ဘာလဲဗျ"

"ကျွန်တော့်ယောက္ခထီးလေ"



ပုံ (၁၆)

# ဖြစ်မှဖြစ်ရလေ

လင်ဖြစ်သူသည် စားသောက်ဆိုင်မှ ပြန်ရောက်သောအခါ ဇနီးသည်ကို ပြောလိုက်သည်။

"ငါ ဒီနေ့ မင်းအဖေနဲ့ ဝင်တိုးခဲ့တယ်"

"အို ... ဟုတ်လား၊ ဘာတွေ ပြောလိုက်သလဲ"

"သူ့ထုံးစံအတိုင်းပဲ၊ တစ်ခွန်းမှ အကောင်းမပါဘူး၊ ရဲတွေရောက်လာမှ ပါးစပ်ပိတ်သွားတယ်"

"ဘယ့်နှယ်ရဲတွေ ရောက်လာရတာလဲ"

"လမ်းဘေးမှာရပ်ထားတဲ့ သူ့ကားကို ငါ့ကားက ဝင်တိုးမိတော့ ရဲတွေ ရောက်လာတာပေါ့"

# ခွင့်တင်ရခြင်းအကြောင်းရင်း

အလုပ်သမားတစ်ဦးသည် အထက်အရာရှိထံ နောက်တစ်နေ့အတွက် ခွင့်တင်နေသည်။

http://swanbros.blogspot.com



"တို့ အလုပ်သမားနည်းနေတာ မင်းသိတယ်၊ လွန်ခဲ့တဲ့ ခြောက်ပတ် ခုနစ်ပတ်လောက်ကပဲ မင်းခွင့်တင်တယ်"

"ဟုတ်ကဲ့၊ အဲဒီတုန်းက ကျွန်တော့်မိန်းမ အသုဘရှိလို့ပါ"

"မနက်ဖြန်ကျ ဘာအတွက် ခွင့်လိုချင်တာလဲ"

"မင်္ဂလာဆောင်ဖို့ပါ"

"မင်္ဂလာဆောင်ဖို့ ဟုတ်လား၊ မင်းမိန်းမ သေတာဖြင့် နှစ်လတောင် မပြည့်သေးဘူး"

"ကျွန်တော်က အငြိုးအမျက်ကြာကြာထားတတ်တဲ့သူမှ မဟုတ်ဘဲ"

## အခွင့်မရလို့

လူတစ်ဦးသည် ကွယ်လွန်ပြီး စိန့်ပီတာရှေ့မှောက်သို့ ရောက်ရှိ စစ်ဆေးခံနေရသည်။

"ဂျွန်စမစ်၊ မင်း လူ့ဘဝတုန်းက ဘာလိုက်စားခဲ့သလဲ"

"ကျွန်တော် ဘာမှ ထွေထွေထူးထူး မလိုက်စားခဲ့ပါဘူး"

"မိန်းမလိုက်စားဖူးပါသလား"

"မလိုက်စားဖူးပါဘူး"

"လိုက်စားချင်စိတ် မပေါ်ခဲ့ဘူးလား"

"ပေါ်ခဲ့ဖူးပါတယ်"

"ဘာလို့မလိုက်စားခဲ့သလဲ"

"မိန်းမက ခွင့်ပြုချက်မပေးလို့ပါ"

http://swanbros.blogspot.com



ပုံ (၁၇)

# ကံကောင်းကံဆိုး

အမျိုးသမီးနှစ်ဦးသည် သားရေးသမီးရေး ပြောနေခဲ့ကြသည်။

"သမီးက အိမ်ထောင်ကျ သိပ်ကံကောင်းတယ်၊ နေ့တိုင်း သူ့ယောကျ်ားက စောစောထတယ်၊ မနက်စာ ပြင်ဆင်တယ်၊ မနက်စော စော သူ့အိပ်ရာအရောက် လာပို့ပေးတယ်။ ညနေ အိမ်ကို ပြန်ရောက် တာနဲ့ အဝတ်အစား လျှော်ဖွပ်ပေးတယ်၊ ပန်းကန်တွေ ဆေးကြောပေး တယ်၊ သိပ်တော်တဲ့ယောကျ်ားပဲ"

"ရှင့်သားကရော"

"သားလည်း အိမ်ထောင်ကျနေတယ်၊ အိမ်ထောင်ရေး ကံအတော် ဆိုးတယ်၊ မနက်တိုင်း သူ အစောကြီးထရတယ်၊ မနက်စာ ချက်ပြုတ်ပြီး မယ်မင်းကြီးမကို အိပ်ရာအရောက် သွားပို့ရတယ်၊ ညနေ အိမ်ရောက် တာနဲ့ အဝတ်အစားတွေ လျှော်ဖွပ်ပေးရတယ်၊ ပန်းကန်တွေ ဆေးကြော ပေးရသေးတယ်၊ တကယ့်ကို အသုံးမကျတဲ့ မိန်းမ ရထားတယ်လေ"

http://swanbros.blogspot.com



## အချစ်ရဲ့မှာစကား

ဇနီးသည်တစ်ဦးက ကွယ်လွန်ခါနီးတွင် သူမ၏ ခင်ပွန်းကို ပြောလိုက်သည်။

"ရှင် တစ်နေ့ နောက်အိမ်ထောင်ပြုမယ်ဆိုတာ ကျွန်မ သိတယ်၊ ပြုပါ၊ သူ ဒီအိမ်မှာနေရင် ကျွန်မတို့ အိပ်ရာမှာ အိပ်မယ်၊ ကျွန်မ ပန်းကန်တွေကို သုံးမယ်၊ ဒါတွေလည်း အကြောင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မကို ကတိတစ်ခုပေးပါ၊ ရှင် နောက်မိန်းမကို ကျွန်မရဲ့ အဝတ်အစားတွေ ပေးမဝတ်ပါနဲ့"

လင်ဖြစ်သူက တဒင်္ဂမျှ တွေးပြီး ပြောလိုက်သည်။

"ကောင်းပါပြီ၊ ငါ ကတိပြုပါတယ်၊ မင်းရဲ့ အဝတ်အစားတွေကလည်း ဘက်တီနဲ့ တော်မှာ မဟုတ်ဘူး"

## လှုပတဲ့ ဆင်ခြေ

လင်ဖြစ်သူက ဇနီးသည်ကို ပြောလိုက်သည်။

"ငါ့ခြေထောက်တွေ အရမ်းနာနေတယ်"

ဇနီးသည်က ပြောလိုက်သည်။

"ရှင်အရက်သောက်လို့ ဒီလိုဖြစ်နေတာ"

ထိုအခါ လင်ဖြစ်သူက ပြောလိုက်သည်။

"ပေါက်ကရတွေ လာပြောမနေစမ်းနဲ့၊ ငါ့ခြေထောက် ဘယ်တုန်းကမှ အရက်မသောက်ဘူး"



ပုံ (၁၈)



ပုံ (၁၉)

## ယောက္ခမ မုန်းသူရဲ့စကား

အရာရှိကြီးသည် သူ၏ တပည့်ကို နှုတ်ဆက်ရင်း ပြောလိုက်သည်။

"မိုက်၊ မင်း မိန်းမကွယ်လွန်တဲ့အကြောင်း သိရလို့ စိတ်မကောင်းပါဘူးကွာ"

မိုက်က ပြောလိုက်သည်။

"မိန်းမ မဟုတ်ပါဘူးဆရာ၊ ယောက္ခမပါ"

ထိုအခါ အရာရှိက ပြန်ပြောလိုက်သည်မှာ...

"အဲဒီလိုဆိုတော့လည်း တစ်မျိုးကောင်းတာပေါ့"

## ဆရာ့အလိုအတိုင်း

ဆရာတစ်ဆူအဖြစ် ကိုးကွယ်နေရသော လူတစ်ဦးထံသို့ လူတစ်ဦး ရောက်လာသည်။

"ဆရာကြီးခင်ဗျာ၊ မိန်းမပေးတဲ့ အကြံအတိုင်း လိုက်လုပ်သင့်ပါသလား"

http://swanbros.blogspot.com



"မိန်းမစကား နားထောင်လို့ ကောင်းစားတယ်ဆိုတာ ဘယ်တုန်းကမှ မရှိဖူးဘူး၊ သူပြောတာကို နားထောင်ပြီး ဆန့်ကျင်ဘက်သာလုပ်"

ထိုအခါ ထိုတပည့်လက်သားက အားရပါးရ ပြောလိုက်သည်။

"ဆရာနဲ့ ကျွန်တော် သဘောချင်း တိုက်ဆိုင်လိုက်တာ၊ ဆရာပြောတဲ့အတိုင်းပဲ ကျွန်တော် လုပ်မယ်၊ မိန်းမက ဆရာ့ကို ငွေသုံးထောင်ဖိုးလောက် ပစ္စည်းဝယ်ကန်တော့ဖို့ ပြောတယ်၊ ကျွန်တော် ဆန့်ကျင်ဘက်ပဲ လုပ်လိုက်မယ် ဟုတ်ပြီလား"

## ကိုတင်ခွင့်ရဲ့ အကျိုးဆက်

အမေရိကန်ခြေလျင်တပ်တစ်ခုမှာ သာမန်တပ်သားကလေးတစ်ဦးက သူ့မိန်းမမျက်နှာ မြင်ခါနီးဖြစ်နေလို့ ခွင့်ပေးပါလို့ ဆိုပြီး သူ့တပ်မှူးဆီ ခွင့်သွားပန်သတဲ့။ တပ်မှူးကလည်း သူတောင်းတဲ့အတိုင်း မိန်းမမျက်နှာမြင်ပြီးတဲ့အထိ ခွင့်ပေးလိုက်တယ်။ အထုပ်အပိုးပြင်ပြီး အိမ်ပြန်တော့မယ့် တပ်သားလေးကို သူ့တပ်မှူးက အမှတ်မထင် မေးလိုက်သတဲ့။

"နေပါဦး၊ မောင်ရင့်မိန်းမက ဘယ်တော့မျက်နှာမြင်ရမှာလဲ"

"ကျွန်တော် အိမ်ပြန်ရောက်ပြီး ၉ လကြာမှပါ"

http://swanbros.blogspot.com



ပုံ (၂၀)

# လင်ပျောက် ရှာပုံတော်

သားသားနားနား ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးသည် ရဲစခန်းအတွင်းသို့ ဝင်ရောက်လာပြီး တာဝန်ကျရဲအရာရှိထံ လျှောက်သွားသည်။

"ကျွန်မ လင်ပျောက်နေလို့ ရှာပေးနိုင်မလား"

ရဲအရာရှိက မေးလိုက်သည်။

"သူ့ပုံစံပြောပြနိုင်မလား"

"ပြောပြနိုင်တာပေါ့၊ အရပ်က ခြောက်ပေ သုံးလက်မ၊ ပခုံးကျယ်ကျယ်၊ ရင်အုပ်ကားကား၊ ရွှေဝါရောင်ဆံပင်ကောက်ကောက်နဲ့ ရုပ်ဖြောင့်တာမှ မင်းသားရှုံးတယ်၊ မျက်လုံးကလည်း ပြာလဲ့လဲ့နဲ့ လူကို တွင်းဖောက်သလို သူ့အကြည့်က"

ထိုအချိန်မှာပင် ဆင်းရဲသားတစ်ဦး ဝင်ရောက်လာသည်။

"နေပါဦးဆရာ၊ ဒီမိန်းမယောကျ်ားကို ကျွန်တော် သိပါတယ်။ ရို့စ်အင်အာအရောင်းဆိုင် အလုပ်လုပ်တဲ့ အဘိုးကြီး ဟက်ချင်ဆန်ပါ၊ သူ့ပုံစံက စောစောကပြောနေတာနဲ့ တခြားစီပါ"

http://swanbros.blogspot.com



ထိုအခါ မစ္စစ်ဟက်ချင်ဆန် အမည်ရှိ ထိုအမျိုးသမီးက မကျေမနပ် ပြောလိုက်သည်မှာ...

"ဟုတ်တယ်၊ ဒါပေမဲ့ သူ့ကို ဘယ်သူက ပြန်လိုချင်လို့တုံး၊ အခုကျွန်မ ပျောက်နေတဲ့လင်က ဒုတိယယောကျ်ားပါရှင်"

# ပန်းဝယ်သူနှင့် ဝေဒနာ

တစ်နေ့နံနက်တွင် လူတစ်ယောက်သည် ဝမ်းနည်းသည့် ပုံစံနှင့် ပန်းဆိုင်ထဲ ဝင်သွားသည်။ ပန်းသည်က အသုဘအတွက် ပန်းကို ဘယ်လိုမှာမလဲ နားစွင့်သည်။ ပန်းဝယ်သူက ဇနီးကွယ်လွန်မှု နှစ်ပတ်လည်အတွက် ပန်းကို စိတ်တိုင်းကျ မှာကြားသည်။

ပန်းသည် ။ ။ "နှစ်ပတ်လည်နေ့က ဘယ်နေ့ပါလဲ"

ပန်းဝယ်သူ ။ ။ "မနေ့ကပါ"

# အကြွားပြိုင်သူများ

လူချမ်းသာ မိန်းမနှစ်ယောက်သည် အချင်းချင်း အကြွားပြိုင်နေကြသည်။

ပထမမိန်းမ ။ ။ "ငါ့ယောကျ်ားက နပိုလီယံနဲ့ ဂျိုးဇက်ဖင်းတို့ ပိုင်ခဲ့တဲ့ ခုတင်ကို ဝယ်လာတာအေရဲ့"

ဒုတိယမိန်းမ ။ ။ "သူများသုံးပြီးသား အဟောင်းကြီးများ"



ပုံ (၂၁)

http://swanbros.blogspot.com



ပုံ (၂၂)

## ပြင်ဆင်ခွင့်ပြုပါ

မျက်မြင်သက်သေ အမျိုးသမီးတစ်ဦးသည် တရားသူကြီးဘက်သို့ ကိုင်းညွှတ်၍ ဆိုလိုက်သည်။

"တရားသူကြီးမင်းရှင့်၊ ကျွန်မဟာ တရားရုံးတော် အတွေ့အကြုံ လုံးဝ မရှိတဲ့အတွက် အလွန် စိတ်လှုပ်ရှားနေပါတယ်၊ ဒါကြောင့် စောစောက ရှေ့နေက ကျွန်မ အသက်ကို မေးတော့ ကျွန်မရဲ့ 'ကိုယ်' အတိုင်းအတာနဲ့ မှားယွင်းပေးလိုက်မိပါတယ်။ အဲဒါကြောင့် ..."

## အချိန်အခါနှင့် အခြေအနေ

စာမတတ် ပေမတတ် အမေရိကန်တောင်ပေါ်သားတစ်ယောက်သည် ထီပထမဆုကြီးပေါက်ကာ လာ့စ်ဗီးဂတ်စ်မြို့သို့ လေယာဉ်စီးလာခဲ့သည်။ လေယာဉ်ပေါ်တွင် မိန်းမလှတစ်ဦးနှင့် တွေ့ဆုံကာ သူချမ်းသာကြွယ်မှုကို ပြောပြသဖြင့် အမျိုးသမီးက သူတည်းခိုရာ ဟိုတယ်သို့ အတူလိုက်ရန် သဘောတူလိုက်သည်။ ညနေ့သည် မှတ်ပုံတင်စားပွဲတွင် သူက သူ့လက်မှတ်အဖြစ် ကြက်ခြေခတ်လိုက်သည်။ ထို့နောက် ခဏဆိုင်းပြီး

http://swanbros.blogspot.com



ကြက်ခြေခတ်ကို စက်ဝိုင်းတစ်ခုဖြင့် ဝိုင်းလိုက်သည်။

ထိုအခါ **ဧည့်ကြိုစာရေးက ...**

'ကြက်ခြေခတ်တာပဲ တွေ့ဖူးပါတယ်၊ စက်ဝိုင်းဝိုင်းတာတော့ တစ်ခါမှ မတွေ့ဖူးဘူး' ပြောလိုက်သည်။

ထိုအခါ ထိုလူက အမျိုးသမီးမိတ်ဆွေကို ခိုးကြောင်ခိုးဝှက် လှမ်းကြည့်ရင်း ခပ်ဖြည်းဖြည်း ပြောလိုက်သည်။


"ဒီလိုဗျ၊ လူတစ်ယောက်အဖို့ သူ့နာမည်မှန်ကို မသုံးချင်တဲ့အခါ မျိုးတွေ ရှိတယ်လေ"

# အချစ်နည်းလမ်းသစ်

လန်ဒန်သား ကိုလူလည်က ချောမောလှပသော စကော့မိန်းမပျို လေးကို လက်ထပ်ခွင့်ရရှိရန် သူမ၏ ဖခင်အား အောက်ပါအတိုင်း ခွင့် တောင်းခဲ့သည်။

"မစ္စတာမက်တာမစ်ခင်ဗျား၊ လူကြီးမင်းအတွက် ကုန်ကျစရိတ် သက်သာစေမယ့် နည်းလမ်းတစ်ခုကို ကျွန်တော် ပြပေးနိုင်မယ် ထင်ပါ တယ်"

http://swanbros.blogspot.com




ပုံ (၂၃)

## အကြံကောင်းသူရဲ့ လွတ်လမ်း

ပိုကာဝိုင်းတစ်ခုတွင် မယားကြောက်သူတစ်ယောက်တည်းသာ နိုင်နေခဲ့သည်။ သူ ထိုသို့ အသာစီးနေရချိန်တွင် ဝိုင်းမှ ထမသွားချင်ခဲ့ပါ။ သို့သော် အချိန်လင့်လာသည်နှင့်အမျှ သူသည် ဂနာမငြိမ် ဖြစ်လာခဲ့သည်။ မနက် ၂ နာရီခွဲလောက်တွင် ရုတ်တရက် အကြံတစ်ခု ရလိုက်သည်။

သူသည် သူ့မိန်းမထံ ဖုန်းကောက်ဆက်လိုက်ပြီး တစ်ဖက်မှ သူ့မိန်းမက ပြန်ထူးသံကြားလိုက်သည်နှင့် အသည်းအသန် အော်ပြောလိုက်သည်။

"အချစ်ရေ...ပြန်ပေးတွေတောင်းတဲ့ငွေကို မပေးနဲ့တော့ဟေ့၊ ကိုယ် လွတ်လာပြီ"

## နှလုံးရောဂါရဲ့ ဗဟိုဌာန

လူတစ်ယောက်သည် ဒေါ်လာတစ်ထောင်ထည့်ထားသော ပိုက်ဆံအိတ်ကို သူ့အင်္ကျီအိတ်တွေထဲမှာ အသည်းအသန်လိုက်ရှာနေသည်။

"ရှင့်ဘောင်းဘီအိတ်ထဲကော ရှာကြည့်သေးလား"

**ကြယ်နီစာပေသိုက်**

http://swanbros.blogspot.com



သူ့မိန်းမက သူ့စိတ်တည်ငြိမ်စေရန် ကြိုးစားသည့်အနေဖြင့် မေးလိုက်သည်။

"အေး"

"အပေါ်အင်္ကျီအိတ်တွေထဲကော"

"အေး"

"အပေါ်အင်္ကျီအတွင်းတွေမှာကော"

"ဟင့်အင်း"

"ဘာဖြစ်လို့ မရှာတာလဲ"

"ပိုက်ဆံက အဲဒီမှာ မရှိရင် ငါ နှလုံးရောဂါ ဖြစ်ပြီကွ"

http://swanbros.blogspot.com



ပုံ (၂၄)

http://swanbros.blogspot.com

## အဖေရဲ့အမှာစကား

နယူးဟမ်းရှိုင်းယားဒေသမှ လယ်သမားကြီးတစ်ဦးတွင် ချောမော လှပသော သမီးငယ်သုံးဦး ရှိသည်။ အကြီးဆုံးသမီးသည် အိမ်ထောင်ကျပြီး မိနီဆိုတာ ပြည်နယ်ရှိ 'အမြွှာမြို့တော်'အမည်ရှိ မြို့သို့ ပြောင်းရွှေ့သွားသည်။ တစ်နှစ်အကြာတွင် သူမသည် အမြွှာပူးလေး မျက်နှာမြင်သည်။

ဒုတိယသမီးသည် အိမ်ထောင်ကျပြီးနောက် အွန်တိုရီယိုပြည်နယ်ရှိ 'မြစ်သုံးသွယ်' အမည်ရှိ မြို့တွင် အခြေစိုက် နေထိုင်ခဲ့သည်။ နှစ်အနည်းငယ်အကြာတွင် သူမသည် သုံးမြွှာပူးလေး မွေးသည်။ နောက်ဆုံးတွင် အငယ်သမီးလေးက လယ်သမားကြီးကို သူမလည်း အိမ်ထောင်ပြုတော့မည်အကြောင်း ပြောလာသည်။ ထိုအခါ လယ်သမားကြီးက ပြောလိုက်သည်မှာ–

"သမီး၊ ကံကောင်းသူ လူသားတစ်ဦးဖြစ်ပါစေလို့ အဖေ ဆုတောင်းလိုက်ပါတယ်၊ ဒါပေမဲ့ အဖေ့စကားကို နားထောင်ပါ သမီး၊ သမီးကို သမီးရဲ့ အမျိုးသားက 'ကျွန်ပေါင်းတစ်ထောင်'လို့ အမည်ရှိတဲ့ မြို့မှာ နေဖို့ ခေါ်ရင်တော့ လက်သင့်မခံလိုက်လေနဲ့ သမီး"

http://swanbros.blogspot.com



# အချစ်ရဲ့ အပြင်းထန်ဆုံးစကား

လူတစ်ယောက်သည် သူ့သင်းအုပ်ဆရာထံသို့ သွားပြီး သူ့ဘဝသည် ဗလာဟင်းလင်း ဖြစ်သွားပြီ ဖြစ်ကြောင်း ပြောသည်။

'ဘာဖြစ်လို့လဲ'ဟု သင်းအုပ်ဆရာက ပြောသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် လက်ထပ်ခွင့်တောင်းတဲ့ အမျိုးသမီးက ကျွန်တော့်ကို ငြင်းလိုက်လို့ပါ"

"စိတ်မပျက်ပါနဲ့ကွာ၊ မိန်းမတစ်ယောက်က ဟင့်အင်းပြောတာဟာ တစ်ခါတလေမှာ 'ဟုတ်ကဲ့' လို အဓိပ္ပာယ်ရပါတယ်"ဟု သင်းအုပ်ဆရာက ဖြေသိမ့်သည်။ ထိုအခါ ထိုသူက ဝမ်းပန်းတနည်း ပြန်ပြောလိုက်သည်မှာ–

"ဒါပေမဲ့ သူက ဟင့်အင်းလို့ ပြောတာမဟုတ်ဘူးဗျာ၊ သွားသေလိုက်တဲ့"



ပုံ (၂၉)

# စည်းကမ်းနဲ့အညီ ချစ်တတ်သူများ

ရဲသားကြီးတစ်ဦးသည် ညမှာ ပတ္တရောင်လှည့်သွားနေတုန်း သန်းခေါင်ချိန်ရောက်ခါနီးအချိန်တွင် အတွဲတွေ မှောင်ရိပ်ခိုတတ်သော လမ်းဘေးတစ်နေရာကို ရောက်လာသည်။ ကားတစ်စီးရပ်ထားတာ တွေ့၍ သူမသင်္ကာဖြစ်ပြီး အထဲကို ကြည့်လိုက်သည်။ ကားနောက်ခန်းတွင် ဆယ်ကျော်သက်ရွယ် မိန်းကောင်ပေါက်မလေးက သိုးမွေးထိုးနေသည်။ ကားရှေ့ ယာဉ်မောင်းနေရာမှာ ကောင်လေးတစ်ယောက်က စာအုပ်ဖတ်နေသည်။

ထိုနောက် ရဲသားကြီးက ကောင်လေးကို စမေးသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ အခု ဘာလုပ်နေတာလဲ"

ကောင်လေးက 'ကျွန်တော် ၁၉ နှစ် ရှိပါပြီ၊ အခု ကျွန်တော် စာဖတ်နေတာပါ'ဟု ပြန်ဖြေသည်။

'သူက ဘာလုပ်နေတာလဲ'ဟု ရဲသားကြီးက ဆက်မေးသည်။

'သူသိုးမွေးထိုးနေတာပါ'ဟု ပြန်ဖြေသည်။

'သူ့အသက် ဘယ်လောက်ရှိပြီလဲ' မေးလိုက်တော့ ကောင်လေးက လက်ပတ်နာရီကို တစ်ချက် မျက်လုံးဝေ့ကြည့်လိုက်ပြီး–

http://swanbros.blogspot.com



'နောက် ၁၂ မိနစ်ဆိုရင် သူ ၁၈ နှစ်ပြည့်ပြီဗျ'ဟု ပြောလိုက်လေသည်။

## သုခဘုံကို ရှာဖွေတွေ့ရှိခြင်း

ပါမောက္ခ ။ ။ ဂျွန်မီလ်တန်အကြောင်း တစ်ခုနှစ်ခုလောက် ပြောပြစမ်းပါ။

ကျောင်းသား။ ။ ဟုတ်ကဲ့ဆရာ၊ သူဟာ အိမ်ထောင်ကျတုန်းက 'သုခဘုံပျောက်ဆုံးခြင်း'ကို ရေးခဲ့ပါတယ်။ နောက် သူ့မိန်းမဆုံးတဲ့အခါ 'သုခဘုံပြန်ရခြင်း'ကို ရေးခဲ့ပါတယ်။

## အခွံ့ဖွယ်ဖိတ်စာ

လူရွှင်တော် ခရစ်ရှော့စ် တစ်ခါက ထုတ်သွားတဲ့ ပြက်လုံးလေးကို နားဆင်ကြည့်ပါ။

"ကျွန်တော်သာ ကျွန်တော့်လက်ထပ်ပွဲကို စိတ်ကြိုက်စီစဉ်ရမယ်ဆိုရင် သတို့သားရဲ့ ဧည့်သည်နဲ့ သတို့သမီးရဲ့ ဧည့်သည်ဆိုပြီး ခွဲမနေတော့ဘူးဗျာ။ ဒါပေမဲ့ ကျွန်တော် အိမ်ထောင်ပြုတာ မှန်တယ်လို့ ပြောတဲ့လူနဲ့ မှားတယ် ဘဝပျက်ပြီလို့ ပြောတဲ့လူ အုပ်စု (၂) စုခွဲပြီး ဖိတ်ထားမယ်။ ဒါမှ တစ်ချိန်မှာ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး ကွာရှင်းပြတ်စဲပြီးတဲ့အခါ ကျွန်တော် ဘယ်သူ့ဆီ လှမ်းဖုန်းဆက်ပြီး အကူအညီတောင်းရမယ်ဆိုတာ ကျွန်တော် သိမယ်"



ဋံ



ပုံ (၂၇)

# အာဂမိန်းမ

တုန်တုန်ရီရီဖြစ်နေသော အမျိုးသမီးတစ်ဦးသည် အလုပ်ထဲက ယောကျ်ားဖြစ်သူထံ ဖုန်းဆက်သည်။

"ကျွန်မ ထီပေါက်တယ်ရှင့်၊ ရှင့်အဝတ်အစားတွေ ထုတ်ပေတော့"

"ကောင်းတယ်ဟေ့၊ နွေရာသီ အဝတ်အစားလား၊ ဆောင်းရာသီ အဝတ်အစားလား"

ဤတွင် ယောကျ်ားဖြစ်သူက ပြန်မေးသည်။

"နှစ်ခုစလုံးပဲ၊ ညခြောက်နာရီတိတိမှာ ရှင် အိမ်ပေါ်က ဆင်းစေချင်တယ်"

# နားထောင်မိတာ စိတ်ညစ်ရပြီ

လူတစ်ယောက်သည် သူ့ရှေ့နေ၏ ရုံးခန်းတွင် ထိုင်နေသည်။

'သတင်းဆိုးကို အရင်နားထောင်ချင်သလား၊ သိပ်ဆိုးတဲ့သတင်းကို အရင်နားထောင်ချင်သလား' ဟု ရှေ့နေက မေးသည်။

"သတင်းဆိုးကို အရင်ပြောဗျာ"

http://swanbros.blogspot.com



"ခင်ဗျား မိန်းမဟာ ဒေါ်လာ ၅ သိန်းတန် ခါတ်ပုံတစ်ပုံကို တွေ့ထားတယ်"

"ဒါ သတင်းဆိုးလား"

ထိုလူက မေးလိုက်သည်။

"သိပ်ဆိုးတဲ့သတင်းကို ကြားချင်ပြီဗျာ၊ မစောင့်နိုင်တော့ဘူး"

"သိပ်ဆိုးတဲ့သတင်းက အဲဒီခါတ်ပုံဟာ ခင်ဗျားနဲ့ အတွင်းရေးမှူး မလေးရဲ့ ခါတ်ပုံ ဖြစ်နေတယ်"

# အချစ်ရဲ့ခြေရာခံ

လက်ထပ်သည့် ပထမနှစ်ပတ်လည်နေ့အတွက် ယောကျ်ားဖြစ်သူက ငယ်ရွယ်သူဇနီးသည်အား ဆယ်လူလာဖုန်းတစ်လုံး ဝယ်ပေးသည်။ ယောကျ်ားက ဖုန်းအကြောင်း ရှင်းပြနေစဉ် သူမသည် ရင်ခုန်ကျေနပ်စွာ စိတ်ဝင်တစား နားထောင်နေသည်။ နောက်တစ်နေ့ သူမ ဈေးဝယ်ထွက်နေစဉ် ဖုန်းမြည်လာသည်။

'ဟိုင်း ... အချစ်ရေ၊ ဖုန်းအသစ်လေးကို ဘယ်လိုသဘောရသလဲ'

ယောကျ်ားဖြစ်သူက မေးလိုက်သည်။

"အို ... ကြိုက်မှကြိုက်ပဲ၊ ဖုန်းကလေးက သေးသေးလေးနဲ့ ချစ်စရာလေး၊ မောင့်အသံလည်း အရမ်းရှင်းတာပဲ၊ ဒါပေမဲ့ ခင် နားမလည်တာတစ်ခု ရှိတယ်"

"ဘာများပါလိမ့်"

"ခင်ရှော့ပင်းစင်တာထဲ ရောက်နေတာ မောင်ဘယ်လိုသိသလဲဟင်"




ပုံ (၂၈)

## အကြိုက်ချင်းရယ်တဲ့မတူ

"ငါဘာလုပ်ရမလဲကွာ"

အိမ်တောင်ပြုရန် ရည်မှန်းထားသူက သူ့သူငယ်ချင်းကို မေးလိုက်သည်။

"ငါ့မိဘနဲ့ တွေ့ဖို့ ခေါ်လာတဲ့ မိန်းမတိုင်းကို ငါ့အမေက သဘောမကျလှဘူး ဖြစ်နေတယ်"

'သြော် ... ဒါက လွယ်ပါတယ်၊ မင်းလုပ်ရမှာက မင်းအမေနဲ့ တူတဲ့ မိန်းမကို ရှာဖို့ပါ' ဟု သူငယ်ချင်းက ပြောသည်။

## မထူးတော့တဲ့အတူတူ

မိန်းကလေးတစ်ဦးနှင့် အပြင်ထွက် ထွက်လည်နေသော လူတစ်ယောက်သည် တစ်ညတွင် ထိုမိန်းကလေးကို လာရောက်တွေ့ဆုံသည်။ သူ့အိတ်ထဲတွင် ဘူးလေးတစ်ခု ပါလာသည်။ အချိန်ကျပြီဟု တွေးတောဆုံးဖြတ်ကာ ဘူးလေးကို ထုတ်ယူဖွင့်လိုက်ပြီး စေ့စပ်လက်စွပ်ကို ပြလိုက်သည်။ လက်စွပ်တွင် သူမ၏ အမည်ကို ထွင်းထားသည်။

http://swanbros.blogspot.com



'မင်းကို ကိုယ့်ဇနီးဖြစ်စေချင်တယ်'ဟု သူက ပြောသည်။

"ဘယ်လိုပြန်ပြောရမှန်း မသိဘူး၊ ကျွန်မ တခြားတစ်ယောက်နဲ့ ချစ်နေပြီရှင့်"

မိန်းကလေးက ပြန်ပြောသည်။

"သူ့နာမည်ကို ပြောစမ်းပါ"

သူမအား ပိုးပန်းနေသူက ပြောသည်။

"ဟင့်အင်း ... ဟင့်အင်း ရှင် သူ့ကို ရန်ရှာမှာ"

ထိုအခါ ထိုသူက ပြန်ပြောလိုက်သည်မှာ...

"မဟုတ်ရပါဘူးဗျာ၊ ဒီလက်စွပ် သူ့ကို ရောင်းချင်လို့ပါ"

# စမ်းသပ်ကြည့်ချင်သူ

အလုပ်ရှင်သူဌေးသည် ခေါင်းအကြီးအကျယ်ကိုက်လျက် ရုံးသို့ ရောက်လာသည်။ 'ဒါလေးများ ဆရာရယ်'ဟု ဝန်ထမ်းတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ရက်ပိုင်းက ကျွန်တော်လည်း ခေါင်းအကြီးအကျယ်ကိုက်တာပဲ၊ ဒါပေမဲ့ မကြာလိုက်ဘူး၊ ကျွန်တော့် မိန်းမက ကျွန်တော့်ကို ဆိုဖာပေါ် ခေါ်သွားပြီး တအားဖက်နမ်းလိုက်တာ ခေါင်းကိုက်ပျောက်သွားတော့တာပဲ"

ဘော့စ်ဦးထုပ်ဆောင်းသည်။ ထို့နောက် မေးလိုက်သည်မှာ–

"တခြားဟာတွေတော့ ငါစမ်းကြည့်ပြီးပြီ၊ မင်းမိန်းမ ခု အိမ်မှာ ရှိလား"



ပုံ (၂၉)

http://swanbros.blogspot.com



ပုံ (၃၀)

## ငွေကုန်တဲ့မေးခွန်း

ဇနီးဖြစ်သူသည် ငိုရှိုက်နေရာမှ သူ့ယောကျ်ားအား ပြောသည်။

"ရှင် ကျွန်မကို မချစ်တော့ပါဘူး၊ ကျွန်မ ငိုတာ မြင်ရက်သား နဲ့ ဘာဖြစ်လို့လဲလို့ ရှင် မမေးဘူး"

ဤတွင် ယောကျ်ားဖြစ်သူက ပြန်ပြောသည်မှာ–

"ဝမ်းနည်းပါတယ် အချစ်ရယ်၊ အဲဒီမေးခွန်းက ပိုက်ဆံကုန်လွန်းလို့ပါ"

## သူ့အလိုကျ ဆောင်ရွက်ပြီးသည့်နောက်

သူငယ်ချင်းနှစ်ယောက် လတ်တလော အခြေအနေများအကြောင်း ဆွေးနွေးနေကြသည်။

တစ်ယောက်က ပြောလိုက်သည်။

"အေးကွ၊ ငါတော့ ငါ့မိန်းမ ကျေနပ်အောင် ဆေးလိပ်ရော အရက်ရော ဖဲရော ဖြတ်လိုက်ပြီကွာ"

'မင့်မိန်းမ တကယ့်ကို စိတ်ချမ်းသာသွားမှာပဲ'ဟု အခြားတစ်ယောက်က ပြောသည်။

"ဟေ့ ... အေး၊ ခု သူ ငါ့ကို စကားစလိုက်တိုင်း ပြောစရာ ရှာမရ ဖြစ်နေလို့တဲ့"



ပုံ (၃၁)

## ခေတ်သစ်မိန်းမ မာယာ

အမျိုးသမီးတစ်ဦးသည် သူ့သူငယ်ချင်းကို ပြောပြနေသည်။

"နောက်ဆုံးတော့ ကိုယ့်ယောကျ်ားဆီက ပိုက်ဆံရတဲ့နည်းကို ကိုယ်တွေ့ပြီကွ၊ ညက ကိုယ်တို့ ငြင်းကြခုံကြပြီး ကိုယ်က အမေ့ဆီပြန်မယ်လို့ ပြောလိုက်တယ်၊ သူက လမ်းစရိတ်ထုတ်ပေးတယ်ကွ"

## ပေါင်ဒါကယ်ပေလို့သာ

ဆာရာဆိုတဲ့ အမျိုးသမီးက ဘီလ်ဆိုတဲ့ သူ့ယောကျ်ားကို မိုးချုပ်မှ ကုန်တိုက်ကို လွှတ်ပြီး သူလိုချင်တဲ့ ပစ္စည်းတစ်ခု ဝယ်ခိုင်းလိုက်သတဲ့၊ ဘီလ်က ဟိုရောက်တော့ ကုန်တိုက်က ပိတ်နေပြီလေ။ ဒါနဲ့ ဘေးက အရက်ခန်းထဲ လှမ်းဝင်လိုက်သတဲ့၊ အဲဒီအရက်ခန်းထဲမှာ မိန်းမတစ်ယောက်တွေ့တာနဲ့ စကားစမြည်ပြောပြီး လေပေးဖြောင့်သွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ပြောကြရယ်ကြ တော်တော်အဆင်ပြေသွားပြီး၊ ဘီလ်က အဲဒီအမျိုးသမီးအိမ်ကို လိုက်သွားတယ်။ ဆာရာရဲ့ယောကျ်ား ဘီလ်က ည (၂) နာရီ ထိုးတော့ လန့်နိုးလာပြီး 'ဟာ...မဖြစ်ဘူး၊ မဖြစ်

http://swanbros.blogspot.com



ဘူး၊ ပြန်မှ ပြန်မှ’ ပြောပြီး...

‘ခင်ဗျားဆီက ကိုယ်လိမ်းပေါင်ဒါလေး နည်းနည်းပေးပါ’လို့ တောင်းသတဲ့၊ ပေါင်ဒါဘူးရတော့ လက်ကို ပေါင်ဒါတွေ ပွတ်ပြီး အိမ်ကို တစ်ချိုးတည်း ပြန်လစ်ခဲ့တယ်။ အိမ်တံခါးဖွင့်လိုက်တော့ အပေါက်ဝမှာ သူ့မိန်းမဆာရာက ဒေါသဖြစ်နေပြီး စောင့်နေတာတွေ့ရတယ်။ ‘ရှင် ဘယ်သွားနေတာလဲဟင်၊ ဒီလိုအချိန်ကြီးမှာ’

ဘီလ်က ဘာပြောရမှန်းမသိဘဲ အမှန်အတိုင်း ပြောပြလိုက်တယ် ‘ကုန်တိုက်ပိတ်နေတယ်၊ ဒါနဲ့ ဘေးက အရက်ခန်း ငါဝင်သွားတော့ အဲဒီမိန်းမနဲ့ တွေ့ပြီး တို့တွေ သောက်ကြ၊ စားကြ၊ စကားတွေ ပြောကြတယ်၊ ပြီးတော့ ငါ သူ့အခန်း လိုက်သွားတယ်’ဆာရာက ‘အပိုတွေ လျှောက်ပြောမနေနဲ့၊ ရှင့်လက်ပြစမ်း ကျွန်မ ကြည့်မယ်’လို့ ပြောလိုက်တယ်။ ဘီလ်က ပေါင်ဒါတွေ ဖြူးထားတဲ့ လက်ကို ဖြန့်ပြလိုက်တဲ့အခါ ဆာရာက ဘာပြောသလဲဆိုတော့...

‘ရှင် တစ်ချိန်လုံး ဘိုးလင်းသွားကစားနေတယ် မဟုတ်လား’ တဲ့။

http://swanbros.blogspot.com



ပုံ (၃၂)

## အားကျမိသူရဲ့ ဝေဒနာ

ပန်းခြံထဲတွင် လမ်းလျှောက်လာသော ဇနီးမောင်နှံနှစ်ဦးသည် ခုံတန်းရှည်တစ်ခုပေါ်တွင် ထိုင်လျက် အငမ်းမရ နမ်းနေကြသော လူငယ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးကို သတိပြုမိကြသည်။

'ရှင် ဘာဖြစ်လို့ အဲသလို မလုပ်သလဲ' ဇနီးဖြစ်သူက မေးလိုက် သည်။

'မိန်းမရာ ကိုယ်က အဲဒီ အမျိုးသမီးကို သိတောင်မှ မသိတဲ့ဟာ ပဲ' ယောကျ်ားဖြစ်သူက ပြန်ဖြေသည်။

## အချစ်ရဲ့အတိတ်ကို ပြန်လည်တူးဆွခြင်း

သူတို့၏ အိမ်ထောင်သက် အနှစ် (၅၀) ပြည့် အချိန်အခါတွင် ယောကျ်ား၏ မျက်လုံး၌ မျက်ရည်တစ်စက်ကို ဇနီးဖြစ်သူက သတိပြု လိုက်မိသည်။

"ရှင် စိတ်နှမှန်း ကျွန်မ ဘယ်တုန်းကမှ မသိခဲ့ဘူး"

'ဒါကြောင့် မဟုတ်ပါဘူး' ယောကျ်ားက ပြောသည်။

"မင်းနဲ့ ငါ့ကို မင်းအဖေကြီး စပါးကျီထဲမှာ မိတုန်းက ပြောတာ မှတ်မိသေးလား၊ မင်းကို ငါမယူရင် ငါ့ကို ထောင်ထဲကို အနှစ်ငါးဆယ် လောက် ပို့ပစ်မယ်ဆိုတာလေ၊ အေး အဲဒီတုန်းကသာ ငါထောင်ကျခံ လိုက်ရင် ဒီနေ့ ငါ လွတ်မယ့်နေ့ပဲ"



## ဪော် ... မိန်းမ ... မိန်းမ

လင်ယောကျ်ားဖြစ်သူသည် ရုတ်တရက် မမျှော်လင့်ဘဲ အိမ်ပြန်ရာ သူ့ဇနီးကို အခြားယောကျ်ားတစ်ဦး ရင်ခွင်ထဲတွင် တွေ့လိုက်ရသည်။

'မင်းတို့ ဘာလုပ်နေတယ် ထင်တုံးကွ ဟေ' ယောကျ်ားဖြစ်သူက အော်လိုက်သည်။

ထိုအခါ ဇနီးဖြစ်သူက သူ့အငယ်အား–

'တွေ့လား၊ ရှင့်ကို ကျွန်မ ပြောခဲ့သားပဲ။ သူက ငတုံးပါလို့' ဟု ပြန်ပြောလိုက်သည်။

## သည်တစ်ရက်တော့ ခွင့်လွှတ်ပါ

ဇနီးသည်မှာ စိတ်မကြည်သာခြင်း၊ စိတ်အပြောင်းအလဲ မြန်ခြင်း၊ နှလုံးမငြိမ်ခြင်းတို့ ဖြစ်နေရာ ယောကျ်ားဖြစ်သူက စိတ်ရွှင်လန်းအောင် တတ်နိုင်သမျှ လုပ်ပေးသည်။ ထို့နောက် စိတ်ရောဂါ အထူးကုထံခေါ်သွားလေသည်။ ဆရာဝန်က ဇနီးသည်အား သူ စိတ်မချမ်းသာမှုများနှင့် ပတ်သက်၍ မေးခွန်းအချို့မေးသည်။ အဖြေများအား လေ့လာသည်။

http://swanbros.blogspot.com



ထို့နောက် သူမအား ဖက်ပြီး အငမ်းမရ နမ်းလိုက်သည်။ နမ်းလိုက်ပြီးနောက် အမျိုးသမီးသည် ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။

'တွေ့တယ်မဟုတ်လား၊ ခင်ဗျားမိန်းမ လိုအပ်နေတာ အဲဒါပဲ၊ ကျွန်တော် အကြံပေးချင်တာက ခင်ဗျား အမျိုးသမီးဟာ အင်္ဂါ၊ ကြာသပတေး၊ စနေနေ့တိုင်း အဲဒီလို ပြုစုခံရမယ်' ဆရာဝန်က ပြောသည်။

"ဟုတ်ပါပြီ ဒေါက်တာ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ခင်ဗျ၊ သူ့ကို ကျွန်တော် ဒေါက်တာဆီ အင်္ဂါ၊ ကြာသပတေးနေ့တွေမှာ ခေါ်လာနိုင်ပါတယ်၊ စနေနေ့တွေမှာတော့ ကျွန်တော်က ဂေါ့ဖ်ရိုက်ပါတယ်"

http://swanbros.blogspot.com



ပုံ (၃၄)

# အလှဆုံးညရဲ့ ရင်ခုန်သံ

အသစ်စက်စက် ဇနီးမောင်နှံနှစ်ဦးသည် ပျားရည်ဆမ်းထွက်ရာ ဟိုတယ်သို့ ပုန်းလျှိုးကွယ်လျှိုး ရောက်လာကြသည်။ ညစာစားပြီးသော အခါ သတို့သားက အိပ်ရာဝင်သည်။ သို့ရာတွင် သတို့သမီးက ကုလားထိုင်တစ်လုံးဆွဲထိုင်ရင်း ပြတင်းပေါက်မှ တစ်ဆင့် ကြယ်များကို ငေးကြည့်နေသည်။

'အိပ်ရာ မဝင်သေးဘူးလား' ယောကျ်ားဖြစ်သူက မေးသည်။

သတို့သမီးက–

'ဟင့်အင်း၊ အမေက ပြောလိုက်တယ်၊ ကျွန်မ ဘဝမှာ ဒီညဟာ အလှဆုံးည ဖြစ်လိမ့်မယ်တဲ့၊ ဒီတော့ ကျွန်မ ဒီညကို တစ်မိနစ်တောင် အလွတ်မခံနိုင်ဘူး'ဟု ဖြေလေသည်။

# ဘာတတ်နိုင်သေးသလဲ

စိတ်ရောဂါကုဆရာသည် သူ့အခက်အခဲများ၏ သဘောသဘာဝကို ထုတ်ဖော်မပြောလိုသော လူနာတစ်ယောက်ကို တွေ့သည်။ ထို့ကြောင့်

http://swanbros.blogspot.com



စိတ်ရောဂါကုဆရာသည် စမ်းသပ်မှုတစ်ခုကို ပြုလုပ်၏။ သူသည် စာရွက်နှင့် ခဲတံကို ယူပြီး မျဉ်းဖြောင့်တစ်ကြောင်းကို အပေါ်မှ အောက်သို့ တစ်ချက်ဆွဲပြီး 'ကျွန်တော် ခုဆွဲလိုက်တာဘာလဲ' ဟု မေးလိုက်၏။ စိတ်ရောဂါကု ဆရာသည် ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲလိုက်၏။ ထို့နောက် ယင်းမျဉ်းကြောင်းအား ဖြတ်လျက် အလျားလိုက်မျဉ်းတစ်ကြောင်း ဆွဲလိုက်၏။

"ကဲ ... ဒါ ဘာလဲ"

'ကောင်မလေးကိုယ်ကို ကိုင်ထားတာပါ'ဟု ထိုလူနာက ခပ်သွက်သွက် ဖြေလိုက်သည်။ စိတ်ပညာဆရာက အလျားလိုက် မျဉ်းတစ်ကြောင်းကိုသာ ဆွဲလိုက်သည်။

"ခုတစ်ခါကော ဘာလဲ"

"ကောင်မလေးလှဲနေတာ"

စိတ်ဆရာဝန်က ခေါင်းကို ယမ်းလိုက်သည်။

"အခြေအနေမှန်ကို ရင်ဆိုင်ရအောင်၊ ခင်ဗျားဟာ စိတ်ပျက်စရာကောင်းအောင် တဏှာလွန်တဲ့လူပဲ"

'ကျုပ်က တဏှာလွန်တယ် ဟုတ်လား' လူနာက ဒေါသတကြီး ပြောလိုက်သည်။

"ခင်ဗျားကသာ အဲဒီပုံတွေ အားလုံးကို ဆွဲခဲ့တာဗျ"

http://swanbros.blogspot.com



ပုံ (၃၅)

## စားကြည့်တာနဲ့ သိပါတယ်

မိန်းမဖြစ်သူသည် သူမ၏ ယောကျ်ားအတွက် ညနေစာကို ကြက်သားကင်နှင့် စီစဉ်ထားရှိသည်။

"ဒါလင်ရေ၊ ကျွန်မ ဒီကြက်သားကို လျှပ်စစ်မီးဖိုနဲ့ ချက်ထားတာပါ"

'ကိုယ်ထင်ပြီးသားပါ'ဟု ယောကျ်ားဖြစ်သူက ပြန်ပြောလိုက်သည်။

"ကိုယ်တစ်ကိုက် ကိုက်လိုက်တဲ့အခါတိုင်း လျှပ်စစ်ဓာတ်လိုက်လိုက်သွားတယ်လေ"

## လိုအပ်ချက်လေး ဖြည့်ပေးပါ

ခင်ပွန်းသည်က သူ့ဇနီးကို ပြောလိုက်သည်။

"ဘာများ စိတ်မကောင်းဖြစ်နေတာလဲကွာ၊ မင်းမှာ ဒီဝတ်စုံလေးအတွက် ဦးထုပ်နှစ်လုံးတောင် ရှိနေတာပဲ"

"မှားနေတယ်ရှင့်၊ ကျွန်မမှာက ဒီဦးထုပ်နှစ်လုံးအတွက် အဝတ်တစ်စုံပဲ ရှိနေတာပါ"



ပုံ (၃၆)

http://swanbros.blogspot.com

## သည်လိုဆိုရင် သည်လို လုပ်လိုက်ပါလား

ဇနီးသည်က သည်းတွားရင်း ပြောလိုက်သည်။

"မောင်ရေ၊ နှစ်ကူးအကြိုပွဲတော်မှာ ဝတ်ဖို့ ကျွန်မမှာ ဘာအဝတ်အစားမှ မရှိ ဖြစ်နေတယ်နော် မောင် သိရဲ့လား"

"မေကလည်းကွာ၊ လာကြည့်စမ်းပါဦး၊ ဗီရိုအပြည့် ဝတ်စုံတွေ အများကြီးပဲဟာ"

"ဟုတ်တယ်၊ ဒါပေမဲ့ အပေါင်းအသင်းတွေ အားလုံး ကျွန်မ အဲဒါတွေ ဝတ်တာ မြင်ဖူးကြတယ်လေ၊ နောက်ထပ် ဝတ်စရာတွေ ရှိမှ ကောင်းမယ်"

"မေ့အနေနဲ့ သူငယ်ချင်းအသစ်တွေ ထပ်ရှာတာ ပိုကောင်းမယ်ထင်တယ်"

## အားကိုးလောက်ပါပေရဲ့

သူငယ်ချင်းနှစ်ဦး စကားပြောနေကြသည်။

"မင်းနဲ့ မင်းကောင်မလေး တစ်နေကုန် လျှောက်လည်တာ ငွေ

http://swanbros.blogspot.com



တစ်ထောင်ပဲ ကုန်တယ်ဆို"

"အေးလေကွာ၊ သူ့မှာ ဒါပဲပါတာ"

## အဓိပ္ပာယ်ရှိရှိ ပြောတတ်သူ

"ငါ့မိန်းမက ငါနဲ့ စကားများ စိတ်ကောက်တိုင်း သူ့အမေအိမ် ပြန်မယ်လို့ချည်း ပြောတယ်ကွ၊ အဲဒါ ငါ့ကို အကျပ်ကိုင်တာလား၊ ခြိမ်း ခြောက်တာလား"

"သူ့အမေ အိမ်ပြန်သွားမယ်လို့ သူပြောရင် မင်းကို အကျပ်ကိုင် တာပဲ ဖြစ်တယ်၊ ဒါပေမဲ့ သူ့အမေကို ခေါ်လာမယ်လို့ ပြောရင် ဒါဟာ မင်းကို အကြီးအကျယ် ခြိမ်းခြောက်တာပဲ ဖြစ်တယ်"

## စိုးရိမ်ရတဲ့ ဝေဒနာ

သူနာပြုဆရာမနှင့် ဆရာဝန်တို့သည် သီးသန့်လူနာခန်းဝ၌ တွေ့ ဆုံကြသည်။

"ဆရာမ လူနာအခြေအနေ ဘယ်လိုလဲ၊ စိုးရိမ်စရာ မရှိတော့ဘူး ထင်တယ်"

"ဒေါက်တာအတွက် စိုးရိမ်စရာ မဖြစ်တော့ပေမဲ့ ကျွန်မအတွက် တော့ စိုးရိမ်စရာ ဖြစ်နေပြီ၊ ဒေါက်တာ့ လူနာက လက်ကို ကိုင်တယ်၊ ရည်းစား စကားသုံးကြိမ် ပြောတယ်"



ပုံ (၃၇)

http://swanbros.blogspot.com



ပုံ (၃၈)

## ဘာဆိုင်လို့လဲ

"မင်းတို့ စေ့စပ်ထားတာ ဖျက်လိုက်တော့ သူ့လက်စွပ်ကို ပြန်ပေးလိုက်ရလားဟင်"

"သူ့ကိုသာ အကျင့်စာရိတ္တမရှိးသားလို့ စေ့စပ်ကြောင်းလမ်းဖျက်တာပဲ၊ သူ့လက်စွပ်က သူ့လိုမှ မဟုတ်တာ ဘာလို့ ပြန်ပေးရမှာလဲ"

## တိုးတက်မှုရဲ့လက္ခဏာ

"ခင်ဗျားရဲ့မိန်းမ အိမ်က ထွက်သွားတာ ခင်ဗျား အိမ်မှုကိစ္စတွေ ဘယ်လိုရှိသလဲ"

"သိပ်ကောင်းနေတယ်ဗျာ၊ ကျွန်တော့်အရည်အချင်း အမြင့်ဆုံးရောက်သွားပြီ၊ ဒီလိုလေ အခုဆိုရင် ကျွန်တော်ခြေအိတ်ကို ဘယ်ဘက်က ဖြစ်ဖြစ် စွပ်တတ်သွားပြီ"

# ဒါလေးတော့ သည်းခံပါရှင်

ယောက်ျားတစ်ဦးသည် စားသောက်ဆိုင်မှာ နေ့လယ်စာ စားတော့ သူ့ကို စားပွဲထိုးနေသော မိန်းကလေးကို သိပ်သဘောကျသွားသည်။ ထို့ကြောင့် သူက ထိုမိန်းကလေးကို တာဝန်ချိန်အပြီး ချိန်းဖို့ ကြိုးစားသည်။ စားပွဲထိုးအမျိုးသမီးကလည်း သူ့ကို ဂရုမစိုက်ဘဲ နေသည်။ သူက မျက်လုံးချင်းဆုံအောင် လိုက်ကြည့်လည်း စားပွဲထိုးမလေးက မျက်လုံးကို လွှဲပြီး မမြင်ဟန်ဆောင်နေသည်။

သည်လိုနှင့် နောက်ဆုံးမတော့ ထိုယောက်ျားက မနေနိုင်တာကြောင့် မီးဖိုခန်းထဲအထိ လိုက်သွားပြီး 'ဒီညနေ ညစာကျွေးပါရစေ' ဟု ဖိတ်လိုက်သည်။ သူ့လို လုံးဝ မျက်လုံးချင်းဆုံမှာ စိုးရိမ်စိတ်နှင့် ရှောင်နေသော စားပွဲထိုးမလေးက ရှောရှောရှူရှူပဲ လက်ခံလိုက်သည်ကြောင့် ထိုယောက်ျား သိပ်အံ့သြသွားရသည်။

ထိုလူက ရင်ထဲမထားတတ်သဖြင့် မေးလိုက်သည်။

'ဒါနဲ့များကွာ၊ ဘာဖြစ်လို့ မင်းစားပွဲထိုးတုန်းက ငါကြည့်တာကို မင်းရှောင်နေရသလဲ' ဟု မေးလိုက်သည်။

http://swanbros.blogspot.com



ဤတွင် စားပွဲထိုးကောင်မလေးက ဘာပြန်ပြောသလဲဆိုတော့...

"အို ... ဒါလား၊ ကျွန်မက ရှင် ကော်ဖီထပ်တောင်းမှာ စိုးလို့ ရှောင်နေတာပါ"

## ချစ်တတ်သူရဲ့ အကြံကောင်း

ကျောက်မျက်ရတနာရောင်းသော ဆိုင်တစ်ဆိုင်တွင် လူငယ်တစ်ယောက်သည် တန်ဖိုးကြီးမားသော လည်ဆွဲလော့ကက်သီးတစ်ခုကို သူ့ချစ်သူကောင်မလေးကို လက်ဆောင်အဖြစ် ဝယ်ပေးလိုက်သည်။

'ဒီလော့ကက်သီးအပေါ်မှာ သူမရဲ့ နာမည်ကိုများ ရေးထွင်းပေးလိုက်ရမလားရှင်'ဟု ရတနာရောင်းသူက မေးလိုက်သည်။

ဝယ်သူက တစ်ခဏ စဉ်းစားလိုက်ပြီးမှ ပြန်ပြောလိုက်သည်မှာ 'ဟင့်အင်း၊ ကျွန်တော်ရဲ့ တစ်ဦးတည်းသော ချစ်ရသူအတွက်လို့ပဲ ရေးပေးပါဗျာ၊ ဒါမှ ကျွန်တော်တို့ ကွဲသွားကြရင် ကျွန်တော် ပြန်ပြီး နောက်ထပ် သုံးလို့ရမှာပေါ့'

## ငွေရတုဆန္ဒ

'အချစ်ရေ'ဟု စကားအလွန်များသော မိန်းမဖြစ်သူက ပြောလိုက်သည်။

"ကျွန်မတို့ရဲ့ ၂၅ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ကို ဘယ်လိုကျင်းပရင် ကောင်းမလဲဟင်၊ ရှင် ဘယ်လို စဉ်းစားထားသလဲ"

ဤတွင် ခင်ပွန်းသည်က ခြောက်ကပ်ကပ်လေသံနှင့် ခပ်တိုးတိုး ပြောလိုက်သည်မှာ "ငါးမိနစ်လောက် တိတ်တိတ်ဆိတ်ဆိတ် နေပေးရင် တော်ပါပြီကွာ"

http://swanbros.blogspot.com



# လက်ရှိအခြေအနေမှာ သိုး

ငွေကြေးစာချုပ်များ အရောင်းအဝယ်ဌာနကို စတော့အိပ်ချိန်းဟု ခေါ်ကြပြီး နေ့ချင်း အရောင်းအဝယ်လုပ်ကြသည့်အခါ အဝယ်ထိုင်းပြီး ဈေးအေးနေလျှင် 'ဝက်ဝံလို' **(bearish)** ဖြစ်နေသည်ဟု ဆိုကြသည်။ အဝယ်လိုက်ပြီး ဈေးပူနေလျှင် **'နွားသိုးလို'** **(bullish)** ဖြစ်နေသည်ဟု ဆိုကြပါသည်။

တစ်ရက်တွင် စတော့ငွေကြေးစာချုပ်ကုန်သည်ကြီးတစ်ဦးထံသို့ သူငယ်ချင်းဖြစ်သူက ဖုန်းဆက်လေသည်။

"ဩော် ... မစ္စတာဘရက်ဒ်ဖို့ဒ်နဲ့ ပြောချင်လို့ပါ၊ ကျွန်တော် သူ့သူငယ်ချင်းမစ္စတာအင်ဂရမ် ဖြစ်ပါတယ်"

ဤတွင် ဘရက်ဒ်ဖို့ဒ်၏ အတွင်းရေးမှူးမကလေးက ...

"မစ္စတာဘရက်ဒ်ဖို့ တယ်လီဖုန်းပြောနေလို့ပါ၊ တော်ကြာမှ ပြန်ခေါ်ပါ၊ ဒါမှမဟုတ် ဘာပြောပေးရမလဲရှင့်"

တစ်ဖက်မှ အသံက ဆက်ပြောသည်။

"ခုလောလောဆယ် မစ္စတာဘရက်ဒ်ဖို့ ဝက်ဝံလို ဖြစ်နေသလား၊ နွားသိုးလိုဖြစ်နေသလား သိပါရစေခင်ဗျာ"

ထိုအခါ အတွင်းရေးမှူးမလေးက ဖြေလိုက်သည်မှာ ...

"ခုလောလောဆယ် သူ့ဇနီးနဲ့ စကားပြောနေတာကြောင့် သိုးကလေးလိုပါပဲရှင်"

http://swanbros.blogspot.com



ပုံ (၄၀)



ပုံ (၃၉)

## မထူးပါဘူး အတူတူပါပဲ

တစ်နေ့တွင် ယောကျ်ားဖြစ်သူက ဆိုဖာပေါ်ရှိ မိန်းမအနီးကပ် ထိုင်လိုက်ပြီး မိန်းမဖြစ်သူ၏ ပေါင်ပေါ် ခေါင်းအုံးအိပ်ကာ အနားယူနေသည်။ ထိုအခါ မိန်းမဖြစ်သူက သူ၏ မျက်မှန်ကို ဂရုတစိုက် ဖယ်ပေးလိုက်ပြီး ချိုသာစွာ ပြောလိုက်သည်။

"ရှင်သိလား၊ ရှင်က မျက်မှန်သာမရှိရင် ကျွန်မ လက်ထပ်ခဲ့တဲ့ လူငယ်လေးလို ချောမောလှပတုန်းပါပဲ"

'အချစ်ရေ'ဟု ဆိုကာ ယောကျ်ားဖြစ်သူက ပြုံးဖြီးဖြီးနှင့် ပြန်ပြောလိုက်သည်မှာ 'ငါက မျက်မှန်မတပ်ထားရင် မင်းကိုလည်း ချောမောလှပပြီး ကြည့်ကောင်းနေဦးမှာပါပဲ'ဟူ၍ ဖြစ်သည်။

http://swanbros.blogspot.com




ပုံ (၄၁)

http://swanbros.blogspot.com



ပုံ (၄၂)

http://swanbros.blogspot.com



## ရည်းစားသစ်ရဲ့ အရည်အချင်း

အမေဖြစ်သူက သမီးကို မေးသည်။

"သမီးရဲ့ ရည်းစားအသစ်က ဘယ်လိုလူမျိုးလဲ၊ လေးစားစရာ ကောင်းရဲ့လား"

"ကောင်းတာပေါ့ မေမေ၊ သူက အသုံးအဖြုန်း ချွေတာတယ်၊ အရက်လည်း မသောက်ဘူး၊ ဆေးလိပ်လည်း မသောက်ဘူး၊ ဇနီးကောင်း တစ်ယောက်နဲ့ လိမ္မာတဲ့ သားသမီးသုံးယောက်လည်း ရှိတယ်လေ"

## ကိုယ်ချင်းစာတတ်ပါပြီ

အမျိုးသမီးနှစ်ဦးသည် ယောကျာ်းများနှင့် နီးနီးစပ်စပ်နေလျှင် သူတို့ ဒုက္ခဖြစ်လိမ့်မည်ဟု ယူဆကြသည်။ သို့ဖြစ်၍ ကြောင်ကိုပင် အမ မွေးပြီး အပြင်ထွက်ခွင့် မပေးချေ။

နောက်ဆုံးတွင် သူတို့ထဲက တစ်ယောက်သည် အိမ်ထောင်ကျပြီး ဟန်းနီးမွန်းထွက်သွားသည်။ ရက်အနည်းငယ်အကြာတွင် ကျန်ရစ်သူ အပျိုကြီးသည် ပို့စကတ်တစ်ခု ရသည်။ ယင်းပို့စကတ်တွင် ရေးထားမှာ...

"ကြောင်လေးကို အပြင်ထွက်ခွင့်ပေးလိုက်ပါ"

http://swanbros.blogspot.com



ပုံ (၄၄)



ပုံ (၄၃)

# ဒက်ဒီသိပါတယ်

မနက်မိုးလင်း အရုဏ်လာခါနီးမှာ အမျိုးသမီးလေးတစ်ဦးက သူ့အိပ်ခန်းပြတင်းပေါက်ကို တစ်ယောက်ယောက် လာခေါက်သံကြား၍ နိုးလာခဲ့သည်။ ပြတင်းပေါက်ကို အသာဖွင့်ကြည့်လိုက်တော့ လှေကားထောင်ပြီး တက်လာသူက သူမ၏ ချစ်သူခင်ပွန်းဖြစ်နေသည်။ သူတို့နှစ်ဦးသည် မနက်စောစော 'မောင့်ရွှေနွှယ်ရိုးရယ်၊ ခိုးရာလိုက်တော့မယ်' ဆိုသော ဓာတ်လမ်းစရန် စီစဉ်ထားပြီး ဖြစ်သည်။

'အချစ်၊ ကိုယ်နဲ့ လိုက်ဖို့ အသင့်ဖြစ်ပြီလား'ဟု ကောင်လေးက မေးလိုက်သည်။

'အသင့်ပါပဲ၊ ဒါပေမဲ့ စကားကို တိုးတိုးပြောပါ မောင်ရယ်၊ ဒက်ဒီ နိုးသွားရင် ဒုက္ခရောက်ကုန်မယ်' ဟု ကောင်မလေးက ပြန်ပြော သည်။

ထိုအခါ ကောင်လေးက ပြန်ပြောလိုက်သည်မှာ...

"မင်းဒက်ဒီ သိမယ် ဟုတ်လား၊ အခု ဒီလှေကားကို ဘယ်သူထောင်ပေးတာလဲ၊ သိရဲ့လား ဟင်"

http://swanbros.blogspot.com

# နိုင်တော်မူ ... နိုင်တော်မူ

လင်သား၏ အနိုင်ယူခြင်းကို ခံနေရသော အမျိုးသမီးတစ်ဦးက သူ့လင်သား သူ့ကို နားလည်ခွင့်လွှတ်ဖို့ ကြိုးစားရှာသော်လည်း မျက်နှာသာမရရှာ။ မနက်မိုးလင်း နံနက်စာစားဖို့ စားပွဲထိုးလိုက်ကတည်းက ရွှေမင်းသားက ဆီလိုအပေါက်ရှာပြီး ဇနီး၏ အပြစ်ကို ပြောကာ ကြိမ်းမောင်းတတ်သည်။

လင်သားအတွက် ကြက်ဥကို မွှေပေးထားသောအခါ–

'သောက်တလွဲပဲကွာ၊ ငါက ကျက်နေအောင် ပြုတ်ထားတာ ကြိုက်တယ်'ဟု ပြောသည်။

နောက်နေ့မနက် ကြက်ဥကို အကျက်ပြုတ်ထားလျှင် ကိုယ်တော်ချောက 'မင်းလည်း ဘာတွေလုပ်ထားပြန်ပြီလဲ၊ ငါက ဒီမနက် ကြက်ဥမွှေကြော်စားချင်လို့ဟော့'လို့ ဆူပြန်ရော။

သည်လိုနှင့် တစ်မနက်မှာ ဇနီးဖြစ်သူက အပြစ်ပြောမခံရအောင် ကြက်ဥမွှေကြော်နှင့် ကြက်ဥအကျက်ပြုတ်ကို တစ်ပန်းကန်ထဲမှာ ထည့်ပြီး ချီးမွမ်းခံရမည် အထင်နှင့် စောင့်ကြည့်နေသည်။

ထိုအခါ ခင်ပွန်းဖြစ်သူ ပြောလိုက်သည်မှာ...

http://swanbros.blogspot.com



"မင်းလည်း သောက်တလွဲလုပ်ပြန်ပြီ၊ ငါပြုတ်တာ စားချင်တဲ့ အလုံးကို မင်းက မွှေကြော်လုပ်လိုက်တာကိုးကွ"

## အမြင်ချင်းဖြင့် မတူလေပြီ

ကပွဲတစ်ခုတွင် ဇနီးမောင်နှံနှစ်ဦး ရောက်လာကြပြီး လည်ဟိုက် အင်္ကျီကို အောက်သို့ ရောက်အောင် ချုပ်ထားသော အမျိုးသမီးအကြောင်း မေက မောင့်ကို ပြောပြကာ အတင်းချနေသည်။

"အဲဒီမိန်းမဝတ်ထားတဲ့ အင်္ကျီက သိပ်ဟိုက်နေပြီး နေရာတွေက လည်း မမှန်ဘူး၊ တလွဲတစောင်း ဖြစ်နေတယ်နော်"

ဤတွင် မောင်က ပြန်ပြောလိုက်သည်မှာ...

"ငါကြည့်နေတာတော့ မင်းပြောသလို မတွေ့သေးဘူးကွ"

## စိမ်းတော့မှာလား

သူ့မိန်းမက သူ့အပေါ် ခပ်စိမ်းစိမ်း ဆက်ဆံတာ ကြာလာတဲ့ အခါ စိတ်ညစ်လာသော ယောကျာ်းက မိန်းမဖြစ်သူကို ဒေါနှင့် မောနှင့် ပြောလိုက်သည်။

"ငါ့အဘိုးက ငါ့အတွက် ဒေါ်လာ ၁၀ သန်းထားခဲ့လို့သာ မင်း ငါ့ကို ယူခဲ့တယ်ဆိုတာ ဝန်ခံစမ်းပါ လင်ဒါ"

ဤတွင် ဇနီးဖြစ်သူက ပြန်ပြောလိုက်သည်မှာ...

"အဓိပ္ပာယ်မရှိတာ မပြောနဲ့၊ ဘယ်သူက ရှင့်ကို ပေးခဲ့တယ်ဆို တာ ကျွန်မ စိတ်မဝင်စားဘူး"

http://swanbros.blogspot.com

# ဝါသနာကြောင့်ပါ

စုံတွဲတစ်တွဲသည် အိမ်တစ်အိမ်ကို ဝယ်ရန် ဆိုပြီး ကိုယ်စားလှယ် ပွဲစားတစ်ဦးနှင့် ထွက်လာခဲ့သည်။ ထိုပွဲစားက အခန်းအမျိုးမျိုး၏ ဈေးနှုန်းများကို လက်ထပ်ပြီးကာစ ဇနီးမောင်နှံကို ရှင်းပြသည်။

သည်လိုနှင့် အိမ်တစ်အိမ်၏ အခန်းတစ်ခန်းကို ဝင်ရောက်သည့် အခါ ထိုကိုယ်စားလှယ်က ရှင်းပြသည်။

"ဒါဟာ ကိုယ်ဝါသနာပါရာလုပ်ဖို့ အခန်းပါပဲ"

'ခင်ဗျားမိန်းမရော ဝါသနာပါတာ တစ်ခုခုရှိလား' ဟု ကိုယ်စား လှယ်က ယောကျ်ားဖြစ်သူကို မေးလိုက်သည်။

'အို ... ရှိတာပေါ့' ဟု ယောကျ်ားဖြစ်သူက ပြောပြီး ဆက်ပြော လိုက်သည်မှာ...

"သူက ကျွန်တော့်လိုပဲ အိမ်ပုံစံအမျိုးမျိုး လျှောက်ကြည့်ရတာ ဝါသနာပါပုံချင်း တူတယ်ဗျ"

http://swanbros.blogspot.com



# အကြံပိုင်သူ

အမျိုးသမီးတစ်ဦးသည် လူခေါ်ခေါင်းလောင်းတီးတော့ တံခါးဖွင့်ပေးလိုက်သည်။ ချာတိတ်နှစ်ယောက်က လက်ထဲမှာ ပစ္စည်းတစ်ခုကိုင်ပြီး ရပ်နေသည်။ ပြီးတော့ သူတို့ လာရခြင်းအကြောင်းရင်းကို ရှင်းပြသည်။

'ကျွန်တော်တို့ ငွေလိုက်ရှာနေတာပါဗျာ၊ ကျွန်တော်တို့ကို ဂျုံစေ့သုံးခု၊ ကြက်ရိုးတစ်ချောင်းနဲ့ သုံးပြီးသား ကာဗွန်စက္ကူတစ်ရွက်ပေးပါဗျာ၊ ဒါမှ ကျွန်တော်တို့ တစ်ဒေါ်လာရမှာဗျ'

အိမ်ရှင်မိန်းမက 'ဟာ ... သိပ်ထူးဆန်းတဲ့ ငွေရှာနည်းပဲဟေ့' 'နေပါဦးသားတို့ကို ဘယ်သူက လွှတ်လိုက်တာလဲ'လို့ ပြန်မေးသည်။

ဤတွင် ယင်းချာတိတ်နှစ်ဦးက ဘာပြောသလဲဆိုတော့ 'ကျွန်တော်တို့ကို ထိန်းရတဲ့ မိန်းမရဲ့ ရည်းစားက လွှတ်လိုက်တာဗျ'တဲ့။

http://swanbros.blogspot.com



ပုံ (၄၇)

## ကောင်းလိုက်တဲ့ အကြံဉာဏ်

'ငါအိမ်ပြန်လာတိုင်း ငါ့မိန်းမကို တစ်ပါးသူရဲ့ ရင်ခွင်မှာ မိတာ နှစ်ကြိမ်ရှိပြီ သူငယ်ချင်း'ဟု လူတစ်ယောက်က သူ့အချစ်ဆုံးသူငယ်ချင်းကို ဖွင့်ဟပြီး တိုင်တန်းသည်။ ပြီးတော့ ဘယ်လို သူ့မိန်းမရဲ့ အကျင့်ဆိုးကို တားမြစ်သင့်သလဲဟု မေးသည်။

ဤတွင် သူငယ်ချင်းဖြစ်သူက ပြန်ဖြေလိုက်သည်မှာ...

'ငါလည်း သေသေချာချာတော့ မပြောတတ်ဘူးကွာ၊ ဒါပေမဲ့ ဒီတစ်ခါ မင်းအချိန်ပိုဆင်းနေကြည့်လိုက်ပါလား'တဲ့။

## အပျော်ဆိုတာရယ်

မြို့ငယ်တစ်ခုက မိုတယ်ဆိုသော တည်းခိုခန်းသို့ တည်းမည့် ယောကျ်ားတစ်ဦး ရောက်လာသည်။ ဧည့်ကြိုအမျိုးသမီးက သူ့အခန်းကို လိုက်ပြတော့ သူ့က အခန်းခကို မေးလိုက်သည်။ ဒေါ်လာ (၄၀) ဟု ပြောတော့ သူက 'ဟာ ကျုပ်ပျော်ရွှင်မှုနဲ့ ပေးမှာပေါ့ဗျာ'ဟု ဖြေသည်။

အမျိုးသမီးက 'ဟာ...ရိုးရိုးတည်းခိုခက ၄၀ လို့ ပြောတာ၊ ပျော်ရွှင်မှုပါရင် နောက်ထပ် ဒေါ်လာ ၄၀ ထပ်ပေးရမယ်လေ' ဟု ပြန်ပြောလိုက်သည်။

http://swanbros.blogspot.com



## ကံကောင်းသူရဲ့ ဖြေတွေး

သူငယ်ချင်းနှစ်ဦး စကားပြောနေကြသည်။

"မင်း မုဆိုးမတစ်ယောက်ကို လက်ထပ်လိုက်တယ်၊ ငါတော့ မုဆိုးမလင် မဖြစ်ချင်ဘူးကွာ"

"သူ့ရဲ့ ပထမလင်ယောကျာ်းထက်စာရင် ငါကံကောင်းတာပေါ့ မဟုတ်ဘူးလား"

## မှန်ထဲကပုံတူ ဘယ်သူလဲ

အနီးမှုန်နေသူ အမျိုးသားတစ်ဦးသည် သူ့ဇနီးနှင့်အတူ ပန်းချီပြပွဲမှ ပန်းချီကားချပ်တွေကို ဝေဖန်စိတ်နှင့် စေ့စေ့စပ်စပ်ကြည့်နေသည်။

ထို့နောက် 'ဟာ ... ဒီပုံတူကားကတော့ ငါကြည့်ဖူးတာတွေထဲမှာ အကျည်းအတန်ဆုံးပဲကွ' ဟု ဒေါသတကြီး အော်ပြောလိုက်သည်။

ဤတွင် သူ့ဇနီးက ပြန်ပြောလိုက်သည်မှာ...

"လူမိုက်၊ လာလာ၊ ရှင်ကြည့်နေတာ မှန်ထဲက ရှင့်ရုပ်ပုံ"

http://swanbros.blogspot.com



ပုံ (၄၆)



ပုံ (၄၅)

## ဘယ်သူမောင်းနေတာလဲ

လင်သားက ကားမောင်းပြီး ဇနီးဖြစ်သူက ဘေးမှထိုင်လိုက်လာသည်။ ကားနောက်ခန်းမှာ အမျိုးသမီး၏ အမေလည်း ပါလာသည်။ လမ်းတစ်လျှောက်မှာ မိန်းမသားနှစ်ယောက်စလုံးက ကားမောင်းနေသောသူကို ဘယ်လိုမောင်းလိုက်၊ ဘယ်လိုကွေ့လိုက်၊ ဘာဖြစ်လို့ အရှိန်မလျှော့တာလဲ၊ ဘယ်လိုလုပ်တယ် စသည်ဖြင့် ဝေဖန်အပြစ်ပြောလိုက်လာကြသည်။

တစ်နေ့ရာကျတော့ သည်းမခံနိုင်သော ခင်ပွန်းသည်က ကားကို ရပ်လိုက်ပြီး သူ့ဇနီးကို လှမ်းမေးလိုက်သည်။

"နေပါဦး မက်မီရေ ငါ့စကားတစ်ခွန်းမေးချင်တယ်ကွာ၊ အခု ကားကို ဘယ်သူမောင်းနေတာလဲကွာ၊ မင်းမောင်းနေတာလား၊ ဒါမှမဟုတ် မင်းအမေမောင်းနေတာလား"

## အထင်တော်မလွဲစေဖို့

ကားမောင်းလာသူ အမျိုးသမီးက ပြိုလဲနေသော ရေးဟောင်းပုထိုး

http://swanbros.blogspot.com



ကျောက်တိုင်ကြီးများရှေ့မှာ မတ်တတ်ရပ်ပြီး ခါတ်ပုံအရိုက်ခံနေရာမှ–

"ပုံထဲမှာ ကားမပါစေနဲ့နော်၊ ကျွန်မယောကျ်ားတွေ့သွားရင် ကျောက်တိုင်ကြီးတွေကို ကျွန်မကားနဲ့ ဝင်တိုက်မိတာလို့ ထင်နေဦးမယ်"

## ဆင်ခြေဆင်လက်ပေးလို့ရပြီ

စမစ်ဆိုသော ပုဂ္ဂိုလ်က သူ့အလုပ်ဌာနက မန်နေဂျာထံဝင်တွေ့ပြီးပြောလိုက်သည်။

"ဆရာရေ၊ မနက်ဖြန် ကျွန်တော်တို့ အိမ်မှာ တစ်အိမ်လုံး သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ရမယ်၊ မိန်းမက ကျွန်တော် အိမ်ထပ်ခိုးနဲ့ ကားဂိုဒေါင်ထဲက ပစ္စည်းတွေ အကုန်ပြောင်းရွှေ့ပေးရမယ်လို့ ကျွန်တော့်ကို ခိုင်းထားတယ်၊ အဲဒါ ကျွန်တော့်ကို မနက်ဖြန် ခွင့်တစ်ရက်ပေးပါဗျာ"

မန်နေဂျာကလည်း ခပ်ပြတ်ပြတ်သားသားပဲ ပြန်ဖြေလိုက်သည်။

"ဆောရီးပဲ စမစ်ရေ၊ တို့တွေမှာ လူလိုနေတာ မင်းလည်း သိသားပဲကွာ၊ မင်းကိုပါ ခွင့်တစ်ရက် မပေးနိုင်ဘူး သိလား"

ဤတွင် စမစ်က ဝမ်းပန်းတသာ ပြန်ပြောလိုက်သည်မှာ...

"ဟာ ... ကျေးဇူးတင်လိုက်တာ ဘော့(စ်)ရယ်၊ မိန်းမမေးရင် ကျွန်တော်က ဆရာက မပေးလို့ဆိုရင် အကြောင်းပြသွားနိုင်ပြီ"တဲ့။



ပုံ (၄၈)

# အလုပ်ပြန်နောက်ကျသူအတွက် သင်ခန်းစာ

ခင်ပွန်းဖြစ်သူသည် အလုပ်က အပြန် အိမ်သို့ ချက်ချင်းမလာဘဲ ပျော်ပွဲစားရုံမှာ ခေတ္တရပ်နားပြီး တစ်ညနေလုံး အဲဒီမှာ အချိန်ဖြုန်းနေသည်။ အိမ်ပြန်ရောက်တော့ ဆယ်နာရီရှိပြီ။ သူ့ဇနီးက ထမင်းစားပွဲမှာ ထိုင်စောင့်နေသည်။ သူ့ကို မေးခွန်းတွေမေး၊ ရန်တွေ့ အပြစ်တင်မည့်အစား သူမက ချိုသာစွာ ထမင်းစားဦးမလားဟု မေးခဲ့သည်။ ခင်ပွန်းဖြစ်သူသည် ထမင်းစားဖို့ စိတ်မဝင်စားတော့ဘဲ အိပ်ရာသို့ ဝင်ခဲ့သည်။

မနက်သုံးနာရီခွဲမှာ နှိုးစက်မြည်လာသည်။ ခင်ပွန်းဖြစ်သူက အလျင်အမြန် အိပ်ရာကထပြီး မီးဖွင့်သည်။ သူသည် အချိန်ကို သိသောအခါ သူ့မိန်းမကို ဆူပူကြိမ်းမောင်းပြီး ယင်းသို့ လုပ်ရသည့်ကိစ္စကို မေးမြန်းသည်။

'ကောင်းပြီ' ဟု ဆိုကာ သူ့မိန်းမက အေးဆေးစွာ ပြန်ဖြေသည်။

"ရှင်က အလုပ်ကနေ အိမ်ပြန်ရောက်ဖို့ လေးနာရီလောက် အချိန်ယူရတာ မဟုတ်လား၊ ဒီတော့ အလုပ်သွားဖို့လည်း လေးနာရီလောက် အချိန်ယူရမယ်လို့ ကျွန်မ ထင်လို့ပါ၊ ကျွန်မ ရှင့်ကို အလုပ်နောက်ကျမှာ စိုးလို့ပါရှင်"

## ဆရာ့ဆေးစွမ်းအာနိသင်

“ဆရာ့ဆေးက စွမ်းလိုက်တာ ဆရာရယ်”

“ဘာကြောင့်လဲ ပြောပြပါဦး”

“အစက ကျွန်မလက်ဟာ ကလေးပုခက်ကိုတောင် လွှဲနိုင်ခဲ့တာ မဟုတ်ဘူး။ အခုတော့ ကျွန်မ ယောကျ်ားကိုတောင် ကောင်းကောင်း ရိုက်နိုင်ပြီဆရာ”

## အနိုင်ရသူရဲ့ နောက်ဆုံးစကား

လူတစ်ယောက်သည် သေခါနီးတွင် သူ့မိန်းမဖြစ်သူကို ခေါ်ပြီး ပြောသည်။

“မိန်းမရယ်၊ ငါ့ကို ခွင့်လွှတ်ပေးပါကွာ၊ ငါဟာ အိမ်ဖော်နဲ့မကင်း မရှင်းဖြစ်ခဲ့ပါတယ်”

“အို … ဒါ့အတွက် မစိုးရိမ်ပါနဲ့ ဒါလင်၊ ကျွန်မ သိပါတယ်၊ ကျွန်မက ရှင့်ကို အဆိပ်ခတ်သတ်တာ ဘာအကြောင်းကြောင့်လို့ ရှင်က ထင်သလဲ”

# နားညည်းလွန်းသူရဲ့ အကြင်နာ

အမျိုးသားတစ်ဦးက မိသားစုဆရာဝန်ထံသို့ ဖုန်းဆက်အကြောင်းကြားသည်။

"ဆရာနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကျွန်တော့်မိန်းမ သမ်းလိုက်တာ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ အခုထိ ပါးစပ်ကြီးပြန်ပိတ်လို့မရဘဲ ပွင့်နေတယ်"

"ဒါစိုးရိမ်စရာ မရှိပါဘူး၊ ကျွန်တော် ခုပဲ လာပြီး လုပ်ပေးပါမယ်"

"စိုးရိမ်စရာမဟုတ်ရင် ဆရာမလာပါနဲ့၊ ဒီအတိုင်းဖြစ်နေတာ ကျွန်တော့်အတွက် ကောင်းပါတယ် ဆရာ"

စကားပြန်ကိုပင် မစောင့်တော့ဘဲ ဖုန်းချသွားလေသည်။



ပုံ (၅၀)

## ကံကောင်းသူအစစ်မှာ

သူငယ်ချင်းနှစ်ဦး တစ်နေရာတွင် တွေ့ဆုံကြသည်။

"မင်း ... အိမ်ထောင်ပြုလိုက်ပြီ၊ ဟုတ်လား"

"အင်း"

"ဒီအမျိုးသမီးတော့ ကံကောင်းတာပဲ၊ အဲဒီကံကောင်းတဲ့ အမျိုးသမီးက ဘယ်သူလဲကွ"

"ငါ့မိန်းမရဲ့ အမေပဲ ဖြစ်မှာပေါ့ကွ"

## ပြောတော့တစ်မျိုး သူတော်တော်ဆိုး

အမျိုးသမီးတစ်ယောက်သည် သူ့ချစ်သူပေးသောစာကို သူငယ်ချင်းမကလေးကို ပေးဖတ်ခိုင်းလိုက်သည်။ စာဆုံးအောင် ဖတ်ပြီးသောအခါ ထိုသူငယ်ချင်းမကလေး မျက်လုံးပြူးသွားသည်။

"မင်းနဲ့ငါသာ အတူနေရရင်လေ လေဒဏ်မိုးဒဏ်လည်း ငါ မကြောက်ဘူး၊ ဘယ်ဘေးဒုက္ခကမှ ငါ့အချစ်ကို မတားဆီးနိုင်ဘူး၊ ကမ္ဘာပေါ်က ရွှေတွေ တောင်လိုပုံပေးတောင် မင်းကို ငါမမေ့ပါဘူးကွာ"

စာနောက်ဆုံးတွင် မှတ်ချက်ဆိုပြီး ရေးထားသည်က 'ခု တနင်္ဂနွေမှာ မိုးမရွာမှ ငါ မင်းအိမ်ကို လာနိုင်မယ်နော်' ဟူ၍ ဖြစ်သည်။

http://swanbros.blogspot.com



ပုံ (၄၉)



ပုံ (၅၁)



ပုံ (၅၂)

http://swanbros.blogspot.com



# ကောင်းကင်ဘုံက ကယ်တင်ရှင်

အမျိုးသမီးတစ်ဦးသည် သူနှင့် လက်ထပ်မည့် လူငယ်ကို သူ့မိဘများနှင့် တွေ့ပေးရန် ညစာဖိတ်ကျွေးသည်။ ညစာစားပြီးသည့်နောက် အမျိုးသမီး၏ ဖခင်က လူငယ်ကို သူ့စာဖတ်ခန်းထဲခေါ်ပြီး စကားစမြည်ပြောဆိုကာ စုံစမ်းမေးမြန်းတော့သည်။

"ကိုင်း မင်းတို့ ဘယ်လိုအနာဂတ်စီမံကိန်းတွေ ချထားသလဲ ပြောပါဦး"

'ကျွန်တော်က ဘာသာရေးစာပေတွေ လိုက်စားတဲ့ သုတေသီလုပ်မလို့ပါ'ဟု လူငယ်က ပြန်ပြောသည်။

"ဟာ ... သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ ငါ့သမီးအတွက် တစ်အိုးတစ်အိမ်ထားဖို့ မင်း ဘာလုပ်စားမလဲ"

"ကျွန်တော်က စာပေတွေ လေ့လာမယ်၊ ဘုရားသခင်က စီစဉ်ပေးပါလိမ့်မယ်"

"အင်း ဒီလိုဆိုရင် သားသမီးတွေ မွေးလာတော့ မင်း ဘယ်လိုရှာကျွေးမှာလဲ"

'ဘုရားသခင်ကပဲ ကျွေးလိမ့်မှာပေါ့'ဟု ဖြေသည်။

အဘိုးကြီးလည်း စာဖတ်ခန်းထဲက ထွက်ခဲ့သည်။ သူ့ဇနီးက 'ဘယ့်နှယ်လဲ ကောင်လေးအခြေအနေ' လို့ မေးတော့ သူက ဤသို့ ပြန်ပြောလိုက်သည်။

"သူက ပိုက်ဆံလည်း မရှိဘူး၊ အလုပ်လုပ်မယ့် စိတ်ကူးလည်း မရှိဘူးကွ၊ နောက်ပြီး ငါ့ကိုတောင် သူ့ကို ကယ်မယ့် ဘုရားသခင်လို့ ထင်နေတာ"

http://swanbros.blogspot.com



# ချစ်တတ်သူရဲ့ ကလဲ့စားနောင်တ

မျက်နှာဖုံးကွယ်ပြီး ကရသည့် ကပွဲညတွင် အမျိုးသမီးတစ်ဦးသည် ခေါင်းတစ်ခြမ်းကိုက်နေရာ သူ့ယောကျ်ားတစ်ယောက်တည်း သွားရန် ပြောလိုက်သည်။ သူ့ယောကျ်ား ထွက်သွားပြီးနောက် သူမ သက်သာလာသဖြင့် ကပွဲအဝတ်အစားဝတ်သည်။ ယင်းအဝတ်အစားမှာ သူ့ယောကျ်ား မမြင်ဖူးသော အဝတ်အစား ဖြစ်သည်။ ကပွဲရောက်သော် မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက်နှင့် တွဲ၍ သူ့ယောကျ်ား ကခုန်မြူးထူးနေသည်ကို မြင်ရသောအခါ လက်စားချေရန် ဆုံးဖြတ်လိုက်သည်။

သူ့နားနားကပ်၍ တီတီတာတာပြော၊ အချိန်အတော်ကြာ ပွေ့ဖက်ပြီး ဥယျာဉ်ထဲသို့ ဆင်းလာအောင် ဖြားယောင်းသွေးဆောင်လိုက်သည်။ ညသန်းခေါင် မျက်နှာဖုံးချွတ်ရမည့် အချိန်မတိုင်မီကလေးတွင် အမျိုးသမီးသည် အသာလစ်ထွက်ပြီး အိမ်ပြန်လာခဲ့သည်။ သူ့ယောကျ်ားက မနက် (၃) နာရီကျမှ ပြန်လာသည်။

"ပါတီက ဘယ်လိုနေလဲ"

"ပျင်းစရာပါကွာ"

"ရှင်တော်တော်လေး ကခဲ့ရဲ့လား"

"အမှန်အတိုင်းပြောရရင် ငါ အဲဒီရောက်တော့ ဝိတ်ရယ်၊ ဘီလ်ရယ်၊ ဖရက်ဒ်ရယ် သူတို့လည်း မိန်းမတွေ မပါကြဘူးကွ၊ အဲဒါနဲ့ တို့လည်း စာကြည့်တိုက်ထဲ ပိုကာကစားကြတယ်"

"ရှင်တို့ တစ်ညလုံး ဖဲရိုက်နေကြသလား"

အမျိုးသမီးက ခပ်တည်တည်မေးလိုက်သည်။ ထိုအခါ သူ့ယောကျ်ားက ပြန်ပြောသည်မှာ–

"အေးကွ၊ ငါ့အဝတ်အစားတွေ ချာလီကို ပေးပစ်ခဲ့တယ်၊ သူပြောတာကတော့ တော်တော်ပျော်ခဲ့ရတယ်ဆိုပဲ"



ပုံ (၉၃)



ပုံ (၅၄)

## ထို့ကြောင့် ဤသို့

ဇနီးမောင်နှံ နှစ်ဦးစလုံး ပြောနေကြသည်။

ခင်ပွန်း ။ ။ "ကိုယ်ရို့ လက်ထပ်ပြီးပြီဆိုတော့ မင်းရဲ့ချွတ်ယွင်းချက်လေးတွေ ထောက်ပြချင်တယ်ကွာ"

ဇနီး ။ ။ "မောင်ရယ်၊ ပြောမနေပါနဲ့တော့ကွယ်၊ ကျွန်မဘာသာ ကျွန်မ သိပါတယ်၊ ဒါကြောင့်လည်း မောင့်ထက်သာတဲ့ ယောကျ်ားမရခဲ့တာပါ"

## ဆက်စပ်မှု အရေးအသား

ပုံစံကျပေးစာ တစ်စောင်စ ရေးတိုင်း သမ္ဘတဖရန့်ဇ် ရေးလေ့ ရှိသည်မှာ ဤသို့ ဖြစ်ပါသည်။

"ဂုဏ်သရေရှိ လူကြီးမင်း ခင်ဗျား...

ကျွန်ုပ်ရဲ့ အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီး ပထမဆုံး တောင်းပန်ထားပါရစေ။ ဒီဘာသာစကားနဲ့ ကျွန်ုပ် ဆက်စပ်ပုံဟာ ကျွန်ုပ်နဲ့ ကျွန်ုပ်အမျိုးသမီး ဆက်စပ်ပုံလို ဖြစ်နေပါတယ်။

ကျွန်ုပ် သူမကို ချစ်ပေမဲ့ သူမကိုတော့ ကျွန်တော် မထိန်းချုပ်နိုင်သလိုမျိုးပေါ့ဗျာ"



ပုံ (၅၅)

## အဓိက လိုအပ်ချက်မှာ

အောင်မြင်သော စန္ဒရားဆရာဖြစ်ဖို့ ဘာလိုအပ်သလဲ မေးရာ စန္ဒရားဆရာ အော်စကာလီဗန်းက ဤသို့ ပြန်ဖြေပါသည်။

“အဓိက ကတော့ ငါးချက်ပါပဲ၊ အရည်အသွေး၊ စိတ်ကူးစိတ်သန်း၊ အားအင်၊ ဆုံးဖြတ်ချက်၊ အဲ...ပြီးတော့ အလွန်ချမ်းသာတဲ့ ဇနီးတစ်ဦးပေါ့ဗျာ”

## သူ့အကြောင်းနဲ့သူ

မိတ်ဆွေအမျိုးသားနှစ်ဦး စကားပြောနေကြသည်။

(ပ) အမျိုးသား ။ ။ “ကျွန်တော့်မိန်းမကို ကျွန်တော် စကားမပြောတာ တစ်နှစ်ရှိပြီဗျ”

(ဒု) အမျိုးသား ။ ။ “ဘာဖြစ်လို့လဲဗျာ ဆိုစမ်းပါဦး”

(ပ) အမျိုးသား ။ ။ “သူပြောတာကို ဖြတ်ဖြတ် မပြောချင်လို့ဗျာ”

http://swanbros.blogspot.com



# အားပေးတတ်သူ

အမျိုးသမီးတစ်ဦးသည် လေသူရဲတစ်ဦးနှင့် စေ့စပ်ထားသည်။ ခင်ပွန်းလောင်းဖြစ်သူ လေသူရဲက သူ့ဇနီးလောင်းကို ကြွားချင်သည် ကြောင့် လေယာဉ်ကို စတန့်ထွင်ပြီး ကျွမ်းထိုး မှောက်ခုံ ပျံသန်းပြလိုက်သည်။

နောက်တစ်နေ့ ခင်ပွန်းလောင်းဖြစ်သူက သူ၏ လေယာဉ်ပျံသန်းမှု အပေါ် ဇနီးလောင်း၏ အမြင်ကို သိလိုသဖြင့် အရေးတယူ မေးမြန်းလိုက်သည်။

ဤတွင် ဇနီးလောင်းက ဖြေကြားလိုက်သည်မှာ–

"မပူပါနဲ့ အချစ်ရယ်၊ တစ်နေ့နေ့တော့ လေယာဉ်ပျံကို မောင် တည့်တည့် ပျံတတ်လာပါလိမ့်မယ်"

# အချစ်ရဲ့ အရိပ်ရှာပုံတော်

ညှော်ခံပွဲတစ်ခုတွင် ဖြစ်သည်။ အမျိုးသမီးတစ်ယောက်သည် သူမ ၏ မိတ်ဆွေအား မေးမြန်းနေသည်။

"စောစောက ခပ်ချောချောစားပွဲထိုးကောင်မလေး ဘယ်များ ရောက်သွားပါလိမ့်၊ ဒီနားမှာ ခုနက အရက်လိုက်ဖြည့်ပေးနေတယ်လေ"

"မင်း သောက်ချင်လို့လား၊ ကိုယ် သွားယူပေးပါ့မယ်"

"ဟင့်အင်း မသောက်ချင်ပါဘူး၊ တို့အမျိုးသား ဘယ်ရောက်သွား ပြီလဲဆိုတာ သိချင်လို့ပါ"



ပုံ (၅၆)



ပုံ (၅၇)

## သမက်နဲ့ ယောက္ခမဇာတ်လမ်းမှာ

အိမ်ထောင်ရှင်အမျိုးသားတစ်ဦးသည် သူ၏ ထမင်းချက်အား မှာကြားပြောဆိုနေသည်။

"မနက်ဖြန်ခါကျရင် ငါ့ရဲ့ ယောက္ခမအဘွားကြီး ဒီကိုလာပြီး တော်တော်ကြာကြာ နေလိမ့်မယ်၊ ဟောဒါ သူ့အကြိုက်ဆုံး ဟင်းလျာ စာရင်းပဲ၊ ရော့...ယူထား"

ဤတွင် ထမင်းချက်က 'ဟုတ်ကဲ့ပါဆရာ'ဟု ပြောလိုက်သည်။

သို့သော် ထိုအမျိုးသား နောက်ဆုံးစကားကြောင့် ထမင်းချက် အံ့သြသွားရသည်။

"အေး၊ အဲဒီစာရင်းထဲက ဟင်းတွေ တစ်မျိုးမဟုတ် တစ်မျိုး သူ့ကို ချက်ကျွေးမိလို့ကတော့ မင်းအလုပ်ပြုတ်ပြီသာ မှတ်ပေတော့"

## တစ်ခုခု လိုနေသူ

စားသောက်ဆိုင်ထဲသို့ အရက်သမားတစ်ဦး ဝင်လာသည်။ 'ဟေ့ လာစမ်းပါဦး၊ အရက်တစ်ပုလင်းပေးပါ၊ ကြက်ဥကြော် တစ်ပွဲပေးပါ၊

http://swanbros.blogspot.com



ကြက်ဥကြော်ကို တစ်ခြမ်းတူး၊ တစ်ခြမ်းက ပျော့နော်၊ ဆားကို ငန်ငန်လေးဖြစ်အောင်ထည့်၊ ပြီးရင် အရက်နဲ့ အမြည်းပန်းကန်ကို စားပွဲပေါ် ဆောင့်ကြီးအောင့်ကြီးနဲ့ လာချ၊ ပြီးတော့ ရော့ မျိုဆို့လို့ ပြောပေးပါ'

စားပွဲထိုး လူငယ်လေးက အလွန်အံ့သြသွားပြီး–

'ဘာဖြစ်လို့လဲဆရာ' ဟု မေးလိုက်မိသည်မှာ–

"ငါ့အိမ်မှာ သောက်နေကျအတိုင်း ငါ့မိန်းမက အဲဒီလို ဆက်ဆံနေကျဆိုတော့ ဆိုင်မှာလည်း ဒီလို လုပ်ပေးမှ ငါလည်း သောက်တော့မယ်၊ မဟုတ်ရင် တစ်ခုခု လိုနေသလိုပဲကွာ"

# ချစ်မြတ်နိုးသူ ဆိုသူမှာ

ဈေးရောင်းပွဲတော်တစ်ခုတွင် ပန်းရောင်းသူ အမျိုးသမီးတစ်ဦးက မစ္စတာ ပက်ထရစ်ကို လှမ်းခေါ်ရင်း ပြောလိုက်သည်။

"မစ္စတာ ပက်ထရစ်။ ကျွန်မရဲ့ ဆိုင်ကို အားပေးပါဦး၊ ပန်းတွေ ဝယ်သွားပါဦးလား၊ ကိုယ်ချစ်မြတ်နိုးသူ ကိုယ်လက်ဆောင်ပေးလို့ ရတာပေါ့ရှင်"

ဤတွင် မစ္စတာ ပက်ထရစ်က ပြန်ပြောလိုက်သည်မှာ–

"ကျွန်တော်နဲ့ မဆိုင်လှဘူး ထင်တယ်၊ ကျွန်တော့်မှာ အိမ်ထောင်ရှိပါတယ်"



ပုံ (၁၈)

# သူလိုချင်တဲ့ နောက်ဆုံးဆန္ဒ

စိတ်မချမ်းမသာ ဖြစ်နေသော အမျိုးသမီးတစ်ဦးသည် ကမ်းခြေတွင် လမ်းလျှောက်နေစဉ် သဲသောင်ပေါ်တွင် ပုလင်းတစ်ပုလင်းကို တွေ့ရသည်။ သူမက ပုလင်းကို ကောက်ယူပြီး ဖော့ဆို့ကို ဆွဲထုတ်လိုက်ရာ ရှူးခနဲ မီးခိုးများနှင့်အတူ ဘီလူးတစ်ကောင် ပေါ်ထွက်လာသည်။

'ခင်ဗျားက ကျွန်တော့်ကို အကျဉ်းကနေ လွှတ်ပေးလိုက်တာပါ၊ ကျေးဇူးတင်ကြောင်း ပြတဲ့အနေနဲ့ ခင်ဗျားရဲ့ ဆန္ဒသုံးခုကို ဖြည့်ပေးပါမယ်။ ဒါပေမဲ့ သတိထားပါ။ ဆန္ဒတစ်ခုချင်းအတွက် ခင်ဗျားရဲ့ ခင်ပွန်းက ဘာပဲဖြစ်ဖြစ် နှစ်ဆရပါလိမ့်မယ်' ဘီလူးက ပြောသည်။

'ဘာဖြစ်လို့လဲ၊ အဲဒီသေနာက ကျွန်မကို ပစ်ပြီး နောက်တစ်ယောက်ကို ယူသွားတာ'

'ဒါကတော့ ရေးထားတဲ့ အတိုင်းပဲဗျာ' အမျိုးသမီးက ပခုံးတွန့်ပြီး ဒေါ်လာတစ်သန်း တောင်းလိုက်သည်။ ဝင်းခနဲ တစ်ချက်လက်သွားပြီး ဒေါ်လာတစ်သန်းသည် သူမ၏ ခြေရင်းမှာ ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် အဝေးတစ်နေရာရှိ သူမ၏ ခင်ပွန်းသည်ကလည်း သူ့ခြေရင်းက

http://swanbros.blogspot.com



ဒေါ်လာနှစ်သန်းကို ငုံ့ကြည့်နေလေသည်။

'နောက်ဆုတစ်ခုကတော့ ကျွန်မ ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးဆုံး စိန်လည်ဆွဲ လိုချင်တယ်' အမျိုးသမီးက ပြောလိုက်သည်။ ဝင်းခနဲ တစ်ချက်လင်းသွားပြီး အမျိုးသမီး၏ လက်ထဲမှာ စိန်လည်ဆွဲက ကိုင်လျက်သား ဖြစ်နေသည်။ အဝေးမှာလည်း သူမ၏ ခင်ပွန်းက ကျောက်ပွဲစားကို လိုက်ရှာနေလေသည်။

'ဘီလူးမင်းရှင့်၊ ကျွန်မယောကျ်ားက ဒေါ်လာနှစ်သန်းနဲ့ ကျွန်မထက်ပိုတဲ့ ကျောက်မျက်ရတနာ ရသွားတာ တကယ်ပဲလား၊ ကျွန်မ ဘာဆုတောင်းတောင်း ကျွန်မရဲ့ နှစ်ဆ သူရမှာ တကယ်ပဲလား' ဘီလူးက ဟုတ်မှန်ကြောင်း ပြောသည်။ ထိုအခါ အမျိုးသမီးက–

'ကောင်းပြီလေ၊ နောက်ဆုံးဆန္ဒကို ကျွန်မပြောမယ်။ ကျွန်မကို သေမတတ်ဖြစ်အောင် လှန့်လိုက်စမ်းပါ'ဟု ပြောလိုက်လေသည်။

# ထူးခြားနေတဲ့ သူ့အကြိုက်

"ခင်ဗျား နုံနုံအအ မိန်းမတွေကို သဘောကျလား"

"ဟင့်အင်း"

"ဆေးလိပ်သောက်တဲ့ မိန်းမတွေကော"

"လုံးဝပဲ"

"မချက်မပြုတ်တတ်တဲ့ မိန်းမတွေကောဗျာ"

"မကြိုက်တာ အသေအချာပဲ"

"ဒါဖြင့် ဘာကြောင့် ကျွန်တော့် မိန်းမကို တအား စိတ်ဝင်စားနေရတာလဲ"

http://swanbros.blogspot.com



ပုံ (၅၉)

# အဘယ်ကြောင့်ဆိုသော်

မေရီဆိုသည့် အမျိုးသမီးတစ်ယောက် ပြောပြသည့် ခင်ပွန်းသည် အကြောင်းမှာ အိမ်ထောင်သုခ ပျော်ရွှင်မှု ရလိုသူ အမျိုးသမီးများအတွက် အားကျစရာပင် ဖြစ်သည်။

'ငါ့ယောကျ်ားက အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ မိန်းမ မလိုက်စားဘူး၊ သူ့ သူငယ်ချင်းတွေနဲ့ အပြင်ကို ခဏတစ်ဖြုတ် ထွက်တဲ့အခါဆိုရင်လည်း ငါမပါဘဲ မသွားဘူး၊ ငါ့ကို လျစ်လျူရှုရမယ့် အလုပ်မျိုးဆိုသူ လုံးဝ မလုပ်ဘူး' ဟု မေရီက သူ့ခင်ပွန်းအကြောင်း ချီးမွမ်းခန်းဖွင့်သည်။

ထိုအခါ နားထောင်ကြသည့် အိမ်ထောင်သည် အမျိုးသမီး အားလုံးမှာ မျက်လုံးအဝိုင်းသားဖြင့် မေရီကို အားကျနေကြလေသည်။

'နင်က ယောကျ်ားရ ကံကောင်းလိုက်တာဟယ်။ ဒါနဲ့ နင့်ရဲ့ အိမ်ထောင်ရေး လျှို့ဝှက်ချက်ကို ပြောပြလို့ မရဘူးလား'ဟု တစ်ယောက် က မေးသည်။

ထိုအခါ မေရီက ပြောပြသည်မှာ–

"သိပ်ရတာပေါ့၊ ငါ့ယောကျ်ားက လေဖြတ်နေတာလေ"

http://swanbros.blogspot.com



# အချစ်သင်ခန်းစာ

ဒေါ်လီက ချစ်သူရည်းစားရှိနေပြီ ဖြစ်သည့် သူမ၏ မောင်လေးအား အောက်ပါအတိုင်း အကြံပေးလေသည်။

"ဟဲ့ မောင်လေး၊ မောင်လေးရဲ့ ချစ်သူကို မောင်လေးဟာ သူ့အတွက် တန်ဖိုးမရှိပါဘူးဆိုတဲ့ စကားမျိုး မပြောမိစေနဲ့နော်၊ တအံ့တသြဖြစ်သွားအောင် သူ့ဘာသာ သူသိသွားပါစေ"

# အချစ်ပြိုင်ပွဲရဲ့ နိဂုံး

'ကိုယ်မရှိတဲ့အခါ ကိုယ်လိုယောကျ်ားမျိုးကို ရှာတွေ့ဖို့ အလွန်ခက်မှာ၊ မင်းသိပါလိမ့်မယ်' သူ မသေခင်မှာ ထိုစာတိုလေးကို ရေးသွားခဲ့သည်။

'ရှင့်လိုယောကျ်ားမျိုးကို ကျွန်မက လိုအပ်ဦးမယ်လို့ ရှင် ထင်နေခဲ့တာကိုး' ဟု သူမက သူ၏ အုတ်ဂူရှေ့တွင် ကမ္ပည်းထိုးပေးလေသည်။

# အထာသိတဲ့ မိန်းမ

"ဂျက်ရေ ... နောက်ဆို ဒီလို လက်လွတ်စပယ် မလုပ်နဲ့နော်၊ ရှင်နှာချေရင် ပါးစပ်ကို လက်နှစ်ဖက်နဲ့ ပိတ်ပြီးတော့မှ နှာချေကြားလား' ဟု ဘယ်လီက ခင်ပွန်းဖြစ်သူကို ပြောလေသည်။

'ဘာဖြစ်လို့လဲ မိန်းမရဲ့' ဟု ဂျက်က မေးလေသည်။

'ရှင့်ရဲ့ သွားအတုကြီးကို ဖမ်းထားဖို့လေ' ဟု ဘယ်လီက ပြောလေသည်။



ပုံ (၆၀)

## စမ်းကြည့်ချင်သူ

ဆက်ကပ်တစ်ခုတွင် လူကြိုက်အများဆုံးမှာ ခြင်္သေ့ကို လိမ္မာအောင် လေ့ကျင့်ပေးသူ မိန်းမချောကလေး ဖြစ်သည်။ သူမသည် ခြင်္သေ့များကို လုံး၀ ထိန်းချုပ်ထားနိုင်ပြီး သူမ၏ အမိန့်ပေးမှုအောက်တွင် အကြမ်းတမ်း အခက်ထန်ဆုံး ခြင်္သေ့ပင် အမျိုးသမီး၏ လည်ပင်းကို သူ့လက်နှင့် ဖက်ပြီး နှာခေါင်းနှင့် ပွတ်သပ်နေရသည်။

ပရိသတ်က သောင်းသောင်းဖျဖျ ဩဘာပေးကြသော်လည်း လူတစ်ယောက်ကတော့ 'ဒါ ဘာဆန်းလို့လဲ။ ဘယ်သူမဆို လုပ်နိုင်တာပဲ' ဟု ပြောလိုက်သည်။

ဤတွင် ဆက်ကပ်ဆရာက 'ခင်ဗျားစမ်းကြည့်ချင်သလား' ဟု ထိုသူကို စိန်ခေါ်လိုက်သည်။ ထိုသူက 'ဟုတ်ကဲ့၊ ခြင်္သေ့ကိုသာ စင်ပေါ်က ခေါ်သွားစမ်းပါ'ဟု ပြန်ပြောလိုက်လေသည်။

## အာဂယောက်ျား

"ကျွန်မတို့ နေရထိုင်ရပုံကတော့ ရှက်လည်းရှက်ပါရဲ့။ ကျွန်မအမေ

http://swanbros.blogspot.com



က အိမ်ငှားခကို ပေးတယ်။ ကျွန်မ အဒေါ်က ကျွန်မတို့ အဝတ်အစားတွေကို ဝယ်ပေးတယ်။ ကျွန်မ အစ်မက အစားအသောက်ဝယ်ခြမ်းဖို့ ပိုက်ဆံပို့ပေးတယ်။ အဲဒီလို အခြေအနေထက် ပိုကောင်းအောင် မလုပ်နိုင်တာ ကျွန်မ သိပ်ရှက်တာပဲ”

မိန်းမက သူ့ယောကျ်ားအား မကျေမနပ် ပြောဆိုသည်။ ထိုအခါ ယောကျ်ားဖြစ်သူက–

“အေး မင်းရှက်သင့်တာပေါ့။ မင်းမှာ ဦးလေးနှစ်ယောက်ရှိလျက်သားနဲ့ တို့ဆီကို တစ်ပြားမှ ပို့မပေးဘူးလေ”

## သဘောချင်း ညီလိုက်ပုံက

“ဖေဖေ” ချောမောလှပသော သမီးငယ်က ပြောလိုက်သည်။

“သမီး ဒေးဗစ်နဲ့ လက်ထပ်မလို့”

“ဒေးဗစ်ဆိုတာ ဘယ်သူလဲ၊ သူ့မှာ ဘာတွေ ပိုင်ဆိုင်ထားလဲ၊ သူ့မှာ ရှယ်ယာတွေ ဒါမှမဟုတ် ငွေတွေဝယ်ထားသလား၊ သူ့ဘဏ်စာရင်းက ဘယ်လောက်ရှိလဲ”

“ဖေဖေ ဖေဖေက ဒေးဗစ်နဲ့ သိပ်တူတာပဲ၊ သူကလည်း အခုအတိုင်းပဲ ဖေဖေ့အကြောင်းကို မေးတယ်”

http://swanbros.blogspot.com



ပုံ (၆၁)

# ရည်းစားများသူရဲ့ ဒုက္ခ

'အင်း ...ငါလန့်နေသလား မမေးနဲ့ဟေ့' မိုက်ကဂျော့ကို ပြောလိုက်သည်။

"သူ့မိန်းမကို တွေ့နေတာကို ရပ်တန်းက ရပ်ရင်ရပ်၊ မရပ်ရင် ငါ့ခြေထောက်တွေကို ချိုးပစ်မယ်လို့ ငတိတစ်ကောင်ဆီက ခြိမ်းခြောက်စာရထားလို့ကွ"

'အင်း...'ဂျော့ကတုံ့ ပြန်လိုက်သည်။

"အဲဒါဆိုရင် မင်း သူ့မိန်းမနဲ့ ခပ်ကင်းကင်းနေလိုက်ရုံပေါ့"

"မင်းအနေနဲ့တော့ အပြောလွယ်တာပေါ့"

'မင်း အဲဒီကောင်မကို ဒီလောက်တောင် စွဲနေလို့လားကွ'ဟု ဂျော့က မေးလိုက်သည်။

'အဲဒါမဟုတ်ဘူး' မိုက်က ဆိုလိုက်သည်။

'အဲဒီ ငတိက စာမှာ နာမည်ထိုးမပေးလိုက်တော့၊ ငါတွဲနေတဲ့ အထဲက ဘယ်ကောင်မမှန်း မသိလို့ဟ' ဟူ၏။

http://swanbros.blogspot.com



# ခေတ်သစ်ရှိတ်စပီးယား

ပုံမှန်ရှင်းလင်းနေကျအတိုင်း မိန်းမသည် ရှင်းလင်းရင်း ယောကျ်ား၏ စာကြည့်တိုက်ခန်းသို့ ရောက်သွား၏။ မိန်းမက ယောကျ်ားအား အကြံပေး၏။ 'စာအုပ်ကောင်းတွေ ကြားထဲမှာ သိမ်းထားထိုက်တယ်လို့ ကျွန်မ မထင်တဲ့ စာအုပ်တစ်ပုံ ရှိနေတယ်'

ယောကျ်ားသည် စာအုပ်များကို အလျင်အမြန်ကြည့်ပြီး သူမသည် စာအုပ်အရွေးကောင်းသည်ဟု သတ်မှတ်လိုက်သည်။

'ကျွန်မ မသေချာတဲ့ စာအုပ်တစ်အုပ်တော့ ရှိနေတယ်'ဟု သူမက ပြော၏။ 'အလွန်သွေးဆာတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ၊ လူသတ်တာတွေ ပြည့်နေတယ်။ တစ်ကောင်က အစ်ကိုကို သတ်ပြီး သူ့အလုပ်နဲ့ သူ့မိန်းမကို ယူတယ်'

'အလကား အသုံးမကျတဲ့သူတွေ'ဟု ယောကျ်ားက ဝေဖန်၏။

'အဲဒီကြောင် တူတော်မောင်က သူ့ကိုယ်သူ စုံထောက်လို့ စိတ်ကူးယဉ်နေတယ်။ သူဟာ ညဘက်မှာ အသံတွေ ကြားရတာကစပြီး သူ့ရည်းစားရဲ့ အဖေကို သတ်တယ်၊ ပြီးတော့ သူ့ရည်းစားရဲ့ အစ်ကိုကို သတ်တယ်၊ အဲဒီနောက် သူဦးလေးကို သူပြန်သတ်တယ်၊ ပြီးတော့မှ သူ့ကိုယ်သူ သတ်သေတယ်'

'သမားရိုးကျ ခေတ်သစ်အမှိုက်တွေပေါ့ကွာ' ယောကျ်ားက မှတ်ချက်ချသည်။

"အဲဒါကို ရုပ်ရှင်မရိုက်သေးတာ အံ့သြစရာပဲ၊ တကယ်ကြမ်းတမ်းတဲ့ ဇာတ်လမ်းကွ"

"ရိုက်ပြီးပါပြီရှင်၊ အဲဒါ ရှိတ်စပီးယားရဲ့ **Hamlet** ပြဇာတ်လေ"



ပုံ (၆၂)

## နောက်ဆုံးပေါ်ဆုံးမနည်း

အမျိုးသမီးတစ်ဦး ဝယ်ယူလိုသော ပစ္စည်းများကို ထုပ်ပိုးပေးပြီး နောက် ကျွန်မက 'ငွေသားပေးမှာလား၊ ချက်လက်မှတ်ပေးမှာလား၊ အကြွေးကတ်ပေးမှာလား'ဟု မေးလိုက်သည်။ အမျိုးသမီးသည် ပိုက်ဆံအိတ်ကို မွှေနှောက်နေစဉ် ပိုက်ဆံအိတ်ထဲတွင် တီဗွီအဝေးထိန်းကိရိယာကို ကျွန်မ မြင်လိုက်သည်။ 'တီဗွီအဝေးထိန်းကိရိယာကို ရှင် အမြဲတမ်းဆောင်ထားတာပဲလား'

"မဟုတ်ပါဘူး၊ ကျွန်မယောကျ်ားက ကျွန်မနဲ့ ဈေးဝယ်လိုက်ဖို့ ငြင်းတယ်လေ၊ ဒါကြောင့်မို့ ဒီလိုလုပ်တာပါ။

ဒါဟာ ကျွန်မလုပ်တာပါ။ ဒါဟာ ကျွန်မ လုပ်နိုင်တဲ့ အလုပ်ပါပဲ"

## ရှေ့နေငှားမိကာမှ

အသက် ၂၂ နှစ်အရွယ်ကောင်လေးတစ်ယောက်ဟာ သူ့လက်ရှိ အသက်ထက် ပိုကြီးသည့်ပုံ ပေါက်နေသည့်အတွက် ဒေါသထွက်နေပါ

http://swanbros.blogspot.com



သည်။ တစ်နေ့တော့ ဆံပင်ညှပ်ဆိုင်တစ်ခု၌ သူ့ကို ပိုငယ်သွားစေမည့် ဆံပင်ပုံစံတစ်ခုကို ညှပ်ပေးပါရန် အသေအချာ ပြောဆိုလိုက်ပါသည်။ မိန်းကလေးငယ်လည်း သူ့ဆံပင်ကို ညှပ်ပေးပြီးနောက် အကြီးအကျယ် ကျေနပ်အားရသွားပုံနဲ့ အော်ပြောလိုက်တာကတော့–

"ကြည့်စမ်း အခု ရှင့်ကို အသက် ၂၈ ထက် တစ်ရက်မှ ကြီးတယ်လို့ မထင်ရတော့ဘူး"

# လုပ်ငန်းအရဆိုသည်မှာ

ခပ်ချောချော ဆရာဝန်တစ်ဦးသည် နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်သို့ သူ့ဇနီးကို ခေါ်သွားသည်။ သူတို့အား စားပွဲသို့ ခေါ်သွားစဉ် ဘားကောင်တာတွင် တစ်ယောက်တည်း ထိုင်နေသော အဝတ်အစားတိုနံ့နံ့ ဆံပင်နီနီနှင့် ကောင်မလေးကို ဖြတ်သွားရသည်။

'ဟဲလို မတွေ့တာကြာပြီနော်၊ အခြေအနေကောင်းရဲ့လား'ဟု ကောင်မလေးက နှုတ်ဆက်သည်။

'ကောင်းပါတယ်၊ ကျေးဇူးပါပဲ'ဟု ဆရာဝန်က အထိတ်တလန့် ပြန်ဖြေကာ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

'အဲဒီကောင်မက ဘယ်သူလဲ' ဟု ဆရာဝန်ဇနီးက ဒေါကန်စွာ မေးလိုက်သည်။

"စိတ်အေးအေးထားစမ်းပါ၊ လုပ်ငန်းအရ သိကျွမ်းခဲ့တဲ့ အမျိုးသမီးပါ"

ထိုအခါ သူ့ဇနီးက ပြန်ပြောလိုက်သည်မှာ–

"ဘယ်သူ့လုပ်ငန်းအရ သိတာလဲ၊ ရှင့်လုပ်ငန်းအရ သိတာလား၊ သူ့လုပ်ငန်းအရသိတာလား"

http://swanbros.blogspot.com



ပုံ (၆၃)

## အဖြေပေးသွားတဲ့ အကြည့်ဆွဲအား

မင်္ဂလာဆောင်အခမ်းအနားတစ်ခုတွင် ဖြစ်ပါသည်။ မျက်နှာချင်းဆိုင် စားပွဲမှ အလွန်လှပ၍ စွဲမက်ဖွယ်ကောင်းသော မိန်းမပျိုတစ်ဦးသည် အမျိုးသားတစ်ဦးအား မျက်စိကျွတ်ကျမတတ် စိုက်ကြည့်ရင်း ပြုံးနေလေသည်။

သူမ ဘာ့ကြောင့် ပြုံးနေတာပါလိမ့်။ ထိုအမျိုးသားမှာ အသက်အရွယ်ကြီးရင့်သူဖြစ်၍ စိတ်လှုပ်ရှားကာ ရင်ခုန်နေမိသည်။

မကြာမီ အဆိုပါ မိန်းမပျိုသည် အမျိုးသား၏ စားပွဲဆီသို့ တစ်လှမ်းချင်း ရင့်သိမ့်တုန်လောက်အောင် လျှောက်လာရင်း ချိုမြသောအသံဖြင့် စကားလေးတစ်ခွန်း ပြောလိုက်သည်။

"ရှင့်ရဲ့ ရှန်ပိန်ခွက်ထဲကို ရှင့်လည်စည်းကျနေပါတယ်"

## အိမ်ထောင်ရေးအရသာကို ရှာဖွေခြင်း

(ပ) အမျိုးသား ။ ။ "မင်းက အေးအေးဆေးဆေး မိန်းမရထားလျက်နဲ့ ဘာ့ကြောင့် ခပ်စွာစွာ မိန်းမကို အခု

http://swanbros.blogspot.com



ထိ စွဲလမ်းနေရတာလဲ”

(ဒ) အမျိုးသား ။ ။ “မင်းမသိပါဘူးကွာ၊ စွာကျယ်နဲ့ရရင် သူ့အော် ကိုယ်အော် သူချကိုယ်ချနဲ့ အိမ်ထောင်ရေး အရသာ ဘယ်လောက်ရှိသလဲ”

(ပ) အမျိုးသား ။ ။ “အခု မိန်းမက အေးအေးလေးနဲ့ စိတ်ကောက် တတ်တော့ ကိုယ့်မှာ ချော့မရ ပြုမရ၊ ထရိုက် ပြန်ရင်လည်း ကိုယ့်အလွန်ဖြစ်ဦးမယ်လေ”

(ဒ) အမျိုးသား ။ ။ “ကောင်းကွာ”

# သြော် – မိန်းမ

ဗေဒင်ဆရာထံသို့ ခပ်ဖြောင့်ဖြောင့် အမျိုးသမီး ဝင်လာသည်။

အမျိုးသမီး ။ ။ “ကျွန်မတစ်ခုတည်း မေးလို့ရပါသလားရှင်”

ဗေဒင်ဆရာ ။ ။ “ရပါတယ် မေးချင်တာ ပြောပါ”

အမျိုးသမီး ။ ။ “ကျွန်မရဲ့ အိမ်ထောင်ရေးကိစ္စပါဆရာ”

ဗေဒင်ဆရာသည် အမျိုးသမီး၏ မွေးနေ့သက္ကရာဇ်မေးပြီး ခေတ္တ ထွက်ချက်ကြည့်ရာမှ–

ဗေဒင်ဆရာ ။ ။ “ခင်ဗျားအသက် (၂၂) နှစ်မှ ယောကျ်ားရခဲ့ သလား”

အမျိုးသမီး ။ ။ “မှန်လိုက်တာဆရာရယ်”

ဗေဒင်ဆရာ ။ ။ “ခင်ဗျားဟာ အိမ်ထောင်ရေးဇာတာညံ့တဲ့ အတွက် အခုအချိန်မှာ အခက်အခဲတွေ ကြုံတွေ့ နေရမယ်။ နောက်တော့”

http://swanbros.blogspot.com



အမျိုးသမီး ။ ။ (အံ့ဩဟန်ဖြင့်) "နောက်တော့ ဘာဖြစ်မလဲ ဆရာ"

ဗေဒင်ဆရာသည် ဟောသင့် မဟောသင့် စဉ်းစားနေမိသည်။

အမျိုးသမီး ။ ။ "ဟောပါဆရာရယ်၊ ကျွန်မ စိတ်ခိုင်ပါတယ်"

ဗေဒင်ဆရာ ။ ။ "ခင်ဗျား နောက်အိမ်ထောင်ကျကိန်းရှိတယ်"

အမျိုးသမီး ။ ။ (ဝမ်းသာဟန်ဖြင့်) "ဟင် အားရစရာကြီးပါလား"

ဗေဒင်ဆရာ ။ ။ "ဗျာ"

## ရှေ့နေမမရဲ့ အချစ်စီရင်ချက်

ရှေ့နေအမျိုးသမီးတစ်ဦးကို သူ့ထက်ငယ်သော လူငယ်လေးတစ်ဦးက ရည်းစားစကား လိုက်ပြောနေသည်။

"မမရယ် ကျွန်တော်ဟာ မမရဲ့ မေတ္တာအကျဉ်းသားတစ်ဦးပါ အချစ်ရယ်"

ဤတွင် ရှေ့နေမမက ပြန်ပြောလိုက်သည်မှာ–

"ရှင့်ကို ကျွန်မ ရက်အကန့်အသတ် နှစ်အကန့်အသတ်မရှိ စီရင်ချက်ချထားပြီဆိုတာကို မမေ့ပါနဲ့"

## ရယ်ထားနှင့်ဦး

လင်မယားနှစ်ဦး စကားများကြသည်။ ဇနီးသည် အိမ်အပေါ်ထပ်တွင် ဒေါသဖြစ်၍ ကျန်ရစ်ခဲ့သည်။ မကြာမီ သူမသည် လက်ဆွဲသေတ္တာ

http://swanbros.blogspot.com



သုံးလုံးကို ဆွဲ၍ မနိုင်မနင်း ဆင်းလာသည်။ ဤသည်ကို ယောကျ်ားဖြစ်သူက ကြည့်ပြီး ရယ်မောလိုက်မိသည်။

"ရှင် အခုရယ်ထားဦးပေါ့"

ပြီးတော့ ဇနီးသည်က ဆက်ပြောသည်။

"ကျွန်မ အိမ်ပေါ်က ဆင်းလာတာ မဟုတ်ဘူး"

"ဒါဆိုရင် ဒီသေတ္တာတွေက"ဟု ယောကျ်ားဖြစ်သူက မေးလိုက်သည်။

"အဲဒါ ကျွန်မအမေကို အတူတူနေရအောင် သွားခေါ်မလို့၊ ဒီသေတ္တာတွေကို အမေ့အဝတ်အစားတွေ ထည့်ဖို့ ယူသွားတာလေ"

## အချစ်ပြိုင်ပွဲမှာ

ကောင်လေးတစ်ယောက်က နေ့စဉ်နေ့စဉ် လမ်းမှာ စောင့်ပြီး ကောင်မလေးကို ချစ်ရေးဆိုသည်။ ကောင်မလေးမှာ ကြာတော့ စိတ်ရှုပ်လာသဖြင့် ကြံရာမရ ဖြစ်မိသောကြောင့် ဤသို့ပြောလိုက်သည်။

"ရှင့်ကို တစ်ခုတော့ သတိပေးလိုက်မယ်၊ တို့အစ်ကိုက လက်ဝှေ့ချန်ပီယံတစ်ယောက်နော်"

ကောင်လေးက လန့်ဖျပ်မသွားဘဲ ပြုံးဖြဲဖြဲနှင့် ပြန်ပြောလိုက်သည်မှာ

"အခုလို ကြိုသတိပေးတာ ကျေးဇူးပါပဲ။ ကျွန်တော်လည်း ခင်ဗျားကို ပြောဖို့ မေ့နေတယ်။ ကျွန်တော်က အပြေးချန်ပီယံလေ"

## အချစ်နဲ့အတူ ပေးတဲ့ငွေ

အမျိုးသားနှစ်ဦး သူတို့မိန်းမများအကြောင်း ရင်ဖွင့်နေကြသည်။

http://swanbros.blogspot.com



(ပ) အမျိုးသား ။ ။ "လွန်ခဲ့တဲ့လက ငါ့မိန်းမ မျက်စိထဲ သဲ မှုန့်ဝင်သွားလို့ ဆရာဝန်သွားပြရတာ ပီဆို (၁၅၀) တောင် ကုန်သွားတယ်"

(ဒ) အမျိုးသား ။ ။ "မင်းဟာက ဘာဟုတ်သေးလို့လဲ။ ပြီးခဲ့တဲ့ အပတ်က ငါ့မိန်းမ မျက်စိထဲ နောက်ဆုံးပေါ် ဝတ်စုံလေးဝင်သွားတာ ငါ့မှာ ပီဆို (၁၅၀၀) တောင် ကုန်သွားတယ်"

# တယ်တော်တဲ့အဖြေ

လင်မယားနှစ်ယောက် စကားပြောဆိုနေကြသည်။

ဇနီး ။ ။ "ရှင့်ကို ကျွန်မ ဝေဖန်ရမယ်ဆိုရင် ရှင့်အပြော အဆို အပြုအမူတွေဟာ ယောကျ်ားနဲ့ တူပြီး ရှင့် အလုပ်အကိုင် အကျင့်စရိုက်က မိန်းမနဲ့ တူနေ တယ်။ အဲဒါ ဘာကြောင့်လဲ"

ခင်ပွန်း ။ ။ "ဒါက မျိုးရိုးပေါ့ကွာ၊ အဖေနဲ့ အမေပေါင်းပြီးမှ ငါ့ကို မွေးလာရတာ မဟုတ်လား"

# အချစ်ရဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်း

လူအပြည့်တင်လာသော ဓာတ်လှေကားထဲတွင် လင်ယောကျ်ား ဖြစ်သူက ချောမောလှပသော မိန်းကလေးကို ငေးကြည့်နေသဖြင့် ဇနီး ဖြစ်သူက မနာလိုဝန်တို ဖြစ်နေမိသည်။

မကြာမီ အဆိုပါ မိန်းကလေးမှာ နောက်လှည့်၍ ယောကျ်ားဖြစ်

http://swanbros.blogspot.com



သူ၏ ပါးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

"မှတ်ထား၊ နောက်ကို မိန်းကလေးတွေ အသားကို ခုလို တို့ကနန်းဆိတ်ကနန်း လုပ်မယ်မကြံနဲ့"

ယောကျ်ားဖြစ်သူမှာ လွန်စွာ ရှက်သွား၏။ ဇနီးသည်က ဘာမှမပြောဘဲ ငြိမ်ငြိမ်သက်သက် ရှိနေသည်။ ဤတွင် ယောကျ်ားဖြစ်သူမှာ စိတ်ထဲ မလုံမလဲဖြစ်ပြီး–

"အထင်မလွဲပါနဲ့ကွာ၊ ငါ သူ့ကို အမှန်တကယ် ဘာမှမလုပ်ရပါဘူး"

"သိပါတယ်၊ အဲဒါ ကျွန်မ လုပ်လိုက်တာလေ"

# မဟာမှတ်ဉာဏ်

မစ္စတာရင်းသည် အလုပ်အနည်းငယ်ရှိ၍ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည်။ လွန်ခဲ့သော တနင်္လာနေ့တွင် သူပြန်ရောက်လာပြီး သူ့ဇနီးသည်က လေယာဉ်ပျံကွင်းမှာ သူ့ကို ကြိုဆိုသည်။ သူတို့နှစ်ဦး သူတို့ကားဆီသို့ လျှောက်လာစဉ် အရပ်အမောင်းကောင်းကောင်း လှလှပပ လေယာဉ်မယ်တစ်ဦးနှင့် လမ်းတွင် ဆုံသည်။ မစ္စတာဂရင်းက သူမအား –

"ဂွတ်ဘိုင်မစ္စအဲရစ်"ဟု နှုတ်ဆက်လိုက်ရာ လေယာဉ်မယ်ကလည်း ပြုံး၍ 'ဂွတ်ဘိုင်' ဟု နှုတ်ဆက်လိုက်သည်။

မစ္စစ်ဂရင်းက ရပ်တန့်၍ လေယာဉ်မယ်ကို ကြည့်လိုက်သည်။

"ဘယ့်နှယ်လုပ်ပြီး ရှင် သူ့နာမည်ကို သိတာလဲ"

"အဲဒါလွယ်ပါတယ်။ လေယာဉ်မှူးနဲ့ လေယာဉ်အမှုထမ်း အားလုံးရဲ့ နာမည်တွေကို ငါတို့ ထိုင်ခုံတွေရဲ့ ရှေ့မှာ စာရွက်တစ်ရွက်ပေါ် ရေး

http://swanbros.blogspot.com



ဆွဲထားခဲ့တာပဲ"

မစ္စတာဂရင်းက ဖြေလိုက်သည်။

မစ္စစ်ဂရင်းက အပြုံးနှင့် မေးလိုက်သည်။

"လေယာဉ်မှူးရဲ့ နာမည်က ဘာတဲ့လဲ"

မစ္စတာဂရင်းက ရယ်မော၍ ဖြေလိုက်သည်။

"ငါ တခြားနာမည်တစ်လုံးမှ မမှတ်မိဘူး"

*

http://swanbros.blogspot.com

